www.burmeseclassic.com



BURMESE CLASSIC .com

www.burmeseclassic.com

www.burmeseclassic.com

အနုပညာလုပ်ငန်း

တိုက် ၆၊ အခန်း ၃၊ ကြို့ကုန်းမိုင်သား အင်းစိန်မြို့နယ်၊ ရန်ကုန်။ (ဖုန်း -၆၃၄၇၅)

# မြန်မာ့ကရုဏာဖောင်ဒေးရှင်း

အား

# ဂုဏ်ပြုအထူးအစီအစဉ်



BURMESE CLASSIC .com

www.burmeseclassic.com

www.burmeseclassic.com



မျက်နှာဖုံးနှင့်
အတွင်းပုံနှိပ်သူ
ဒေါ်ခင်ခင်ဝင်း
လှာအော့ဖ်စက် (မြဲ - ၀၂၆၇၀)
၁၅၂၊ ကျွန်းရွှေမြိုင်လမ်း
သုဝဏ္ဏ၊ ရန်ကုန်

ထုတ်ဝေသူ
ဦးမြသန်း
သိုင်းအဝိုင်းစာပေ (မြဲ - ၀၁၅၀)
ဖွဲ့စုံရိပ်၊ ကမ္ဘာအေး၊ ရန်ကုန်

ဖုံး - မနေခြည်ဝင်းလှဲ့ရီ
ဆင်

- မအောင်ဆည်းဆာ
ဆင်

၁၉၉၇ ခု၊ ဩဂုတ်လ၊ ပထမအ

| | | |
|---|---|---|
| စာမူခွင့်ပြုချက် | - | ၃၁၂/၉၇ (၆) |
| မျက်နှာဖုံးခွင့်ပြုချက် | - | ၂၉၀/၉၇ (၆) |
| အုပ်ရေ | - | ၅၀၀ |
| တန်ဖိုး | - | ၂၀၀ ကျပ် |
| မျက်နှာဖုံးဒီဇိုင်းနှင့် | | |
| ကွန်ပျူတာစာစီ | - | ရွှေစမ်းချောင်း |
| | | ၁၂၄/၂၊ စမ်းချေ |
| | | စမ်းချောင်း၊ ရန် |
| | | ဖုန်း - ၅၁၁၀၉ |
| အတွင်းဖလင် | - | ဦးထွန်းဆိုင် |
| မျက်နှာဖုံးတာလာခွဲ | - | မြကျွန်းသာ |

စီစဉ်သူ - မောင်သုခိအေး (

www.burmeseclassic.com

www.burmeseclassic.com

နွယ်ဂျာသိုင်း

# လဝန်းကြွေသောသည့်မြို့

BURMESE CLASSIC .com

www.burmeseclassic.com

www.burmeseclassic.com

BURMESE CLASSIC .com

www.burmeseclassic.com

www.burmeseclassic.com

အရှေ့မြောက်ဒေသသို့ တစ်ကြော့ပြန်ခရီးမစမီ သူနောက်ဆုံး ရောက်ခဲ့သည့်နေရာမှာ ပုသိမ် ချောင်းသာကမ်းခြေဖြစ်သည်။

''ဒီပုံဆို အဲဒီ ခင်ဗျားဇာတိ အရှေ့မြောက်နယ်စပ်ဒေသမှာ အချိန်တော်တော်ကြာ နေဖြစ်သွားတော့မှာပေါ့...ဟုတ်လား ကိုဇော်မိုင်''

ချောင်းသာတွင် နောက်ဆုံးဆောက်လုပ်နေဆဲလည်းဖြစ်ကာ၊ အသစ်လွင်ဆုံး၊ အလှပဆုံးလည်း ဖြစ်နေသော Ambo အပန်းဖြေဟိုတယ်၏ အဆောင်နှစ်၊ အခန်းတစ်ရှေ့ လေညှင်းခံဝရံတာလေးမှာ သူငယ်ချင်း သုံးယောက် ဘီယာသောက် စကားပြောစဉ် ကိုရဲတင့်က သူ့ကိုမေးခဲ့သော မေးခွန်းဖြစ်၏။

ကိုကိုကြီးကလည်း ထိုမေးခွန်းအဖြေကို သိလိုဟန်ဖြင့် လှမ်းကြည့်သည်။

www.burmeseclassic.com

www.burmeseclassic.com



သူက ပင့်သက်တစ်ချက်ရှိုက်ဘာ ဖြစ်နိုင်သ၍ အပြုံးတစ်ခုကို ရယူပြုံးလိုက်ပြီး…

''အင်း…တစ်သက်လုံးလဲ အဲဒီက မပြန်ဖြစ်ဘဲ နေသွားနိုင်တယ် ကိုနဲ့တင့်''

''ဘယ်တော့လောက် အဲဒီကို ပြန်ဖြစ်မှာလဲ ကိုဇော်မိုင်''

''ဒီချောင်းသာမှ တစ်ရက်နှစ်ရက်နေပြီးတာနဲ့ ရန်ကုန်ကနေ ဖောက်လျှောက်ပြန်မှာပဲ ကိုကိုကြီး''

''ခရီးစဉ်က…''

''ခရီးစဉ်က‥ ရန်ကုန်ကနေလားရှိုးကို လေယာဉ်ပျံနဲ့သွားမယ်။ လားရှိုးက မူဆယ်ကိုတော့ ရဟတ်ယာဉ်နဲ့လဲ သွားလို့ရတယ်။ ဒါပေမယ့် ကျွန်တော်ကတော့ ကားနဲ့ပဲသွားမယ်လို့ ဆုံးဖြတ်ထားတယ်ဗျာ''

''ဘာဖြစ်လို့လဲ''

''ပြင်ထားလို့ တစ်ချိန်ကောင်းနေပြီဆိုတဲ့ လမ်းမကြီးကိုလဲ ကြည့်ချင်လို့၊ ပြီးတော့ လမ်းတစ်လျှောက်က သိန္နီတို့၊ ကွတ်ခိုင်တို့လဲဝင်ချင်လို့''

ကိုကိုကြီးတို့၊ ကိုရဲတင့်တို့က သိချင်စရာများ ကုန်သွားဟန်ဖြင့် ထိုအကြောင်း ထပ်မမေးတော့။

သူကလည်း ရင်ထဲမ[illegible]ါလာသော အတိတ်ရနံ့၊ ခံစားမှု အငွေ့အသက်များကြောင့် စကားကိုရပ်ပြီး ချောင်းသာကမ်းခြေ သဲသောင်ပြင်နှင့် ပင်လယ်ပြင်ပြာပြာကြီးကို ငေးကြည့်နေလိုက်သည်။

ချောင်းသာတွင် တစ်ရက်နှစ်ရက် နေခဲ့ပြီးပြီမို့ ထိုနေရာ ထိုဒေသ၏ ဖွံ့ဖြိုးတိုးတက်မှုများကို အတော်နှံ့နှံ့စပ်စပ် မြင်တွေ့ခဲ့ပြီးဖြစ်သည်။





အတော်ကောင်းမွန်နေသော ခရီးလမ်းပန်း၊ တစ်စတစ်စ တိုက်တာအဆောက်အဦကြီးများ ဝင်ရောက်နေရာယူလာသော ချောင်းသာရွာထဲ၊ ကမ်းခြေရှိ အဆင့်မြင့် အပန်းဖြေဟိုတယ်များ၊ ဘန်ဂလိုများ။

ရွာခံလူများနှင့် စကားပြောခဲ့ရသဖြင့် ဒါတွေသည် သည်ဘက်နှစ်များတွင်မှ တဟုန်ထိုး တိုးတက်လာသောအရာများဟု သိခဲ့ရသည်။

ကိုရဲတင့်ဆီမှလည်း နောက်တစ်လကျော်လောက်မှာ ရောက်ရှိလာတော့မည့် သင်္ကြန်ပွဲတော်ရက်များအတွက် ဟိုတယ်အားလုံး အခန်းအားလုံး၊ အခန်းငှားခ ဈေးနှစ်ဆဖြင့် ဘွတ်ကင်လုပ်ပြီးသွားကြပြီဟု သိရသည်။ ဒါဆို ဒီနေရာကို တစ်ရက်အခန်းငှားခ လေးငါးခြောက်ထောင်ပေး၍ အနားယူကြမည့်သူတွေ အများအပြား လာကြတော့မည်ပေါ့။

ခုချိန်မှာပင် သာမာန် ကြက်သား ဝက်သားဟင်းများနှင့် ထမင်းတစ်နပ်၊ တစ်ယောက်စာ တစ်ရာကျပ်။ ပင်လယ်စာ၊ ငါး၊ ပုဇွန်နှင့်ဆိုလျှင် သုံးရာ၊ သုံးရာ့ငါးဆယ်ကျပ်၊ ကျောက်ပုဇွန်တစ်ကောင် နှစ်ထောင် ပတ်ဝန်းကျင်ဖြစ်နေလျှင် ထိုရက်များမှာ ဘယ်လောက်အထိ ဖြစ်လာလေမလဲ။

သို့သော် ထိုဈေးနှုန်းများကိုပင် သုံးစားမည့်သူတွေက ပိုမို များပြားနေပြီး ထုတ်လုပ်သူနှင့် ဒေသခံများက မလုံလောက်မှာစိုး၍ ခုကတည်းက ကြိုတင်စုဆောင်း ပြင်ဆင်နေရသည်။

ရေတက်ချိန် ပင်လယ်ထဲမှာ လှိုင်းများမြင့်မြင့်မားမားနှင့် ကမ်းခြေကို လာရိုက်ခတ်နေသည်ကို လှမ်းကြည့်ရင်း ပင့်သက်လား၊ သက်ပြင်းလား မသိသည့် အသက်ဝဝရှူမှုတစ်ခု သူ ပြုလုပ်လိုက်မိသည်။

သူ့ဒေသမှာလည်း သည်လိုပဲ အပြောင်းအလဲတွေ အများကြီး



www.burmeseclassic.com

www.burmeseclassic.com



ဖြစ်နေရောပေါ့။

အင်းလေ… သည်လိုပဲ၊ သည်လောက်ပဲဆိုသည့် စကားလုံးလောက်နှင့်ပင် လုံလောက်မည်မဟုတ်။ ပြောင်းစရာရှိလျှင် သူ့ဒေသကအဆပေါင်းများစွာ ပြောင်းလဲနေမည်သာဖြစ်သည်။

ဘာတွေပြောင်းလဲနေပြီလဲ၊

ဘယ်လောက်ပြောင်းလဲနေပြီလဲ။

ချောင်းသာမရောက်ခင်ကတည်းကပေါ်ပေါက်ခဲ့သော ထိုမေးခွန်း၊ ထိုအတွေးများသည် ချောင်းသာမှာတုန်းကကော၊ အခု ရန်ကုန်လေဆိပ်ကနေ လားရှိုးလေယာဉ်ထွက်ချိန် စောင့်ဆိုင်းနေဆဲမှာကော သူ့ခေါင်းထဲမပြတ်ပေါ်နေခဲ့သည်။

ထိုမေးခွန်း၊ ထိုသိလိုစိတ်များအတွက် အဖြေကို မျက်ဝါးထင်ထင်မြင်တွေ့ရဖို့က အချိန်သိပ်မလိုတော့။

ခဏနေ၊ လေယာဉ်ပေါ်တက်ပြီးသည်နှင့် နှစ်နာရီလောက်ကြာလျှင် သူလားရှိုးကို ရောက်တော့မည်။

လားရှိုးဆိုသည်က သူ့ဇာတိအရပ်၊ မြန်မာပြည်အရှေ့မြောက်ဒေသ၏မြို့တော်။

ပြောင်းလဲမှု၊ တိုးတက်မှုများရှိခဲ့လျှင် ထိုဒေသ၏မြို့တော်ကအသိသာဆုံး ဖြစ်မှာအမှန်။

သူထိုဒေသသို့ ရောက်[illegible]နေတာလည်းအမှန်။

သို့ရာတွင် တစ်ဘက်ကလည်း ထိုဒေသကို သူပြန်ရမှာ သိပ်ကြောက်သည်။





အဘယ်ကြောင့်ဆိုသော်၊ အရှေ့မြောက်ဒေသဟု သူခြုံငုံခေါ်ခဲ့သော မူဆယ်၊ မုံးကိုး၊ ပန်ဆိုင်း၊ နမ့်ခမ်း၊ ကွတ်ခိုင် စသောနေရာများသည် သူ့ဇာတိ၊ သူကြီးပြင်းခဲ့ရာ အရပ်များလည်းဖြစ်သလို ထိုအရပ်ဒေသနှင့် ဆက်စပ်နေသည့် သူ့အတိတ်အိပ်မက်ဟောင်းများလည်း များပြားစွာ ရှိနေခဲ့သောကြောင့်ဖြစ်သည်။

ထိုအိပ်မက်များ ပြန်လည်နိုးထလာမှာ ကြောက်လွန်း၍ပင် ထိုအရပ်ဒေသသို့ ခုထိ သူမပြန်ဖြစ်ဘဲ၊ ပြည်မတစ်ဝိုက်မှာပင် နိုအောင်းနေခဲ့ခြင်းဖြစ်၏။

ခုတော့ သူနိုအောင်းနေ၍ မရတော့။

ကံကြမ္မာကော၊ တာဝန်ကပါ၊ ထိုဒေသများသို့ သူ့ကိုမပြန်မဖြစ်တွန်းပို့လိုက်ကြသည်။

သူပြန်ရတော့မည်။

အခြေအနေ အရပ်ရပ်နှင့် အရာရာ တော်တော်များများ ပြောင်းလဲနေပြီဆိုသည့်တိုင်၊ ထိုအရပ်ဒေသမှာ ဘယ်လိုမှ ပြောင်းလဲမသွားနိုင်မည့် အရာတစ်ခုကတော့ သေချာပေါက် ရှိနေမှာအမှန်။

ထိုအရာက အချစ်….။

ဟုတ်သည်။

အရာအားလုံး ပြောင်းလဲတတ်သည်။

ပြောင်းလဲမှုတိုင်းမှာ တိုးတက်ခြင်း၊ ဆုတ်ယုတ်ခြင်း ဆိုတာရှိသည်။

သို့သော်…… အချစ်က မပြောင်းလဲတတ်။

www.burmeseclassic.com



မပြောင်းလဲတတ်သောကြောင့် အချစ်မှာ တိုးတက်မှု၊ဆုတ်ယုတ်မှု ဆိုတာလည်းမရှိ။

လွန်ခဲ့သော နှစ်ပေါင်းများစွာက အချစ်တစ်ခုသည် ခုတိုင်လည်း မပြောင်းမလဲ ပုံမပျက် ရှိနေဆဲပင်။

ပြောင်းလဲခဲ့သည်မှာ ခံစားမှုသာဖြစ်သည်။

ဟိုးတစ်ချိန်က အချစ်နှင့်ပတ်သက်သည့် သူ့ခံစားမှုသည် ပျော်ရွှင်ခြင်းများ၊ တက်ကြွခြင်းများ ဖြစ်ခဲ့ဖူး၏။

ခုတော့ ကြေကွဲခြင်း၊ ရင်ထဲမှာ ဆွေးမြေ့နာကျင်ခြင်းများသာ ဖြစ်နေရသည်။

"လားရှိုးခရီးသည်များ လေယာဉ်ပေါ် တက်လို့ရပါပြီ"

လေယာဉ်ကွင်း အမှုထမ်း၏အသံက သူ့အတွေးကို ဖြတ်တောက်လိုက်သည်။

ဇော်မိုင် သားရေအိတ်ကိုဆွဲ၍ ထရပ်လိုက်၏။

• • •



# အပိုင်း တစ်

(၁၉၃၆၊ အရှေ့မြောက်ဒေသ)

www.burmeseclassic.com

www.burmeseclassic.com

၁။

"ကရင်...ရင်...ရင်...ရင်.."

"ဟုတ်ကဲ့၊ အမိန့်ရှိပါ"

မှူးယစ်ဆေးဝါး တားဆီးနှိမ်နင်းရေး အထူးအဖွဲ့၊ ကြီးကြပ်သူ ဒုတိယရဲမှူးထံသို့ အရှေ့မြောက်တိုင်း စစ်ဌာနချုပ် စစ်ဦးစီး (ဒုတိယတန်း) ဗိုလ်မှူးထံမှ တယ်လီဖုန်းခေါ်သံ ရောက်ရှိလာသောအချိန်သည် ညနေ ငါးနာရီခန့် ရှိပြီဖြစ်သည်။

ရုံးမှပြန်ရောက်ကာစ ဒုတိယရဲမှူးသည် နေအိမ်ရောက်၍ ရေမိုး

www.burmeseclassic.com

www.burmeseclassic.com



ချီးအနားယူရန်၊ အဝတ်ပင်မလဲရသေး၊ တယ်လီဖုန်းရှိရာပြေး၍ စကားပြောခွက်ကို ကောက်ကိုင်လိုက်သည်။

"ရဲမှူးလား"

"ဟုတ်ပါတယ်"

"တိုင်းကိုအမြန်လာခဲ့ဗျာ။ အရေးကြီးတယ်၊ နယ်မြေရှင်းလင်းရေးနဲ့ ဘိန်းချက်စက်ရုံတွေကိစ္စ၊ တပ်ကစစ်ကြောင်းတွေနဲ့ မူးယစ်တပ်ဖွဲ့ဝင်တွေ ပူးပေါင်းဆောင်ရွက်ဖို့ လိုလို့၊ ခုချက်ချင်းနော်"

"ဟုတ်ကဲ့ပါဗိုလ်မှူး၊ ကျွန်တော် ခုချက်ချင်းလာခဲ့ပါ့မယ်"

ဒုရဲမှူးက ဖုန်းခွက်ကိုပြန်ချရင်း သက်ပျင်းတစ်ချက်ချသည်။

သွားပြီ…။ စောစောက စိတ်ကူးယဉ်ထားခဲ့သော အပန်းဖြေ၊ အနားယူမည့် အစီအစဉ်များအားလုံး လွင့်ပျောက်ပျက်စီးသွားပြီဟု နားလည်လိုက်၍ဖြစ်၏။

သို့သော်…။

ထိုကိစ္စအတွက် မည်သို့မျှ ကြာရှည်စွာ စိတ်ပျက်နေ၍မဖြစ်၊ ခုသတင်းက တော်ရိလျော်ရိနေရာမှ ရောက်ရှိလာသော သတင်းမဟုတ်။ တိုင်းစစ်ဌာနချုပ်က ရောက်ရှိလာသော သတင်းဖြစ်ပြီး တပ်မတော်စစ်ကြောင်းများဖြင့် ပူးပေါင်းဆောင်ရွက်ရမည့်ကိစ္စ။

သူနှင့်သူ့အဖွဲ့ဝင်များသာမက၊ ပြည်သူ့ရဲတပ်ဖွဲ့ဝင်များ၊ ထောက်လှမ်းရေးတပ်ဖွဲ့ဝင်များပါ ခုချိန်ဆို သူ့လိုပင် ပျာယာခတ်ရတော့မှာ သေချာနေသည်။

ဒုတိယအကြိမ် သက်ပျင်းချသောအချိန်မှာ ဒုရဲမှူးသည် တိုင်းစစ်





ဌာနချုပ်သို့ မောင်းနှင်နေသော မော်တော်ယာဉ်ပေါ် ရောက်ရှိနေပြီဖြစ်၏။

* * *

"ဗိုလ်ကြီး…. ဟိုရှေ့မှာ"

"တွေ့တယ်။ ဒါ့ကြောင့်ရှေ့ကပွိုင့်ကား ရပ်သွားတာ၊ ခဏလေး၊ ကျွန်တော် ဗျူဟာမှူးဆီ သတင်းပို့လိုက်မယ်"

မူးယစ်အထူးအဖွဲ့မှ ဒုရဲအုပ်၏ စကားမဆုံးခင် ထက်နိုင်က ဖြတ်ပြောပြီး သူတို့စစ်ကြောင်းကို ဦးစီးလာသော လှုပ်ရှားအမှတ် (၂) စစ်ဗျူဟာမှူး၊ ဗိုလ်မှူးကြီးထံ လက်ထဲကစက်ဖြင့် သတင်းပို့လိုက်သည်။

"ပျံလွှားမှသီဟ၊ ပျံလွှားမှသီဟ၊ ရှေ့က တောလမ်းမှာ ဘဲကင်နှစ်ကောင် ပျံပြေးတာတွေ့တယ် ရထားလား"

"ရထားတယ်၊ အဲဒီနှစ်ကောင် မလွှတ်စေနဲ့၊ ပျံလွှားဆက်သုပ်ပါ၊ ရထားလား"

"ရထား….. ရထား"



www.burmeseclassic.com

www.burmeseclassic.com



မနေ့ညနေ ရှစ်နာရီခွဲကတည်းက လားရှိုးမှထွက်လာခဲ့သော သူတို့စစ်ကြောင်း သိန္နီမြို့နယ်အတွင်းရှိ ကွန်ဘောက်ရွာသို့ သည်မနက် ၄ နာရီ ၁၅ ခန့်မှ ရောက်သည်။

ကွန်ဘောက်ရွာမှ ရည်မှန်းချက်နေရာသို့ ဆက်ထွက်လာခဲ့သည်မှာ ဘာမှမကြာသေး၊ တောင်ပေါ်တောလမ်းအတိုင်း ဖုံတထောင်းထောင်းနှင့် ဒလကြမ်းမောင်းနှင်လာသော ဝီကင်းဂျစ်နှစ်စီးကို ပွိုင့်ကားနှင့် သူတို့ကားမှ လှမ်းမြင်လိုက်ရခြင်းဖြစ်သည်။

ဗျူဟာမှူး အမိန့်သံအဆုံးမှာ ထက်နိုင်က လက်ခံရရှိကြောင်း အကြောင်းပြန်ပြီး ချက်ချင်း သူတို့ကားကို ထွက်ခိုင်းသည်။ ပွိုင့်ကားကိုလည်း ဂျစ်နှစ်စီးနောက်လိုက်ရန် အချက်ပြသည်။

"ဒီကောင်တွေ ဘယ်နည်းနဲ့မှ အမိခံမှာ မဟုတ်ဘူးထင်တယ် ဗိုလ်ကြီး။ ကျွန်တော့်အထင်တော့ ဒီကောင်တွေမှာ လက်နက်ပါမယ်။ ပြန်ချမယ်ထင်တယ်"

ဒုရဲအုပ်စကားအဆုံးမှာ ထက်နိုင်က ဘေးအိတ်မှ ပစ္စတိုကိုထုတ်၍ မောင်းတင်လိုက်ရင်း....

"ချတော့လည်း ဘာမှုစရာလိုလဲဗျာ၊ ကျုပ်တို့လဲ လက်ချည်းလာကြတာမှ မဟုတ်ပဲ။ ဟော.... ပြောရင်းဆိုရင်းတောင် ဇာတ်လမ်းကစပြီ"

ထက်နိုင်စကားမဆုံးခင် တလကြမ်းမောင်းနှင်နေသော ဂျစ်နှစ်စီးထံမှ ပစ်ခတ်သံများ စကြားရသည်။

"ဖေါင်း .... ဖေါင်း .... ဖေါင်း ...."

"ဒိုင်း ... ဒိုင်း ... ဒက် ... ဒက် ... ဒက်...





ချက်ချင်းပင် ပွိုင့်ကားဘက်မှ ပြန်ပစ်သံများလည်း ကြားရသည်။

ထက်နိုင်က ဝေလီဝေလင်း အမှောင်ထုကို ထိုးခွင်းထားသော ကားမီးရောင်ပျံ့နှံ့ရာ နေရာတဝိုက်အား အကဲခတ်လှမ်းကြည့်လိုက်ပြီး...

"အဲဒီ ရှေ့လမ်းခွဲက ဖြတ်လိုက်စမ်းကျော်ဦး။ ရှေ့ကားနောက်က ကပ်မလိုက်နဲ့၊ ခွဲထွက်ဖြတ်လိုက်"

ပြောရင်းပင်၊ ဘေးလမ်းခွဲအတိုင်း ထွက်လိုက်သည်နှင့် မြင်ကွင်းရှင်းသွားသော ဂျစ်နှစ်စီးဆီ ချိန်ရွယ်၍ ကားအပြင်ကို ခေါင်းထုတ်ပြီး လှမ်းပစ်သည်။

နောက်ခန်းက ရဲဘော်များဆီက မောင်းပြန်အတွဲလိုက် ပစ်သံများလည်း ဆက်တိုက်ပေါ်ထွက်လာသည်။

တောင်ပေါ်တောလမ်းတလျှောက်တွင် ပစ်ခတ်သံများ ဆူညံပွဲတင် ထပ်သွား၏။

* * *



www.burmeseclassic.com

www.burmeseclassic.com



"ကားနှစ်စီးစလုံး ရပ်သွားပြီဗိုလ်ကြီး၊ တစ်ကောင် ကားပေါ်က ဆင်းပြေးပြီ၊ ဟော.. နှစ်ကောင်... သုံးကောင်"

မြင်ရသမျှ မြင်ကွင်းကို ဘောလုံးပွဲကြေငြာသလို တလစပ် ပြောနေသည့် ယာဉ်မောင်းရဲဘော်၏စကားကို ထက်နိုင် စိတ်ရှည်လက်ရှည် နားထောင်မနေနိုင်တော့။

ကားပေါ်ကခုန်ဆင်း၍ ရပ်ထားသော ဂျစ်နှစ်စီးဆီ အပြေးတက်သည်။

ထိုစဉ် ဂျစ်ကားများပေါ်မှ ထွက်ပြေးသော လူတစ်ယောက်ကို သေနတ်ထိမှန် လဲကျသွားသည်ကိုလည်း မြင်လိုက်ရသည်။

"အားလုံး ရှစ်ယောက် ငါးယောက်မိထားတယ်ဗိုလ်ကြီး၊ ထွက်ပြေးတာ သုံးယောက်၊ တစ်ယောက်ကိုတော့ လှမ်းပစ်လို့ရတယ်၊ နောက်နှစ်ယောက်နောက် ကျွန်တော်တို့ ဆက်လိုက်သွားမယ်"

"အေး သွားတော့၊ ဒီကောင်တွေ ငါ့အဖွဲ့နဲ့ထားခဲ့"

ရှေ့အဖွဲ့မှ ရဲဘော်များ ထွက်ပြေးသွားသူများနောက်လိုက်ချိန်မှာ ငုတ်တုတ်လေးတွေထိုင်ပြီး ခေါင်းပေါ်လက်တင်ထားသော လူငါးယောက်ကို ထက်နိုင်၏အဖွဲ့က လက်နက်ကိုယ်စီဖြင့် ချိန်ရွယ်ထားသည်။

ခပ်လှမ်းလှမ်းတွင် သေနတ်ထိမှန် လဲကျနေသူကိုလည်း သူ့ရဲဘော်များက တွဲခေါ်လာသည်။ ထိမှန်သွားသူက သေတော့မသေ၊ တင်ပါး





တစိုက် ထိမှန်သွားပုံရသည်။ သွေးများရွှဲနေ၏။

အားလုံးခြောက်ယောက်ဖြစ်သွားသော တရားခံများကို စုဝေးထားပြီး ထက်နိုင်နှင့် ဒုရဲအုပ်တို့က ဂျစ်များကို စစ်ဆေးရာ နံပါတ်လုံးဝတပ်မထားသော ပီကင်းဂျစ်များပေါ်တွင်၊ သော့ခတ်ထားသည့် သေတ္တာနှစ်လုံးစီအပြင်၊ ပီနံအိတ်များဖြင့်ထည့်ထားသော အဖြူမှုန့်ပါ အထုပ်များအား တွေ့ရသည်။

မကြာခင် ဖျူဟာမှူးကိုယ်တိုင် ရောက်လာပြီး၊ စစ်ဆေးသောအခါ သံသေတ္တာများထဲနှင့် ပီနံအိတ်များထဲမှ ဘိန်းဖြူမှုန့်ထုပ် စုစုပေါင်း ၄၁၇ ထုပ်ရသည်။

ယာဉ်နှင့် လူများကို ဆက်လက်ရှာဖွေရာ၊ အမ် ၂၂ မောင်းပြန်သေနတ် ၃ လက်၊ ကျည် ၁၄၀ တောင့်နှင့်ကျည်ကပ်ငါးခုတို့ကို သိမ်းဆည်းရမိ၏။

✤ ✤ ✤



www.burmeseclassic.com

www.burmeseclassic.com

၂။

အိုက်မောင် ဒုရဲအုပ်အဖြစ် တာဝန်ထမ်းဆောင်နေသော လားရှိုး မူဆယ် မူးယစ်အထူးတပ်ဖွဲ့များတွင် စာစောပိုင်းကတည်းက တစ်ခုနှင့် တစ်ခု ဆက်စပ်နေသောသတင်းများ ရရှိနေသည်။

ပထမသတင်းက မူးယစ်ဆေးဝါး တရားမဝင် ချက်လုပ်သယ်ဆောင် ရောင်းဝယ်သူများသည် တပ်မတော်စစ်ကြောင်းများက ဘိန်းချက်စက်ရုံများ ဖေါ်ထုတ်ဖျက်ဆီးခဲ့မှုများကြောင့် သူတို့ထံတွင် ရှိနေသော ဘိန်းဖြူ၊ ဘိန်းညို၊ ဓါတုဆေးရည်များကို နည်းမျိုးစုံဖြင့် အမြန်သယ်ဆောင်



ဖြန့်ဖြူးနေကြောင်းဟူ၍ ဖြစ်သည်။

ထို့ပြင် တစ်ဘက်နိုင်ငံသို့ တရားမဝင် တင်သွင်းသည့် လမ်းကြောင်းများကိုလည်း အထူးပိတ်ဆို့ အရေးယူနေသဖြင့် ပြည်တွင်းလမ်းကြောင်းများကို ပြန်လည်အသုံးပြုနေသည်ဆိုသော သတင်းများလည်း ရသည်။

တစ်ချိန်တည်းမှာပင် မူးယစ်ဆေးဝါး သယ်ဆောင်ရောင်းဝယ်သူတချို့သည် သူတို့လက်ဝယ်ရှိ ဆူပါရှဗ်ဗင်၊ ပါဂျဲရိုး၊ ဟိုင်းလက်၊ တောင်းအော့စ်၊ လိုက်အော့စ်၊ ဟိုက်အော့စ် စသော မော်တော်ယာဉ်များကို မန္တလေးမြို့ရှိ ဘော်ဒီရုံတစ်ချို့တွင် လျှို့ဝှက်စွာ အံဝှက်များ ပြုလုပ်နေကြကြောင်း သတင်းများကိုလည်း ရရှိသည်။

သို့အတွက် ပြည်တွင်းလမ်းကြောင်းများဖြစ်သော မူဆယ်၊ လားရှိုး၊ မန္တလေးလမ်းကြောင်း၊ ကွမ်လုံ၊ ဟိုပန်၊ လားရှိုး၊ မန္တလေးလမ်းကြောင်း၊ တန့်ယန်း၊ သီပေါ၊ ကျောက်မဲ၊ နောင်ချို၊ မန္တလေးလမ်းကြောင်းများတွင် သတင်းပါ ယာဉ်အမျိုးအစားများအား အထူးသတိထား ကြပ်မတ်စစ်ဆေးလျက်ရှိသည်။

အိုက်မောင်ပါဝင်သော လှုပ်ရှားအဖွဲ့က လားရှိုးအဝင် စစ်ဆေးရေးစခန်းတွင် တာဝန်ယူရသည်။

ထိုနေ့က လားရှိုးမြို့အဝင် အမှတ် (၁) ဝန်တင်တပ်အနီး စုပေါင်းရှာဖွေစစ်ဆေးရေးစခန်းအရပ်ခေါ် အေတီဂိတ်တွင် အိုက်မောင်တို့အဖွဲ့ နံနက် (၆)နာရီကတည်းက တာဝန်ကျနေခဲ့သည်။

အေတီဂိတ်ဆိုသည်က တကယ့်ကို စုပေါင်းထားသည့် စုပေါင်း

---

(၁) ဒေါင်းယာဉ်ဖျံအနုပညာလုပ်ငန်း

www.burmeseclassic.com

www.burmeseclassic.com



ရှာဖွေစစ်ဆေးရေးစခန်းဖြစ်သည်။ တစ်ဘက်နိုင်ငံနှင့် ခြံစည်းရိုးလေး ချောင်းကူးတံတားလေးသာ ခြားနေပြီး၊ မိုင်ပေါင်းများစွာ ဆိုသလို နယ်နိမိတ်ချင်း ဆက်စပ်လျက် ဘာအတားအဆီးမှ မရှိဘဲ ဖြစ်နေသော နယ်စပ်ဒေသများမှ လမ်းအသွယ်သွယ်ကို တစ်လမ်းချင်း လိုက်ပိတ်ပင်စစ်ဆေးနေ၍မရ။

အပိတ်အဆို့၊ အစစ်အဆေးမရှိဘဲ ဒလဟော ဝင်ထွက်ခွင့်ပေးထား၍လည်းမရ၊ ကိုယ့်နယ်မြေဒေသ၊ ကိုယ့်အချုပ်အခြာအာဏာနှင့် ကိုယ့်ဥပဒေ၊ ကိုယ့်နိုင်ငံသားများ၏ အခွင့်အရေး စသည်တို့ကို အကာအကွယ်၊ လုံခြုံမှုပေးနိုင်စွမ်းရှိဖို့လိုသည်။

တားဆီးပိတ်ပင် စစ်ဆေးခြင်းသည် ရန်သူမိတ်ဆွေ မခွဲခြား။ မည်သည့် နိုင်ငံတိုင်းမဆို၊ ကိုယ့်လုံခြုံရေး၊ ကိုယ့်ဥပဒေ၊ ကိုယ့်နိုင်ငံသားအားလုံးအတွက် လုပ်ဆောင်မြဲလုပ်ငန်းဖြစ်သည်။

လားရှိုးသည် နယ်စပ်ဒေသ ဝင်လမ်းထွက်လမ်း အတော်များများလာရောက်စုဆုံသောနေရာ။ ထိုနေရာမှာ ဥပဒေမဲ့ လူဝင်လူထွက်များအတွက် လဝက၊ ဥပဒေမဲ့ ကုန်သွယ်မှုများအတွက် အကောက်ခွန်၊ နယ်စပ်ကုန်သွယ်ရေး၊ မူးယစ်အထူးအဖွဲ့ စသည်များအပြင် လုံခြုံရေးတပ်ဖွဲ့ဝင်များဖြစ်သော ပြည်သူ့ရဲ၊ ထောက်လှမ်းရေး၊ တပ်မတော်သားများလည်း ရှိနေကြသည်။

ထိုအစောင့်ဂိတ်ခေါ် လားရှိုးစုပေါင်းရှာဖွေစစ်ဆေးရေး စခန်းတွင်းသို့ ၄က/အက္ခရာတပ် တိုယိုတာတောင်းအေ့စ် အမျိုးအစား ပေါင်မုန့်ကားဝင်ရောက်လာသည့်အချိန်မှာ ညနေ ငါးနာရီခန့်ဖြစ်သည်။

ထိုကားကို ပထမဆုံးစစ်ဆေးသူမှာ အိုက်မောင်ဖြစ်သည်။





အိုက်မောင်က ကားပေါ်ပါလာသော ယာဉ်မောင်းအပါအဝင်လူ ၅ ဦးကို မေးမြန်းစစ်ဆေးနေဆဲ၊ ရဲအုပ်အဆင့်ရှိ သူတို့အဖွဲ့ခေါင်းဆောင် ရောက်လာသည်။

''ဘာထူးခြားလဲ ကိုအိုက်မောင်''

''ကျွန်တော် ဒီကားကို နည်းနည်းမသင်္ကာဘူးဆရာ၊ သေချာစစ်ဆေးချင်တယ်''

''ကောင်းတယ် ကိုအိုက်မောင် ကျွန်တော်ကိုယ်တိုင် ဦးစီးစစ်မယ်''

အဖွဲ့ခေါင်းဆောင် ရဲအုပ်က အိုက်မောင်ကိုပြောပြီး ကားကို တစ်ပတ် ပတ်ကြည့်သည်။ ထို့နောက် နောက်ဖုံးတံခါးကို ဖွင့်နိုင်း၍ ခင်းထားသော သားရေပြားကိုလှန်ပြီး ကြမ်းခင်းသံပြားကို ခေါက်ကြည့်လိုက်သည်။

''ဒေါက် ဒေါက်''

ရဲအုပ်၏မျက်နှာပေါ်တွင် မျက်မှောင်ရေးရေး တင်သွားသည်။ အမှန် ကားအခင်း၏ သာမန်ကြမ်းခင်းကို ခေါက်ကြည့်ပါက ထွက်ပေါ်လာမည့်အသံမျိုးမဟုတ်။

''ဒေါက် ဒေါက် ဒေါက်''

ရဲအုပ်က အခြားနေရာများကိုပါ လှည့်၍ နေရာအနှံ့ ခေါက်ကြည့်သည်၊ သေချာပြီဆိုသည်နှင့်··

''ကိုအိုက်မောင်··· အဲဒီကားပေါ်ကလူတွေကို တစ်ယောက်မှ ဆောင်းစေနဲ့၊ သူတို့ကားမှာ ကြမ်းခင်းက နှစ်ထပ်၊ အံ့ဖွက်တွေပါလာ



www.burmeseclassic.com

www.burmeseclassic.com



တယ်''

အဖွဲ့ခေါင်းဆောင် ရဲအုပ်၏စကားအဆုံးတွင် ပြောင်းလဲဖြစ်ပျက်သွားသော အဖြစ်အပျက်များက မြန်ဆန်သည်။

ရဲအုပ်၏စကားအဆုံးမှာ ယာဉ်မောင်းက ကားတံခါးကို ဆတ်ခနဲ တွန်းဖွင့်ပြီး ခုန်ဆင်းသည်။ အခြားတစ်ဘက်နှင့် နောက်ခန်းမှလူနှစ်ယောက်ကလည်း အပြင်ကို တဟုန်ထိုး ခုန်ထွက်သည်။

ကားပေါ်ပါ ကျန်နှစ်ယောက်နှင့် လုံခြုံရေးတပ်ဖွဲ့ဝင်များ ကြောင်နေဆဲ အောက်ရောက်နေပြီဖြစ်သော ထိုသုံးယောက်က ခြေကုန်သုတ်ထွက်ပြေးသွားသည်။

ထိုအခြင်းအရာကို ပထမဆုံး သတိဝင်လှုပ်ရှားသူက အိုက်မောင်။

အိုက်မောင်က နောက်ထပ်စက္ကန့်ပိုင်းမှ ဆိုင်းမနေတော့ပဲ၊ ပွင့်နေသော ယာဉ်မောင်းတံခါးဘက်မှ ကားပေါ်တက်ပြီး ကျန်နှစ်ယောက်ကို သေနတ်ဖြင့် ချိန်ရွယ်ထားလိုက်သည်။

''ဟေ့ကောင်တွေ၊ မင်းတို့ငြိမ်ငြိမ်နေ တစ်ယောက်မှ မလှုပ်နဲ့''

ထိုအချိန်မှာပင် သူ့အဖွဲ့ခေါင်းဆောင်နှင့် သူတို့အဖွဲ့ဝင်များဖြစ်ကြသော ရဲတပ်ကြပ်ကြီးနှစ်ယောက်နှင့် ရဲကြပ်တစ်ယောက်ကလည်း ကားပေါ်တက်ပြီး နေရာယူလိုက်သည်။

နောက်ဘက်ကလူနှစ်ယောက်ကိစ္စ သူပူစရာမလိုတော့သဖြင့် အိုက်မောင်က သေနတ်ပြန်သိမ်း၍ ယာဉ်မောင်းထိုင်ခုံတွင် ရေ့ပြန်လှည့်ထိုင်ပြီး မောင်းထွက်လိုက်သည်။

ထို့နောက် လမ်းမကြီးအတိုင်း စုန်ပြေးနေသော ဒုစရိုက်သား





သုံးယောက်ကို တစ်ချက်ကြည့်၍ ပြုံးသည်။

ခြေနင်းလီဗာကိုလည်း ခပ်သာသာလေး ဖိနင်းလိုက်သည်။

ကားက မကြာခင် ထိုသုံးယောက်ကို မီလာ၏။

ကားပေါ်တွင် ရဲတပ်ကြပ်ကြီးတစ်ယောက်သာကျန်ခဲ့ပြီး၊ အိုက်မောင်နှင့် သူ့ဆရာအပါအဝင် လေးယောက်သား ခုန်ဆင်း၍ ဘယ်ပြေးရမည်မှန်းမသိဖြစ်နေသော ပုဂ္ဂိုလ်သုံးယောက်ကို ရေ့ကနေ ဖြတ်ကာ တားလိုက်သည်။

ကျန်နှစ်ယောက်က အသာတကြည်အဖမ်းခံသော်လည်း အိုက်မောင်နှင့် ရင်ဆိုင်တွေ့သော ယာဉ်မောင်းက ကလန်ကဆန်လုပ်ပြီး ပြန်ခုခံသည်။

အိုက်မောင်နှင့် ယာဉ်မောင်းတို့ နှစ်ယောက် ထိုနေရာတွင် လျှပ်တပြက် စိန်ခေါ်လက်ဝှေ့ပွဲလေးတစ်ခု ဒိုင်လူကြီးမပါဘဲ ဆင်နွှဲပြီးမှ ပုံလဲသွားသော ယာဉ်မောင်းကို မှောက်လျက်ထား လက်နောက်ပစ်အနေအထားဖြင့် လက်ထိပ်ခတ်လိုက်ရသည်။

အားလုံးပြီးပြီဆိုမှ တပ်ဖွဲ့ဝင်များ၊ အကောက်ခွန်ဝန်ထမ်းများ၊ သက်သေများရှေ့မှောက်မှာ တောင်းအောစ်ကား၏ ကြမ်းခင်းများကို ခွာယူ၍ စစ်ဆေးရှာဖွေသည်။

ကြမ်းခင်းအောက် အံဝှက်များထဲမှ ဘိန်းဖြူဘလောက်တုံး အတုံး ၂၀၁၊ စုစုပေါင်းအလေးချိန် ၆၅.၇၉၂၅ ကီလိုကို ဖမ်းဆီးရမိလိုက်၏။

* * *



www.burmeseclassic.com

www.burmeseclassic.com



အိုက်မောင်တို့ ဖမ်းဆီးရမိသော ယာဉ်မောင်းအမည်က ရောက်လီ ဖြစ်သည်။

ကျန်လေးယောက်မှာ မျိုးဝင်း (ခေါ်) အားမိန်၊ မြအောင် (ခေါ်) ကျောက်မင်း၊ စိုင်းစိုးကြည်နှင့် စိုင်းလှဝင်းတို့ ဖြစ်ကြသည်။

ထိုငါးဦးကို စစ်ဆေးရာမှ စိတ်ဝင်စားဘွယ်ရာ ဖြစ်စဉ်များ အောက်ပါအတိုင်း ပေါ်ထွက်လာခဲ့သည်။

ယာဉ်မောင်းသူ ရောက်လီသည် ထို ၄က/ တိုယိုတာတောင်း အော့စ်ကား၏ ကားပိုင်ရှင်လည်းဖြစ်သည်။

ရောက်လီက ၁၉၉၄ ခုနှစ်လောက်ကစ၍ ဖါးကန့်တွင် ကျောက်ကုန်ကူးရင်း ပိုက်မိလာသောငွေဖြင့် ထိုကားကို ၁၁ သိန်းပေးပြီး ဝယ်ထားခဲ့ခြင်းဖြစ်သည်ဟု အစစ်ခံသည်။

မန္တလေးမြို့ ၁၆ လမ်းနှင့် လမ်း၈၀ ထောင့်ရှိ ကားပြင်ရုံတစ်ခုမှာ ကြမ်းခင်းအံဝှက်များ ပြုလုပ်ခဲ့သည်။

အဖမ်းခံရသည့်နေ့မတိုင်ခင် ၁၅ ရက်က မူဆယ်မြို့နယ် မန်ဝိန်းကျေးရွာနေ အားလင်းဆိုသူထံ သွားရောက်လည်ပတ်ရာမှ နမ့်အွန်ရွာမှ ချန်တိတ်နှင့် တွေ့ဆုံရင်းနှီးခဲ့သည်။ ချန်တိတ်နှင့် ဘိန်းဖြူကယ်ရီ လုပ်ပေးရန်လည်း သဘောတူခဲ့ပြီး လားရှိုးသို့ ပြန်ခဲ့သည်။

အဖမ်းမခံရခင်တစ်ရက်အလိုကျမှ ရောက်လီသည် လားရှိုးမှ





မျိုးဝင်းနှင့် မြအောင်တို့ကိုခေါ်၍ ထိုကားဖြင့် မူဆယ်သို့ ထွက်ခဲ့သည်။ မူဆယ်တွင် စိုင်းစိုးကြည်နှင့် စိုင်းလှဝင်းတို့ကိုပါခေါ်၍ ထိုည ၈ နာရီတွင် နမ့်အွန်သို့ရောက်ပြီး ချန်တိတ်အိမ်၌ ညအိပ်ခဲ့သည်။

ချန်တိတ်အစီအစဉ်က ရှင်းသည်။

နမ့်အွန်မှ မူဆယ်ဘက်သို့ ၁၅ မိနစ်လောက်သွားပြီး ချိန်းသည့်နေရာတွင် ပစ္စည်းယူရမည်။ မြင်းတစ်ကောင်နှင့် လူနှစ်ယောက် ပစ္စည်းလာပို့မည်။ သယ်ခ ငွေ ၇ သိန်းခွဲပေးမည်။ မန္တလေးသို့ ပို့ပေးရမည်။

ရောက်လီ သည်လောက်တော့မအ။ သည်ငွေနှင့် မန္တလေးအထိ ပို့မပေးနိုင်၊ လားရှိုးအထိပဲ ပို့ပေးနိုင်မည်ပြောသည်။ သို့ဖြင့် လားရှိုး သီရိရွှေလီတည်းခိုခန်းအထိ ပို့ဆောင်ပေးရန်သာ သဘောတူပြီး သီရိရွှေလီတွင် ချန်တိတ်၏ လူတစ်ယောက်က ပစ္စည်းလာယူမည်ဟု ချိန်းထားခဲ့သည်။

ထိုညဆယ့်နှစ်နာရီတွင် ရောက်လီနှင့် မျိုးဝင်းတို့နှစ်ယောက် ချန်တိတ်ပြောသည့်နေရာသို့ သွားရောက်ပစ္စည်းယူပြီး နောက်နေ့မနက် ၅ နာရီတွင် နမ့်အွန်ပြန်ရောက်သည်။

နမ့်အွန်တွင် မြအောင်နှင့် စိုင်းနှစ်စိုင်းကိုခေါ်ပြီး လားရှိုးလာခဲ့ရာမှ ညနေငါးနာရီတွင် အောတိဂိတ်၌ အဖမ်းခံရခြင်းဖြစ်၏။

* * *



www.burmeseclassic.com

www.burmeseclassic.com



ထိုအစစ်ခံချက်မှနေ အိုက်မောင်တို့အဖွဲ့အတွက် အစသုံးစ ထွက်လာသည်။

တစ်စက မန္တလေးမှ အဆက်အသွယ်ကိစ္စ။

မူလက ချန်တိတ်နှင့် ရောက်လီဆွေးနွေးစဉ်က ရောက်လီ ထို ပစ္စည်းများကို ပို့ရမည်နေရာသည် မန္တလေး။

မန္တလေး ၆၂ X ၆၃၊ သိပ္ပံလမ်းအဝိုင်းအနီးသို့ ည ၇ နာရီနှင့် ၁၁ နာရီကြား ပို့ဆောင်ပေးရန်ဖြစ်ပြီး၊ ထိုအချိန်တွင် လာယူမည့်လူက လားရှိုးအမှတ် ၆ ရပ်ကွက်မှ အားမင်ဆိုသူဖြစ်သည်။

ဒါကတစ်စ။

နောက်တစ်စမှာ ရောက်လီက မန္တလေးအထိပို့မပေးနိုင်ကြောင်း ပြောသည့်အခါ လားရှိုးသီရိရွှေလီတွင် လက်လွှဲပေးဖို့ ချိန်းခဲ့သည်။ သီရိရွှေလီတွင် လာရောက်ဆက်သွယ်မည့် လူကိုတော့ ရောက်လီတို့လည်း အမည်မသိ။

နောက်ဆုံးတစ်စကတော့ နမ့်အွန်ကျေးရွာမှ ချန်တိတ်ဖြစ်သည်။

သို့အတွက် ထိုကွင်းဆက်အစများ ဆက်လက်ဖေါ်ထုတ်နိုင်ရန် အိုက်မောင်တို့ မူးယစ်အထူးအဖွဲ့နှင့် ထောက်လှမ်းရေးတပ်ဖွဲ့ဝင်များ ပူးပေါင်းပြီး အစီအစဉ်သုံးခု တစ်ပြိုင်တည်းလုပ်သည်။

အစီအစဉ်တစ်က ဖမ်းမိထားသော ၄က/ တောင်းအေ့စ်ကားကို





အသုံးပြု၍ သီရိရွှေလီတည်းခိုခန်းမှနေ လာရောက်ဆက်သွယ်မည့် အဆက်အသွယ်ကို ထောင်ချောက်ဆင်ဖမ်းဆီးရန်။

အစီအစဉ်နှစ်က အမှတ် ၅ ရပ်ကွက်မှ အားမင်ဆိုသူကို ဖမ်းဆီးရန်။

အစီအစဉ်သုံးကတော့ မူဆယ်မူးယစ်အထူးအဖွဲ့ကို အကြောင်းကြား၍ နမ့်အွန်ရွာမှ ချန်တိတ်ကို ဖမ်းဆီးရန်ဖြစ်သည်။

အစီအစဉ်တစ်နှင့် နှစ်ကတော့ အလဟဿဖြစ်သွားသည်။ သီရိရွှေလီသို့ မည်သူမှ လာရောက်ဆက်သွယ်ခြင်း မရှိသလို အားမင်မှာလည်း ခရီးထွက်နေကြောင်းသာ စုံစမ်းရသည်။ အားမင်အိမ် ဝင်ရှာတော့လည်း ဘာမှမတွေ့။

အစီအစဉ်သုံးကတော့ အပြည့်အဝနီးပါးပင် ထိရောက်မှုရှိခဲ့သည်။

လားရှိုးမူးယစ်အထူးအဖွဲ့မှ အကြောင်းကြားချက်အရ မူဆယ်မူးယစ်အထူးအဖွဲ့မှ တပ်ဖွဲ့ဝင်များသည် ထောက်လှမ်းရေးတပ်ဖွဲ့ဝင်များနှင့် ပူးပေါင်း၍ နမ့်အွန်ကျေးရွာသို့ ချက်ချင်းထွက်ခဲ့သည်။

နမ့်အွန်ရောက်သည်နှင့် ချန်တိတ်အိမ်အနီးတဝိုက်တွင် ဗယ်ညာ၊ ကိုက် ၃၀၀ အကွာမှနေ၍၊ အဝေးပြေးကားသမားများပုံစံဖြင့်တစ်မျိုး၊ ကင်းပုန်းဝပ်၍တစ်မျိုး စောင့်ဆိုင်းကြည့်ရှုသည်။

သုံးနာရီလောက် စောင့်ကြည့်၍ မထူးခြားသည့်အပြင် ချန်တိတ်မှာလည်း ရွာမှာမရှိဘဲ လုံထန်ရွာဘက် ထွက်သွားသည်ဟု သိရသဖြင့် ရွာလူကြီးများနှင့်အတူ ချန်တိတ်အိမ်သို့ ဝင်ရောက်ရှာဖွေတော့သည်။

ချန်တိတ်အိမ်တွင် မူးယစ်ဆေးဝါး တစ်စုံတရာ မတွေ့



www.burmeseclassic.com

www.burmeseclassic.com



သော်လည်း ချန်တိတ်၏ဇနီး၏ ဖေါ်ထုတ်ချက်အရ နမ့်အွန်ရွာ ကားလမ်းအနောက်ဘက်တစ်မိုင်အကွာရှိ အိမ်တစ်အိမ်တွင် မူးယစ်ဆေးဝါးများ ရှိနေကြောင်းသိရသည်။

ထိုရွာသို့ချက်ချင်းလိုက်၍ ရွာလူကြီးများနှင့် ဝင်ရောက်ရှာဖွေရာ အိမ်ရှင်အဒေါ်ကြီး၊ ညှိသည်တစ်ယောက်အပြင် အိမ်ဝင်းအတွင်း သက်ငယ်များဖြင့် ဖုံးအုပ်ထားသည့် ဆာလ်ဖြူရစ်အက်စစ် ၅ ဂါလံဝင် ပလပ်စတစ်ပုံး ၁၁ ပုံး၊ စုစုပေါင်း ၅၅ ဂါလံကို သိမ်းဆည်းရရှိသည်။

ထို့ပြင် အိပ်ခန်းကုတင်အောက်တွင်ရှိနေသည့် ကျောပိုးအိတ်အစိမ်းရောင် ၄ လုံးဖြင့် ထည့်ထားသော ဘိန်းဖြူဘလောက်တုံးအတုံး ၁၀၀၊ စုစုပေါင်းအလေးချိန် ၃၈ ကီလို၊ မြန်မာငွေ ၃၃ သိန်း၊ ကီလို ချိန်ခွင်တစ်ခု။

ထိုနောက် အိပ်ခန်းတွင်မှ အမ် ၂၁၊ အမ် ၂၂၊ အမ် ၂၃ သုံးမျိုးသုံး ကျည်ဆံ ၃၃၃တောင့် ထပ်မံသိမ်းဆည်းရပါသည်။

ထိုအချိန်တွင် ခြံဝင်းအတွင်းသို့ လူတစ်ယောက် ဝင်လာသဖြင့် ထိုလူကို ဖမ်းဆီးစစ်ဆေးရာ၊ ကိုယ်ပေါ်မှ အမ်၂၀ ပစ္စတိုသေနတ်တစ်လက်၊ ငှင်းကျည် ၁၄ တောင့်၊ ကျည်ကပ်တစ်ခု၊ လမ်းလျှောက်စကားပြောစက် တစ်လုံး ထပ်မံရရှိလိုက်ပြန်၏။

✤ ✤ ✤



# [illegible]

(ဓော်မိုင်)

www.burmeseclassic.com

www.burmeseclassic.com

## ၁။

''ကော်ဖီသုံးဆောင်နိုင်ပါတယ်ရှင်''

လေယာဉ်မယ်လေး၏ ကြည်လင်ချိုမြသောအသံကြောင့် သူ လှည့်ကြည့်လိုက်သည်။

လေယာဉ်မယ်လေးက အပြုံးနှင့်အတူ ခါးညွတ်ပြီး ကော်ဖီခွက်များ စီတင်ထားသည့် လင်ဗန်းလေးကို ထိုးပေးသည်။

သူက ခေါင်းခါ၍…

''မသောက်တော့ပါဘူး… ကျေးဇူးတင်ပါတယ်''

www.burmeseclassic.com

www.burmeseclassic.com



"ဟုတ်ကဲ့ရှင်… ခွင့်ပြုပါဦး"

လေယာဉ်မယ်ကလေးထွက်သွားသည်နှင့် သူစောစောကအတိုင်း လေယာဉ်မှန်ပြတင်းမှနေ မြင်သာသလောက် ပြန်ငေးကြည့်သည်။

နွေဦးပေါက်နေပြီမို့ ကောင်းကင်ပေါ်တွင် တိမ်များ ထူထူပိတ်ပိတ် များများစားစား ရှိမနေတော့။ အပေါ်မှ ကောင်းကင်ပြာပြာ ကြည်ကြည်ကြီးနှင့် မျက်နှာပြင်ပိုင်းခြားထားသလို ဖြူဖြူပါးပါး အထပ်တစ်ခု အနေနှင့်သာ ရှိနေသည်။

တိမ်လွှာပါးသည်မို့ အောက်ခြေမှ ပျှမ်းမျှအမြင့် ပေသုံးလေးထောင်ရှိနေသော တောင်စဉ်တောင်ထပ် အထပ်ထပ်ကြီးကို လေယာဉ်ပေါ် အမြင့်ပေတစ်သောင်းကျော်မှ ထင်ထင်ရှားရှား မြင်နေရသည်။

ရန်ကုန်လေဆိပ်မှ လေယာဉ်တက်ခဲ့ပြီး တစ်နာရီကျော်ကျော်လောက်မှာ ကုန်းပြင်မြင့်၏ တောင်တန်းများကို စမြင်ခဲ့ရခြင်းဖြစ်၏။

တကယ်တော့ လောကတွင် သူအချစ်ဆုံး သက်မဲ့အရာများမှာ ထိုတောင်စဉ်တောင်တန်း ကုန်းပြင်မြင့်ကြီးသာဖြစ်သည်။

သို့သော်… ထိုဒေသနှင့် ဝေးလံသောအရပ်၌ သူနှစ်ပေါင်းများစွာ သွားရောက်နေထိုင်ခဲ့သည်။ သူတို့ကို သူစိမ်းကား၍တော့ မဟုတ်။

ထိုသက်မဲ့ တောင်စဉ်တောင်တန်းကုန်းပြင်မြင့်ကြီးမှာ မုန်းတီးစိမ်းကားစရာဟူ၍ ဘာအပြစ်မှမရှိ။ ကျောက်တုံးများ၊ မြေကြီးများဖြင့် ရောပြွမ်းမြင့်မောက် လုပနေသော ထိုကုန်းပြင်မြင့်ကြီးသည် သူ့ထံမှီခို အားထားနေကြသော သက်ရှိလူသားများအတွက် စားစရာများ၊ ဝတ်စရာများ၊ နေစရာများကို တစ်နည်းနည်းနှင့် အဆင်ပြေအောင် အစွမ်းကုန်ကြိုးစား





မှုပိုးထောက်ပံ့ခဲ့သည်ပဲ ဖြစ်သည်။

ပြီးတော့လည်း ထိုလူသားများ၏ အမြင်ပသာဒ၌ပါ အမြဲလှပသာယာနေအောင် သူ့ခမျာ တာဝန်ကျေခဲ့ပါသည်။

တာဝန်မကျေ အပြစ်ရှိခဲ့သည်က လူသားများသာဖြစ်သည်။ သည်မြေသည်ရပ်မှာပင် ပေါက်ဖွားကြီးပြင်းခဲ့သူများလည်းပါသည်။ အခြားတစ်ပါးသော အရပ်ဒေသမှာ ပေါက်ဖွားကြီးပြင်းခဲ့ပြီး သည်မြေသည်ရပ်ကို ပြောင်းရွှေ့မှီခိုနေကြသူများလည်းပါသည်။

တကယ်တော့ အားလုံးမှာ အပြစ် မကင်းကြ။ အပြစ်ကြီးသူနှင့် အပြစ်ငယ်သူသာ ကွားခြားသည်။

"ဟင်း"

အတွေးနှင့်အတူ ရင်မောလာခြင်းကြောင့် ဇော်မိုင်ပင့်သက်တစ်ချက်ရှိုက်ရင်း သက်ပျင်းချလိုက်သည်။

အဖြစ်အပျက်အားလုံးသည် ကုန်တော့ ကုန်လွန်သွားကြပြီဖြစ်၏။

အပြစ်များ၊ အမှားများ မြင်တွေ့သွားကြပြီဖြစ်သောကြောင့် သူတို့၏ သမိုင်းစာမျက်နှာများအားလုံးကို စာအုပ်သစ်နှင့် အသစ်တဖန်ပြန်လည် ရေးသားနေကြပြီလဲ ဖြစ်သည်။

သူကိုယ်တိုင်လည်း မေ့လို့ရသလောက် ဘဝစာမျက်နှာဟောင်းများကို မေ့ပျောက်ထားခဲ့နိုင်ပြီး ဖြစ်ပါသည်။

သို့သော်… ဒါတွေက အိပ်မက်သဖွယ် အငွေ့မျှ ဖြတ်သန်းခြင်း မဟုတ်သဖြင့် ခုလို တောင်စဉ်တောင်တန်း ထူထပ်ပြွတ်သိပ်သော ကုန်းပြင်မြင့်ကြီးကို တစ်ကျော့ပြန် မြင်လိုက်ရသည့်ခဏမှာတော့ အရာအားလုံးကို



www.burmeseclassic.com

www.burmeseclassic.com



ပြန်မြင်ယောင်မိသည်။

ဘာအညို၊ ဘာအာယာသမှ ရှိနေ၍တော့မဟုတ်။

သို့သော်··အတိတ်သမိုင်းထဲကနေ အနာဂါတ်အတွက် သင်ခန်းစာများထုတ်ယူနိုင်ရန်၊ ကုန်လွန်ပြီးသောအဖြစ်များ ဖြစ်သည့်တိုင် သူ့မှတ်တမ်းလေးများနှင့် သူတော့ ရှိနေသင့်သည်။ ထိုအတွေးနှင့်အတူပင် သူ့စိတ်များကလည်း ကုန်လွန်ခဲ့ပြီးသော အတိတ်အချိန်ကာလများဆီ ရောက်ရှိသွားသည်။

အချိန်ကာလအားဖြင့် လွန်ခဲ့သောအနှစ် နှစ်ဆယ်ကျော်ကဖြစ်၏။

နေရာဒေသအားဖြင့် ရှမ်းပြည်နယ်အရှေ့မြောက်ပိုင်း မုံးကိုးဒေသ။

✤ ✤ ✤



၂။

"လူလေး··· မြန်မြန်လျှောက်စမ်းပါကွာ ခေါင်းပေါ်က နေကပူ၊ နောက်ကြောင်းမအေးလို့ စိတ်ကလဲပူ၊ အပူတွေများရတဲ့အထဲ မင်းကတုံ့နှေးတုံ့နှေးနဲ့ တော်ကြာ လိုရာမရောက်ဘဲ သေရွာရောက်နေပါဦးမယ်"

"ကျွန်တော်လဲ လျှောက်နေတာပါပဲ အဘရာ၊ ဒီထက်ပိုမြန်အောင် မလျှောက်နိုင်တော့ဘူး၊ ခြေထောက်တွေ ညောင်းကိုက်နေပြီ"

"အင်း··· ညောင်းတာကိုက်တာကတော့ ညောင်းမှာကိုက်မှာပေါ့ လူလေးရာ၊ မနက်လင်းအားကြီးကတည်းက လျှောက်လာရတာ၊ ခု

www.burmeseclassic.com



မှန်းပဲတည့်နေပြီ။ ဒါပေမယ့် လူလေးကော၊ အဘကော ဘေးကင်းတဲ့နေရာ ရောက်ဖို့က အတော်ကြီး သွားရဦးမှာကွ၊ မင်းပျော့နေလို့ မရဘူး''

အဘက ပါးစပ်ကလည်းပြော၊ လက်ကလည်း ဖော်မိုင်ကို ဒရွတ်ဆွဲမတတ် အတင်းဆွဲခေါ်သည်။

မှန်တာပြောရလျှင် ထိုအချိန်မှာ ဖော်မိုင်... ထိုခရီးကို ဆက်လျှောက်ချင်သောစိတ်ပင် မရှိတော့။ ဖြစ်နိုင်လျှင် လမ်းဘေးသစ်ပင်ရိပ်တစ်ခုမှာ ပစ်လှဲ၍ အိပ်လိုက်ချင်စိတ်သာရှိတော့သည်။ သူတို့လျှောက်ခဲ့သော ခရီးက နည်းနည်းနောနောမဟုတ်။ အဘပြောသလို မနက်လင်းအားကြီးကတည်းက ခုချိန် မွန်းတည့်အထိ မရပ်မနား လျှောက်လာခဲ့ရသည်။

လျှောက်လာခဲ့ရသောလမ်းကလည်း မြေညီညီ လမ်းသာသာမျိုးမဟုတ်၊ ခလုတ်ကန်သင်းများလှသည့် ခြေလျင်တောလမ်းထဲမှာ တောင်တက် တောင်ဆင်းလုပ်၍ သွားနေရခြင်းဖြစ်သည်။

''အဘ''

''ဘာလဲ လူလေး''

''အဘကျွန်တော့်ကိုပို့မယ့် ကွတ်နိုင်ဆိုတာက အဝေးကြီး လိုသေးလား''

အဘက နဖူးမှချွေးများကို ခေါင်းတွင်ပေါင်းထားသည့် သဘက်နှင့်သုတ်ရင်း...

''လိုသေးတာပေါ့ကွာ၊ ငါ့စိတ်ထင် ဒီနေ့တောင် ရောက်မယ်မထင်ဘူး၊ လမ်းမှာတင် တစ်ညအိပ်ပြီး နောက်နေ့ညနေလောက်မှ ရောက်မယ်ထင်တယ်''





''ဟာ... သေရောပေါ့အဘရာ''

''အေး... သေခါမှသေလို့ပဲ သဘောထားရမှာပဲ လူလေး၊ အဲဒီကိုမသွားပဲ ရွာမှာ မင်းဒီတိုင်း လူညွန့်တုံးသွားမှာထက်စာရင်တော့ သေတာက အများကြီးပိုကောင်းတယ်၊ မသေရင်တော့ အကောင်းဆုံးပေါ့''

''ဟွား''

ဖော်မိုင်က အရှယ်နှင့် ဘယ်လိုမှမလိုက်ဖက်သော သက်ပျင်းကြီးတစ်ခုကိုချသည်။

ထိုအချိန်က သူ့အသက်သည် ခြောက်နှစ်သားသာရှိသေး၏။

⁂ ⁂ ⁂

''ငါတော့ လူလေးကို ကွတ်နိုင်က ငါ့သူငယ်ချင်း ဖော်ဆန်ဖုန်းတို့ဆီ မရောက်ရောက်အောင် ပို့ထားတော့မယ် နန်းမိုင်။ လူလေး?ဒီမှာဆက်ထားလို့ မဖြစ်တော့ဘူး''

လွန်ခဲ့သည့် သုံးလေးလလောက်ကတည်းက အဘက အမေ့ကို



www.burmeseclassic.com

www.burmeseclassic.com



ပြောပြောနေသော စကားများဖြစ်သည်။

"ဖြစ်ပါ့မလား ဖော်ခန်း၊ သူတို့က နင့်ကိုရန်ရှာမှာပေါ့၊ ဟို ရောက်ရင်ကော ဖော်ဆန်ဖုန်းတို့က လူလေးကို စောင့်ရှောက်ပါ့မလား"

"ငါကိုယ်တိုင်လိုက်ပို့ပြီး သေချာအပ်ခဲ့မှာပေါ့ နန်းမိုင်ရာ၊ ဒီ လောက်လေးမှ အားမကိုးရရင်လဲ ဖော်ဆန်ဖုန်းကို သူငယ်ချင်းလို့ ငါက ဘာဖြစ်လို့ခေါ်ရတော့မှာလဲ၊ နောက်ပြီး"

"နောက်ပြီး ဘာဖြစ်လဲ ဖော်ခန်း"

"နောက်ပြီး ငါက လူလေးကိုပို့ပြီး ဒီတိုင်းမနေပါဘူး၊ ပိုက်ဆံ တွေဘာတွေ ပို့ပေးမှာပေါ့"

"လူလေးကို ကွတ်ခိုင်ဘာဖြစ်လို့ ပို့ချင်တာလဲဖော်ခန်း"

"ပညာသင်ဖို့ပေါ့ကွယ် တို့ဆီမှာပညာသင်စရာ ဘယ်မှာကျောင်း ရှိလို့လဲ။ သူတို့ပြောတော့ ဒီဖေါက်ပြန်တဲ့အစိုးရ သင်ပေးတဲ့ပညာ ဘာပညာ မှ သင်စရာမလိုဘူး…တဲ့။ ဒါပေမယ့် အိုက်လိတ်ဆိုတဲ့ကောင်က သူ့သား သမီးတွေကျတော့ ရန်ကုန်ကို တစ်ဖက်လှည့်နဲ့ပို့ပြီး ဟိုမှာပဲ ကျောင်းထား တာ"

အဘနှင့် အမေက ရှယ်တူ၊ ငယ်သူငယ်ချင်းများမို့ ခုလည်း နင်၊ ငါနှင့်ပင် ပြောကြသည်။

အဘပြောသည့် အိုက်လိတ်ဆိုသည့်ပုဂ္ဂိုလ်က သည်ဒေသ၏ စစ်ရေးတာဝန်ခံဆိုသောသူဖြစ်၏။

ထိုအချိန်က သူတို့ဒေသသည် ပြည်ထောင်စုမြန်မာနိုင်ငံအတွင်း၌ ရှိရုံသာရှိပြီး ပြည်ထောင်စုမြန်မာနိုင်ငံ ဖွဲ့စည်းအုပ်ချုပ်ပုံအရ ဖွဲ့စည်းထား





သည့် အစိုးရလက်အောက်၌မရှိ။

အစိုးရ၏ ပိုင်နက်မဟုတ်သလို၊ အစိုးရ၏အုပ်ချုပ်ရေး၊ တရား စီရင်ရေး၊ ဥပဒေပြုရေး စသည့် မည်သည့်အာဏာစက်မှ သက်ရောက်ခြင်း မရှိ။ အလားတူ အစိုးရ၏ နိုင်ငံဖွံ့ဖြိုးရေးလုပ်ငန်းများမှလည်း ဘာအကျိုး ခံစားခွင့်မှမရ။

သူတို့ဒေသကို သောင်းကျန်းသူများက သိမ်းပိုက်ထားသည်။

ထိုစဉ်က ဖော်မိုင် ဘာမှ မယ်မယ်ရရမသိသေးသော်လည်း နောင်သောအခါ သိလာသောအချက်များအရ သူတို့ဒေသကို စိုးမိုးအုပ်ချုပ် နေသူများမှာ ဗကပနှင့် ဗကပလက်အောက်ခံ အဖွဲ့အစည်းများဖြစ်သည်။

အရှေ့မြောက်ဒေသတွင် ၁၉၆၈ ခုနှစ်လောက်ကစ လှုပ်ရှား၍ ၁၉၇၀ ခုနှစ်ပတ်ဝန်းကျင်တွင် ကျူကုတ်(ပန်ဆိုင်း)ကို ဗကပတို့ သိမ်းပိုက် ခဲ့သည်။ ထိုအချိန်ကစ၍ အရှေ့မြောက်ဒေသတစ်ခုလုံးကို သောင်းကျန်းသူ ဗကပတို့က ဒေသခံလက်နက်ကိုင်အဖွဲ့အစည်းများနှင့် ပူပေါင်း၍ စိုးမိုးရန် ကြံခဲ့သည်။

သို့သော် ၁၉၇၁ ခုနှစ်၊ နိုဝင်ဘာလတွင် ကွမ်းလုံ ရက်၄၀ တိုက်ပွဲကြီးဖြစ်ပွားပြီး ထိုတိုက်ပွဲကြီးတွင် ဗကပတို့ မရှုမလှရှုံးနိမ့်သွားသော ကြောင့် ထိုအကြံအစည်ကြီး ပျက်သွားခဲ့ရသည်။

သို့သော် ထိုအနီးအနားတစ်ဝိုက်တွင် နိုင်ငံတော်အစိုးရမှ အုပ်ချုပ် ရေးနှင့် တရားဥပဒေစိုးမိုးရေးအပြင် ပညာသင်ကြားရေး၊ ကျန်းမာရေး၊ စသော လူမှုရေးလုပ်ငန်းရပ်များ ထိရောက်စွာလုပ်ဆောင်နိုင်သေးသည့်မြို့မှာ ကွတ်ခိုင်နှင့် နမ့်ခမ်းတို့သာရှိသည်။



www.burmeseclassic.com

www.burmeseclassic.com



သို့အတွက် ဇော်မိုင့်ကို ပညာသင်ကျောင်းထားပေးချင်သော အဘက ဇော်မိုင့်ကို ကွတ်ခိုင်သို့ပို့ချင်ခဲ့ခြင်း ဖြစ်သည်။

အဘက သူ့ဆန္ဒကို အချိန်ယူကြံစည်ရင်း ဖြစ်မြောက်အောင် လုပ်သည်။

ဤသို့ဖြင့် ဇော်မိုင်သည် ခြောက်နှစ်သားအရွယ်တွင် ရှာဒ္ဒအဘ၊ အမေနှင့် ညီမလေးနန်းငယ်တို့ကို ထားခဲ့ပြီး ကွတ်ခိုင်သို့ ရောက်နေခဲ့ခြင်း ဖြစ်၏။

♣ ♣ ♣



၃။

"ဇော်မိုင်"

"အော်… ဇော်ဗလ လာလေ"

"မလာတော့ဘူးကွာ၊ ငါပျင်းလို့ ထက်နိုင်တို့ အိုက်မောင်တို့ဆီ သွားမလို့ လိုက်ခဲ့ပါလား"

"အေး… လိုက်ခဲ့မယ်လေ"

ကွတ်ခိုင်မှာ သူနေခဲ့ရသော ဘဝလေးက သူ့တစ်ယောက်တည်း အတွက်သာ၊ ပြောရလျှင် အလွန်အဆင်ပြေပြီး ပျော်စရာလည်း ကောင်းခဲ့

www.burmeseclassic.com

www.burmeseclassic.com



သည်ဟု ဆိုရပေမည်။

အဘနှင့်အတူ ကွတ်နိုင်သို့ လာရောက်ခဲ့ရသောခရီးက ပင်ပန်းကြမ်းတမ်းပြီး အန္တရာယ်ပေါင်းစုံ တူထပ်နေသည့်တိုင် နယ်မြေကျွမ်းပြီးသားအဖွဲ့အစည်းအတွင်း အတန်အသင့်ဩဇာရှိပြီးသား အဘကိုယ်တိုင် ခေါ်ဆောင်ခဲ့သည်မို့ နောက်ဆုံးတော့ ရည်ရွယ်ရင်းနေရာ ရောက်ခဲ့သည်။

အဘက ကွတ်နိုင်မြို့ပေါ်အထိတော့ ထင်ထင်ပေါ်ပေါ်ကြီး လိုက်မပို့။ သူ့မှန်းဆချက်နှင့် သူလုံခြုံစိတ်ချရမည်ထင်သော နေရာအထိသာ လိုက်ပို့ပြီးနောက် အသင့်ရေးထားသော စာတစ်စောင်နှင့် ငွေကြေးအချို့ကို ဇော်မိုင်လွယ်ထားသည့် လွယ်အိတ်ထဲသို့ ထည့်ပေးသည်။

ထို့နောက် ဦးဇော်ဆန်ဖုန်းတို့ အိမ်သွားရာလမ်းကို သေသေချာချာညွှန်ပြပေးပြီး ..

"လူလေး... အဘပြောတဲ့လမ်းအတိုင်း အေးအေးဆေးဆေးသာ လျှောက်သွားနော်၊ ဘာမှမကြောက်နဲ့။ ဘာမှလဲ အမူအရာ မပျက်နဲ့၊ လူလေးကို ကလေးတစ်ယောက်အနေနဲ့ ဘယ်သူမှ ဂရုစိုက်မှာမဟုတ်ဘူး။ အဘပြောတဲ့ ဇော်ဆန်ဖုန်းနဲ့တွေ့ရင် ဒီစာကိုပေးလိုက်၊ အရေးကြီးဆုံးတစ်ခုကတော့..."

အဘပြောလက်စ စကားကိုခဏရပ်သည်။ ပြီးမှ......

"အခုအချိန်ကစပြီး လူလေးကို ဘယ်သူကမေးမေး၊ မုံးကိုးကလို့ မပြောနဲ့၊ အဘသားလို့လည်း မပြောနဲ့၊ နောက်ပြီး ဆယ်တန်း မအောင်မချင်း မုံးကိုးကို လုံးဝပြန်မလာနဲ့။ အိုကွာ.....မုံးကိုးဆိုတာကို မင်းလုံးဝမေ့ထားလိုက် ကြားလား"





"ဟုတ်ကဲ့ အဘ"

"အေးဒါဆို လူလေးသွားတော့"

ဤနည်းဖြင့် ဇော်မိုင် ဇော်ဗလတို့အိမ်ရောက်လာခဲ့၏။

❋ ❋ ❋

"အင်း.....မင်းအဘကတော့ ငါ့ကိုအကြီးအကျယ်ကို ဒုက္ခပေးလိုက်တာပဲဇော်မိုင်၊ အခန့်မသင့်ရင် ငါထောင်ကျနိုင်တယ်၊ သောင်းကျန်းသူနဲ့ ဆက်သွယ်လို့ဆိုပြီး"

ဦးဇော်ဆန်ဖုန်းတို့အိမ်က ဇော်မိုင်ပေးလိုက်သော စာကိုဖတ်ပြီး ကောင်းစွာညည်းတွားသည်။

အတော်လေးလည်း အကြပ်ရိုက်သွားပုံရ၏။

ဦးဇော်ဆန်ဖုန်းတို့အိမ်က ဇော်မိုင်ထင်ထားသလို ရွာကအဘတို့ တဲမျိုး စုတ်ချာချာ၊ ပေပွပွအိမ်မျိုးမဟုတ်။ ကွတ်နိုင်မြို့ပေါ်မှာ ရှိသည့် ခံ့ညားချမ်းသာသော သူဌေးအိမ်ကြီးမျိုး။



www.burmeseclassic.com

www.burmeseclassic.com



ကွတ်နိုင်မြို့ကလည်း မုံးကိုးတို့ ကျူကုတ်တို့လို သေးသေးတာတာ ရွာအဆင့်မျိုးမဟုတ်။ ရွာမှာ မုံးကိုးချောင်း သည်ဘက်ကမ်းကနေ လှမ်းကြည့်လျှင် ချောင်းဟိုဘက်ကမ်းကစ၍ ရှိနေသော တစ်ဘက်နိုင်ငံ မန်ဟိုင်းမြို့ထက်ပင် ကြီးသည်။ (ထိုအချိန်ကမန်ဟိုင်းသည် ယခုရှိသော မန်ဟိုင်းလို အဆောက်အဦ ကြီးကြီးမားမားများဖြင့် ခမ်းနားထည်ဝါမနေသေး)

ဦးဇော်ဆန်ဖုန်းတို့အိမ်က တောင်ကုန်းမြင့်လေး တစ်ခုပေါ်မှာရှိပြီး ဝင်းနှင့်ခြံနှင့် တိုက်ခံနှစ်ထပ်အိမ်ကြီးဖြစ်သည်။ အောက်ထပ်တိုက်ကို အဖြူရောင်ဆေးများသုတ်ထား၍ အပေါ်ပိုင်းသစ်သားများကို ရေနံသုတ်ထားသည်။

ခြံဝင်းထဲမှာ ယူကလစ်ပင်၊ ထင်းရှူးပင်များရှိသည်။ ခြံဝမှနေ သစ်ပင်ပန်းပင်လေးများခြံရံထားသော မြေနီလမ်းကလေးကို ဖြတ်လျှောက်ပြီးမှ အိမ်ကြီးဆီရောက်ခြင်းဖြစ်၏။

ဦးဇော်ဆန်ဖုန်းညည်းသံကြောင့် စိတ်အားလျှော့သွားသော ဇော်မိုင်က...

"အဲဒါဆို... ကျွန်တော်ဘာလုပ်ရမလဲဦး။ ကျွန်တော် ရွာပြန်သွားရမလား။ ဦးက လက်မခံနိုင်ဘူးလို့ အဘကို ကျွန်တော် ပြန်ပြောပြပေးပါ့မယ်"

ဇော်မိုင်စကားကြောင့် ဦးဇော်ဆန်ဖုန်းက မျက်လုံးကြီးပြူး၍ ကြည့်သည်။

"ဟာ... အဲလိုတော့ ဘယ်ဖြစ်မလဲကွာ။ ဇော်ခန်းက ငါ့ကို





အားကိုးလွန်းလို့ တကူးတက လူကိုယ်တိုင်လိုက်ပို့ပြီး ငါ့ဆီလွှတ်တာပဲ၊ အေးလေ... သူ့သားကို သူ ပညာတတ်ဖြစ်စေချင်တာလဲ ဇော်ခန်း အပြစ်ဟုတ်ပါဘူး။ ပြီးတော့..."

ဦးဇော်ဆန်ဖုန်းက စကားကိုမဆက်သေးပဲ၊ ဘဘစာကို တစ်ချက်ကြည့်သည်။ ပြီးမှ...

"သူ့သားကို စာတတ်စေချင်တဲ့ သူငယ်ချင်းတစ်ယောက်ရဲ့ သားကို မွေးစားပြီး ပညာသင်ပေးတာဟာ တရားဥပဒေကို ဆန့်ကျင်တာဟုတ်ပါဘူးလေ...။ ငါလုပ်တာ တိုင်းပြည်ဒုက္ခရောက်အောင် လုပ်တာမှဟုတ်ပဲ။ ဒါနဲ့ မင်းနာမည် ဇော်မိုင်နော်"

"ဟုတ်ပါတယ်ဦး"

"အေး ဇော်မိုင်.... မင်းကကော ငါ့ဆီမှာနေ၊ ပညာတွေသင်ပြီး၊ ပြီးလာတဲ့အခါ သောင်းကျန်းသူ ပြန်လုပ်ဦးမှာပဲလား...."

"ကျွန်တော် အဘတို့အလုပ်မျိုးတွေ မလုပ်ချင်ဘူး"

"ဘာဖြစ်လို့လဲ"

"ကျွန်တော့်သားကျရင် အဲလိုပဲ သူငယ်ချင်းဆီလွှတ်ပြီး ပညာသင်ခိုင်းနေရမှာစိုးလို့"

"ဟား ဟား ဟား... ဟုတ်ပြီကွာ၊ ကြိုက်သွားပြီ၊ ငါ့လူက သားအတော်တတ်တာပဲ"

"အဲဒါဆို... ဦးက ကျွန်တော့်ကိုမွေးစားမှာလား"

"မွေးစားရင်ကော... မင်းက တောထဲကအကြောင်းတွေ ဒီမှာ လျှောက်ပြောမှာလား"



www.burmeseclassic.com

www.burmeseclassic.com



“အဘက ဘာမှမပြောရဘူးလို့ မှာလိုက်တယ်”

“အေး… အဲဒီအတိုင်းပဲနေ၊ မင်းက ငါ့ညီတစ်ယောက်ရဲ့သား၊ မင်းကိုငါ မိုးကောင်းက ခေါ်လာခဲ့တာ။ မင်းကိုငါ ဒီမှာ ငါ့သားနဲ့အတူတူ ကျောင်းထားပေးမလို့၊ ငါ့သားကလဲ မင်းနဲ့ရွယ်တူပဲကွ၊ သူကိုလည်း ဒီနှစ် ကျောင်းထားရမှာ၊ ဘာခေါ်မလဲ မင်းရဲ့ညီတစ်ဝမ်းကွဲပေါ့ကွာ၊ သူ့နာမည်က ဇော်ဗလ…တဲ့၊ ဦးပြောတာတွေအားလုံး မှတ်မိလား”

“မှတ်မိပါတယ်ဦး”

“အေး အဲဒါဆို ဒီအကြောင်းတွေကို မင်းနဲ့ငါနှစ်ယောက်ပဲ သိပါစေ၊ မင်းကို ငါမွေးစားလိုက်ပြီ၊ မင်းရဲ့ညီဝမ်းကွဲနဲ့အတူ မင်း ကျောင်း တက်ရမယ်”

ဇော်မိုင်ကခေါင်းညိတ်သည်။

“ဟော့ ဇော်မိုင်…… မင်းကဘာတွေတွေးပြီး ခေါင်းညိတ်နေတာလဲ”

“အား ဘာမှမဟုတ်ပါဘူး ဇော်ဗလရာ။ ဒီလိုပဲ ရေးဟောင်း နှောင်းဖြစ်တွေ ပြန်တွေးနေတာပါ”

ဇော်ဗလနှင့်ထွက်လာရင်း အတွေးက အတိတ်ဆီ ပြန်ရောက် သွားသည်။ အဖြစ်ဟောင်းများထဲ နစ်မြောရင်း ခေါင်းညိတ်ခေါင်းခါ ဖြစ်သွားသည်ကို ဇော်ဗလကမေးမှ သူ သတိပြန်ဝင်သည်။

ခုချိန်မှာတော့ တစ်ခါက ဦးဇောဆန်ဖုန်းပြောခဲ့သလိုပင် ဇော်ဗလ နှင့်သူ ညီအစ်ကိုလို ဖြစ်နေကြပြီဖြစ်သည်။

ကွတ်ခိုင်ကို သူရောက်ခဲ့သည့်ကာလကလည်း မနည်းတော့၊





သည်နှစ် ကျောင်းစတက်ချိန်မှာ သူရော ဇော်ဗလပါ လေးတန်းအောင်၍ ငါးတန်းကို တက်နေကြပြီ။

သူ့ကိုယ်သူလည်း မုံးကိုးသားဆိုသည်ကို မေ့သလိုဖြစ်နေပြီ။ ကွတ်ခိုင်မှာပင် ကွတ်ခိုင်သားလိုနေခဲ့သည်။ ကွတ်ခိုင်မှာ သူငယ်ချင်း အပေါင်းအသင်းတွေလည်း များခဲ့ပြီ။

များသောသူငယ်ချင်းတွေကြားထဲမှာ ပိုခင်မင်ဖြစ်သွားသော သူငယ်ချင်းများကတော့၊ အိုက်မောင်နှင့် ထက်နိုင်တို့ပဲဖြစ်သည်။

ထိုနှစ်ယောက်၏ အနေအထားလေးများကလည်း စိတ်ဝင်စားစရာ ကောင်း၏။

❖ ❖ ❖



www.burmeseclassic.com

www.burmeseclassic.com

၄။

'အမှတ်(၄၅) ခြေလျင်တပ်ရင်း
အမှတ်(၂) ရဲဘုန်ည့်လေ့ကျင့်ရေးတပ်ခွဲ'

ထိုဆိုင်းဘုတ်က ထက်နိုင်တို့ အိုက်မောင်တို့နေထိုင်သော ဘား တိုက်တန်းလျားများရှိရာ ဝင်းအဝင်ဝတွင် စိုက်ထူထားသည်။

ထိုဘားတိုက်များထဲတွင် ထက်နိုင်၊ အိုက်မောင်တို့အပါအဝင် ရဲဘုန်ည့်ပေါင်း ၁၇၅ ယောက်နေထိုင်ကြသည်။



ထက်နိုင်နှင့်အိုက်မောင်တို့က ရဲဘုန်ည့်ကျောင်းသားများဖြစ်သည်။ သူတို့နှင့်အတူ ပလောင်၊ ကချင်၊ လွယ်လ၊ ရှမ်း၊ ခနု၊ ဂေါ်ရခါး စသည့် တိုင်းရင်းသားလူမျိုး ရဲဘုန်ည့်လေးများလည်းရှိကြသည်။ အရွယ်များကလည်း အသက်ဆယ်နှစ်ကနေ ဆယ့်ရှစ်နှစ်လောက်အထိ အရွယ်အမျိုးမျိုး ပညာ သင်အတန်းများကလည်း သူငယ်တန်းမှ ဆယ်တန်းအထိ အဆင့်ဆင့် ရှိသည်။

သူတို့အားလုံးသည် ကွတ်ခိုင်၊ နမ့်ခမ်း၊ မူဆယ်မြို့နယ်များ အတွင်းရှိ ကျေးရွာများမှ လာရောက်ပညာသင်ကြားကြသော မိဘမဲ့များ၊ မိဘရှိသော်လည်း ကျောင်းမနေနိုင်အောင် ဆင်းရဲချို့တဲ့သူများ ဖြစ်ကြသည်။

သူတို့ကို တပ်မတော်မှ တာဝန်ယူကျွေးမွေးစောင့်ရှောက်ပြီး ဆယ်တန်းအောင်သည်အထိ ပညာသင်ပေးသည်။

ရဲဘုန်ည့်တပ်ခွဲဟု၊ တပ်ခွဲအမည်ခံထားသော်လည်း သူတို့သည် တပ်မတော်သားများ မဟုတ်ကြ။ တပ်စည်းကမ်းအတိုင်း နေထိုင်၍ အခြေခံ စစ်ပညာသင်ရသည်မှအပ သူတို့သည် ကျောင်းသားများသာ။ ဆယ်တန်း အောင်ပြီးချိန်မှာလည်း မိမိတို့နှစ်သက်ရာအလုပ်ကို လုပ်နိုင်သည်။ ပညာ ဆက်သင်ချင်လျှင်လည်း သင်နိုင်သည်။

သို့သော် ရဲဘုန်ည့်၏သဘောကတော့ ဆယ်တန်းအထိသာ တာဝန် ယူ ပညာသင်ပေးခြင်းဖြစ်သည်။ အထူးသဖြင့် ဆင်းရဲချို့တဲ့သူများ၊ နယ်မြေ မအေးချမ်းသဖြင့် လူနေမှုဘဝ နိမ့်ကျနေသူများ၊ သောင်းကျန်းမှုများကြောင့် ပညာသင်ကြားရေး ခက်ခဲနေသူများ အများအပြားရှိသော နယ်စပ်တောင် ပေါ်များရှိ တပ်ရင်းများတွင် ကလေးများ ပညာသင်ကြားခွင့်ရရန် မိမိဒေသ



www.burmeseclassic.com

www.burmeseclassic.com



အကျိုးစီးပွားဆောင်ရွက်နိုင်ရန် အသိညဏ်ပွင့်လင်း၍ အမှန်တရားကို သိမြင်စေရန် ရည်ရွယ်ပြီး တပ်မတော်မှ ဖွင့်လှစ်ပေးထားသော လေ့ကျင့်ရေး တပ်ခွဲများဖြစ်သည်။

ထက်နိုင်တို့တပ်ခွဲက၊ ကွတ်ခိုင်အခြေစိုက် ခလရ(၄၅) တပ်ရင်းမှ တာဝန်ယူထားသော တပ်ခွဲဖြစ်သည်။ ပညာသင်ရမည့်ကျောင်းမှာလည်း ကွတ်ခိုင်မြို့ပေါ်က ကလေးများနည်းတူ ကွတ်ခိုင်အထက်တန်းကျောင်း တွင်ပင်ဖြစ်သည်။

ထက်နိုင်က နမ့်ခမ်းမြို့နယ်၊ လွယ်လောင်ရွာမှဖြစ်ပြီး အိုက်မောင် က ကွတ်ခိုင်မြို့နယ် လွယ်ခရမ်းမှ ဖြစ်သည်။ နှစ်ယောက်စလုံးတွင် မိဘများမရှိတော့။ သူငယ်တန်းတက်သည့် အရွယ်ကတည်းက ရဲညွှန့်ထဲ ရောက်ခဲ့သူများဖြစ်သည်။

ကွတ်ခိုင်အထက်တန်းကျောင်းတွင် ဇော်မိုင်၊ ဇော်ဗလတို့နှင့် တစ်တန်းတည်းအတူတက်ရင်း သူငယ်ချင်းများဖြစ်ခဲ့သည်မှာလည်း သူငယ် တန်းကတည်းက ဖြစ်သည်။

ထိုနေ့က ကျောင်းပိတ်သဖြင့် ဇော်ဗလနှင့် ဇော်မိုင်တို့ ထက်နိုင် နှင့်အိုက်မောင်တို့ရှိရာ ရဲညွှန့်တပ်ခွဲသို့ ထွက်လာခဲ့ကြသည်။

ထို့နောက် ထက်နိုင်နှင့် အိုက်မောင်တို့ကိုခေါ်၍ လေးယောက် သား၊ တပ်ရင်းအပြင်ဘက်ရှိ ထင်းရှူးတောကြီးများဘက်သို့ ထွက်လာခဲ့၏။

ကွတ်ခိုင်မြို့သည် လားရှိုး၊ မူဆယ်လမ်းပေါ်တွင်ရှိ၍ ပင်လယ်ရေ ပြင်မှ အမြင့်ပေ ၄၄၂၉ ရှိသောမြို့ဖြစ်သည်။ တောင်စောင်းဆင်ခြေလျှော တွင်တည်ရှိပြီး ရာသီဥတုက တစ်နှစ်လုံးလိုလို အေးမြနေ၍ နွေဟုမရှိ။





မိုးနှင့်ဆောင်းလောက်ပဲ ရှိသည်။

မြို့ပတ်ဝန်းကျင်တွင် ထင်းရှူးတော၊ ယူကလစ်တောကြီးများ ဝန်းရံနေ၍ ခပ်လှမ်းလှမ်းတွင် 'တောင် သုံးဆယ့်သုံးလုံး' ဟု မြန်မာလို အဓိပ္ပာယ်ရသော လွိုင်ဆမ်စစ်တောင်တန်းကြီးကို မြင်နေရသည်။

ထိုအချိန်က လားရှိုးဘက်မှ သိန္နီကိုဖြတ်ပြီး မူဆယ်လမ်းအတိုင်း လာလျှင် ကွတ်ခိုင်သည် မိမိအခြေစိုက်တပ်ရင်း တပ်ဖွဲ့များတည်ရှိရာ နောက်ဆုံးမြို့ဖြစ်ပြီး၊ ကွတ်ခိုင်လွန်သည်နှင့် နယ်မြေက အညိုရောင်ဖြစ်သွား သည်။

လေးယောက်သားလမ်းလျှောက်လာကြစဉ် ထက်နိုင်ကစ၍…

"ငါဒီနေရာလေးကို သိပ်သဘောကျတယ်ကွာ၊ အရမ်းသဘော ကျတာဘဲ၊ နောက်ပြီးတော့လဲ….."

ပြောရင်းနှင့် စကားကို ခဏရပ်သည်။ ဇော်မိုင်ကလှမ်း၍

"နောက်ပြီးတော့ ဘာဖြစ်လဲ….ဆက်ပြောလေကွာ"

"နောက်ပြီးတော့လည်း ဟောဟိုကလှမ်းမြင်နေရတဲ့ လွိုင်ဆမ်စစ် တောင်တန်းကြီးတွေကိုလဲ သဘောကျတယ်။ ငါ့စိတ်ထဲမှာ အဲဒီတောတွေ တောင်တွေထဲကို အရမ်းလျှောက်သွားချင်တာပဲ၊ ဒါပေမဲ့…"

"ဒါပေမဲ့ ဘာဖြစ်လဲ"

အိုက်မောင်ကဖြတ်မေးသည်။

"ဒါပေမဲ့…အဲဒီတောတောင်တွေထဲလျှောက်သွားလို့ ရမှာမဟုတ် ဘူးနော်။ အဲဒီထဲလျှောက်သွားရင် အဲဒီက သောင်းကျန်းသူတွေက ငါတို့ကို ဖမ်းရင်ဖမ်း… မဖမ်းရင်သတ်ပစ်မှာ"



www.burmeseclassic.com

www.burmeseclassic.com



"ဒီကတော့ သေချာတာပေါ့ကွာ။ အဲဒီတော့ ဘာကိစ္စသွားချင်စိတ် ပေါ်တော့မှာလဲ၊ မသွားပဲနေတာ ပိုအန္တရာယ်ကင်းတာပေါ့"

"အဲဒီနေရာက ငါတို့တိုင်းပြည်ထဲပဲမဟုတ်ဘူးလားအိုက်မောင်"

"တို့တိုင်းပြည်ထဲတော့ တို့တိုင်းပြည်ပေါ့ကွာ၊ ဒါပေမဲ့ အေးမှ မအေးချမ်းပဲ"

"ဘာဖြစ်လို့ မအေးချမ်းရတာလဲ"

"ဟာ မင်းကလဲ သောင်းကျန်းသူတွေရှိနေပါတယ်ဆိုမှ ဘယ်လို လုပ် အေးချမ်းမှာလဲ"

"မဟုတ်ဘူးလေကွာ၊ ငါမေးတာက ဘာဖြစ်လို့ ဒီ သောင်းကျန်း သူတွေက ရှိနေပြီး၊ အဲလိုမအေးချမ်း ဖြစ်နေရတာလဲလို့ မေးတာ။ သူတို့ ကကော တို့လိုလူ၊ တို့လို လူမျိုးတွေပဲ မဟုတ်ဘူးလား"

ထက်နိုင်စကားကြောင့် ဇော်မိုင်က အသာလှမ်းကြည့်လိုက်သည်။ ထိုမေးခွန်းက သူကောင်းစွာဖြေနိုင်သော မေးခွန်းဖြစ်သည်။ သို့သော်... သူမဖြေသင့်ဟု ထင်သဖြင့် ငြိမ်နေလိုက်သည်။

စိတ်ထဲကတော့ဖြေကြည့်လိုက်မိ၏။

"သေချာတာပေါ့ ထက်နိုင်ရာ အဲဒီသောင်းကျန်းသူဆိုတဲ့ထဲမှာ ငါ့အဖေတောင် ပါနေတာပဲ၊ ငါ့အဖေနဲ့ ငါနဲ့ အတူတူပဲဟာ၊ တို့လိုလူ တို့လိုလူမျိုးတွေပဲပေါ့"

သို့သော် ပတ်ဝန်းကျင်မှာ တကယ်ပေါ်ထွက်လာသောအသံက ဇော်ဗလအသံသာဖြစ်သည်။

"ဟုတ်တော့ ဟုတ်တာပေါ့ကွာ၊ ဒါပေမဲ့ သူတို့လဲမကျေနပ်တာ





တစ်ခုခုရှိလို့၊ အစိုးရနဲ့လက်နက်ကိုင် တိုက်နေကြတာပေါ့"

"မကျေနပ်တာချည်းလဲ မဟုတ်သေးဘူးလေ၊ ငါတို့ကျောင်းမှာ သင်ရသားပဲ၊ နယ်ချဲ့သမားတို့ တိုင်းတစ်ပါးတို့က သွေးခွဲတာတွေလဲ ရှိတာပဲ"

"ဘာရှိရှိပေါ့ အိုက်မောင်ရာ၊ သူများသွေးခွဲတိုင်း အချင်းချင်း တိုက်နေရမှာလား၊ မကျေနပ်တာဆိုတာကကော ဒီတိုင်း စကားနဲ့ပြောပြီး ကျေနပ်အောင်လုပ်ယူလို့ မရဘူးလား... ချတော့ ဘယ်သူတွေ သေသလဲ၊ သူတို့ကမကျေနပ်လို့ချတော့၊ သူတို့ဘက်ကမသေပဲ အစိုးရဘက်ကချည်း သေကုန်ရောလား"

"ဟုတ်မလား ထက်နိုင်ရ၊ သူတို့ဘက်ကတောင် ပိုသေ သေး တာပေါ့၊ တောထဲကလူဆိုတာက မြို့ပေါ်ကတပ်တွေလို သေချာလေ့ကျင့် ထားတာမှ မဟုတ်တာ"

"အေး.....အဲဒါငါပြောတာပေါ့။ သူသေကိုယ်သေချနေတော့ သူလည်းသေ၊ကိုယ်လည်းသေတာပဲ အဖတ်တင်တာပေါ့၊ သေရုံတင် ဘယ် ကမလဲ၊ ဒီလောက်သာယာလှပတဲ့ နေရာတွေကိုလဲ ဘယ်သူမှ မသွားရဲ မလာရဲ ဖြစ်နေကြတယ်။ ကြားထဲကလူတွေလည်း နေရထိုင်ရတာ ဘယ်တော့မှအေးအေးချမ်းချမ်း မရှိဘူး၊ အဲဒီတော့ အဲဒီလိုတိုက်နေလို့ ဘာအကျိုးရှိမှာလဲ"

သူတို့ပြောနေသောစကားများကို နားထောင်ရင်း ဇော်မိုင် ငေးနေ ပါသည်။

ဟုတ်သည်.... သူ့ဘဝတွင် ဟိုဘက်နယ်မြေခြံသည်း နေခဲ့ဖူး



www.burmeseclassic.com

www.burmeseclassic.com



သည်။ သည်ဘက်နယ်မြေမှာလည်း နေလျက်ရှိသည်။

မှန်တာပြောရလျှင် မအေးချမ်းတာချင်းအတူတူ သည်ဘက်နယ်မြေကမှ၊ လူလူသူသူ တင့်တောင့်တင့်တယ် နေနိုင်သေး၏။ ပညာသင်နိုင်သည်။ ကျန်းမာရေးအတွက် ဆေးရုံ၊ ဆေးပေးခန်းတွေရှိသည်။ စည်ကားဖွံ့ဖြိုးသော မြို့ရွာ၊ လူနေအိမ်ခြေအဆောက်အဦတွေ ရှိသည်။

အလုပ်အကိုင်၊ ကောင်းရောင်းကောင်းဝယ်တွေလုပ်၍ စီးပွားရှာနိုင်သည်။

သူတို့ဒေသမှာက ဘာမှမရှိ။ ပညာမသင်နိုင်၊ ကျန်းမာရေးအတွက်ဆိုလျှင်လည်း ဖြစ်သလိုကုနေရသော ဆေးပေးခန်းအမည်ခံလေးတွေပဲရှိသည်။ အလုပ်အကိုင်ဆိုလျှင်လည်း ဘာမှ အတည်တကျ ကြီးပွားတိုးတက်အောင် လုပ်စရာမရှိ။

အများစုက ဘိန်းပဲစိုက်ကြသည်။

သူတို့ဘက်ဒေသတစ်ခုလုံးမှာ နေရာအနှံ့နှင့် မမြင်ချင်အဆုံးရှိနေသည်မှာ ဘိန်းခင်းများသာဖြစ်သည်။

အစတုန်းကတော့ ဒါတွေ ဇော်မိုင် သတိမထားမိ။ ယခုထက်နိုင်နှင့်အိုက်မောင်ပြောသောစကားများတွင် အစပြုပြီး တွေးကြည့်သည့်အခါမှ သူ့ခေါင်းထဲမှာလည်း သိလိုသောမေးခွန်းတွေ တန်းစီပေါ်လာသည်။

"ဟုတ်သားပဲ၊ ဘာအကျိုးကျေးဇူးမှ မရှိပဲ ဘာဖြစ်လို့သူတို့က မကျေနပ်ဖြစ်နေတာလဲ၊ ပြီးတော့ သူတို့က လူနည်းနည်းလေး မြန်မာပြည်တစ်ပြည်လုံးမှာ လူတွေအများကြီးနေကြတယ်။ အဲဒီလူတွေအများကြီးက ဒေသတွေအများကြီးမှာ ကျေကျေနပ်နပ်၊ ပျော်ပျော်ရွှင်ရွှင် နေနိုင်ကြရဲ့သားနဲ့





သူတို့ကွက်ကွက်နည်းနည်းလေးကျမှ မကျေနပ်တာတို့ ဘာလို့ ဖြစ်နေရတာလဲ"

ကိုယ့်ဒေသ၊ ကိုယ့်ရပ်ရွာနှင့် ကိုယ့်လူတွေအကြောင်းကိုတွေးမှ အဘတို့၊ အမေတို့၊ ညီမလေးနန်းငယ်တို့ကို သတိရလာသည်။

ခုချိန်… သူ့ရွာမှာ ဘာတွေဖြစ်နေပြီလဲ။ သူမသိတော့။

ကွက်နိုင်ကိုရောက်ပြီးမှ မုံးကိုးကို တစ်ခေါက်မှ မပြန်ဖြစ်။ ဇော်ဗလအမေ ဦးဇော်ဆန်ဖုန်းကလည်း လုံးဝမပြန်နိုင်။ အဘပို့သည့် ပိုက်ဆံကိုပင် ပထမဆုံး ဇော်မိုင်နှင့်အတူပါလာသမျှကိုပဲ လက်ခံသည်။

နောက်အခေါက်ကစ၍ လုံးဝလာမပို့ရန်နှင့် အဆက်အသွယ်လုံးဝမလုပ်ရန်၊ လာပို့သူကို မှာလိုက်သည်။ သည်ကတည်းက ရွာနှင့်ဇော်မိုင်လည်း လုံးဝ အဆက်အသွယ်ပြတ်နေခဲ့သည်။

ထိုနှစ်က ဇော်မိုင်ရှစ်တန်းတက်နေသော နှစ်ဖြစ်သည်။

ထိုအချိန်လောက်ကစ၍ ကိုယ့်လူမျိုး၊ ကိုယ့်တိုင်းရင်းသား အချင်းချင်း၊ ကိုယ့်တိုင်းပြည်ထဲမှာ မကျေမနပ်နှင့် ခိုက်ရန်ဖြစ်ပွားနေခြင်းကိစ္စကို မအီမသာနှင့် စဉ်းစားတွေးတော လာခဲ့ခြင်းဖြစ်၏။

✤ ✤ ✤



www.burmeseclassic.com

www.burmeseclassic.com

၅။

ဆယ်တန်းဖြေပြီးသည့် နှစ်ကျမှ ဇော်မိုင်မုံးကိုးကို ပြန်ဖြစ်သည်။

ပထမ စာမေးပွဲဖြေပြီးပြီးချင်း ဇော်မိုင်ပြန်ဖို့ပဲဖြစ်သည်။

သို့သော် စာမေးပွဲများ ဖြေပြီးသည်နှင့် ဦးဇော်ဆန်ဖုန်းက ရန်ကုန်ကို သွားစရာရှိသည်။ ဇော်ဗလနှင့် ဇော်မိုင်ကိုပါ ခေါ်သွားမည် ဆိုသောကြောင့် ပြန်ဖို့အစီအစဉ်ကို ရွှေ့ထားလိုက်သည်။

မှန်တာပြောရလျှင် ဇော်မိုင် ရွာကိုပြန်ဖို့ထက် ရန်ကုန်သွားရမည့် ခရီးကို ပိုစိတ်ဝင်စား၏။



သူကွတ်ခိုင်မှာ နေခဲ့သည့်ကာလအတွင်းမှာ မနှစ်က ထက်နိုင်တို့နှင့်အတူ နမ့်ခမ်းတစ်ခေါက် လိုက်သွားတာကလွဲ၍ တခြား ဘယ်မှ မရောက်ဖူးခဲ့။

ဦးဇော်ဆန်ဖုန်းကတော့ ရန်ကုန်ကို သုံးလေးလ တစ်ခါလောက် သွားသည်။ သို့သော် သွားတိုင်းတစ်ခါမှ သူတို့ကိုမခေါ်။ ခုတစ်ခေါက် ကျမှသာ ဘာစိတ်ကူးရသည်မသိ။ ရန်ကုန်ကို မင်းတို့ ရောက်ဖူးအောင်ဆိုပြီး လိုက်ခဲ့ဖို့ခေါ်သည်။

ဘာစိတ်ကူးရ၍ခေါ်ခေါ် သည်အခွင့်အရေးမျိုး အရမ်းရချင်နေသော ဇော်မိုင်ကတော့ သဘောကျ ကျေနပ်စွာပင် လိုက်ခဲ့သည်။

သည်တော့မှ သိန္နီ၊ လားရှိုး၊ သီပေါ၊ ကျောက်မဲ၊ နောင်ချို၊ မေမြို့(ပြင်ဦးလွင်)၊ မန္တလေးနှင့် ရန်ကုန် ဆိုတာကိုကော၊ မန္တလေးနှင့် ရန်ကုန် ရထားလမ်းတစ်လျှောက် မြို့များကိုကော ဖြတ်ရင်းသန်းရင်း ရောက်ဖူးတော့သည်။

အရာအားလုံးသည် သူ့အတွက် စိတ်ဝင်စားစရာချည်းဖြစ်ကာ ဥခွံထဲမှ ဖောက်ထွက်၍ ကမ္ဘာလောကကြီးကို မြင်တွေ့လိုက်ရသော ကြက်ပေါက်စလေးလို ဖြစ်နေ၏။

❊ ❊ ❊



www.burmeseclassic.com

www.burmeseclassic.com



အလွန်စိတ်ဝင်စားစရာကောင်းသောအဖြစ်တစ်ခုကတော့ ရန်ကုန်မှာ သူမိန်းကလေးတစ်ယောက်ကို အမှတ်မထင်ကနေ မှတ်မှတ်ထင်ထင်တွေ့မြင်အမှတ်တရ ဖြစ်ခဲ့ရခြင်းပင်။

မှတ်မှတ်မိမိ၊ ထိုနေ့က သူတို့ရန်ကုန် စရောက်သောနေ့…။

မန္တလေးကနေ ညအမြန်ရထားစီးလာပြီး ရန်ကုန်ဘူတာကြီးကို မနက်ကိုးနာရီ၊ ဆယ်နာရီလောက်မှာ ရောက်သည်။

ဘူတာကြီးကနေ လမ်းကူး၍ နီးနီးနားနား သမ္မတဟိုတယ်မှာပင် တည်းကြသည်။

ဟိုတယ်မှာ အခန်းယူပြီးသည်နှင့် ဦးဇော်ဆန့်ဖုန်းနှင့် ဇော်ဗလတို့က ခရီးပန်းသည်ဆိုကာ လေအေးစက်ဖွင့်ထားသော အခန်းထဲရှိ ဆိုဖါမွေ့ယာကြီးများပေါ်မှာ ကိုယ်စီတက်လှဲပြီး ခြေပစ်လက်ပစ် အိပ်ကြသည်။

ရောက်တုန်းရောက်ခိုက်၊ အိပ်ဖို့နားဖို့ထက်၊ ကြည့်ဖို့ရှုဖို့ စိတ်ဝင်စားနေသော ဇော်မိုင်က သူတို့အိပ်နေချိန်မှာ အခန်းပြတင်းကျယ်ကြီးများကနေ အပြင်ကို လှျောက်ကြည့်နေမိသည်။

သူတို့နေရာရထားသော အခန်းများက ဟိုတယ်ရှေ့ အလံပြဘုရားလမ်းဘက် မျက်နှာမူထားသောအခန်းများ ဖြစ်သည်။

သို့အတွက် ပြတင်းမှ ဇော်မိုင်ကြည့်နေရာတွင် မြင်ရသော မြင်ကွင်းများက မျက်နှာချင်းဆိုင်ရှိ ခရစ်ယာန်ဘုရားရှိခိုးကျောင်း၊ ဘူတာကြီး၊





အောင်ဆန်းကွင်း စသည်တို့ဖြစ်သည်။

ဆူးလေဘုရားလမ်းနှင့် တဆက်တည်းဖြစ်သော အလံပြဘုရားလမ်းပေါ် ဥဒဟိုမောင်းနှင်နေသော ကားမျိုးစုံကိုလည်း မြင်နေရသည်။

ထို့နောက် အောက်ဘက်ငုံ့ကြည့်လိုက်သောအခါ ဟိုတယ်ရှေ့ကားရပ်နားရာနေရာတွင် ရပ်ထားသောကားများနှင့် ဟိုတယ်ရှေ့မှ သမ္မတရုပ်ရှင်ရုံဘက်သို့ ကူးသန်းသွားလာနေကြသောလူများ။

ထိုစဉ်က သူမသိရှိသေးသော်လည်း ထိုအချိန်က ရုပ်ရှင်ရုံတွင် ရုပ်ရှင်ပြခါနီးအချိန်ဖြစ်သည်။

ဝတ်ကောင်းစားလှများနှင့် ပျားပန်းခတ်လှုပ်ရှားနေသော လူများစွာကိုကြည့်၍ ဇော်မိုင် အံ့သြနေမိ၏။

လူတွေစီးလာသောကားများ၊ ရပ်ထားသောကားများ၊ လမ်းပေါ်ဖြတ်မောင်းနေသောကားများကို ကြည့်ပြီးတော့ ရင်သပ်ရှုမော ဖြစ်ရသည်။

ကြည့်ရင်း၊ အံ့သြရင်းနှင့် ရန်ကုန်မြို့ဆိုတာ ဒါပါလားဆိုသည့် အသိလည်း ဝင်လာသည်။

ကွတ်ခိုင်မှအစပြု၍ တစ်ဆင့်ပြီးတစ်ဆင့် အသိအမြင် ပွင့်လင်းကျယ်ပြန့်လာရသော သဘောကိုလည်း ပြန်ဆင်ခြင်မိသည်။

ကွတ်ခိုင်က ထွက်လာ၍ သိန္နီကိုဖြတ်ကာ လားရှိုးမရောက်မီကြားမှာ၊ လမ်းခရီး၏ ကြမ်းတမ်းပင်ပန်းခြင်းအရသာကို လူးလိမ့်နေအောင်ခံရသည်။

ဖုံတွေကော၊ ချိုင့်တွေကော၊ ကျင်းတွေကော၊ အတက်အဆင်းလေ့ပုတ်ကန်သင်းတွေကော၊ အဆိုးဆုံး၏ အဆိုးဆုံးများကိုဖြတ်၍ ကားတစ်



www.burmeseclassic.com

www.burmeseclassic.com



စင်းပေါ်တွင် ထည့်ခလောက်ခံနေရသလို ဖြစ်ခဲ့၏။

လားရှိုးရောက်သောအခါ စောစောကထက်စာလျှင် အံ့သြလောက်အောင် ငြိမ်းချမ်းချောမွေ့မှုတွေ တွေ့လာရသည်။ လားရှိုးမှာ တစ်ရက်နားနိုက်၊ မြို့ထဲလျှောက်သွားသည်။ ဆိုင်တွေဝင်စားသည်။ ရေပူစမ်းမှာ ရေသွားချိုးသည်။

ကလေးတွေ မရောက်ဘူးမှန်းသိ၍ တမင်စုံအောင်လိုက်ပို့နေသော ဦးဇော်ဆန်ဖုန်း ကျေးဇူးကြောင့် အချိန်တိုတိုအတွင်း နေရာအနှံ့ မြင်တွေ့လိုက်ရသည်။

မိုးကိုးကနေ ကွတ်ခိုင်ရောက်စက နတ်ပြည်ဆိုတာ ကွတ်ခိုင်လိုနေရာမျိုးလား ထင်ခဲ့မိဖူးသလို၊ ခုလည်း ကွတ်ခိုင်နှင့်ယှဉ်လိုက်သောအခါ လားရှိုးက ယာမာ၊ ကုသိတာ အစရှိသော နတ်ပြည်ခြောက်ထပ် ဖြစ်နေသည်။

မန္တလေးရောက်တော့ လားရှိုးက သေးသေးလေး ဖြစ်သွားပြန်၏။ ခု... ရန်ကုန်ကျတော့ ဘာတစ်ခွန်းမှကို မပြောနိုင်တော့။

ထိုအတူပင် ရှုခင်းများ၊ မြင်ကွင်းများကို အပေါ်မြင့်မြင့်၊ ပြတင်းကွက်ကွက်ကလေးကတင် ကြည့်နေရတာလည်း အားမရတော့။

ရန်ကုန်မြေပေါ်နင်း၍ သူပါ လူအုပ်ကြား ရောနှောနေချင်သောဆန္ဒဖြစ်ပေါ်လာသဖြင့် အောက်သို့ဆင်းခဲ့သည်။

ထိုအချိန်မှာ ထိုမိန်းကလေးနှင့် ဆုံစည်းရခြင်းဖြစ်၏။

* * *





ဟိုတယ်အပြင်ဘက်သို့ ခြေတစ်လှမ်းဆိုမှ တစ်လှမ်းလေး ထွက်ရရုံသာ ရှိသေးသည်။

"သူခိုးဗျို့... သူခိုး... အဲဒီလူကို ဖမ်းထားပေးပါ"

"ဟော့... ဟော့... မပြေးနဲ့"

"လိုက်..လိုက်"

"ရှေ့ကဖမ်းထားပါ ..... အဲဒီလူ ဆွဲကြိုးဖြတ်သွားလို့..."

ရုတ်တရက် ဆူညံစွာ အော်ဟစ်သံများနှင့် ရုတ်ရုတ်သဲသဲ မြင်ကွင်းတစ်ခုကို လှမ်းမြင်ရသည်။

ပထမတော့ သူဘာဖြစ်မှန်းမသိဘဲ ကြောင်နေသေးသည်။

သို့သော် ခဏအတွင်းမှာပင် သူသဘောပေါက်သွား၏။

သူမြင်ရသော မြင်ကွင်းတွင်.. ဆံပင်တိုတို၊ ဗလကောင်းကောင်း၊ အသားမဲမဲ၊ နှုတ်ခမ်းမွေးစစနှင့်လူတစ်ယောက် လက်ထဲမှာ ဓါးမြှောင်တစ်ချောင်းကိုကိုင်၍ ရမ်းရင်း ရှေ့ကနေ ပြေးလာသည်။

ပါးစပ်ကလည်း အော်နေသည်။

"မဆိုင်သူ မကပ်နဲ့နော်၊ အူပွင့်သွားမယ်"

သူ့နောက်မှာတော့ ယောကျ်ားလေးငါးယောက်နှင့် မိန်းမသုံးလေးယောက်အုပ်စု၏ ပြေးတော့ ပြေးလိုက်လာသည်။ သို့သော်လည်း အနားမကပ်ရဲ။



www.burmeseclassic.com

www.burmeseclassic.com



ရှေ့နှင့်ဘေးမှ ရပ်ကြည့်နေသူများလည်းရှိသည်။ သို့သော် ဆွဲကြိုး ဖြတ်လာသူက ဓါးတစ်ချက် ရမ်းလိုက်တိုင်း နောက်ကို ရှုံ့ရှုံ့သွားကြသည်။

သမ္မတရုံ လက်မှတ်ပေါက်လောက်က ပြေးသူပြေး၊ လိုက်သူ လိုက်လုပ်လာသော အုပ်စုကြီးလည်း မကြာခင် သူနှင့်မလှမ်းမကမ်း ရောက် လာသည်။

ရှေ့ကဓါးကိုင်ရမ်းလာသူက မကြာခင် သူ့ရှေ့နားက ဖြတ်ပြေး တော့မည်ဟု သူသိလိုက်၏။

ပတ်ဝန်းကျင်ကို မျက်စိကစားလိုက်သည်။

ဟိုတယ်အဝင်ဝနားတွင် ခုမှရောက်လာဟန်တူသော နိုင်ငံခြား ခရီးသည် တိုးရစ်သုံးလေးယောက် ရပ်နေသည်။ သူတို့ငှားစီးလာဟန် တူသောအငှားကားပေါ်မှ အဝတ်သေတ္တာများ၊ သားရေအိတ်များ ချနေသည်။

ထိုအထဲတွင် ဖိုင်ဗာအမာစားဖြင့် ပြုလုပ်ထားသည့် အနက်ရောင် အဝတ်သေတ္တာကြီးတစ်လုံးကို မြင်သည်။ အိတ်က နည်းနည်းကြီးသည်မို့ သည်ရရွှေ့ရလွယ်အောင် အောက်ဘက်တွင် ဘီးလုံးများ ပါရှိသည်။

ဇော်မိုင် ထိုခရီးသည်တွေနားသို့ လှစ်ခနဲ တိုးကပ်လိုက်၏။ ထို့နောက် ရှေ့ကလူမိုက် သူ့ရှေ့တည့်တည့်ရောက်ချိန်နှင့် ချိန်ကိုက်ပြီး ထိုဘီးတပ်သေတ္တာကြီးကို ဆတ်ခနဲ ကန်ထုတ်လိုက်သည်။

""ဂရော...""

သေတ္တာကြီးက ချိန်သားကိုက်စွာ ပြေးထွက်သွားသည်။ ထို့နောက် အံ့ဝင်ခွင်ကျစွာပင် ပြေးလာသူ၏ ခြေထောက်များရှေ့သို့ ရှောင်တိမ်းဖို့မလွယ်သော ခလုတ်ကန်သင်းကြီးအဖြစ် ခုခံပေးလိုက်သည်။





""ဟာ...""

""ဘုန်း...""

""အား...""

""ဟာ..."" ဆိုသော အသံက သေတ္တာကြီးကို ခလုတ်တိုက်၍ ဆွဲကြိုးဖြတ် ငမိုက်သား၊ အောက်ခြေ ကွန်ကရစ်လမ်းပေါ်သို့ ဟပ်ထိုးကြီး ခြေပစ်လက်ပစ် ကျသွားချိန်မှာ ဘေးကလူတွေ အလန့်တကြား အော်ဟစ် လိုက်သံ။

""ဘုန်း..."" ဆိုသော အသံက သေတ္တာကြီးကို ခလုတ်တိုက်၍ သေတ္တာရောလူပါ လုံးထွေးသွားပြီး ငမိုက်သားကောင် ခြေလွှတ်လက်လွှတ် နှင့် ခန္ဓာကိုယ်အပေါ်ပိုင်းတစ်ခုလုံး၊ ကွန်ကရစ်ခင်းလမ်းမနှင့် ပြေးရိုက်သံ။

""အား..."" ဆိုသည်ကတော့ ကွန်ကရစ်လမ်းမနှင့် ရင်ဘတ် တစ်ခုလုံးသာမက မျက်နှာနှင့်ပါ ပြေးရိုက်ခံရသဖြင့် ငမိုက်သားလူဆိုး ကောင် အသဲခိုက်အောင်နာကျင်ပြီး အော်ဟစ်လိုက်သံ။

ကားယားကြီး ပစ်ကျသွားသော ပုဂ္ဂိုလ်ထံမှ အော်ဟစ်သံအဆုံး တွင် ငနဲသားမှောက်ရက်ကြီး တိတ်ဆိတ်သွားသည်။

ဇော်မိုင်က လိုလိုမယ်မယ်သဘောမျိုးနှင့် ပြေကျနေသော ဓါးကိုင် လက်ထဲမှ ဓါးမြှောင်ကို လမ်းဘေးသို့ အသာခတ်ထုတ်လိုက်သည်။

ထိုအခါကျမှ ဘေးကရပ်ကြည့်နေသော သတ္တိခဲများ ဝိုင်းလာကြ သည်။

နောက်ကလိုက်လာသော လူအုပ်လည်း မီလာသည်။

""သူ့လက်ထဲမှာ ဆွဲကြိုးရှိတယ်။ အဲ့ဒါယူပေးပါ""



www.burmeseclassic.com

www.burmeseclassic.com



မိန်းကလေးတစ်ယောက် အသံကြောင့် ဇော်မိုင်လှမ်းကြည့်သည
သူနှင့်ရွယ်တူလောက်ရှိမည့် မိန်းကလေးတစ်ဦး။

ဇော်မိုင်ဘာမှမပြောဘဲ ခေါင်းညိတ်၍ လဲနေသူ၏ ဗယ်ဘ
လက်ထဲမှ ဆွဲကြိုးလေးကို ဖြည်ယူလိုက်သည်။

ထိုနောက် ပြန်ရပ်၍…

“ဒါ… ခင်ဗျားဟာလား”

“မဟုတ်ပါဘူး… ကျွန်မသူငယ်ချင်း ဥစ္စာပါ၊ သူ့ဟာ
သူ့ဟာ…”

ဇော်မိုင်က ထိုမိန်းကလေးလက်ညှိုးညွှန်ရာသို့ လှမ်းကြည့်လိုက်သည်

“ဟုတ်ပါတယ်၊ အဲဒီဆွဲကြိုးက ဒီညီမလေး ဆွဲကြိုးပါ၊ အဲဒီ
ဖြုတ်တာ ကျွန်တော်လှမ်းမြင်လိုက်တယ်”

ကာယကံရှင်ကလည်းပြော၊ ဘေးကလည်း ဝိုင်းထောက်ခံသဖြ
ဇော်မိုင်က ထိုမိန်းကလေးထံ ဆွဲကြိုးလှမ်းပေးလိုက်သည်။

“ကျေး…ကျေးဇူးပါပဲရှင်..”

“ကိစ္စမရှိပါဘူး”

ဇော်မိုင်ဒါပဲပြောပြီး လဲနေသူဘက် ပြန်လှည့်ကြည့်လိုက်သည်

ထိုအချိန်မှာတော့ လဲနေသူသည် ညည်းညည်းညူညူနှင့် သတ
ပြန်ရနေပြီဖြစ်သည်။ သို့သော် စောစောကလို မာရေကျောရေနှင့် မိုက်
မနေနိုင်တော့။ မျက်နှာနှင့်ပါးစပ်မှာ သွေးတွေရဲနေသည်။

ကြည့်ရတာ ရှေ့သွားသုံးလေးချောင်းလောက်ကတော့ ဘုရားဖေ
သွားမှာ သေချာသည်။





လူက သွက်သွက်လက်လက် လှုပ်လို့မရတော့သလို ဘေးက
တွေကလည်း လှုပ်ခွင့်မပေးတော့၊ ဟိုတယ်လုံခြုံရေးတွေကော၊ ကား
ဂိတ်လုံခြုံရေးတွေကော၊ သူ့တို့ ရဲလက်အပ်ရန် ဝိုင်းချုပ်နှောင်ထားကြပြီ။

သူ့အလုပ်မရှိတော့ဟု ဇော်မိုင်သဘောပေါက်လိုက်၏။

ဆွဲကြိုးရှင်မိန်းကလေးကို တစ်ချက်လှမ်းကြည့်သည်။ ထို
ကလေးက လှမ်းအကြည့်နှင့် အကြည့်ချင်းဆုံသည်။

ရင်ထဲမှာ တစ်မျိုးလေး ဖြစ်သွား၏။

သို့သော် ထိုအရသာကို ကြာရှည်ခံစားချိန်မရ၊ သူလည်း ရဲတွေ
ဒိုင်မပတ်သက်ချင်သဖြင့် လူအုပ်ကြားမှနေ အသာတိုးထွက်ပြီး ဟိုတယ်
ပြန်လျှိုဝင်လိုက်သည်။

သူ့နောက်မှာတော့ ဝိုင်းဝန်းမေးသံ၊ ရှင်းပြသံ၊ ဖြစ်စဉ်ကို ဇာတ်
ကြောင်းပြန် ပြောနေသံတို့ ကျန်နေခဲ့သည်။

သူက ဟိုတယ်အပေါ်ထပ်သို့တက်သော ဓါတ်လှေခါးထဲ အသာ
ဝင်လိုက်သည်။

✤ ✤ ✤



www.burmeseclassic.com

www.burmeseclassic.com

ဖြ။

ဘဝမှာ ပထမဆုံးသော ခွဲလန်းမှုတစ်ခုဟု အံ့သြစွာ သိရှိနားလည်

ရသည်။

ခွဲလမ်းစရာ ဘာတစ်ခုမှ မယ်မယ်ရရမရှိပါဘဲ အလိုလို ခွဲထ

ညီတွယ်သွားခြင်းလည်းဖြစ်၏။

"ကျေး...ကျေးဇူးပါပဲရှင်"

စိုးရိမ်မှု၊ ကြောင့်ကျမှု၊ ထိတ်လန့်မှု၊ ပူပန်မှုတွေကြားက

မမျှော်လင့်ဘဲ ကိုယ့်ပစ္စည်းလေး ကိုယ့်လက်ထဲ ပြန်ရောက်လာသဖြ



ဝမ်းသာမှုလေး လည်းစွက်နေဟန်တူသော တုန်ရီတစ်နေသည့်အသံ တိမ်

တိမ်လေး။

ပြန်တွေးကြည့်တော့ စက္ကန့်ပိုင်းလေးမျှသာဖြစ်သည်။

သည်လောက်ရုတ်ရုတ်သည်းသည်းနှင့် ရာဇဝတ်မှုကော၊ လူပ်ရှား

ရုန်းကန်၊ သတ်ပုတ်မှုတွေကော ရောပြွန်းပြီး ကသောင်းကနင်း ဖြစ်နေသည့်

အချိန်ပိုင်းလေးမှာ ထိုကောင်မလေးကို သူတစိမ့်စိမ့်နှင့် ရင်ခုန်အောင်

ကြည့်ဖြစ်ခဲ့သည်မဟုတ်။

သို့သော် ထိုအသံလေးနှင့်အတူ ထိုကောင်မလေး ရုပ်ပုံလွှာက

သူ့မျက်လုံးထဲတွင် စွဲငြိနေသည်။

တောထဲနေလာခဲ့သူမို့ ထိုကောင်မလေး၏ ဆံပင်မဲမဲလေးများ

ညှပ်ထားသည့်ပုံစံကို ဘာပုံစံဟု မပြောနိုင်။ သို့သော် နက်နက်ဖြောင့်ဖြောင့်

လေးများနှင့် ကျောကုန်းကို မထိတထိလောက် အရှည်ရှိမည့် ဆံပင်ဝဲဝဲဖွာဖွာ

လေးများကို မျက်လုံးထဲ မြင်နေသည်။

ပြီးတော့ မျက်ခုံးမည်းမည်းတန်းတန်းလေးများအောက်က

မျက်သားပြာပြာကြည်ကြည် ဖြူဖြူလှဲ့လှဲ့လေးများ ရှိနေသည့် မျက်လုံးလေး

များ၊ သေးသေးသွယ်သွယ် နှာတံလေးနှင့် ပါးပါးစုစု နှုတ်ခမ်းနီနီရဲရဲလေး၊

ထိုနောက် ဖြူဖြူဝိုင်းဝိုင်း၊ ပါးဖေါင်းဖေါင်းလေးနှင့် ချစ်စရာမျက်နှာလေး။

ကောင်မလေးအသက်က အလွန်ဆုံးရှိမှ ၁၆-၁၇ ပဲရှိမည်။

သူ့ထက် နည်းနည်းလေး ငယ်နိုင်သည်။ သို့မဟုတ်လည်း လှပြီးဖြူနေ၍

ငယ်သလိုဖြစ်နေတာလည်း ဖြစ်နိုင်သည်။

နာမည်လည်းမသိ။ ဘာလည်းမသိ။



www.burmeseclassic.com

www.burmeseclassic.com



သူမကို ပြန်ရည်ညွှန်းပြောလျှင် ရန်ကုန်မှာ အမှတ်မထင် တွေ့ခဲ့သော ကောင်မလေးတစ်ယောက်ဟုပဲ ပြောနိုင်မည်။

ထိုနေ့က သူ့အပေါ် ပြန်ရောက်ရောက်ချင်း ပြတင်းမှနေ ထိုကောင်မလေးကို ပြန်ရှာဖွေကြည့်သေးသည်။

ရှပ်အင်္ကျီ အနီကွက်လေးနှင့် လုံခြည်အနီရောင်လေး ဝတ်ထားသော ထိုကောင်မလေးကို သူ့ရိပ်ခနဲသာ မြင်လိုက်သည်။

လဲနေရာမှ ယိုင်တိယိုင်တိုင် ထရပ်နေသော ဆွဲကြိုးဖြတ် ပုဂ္ဂိုလ်နားမှာ ရဲတွေ၊ လုံခြုံရေးတွေ ရှုပ်ထွေးနေချိန်မှာ သူမသူငယ်ချင်းနှင့်အတူ လစ်ထွက်သွားသော ကောင်မလေးကို ကျောဘက်မှနေ လှမ်းမြင်ရသည်။

ရန်ကုန်မှာ သူတစ်ပတ်လောက် နေခဲ့ရသည်။ ရန်ကုန်မှအပြန် မန္တလေးမှာ နှစ်ရက်လောက်နေသည်။ ထိုကမှတစ်ဆင့် လားရှိုး၊ ကွတ်ခိုင်သို့ ပြန်ခဲ့သည်။

ကွတ်ခိုင်မှာ တစ်ပတ်လောက်နေပြီး မုံးကိုးသို့ တောလမ်းမှနေ တိတ်တဆိတ် ပြန်လာခဲ့သည်။

မုံးကိုးရောက်ပြီးသည့်တိုင်အောင်လည်း ရန်ကုန်မှာ အမှတ်မထင် တွေ့ခဲ့သည့် ကောင်မလေးတစ်ယောက်ကို သူမမေ့။

ခဏခဏ သတိရနေမိ၏။

※ ※ ※





"စောစောက အဘလာသွားတယ်။ အစ်ကို့ကိုလဲမေးတယ်။ နန်းငယ်က အစ်ကို ဘယ်ထွက်သွားလဲ မသိဘူးလို့ ပြောလိုက်တယ်။ အစ်ကို ဘယ်သွားနေတာလဲ"

"ဒီလိုပါပဲ နန်းငယ်ရာ၊ ဒီဘက်မှာ ဘာတွေဖြစ်နေလဲ သိရအောင် ခေါင်းတည့်ရာ လျှောက်သွားပြီး ကြည့်နေတာပါပဲ"

ညီမငယ် နန်းငယ်အမေးကိုဖြေပြီး အိမ်ထဲဝင်လာခဲ့သည်။

အိမ်ရှေ့ခန်းတွင် ချထားသော ပက်လက်ကုလားထိုင်တွင် ဝင်ထိုင် ရင်း သူ့ရင်ထဲတွင် မွှန်းကျပ်နေသည့် အတွေးများအား ဖြန့်ကျက်လိုက်သည်။

မုံးကိုးသို့ ပြန်လာချိန်တုန်းက သူ့ရင်ထဲတွင် အချစ်နှင့်ပတ်သက်သော စွဲလန်းစိတ်လေးတစ်ခုသာမက သူ့နယ်မြေနှင့် ပတ်သက်၍လည်း ...ကြီးတစ်ခု ပါလာခဲ့သည်။

တိုဆန္ဒကြီးက တခြားမဟုတ်။ အဘနှင့်တကွ သူ့ဒေသမှလူများ ...ဲ လူတွေအများကြီးနေပြီး ကျယ်ပြန့်ကြီးမားသည့် မြန်မာနိုင်ငံကြီး အကြောင်း သိစေချင်သည့် စိတ်ပင်ဖြစ်သည်။

သူသိသလောက် သူတို့ဒေသမှလူများသည် ရန်ကုန်၊ မန္တလေး ...ပြောနှင့် လားရှိုးလောက်တောင် ရောက်ဖူးသူများ မဟုတ်ကြ။ တချို့ ...ရှိလျှင် မုံးကိုးကွက်ကွက်လေးသာ နေဘူး၍ မူဆယ်၊ ကွတ်ခိုင်လောက်ပင် ...ရောက်ဖူးကြ။

www.burmeseclassic.com



သို့အတွက် သူတို့သည် သူတို့နေထိုင်သော မြန်မာနိုင်ငံဆိုသည်ကိုလည်း မုံးကိုးဒေသလောက်ပဲ ဖြစ်သည်ဟု ထင်နေကြသူများ ဖြစ်ကြသည်။

အကယ်၍ သည့်ထက်ကျယ်ပြန့်သော မြန်မာပြည်ကြီး ရှိနေသေးသည်ဟုသိလျှင်လည်း ထိုမြန်မာပြည်ကြီးတစ်ခုလုံးသည် သည်ဒေသလိုပါပဲ၊ ဘာမှထူးမှာ မဟုတ်ပါဘူးဟု ထင်နေကြမှာမလွဲ။

မြန်မာပြည်၏ အခြားအခြားသော ဒေသများနှင့်မတူဘဲ သူတို့ဒေသသည် နယ်စွန်နယ်ဖျားတစ်နေရာတွင် ဆင်းရဲချို့တဲ့ မွဲတေစွာဖြင့် အောက်ကျနောက်ကျ ဖြစ်ကျန်နေခဲ့သော သေးသေးငယ်ငယ် နေရာလေးတစ်ခုသာ ဖြစ်နေမှန်း သူတို့သိမည် မဟုတ်ကြ။

မြို့နှင့်ပြနှင့် ကြီးကြီးမားမား တိုးတိုးတက်တက် မြင်ဖူးတာဆိုလို့ မုံးကိုးချောင်းတစ်ဘက်ကမ်းရှိ အခြားနိုင်ငံဘက်သာဖြစ်သည်။ ကိုယ့်ဘက်မှာလည်း သည်လို မြို့ကြီးပြကြီးတွေရှိသည်။ ပြီးတော့ ထိုမြို့ပြဒေသများမှာ မည်သည့် စစ်ခက်တိုက်ခိုက်မှုနှင့် အငြင်းပွားမှု၊ မကျေနပ်မှုတွေမှ မရှိပဲ၊ အားလုံးစည်ပင်သာယာနေသည်ဆိုသည်ကို ပြောပြချင်သည်။

သို့သော် တကယ်တမ်း မုံးကိုးသို့ သူရောက်လာသောအခါ ထိုဆန္ဒကို အကောင်အထည်ဖော်ဖို့ သိပ်ခက်သွားသည်။

သည့်ပြင်လူမပြောနှင့်၊ အဘနှင့်ပင် ထိုအကြောင်းတွေ ဆွေးနွေးဖို့ခက်သည်။

ရောက်ရောက်ချင်းညက အဘကို သူအကျိုးအကြောင်း ပြောပြကြည့်သည်။ အဘက စကားပင် ဆက်အပြောမခံဘဲ…





"တော်တော့လူလေး… အဲဒါတွေမပြောနဲ့၊ ဒါတွေကို မဝိုးသိသလို အဘလဲသိတယ်။ ဒါကြောင့် မင်းကို တမင်မြို့ပို့ပြီး စာသင်နိုင်းတာပဲ၊ ဒါပေမယ့်…"

"ဒါပေမယ့် ဘာဖြစ်လဲအဘ"

"ဒါပေမယ့် ဒီနေရာမှာ မင်း ဒါတွေမပြောရဘူး၊ ပြောရင် ကိုယ့်အသက်ကိုယ် ရန်ရှာတာနဲ့အတူတူပဲ ဖြစ်သွားလိမ့်မယ်။ ခုတောင် မင်းကို ကျောင်းပို့တဲ့ကိစ္စနဲ့ပတ်သက်ပြီး အဘနဲ့အိုက်လိတ် အပေးအယူတွေ အများကြီး လုပ်ထားရတယ်"

"ဘယ်လိုအဘ အပေးအယူ… ဟုတ်လား…"

"ဟုတ်တယ်… မင်းစာသင်ဖို့အတွက် မင်းပြန်လာရင် သူတို့အဖွဲ့အစည်းထဲမှာ အသုံးဝင်အောင် ထားပေးပါ့မယ်လို့ အဘ… သူ့ကို ကတိပေးထားခဲ့ရတာ"

"ဟာ… အဘကလဲ၊ အဘတို့အဖွဲ့အစည်းထဲ ကျွန်တော် မဝင်ချင်ပါဘူး"

"အေးလေ… အဲဒါဆိုလဲ မင်းဒီဒေသက နောက်တစ်ခါ ထွက်ပြေးဦးပေါ့။ အဘရယ်၊ မင်းအမေနဲ့ မင်းညီမရယ် အိုက်လိတ်အသတ်ကို ခံလိုက်ကြရုံရှိတယ်"

"ဘာဆိုင်လို့လဲအဘရယ်"

"ဘာဆိုင်လဲ မဆိုင်လဲတော့ အဘလဲမသိဘူး လူလေး။ ဒါပေမယ့် ဒါ… အဖွဲ့အစည်းရဲ့ စည်းကမ်းပဲ၊ အဲဒီအတိုင်း နှုတ်ကတိစာချုပ်ချုပ်ပြီး မင်းကိုကျောင်းပို့ထားရတာ"



www.burmeseclassic.com

www.burmeseclassic.com



"ဟာဗျာ..."

ထိုနေ့ကစပြီး ဇော်မိုင်စိတ်ပျက်သွားခဲ့သည်မှာ ခုတိုင်ဖြစ်သည်။

ထိုနေ့၏ နောက်တစ်ရက်နှစ်ရက်ကြာတော့ သည့်ထက် စိတ်ပျက်စရာတွေလည်း ဇော်မိုင်ထပ်ကြုံရပြန်၏။

* * *

"နန်းငယ် ဘာဖြစ်နေတာလဲအမေ"

ဆယ်နှစ်ကျော် ခွဲခွာသွားရသဖြင့် နန်းငယ်၏ ငယ်မူငယ်ရာများ ငယ်ဓလေ့များကို တိတိကျကျ ဆက်စပ်မမှတ်မိတာကတော့ သဘာဝကျပါသည်။

သူထွက်ခွာလာချိန်က နန်းငယ်သည် လေးငါးနှစ်သမီး၊ အခု ဆယ့်ငါးနှစ်ကျော်၊ ဆယ့်ခြောက်နှစ်၊ ငယ်ရုပ်လည်း ပြောင်းခဲ့ပြီ၊ ငယ်မူငယ်ရာများလည်း မရှိတော့။ အလှသွေးကြွယ်စပြုသည့် အပျိုပေါက်စအရွယ် ဖြစ်နေပြီ။ အလှအပတွေလည်း ပြင်ဆင်တတ်နေပြီ။





သို့သော်... နန်းငယ်နှင့် စတွေ့ကတည်းက ဇော်မိုင့်စိတ်ထဲ တစ်မျိုးဖြစ်နေသည်။ ဘာဖြစ်နေမှန်း၊ ဘာတစ်မျိုးမှန်းတော့ သူ့စိတ်ထဲမှာ သေချာမဝေခွဲတတ်။

သေချာစဉ်းစားပြီး ပုံဖော်ကြည့်သလောက် နန်းငယ်အမူအရာတွေက ငယ်နုပျိုမြစ်သောအရွယ်နှင့် လိုက်ဖက်အောင် မဖြတ်လတ်၊ မတက်ကြွ။ သဘာဝအားဖြင့် ရှိနေရမည့် ပျော်ရွှင်သွက်လက်ခြင်းများအစား ထုံထိုင်းလေးကန်နေသလို ဖြစ်နေသည်။

ဆယ်နှစ်ကျော် ကွဲကွာနေသော အစ်ကိုအရင်းတစ်ယောက် ပြန်ရောက်လာချိန်မှာ ကြိုဆိုပုံကလည်း အေးစက်သည်။

"ဟဲ့ နန်းငယ်၊ နင့်အစ်ကိုဇော်မိုင် ပြန်လာပြီ"

အမေ ဝမ်းသာအားရ စကားသံအဆုံးတွင် အိပ်ခန်းတွင်းမှာ ရှိနေသော နန်းငယ်ထံမှ "အင်း...အင်း" ဟု အသံရှည်နှစ်ဆင့်လေးကန်စွာ ပြည့်ကလွဲ၍ အခြားလှုပ်ရှားမှုများ ဘာတစ်ခုမှ ပေါ်ထွက်မလာ။

"ဟဲ့ အပြင်ထွက်ဦးလေ နန်းငယ်၊ ကိုယ့်အစ်ကို ပြန်လာတာတောင် ထွက်မလာဘူးလား"

နောက်ထပ် နှစ်ခါသုံးခါလောက် အသံပြုရသည်။

သည်တော့မှ အထဲကနေ နန်းငယ်နေးကွေး မှုံရီစွာ ထွက်လာသည်။

ပြီးတော့ ဝေမှိုင်းနေသည့် မျက်လုံးအစုံဖြင့်ကြည့်ရင်း...

"အစ်ကိုဇော်မိုင် ပြန်လာပြီလား"

ဒါပဲပြောသည်။ ပြီးတော့ သိပ်တက်ကြွမှုမပါသော အမူအယာ



www.burmeseclassic.com

www.burmeseclassic.com



များဖြင့် အမေ့နား ဝင်ထိုင်သည်။

''ဘာလဲနန်းငယ်၊ နင်အိပ်နေတာလား။ ခုထိအိပ်ရေးမဝသေးဘူးလား''

ဇော်မိုင်ကမေးသည်။ နန်းငယ်က ခေါင်းညိတ်ပြီး…

''ဟုတ်တယ်… အရမ်းအိပ်ချင်နေတယ်''

''ကဲကဲ… အဲဒါဆိုလဲ သွားအိပ်လိုက်ပါ၊ အိပ်ရေးဝတော့မှ လန်းလန်းဆန်းဆန်း စကားပြောတာပေါ့၊ ခုတိုင်းတော့ ထိုင်စကား ပြောမနေပါနဲ့၊ နင့်ပုံစံက ဘိန်းငိုက်နေတာ ကျနေတာပဲ''

သူကတော့ ဘာရယ်မဟုတ်၊ မြင်ဖူးသော ဆင်တူအမူအယာဖြင့် တင်စားလိုက်ခြင်းသာဖြစ်သည်။ သို့သော် သူ့စကားကြောင့် အမေ့မျက်နှာ ယောင်ယောင်ပျက်သွားသည်။

အမေ့မျက်နှာပေါ်မှ အမူအယာကို သူကလည်း သတိပြုလိုက်မိသည်။

သို့အတွက် နန်းငယ်ရှေ့မှာ ဘာမှမမေးသေးသော်လည်း နန်းငယ် အခန်းထဲ ပြန်ဝင်ပြီး တိတ်ဆိတ်ငြိမ်သက်သွားချိန်မှာ ဇော်မိုင်က အမေ့ကို မေးလိုက်ခြင်းဖြစ်သည်။

''နန်းငယ်ဘာဖြစ်နေတာလဲအမေ….''

အမေက ဘာမှပြန်မဖြေသေးပဲ သက်ပျင်းအရင်ချသည်။ ပြီးမှ ကြေကွဲအက်ရှသောအသံဖြင့်…

''ဘာဖြစ်ရမှာလဲ ဇော်မိုင်။ နင်ပြောသလိုပဲ၊ နင့်ညီမနန်းငယ် ဘိန်းငိုက်နေတာပဲပေါ့''





''ဟင်… နန်းငယ်ဘိန်းစွဲနေတယ်ဟုတ်လား…၊ ဟုတ်လား အမေ…''

''ဟုတ်တယ်၊ ငါလဲဘာမှပြောလို့ မရတော့ဘူး၊ နင့်ကိုလဲ ငါ မပြောသေးဘူးလို့ စဉ်းစားထားတာပဲဇော်မိုင်၊ နင့်ကို ခရီးရောက်မဆိုက် စိတ်မညစ်စေချင်ဘူး၊ ဒါပေမယ့်…''

''ဒါပေမယ့် ဘာဖြစ်လဲအမေ…''

''ဒါပေမယ့် နင်ရမ်းပြောလိုက်တဲ့စကားက မှန်နေတော့ ငါ ဖုံးမထားချင်တော့ဘူး၊ နင်မြို့မှာပဲ အပြီးနေလိုက်ဖို့ ကောင်းတယ်ဇော်မိုင်၊ ပြန်လာရင် ဒီမှာ နင်စိတ်ညစ်မယ်၊ နင်ပြန်မလာလို့ ငါတို့ကို အိုက်လိတ်က သတ်လဲ သေသွား အေးတာပဲပေါ့…''

ထိုအဖြစ်အပျက်မျိုးတွေက သူတို့ရွာမှာ အဆန်းတော့မဟုတ်။ သူတို့ရွာက လူအများစုသည် ဘိန်းခင်းတွေကြားမှာနေရသည်။ ဘိန်းပင်တွေ စိုက်ရသည်။ ဘိန်းစေးတွေ ခြစ်ရသည်။ ဘိန်းချက်တော့လည်း ပါရသည်။

ဘိန်းနှင့်ရင်းနှီးနေသော ဒေသမှာ လူအတော်များများ ဘိန်းစား၊ ဘိန်းသမားတွေ ဖြစ်ရတာမဆန်း။

သို့သော် နန်းငယ်က ဘာ့ကြောင့်ဘိန်းသမား ဖြစ်ရသနည်း။ အဘ၏သမီး နန်းငယ်အနေနှင့် ဘိန်းစိုက်ရာ၊ ဘိန်းခြစ်ရာ၊ ဘိန်းချက်ရာ တွေမှာလည်း ပါစရာမလို။

ပြီးတော့ ဘိန်းကိစ္စကို ဘယ်တုန်းကမှ အဘမကြိုက်။

''အဘက ဘာမှမပြောဘူးလားအမေ''

''ဘာကိုလဲဇော်မိုင်..''



www.burmeseclassic.com

www.burmeseclassic.com



"နန်းငယ် ဘိန်းစားနေတာကိုပေါ့.."

အမေက ခေါင်းခါသည်။

"နန်းငယ် ဘိန်းမစားဘူးဇော်မိုင်၊ ဘိန်းအမည်းတွေရှုတာလည်း မဟုတ်ဘူး၊ အခု နန်းငယ်စွဲနေတာ ဘိန်းဖြူ၊ ဘိန်းဖြူကို စီးကရက်နဲ့ သောက်တယ်၊ ပြီးတော့ ဘာဆေးပြားတွေလဲ မသိဘူး၊ အဲ့ဒါတွေလဲ သောက်တယ်"

"ဗျာ"

သူ့ခေါင်းတစ်ခုလုံး မိုးကြိုးပစ်ခံရသလိုဖြစ်ပြီး ပွင့်ထွက်သွားသည် အောက်မေ့ရသည်။

"ဟား..."

ဇော်မိုင် စိတ်ပျက်ပျက်နှင့် လေပူကြီးတစ်ချက် ပါးစပ်ဟ၍ မှုတ်ထုတ်လိုက်သည်။

သူဘာဆက်ပြော၍ ပြောရမည်မှန်း မသိတော့အောင်ပင် ရင်ထဲမှာ စိတ်ညစ်ရှုပ်ထွေးသွား၏။

* * *





"တောက်"

စိတ်တိုတိုနှင့် အခင်းထဲတွင် အစေးခြစ်ယူပြီး၍ ရှုံတွခြောက်သွေ့ ကျန်ရစ်နေသော ဘိန်းသီးဟောင်းတစ်လုံးကို ဆောင့်ကန်ပစ်လိုက်သည်။

သူပြန်လာချိန်က ဘိန်းခင်းထဲမှာ အသီးတွေ၊ အပွင့်တွေ ဝေဝေ ဆာဆာနှင့် လှပနေချိန် မဟုတ်တော့။

ဘိန်းပင်၏ သဘောကလည်း သရက်ပင်၊ ပိန္နဲပင်တို့လို နှစ်ရှည် သများ ကြီးထွားရင့်သန်၍ ရာသီလိုက် နှစ်စဉ်သီးပွင့်ပေးနေသော အပင်မျိုး မဟုတ်။

အောက်ပြည်မှာ စပါး၊ ဖရဲစိုက်သလို၊ ရာသီလိုက် စိုက်ပျိုးရသော အပင်မျိုးဖြစ်သည်။

ခုချိန်မှာတော့ ရိတ်သိမ်းပြီး စပါးခင်း၊ ရိုးပြတ်ကွင်းကြီးသဖွယ် ကျန်ရစ်ခဲ့တော့သော်လည်း ဘာမှမကြာသေးသောကာလ၊ လပိုင်း မရှိတရှိ အချိန်က ဤနေရာ၊ ဤတောင်စောင်း၊ ဤအခင်းကြီးများတွင် ဘိန်း ဆောင်သူတို့ စိုက်ပျိုးထားခဲ့သည့် ဘိန်းခင်းကြီးများ တမျှော်တခေါ်နှင့် ဖွေးဖွေးလှုပ်အောင် ရှိနေခဲ့သည်။

ထိုအချိန်က ရှိနေခဲ့သော ဘိန်းပန်းပွင့် ဖြူဖြူလေးများအောက်ရှိ ဘိန်းသီးစိမ်းစိမ်းများမှ ခြစ်ယူခဲ့သော ဘိန်းစေးများသည် ယခုအခါမှာ ဘိန်းမည်း၊ ဘိန်းညို၊ ဘိန်းဖြူ စသဖြင့် တစ်ဆင့်ပြီးတစ်ဆင့် ခွမ်းအား



www.burmeseclassic.com

www.burmeseclassic.com



ထက်လာကာ အန္တရာယ်ကြီးလာသော မူးယစ်ဆေးဝါးများအဖြစ် ပြောင်းလဲ ချက်လုပ်နေကြပြီဖြစ်သည်။

အောက်ပြည်အောက်ရွာ၌ စပါးရိတ်သိမ်းပြီး၊ ခြွေလှေ့ရောင်းချ ချိန်၌ စပါးကုန်သည်များ ခြေချင်းလိမ် အလုပ်ရှုပ်နေသလို၊ သည်ဒေသမှာ လည်း မကြာခင်ထွက်ပေါ်လာတော့မည့် ဘိန်းမည်း၊ ဘိန်းညို၊ ဘိန်းဖြူများ အတွက် ဘိန်းကုန်သည်တို့ လှုပ်လှုပ်ရှားရှား အလုပ်များနေကြပြီဖြစ်သည်။

နောက်.... သိပ်မကြာခင်မှာပင် ထိုဘိန်းအချော့ထည်များသည် ကမ္ဘာအရပ်ရပ်မှ လူသားများကို လူညွန့်တုံးစေ၍၊ လူငယ်အမြောက်အမြား ကို သတ်ဖြတ်ရန်၊ ကုန်သည်များလက်တွင် အဆင့်ဆင့်ကူးပြောင်း၍ ခရီးနှင် သွားပေတော့မည်။

"ဟင်း...."

ဇော်မိုင် သက်ပျင်းချလိုက်မိ၏။

ကျောင်းမှာတုန်းက ပထဝီဝင်ဘာသာတွင် သင်ခဲ့ရသလို ဤ ဒေသ၏ ထွက်ကုန်စိုက်ပျိုးသီးနှံဟု ခေါင်းစဉ်တပ်၍ ရေးသားရမည်ဆိုပါက ဘိန်းမှလွဲ၍ အခြားများများစားစား ရေးစရာမရှိတော့။

လူတွေကို ဒုက္ခပေးမည့် အဆိုးရွားဆုံး အဆိပ်ပင်များသည် သူတို့ဒေသ၏ အဓိကစိုက်ပျိုးသီးနှံ ဖြစ်နေသည်။

အံ့ဩစရာကောင်းသည်ဟု သူတွေးမိ၏။

စင်စစ်....ဘိန်းဆိုသည်မှာ သည်ဒေသက စတင်ပေါ်ပေါက်လာ ခြင်း မဟုတ်သလို၊ ထိုစကားကလည်း သည်ဒေသစကားမဟုတ်။

သည်ဒေသမဟုတ်ပါဘူးလေ။ ဘိန်းဆိုသော ဝတ္ထုပစ္စည်းနှင့်





ဘိန်းဆိုသော အမည်နာမဝေါဟာရသည် တကယ်တော့ မြန်မာပြည်ဖြစ် ပစ္စည်း မဟုတ်သလို၊ မြန်မာစကားလည်း မဟုတ်။

ကျောင်းမှာတုန်းက သင်ခဲ့ရသော ဘိန်းသမိုင်းကို အမှတ်ရသည်။

ဘိန်းပင်၏ မူလဇာတိအရပ်သည် ဥရောပအရှေ့ပိုင်း မြေထဲ ပင်လယ်ဒေသတစိုက်၊ ဥရောပတောင်ပိုင်းနှင့် အာရှအနောက်ပိုင်းတို့သာ ဖြစ်သည်။

ခရစ်တော်မပေါ်မီ နှစ်ပေါင်း ၄၀၀၀၊ BC 4000 လောက်ကာလ သမိုင်းမှတ်တမ်းများအရ ဥရောပအလယ်ပိုင်း၊ မက်ဆိုပိုတေးမီးယားဒေသ၊ ဆူမေးရီးယန်းလူမျိုးများက ဘယဆေးအဖြစ် သုံးနေကြသည်ဟု သိရသည်။

အေဒီ ၁၆ ရာစုလောက်ကျမှ ဥရောပမှ ဘိန်းမျိုးစေ့နှင့် ဘိန်း စိုက်ပျိုးမှုအလေ့အထသည် အာရပ်နှင့် ပေါ်တူဂီကုန်သည်များမှတဆင့် အိန္ဒိယနှင့် တရုတ်ပြည်သို့ ရောက်ရှိပြီး စတင်ထွန်းကားခဲ့သည်။

မြန်မာနိုင်ငံကိုတော့ ခရစ်သက္ကရာဇ် အေဒီ ၁၅၈၀ က အင်္ဂလိပ် လူမျိုး ရှုန်ပင်တာထန် အိန္ဒိယမှနေ ပုသိမ်ဆိပ်ကမ်းသို့ သယ်ယူလာခဲ့ ကြောင်း၊ သူ၏ကိုယ်တိုင်ရေး ခရီးသွားမှတ်တမ်းမှတစ်ဆင့် သိရသည်။ အလားတူ အာရပ်ကုန်သည်များကလည်း သန်လျင်ဆိပ်ကမ်းသို့ သယ်ယူ လာခဲ့သည်။

ဒတ်ချ်အင်ဒီ(စ်) ကုမ္ပဏီကလည်း ၁၆၁၃ ခုနှစ်တွင် ဟံသာဝတီ ဆိပ်ကမ်း၌ စတင်ရောင်းချခဲ့သည်။

ဘိန်းဟူသော အမည်သည်ပင် အိန္ဒိယစကား "အဖိန်း"မှ ကူး ပြောင်းလာခြင်းဖြစ်သည်ဟု အဆိုရှိ၏။



www.burmeseclassic.com

www.burmeseclassic.com



ဘိန်းစိုက်ပျိုးထုတ်လုပ်ခြင်း **အလေ့အထ**ကတော့ ၁၈၈၅ ခုနှစ်တွင် နယ်ချဲ့အင်္ဂလိပ်က မြန်မာ**တစ်ပြည်လုံးကို** သိမ်းပိုက်ပြီးမှသာ၊ စတင်ပေါ်ပေါက်ခဲ့ခြင်းဖြစ်သည်။

မြန်မာမင်းများလက်ထက်က ဘိန်းရှု၊ ဘိန်းစားလျှင် သေဒဏ်အထိပင် အပြစ်ပေး၍ ကျပ်တည်းစွာ တားမြစ်ခဲ့သော်လည်း အင်္ဂလိပ်က ရှမ်းပြည်နယ်၊ ကချင်တောင်တန်းတို့၌ တရားဝင်ဘိန်းစိုက်ပျိုးခွင့် ပြုခဲ့သည်။ ဘိန်းခန်းဖွင့်၊ ဘိန်းရှုခြင်းကို လိုင်စင်ဖြင့် ခွင့်ပြုခဲ့သည်။

လွတ်လပ်ရေးရပြီးနောက်ပိုင်း အစိုးရအဆက်ဆက် ဘိန်းနှင့်မူးယစ်ဆေးဝါး တားဆီးနှိမ်နင်းရေးလုပ်ငန်းများ လုပ်ခဲ့သည်။ ဥပဒေဖြင့်နှိပ်ကွပ်ခဲ့သည်။

ဥပဒေပြင်ပမှ သောင်းကျန်းသူများက ဘိန်းကိုမှောင်ခိုရောင်းဝယ်စိုက်ပျိုးကြခြင်းဖြင့် သူတို့အတွက် လိုအပ်သောငွေကြေးကို ရှာဖွေခဲ့သည်။

သူတို့နှင့် ဆက်သွယ်ဝယ်ယူ ဖေါက်ကားနေကြသူများက တစ်ဖက်နိုင်ငံနှင့် ပြည်ပမှ ငွေရှင်ကြေးရှင် ဘိန်းကုန်သည်ကြီးများဖြစ်သည်။

ထိုတိုင်းတစ်ပါး ကုန်သည်ကြီးများ၏ ခေတ်မီဓာတုဆေးဝါးများဖြင့်သာ ဘိန်းဖြူဆိုတာ ပေါ်လာခြင်းဖြစ်ပြီး ဤနယ်မြေ၊ ဤဒေသရှိဒေသခံများသည် နဂိုက ဘိန်းဖြူဆိုသည်ကို ကြားတောင်မကြားဖူးကြ။

ခုကျတော့ ထိုဘိန်းဖြူအန္တရာယ်သည် နန်းငယ်တို့လို မိန်းကလေးများဆီ အထိပင် ရောက်နေခဲ့ပေပြီ။

တော်ရုံဘိန်းမည်းစွဲသည်ဆိုလျှင်ပင် ဖော်မိုင်နားလည်နိုင်သည်။ ဘိန်းမည်းလောက်ကတော့ သည်မှာ သိပ်အရှားပါးကြီးမဟုတ်။





ဘိန်းဖြူကျတော့ သည်မှာချက်၊ သည်မှာပေါ်သည်ဆိုသည့်တိုင် သူ့အတိုင်းအတာနှင့်သူတော့ ဈေးကြီးသည်။ တော်ရုံငွေဖြင့် ဝယ်မရ။

ဘိန်းဖြူကို စိုက်လိုက်မတ်တတ် သုံးစွဲရန် ငွေလိုသည်။ ထိုငွေကို အဘနှင့် အမေတို့က ကြိတ်ပေးနေသလား။ သို့မဟုတ်လျှင် ထိုငွေကို နန်းငယ်ဘယ်က ရသလဲ။

ဘိန်းခင်းရိုးပြတ်တောကြီးကိုကြည့်ပြီး ဖော်မိုင်ဒေါသလှိုင်းတွေ တစ်လိပ်လိပ် တက်နေပါ၏။

✤ ✤ ✤



www.burmeseclassic.com

www.burmeseclassic.com

၇။

''ရော့လူလေး… မင်းအဲဒါတွေဝတ်၊ ပြီးတော့အဘနဲ့လိုက်ခဲ့''

''ဟင်…''

သူပက်လက်ကုလားထိုင်တွင်ထိုင်၍ အတွေးများ ပြန့်ကျဲနေဆဲ၊ စောစောက သူ့ကိုမေးသည်ဆိုသော အဘပြန်ရောက်လာသည်။

လက်ထဲက ပလပ်စတစ်အိတ်ဖြင့် ထည့်ထားသော အထုပ်တစ်ထုပ်ကိုလည်း သူ့ဆီ ပစ်ပေးလိုက်သည်။

သူက ထိုအထုပ်ကိုငုံ့ကြည့်ပြီး စိတ်ပျက်သွား၏။



ဝတ်စုံ။

ဦးအိုက်လိတ်ဦးစီး၍ အဘတို့ခေါင်းဆောင်ပိုင်းမှာ ပါနေသော အဖွဲ့အစည်း၏ ဝတ်စုံ။

သဘောကတော့ ခရိုန်ကစပြီး၊ သူ အဖွဲ့အစည်းထဲ ဝင်တော့ပေါ့။

''ကျွန်တော် အဲ့ဒါတွေမလုပ်လို့ မရဘူးလားအဘ..''

အဘမျက်နှာ တင်းမာသွားသည်။

''စကားမများစမ်းပါနဲ့ လူလေးရာ၊ မလိုအပ်ဘဲ အသက်တွေ အသေခံမယ့်အစား၊ အဲ့ဒါပဲ မင်းဝတ်လိုက်ပါ၊ အိုက်လိတ်ကို ငါသေချာ ပြောပြလို့ မင်းကိုတစ်ခါတည်း အရာရှိဘဝနဲ့ အုပ်စုခေါင်းဆောင်ရာထူးပါ ပေးထားတာပါ''

''အဲဒီရာထူးတွေလဲ ကျွန်တော်မလိုချင်ပါဘူး''

''အဲဒါလဲ မဟုတ်ဘူးလူလေး၊ ဒီမှာနေရင် ဒါလုပ်ရင် ငယ်သားတော့မလုပ်နဲ့၊ လုပ်ပြီဆိုရင်တော့ ခေါင်းဆောင်ပဲလုပ်''

အခြေအနေ အရပ်ရပ်ကို အဘရှင်းပြထားပြီးမို့၊ ဇော်မှိုင် သိပ်အဂျီဂျ များမနေချင်တော့။

နောက်မှနောက်ရောက်ရား၊ လောလောဆည် ဒီဒေသမှ ကိုယ်ခွာနိုင်သေးသည့်အတူတူ ကျရာနေရာမှာပဲ အဆင်ပြေသလို နေလိုက်တာကောင်းသည်ဟုတွေးပြီး ထရပ်သည်။

ထိုနောက် ပင့်သက်တစ်ချက် ခိုးရှိုက်ပြီး ဝတ်စုံများကို လဲလှယ်ဝတ်ဆင်လိုက်သည်။

ခဏကြာသောအခါ အဘနှင့်အတူတူ ဦးအိုက်လိတ်၏ စစ်ဌာန



www.burmeseclassic.com

www.burmeseclassic.com



ချုပ်ရုံးခန်းသို့ သူရောက်နေ၏။

※ ※ ※

ဒေါက်ခနဲ မြည်သံနှင့်အတူ ဦးအိုက်လိတ်က စားပွဲပေါ်သို့ ပစ္စတိုသေနတ်အသစ်တစ်လက် ချလိုက်ပြီး ဇော်မိုင်ရပ်နေသော အစွန်းဘက်သို့ တွန်းလွှတ်လိုက်သည်။

"ရော့..ကောင်လေး.... အဲဒါမင်းကို တို့အဖွဲ့အစည်းရဲ့ အရာရှိအသစ်တစ်ယောက်အနေနဲ့ ငါလက်ခံ ခန့်အပ်လိုက်တဲ့ အခမ်းအနားမှာ မင်းကို ငါပေးတဲ့ ရာထူးခန့်အပ်လွှာပဲ"

ဦးအိုက်လိတ်စကားအဆုံးမှာ အဘက ဇော်မိုင့်မျက်နှာကို အကဲခတ်သလို တစ်ချက်လှမ်းကြည့်သည်။

ဇော်မိုင်က အဘကို တစ်ချက်ပြန်ကြည့်သည်။ ထို့နောက် ဘာမှ ထွေထွေထူးထူးပြောမနေတော့ဘဲ စားပွဲပေါ်က ပစ္စတိုအသစ်ကို ကောက်ယူ၍ မောင်းတင်ကြည့်သည်။





ထို့နောက် ကျည်ကပ်ထည့်သည့်အပေါက်မှနေ လက်ညှိုး၍ မောင်းရိုက်တံကိုဖိထားပြီး ခလုပ်ဆွဲကြည့်သည်။

"ချောက်"

ဇော်မိုင်လှုပ်ရှားမှုကို ကြည့်နေသော ဦးအိုက်လိတ်က သဘောကျသွားဟန်ဖြင့် ရယ်ရင်း၊ သူ့အံဆွဲထဲမှ ကျည်ကပ်အသစ်နှစ်ခု ထုတ်ယူ၍ စောစောကအတိုင်း စားပွဲပေါ် လျှောတွန်းလိုက်သည်။

ဇော်မိုင်က ကျည်ကပ်များကို ကောက်ယူသည်။ ကျည်တစ်ကပ်ကို သေနတ်ထဲထည့်သည်။ နောက်တစ်ကပ်ကို ခါးပတ်ရှိ ကျည်ကပ်အိတ်ထဲ ထည့်သည်။

ထို့နောက် လုံခြုံရေးခလုပ် နှိပ်ပိတ်ထားသည့် သေနတ်ကို စောစောက ဟင်းလင်းဖြစ်နေသော သေနတ်အိတ်ထဲ ထည့်လိုက်သည်။

ပြီးမှ သတိဆွဲ၍...

"ကျွန်တော့်တာဝန်က...."

ဦးအိုက်လိတ်ကရယ်၍..

"လောလောဆည် မင်းတာဝန်က ငါ့လုံခြုံရေးအရာရှိပေါ့ကွာ၊ ငါ့နားမှာပဲ မင်းနေဦး၊ ဘယ်လိုလဲဇော်ခန်း၊ ငါသူ့ကိုပေးတဲ့ တာဝန်ကိုကောမင်းကျေနပ်ရဲ့လား"

"ကျေနပ်ပါတယ် အိုက်လိတ်၊ မင်းအနားမှာရှိတော့ ငါ့သားသမီးတွေလဲ သက်သာတာပေါ့၊ မင်းကို ကျေးဇူးတင်ပါတယ်...."

"ရပါတယ်ကွာဇော်ခန်းရာ၊ မင်းနဲ့ငါက သူငယ်ချင်းတွေပဲ၊ မင်းသားသမီးတွေကို ငါလဲ ကြည့်ရှုစောင့်ရှောက်ရမှာပေါ့။ ကဲကောင်လေး



www.burmeseclassic.com

www.burmeseclassic.com



ဟိုဘက်ကရုံးခန်းမှာ မင်းညီမ နန်းငယ်တို့လဲရှိတယ်၊ အဲဒီဘက် မင်း သွားချင်သွားနေ၊ ကိစ္စရှိရင် ငါခေါ်လိုက်မယ်၊ ဒီမှာ ငါနဲ့ဇော်ခန်း စကား ပြောလိုက်ဦးမယ်''

ဇော်မိုင်က ခေါင်းညိတ်၍ သတိအနေအထားမှနေ ဦးအိုက်လိတ်ကို အလေးပြုသည်။

ထိုနောက် အဘနှင့် ဦးအိုက်လိတ်တို့ ရှိနေသော ဌာနချုပ်ရုံးခန်းမှနေ နန်းငယ်တို့ရှိရာ ရုံးအဖွဲ့ဘက်သို့ ထွက်လာခဲ့၏။

* * *

''ဟား… ကိုဇော်မိုင်က ယူနီဖောင်းနဲ့ တယ်ခန့်တာပဲ''

''ဟုတ်တယ်အစ်ကို အစ်ကို့တို့နန်းငယ် ရုတ်တရက် မှတ်တောင် မမှတ်မိဘူး၊ ဘယ်က ဗိုလ်ကြီးလဲလို့…''

''ဘယ်လိုလဲဇော်မိုင်၊ နင်ဒီမှာ ပျော်သွားပြီလား…''

ရုံးခန်းထဲ ဝင်သွားချိန်မှာ နန်းငယ်နှင့် သူမ၏သူငယ်ချင်းများ





ငယ်စဉ်က သူနှင့်ခင်ခဲ့ကြသော သူ့သူငယ်ချင်းများက ဝိုင်းနှုတ်ဆက်ကြသည်။

သည်ဒေသမှာနေကြသော အရွယ်ကောင်း ကျား၊ မ လူငယ်တိုင်း လုပ်ချင်သည်ဖြစ်စေ၊ မလုပ်ချင်သည်ဖြစ်စေ၊ အဖွဲ့အစည်းတွင်းသို့ အင်အား သစ်အဖြစ် ဝင်ရောက်အမှုထမ်းကြရသည်မို့ သည်နေရာမှာ သည်လိုတွေ့ နေရသည်က အံ့သြစရာမရှိ။

ကိုယ့်သူငယ်ချင်းများ၊ ကိုယ့်ညီမနှင့် ကိုယ့်သူငယ်ချင်းများအပြင် တော့ ကိုယ်ကိုယ်တိုင်ပါ သောင်းကျန်းသူတွေဘဝ ရောက်နေကြသည်ကို တွေးမိပြီး စိတ်မကောင်း။

သို့သော် အိမ်မှာတွေ့လျှင် ထိုင်းထိုင်းမှိုင်းမှိုင်း တွေ့နေရသော ညီမငယ်ကို အဖော်အပေါင်းများနှင့်အတူ လန်းလန်းဆန်းဆန်း ရွှင်ရွှင်ပျပျ မြင်နေရသဖြင့် စိတ်သက်သာရာတော့ရသည်။

ကြည့်ရတာ၊ မူးယစ်ဆေးဝါးများကို အခါမလပ် သောက်သုံးနေ သည်မဟုတ်ဘဲ၊ ရံဖန်ရံခါမှသာ သောက်သုံးခြင်း ဖြစ်မည်ထင်သည်ဟု လည်း တွေးမိသည်။

ဇော်မိုင်ကပြုံး၍ ကုလားထိုင်တစ်လုံးတွင် ဝင်ထိုင်ပြီး…

''ငါက ဒီနေ့မှ အလုပ်စဝင်တဲ့လူသစ်မို့ မေးရဦးမယ်၊ မင်းတို့ မှာ ဘာတွေလုပ်ရလဲ၊ ဘာတာဝန်တွေရှိလဲ…''

အားလုံးက ရယ်ကြသည်။ ထိုအထဲမှ နှုတ်သွက်သော တူးဂျာ ဆိုသည့် နန်းငယ်သူငယ်ချင်းမလေးက သွက်လက်စွာဖြေသည်။

''အခုကိုဇော်မိုင် မြင်တဲ့အတိုင်းပဲ၊ အဲဒါတူးဂျာတို့ တာဝန်နဲ့



www.burmeseclassic.com

www.burmeseclassic.com



အလုပ်၊ တစ်နေ့တစ်နေ့ ဒီမှာလာစုထိုင်ပြီး စကားပြောမယ်၊ စားစရာ သောက်စရာရှိရင် စားမယ်၊ သောက်မယ်၊ ပြီးရင်ပြန်မယ်··· ဒါပဲ····''

''ဟာ···· မဟုတ်ပါဘူး ဇော်မိုင်ရာ၊ လူကြီးတွေ အစည်းအဝေး လုပ်တဲ့အခါတို့၊ ဗဟိုကလူကြီးတွေလာတဲ့အခါတို့မှာ အခန်းအနား ပြင်ဆင် ရတယ်၊ ကျွေးမွေးဧည့်ခံရတယ်၊ အချိန်ရှတဲ့အခါ သေနတ်ပစ်သင်ရတယ် ဘာမှ လုပ်စရာမရှိတဲ့အခါသာ ဒီလိုနေရတာပါ''

ဇော်မိုင်ခေါင်းညိတ်ပြီး အသာငြိမ်နေလိုက်သည်။

လူငယ်တွေ ဘာမှအကျိုးမရှိဘဲ အချိန်တွေအလဟဿ ကုန်နေကြ ရတာပဲ၊ နှမြောစရာကောင်းလိုက်တာဟု တွေးမိသည်။

သူတို့မှာ ပညာလည်းမတတ်၊ မျက်စိပွင့် နားပွင့်လည်းမရှိ။

သည်ကြားထဲ အခန့်မသင့်လို့ ဘိန်းသယ်တဲ့အထဲ တိုက်ပွဲဖြစ်တဲ့ အထဲ ပါသွားပြီး ပစ်ရခတ်ရလျှင် သေနတ်မောင်းဆွဲ ပစ်တတ်တာပဲရှိသည် စစ်ပညာဖြင့် သေလိုက်ကြဦးမှာ အတုံးအရုံး။

ဗဟိုတို့၊ ခေါင်းဆောင်တို့၊ ဘာတာဝန်ခံ၊ ညာတာဝန်ခံတို့ စသည့်လူကြီးဆိုသူများ တံတွေးတဖွားဖွားထွက်အောင် ပြောနေကြသည် လူမျိုးစုလွတ်မြောက်ရေးတို့၊ ကိုယ်ပိုင်သီးခြားနိုင်ငံ ထူထောင်ရေးတို့ လောကနိဗ္ဗာန်ဖြစ်ရေး ဆိုတာတွေသည် တကယ်တမ်းကျတော့ ဘာမှမဟုတ် သည့် စကားလုံးသက်သက်တွေသာဖြစ်ကြောင်း ထိုတဒင်္ဂနှင့်ပင် သူ သဘောပေါက်သွားသည်။

တိုင်းပြည်တစ်ခု ထူထောင်ဖို့ဝေးစွ၊ ဘာမဟုတ်သည့် နယ်မြေ ကျဉ်းကျဉ်းလေးထဲက လက်တဆုပ်စာ လူဦးရေလေးကိုပင် ဘာမှ တိုးတက်





…ပြီးအောင် လုပ်မပေးနိုင်ကြ။

အဲဒါကို သည်ဒေသခံလူမျိုးစုတွေကလည်း ဘာယုံစား၍ သည် …ဟိုဆိုတာကြီးကို သွားအားကိုးနေမှန်း မသိ။

''ဗိုလ်ကြီးဇော်မိုင်''

''ဘာလဲ''

သူနန်းငယ်တို့ ရုံးထဲမှာထိုင်ပြီး ဟိုတွေးဒီတွေး တွေးနေဆဲမှာပင်၊ …နံမည်ခေါ်သံကြောင့် လှည့်ကြည့်လိုက်သည်။

အဖွဲ့အစည်းမှ ရဲဘော်လေးတစ်ယောက်။

''ဗိုလ်မှူးကြီးက အခေါ်လွှတ်လိုက်ပါတယ်၊ ဗိုလ်ကြီးခဏ …ခဲ့ပါဦးတဲ့···''

အခေါ်အဝေါ်တွေ၊ ရာထူးကြီးတွေကတော့ ခမ်းနားထည်ဝါ …နေလှသည်။ သို့သော် ထိုဗိုလ်မှူးကြီးဆိုတာကို သူမသိ။ သို့အတွက်

''အေးအေး··· လာခဲ့မယ်လို့ပြောလိုက်''

ဟု ရဲဘော်ကို တစ်ဘက်လှည့်နှင့် ပြန်လွှတ်လိုက်သည်။ ပြီးမှ …ကတစ်ယောက်ကို လှမ်းမေးလိုက်သည်။

''ဗိုလ်မှူးကြီးဆိုတာ ဘယ်သူ့ကိုပြောတာလဲ''

ထိုတစ်ယောက်က ရယ်လည်းရယ်ရင်းနှင့်မှ ····

''ဦးအိုက်လိတ်ကို ပြောတာ၊ သူက ဒီဒေသရဲ့ စစ်ရေးတာဝန်ခံ …မှူးကြီးလေ···''

''သြော်····''

စိတ်ပျက်လက်ပျက်နှင့် ထလာခဲ့သည်။



www.burmeseclassic.com

www.burmeseclassic.com



လေပူတစ်ချက် မှုတ်ထုတ်လိုက်မိ၏။

"ဟူး..."

✤ ✤ ✤



၈။

တစ်ရက်....

ထိုတစ်ရက်ကို မေ့နိုင်ဘယ်တော့မှမမေ့။

အကယ်၍ ထိုတစ်ရက်ကိုသာ ထိုစဉ်က သူ မကြုံတွေ့ခဲ့လျှင် ...ဘဝဇာတ်လမ်းသည် အလုံးစုံပင် တစ်မျိုးတစ်ဖုံ ပြောင်းလဲသွားမှာ ...ချေသည်။

သို့သော်.... ထိုတစ်ရက်ကို သူကြုံတွေ့ခဲ့ရ၏။

www.burmeseclassic.com

www.burmeseclassic.com



သူကောင်းစွာ မှတ်မိနေသည်။ ထိုတစ်ရက်၏ မနက်ခင်းသည် နေခြည်နုနုအောက်မှာ မြူအနည်းငယ်ဆိုင်းပြီး မွှံအုံအုံလေးနှင့် တစ်မျိုးလှနေသည်။

သူက နေ့စဉ်လုပ်ရိုးထုံးစံအတိုင်း အားကစားလေ့ကျင့်သည့်ဝတ်စုံဝတ်၍ တောင်ရိုးအတိုင်း သုံးလေးမိုင်အရောက် အပြေးလေ့ကျင့်ခန်း လုပ်သည်။

တစ်ခုတစ်ရာ ပြိုင်ပွဲဝင်ဖို့ လေ့ကျင့်တာမျိုးတော့မဟုတ်။ ဝင်စရာပြိုင်ပွဲလည်းမရှိ။ ဘယ်သူမှလည်း သည်ဒေသမှာ အားကစားလုပ်ဖို့တွေ ဘာတွေ စိတ်မဝင်စား။

သူလေ့ကျင့်သည်မှာ သက်လုံအတွက်ပဲဖြစ်သည်။

အရေးကြုံလျှင် သက်လုံကောင်းရမည် ဆိုသောစကားကို သူ ကျောင်းမှာသင်ခဲ့ရဖူး၏။

သည်နေရာမျိုးမှာက အချိန်မရွေး ကြုံနိုင်သည်။ ဒါမှမဟုတ် အရေးတစ်ခုကြုံအောင် ကိုယ်ကစဖန်တီး ဖြစ်လျှင်လည်း ဖန်တီးဖြစ်မည်။ သို့အတွက် သက်လုံကိစ္စတွေကို ကိုယ့်ဘက်က အစဉ်အမြဲ လေ့ကျင့်နေရမည်။

သူ ကျန်းမာရေးလေ့ကျင့်သည့် တောင်စောင်းတစ်လျှောက်က တစ်ဘက်နိုင်ငံနှင့် မုံးကိုးချောင်းအတိုင်း မျဉ်းပြိုင်အလျားလိုက် ရှိနေသည့် တောင်ကြောဖြစ်သည်။ ချောင်းက တောင်ခြေမှာ၊ ချောင်း၏ဟိုမှာဘက်ကမ်း တစ်လျှောက်၌လည်း တစ်ဘက်နိုင်ငံမှ တောင်တန်းကြီး ရှိနေသည်။

တစ်နေ့ကို သုံးလေးမိုင် အနည်းဆုံးထား၍ပြေးသည်။ သည်အထိ





ပြေးမည်ဟု စိတ်နှင့်သတ်မှတ်ထားသော တောင်ကြောမြေညီကွက်လပ်ကလေးနေရာရောက်လျှင် အသက်ရှူလေ့ကျင့်ခန်း၊ ကာယကြံ့ခိုင်ရေး လေ့ကျင့်ခန်းလုပ်သည်။

ထို့နောက် ကျောင်းတုန်းက ထက်နိုင်တို့၊ အိုက်မောင်တို့ဆီက တစ်ဆင့်ခံသင်ထားသော ဗန်တိုသိုင်းကွက်များ လေ့ကျင့်သည်။

ပြီးလျှင် လေကောင်းလေသန့် တစ်ဝရှူ၍ ခဏနားသည်။

အမောပြေလျှင် လာလမ်းအတိုင်း တစ်ခေါက်ပြန်ပြေးလာခဲ့သည်။ ဒါ သူ့နေ့စဉ်လုပ်ငန်း။

ထိုနေ့က မြေညီကွက်လပ်ကလေးမှာ ထိုင်နားရင်း သတိမရဖြစ်တာကြာနေပြီဖြစ်သော ရန်ကုန်မှာဆုံခဲ့သည့် မျက်နှာဝိုင်းဝိုင်းလေးကို သတိရနေမိသည်။

ထိုခဏယံလေးသာဆုံပြီး ရန်ကုန်မှာရှိစဉ်ကတောင် နောက်တစ်ကြိမ်ပြန်ဆုံခွင့်မရသည့် မျက်နှာလေး။ ခုခါမှာ ကမ္ဘာတစ်ခုဆီခြားနေပြီဟု တွေးမိသည်။ သည်တစ်သက်မှာ သည်မျက်နှာလေးကို နောက်တစ်ခါ တွေ့ခွင့်ရစရာ လမ်းမရှိတော့။

ဆွတ်ပျံ့ဆွေးမြေ့သော ခံစားမှုကလေးတစ်ခုကိုရသည်။

ထိုခံစားမှုကလေးတွင် နစ်မျောသွားမိသဖြင့် ထိုနေရာကလေးမှာ ထိုင်းထက် နာရီဝက်ပိုကြာအောင် ထိုင်နေမိသည်။

အိမ်ပြန်ရောက်တော့ အဘတို့၊ နန်းငယ်တို့ပင် မရှိတော့။ သူ ကာသီ ဝတ်စုံလဲပြီး ရုံးဘက် ထွက်လာခဲ့သည်။

ရုံးရှေ့ရောက်သောအခါ ဝင်ပေါက်ရှေ့တည့်တည့်တွင် တစ်ဘက်



www.burmeseclassic.com

www.burmeseclassic.com



နိုင်ငံနံပါတ်တပ် ကားတစ်စီးရပ်ထားသည်ကို တွေ့ရ၏။

⁕ ⁕ ⁕

''ဟင်''

အံ့ဩသွားသည်ဆိုသောစကားက ဘယ်လိုမှ မလုံလောက်။ အလွန်အမင်း အံ့ဩသွားသည်ဆိုသော စကား၌ပင် လိုအပ်သလောက် အနက်အဓိပ္ပါယ် အပြည့်အစုံ အပြည့်အဝ မပါ။

အမှန်တကယ် သူဖြစ်သွားသည်မှာ အံ့ဩလွန်းသဖြင့် တုန်လှုပ်ခြောက်ခြားသွားသည်ဟုပင် ပြောနိုင်သည်။

မှလက သူထင်ထားသည်မှာ တစ်ဘက်နိုင်ငံ နံပါတ်တပ်ကားဖြင့် ဌာနချုပ်ရုံးခန်းသို့ ရောက်လာသောဧည့်သည်မှာ တစ်ဘက်နိုင်ငံသား ကုန်သည်တစ်ဦး၊ ဒါမှမဟုတ်၊ ဗဟိုမှ ဧည့်သည်တစ်ယောက်ပဲဟုသာဖြစ် သည်။

သို့အတွက် ရုံးအဝင်ဝမှရဲဘော်လေး အလေးပြုသည်ကို တား





ကျေ ပြန်အလေးပြုရင်း အထဲဝင်လာသည်အထိ သူ့ရင်ထဲမှာ ဘာမှ မထူး ခြား။

ဧည့်ခန်းထဲသို့လည်း ယောင်၍ပင်လှည့်ကြည့်ဖို့ စိတ်မကူး။ သို့သော် ဧည့်ခန်းကိုဖြတ်လျှောက်စဉ် အထဲမှ ဦးအိုက်လိတ်အသံကို ကြား ရသည်။

''ဘယ်သူလဲဟေ့ ဇော်မိုင်လား.. ကောင်လေး ခဏလာဦး...''

သည်အထိလည်း သူ့မှာ ဘာထူးခြားချက်မှ မဖြစ်ပေါ်သေး၊ ဒါမျိုးတွေလည်း မကြာခဏ ကြုံနေကျပင်။

သူအခန်းထဲ ပြန်လှည့်၍ ဝင်လိုက်သည်...

''ဟင်''

ထိုအချိန်ကျမှ သူ့တုန်လှုပ်ခြောက်ခြားမှုက ဘယ်လိုမှ မဖုံးဖိနိုင် အောင် ပေါ်ထွက်လာခြင်းဖြစ်သည်။

မျက်နှာလေး။

မျက်နှာဖြူဖြူဝိုင်းဝိုင်းလေး။

သူဘယ်သောအခါမှ ပြန်လည်တွေ့မြင်ရတော့မည် မဟုတ်ဟု ခုနလေးကပင် သူဆွတ်ပျံ့ဆွေးမြေ့စွာ တွေးတောလာခဲ့သည့် ရန်ကုန်မှာ ဆုံခဲ့ဖူးသော မျက်နှာဖြူဖြူဝိုင်းဝိုင်းလေး...

''ဟင်''

သူ့လိုပင် မျက်နှာဖြူဖြူဝိုင်းဝိုင်းလေးကလည်း အံ့အားသင့်သွားပုံ ရသည်။

သိသိသာသာ ပြူးကျယ်သွားသော မျက်လုံးလေးများနှင့်အတူ

www.burmeseclassic.com



ပါးစပ်လေးလည်း ဟသွားသည်။ ထိုနောက် ရုပ်ရှင်အနေးပြသလို ထိုင်နေရာမှ အလိုလိုမတ်တပ်ရပ်လျက် ဖြစ်သွားသည်။

"ဟ… နေကြပါဦး…. အဲဒါဘယ်လိုဖြစ်ကြတာလဲ၊ ဘာလဲ မင်းတို့က တစ်ယောက်နဲ့တစ်ယောက် သိနေကြလို့လား‥"

သူကော၊ ဖြူဖြူဝိုင်းဝိုင်းလေးပါ ဘာစကားမှ မပြောနိုင်ဖြစ်နေချိန်မှာ ဦးအိုက်လိတ်အသံက ပေါ်ထွက်လာသည်။ သူ့အသံကလည်း အံ့ဩနေသည့်အသံ။

လက်လွတ်ဖြစ်သွားသော သတိများကို သူ ကမန်းကတမ်း ပြန်လည်စုစည်းလိုက်သည်။ အသံကအစ အမူအယာမပျက်အောင် ထိမ်းချုပ်လိုက်ပြီး…

"အံ့ဩသွားလို့ပါ ဗိုလ်မှူးကြီး၊ ကျွန်တော်သူ့ကို ရန်ကုန်မှာ တစ်ခါဆုံခဲ့ပါတယ်၊ အဲဒီတုန်းက သူ့ဆွဲကြိုးလေးကို…."

"ဟုတ်တယ်ဒက်ဒီ၊ သမီးသူငယ်ချင်းနဲ့သမီး ရန်ကုန်က သမ္မတရုံမှာရုပ်ရှင်ကြည့်ဖို့ လက်မှတ်ဝယ်နေတုန်း၊ သမီးဆွဲကြိုးကို လူတစ်ယောက်က ဖြတ်ပြေးသွားတယ်၊ အဲ့ဒါ… အဲဒီလူဆိုးကလဲ လက်ထဲမှာ ဓါးမြှောင်တစ်လက်ကိုင်ပြီးပြေးတော့ ဘယ်သူမှ ဝင်မဖမ်းရဲဘူး၊ အဲ့ဒါ… သူက ဝင်ဖမ်းပေးပြီး သမီးဆွဲကြိုးလေးပြန်ရအောင် လုပ်ပေးခဲ့တာ"

သူ့စကားမဆုံးခင် ဖြူဖြူဝိုင်းဝိုင်းလေးက ဖြတ်ပြောရှင်းပြသဖြင့် ဇော်မိုင် အသာငြိမ်နေလိုက်သည်။ စိတ်ထဲကလည်း "ဒီကောင်မလေးလဲ အဲဒီခဏလေးနဲ့ ငါ့ကိုမှတ်မိသွားတာပဲ" ဟု အံ့ဩစွာ တွေးလိုက်မိသည်။

ကောင်မလေး စကားသံအဆုံးမှာ ဦးအိုက်လိတ်ရယ်သံက ပေါ်





ထွက်လာသည်။

"ဟားဟား‥ ဒါနဲ့ပဲ ရန်ကုန်မှာကတည်းက သမီးတို့နှစ်ယောက် အသိဖြစ်ခဲ့ကြတာပေါ့ ဟုတ်လား…."

"ဟင့်အင်း…. အသိမဖြစ်ပါဘူးဒက်ဒီ၊ သမီးကို ဆွဲကြိုးပြန်ပေးပြီး သူ ချက်ချင်း အဲဒီနားက ထွက်သွားတာပဲ။ သမီးက ကျေးဇူးတင်စကား ပြောချင်တာတောင် မပြောလိုက်ရဘူး"

"ဒါဖြင့် တစ်ယောက်နဲ့တစ်ယောက် ဘယ်သူဘယ်ဝါတွေဆိုတာလဲ မသိလိုက်ကြဘူးပေါ့၊ ဟုတ်လား ဇော်မိုင်…"

"မသိပါဘူး ဗိုလ်မှူးကြီး၊ ခု… မမျှော်လင့်ဘဲ ဒီမှာလာပြန်တွေ့လို့ ကျွန်တော် အရမ်းအံ့ဩသွားတာပါ"

"သမီးလဲ အရမ်းအံ့ဩသွားတယ်၊ သူ့ကို ဒီကမှန်း သမီးမသိဘူး၊ ဒါနဲ့သူက ရန်ကုန်ကို ဘယ်လိုရောက်နေတာလဲ"

"အင်း… ကဲကဲ… ထိုင်သမီး၊ ဇော်မိုင်လဲထိုင်၊ အားလုံးရှင်းသွားအောင် ဒက်ဒီရှင်းပြမယ်။ ဇော်မိုင်က တစ်ခြားသူမဟုတ်ဘူး၊ ဖေဖေ့သူငယ်ချင်း ဇော်ခန်းရဲ့သား၊ ဇော်ခန်းကလဲ ဖေဖေ့အဖွဲ့ထဲကပဲ။ ဪ… ဇော်မိုင်…၊ ဒါက ငါ့တစ်ဦးတည်းသော သမီးကွ။ နန်းဝတ်မှုံတဲ့၊ မင်းဗွတ်ခိုင်မှာ သွားကျောင်းတက်နေသလိုပဲ၊ သမီးကလဲ ရန်ကုန်မှာ သွားကျောင်းတက်နေတာ"

အစချီ၍ ဇော်မိုင့်ကို နန်းဝတ်မှုံအကြောင်းရှင်းပြ၊ နန်းဝတ်မှုံကိုလည်း ဇော်မိုင့်အကြောင်းတွေ ရှင်းပြသည်။

အားလုံးရှင်းပြချက်များပြီးမှ ဦးအိုက်လိတ်က…



www.burmeseclassic.com

www.burmeseclassic.com



"ကဲ… အဲဒီတော့ သမီးလဲ ဒီမှာနေတုန်း ဇော်မိုင်နဲ့ ခင်ခင်မင်မင်နေပေါ့ကွာ။ ဇော်မိုင်ကလဲ သမီးကို ဒီမှာရှိတုန်း စောင့်ရှောက်ပေးပါ၊ ခုနက မင်းကိုငါလှမ်းခေါ်လိုက်တာလဲ အဲဒီတာဝန်ပေးဖို့ပဲ၊ သမီးဒီမှာရှိတုန်း ငါ့အစား သမီးရဲ့လုံခြုံရေးတာဝန် ယူပေးဖို့ပေါ့ကွာ…."

"ရပါတယ်ဗိုလ်မှူးကြီး…"

"တွေ့ရတာ ဝမ်းသာပါတယ် ကိုဇော်မိုင်၊ ပြီးတော့ ရန်ကုန်မှာ ကူညီခဲ့တဲ့အတွက်လဲ ကျေးဇူးတင်ပါတယ်…"

"ရပါတယ် နန်းဝတ်မှုံ၊ ခရီးသွားဟန်လွှဲ ကူညီခဲ့တာပါ၊ အထွေအထူး ကျေးဇူးတင်စရာ မလိုပါဘူး၊ ခုတွေ့ရတာလဲ ဝမ်းသာပါ တယ်…"

နန်းဝတ်မှုံကမ်းပေးသောလက်ကို တုံ့ပြန်လက်ဆွဲနှုတ်ဆက်ရင်း ပြောလိုက်၏။

ထိုနေ့ည အိပ်ရာထဲရောက်သည်အထိ ထိုအချိန်က စခဲ့သည့် ရင်ခုန်မှုက မပျောက်သေးပေ။

✤ ✤ ✤

ဥ။

"ကိုဇော်မိုင်… ကားမောင်းတတ်တယ် မဟုတ်လား…"

"ဟုတ်ကဲ့… မောင်းတတ်ပါတယ် နန်းဝတ်မှုံ"

"နန်းဝတ်မှုံ ဒီမှာနေတုန်း ဘယ်တွေလျှောက်သွားလို့ရမလဲ ကိုဇော်မိုင်"

"ဟင်း…. မှန်တာပြောရရင်တော့ ဒီဘက်မှာ ဘယ်သွားသွား သိပ်စိတ်မချရဘူး၊ နန်းဝတ်မှုံ။ ကျူကုတ် ကျသွားပြီးကတည်းက ဒီဘက်မှာ တိုက်ပွဲတွေက တလစပ်ဖြစ်နေတာ၊ နန်းဝတ်မှုံသွားချင်ရင် ဟိုဘက်ကမ်း

www.burmeseclassic.com

www.burmeseclassic.com



ကိုပဲ သွားပါ၊ တရုတ်ပြည်ထဲ ဘယ်သွားချင်သွားချင် လိုက်ပို့ပေးလို့ ရပါတယ်''

''ဟင်… ဝတ်မှုံက တရုတ်ပြည်ထဲ မသွားချင်ပါဘူး၊ မြန်မာပြည်ထဲပဲ သွားချင်တာ၊ ဘယ်မှကို စိတ်မချရဘူးလား''

''ဖြစ်နိုင်ရင်တော့ ဘယ်ကိုမှ မသွားပါနဲ့လို့ပဲ ပြောရမှာပဲ နန်းဝတ်မှုံ၊ သွားချင်ရင်လဲ ဒီမိုးကိုးတဝိုက် လောက်ပဲသွားပါ၊ ကျွန်တော်လဲ ဟိုဘက်ဒီဘက် သုံးလေးငါးမိုင်လောက် အထိတော့ ထွက်တတ်ပါတယ်''

''စိတ်ပျက်လိုက်တာနော်၊ ရန်ကုန်မှာဆို ဘယ်သွားသွား၊ ဘယ်လာလာ၊ ဘာမှမဖြစ်ဘူး၊ ဒီမှာကျတော့လဲ ဟိုနားဒီနားတောင် မသွားရဲ မလာရဲနဲ့''

ဇော်မိုင်ကရယ်၍…

''ရန်ကုန်နဲ့ ယှဉ်ရင်တော့ နန်းဝတ်မှုံ စိတ်ပျက်စရာတွေ အများကြီး ဒီမှာတွေ့နေရမှာပဲ၊ ကျွန်တော်တောင် ကွတ်ခိုင်နဲ့ယှဉ်ပြီး ရောက်စက အတော်စိတ်ညစ်ခဲ့တာ…''

''အင်းနော်… ဝတ်မှုံမှာ အမေကလဲ မရှိတော့ ကိုယ့်အဖေရှိတဲ့နေရာ၊ လူမှန်းသိကတည်းက တစ်ခါမှ မရောက်ဖူးတဲ့နေရာမို့သာ လာခဲ့တာ၊ ဒီလောက်စိတ်ပျက်ဖို့ ကောင်းတဲ့နေရာမှန်း မသိဘူး…''

ဝတ်မှုံရောက်ပြီး နောက်နေ့ကစ၍ ဇော်မိုင်ရုံးမသွားရတော့ဘဲ နန်းဝတ်မှုံရှိရာ ဦးအိုက်လိတ်နေအိမ်ကိုသာ အလုပ်ဆင်းရသည်။ ဦးအိုက်လိတ်၏အိမ်က မိုးကိုးရွာထဲမှာပဲရှိပြီး တစ်ရွာလုံး၌ အကောင်းဆုံးအိမ်လည်း ဖြစ်သည်။





အိမ်တစ်ခုလုံးကို ကွန်ကရစ်ဘလောက် ပုံစံမျိုး၊ ဒေသသုံး၊ ခေါင်းပွအုတ်တွေနှင့်စီထားသည့် ခြံစည်းရိုးမြင့်ကြီးများ ကာရံထားသည်။ အိမ်ရှေ့ခြံစည်းရိုးနှင့် အိမ်အကြားမှာ ကွန်ကရစ်ခင်းထားသော ကွက်လပ်ကျယ်ကြီး ရှိသည်။

ကွက်လပ်ထောင့်တွင် ဦးအိုက်လိတ်နှင့် အိမ်သားများသုံးသည့် တရုတ်နိုင်ငံလုပ် ကားသုံးစီးလောက်ရှိသည်။

''နန်းဝတ်မှုံ၊ မိုးကိုးပတ်ဝန်းကျင်လောက်ပဲ အပျင်းပြေ လျှောက်ကြည့်ပေါ့။ သွားချင်ရင် ကျွန်တော် လိုက်ပို့ပေးပါ့မယ်…''

နန်းဝတ်မှုံမျက်နှာလေး ရှုံ့သွားသည်။ သို့သော် တဆက်တည်းမှာပင် တခြားဘာမှ မတတ်နိုင်သောအမူအယာဖြင့် ပုခုံးနှစ်ဘက်ကို တွန့်လိုက်ရင်း…

''အင်းလေ… ဒါပဲလုပ်စရာရှိတာပဲ၊ ဒါဆို ဝတ်မှုံအဝတ်လဲလိုက်မယ်၊ ကိုဇော်မိုင် ခဏစောင့်…''

ဇော်မိုင်က ခေါင်းညိတ်ပြလိုက်သည်။

ဘာပြောပြော ယခုထမ်းဆောင်နေရသည့် လုပ်ငန်းတာဝန်အသစ်လေးကိုတော့ ဇော်မိုင်အလွန် သဘောကျသည်။

နန်းဝတ်မှုံနှင့် ဟိုသည် သွားလာရမည့်ခရီးလေးများအတွက်လည်း စိတ်ကူးထဲ၌ပင် ပျော်ရွှင်နေမိ၏။

✤ ✤ ✤



www.burmeseclassic.com

www.burmeseclassic.com

# အပိုင်း

"ရင်ခုန်ခြင်းပန်းပွင့်နှင့် ကြေကွဲခြင်းနိဒါန်း"

www.burmeseclassic.com

www.burmeseclassic.com

## ၁။

လောကကြီး၏ ထူးဆန်းသောသဘာဝကို ဇော်မိုင် အတော်လေး နားလည်မိသည်။

"ခုပဲကြည့်၊ ဘယ်လိုမှ မျှော်လင့်မထားသောဖြစ်ရပ်။

မျှော်လင့်ရဲဖို့ နေနေသာသာ၊ ယောင်မှားရှိပင် အိပ်မက်ထဲ ထည့်မက်ရဲသည့်ကိစ္စမျိုး။

သည်ဒေသလိုနေရာမျိုးက ရန်ကုန်မှာ ဆုံဖူးသည့် လူတစ်ယောက်နှင့် ပြန်ဆုံတွေ့ဖို့ဝေးစွ၊ မလှမ်းမကမ်းလောက်မှာပင် ရှိနေသည်ဟု ပြောနိုင်

www.burmeseclassic.com

www.burmeseclassic.com



သော ကွတ်နိုင်က သူငယ်ချင်းတစ်ယောက်ယောက်နှင့် ပြန်ဆုံဖို့ပင် မလွယ်။

လမ်းပန်းဆက်သွယ်ရေး အခြေအနေကြောင့်သာမဟုတ်၊ ဟိုဘက်နယ်မြေနှင့် သည်ဘက်နယ်မြေကြားမှာ အဆီးအတားတွေက အများကြီးခြားသည်။

နိုင်ငံတစ်နိုင်ငံနှင့် တစ်နိုင်ငံ ကူးသန်းသွားလာရေးကမှ လွယ်သေးသည်။ ပတ်စပို့တို့၊ ဗီဇာတို့ ရယူပြီး ကြိုက်သည့်နိုင်ငံ ဝင်ထွက်နိုင်သည်။

သည်နယ်မြေနှစ်ခုမှာ ဘာပတ်စပို့၊ ဗီဇာမှမရှိ။

သည်နယ်မြေကလူမှန်း ဟိုဘက်ကသိလျှင်၊ ဟိုနယ်မြေကလူမှန်း သည်ဘက်ကသိလျှင် အနိမ့်ဆုံး အရေးယူမှုက ဖမ်းဆီးစစ်ဆေးခြင်းပင်။ သည့်ထက်မကသော ပြဿနာတွေလည်း အများကြီးဖြစ်နိုင်သည်။

ထို့အတူ ရန်ကုန်က လူတစ်ယောက်နှင့် ပြန်ဆုံဖို့ဆိုသည်ကို အသာထား၊ သည်ဘက်ကလူတစ်ယောက် ရန်ကုန်ရောက်ဖူးဖို့၊ ရန်ကုန်က လူတစ်ယောက် သည်ရောက်ဖူးဖို့ပင်မလွယ်။

သို့သော် . . . အံ့ဩဖို့ကောင်းလောက်အောင် တိုက်ဆိုင်စွာပင် နန်းဝတ်မှုံနှင့်သူ ပြန်လည်ဆုံစည်းမိကြသည်။

ဖြစ်ချင်တော့ နန်းဝတ်မှုံက သူတစ်သက်လုံးသိနေသော ဦးအိုက်လိတ်၏သမီး ဖြစ်နေသည်။

ဦးအိုက်လိတ်မှာ ဇနီးမရှိတော့သော်လည်း သားသမီးရှိကြောင်း တော့သိသည်။ ထိုသားသမီးကို တစ်ဖက်လှည့်နှင့် ရန်ကုန်ပို့ပြီး ကျောင်း





ထားပညာသင်စေခိုင်းထားသည်ကိုလည်း သိကြသည်။

သို့သော် ထိုသားသမီးဆိုသည့် တစ်ယောက်သည် နန်းဝတ်မှုံ ဖြစ်လာလိမ့်မည်ဟု ဇော်မိုင် ဘယ်တုန်းကမှ မတွေးထင်မိ။

"ကိုဇော်မိုင့်ကို ဒီမှာပြန်တွေ့လိုက်ရတော့ ဝတ်မှုံ အရမ်းအံ့ဩသွားတယ်။ ကိုဇော်မိုင်ကော"

"ကျွန်တော်ကတော့ ဒီအဖြစ်အပျက်ကို တကယ်ဖြစ်နေတာပါလို့ ခုထိတောင် မယုံချင်သေးဘူး နန်းဝတ်မှုံ၊ ခုချိန်ထိ ကျွန်တော့်စိတ်ထဲမှာ သိပ်အံ့ဩစရာကောင်းပြီး ဘယ်လိုမှ အပြင်လောကမှာ မဖြစ်နိုင်တဲ့ အိပ်မက်ကြီးတစ်ခုထဲ ရောက်နေတယ်ပဲ အောက်မေ့နေသေးတယ်"

"ဟင် . . . ကိုဇော်မိုင်ကလဲ ကဗျာဆန်နေပြန်ပါပြီ"

"ကဗျာဆန်တာ မဟုတ်ဘူး နန်းဝတ်မှုံ၊ တကယ်ကိုပြောတာ၊ လူကြီးတွေပြောတာ ကြားဖူးတယ် မဟုတ်လား၊ ဗြဟ္မာပြည်က ကျလာတဲ့ အပ်တစ်ချောင်းနဲ့ လူ့ပြည်က ပစ်တင်လိုက်တဲ့ အပ်တစ်ချောင်း အလယ်မှာ လာထိတာမျိုး ဆိုတာလေ၊ ကျွန်တော်တို့နှစ်ယောက် ပြန်ဆုံကြတာက အဲဒါမျိုး"

နှစ်ယောက်သား မုံး . . . တိုက် ကားနှင့်လျှောက်သွားရင်း အမှတ်ထင်ထင် ပြောဆိုမိကြသည်။

ဇော်မိုင်စကားကြောင့် နန်းဝတ်မှုံကရယ်ရင်း . . .

"ဟုတ်ပါတယ်လေ၊ ဘယ်လိုတွေးတွေး အံ့ဩစရာချည်းပါပဲ၊ ဆက်ပြီးတော့လဲ တွေ့တွေ့ချင်းကို တစ်ယောက်နှင့်တစ်ယောက် ပြန်မှတ်မိသွားကြတယ်နော်၊ ဟိုမှာ ဝတ်မှုံတို့ ဆုံခဲ့တာက ခဏလေးရယ်"



www.burmeseclassic.com

www.burmeseclassic.com



''အဲဒါတော့ ကျွန်တော့ဘက်က သိပ်မအံ့သြမိပါဘူး နန်းဝတ်မှုံ၊ ဘာဖြစ်လို့လဲဆိုတော့ နန်းဝတ်မှုံ မျက်နှာလေးမျိုးက တစ်ခါတွေ့ပြီးရင် တစ်သက်ပြန်မေ့သွားနိုင်စရာအကြောင်းမှ မရှိဘဲ၊ ကျွန်တော့်ကို နန်းဝတ်မှုံ မှတ်မိတာသာ အံ့သြစရာကောင်းတာ''

''အမယ်....ဝတ်မှုံ သူ့ကိုမှတ်မိတာက အံ့သြစရာ မဟုတ်ပါဘူး နော်....၊ ကိုယ့်ကိုကူညီပေးခဲ့တဲ့သူဆိုတော့ နောက်ပြန်တွေ့လဲ ကျေးဇူးတင်စကား ပြောလို့ရအောင် တမင်မှတ်ထားခဲ့လို့ ဖြစ်မှာပေါ့၊ ဝတ်မှုံမျက်နှာကသာ ဘာကိစ္စ မှတ်မိစရာဖြစ်ရမှာလဲ၊ မျက်နှာပေါ်မှာ တစ်ထွာလောက် အနာရွတ်ကြီးလဲ ရှိမနေဘဲနဲ့''

ဇော်မိုင်ဘာမှ မပြောတော့ဘဲ ရယ်နေလိုက်သည်။

နန်းဝတ်မှုံက ကျေနပ်ပုံမရ၊ ရယ်နေသောဇော်မိုင်ကို မျက်စောင်းထိုးပြီး....

''ပြောလေ...''

''ဘာကိုပြောရမှာလဲ နန်းဝတ်မှုံ''

''ဝတ်မှုံမျက်နှာက ဘာကိစ္စ တစ်ခါတွေ့ပြီးရင် တစ်သက်လုံး ပြန်မေ့စရာ အကြောင်းမရှိဘူး ဖြစ်ရတာလဲ...''

''ဪ... ဒါကတော့ နန်းဝတ်မှုံရယ်၊ နန်းဝတ်မှုံလောက်လှတဲ့ မိန်းကလေးမျိုးက ကမ္ဘာပေါ်မှာ နှစ်ယောက်ရှိဖို့မှ မလွယ်ဘဲ၊ တစ်ယောက်ထဲရှိတဲ့ အလှမျိုးကို တစ်ခါတွေ့ဖူးရင် ဘယ်မေ့တော့မလဲ...''

''ဟား..ဟား.. ကိုဇော်မိုင်က စကားပြောရင် အမြဲ ပုံကြီးချဲ့ ပြောတတ်တယ်နော်၊ တင်စားလိုက်ရင် အလွန်အကျွံချည်းပဲ...''





''တင်စားတာ မဟုတ်ပါဘူး၊ တကယ်ပြောတာပါ၊ ဒါပေမယ့် ဒီအကြောင်းတွေ ဆက်မပြောတော့ဘူးနော်၊ ဘာဖြစ်လို့လဲဆိုတော့ ကျွန်တော့်တာဝန်ဝတ္တရားနဲ့ မကိုက်ညီမှာစိုးလို့...''

''တာဝန်ဝတ္တရားနဲ့ မကိုက်ညီမှာစိုးလို့...ဟုတ်လား၊ အဲဒါ ကိုဇော်မိုင် ဘာကိုဆိုတာလဲ...''

''ကျွန်တော့်တာဝန်ဝတ္တရားက ဒီနယ်မြေမှာ နန်းဝတ်မှုံကို ဘေး သိရန်မခ၊ မှည့်တစ်ပေါက်မစွန်းအောင် ထိမ်းသိမ်းတာဝန်ယူရတဲ့ လုံခြုံရေး ကိုယ်ရံတော်လေး၊ လုံခြုံရေးတာဝန်ခံက မလုံခြုံတဲ့စကားတွေပြောနေလို့ ဘယ်ကောင်းမလဲ...''

''ဟာ... ကိုဇော်မိုင်ကလဲ...''

မုံးကိုးနယ်မြေသည် သာယာစိုပြေခြင်းမရှိ။

မငြိမ်းချမ်းခြင်း အနက်ရောင်ဖြင့် ဝိတ်ဖုံးနေသော်လည်း သူတို့ ...သောက်၏ ခရီးလေးက ချွင်းချက်ဖြင့် ပျော်စရာကောင်းနေသည်။

ဘယ်တုန်းကမှ သည်နယ်မြေမှာ မပျော်ပိုက်ခဲ့သော ဇော်မိုင် ... မနေ့က နန်းဝတ်မှုံနှင့် ပြန်လည်ဆုံစည်းပြီးချိန်ကတည်းက အစစ ...သဲကြည်နူးလာသည်။

ရင်ထဲမှာ စိုင်းထီးဆိုင်၏ သီချင်းစာသားလေးတစ်ခုကို အမှတ် ...

''အချစ်အတွက် တဖန်မွေးဖွားခဲ့သည်.....''တဲ့။

✣ ✣ ✣



www.burmeseclassic.com

www.burmeseclassic.com

"နန်းဝတ်မှုံ… ဒါကျွန်တော့်အမေ ဒေါ်နန်းမိုင်၊ ဒါက ကျွန်[illegible]
ညီမ နန်းငယ်…"

"ဟုတ်လား… ညီမလေးက ချစ်စရာလေးနော်…"

"မမနန်းဝတ်မှုံကလဲ အရမ်းလှတာပဲ…"

"အမေ… ဒါနန်းဝတ်မှုံတဲ့၊ ဗိုလ်မှူးကြီးသမီးလေ…၊ [illegible]
မှာကျောင်းတက်ပြီး ခုမှ မုံးကိုးကို ခဏပြန်လာတာ"

"ဟုတ်လား… တွေ့ရတာ ဝမ်းသာတယ် သမီးရယ်၊ [illegible]



အရမ်းချစ်စရာကောင်းတာပဲ…"

"ကျေးဇူးတင်ပါတယ် အမေ… အမေ့ကိုတွေ့ရတာလဲ ဝမ်းသာပါတယ်…"

အပြင်ကအပြန်မှာ ဇော်မိုင်တို့အိမ်ကို လိုက်လည်ချင်သည် ဆိုသဖြင့် ဇော်မိုင်က အိမ်ကိုခေါ်ခဲ့ခြင်းဖြစ်သည်။

အမေနှင့်ကော နန်းငယ်နှင့်ပါ ဒေသထုံးစံအတိုင်း လက်ဆွဲနှုတ်ဆက်ရင်း၊ စကားပြောကြသည်ကိုကြည့်၍ ဇော်မိုင် ဝမ်းသာနေမိသည်။

"သမီးတို့ စကားပြောဦးနော်၊ အမေ…သမီးတို့စားဖို့ ခေါ်ပုတ်လေး သွားလုပ်လိုက်မယ်"

"မလုပ်ပါနဲ့အမေ… သမီးတို့ စားခဲ့ပါတယ်…"

"ဘယ်ဟုတ်မလဲ သမီးရဲ့၊ အိမ်ကိုလာတုန်း တစ်ခုခုတော့ ကျွေးမှာပေါ့…"

အမေထွက်သွားသဖြင့် ဧည့်ခန်းမှာ သူတို့သုံးယောက်သာ ကျန်ခဲ့သည်။

"မမတို့ ဘယ်ကပြန်လာတာလဲ"

"ဒီလိုပါပဲ ညီမလေးရယ်… ဘယ်မှသွားစရာမရှိတော့ ဒီအနီး[illegible] ပတ်ဝန်းကျင်ပဲ လျှောက်သွားရတာပဲပေါ့။ နောက်နေ့ကျရင်လဲ [illegible]ကျှောက်သွားဦးမယ်လေ၊ ညီမလေးပါ လိုက်ခဲ့ပါလား…"

နန်းငယ်ကရယ်၍…

"မလိုက်တော့ပါဘူး မမရယ်၊ ညီမလေးလိုက်လာရင် [illegible]ကို [illegible]မိုင်က စိတ်ဆိုးနေဦးမယ်"

www.burmeseclassic.com

www.burmeseclassic.com



"ဟာ… ဘာဆိုင်လို့ ငါကစိတ်ဆိုးရမှာလဲ၊ နန်းငယ်ရ။ နင်ကလဲ လိုက်ချင်ရင် လိုက်ခဲ့ပေါ့၊ ဘာတွေ လျှောက်ပြောနေတာလဲ"

"မသိဘူးလေ… နန်းငယ်က အဲလိုပဲထင်လို့ပြောကြည့်တာ"

နန်းငယ်၏ အနောက်အရှုတ်ကြောင့် ဇော်မိုင်မျက်နှာ နီရဲအောင် ရှက်သွားသည်။ နန်းဝတ်မှုံက သူ့မျက်နှာကြည့်ပြီး ရယ်၏။

"နန်းဝတ်မှုံက ဘာဖြစ်လို့ရယ်တာလဲ"

" ကိုဇော်မိုင် ရှက်သွားတဲ့မျက်နှာကို သဘောကျလို့ ရယ်တာပဲ၊ လုံခြုံရေးအရာရှိကြီးကလဲ ဘယ်လိုဖြစ်လို့ မလုံမခြုံ ဖြစ်နေရတာလဲ"

"ဘယ်လုံမလဲ မမရဲ့၊ အိုးမလုံအုံပွင့်ဆိုတဲ့စကား ရှိတာပဲ"

"ဟာ… ဘာတွေမှန်းလဲ မသိပါဘူးဟာ"

ဇော်မိုင် တကယ်ရှက်ကိုးရှက်ကန်းဖြင့် အပြင်ထွက်သွားသည်။ နန်းဝတ်မှုံနှင့် နန်းငယ်တို့က သူ့ကိုကြည့်ပြီး သဘောကျစွာ ရယ်ကြ၏။

❋ ❋ ❋



"အစ်ကိုဇော်မိုင်"

"ဘာလဲနန်းငယ်"

"မမနန်းဝတ်မှုံက အရမ်းလှတယ်နော်"

"ဟာ… ငါဘယ်သိမလဲဟ၊ နင်ကလဲ ဘာတွေလာပြောနေရတာလဲ "

နန်းငယ်က အားရပါးရရယ်သည်။

နွေညဖြစ်သော်လည်း တောင်ပေါ်ရာသီဥတုမို့ အေးအေးစိမ့်စိမ့်ပဲ ဖြစ်နေသည်။ ပြီးတော့ ထိုညက လလည်းသာသည်။

လသာသာ ချမ်းစိမ့်စိမ့်ညလေးမှာ ကြည်နူးစရာလေးများကို စားမြုံ့ပြန်တွေးချင်သဖြင့် တစ်ယောက်တည်း အိမ်ရှေ့ကွပ်ပြစ်၌ ထိုင်နေခါမှ နန်းငယ်က ထွက်လာပြီး စ,နေခြင်းဖြစ်သည်။

နန်းငယ်က ရယ်ရင်းနှင့်မှ သူ့လက်မောင်းကို လှမ်းရိုက်ပြီး…

"အစ်ကိုနော်… ဘာအခုမှ ဘာတွေလာပြောနေရတာလဲ၊ ဘာလဲတွေ လုပ်မနေနဲ့၊ အစ်ကို… မမနန်းဝတ်မှုံကို ကြိုက်နေတယ် မဟုတ်လား…"

"တော်စမ်း နန်းငယ်၊ မဟုတ်တာတွေ လာမပြောနဲ့"



www.burmeseclassic.com

www.burmeseclassic.com



"ဘာမဟုတ်တာလဲ… နန်းငယ်သိတယ်၊ အစ်ကို မမနန်းဝတ်မှုံကို ကြိုက်နေတယ် "

"လုပ်ပြန်ပြီဟာ၊ အဲလိုလျှောက်မပြောစမ်းပါနဲ့၊ အဲဒါ ဦးအိုက်လိတ်သမီး၊ အလကားနေရင်း ကိုယ့်ပြဿနာကိုယ်မရှာနဲ့"

"အံမယ်… ဦးအိုက်လိတ်သမီး ဘာဖြစ်လဲ၊ ဦးအိုက်များ အရေးလုပ်လို့၊ ဘယ်သူ့သမီးဖြစ်ဖြစ် အစ်ကိုကြိုက်ချင်ရင် ကြိုက်လို့ရတာပဲ"

"ဟာ… လုပ်ပြန်ပြီ ဒီကောင်မလေး၊ ဦးအိုက်လိတ်ဆိုတာ ဒီဒေသရဲ့ စစ်ခေါင်းဆောင်၊ သူ့သမီး သွားထိလို့ကတော့ အကုန်သတ်ပစ်မှာ၊ နင်ကဘာနားလည်လို့လဲ…"

"သူ့ဟာသူ ဘာခေါင်းဆောင်ဖြစ်ဖြစ် ဒါစစ်ရေးလဲ မဟုတ်ဘူး၊ နိုင်ငံရေးလဲ မဟုတ်ဘူး၊ အချစ်ရေး၊ အစ်ကို ဘာမှ ဂရုစိုက်စရာမလိုဘူး၊ ဦးအိုက်လိတ်သမီးဖြစ်လို့ ကြောက်ပြီး အစ်ကိုမကြိုက်ရဲရင်တော့ အစ်ကို့လောက်ညံ့တဲ့ယောကျ်ား ကမ္ဘာပေါ်မှာ ရှိမှာမဟုတ်တော့ဘူး၊ ဒီမှာအစ်ကို"

"ဘာလဲ…"

"နန်းငယ် တကယ်မေးမယ်နော်၊ အစ်ကို မမနန်းဝတ်မှုံကို တကယ်မကြိုက်ဘူးလား"

"လုပ်ပြန်ပြီ၊ ငါကဘာကိစ္စ ကြိုက်ရမှာလဲ…"

"မမနန်းဝတ်မှုံက ဒီလောက်ချောချောလှလှ ချစ်စရာလေး၊ ပြီးတော့ ရန်ကုန်မှာပညာသင်ထားတဲ့ ခေတ်မီမီ ပညာတတ်မလေး၊ အစ်ကို ဒါမျိုးမှမကြိုက် ဘာမျိုးသွားကြိုက်မလဲ၊ မုံးကိုးမှာ အဲဒါမျိုး တစ်ယောက်မှ မရှိဘူး၊ နန်းငယ်ကလဲ ဒါမျိုးမှ ယောင်းမတော်ချင်တာ…"





"မဆိုင်ပါဘူးဟာ၊ အဲဒါတွေကြောင့် ကြိုက်ရမယ်ဆိုတာလဲ အဓိပ္ပာယ်မရှိပါဘူး…."

"အေးလေ…. ဒါဖြင့်လဲပြီးရောပေါ့၊ နန်းငယ်ကတော့ အစ်ကို့ကို စေတနာနဲ့ပြောတာ၊ မမနန်းဝတ်မှုံကိုလဲ တီးခေါက်ကြည့်ပြီးပြီ၊ ဒီလောက် အခြေအနေကောင်းနေရဲ့သားနဲ့ အစ်ကိုက မကြိုက်ဘူးဆိုရင်တော့လဲ ပြီးရောပေါ့၊ မမနန်းဝတ်မှုံပြောတာတွေ နန်းငယ် ဘာမှ မပြောပြတော့ဘူး….သွားမယ်…."

ပြောပြောဆိုဆိုနှင့် နန်းငယ်က ဆတ်ခနဲ လှည့်ထွက်သွားသည်။

"ဟင်"

သည်တော့မှ ဇော်မိုင် မျက်လုံးပြူးသွား၏။

နန်းဝတ်မှုံပြောတာတွေ ဆိုပါလား၊ နန်းဝတ်မှုံ ဘာတွေပြောသွားလို့လဲ။

နန်းငယ်လုပ်သွားပုံက အတော်ထိရောက်သည်။

ညီမငယ်ကို သည်အကြောင်းတွေ ဆွေးနွေးဝန်ခံရမှာ ရှက်နေသဖြင့် ကချိကချောက်လုပ်နေသော ဇော်မိုင် သည်တစ်ခါ အိနြေ္ဒမရနိုင်တော့၊ ခပ်ဝေးဝေးရောက်နေပြီဖြစ်သော နန်းငယ်နောက်သို့ ပြေးလိုက်သွားသည်။

"နန်းငယ် နေဦး၊ နင်ငါ့ကို ဒီလိုလုပ်မသွားနဲ့၊ နန်းဝတ်မှုံ နင့်ကို ဘာတွေပြောသွားလဲ၊ လာ ငါ့ကိုပြောပြ…."

နန်းငယ်လက်မောင်းကို ပြေးဆွဲပြီးတားသည်။

နန်းငယ်က ပေစောင်းစောင်းလေး ပြန်ကြည့်ပြီး သဘောကျစွာ



www.burmeseclassic.com

www.burmeseclassic.com



အားရပါးရ ရယ်လိုက်၏။

"ဟား…ဟား…ဟား…ဟား…"

※ ※ ※

လသာညက အေးစက်လျက်ရှိသည်။

တိတ်ဆိတ်ငြိမ်သက်ပြီး ပိုးမွှားကောင်လေးများ အော်သံမှအပ လှုသ်သွှသ် ဘာမှမရှိသော ပတ်ဝန်းကျင်တွင် တစ်ချက်တစ်ချက် လေအသင့်၌ အဝေးမှပေါ်ထွက်လာသော ပစ်ခတ်သံတချို့ကို ကြားနေရသည်။

အေးဆေးလှပသော်လည်း မငြိမ်းချမ်းသောနယ်မြေ။

ရန်ကုန်မှာ နေခဲ့စဉ်က အစစငြိမ်းချမ်းလုံခြုံပြီး ပျော်စရာကောင်းခဲ့သည့် အချိန်လေးများကို နန်းဝတ်မှုံ သတိရသည်။

သည်ဒေသက ရန်ကုန်လိုနေရာမျိုးနှင့် ဘာမှမဆိုင်အောင် ကွာခြားသောနေရာ။ အဖေ့အရှိန်ဖြင့် သည်နေရာမှာ လုံလုံခြုံခြုံ၊ ကြွယ်ကြွယ်ဝဝ နေနိုင်သည်ဆိုသော်လည်း ထိုပြည့်စုံလုံခြုံကြွယ်ဝမှုက သည်ခြံဝင်းအတွင်း





လေး၌သာ ရှိနေသော အရာများသာဖြစ်သည်။

ခြံဝင်းအပြင် ရောက်သွားသည်နှင့် အရာအားလုံးက နိမ့်ကျ၊ ချို့ငဲ့နေကြသည်။ လုံခြုံမှုကလည်း မယ်မယ်ရရမရှိ။ ပစ်သံခတ်သံ ဆိုသည်များက အချိန်မရွေး၊ နေရာမရွေး ကြားနေရသောဒေသ။

သို့သော် သည်နေရာ၊ သည်လိုဒေသမျိုးမှာမှ လာ၍ နှီးကြားလန်းဆန်းလာမိသော သူမနှလုံးသားကို သူမ အကြိမ်ကြိမ် အံ့သြနေမိသည်။

'အင်းလေ… နေရာဒေသကြောင့် မဟုတ်ပါဘူး…သူ့ကြောင့်ပါ' ဟုလည်း သက်ပျင်းချရင်း တွေးလိုက်မိသည်။

ဟုတ်သည်၊ အမှန်တော့ နေရာဒေသကြောင့်မဟုတ်၊ ဤမျှချမ်းအေးတိတ်ဆိတ်သော အကာလ ညအခါမှာ သူတကာ အိပ်မောကျနေသည့်တိုင်… သူမ မအိပ်စက်နိုင်ဘဲ၊ အိမ်အပေါ်ထပ်ပြတင်းမှနေ လရောင်ဆမ်းသောညကို ငေးမျှော်ကြည့်ရှုနေရသည်မှာလည်း သူ့ကြောင့်သာဖြစ်သည်။

သူ… ခုချိန် ဘာလုပ်နေပြီလဲ။

သည်လောက်မခမ်းနား၊ မထည်ဝါ၊ မနွေးထွေးသော သူ့အိမ်လေးမှာ အနွေးထည်ထူထူဝတ်၊ စောင်ထူထူလေးခြုံပြီး နှစ်နှစ်ချိုက်ချိုက် အိပ်မောကျနေပြီလား။

အိပ်ပျော်နေချိန် အိပ်မက်ထဲမှာကော သူမ ပါဝင်မှ ပါဝင်နေပါမည်လား။

ဒါမှမဟုတ် အိပ်မက်ထဲမှာ သူ့ညီမငယ်ကနောက်ပြောင်ကျီစယ်သဖြင့် ညနေတုန်းကလို မျက်နှာကြီးနီရဲပြီး ရှက်ကိုးရှက်ကန်းတွေဖြစ်နေ



www.burmeseclassic.com

www.burmeseclassic.com



ပြီလား။

သူမကတော့ ဘယ်လိုမှ အိပ်မပျော်နိုင်ပါ။ သို့သော် ဖွင့်ထားသောမျက်လုံး၊ အေးစက်သော လသာညမှာ သူမ နိုးထရင်းပင် အိပ်မက်မက်နေမိသည်။

အိပ်မက်ထဲမှာ "သူ" ပါသည်။

သူက ဒါးကိုင်ပြီး ပြေးလာသောလူဆိုးရှေ့သို့ ဘီးတပ် သားရေအိတ်ကြီးတစ်လုံးကို ခြေဖြင့်တွန်းကန်ပြီး လွှတ်လိုက်သည်။ ဒလိမ့်ခေါက်ကွေးလဲကျသွားသော လူဆိုးအနီးသို့... သူက ကြောင်လေးတစ်ကောင်လို ပေါ့ပါးစွာ ခုန်ထွက်လာသည်။

လဲကျနေသော လူဆိုး၏လက်ထဲမှ ဒါးမြှောင်ကို ခြေဖြင့် ခတ်ထုတ်လိုက်သည်။

"သူ့လက်ထဲမှာ ဆွဲကြိုးရှိတယ်၊ အဲ့ဒါယူပေးပါ"

သူမ ပြောလိုက်သည်မဟုတ်၊ သူမ၏သူငယ်ချင်း လဲ့လဲ့က သူမကိုယ်စား ပြောလိုက်ခြင်းဖြစ်သည်။ သူမကတော့ အဲဒါပြောဖို့ သတိမရ၊ အထိတ်တလန့်နှင့် ခြောက်ခြားနေသည့်ကြားက နတ်သားလေးတစ်ပါး ကိုယ်ထင်ပြသလို လျှပ်တပြက်ရောက်လာသည့် သူ့ကိုသာ ငေးကြည့်နေမိသည်။

သူက ဘာမှမပြောဘဲ ခေါင်းညိတ်ရုံညိတ်၍ လဲကျနေသောလူဆိုး၏လက်ထဲမှ ဆွဲကြိုးလေးကို ဖြေယူလိုက်သည်။

ထို့နောက် သူ့မြင့်မားတောင့်တင်းသော ခန္ဓာကိုယ်ကို ပြန်မတ်လိုက်သည်။





"ဒါ... ခင်ဗျားဟာလား..."

သူ့အသံက ကျယ်ကျယ်လောင်လောင်ကြီးမဟုတ်၊ ထို့အတူ မပွင့်တပွင့် တိုးတိုးညင်းညင်းလည်း မဟုတ်။ သူမ နားနှင့် သိပ်မစိမ်းသော ဝဲတဲတဲလေးသံလေး မသိမသာပါပြီး ယောက်ျားပီသသည့်အသံမျိုး။

ထိုအချိန်အထိ သူမထံသို့ သူ့အကြည့်တစ်ချက်မှ ရောက်ရှိမလာသေး။ ဘယ်သူ့အတွက်မှ မဟုတ်ဘဲ၊ ယောက်ျားတစ်ယောက်အနေနှင့် သူလုပ်သင့်လုပ်ထိုက်သည့် အလုပ်တစ်ခုကို လုပ်နေသည့်ပုံစံမျိုးပဲရှိသည်။

"မဟုတ်ပါဘူး...ကျွန်မသူငယ်ချင်း ဥစ္စာပါ၊ သူ...သူ့ဟာ"

လဲ့လဲ့ လက်ဖြင့်ညွှန်ပြခြင်းက သူမထံ ရောက်လာသည်။

ထိုအခါမှ သူ့အကြည့်ကလည်း သူမထံ ရောက်လာသည်။

"ဟုတ်...ဟုတ်ပါတယ်ရှင်... အဲဒါကျွန်မဆွဲကြိုးပါ..." ဟု အစချီပြီး နန်းဝတ်မှုံစကား ခပ်ရှည်ရှည်လေး ပြောမိသည်။ တကယ့်ကို ပြောမိပြောရာမို့ ဘာတွေပြောလိုက်မိသည်မှန်းပင် သူမကိုယ်တိုင် အသေးစိတ် မမှတ်မိတော့။

သူမစကားအဆုံးမှာ ဘေးကလူတွေ ဝိုင်းထောက်ခံသည့် အသံများလည်း ကြားရသည်။

ဘာတွေမှန်းတော့ သူမသဲသဲကွဲကွဲ မကြားမိ။

သူ ငါ့ကို...ငါ့ဆွဲကြိုးလေး ပြန်ပေးမှာလား၊ ငါ့ကိုကော ဒီဆွဲကြိုးပိုင်ရှင်ဆိုတာ ယုံရဲ့လား၊ သူ... ဘာတွေမေးဦးမှာလဲ။

မှန်တာဝန်ခံရလျှင် သူမထိတ်လန့်ခြောက်ခြားရင်း ရင်ခုန်၊ ရင်ခုန်နေမိသည်။



www.burmeseclassic.com

www.burmeseclassic.com



သူက ဆွဲကြိုးလေး လှမ်းပေးသည်။

သူယုံသားပဲ…

သူ…ငါ့မျက်လုံးထဲက ရိုးသားမှုကို မြင်တတ်သားပဲ။

ပြီးတော့ စကားအပိုမပြောတတ်ခြင်းက သူ့အကျင့်များလား၊ သူ့ဘာမှမပြော။

"ကျေး….ကျေးဇူးပါပဲရှင်"

စကားတွေ အထစ်ထစ်အငေါ့ငေါ့ ဖြစ်သည်။ ကြောက်လန့်ခြင်းကြောင့်တော့မဟုတ်။ သူ့မျက်လုံးထဲက လက်ခနဲ ထွက်ပေါ်လာသော ထူးထူးခြားခြား စွမ်းအင်တစ်ခုကြောင့်ဟု သူမထင်သည်။

"ကိစ္စမရှိပါဘူး…"

ခဏအတွင်းမှာပင် သူ့မျက်လုံးထဲမှ ထူးခြားစွမ်းအင် အလင်းအလက်က ပျောက်သွားသည်။ တည်ငြိမ်စွာပဲပြောသည်။

ထိုနောက် လဲနေသူကို တစ်ချက်လှမ်းကြည့်သည်။

ပြီးတော့ သူမဘက် တစ်ချက်ပြန်ကြည့်သည်။ သူမကြည့်နေသောအကြည့်နှင့် တည့်တည့်မတ်မတ်ဆုံသည်။

သူ့မျက်လုံးထဲမှာ စောစောကထက် ပိုလင်းလက်သော ထူးခြားစွမ်းအင်တစ်ခု ပေါ်ပေါက်လာပြန်သည်။

သည်တစ်ခါ စွမ်းအင်ရောင်စဉ်တန်းက သူမရင်ထဲက နှလုံးသားအထိ ရောက်ရှိလွှမ်းခြုံသည်။

သူ နောက်ဘက် ဆုတ်သွားသည်။

ပြီးတော့ လူအုပ်ကြားထဲမှထွက်၍ နတ်သားလေးများ ကိုယ်ရောင်





ဖျောက်သလို ပျောက်ဆုံးသွားသည်။

သူမ ရှာဖွေသော်လည်း မတွေ့တော့။

သူမနှင့်လှဲ့လှဲ့ အသားလေး လစ်ထွက်လာခဲ့၏။

အိပ်မက်ကလေးက ပြီးဆုံးသွားသည်။

လရောင်က စောစောကထက် ပို၍လင်းနေ၏။

ညဥ့်လေအေးလေးများက သူမဆံနွယ်များကို လာ၍တိုးဝှေ့နေဆဲ။

* * *

"သူ့"ကို ဘယ်သောအခါမှပြန်လည်ဆုံတွေ့ခွင့် ရတော့မည်မဟုတ်ဟု သူမ ကြေကြေကွဲကွဲ ထင်ထားခဲ့ဖူးသည်။

သူ့ကို တွေ့ရလေဦးမလား၊ ရန်ကုန်ကရောက်သည့် နေရာတိုင်းမှာ သတိထားပြီး ရှာဖွေကြည့်လည်း မတွေ့။

ထို့အတူ… ရုပ်ရှင်လည်းမကြည့်၊ တခြားဘာအကြောင်းမှလည်း ရှိဘဲ သမ္မတဟိုတယ်အနီးတဝိုက်သို့ "သူ"နှင့်စတင်ဆုံစည်းခဲ့သော



www.burmeseclassic.com

www.burmeseclassic.com



နေရာလေးအဖြစ် နောက်တစ်ခါ ပြန်ဆုံရနိုး မျှော်လင့်နိုးစွာ သုံးလေးခေါက် ရောက်ခဲ့သေးသည်။

ထိုနေရာမှာလည်း မတွေ့။

ကြာသောအခါ သည်တစ်သက်··သူမ သူ့ကို ပြန်တွေ့တော့မည် မဟုတ်ဟု ယုံကြည်သွားမိသည်။

"သူ" သည် လူသားစင်စင် ဟုတ်ချင်မှလည်းဟုတ်မည်။ သူမမှာ ကယ်မည့်သူ မရှိဘဲ၊ ပြဿနာပေါ်နေချိန်မှာ သိကြားမင်းက ပဏ္ဍုကမ္ဗလာကျောက်ဖျာတင်း၍ သူမအား ကယ်တင်ပေးရန် စေလွှတ်လိုက်သော စေတမန်နတ်သားလေးပဲ ဖြစ်မည်။

သို့အတွက် ကယ်တင်ခြင်းကိစ္စ ပြီးသည်နှင့် သိကြားမင်းထံပါး အခစားဝင်ရန် နတ်ပြည်အပြီးအပိုင် ပြန်သွားတာဖြစ်မည်။

ဒါမှမဟုတ်လည်း အခြားကမ္ဘာတစ်ခုကိုသွား၍ သူမလို ပြဿနာ ပေါ်နေသော အခြားလူသားတစ်ဦးဦးကို ကယ်တင်နေတာလည်း ဖြစ်မည်ဟု နန်းဝတ်မှုံ မကြာခဏတွေးမိသည်။

ခုတော့ ထိုစေတမန်နတ်သားကို သိကြားမင်းထံပါး၌ မဟုတ်ဘဲ၊ သူမ ဖခင်အနားမှာ အခစားဝင်လျက် လာတွေ့နေရပြီဖြစ်သည်။

အံ့ဩစရာ အရမ်းကောင်းနေသည့်ကြားက ပျော်စရာ အကောင်းဆုံးကိစ္စတစ်ခုကတော့ "သူ"ကလည်း မြင်မြင်ချင်း အရမ်းမှတ်မိသွားခြင်းပင်ဖြစ်သည်။

ပြီးတော့ ဘယ်လောက်များ နန်းဝတ်မှုံတို့ ကံကောင်းလိုက်ပါသနည်း။ စေတမန်နတ်သားလေးကို ပြန်တွေ့ရပြီး ဘယ်လောက်မှ မကြာမီ





ထိုစေတမန်နတ်သားလေးက သူမ၏ ကိုယ်ရံတော်တပ်မှူးလေး ဖြစ်လာခဲ့သည်။

ခုတော့ သူမ စွဲလမ်းတမ်းတခဲ့သော ကိုယ်ရံတော်တပ်မှူးလေး နှင့် နေ့တိုင်းတွေ့နေရုံမက၊ အနားမှာ တစ်ဖဝါးပင်မခွဲခွာဘဲ တစ်နေကုန် ဟိုသည် လျှောက်သွားခွင့်ရနေသည်။

ပြီးတော့ သူက ပြောသေးသည်။

"ကျွန်တော်ကတော့ ဒီအဖြစ်အပျက်ကို တကယ်ဖြစ်နေတာပါလို့ ခုထိတောင် မယုံချင်သေးဘူး၊ ခုချိန်ထိ ကျွန်တော့်စိတ်ထဲမှာ သိပ်အံ့ဩစရာကောင်းပြီး အပြင်လောကမှာ ဘယ်လိုမှ မဖြစ်နိုင်တဲ့ အိပ်မက်ကြီးတစ်ခုထဲ ရောက်နေတယ်ပဲ အောက်မေ့နေသေးတယ်···"တဲ့။

" ကဗျာဆန်တာ မဟုတ်ဘူး နန်းဝတ်မှုံ၊ တကယ်ကိုပြောတာ၊ လူကြီးတွေပြောတာ ကြားဖူးတယ် မဟုတ်လား၊ ဗြဟ္မာ့ပြည်က ကျလာတဲ့အပ်တစ်ချောင်းနဲ့ လူ့ပြည်က ပစ်တင်လိုက်တဲ့အပ်တစ်ချောင်း အလယ်မှာ ဆုံတာမျိုး ဆိုတာလေ၊ ကျွန်တော်တို့နှစ်ယောက် ပြန်ဆုံကြတာက အဲဒါမျိုး··"တဲ့။

ပြီးတော့ ရှိပါသေးတယ်။

"နန်းဝတ်မှုံလောက်လှတဲ့ မိန်းကလေးမျိုး ကမ္ဘာပေါ်မှာ နှစ်ယောက်ရှိဖို့မှ မလွယ်ဘဲ၊ တစ်ယောက်ထဲရှိတဲ့ အလှမျိုးကို တစ်ခါ တွေ့ဖူးရင် ဘယ်မေ့တော့မလဲ···"တဲ့··။

"ဟာ···ဟ···"ဟု တစ်ယောက်တည်းစဉ်းစားရင်း နန်းဝတ်မှုံ ယေ်ပစ်လိုက်ချင်၏။



www.burmeseclassic.com

www.burmeseclassic.com



ညနေက သူ့ညီမက သူ့ကိုစနေတော့လည်း နန်းဝတ်မှုံ ရယ်ချင်သည်။

မိန်းကလေးတို့တွင် အလိုလိုတတ်မြောက်လာသော အတတ်ပညာစွမ်းပကားဖြင့် ''သူ'' ဆိုသော ဖော်မိုင်တစ်ယောက် သူမကို ချစ်နေတာဘဲမှ သိစရာမရှိ။

''တင်စားတာ မဟုတ်ပါဘူး၊ တကယ်ပြောတာပါ၊ ဒါပေမယ့် ဒီအကြောင်းတွေ ဆက်မပြောတော့ဘူးနော်၊ ကျွန်တော့်တာဝန်ဝတ္တရားနဲ့ မကိုက်ညီမှာစိုးလို့…''

''ကျွန်တော့်တာဝန်ဝတ္တရားက ဒီနယ်မြေမှာ နန်းဝတ်မှုံကို ဘေးမသီ ရန်မခ မှည့်တပေါက်မစွန်းအောင် ထိမ်းသိမ်းတာဝန်ယူရတဲ့ လုံခြုံရေးကိုယ်ရံတော်လေး၊ လုံခြုံရေးတာဝန်ခံက မလုံခြုံတဲ့စကားတွေ ပြောနေလို့ ဘယ်ကောင်းမလဲ….''

စသဖြင့် ဖုံးဖိကွယ်ဝှက်ဖို့ ကြိုးစားသော်လည်း သူမ သိသလို နန်းငယ်လည်း သူ့အစ်ကိုအနေအထားကို သိနေမှာအမှန်။

သို့အတွက် နန်းငယ်က သူ့အစ်ကိုအတွက် ရှေ့တော်ပြေးမလေးလုပ်ပြီး သူ့အစ်ကိုကို စသလိုလိုနှင့် နန်းဝတ်မှုံသဘောထားကို တီးခေါက်ကြည့်သည်။

နန်းဝတ်မှုံကလည်း အလိုက်တသိ ပြုံးနေပေးလိုက်သည်။ ထိုအချိန်မှာ ကောက်ညှင်းကမစေးဘဲ ဆန်းကြမ်းကြီး ''သူ''က ကောက်စေးပြီး အသားကုန်ရှက်ပြဲထွက်ပြေးသွားသဖြင့် သူမ အရမ်းရယ်ချင်သွားသည်။





တဘက်ကလည်း သူ့ရိုးသားမှုကို ပိုခင်တွယ် သဘောကျသွားသည်။

သို့အတွက် သူမရှိခိုက်၊ နန်းငယ်၏ အစ်အောက်ပြီး သဘောထားရယူသွားသည့် အမေးလေးများကို နန်းဝတ်မှုံ တမင်ပင် မသိချင်ယောင်ဆောင်ပြီး တစ်ဘက်လှည့်နှင့် အဖြေပေးထားခဲ့ခြင်းဖြစ်သည်။

သည်အကြောင်းတွေ နန်းငယ် သူ့အစ်ကိုကို ပြန်ပြောပြမည်မှာမှလွဲ။

သည်အတိုင်းဆို သူနှင့်သူမ မကြာခင် ချစ်သူများဖြစ်တော့မည်… ဟု နန်းဝတ်မှုံ ကြိတ်ပင်သဘောပေါက်သည်။

ထိုရင်ခုန်မှုကြောင့်ပင် သည်ည သူမ အိပ်မရခြင်းများ ဖြစ်နေရခြင်းဖြစ်၏။

✤ ✤ ✤



www.burmeseclassic.com

www.burmeseclassic.com

၃။

ထိုအချိန်မှာ ဇော်မိုင်ကလည်း အိပ်ရာထဲမှာ တလူးလူး၊ တလ

လိမ့်ဖြစ်နေသည်။

ညနေက နန်းငယ်ပြောပြသည့်စကားများက သူ့ကို ခုချိန်ကောင်းစွာ နှိပ်စက်နိုင်နေသည်။

''နန်းငယ်နေဦး၊ နင်ငါ့ကိုဒီလိုလုပ်မသွားနဲ့၊ နန်းဝတ်မှုံ နှင့်ဘာပြောသွားလဲ.. လာ.. ငါ့ကိုပြောပြ…''

''ဟား…ဟား…ဟား…ဟား… မပြောပါဘူး၊ ဘာ



ပြောပြရမလဲ၊ ဒီကိစ္စကို အစ်ကိုမှ စိတ်မဝင်စားတာ''

ဒုက္ခပဲ…ဟု ဇော်မိုင်ခုမှ ဒုက္ခရောက်စွာ တွေးမိသည်။ နန်းငယ်ဆီက စကားကိုလည်း ကြားချင်သည်။

''မဟုတ်ပါဘူးဟာ… ငါစိတ်ဝင်စားလို့ပါ…ပြောစမ်းပါ'' ဟု ပွင့်ပွင့်လင်းလင်း ဝန်ခံပြောရမှာလည်း ရှက်နေသည်။

သို့သော် မပြောလို့ကလည်းမဖြစ်။

သို့အတွက် ဇော်မိုင် ရှက်တော့ရှက်သော်လည်း မရှက်ဖြစ်အောင် အားတင်း၍..

''ပြောပါနန်းငယ်ရာ၊ ငါသိချင်လို့ပါ၊ နင်နဲ့နန်းဝတ်မှုံ ဘာတွေပြောလဲ''

''အစ်ကို့ကိစ္စပေါ့…''

''ငါ့ကိစ္စ…၊ ဘယ်လိုငါ့ကိစ္စလဲ….''

''မသိဘူးလေ…နန်းငယ်က အစ်ကို မမနန်းဝတ်မှုံကို ကြိုက်နေတယ်ထင်ပြီး ညီမတို့ တာဝန်ဝတ္တရားအရ ကိုယ့်ယောင်းမလောင်းရဲ့ အခြေအနေ၊ ကိုယ့်အစ်ကိုကို ပြန်ကြိုက်နိုင်မယ့် အလားအလာရှိမရှိ ဒီလိုပဲ အစ်အောက်မေးရတာပေါ့…''

''အဲဒီတော့..ဘာတဲ့လဲ…''

''ဟာ….ဒါဘယ်ပြောလို့ ဖြစ်မလဲ၊ အစ်ကိုမှသူ့ကို မကြိုက်တာ၊ အစ်ကိုကြိုက်နေတယ်ဆိုရင်တော့ တစ်မျိုးပေါ့၊ အစ်ကိုက မကြိုက်သော မိန်းကလေးတစ်ယောက်ရဲ့သဘောကို ပြောရတော့ အဲဒီမိန်းကလေးရဲ့ ဂုဏ်သိက္ခာ ထိခိုက်တာပေါ့။ ဒါမျိုးတော့ ကိုယ့်မိန်းကလေးချင်း သစ္စာ



www.burmeseclassic.com

www.burmeseclassic.com



ရှိရတယ်၊ မပြောနိုင်ဘူး''

''ငါမကြိုက်ဘူးလို့ နင့်ကို ဘယ်သူကပြောလဲ''

''ဟား…ဟား… ဒါဆိုအစ်ကို ဝန်ခံတယ်ပေါ့၊ အစ်ကို မမနန်းဝတ်မှုံကို ကြိုက်နေတယ်ပေါ့''

''အေးပါဟာ….နင်သိရင်တော်တော့၊ ငါ့ကို အဲဒီအကြောင်းသာပြောပြ''

''ဟင်း…အဲဒါဆို ပြောပြမယ်၊ နားထောင်''

နန်းငယ်က သူမနှင့် နန်းဝတ်မှုံတို့ ပြောကြသောစကားများကို ပြန်ပြောပြ၏။

* * *

''ဟား…ဟား… တွေ့တယ်မဟုတ်လား မမနန်းဝတ်မှုံ၊ နန်းငယ် အစ်ကို ဘယ်လောက်ရိုးလဲဆိုတာ၊ နန်းငယ် စ,မလို့ပဲ ရှိသေးတယ်၊ သေချာတောင် မစ,ရသေးဘူး၊ ရှက်ပြီးထွက်ပြေးသွားတာ''





''အရင်လဲ အဲလိုစရင် ထွက်ပြေးတာပဲလားညီမလေး''

''ဟာ…မမကလဲ နန်းငယ်အရင်က မစ,ဖူးပါဘူး၊ စ,ရအောင်လဲ အစ်ကိုက ဘယ်မိန်းကလေးနဲ့မှ ခင်မင်ဖူးတာမှ မဟုတ်ဘဲ၊ အခုတောင် အစ်ကိုက မမနဲ့ခင်နေလို့ အံ့ဩနေတာ''

''မမကိုလဲ ခင်လို့ ဟုတ်ချင်မှ ဟုတ်မှာပါ၊ ဒက်ဒီက တာဝန်ပေးလို့ ဝတ္တရားအရ လိုက်စောင့်ရှောက်ပေးတာနေမှာပါ''

''အင်း…အမှန်အတိုင်းပြောပြရင် မမစိတ်မဆိုးနဲ့နော်၊ ပြောပြရမလား''

''ပြောပါဦးကွယ်….နားထောင်ကြည့်ရအောင်''

''အစ်ကို့ပုံစံကြည့်ရတာ မမကို တာဝန်အရ လိုက်စောင့်ရှောက်ပေးနေရုံလောက်တော့ မကဘူးမမရဲ့၊ အစ်ကို့ကြည့်ရတာ မမရှိနေလို့ အတော်ပျော်နေပုံလဲရတယ်၊ အရင်တုန်းကဆို ဒီမှာနေရတာ မပျော်လို့ တစ်နေ့မှ အစ်ကို့မျက်နှာ ကြည်တယ်မရှိဘူး''

''အခုကော…ညီမလေးအစ်ကိုမျက်နှာက ကြည်နေလို့လား''

''အရမ်းကိုပျော်နေတဲ့ပုံပဲ မမရယ်၊ အစ်ကို အဲလိုရွှင်ပျနေတာမြင်လို့ ညီမလေးလဲ ဝမ်းသာပြီး တမင်စ,နေတာ''

''မမကဒီမှာ သိပ်ကြာမှာမဟုတ်ဘူး ညီမလေးရဲ့၊ ခဏတဖြုတ်နေပြီး ပြန်မှာ''

''ဟာ…အဲဒါမှဒုက္ခပဲ မမရယ်၊ မမသာပြန်သွားရင် အစ်ကိုတော့ အသဲကွဲမှာ သေချာတယ်၊ ဖြစ်နိုင်ရင် မပြန်ပါနဲ့မမရယ်၊ ဒီမှာပဲ အမြဲနေလိုက်ပါ''

www.burmeseclassic.com



"မမက ဒီမှာနေလို့တော့ ဘယ်ရမလဲ ညီမလေးရဲ၊ မမက ကျောင်းတက်ရဦးမှာ၊ အစ်ကို့အတွက် စိုးရိမ်ရင် အစ်ကို့ကို ရန်ကုန် လိုက်လာနိုင်းပေါ့"

"အင်း…အဲဒါလဲ ကောင်းတာပဲ၊ ညီမလေးကတော့ အစ်ကို့ကို စိတ်ချမ်းသာစေချင်တာပဲ ရှိတာပေါ့၊ အစ်ကိုစိတ်ချမ်းသာဖို့ ညီမလေးတို့က အစ်ကိုတစ်ယောက်တော့ အဆုံးရှုံးခံရမှာပေါ့၊ ဒါပေမယ့် တစ်ခုတော့ ရှိတယ်"

"ဘာများလဲ ညီမလေး"

"အစ်ကိုက ရန်ကုန်မှာ အသိမှမရှိတာ၊ သူ့ကို သူ့ချည်း လွှတ် လို့တော့ ဖြစ်မှာမဟုတ်ဘူး၊ မမနဲ့တစ်ခါတည်း ထည့်ပေးလိုက်မှ ဖြစ်မှာပေါ့"

"ရပါတယ်ကွယ်…ညီမလေးအစ်ကိုကို မမပဲ စောင့်ရှောက် ထားမှာပေါ့"

"ဟာ…အဲဒါဆို ဟန်ကျတာပဲ၊ ခုထဲက အစ်ကို့ကို မမလက်ထဲ အပ်လိုက်တော့မယ်၊ မေမေတို့ကိုလဲ ဒီအတိုင်းပြောပြပြီး အစ်ကို့ကို မမဆီ အပိုင်ပေးလိုက်တော့လို့ ပြောလိုက်မယ်၊ ပြောလိုက်ရမလား မမ…"

"ညီမလေးအစ်ကိုကို မေးကြည့်ပါဦးကွယ်၊ ညီမလေးက အပ်ပေ မယ့်၊ ညီမလေးအစ်ကိုက ဘယ်လို သဘောရှိသေးတယ်မှ မမ မသိဘဲ"

"ဟာ…အစ်ကို့ပုံစံကို ညီမလေးသိပါတယ် မမရယ်၊ အစ်ကိုက အဲလိုသာဆို ဝမ်းသာလွန်းလို့ မုံးကိုးချောင်းထဲမှာ ကျွမ်းတောင် ထိုး နေမှာ…"





"သေချာရဲ့လား ညီမလေးရဲ့"

"သေချာပါတယ် မမရယ်၊ ညီမလေး အာမခံပါတယ်"

"အင်းလေ… အဲဒါဆိုရင်လဲ သူ့ မမကို ဘာပြောမလဲ စောင့် ကြည့်ရတာပေါ့…"

※ ※ ※

"ကဲ…အဲဒါပဲအစ်ကို…ညီမလေးကတော့ အစ်ကို့အတွက် သေချာအောင် စရံရိုက်ပြီးပြီ…၊ ကျန်တာ အစ်ကို့တာဝန်ပဲ"

နန်းငယ်က သူ့ကို ညာမပြောဆိုတာတော့ သူယုံကြည်သည်။

သို့သော် ခက်သည်က နန်းဝတ်မှုံကို ဘယ်ပုံစံဖြင့် စပြောရမည် ဆိုသောကိစ္စက သူ့အတွက် ပြဿနာဖြစ်နေခြင်းပင်။

မှန်တာဝန်ခံရလျှင် အခြားကိစ္စတော်တော်များများမှာ ဇော်မိုင် သူ့ကိုယ်သူ ယုံကြည်စိတ်ချမှုရှိသလောက် ဘဝမှာ ပထမဆုံးသော ကြုံဖူး သော သည်အချစ်ကိစ္စမှာ သူ့ကိုယ်သူ ဘာယုံကြည်မှုမှ မရှိ



www.burmeseclassic.com

www.burmeseclassic.com



သို့အတွက် ညဦးက နန်းငယ်ကို ပြောဖြစ်ခဲ့သေးသည်။

"ဟာ…နင်ပြောတဲ့ပုံစံကတစ်မျိုး နန်းငယ်ရဲ့၊ ငါ့ကို သူက ရန်ကုန်ခေါ်သွားဖို့ကိစ္စပဲ နင်တို့ပြောကြတာ၊ အဲဒါကြီးကို ငါက အဟုတ်မှတ်ပြီး သူ့သွားရည်းစားစကားပြောလို့ သူကမုန်းသွားရင် ဘယ်နှယ့်လုပ်မလဲ"

"အာ….အစ်ကိုကလဲ… အ,စရာမရှိ ကြံဖန် အ,နေပြန်ပါပြီကွာ။ ဒီကိစ္စ ဘယ်သူက တည့်တိုးမေးလို့ ပြောလို့ကောင်းမလဲ အစ်ကိုရ၊ နန်းငယ်က ဒီလောက်ပြောရင် နန်းငယ်ဘာပြောတယ်ဆိုတာ သူသိတာပဲ၊ အခုသူက ဘာပြန်ပြောတယ်ဆိုတာလဲ နန်းငယ်သိတာပဲဟာ"

"နင်ကဘယ်လို သိတာလဲ၊ သူဘာပြန်ပြောတယ်ဆိုတာ"

"အဓိပ္ပာယ်ကတော့ အစ်ကိုက ဘာမှမ မပြောဘဲ၊ သူက ဘာလုပ်လို့ ရမလဲ၊ အစ်ကိုက ကြိုက်နေရင် သူ့ကိုဖွင့်ပြောနိုင်းလိုက်ပေါ့လို့ ပြောသွားတာပေါ့ အစ်ကိုရ"

"ဟုတ်ရဲ့လား နန်းငယ်ရာ"

"သေလိုက်ပါ အစ်ကိုရာ၊ အဲ့လောက်မှ မလျှင်ရင်လဲ အစ်ကို ရည်းစားထားမနေနဲ့တော့၊ နန်းငယ်မပြောချင်တော့ဘူး…"

ဟူးခနဲ သူလေပူတစ်ချက် မှုတ်ထုတ်သည်။

ခုမှလည်း ချစ်ရေးကြိုက်ရေးကိစ္စက သည်လောက်ရှုပ်ထွေးမှန်း သူသိသည်။ သူ့ဟာသူ မျက်နှာဖြူဖြူဝိုင်းဝိုင်းလေး တိတ်တခိုးစွဲလမ်းပြီး ကိုယ့်ဟာကိုယ် ချစ်နေတုန်းက ဘာဇယားမှမရှုပ်။

အင်းလေ… ရှုပ်တာရှင်းတာကတော့ သူ့သဘာဝနဲ့ သူပဲပေါ့၊





ဒါပေမယ့် ကိုယ်ကလဲ ချစ်´နေတော့ အခြေအနေလေးပေးတုန်း စွန့်စားကြည့်ရမှာတော့ အမှန်။

သည်လောက်မှ သတ္တိမရှိလျှင်လည်း နန်းငယ်ပြောသလို ရည်းစားထားဖို့ပင်မကောင်း။

ရည်းစားထားဖို့ဝေးလို့၊ ယောကျ်ားဟု ဝိဝိသသ အခေါ်ခံနေဖို့ပင် မကောင်း၊ ယောကျ်ားပီပီ၊ စွန့်စားတော့ စွန့်စားရမှာပေါ့ဟု ဆုံးဖြတ်သည်။

နောက်နေ့အခြေအနေပေးလျှင် ဖွင့်ပြောတော့မည်ဟုလည်း ဆုံးဖြတ်လိုက်၏။

✤ ✤ ✤



www.burmeseclassic.com

www.burmeseclassic.com

၄။

“ ဟာ…မင်းရောက်လာတာနဲ့ အတော်ပဲကောင်းလေး၊ မင်းဒီနေ့ ဖေါင်းဆိုင်ကို ငါ့အဖွဲ့တွေနဲ့ ခဏသွားလိုက်စမ်းပါကွာ၊ ဟိုမှာတိုက်ပွဲဖြစ်ပြီး ငါ့လူတွေ တော်တော်ထိကုန်တယ်ပြောတယ်။ အဲဒါအခြေအနေ သွားကြည့်ပြီး လိုအပ်တာတွေ မင်းစီစဉ်ပေးလိုက်စမ်းပါ။ နောက်နေ့တွေကျရင် ငါလာခဲ့မယ်လို့လဲပြောလိုက်၊ ဒီနေ့တော့ ငါသွားလို့ မရဘူး၊ ဒီမှာကိစ္စတွေ ရှိနေလို့…”

ရောက်ရောက်ချင်း ဆောက်နဲ့ထွင်းလိုက်သူကတော့ ဦးအိုက်လိတ်ပဲဖြစ်သည်။

ကြားလိုက်ရသောစကားကြောင့် စိတ် အတော်ညစ်သွား၏။



သည်နေ့ကျမှ သူကလည်း ဝိရိယကောင်းကောင်းနှင့် စောစောထွက်လာခဲ့သည်။

ဦးအိုက်လိတ်အိမ်ရောက်တော့ နန်းဝတ်မှုံက အိပ်ရာမှ မထသေး၊ ဘာကိစ္စနှင့် သူမကလည်း ဒီအချိန်အထိ အိပ်ရာက မထသေးသည်မသိ။

အိပ်ရာက မထသေးတာက ကိစ္စမရှိ၊ ထိုင်စောင့်ဆို သူစိတ်ရှည်ရှည်နှင့် ညနေအထိပင် ထိုင်စောင့်နိုင်သည်။

ခုပြဿနာက ဖေါင်းဆိုင်သွားရမည့်ကိစ္စ။

သွားရတာက အပန်းမကြီးပါ။ အထူးသဖြင့် ကိုယ့်ဆီကရဲဘော်တွေ ထိခိုက်ကုန်သည်ဆိုသောကိစ္စက ပိုတောင်သွားပေးဖို့ ကောင်းသည့်အိစ္စ။

သို့သော် သည်နေ့က ခါတိုင်းနေ့လိုမဟုတ်၊ ညကတစ်ညလုံး အကြီးအကျယ် စဉ်းစားချင့်ချိန်ပြီး အချစ်ရေးနှင့်ပတ်သက်သည့် စွန့်လွှတ်စွန့်စား အလုပ်ကြီးတစ်ခုပြုလုပ်ရန် ဆုံးဖြတ်ထားသည့်နေ့။

သည်မနက်မှာလည်း တိုက်ပွဲဝင်ရန်အသင့်အနေအထားဖြင့် ကိုယ့်ကိုကိုယ် မောင်းတင်ထွက်လာခဲ့သည်။

ခုတော့ ဘာမှမတတ်နိုင်တော့။

“ဟုတ်ကဲ့ဗိုလ်မှူးကြီး၊ ကျွန်တော်သွားလိုက်ပါ့မယ်”

ထိုနေ့က နန်းဝတ်မှုံကို မျက်နှာလေးတောင် မမြင်ခဲ့ရ။

ချက်ချင်းပြန်စီစဉ်ပြီး ခရီးထွက်ခဲ့ရ၏။

❋ ❋ ❋



www.burmeseclassic.com

www.burmeseclassic.com



ဖေါင်ဆိုင်၏ စိတ်မချမ်းသာစရာခရီးက စုစုပေါင်း ခြောက်ရက်ကြာသွားသည်။

ပထမတော့ ရောက်ရောက်ခြင်း သတင်းမေးပြီး ပြန်ထွက်မည်ဟု စဉ်းစားသွားသော်လည်း ဟိုကျတော့ ဘယ်လိုမှ မပြန်ရက်တော့။

သူတို့ဘက်က သမိုင်းဝင်အောင် အချိုကြီးနာခဲ့သည့် ကွမ်းလုံ တိုက်ပွဲ၊ စီစီဝမ်တာပန်တိုက်ပွဲ စသည့်တိုက်ပွဲကြီးများမှာ ဘယ်လောက် အတုန်းအရုန်း၊ ထိခိုက်သေကြေခဲ့ကြသည်တော့ သူမမီ၍ မသိလိုက်။

ခုဘာမှမဟုတ်သည့် ရင်ဆိုင်တိုက်ပွဲငယ်တစ်ခုမှာပင် သူတို့ဘက်က အတော်လေး အထိနာခဲ့သည်။

မနာစရာလည်းမရှိ။ သူတို့လူတွေ ရင်ဆိုင်တိုက်ခိုက်ခဲ့ရသည့် မြန်မာ့တပ်မတော်က သူတို့ဘက်ကလို တွေ့ရာလူဆွဲသွင်း ကြုံသလို တိုက်နိုင်း စသည့် ဗရမ်းဗတာအဖွဲ့အစည်းမျိုးမဟုတ်။

သူတို့မှာ တစ်ဘက်နိုင်ငံက ထိုစဉ်အခြေအနေဖြင့် ထောက်ပံ့ထားသဖြင့် စစ်လက်နက်ပစ္စည်းတွေ အများအပြား ရှိချင်ရှိမည်။ ဘိန်းကုန်ကူးထားသဖြင့် ငွေကြေးမျိုးစုံနှင့် ရွှေချောင်း စသောအဖိုးတန်ပစ္စည်းတွေ လက်ဝယ်ရှိပြီး စည်းစိမ် ခံချင်ခံနိုင်မည်။

အဲဒါတွေကိုင်စွဲသုံးစွဲနေသည့် လူတွေကျတော့ တစ်ဘက်က တပ်မတော်လို အရည်အချင်းမမီ၊ လေ့ကျင့်မှု မပြည့်ဝ၊ စိတ်ဓါတ်ရေးရာ





ကြဲ့နိုင်။

သူလည်း ကွတ်နိုင်လို တပ်စခန်းများရှိရာမြို့တွင် နေလာခဲ့သည့် လူတစ်ယောက်။ သူငယ်ချင်းများနှင့်ပတ်သက်ပြီး တပ်ထဲသို့ ခဏခဏ ဝင်ထွက်နေခဲ့ဖူးသည့်သူ။

တပ်မတော်က စစ်သားတွေက လက်နက်ငွေကြေး စည်းစိမ် ပြည့်စုံချင် မပြည့်စုံမည်။ အရည်အချင်း၊ လေ့ကျင့်မှု၊ စိတ်ဓါတ်၊ စည်း ကမ်း စသည်တို့က တကယ့်ထိပ်တန်း ထူးချွန်ကျနမှု ရှိသည်။

တကယ်ချပြီဆို ဘယ်လိုတွက်တွက် ကိုယ့်ဘက်က အလဲအကွဲ ခံဖို့သာ ပြင်ထားပေရော့။ ဒါက ဘယ်အခါမဆို အမြဲမှန်သည့် ပုံသေ ...ည်းတစ်ခု ဖြစ်နေပြီ။

သူတို့ဘက်မှာ တိုင်းပြည်အတွက်၊ ပြည်ထောင်စုအတွက်၊ ပြည်သူ ...အတွက်ဆိုသော စိတ်ဓါတ်ရေးရာ ရည်မှန်းချက်နှင့် ခံယူချက်က ...တ်မြက်စူးရှသည်။

သည်ဘက်မှာက လူမျိုးရေးရာ၊ ကျဉ်းမြောင်းသော အမြင်သက် ...တ်သာရှိသည်။ လေ့ကျင့်ပျိုးထောင်မှုက ဘာမှရေရေရာရာမရှိ။ စနစ် ...ကျ။

တခြားမပြောနှင့်၊ သူကိုယ်တိုင်ပင်လျှင် ဘာသင်တန်း၊ ဘာ ...တွေ့အကြုံမှ လေ့ကျင့်ဖြတ်သန်းမှု မရှိဘဲ၊ စစ်ရေးတာဝန်ခံဆိုသူက ...တို့နှင့် ယူနီဖေါင်းထုတ်ပေးပြီး ဗိုလ်ဖြစ်လာသော သူမဟုတ်ပါလား။

ခုလည်း မြင်ကွင်းက စိတ်မသက်သာစရာ ကောင်းလှသည်။

ပြေးရင်းလွှားရင်း ခွေးသေကောင်လို ဒရွတ်တိုက်ဆွဲသည့်ဆွဲခေါ



www.burmeseclassic.com

www.burmeseclassic.com



လာရသည့် ဒဏ်ရာရရဲဘော်တွေက တဲတန်းလျားတစ်ခုထဲမှာ မြင်မကောင်း အောင် ဖြစ်နေသည်။

ဒါကသည့်မှာအမြင်သာ ရှိသေးသည်။

ဟိုမှာဘယ်နှစ်ယောက် ကျကျန်ခဲ့၍ ပြန်ဆွဲခေါ်မလာနိုင်သဖြင့် ရန်သူ့ဘက်သို့ သုံ့ပန်းအဖြစ် အဖမ်းခံရ၊ သို့မဟုတ်၊ မသေမရှင်ဖြစ်ကာ ပျောက်ဆုံးနေသူက ဘယ်နှစ်ယောက် ဆိုသည်ကို ဘာတစ်ခုမှ စာရင်း မလုပ်နိုင်သေး။

ဒဏ်ရာရနေသူများထံမှ နာကျင်စွာ ညည်းတွားနေသံများ၊ ပင်ပန်း မောဟိုက်စွာ အသက်ရှူနေသံများ တဲထဲမှာ နားမခံသာအောင် ရှိနေသည်။

ဒါတွေကိုလည်း သည်လောက်ကြာမြင့်သော အချိန်တွေ ဖြတ် သန်းလာခဲ့ရပြီးသည့်တိုင် ထိရောက်သော ဆေးဝါးကုသမှု၊ ကယ်တင်မှု ဘာတစ်ခုမှ မပေးနိုင်သေး။

တဖြုတ်ဖြုတ် သေသွားသူများကိုသာ တစ်ယောက်ပြီး တစ် ယောက် ဆွဲထုတ်သွားပြီး မြှုပ်နှံပစ်နေရသည်။

"သူတို့ကို သေချာ ဆေးကုမပေးနိုင်တော့ဘူးလားဗျာ…"

ဇော်မိုင်က ဆေးမှူးရာထူးဖြင့် ကြက်ခြေနီလက်ပတ် ပတ်ထားသူ တစ်ယောက်ကို ရင်နာနာနှင့် မေးလိုက်သည်။

"ကျွန်တော်တို့မှာ ပစ္စည်းကိရိယာနဲ့ဆေးဝါး ဘာမှ ပြည့်ပြည့်စုံစုံ မရှိဘူးဗိုလ်ကြီး၊ ဟိုဘက်ကမ်းက ဆေးရုံတွေမှာ ကုပေးဖို့ ကားလွှတ်ပေး မယ်လို့တော့ ညကတည်းက ရေဒီယိုတယ်လီဖုန်းရတယ်။ ဒါပေမဲ့ ခုထိရောက်လာတာ ဗိုလ်ကြီးတို့ ကားတစ်စင်းပဲ ရှိသေးတယ်…"





"ဟင်း…."

ဇော်မိုင် ပင်ပန်းကြီးစွာ သက်ပျင်းချသည်။ ပြီးခေါင်ကုတ်၍

"အခု ခင်ဗျား သူတို့ကို ဘာလုပ်ပေးထားလဲ"

"ကျွန်တော်လဲ ကြံရာမရတာနဲ့ ဒဏ်ရာကနာပြီး အရမ်းအော် ဟစ်နေတဲ့ မခံမရပ်နိုင်ဖြစ်နေတဲ့သူတွေကို ဘိန်းမြူကိုရေနဲ့ဖျော်ပြီး အကြော ထဲ သွင်းပေးထားတယ်ဗျာ…"

"ဗျာ"

"မတတ်နိုင်ဘူးဗိုလ်ကြီး၊ လောလောဆည် ခံစားနေရတဲ့ ဝေဒနာ ကနေ သူတို့တော်တော်လေးတော့ သက်သာသွားမှာပါ၊ နို့မို့ဆိုရင် ကျွန်တော်တို့ ဘာလုပ်မလဲ၊ ဒီအတိုင်း ပစ်ထားရုံရှိမှာပေါ့"

"ဟား"

အရင်က သူစာထဲမှသာဖတ်ဖူးသည့် ငရဲခန်းဆိုသောနေရာကို ခုပထမဆုံးအကြိမ်အဖြစ် ဘဝမှာ မြင်ဖူးခြင်းပဲဟု သူ့စိတ်ထဲကနေ သတ်မှတ်လိုက်၏။

* * *



www.burmeseclassic.com

www.burmeseclassic.com



"ဟင်… အစ်ကိုဇော်မိုင်… ဘယ်တုန်းက ပြန်ရောက်လဲ"

"အခုပဲနန်းငယ်"

ဇော်မိုင်က ဖေါင်းဆိုင်မှ ပြန်ရောက်ရောက်ချင်း ရုံးမှာရောက်နေသည့် နန်းငယ်ဆီ ဝင်ခဲ့သည်။

"အစ်ကို…မမနန်းဝတ်မှုံနဲ့ မတွေ့ရသေးဘူးပေါ့"

"မတွေ့ရသေးဘူး၊ ငါခရီးသွားနေတုန်း ဘာထူးခြားလဲနန်းငယ်၊ နင်နဲ့ကော နန်းဝတ်မှုံနဲ့ တွေ့သေးလား"

"မတွေ့ဘူးအစ်ကို၊ ဦးအိုက်က အစ်ကိုမရှိတုန်း၊ မမနန်းဝတ်မှုံကို စောင့်ရှောက်ဖို့ သူ့တပည့်ထဲက လူတစ်ယောက်ကို လွှတ်ပေးထားတယ် ဆိုတာပဲသိတယ်"

"ဘယ်ကလူလဲ"

"မိုလ်ဇော်တောင်လို့ ပြောတယ်"

"အခုကော သူတို့ဘယ်မှာရှိမလဲ နန်းငယ်"

"မပြောတတ်ဘူးအစ်ကို၊ ဒီဘက်တော့ ရောက်လာတာ မတွေ့ဘူး၊ ဒီလိုပဲ လျှောက်သွားနေမှာပေါ့"

"ဟင်း…"

ဇော်မိုင် ရင်မောမောနှင့် သက်ပျင်းချမိသည်။

ဟိုမှာစိင်ဆင်းရဲစရာများချည်း ကြုံခဲ့၍ ပြန်ရောက်လျှင်





သက်သာရာရမည်ဟု ထင်ခဲ့သမျှ ခုတော့ အမောဆို့စရာ ဖြစ်နေပြန်သည်။

သည်တိုင်းဆို သူ့အင်မတန် မက်မောမြတ်နိုးသည့် တာဝန်လေး ပြန်ထမ်းဆောင်ရဖို့လည်း ဖြစ်နိုင်မည်မထင်တော့။

"ဟိုမှာအဆင်ပြေရဲ့လားအစ်ကို၊ ခဏပဲ အောက်မေ့တာ၊ အစ်ကို အတော်ကြာသွားတယ်"

နန်းငယ်ကို ဟိုမှာဖြစ်ပျက်ပုံတွေ ပြောပြသည်။ နန်းငယ်က…

"အခုကော…အစ်ကိုဘယ်လိုလုပ်ထားခဲ့လဲ"

"လူနာတွေအတွက် ကားမရရအောင်ရှာပြီး ဟိုဘက်ကဆေးရုံ ပို့ပေးခဲ့ရတာပေါ့၊ ဒါပေမယ့်…."

"ဒါပေမယ့် ဘာဖြစ်လဲအစ်ကို"

"ဒါပေမယ့် ဆေးရုံရောက်တဲ့အချိန်မှာ တဝက်လောက်က သေပြီးနေပါပြီဟာ၊ ဦးအိုက်လိတ်တို့ လိုတာတွေ အများကြီးပါတာပေါ့"

နန်းငယ်မျက်နှာလေး ညှိုးသွားသည်။

"ခုတော့ ဦးအိုက်လဲ ဆေးရုံလိုက်သွားတယ်လို့ပြောတယ်…"

"ငါနဲ့တွေ့ခဲ့ပါတယ်၊ ကဲ… ငါသွားမယ်နန်းငယ်"

"အစ်ကိုဘယ်သွားမလဲ…."

"မပြောတတ်သေးဘူး၊ အိမ်လဲမပြန်ချင်သေးဘူး၊ စိတ်ပျက်တယ်ဟာ၊ ရောက်ရာပေါက်ရာ လျှောက်သွားလိုက်ဦးမယ်"

ပြောရင်းနှင့်ပင် ရုံးပြင်ထွက်၍ စောစောက သူစီးလာသောကားနှင့်ပင် ဦးတည့်ရာ မောင်းထွက်ခဲ့သည်။

ထိုနေရာက တခြားနေရာမဟုတ်၊ မနက်တိုင်း သူကျိုးမာရေး



www.burmeseclassic.com

www.burmeseclassic.com



လှေကျင့်ခန်းလုပ်ရာ နန်းဝတ်မှုံနှင့် အရင်က နှစ်ခေါက်သုံးခေါက်သွားခဲ့ရာ၊ တောင်စောင်းမြေညီကွက်လပ်လေးဆီကို ဖြစ်၏။

✤ ✤ ✤



၅။

"နန်းဝတ်မှုံ"

မြင်လိုက်ရသော မြင်ကွင်းကြောင့် အံ့အားသင့်ပြီး နန်းဝတ်မှုံ အမည်ကို လွှတ်ခနဲ ခေါ်လိုက်မိသည်။

ထိုတောင်စောင်း မြေညီကွက်လပ်ကလေးက အကွေ့လေးတစ်ခု အလွန်မှာရှိသည်။

တောင်ကြောမြေလမ်းအတိုင်း ကားမောင်းလာရင်း ကွေ့အကွေ့နဲ ရောက်သည်နှင့် ထိုနေရာလေးကို လှမ်းမြင်ရသည်။

လှမ်းမြင်လိုက်လျှင် မြင်လိုက်ချင်းပင်၊ မြေညီကွက်လပ်အစွန် သစ်ပင်ကြီးတစ်ပင်ကို လက်ထောက်မှီပြီးရပ်နေသည့် နန်းဝတ်မှုံကို လှမ်း

www.burmeseclassic.com

www.burmeseclassic.com



တွေ့လိုက်ရသောကြောင့်ပင်။

ဇော်မိုင် ဝမ်းသာသလိုဖြစ်သွားပြီး ကားကိုအရှိန်နည်းနည်း တင်မောင်းလိုက်၏။

ထိုအခါကျမှ နန်းဝတ်မှုံ ရပ်နေသည့်နေရာနှင့် မလှမ်းမကမ်းမှာ ရပ်ထားသော နန်းဝတ်မှုံတို့ အိမ်ကကားကို တွေ့သည်။ ကားပေါ်မှာ ဇော်တောင်။

သို့သော် ဇော်တောင်က ကားထိုင်ခုံနောက်မှီပေါ်တွင် ပက်လက်လန် ခေါင်းတင်ထားပြီး အိပ်ပျော်နေသည်။

"ကိုဇော်မိုင်..."

"နန်းဝတ်မှုံ..."

သူ့ကိုမြင်သည်နှင့် နန်းဝတ်မှုံမျက်နှာလေး ရွှင်ပျသွားပြီး အပြေးတစ်ပိုင်း ရောက်လာသည်။

သူကလည်း ကားကိုကပျာကယာစက်သပ်၍ ကားပေါ်က ဆင်းလိုက်သည်။

"နန်းဝတ်မှုံ...ဒီမှာဘာလာလုပ်နေတာလဲ"

"ကိုဇော်မိုင်ကော ဘယ်တုန်းကပြန်ရောက်လဲ၊ ဒီကိုကော ဘာလာလုပ်လဲ"

"ကျွန်တော်အခုပဲ ပြန်ရောက်တာ၊ ကျွန်တော့်တာဝန်ကို ကိုဇော်တောင်က ယူထားပြီး နန်းဝတ်မှုံ လျှောက်သွားနေတယ်ဆိုလို့ စိတ်ညစ်ပြီး ဒီထွက်လာခဲ့တာ"

"ဒီလာပြီး ဘာလုပ်မယ်စိတ်ကူးလဲ၊ နန်းဝတ်မှုံနဲ့ဒီမှာတွေ့မယ်လို့





ထင်လို့လား"

"ဟင့်အင်း၊ မထင်ပါဘူး၊ နန်းဝတ်မှုံတို့ တခြားလျှောက်သွားနေမှာပဲလို့ ထင်တယ်၊ ကျွန်တော်ဒီလာတာက တစ်ယောက်တည်း ဒီမှာထိုင်ပြီး တွေးနေချင်လို့"

"ဘာတွေတွေးမှာလဲ"

"ဒီလိုပေါ့ဗျာ၊ နန်းဝတ်မှုံနဲ့ လျှောက်သွားခဲ့လာခဲ့တဲ့ အကြောင်းတွေ၊ ပြောခဲ့ဆိုခဲ့တဲ့ စကားတွေကို ပြန်သတိရပြီး လျှောက်တွေးနေမှာပေါ့၊ ဒါနဲ့နန်းဝတ်မှုံလဲ ဖြေဦးလေ...."

"ဘာကိုဖြေရမှာဘဲ ကိုဇော်မိုင်"

"ခုနက ကျွန်တော်မေးထားတယ်လေ၊ နန်းဝတ်မှုံကော ဒီမှာ ဘာလာလုပ်နေတာလဲလို့"

နန်းဝတ်မှုံက ပြုံးသည်။ ပြီးမှ....

"ဝတ်မှုံလဲ ကိုဇော်မိုင်လိုပဲပေါ့၊ တခြားဘယ်မှ မသွားချင်တာနဲ့ ဒီနေရာမှာလာပြီး မနက်ကတည်းက တွေးနေတာ"

"ဘာတွေ တွေးနေတာလဲ နန်းဝတ်မှုံ"

"ကိုဇော်မိုင်နဲ့ လျှောက်သွားခဲ့လာခဲ့တဲ့အကြောင်းတွေ၊ ပြောခဲ့ဆိုခဲ့တဲ့စကားတွေ ပြန်သတိရပြီး လျှောက်တွေးနေတာပေါ့"

"နန်းဝတ်မှုံ..."

"ရှင်...."

"ကျွန်တော်နန်းဝတ်မှုံကို အရမ်းချစ်တယ်ဗျာ..."

"အို..."



www.burmeseclassic.com

www.burmeseclassic.com



"တကယ်ပြောတာပါ နန်းဝတ်မှုံ၊ ခရီးသွားရင်းနဲ့ ကျွန်တော် ဟိုမှာ စိတ်ညစ်စရာတွေလဲ အများကြီးကြုံရတယ်… အလုပ်တွေလဲ အများကြီး လုပ်ရတယ်။ ဒါပေမယ့် အချိန်ပြည့်လိုလို နန်းဝတ်မှုံကို သတိရနေမိတယ်… ခုပြန်ရောက်တော့လဲ နန်းဝတ်မှုံနားမှာ ကျွန်တော်နေခွင့်မရတော့ဘူးဆိုပြီး ကျွန်တော်အရမ်း စိတ်ဓါတ်ကျသွားတယ်"

"သြော်… အခုခွဲရမှ ချစ်သွားတာပေါ့နော်"

"မဟုတ်ဘူး နန်းဝတ်မှုံ၊ ရန်ကုန်မှာ ဆုံပြီးကတည်းက နန်းဝတ်မှုံကို ကျွန်တော်အမြဲသတိရနေခဲ့တာပါ၊ ကျွန်တော့်ဘဝမှာ ဘယ်မိန်းကလေးတစ်ယောက်ကိုမှ အဲလိုမစွဲလမ်းခဲ့ဖူးပါဘူး"

"အဲဒီတော့ ဝတ်မှုံက ဘာလုပ်ရမလဲ"

"နန်းဝတ်မှုံ ကျွန်တော့်ကို ပြန်မချစ်နိုင်ဘူးလားဗျာ၊ နန်းဝတ်မှုံနဲ့ကျွန်တော် ချစ်သူတွေဖြစ်ပါရစေ၊ ပြီးတော့ တစ်သက်လုံးလဲ နန်းဝတ်မှုံနားက ကျွန်တော်မခွဲပါရစေနဲ့"

နန်းဝတ်မှုံကရယ်သည်။

"ဘာကိုပြောတာလဲ ကိုဇော်မိုင်၊ ကိုဇော်တောင်နေရာမှာ ကိုဇော်မိုင် အလုပ်ပြန်ဝင်ချင်တယ်လို့ ပြောတာလား၊ ဒက်ဒီကို ဝတ်မှုံပြောပေးဖို့ ပြောနေတာလား"

"ဟာဗျာ… အဲလိုမဟုတ်ဘူး၊ နန်းဝတ်မှုံနဲ့ကျွန်တော် အတူနေချင်တာ၊ နန်းဝတ်မှုံကိုကျွန်တော့်ရင်ခွင်ထဲမှာ အမြဲတမ်း ထားချင်တာ၊ ကျွန်တော့်ကို စိတ်မဆိုးပါနဲ့ နန်းဝတ်မှုံ၊ ကျွန်တော်အခု နန်းဝတ်မှုံကို တအားဖက်ထားချင်တယ်ဗျာ"





"ဟော့"

နန်းဝတ်မှုံဘာမှ မပြောလိုက်နိုင်မီ ဇော်မိုင်က တစ်ကိုယ်လုံးသိမ်းကြုံးပွေ့ဖက်ထားလိုက်သည်။

နန်းဝတ်မှုံ ရုန်းသော်လည်းမရတော့။

"ဟာ…ကိုဇော်မိုင် အဲ့လိုမလုပ်နဲ့လေ၊ လွှတ်ပါဦး၊ ဟိုမှာ ကိုဇော်တောင်လဲ ရှိနေတယ်"

"ကိစ္စမရှိဘူး နန်းဝတ်မှုံ၊ ခုန ကျွန်တော်ကြည့်ပြီးပြီ… သူအိပ်နေတာ၊ ခဏလေးပါဗျာ၊ ကျွန်တော် မလွှတ်ပါရစေနဲ့၊ အဲဒီလို ဖက်ထားလိုက်မှ ကျွန်တော့်ရင်ထဲက ဝေဒနာတွေ သက်သာသွားလို့ပါ၊ ကျွန်တော့်ကို ချစ်ပါ နန်းဝတ်မှုံရယ်နော်"

"အင်းပါ၊ ချစ်တာကတော့ ချစ်ပါ့မယ်၊ ဒါပေမယ့် အဲလိုကြီးဖက်မထားပါနဲ့ ကိုဇော်မိုင်ရယ်၊ ဝတ်မှုံမနေတတ်ဘူး၊ ရှက်တယ်၊ ခဏလွှတ်ပေး"

"သေချာတယ်နော် နန်းဝတ်မှုံ"

"ဘာကိုလဲ"

"ချစ်တာတော့ ချစ်မယ်ဆိုတာလေ"

"အင်းပါ…. ချစ်ပါ့မယ် ချစ်ပါ့မယ်၊ ခဏလေး ပြန်လွှတ်ပေးတယ်လို့ ပြောပြမယ်"

"တကယ်…."

"အင်း…"

"ကဲ…ဒါဖြင့်ပြော…ကျွန်တော်လွှတ်ပေးမယ်…"

www.burmeseclassic.com



ဇော်မိုင်က လွှတ်ပေးလိုက်သည်။ သည်တော့မှ နန်းဝတ်မှုံက ရှက်ကိုးရှက်ကန်းဖြင့် တွန့်ကြေသွားသောအဝတ်အစားများကို ဆွဲဆန့်ရင်း…

"ကိုဇော်မိုင် သိပ်ဆိုးတာပဲကွာ… ဘာမှန်းလဲမသိဘူး၊ ချစ်တယ်ဆိုတာ ရိုးရိုးပြောလဲ ရရဲ့သားနဲ့…"

"ကျွန်တော်စိတ်မထိန်းနိုင်တော့ဘူး နန်းဝတ်မှုံ၊ ရင်ထဲမှာ ခံစားချက်တွေက အရမ်းများနေပြီ၊ ခုလဲ ကျွန်တော့်ကို ချစ်တယ်ဆိုတာ ပြောမယ်ဆို"

"ပြောပါ့မယ် ကိုဇော်မိုင်၊ ကိုဇော်မိုင် ငြိမ်ငြိမ်လေးရပ်နေ စိတ်အေးအေးထား၊ စိတ်ထဲက ပင်ပန်းတာတွေလဲ အကုန်ဖျောက်လိုက်ပြီးတော့နားထောင်၊ ဝတ်မှုံ ကိုဇော်မိုင်ကိုချစ်တယ်…"

"ဟာ… ဝမ်းသာလိုက်တာ နန်းဝတ်မှုံရယ်"

"နေပါဦး…နေပါဦး နားထောင်ပါဦး၊ ဝတ်မှုံချစ်တာလဲ ကိုဇော်မိုင့်လိုပဲ၊ ဟိုး ရန်ကုန်မှာ စတွေ့ကတည်းက ချစ်ခဲ့မိတာပါ၊ အခုလဲ ကိုဇော်မိုင် ခရီးထွက်သွားတာကို အဲဒီနေ့က အိပ်ရာကနိုးမှ သိလိုက်တော့ ရင်ထဲမှာ အရမ်းဟာသွားတယ်၊ အဲဒါကြောင့် ကိုဇော်မိုင်သွားတဲ့ နေ့ကနေစပြီး ဒီနေ့အထိ ဒီနေရာလေးပဲ နေ့တိုင်းလာတယ်၊ ကိုဇော်မိုင့်ကို လွမ်းတယ်၊ ကိုဇော်မိုင် ပြန်လာမယ့်ရက်ကိုမျှော်တယ်၊ အခုပြန်ရောက်လာတော့ အရမ်းဝမ်းသာသွားတယ်၊ ကဲ… ရှင်းပြီလား"

"အင်း အင်း…ရှင်းပါပြီ နန်းဝတ်မှုံ၊ ဒါဆို နန်းဝတ်မှုံနဲ့ ကျွန်တော် ချစ်သူတွေ ဖြစ်သွားကြပြီပေါ့နော်"





"ဟုတ်ကဲ့…ဖြစ်သွားကြပါပြီရှင်"

"ဟုတ်ကဲ့…ခင်ဗျာ၊ အဲဒါဆို ကျွန်တော်ပြန်လို့ရပြီလားလို့ မနန်းဝတ်မှုံကို ကျွန်တော်သတင်းလာပို့တာပါ"

"ဟင်…"

"ဟာ…"

ရုတ်တရက် မမျှော်လင့်ဘဲ ပေါ်ထွက်လာသော ကြားသံတစ်သံကြောင့် နှစ်ယောက်သားလန့်ပြီး ကိုယ်ချင်းခွာလိုက်သည်။

ကိုဇော်တောင်…။

စောစောက ကားပေါ်မှာ အိပ်ပျော်နေသော သို့မဟုတ် အိပ်ပျော်သလိုလုပ်နေသောပုဂ္ဂိုလ်က စပ်ဖြီးဖြီးမျက်နှာဖြင့် သတိဆွဲပြီး ရပ်နေသည်။

"ဇော်တောင်ရာ၊ မင်းကလဲ နောက်တယ်ကွာ၊ ငါဖြင့် ဘယ်သူများလဲလို့ လန့်တောင်သွားတယ်"

"မဟုတ်ပါဘူး၊ ဗိုလ်ကြီးနဲ့ မနန်းဝတ်မှုံ အခြေအနေကို ကြည့်ရတာ ကျွန်တော်ဆက်ရှိနေဖို့ မသင့်တော်တော့ဘူး ထင်လာတာနဲ့ လာသတင်းပို့တာပါ"

"အေးအေးရပြီ….ဇော်တောင်မင်းပြန်တော့"

"ရုံးကမေးရင် ကျွန်တော် ဘယ်လိုသတင်းပို့လိုက်ရမလဲခင်ဗျ"

"ဗိုလ်ကြီးဇော်မိုင် နဂိုသူထမ်းဆောင်ခဲ့တဲ့ တာဝန်ကို ပြန်ခဲ့သိုက်လို့ ကျွန်တော်ပြန်လာခဲ့တာလို့ ပြောလိုက်ကွာ"

"ဟုတ်ကဲ့ခင်ဗျ၊ ဒါနဲ့ ကျွန်တော်ဘယ်ကားနဲ့ ပြန်ရမလဲခင်ဗျ"



www.burmeseclassic.com

www.burmeseclassic.com



"မင်းကားမှာ ဆီရှိလား"

"ရှိပါတယ်ခင်ဗျ၊ အပြည့်ပါခင်ဗျ"

"အေး…အဲဒါဆို ငါယူလာတဲ့ကား ယူသွားလိုက်၊ မင်းကား ထားခဲ့"

"ဟုတ်ကဲ့ခင်ဗျ၊ ကျေးဇူးတင်ပါတယ်ခင်ဗျ"

အစအဆုံး ရှုတ်နောက်နောက်ပြောရင်း ဇော်တောင် လစ်ထွက်သွားသည်။

နန်းဝတ်မှုံက ရယ်ရင်း….

"သူတကယ် ကျေးဇူးတင်သွားတာဖြစ်မယ်မောင်ရဲ့၊ ဘာဖြစ်လို့လဲဆိုတော့ နေ့တိုင်းသူ့ကိုဒီခေါ်လာပြီး ဝတ်မှုံကမောင့်ကို လွမ်းနေတုန်း သူကပျင်းပျင်းနဲ့ တစ်နေကုန်အိပ်ငိုက်နေရတာ ပျင်းလှရောပေါ့"

ဇော်မိုင်က ပြောင်းလဲသွားသော အခေါ်အဝေါ်ကြောင့် မျက်လုံးကြီးပြူးပြီး လှမ်းကြည့်သည်။

"အိုး ဘာလဲ… ဒီကသူ့ကိုချစ်လို့ တမင်ပြောင်းခေါ်တဲ့ဥစ္စာကို၊ ဘယ်လိုကြီး ကြည့်တာလဲ"

"ဟုတ်ပါတယ်၊ ဝတ်မှုံရဲ့။ မောင်ကလဲ ဝမ်းသာလွန်းလို့ အဲ့လို ကြည့်လိုက်တာပါ… "

စကားအဆုံးမှာ နှစ်ယောက်သား ဟက်ဟက်ပက်ပက် ရယ်လိုက်ကြ၏။

အပျော်ဆုံးအချိန်။

✤ ✤ ✤



"မောင့်ကို ဝတ်မှုံလက်ထဲအပိုင်ပေးလိုက်တော့မယ်တဲ့၊ ညီမလေး …ယ်ကပြောတယ်မောင်၊ အဲဒါ ဘယ်လိုလုပ်ရမလဲ၊ ဝတ်မှုံ လက်ခံလိုက် …တော့မလား"

"ယူလိုက်တော့ဝတ်မှုံ၊ မောင့်ကို ဝတ်မှုံလက်ကိုင်အိတ်လေးထဲ …ထည့်ထားပြီး သွားလေရာယူသွား၊ ကြိုက်သလိုသာ သုံးပေတော့"

"လက်ကိုင်အိတ်ထဲ ထည့်လို့တော့ ရမှာမဟုတ်ဘူးမောင်၊ …င်းကြီးတစ်လုံးထဲ ငုတ်တုတ်ထိုင်နိုင်းပြီး သွားလေရာ ယူသွားမှရမှာ၊

www.burmeseclassic.com



အဲဒီတော့ ဝတ်မှုံကို တောင်းကြီးကြီးတစ်လုံး ရှာထားပေး''

သတိရမည်ဆိုလျှင်တော့ သီချင်းတစ်ပုဒ်ထဲက စာသားအတိုင်း ကြွေပြီး ပျောင်းခဲ့သော သစ်ရွက်များပမာဖြစ်ရသည့် ရွှေထီးဆောင်းခဲ့သော ချစ်ရက်များစွာကို မိုးမဆုံး၊ မြေမဆုံး၊ သတိရလို့ မဆုံးနိုင်အောင်ပင် ရှိနေပေလိမ့်မယ်။

အချစ်မှအပ ဘာမှမလိုအပ်သော၊ ချစ်သူများဘဝတွင် ဘာမှ မပြည့်စုံ၊ မငြိမ်းချမ်းသော ထိုအရပ်ဒေသသည်လည်း ပျော်စရာ ချစ်နယ်မြေ လေးတစ်ခု ဖြစ်နေခဲ့၏။

သို့သော် လောကခံဆိုသော ဘဝ၏ ကြိုးဆွဲဆရာကြီးက ဘယ် ချစ်သူများကိုကော တစ်သက်လုံးပျော်စေဟု စိတ်နှလုံးကောင်းစွာ ဆုံးဖြတ် ချက်ပေးဖူးပါသလဲ။

တစ်သက်လုံး ပျော်သွားရသော ချစ်သူဘဝကိုသာ လူတိုင်းပိုင် ဆိုင်ခွင့်ရလျှင် ကမ္ဘာပေါ်မှာ မျက်ရည်များ၏ အသုံးဝင်မှုတန်ဖိုးသည် ကိုးဆယ်ရာနှုန်းလောက် ကျဆင်းသွားမှာ သေချာ၏။

သူတို့ကိုလည်း လောကဓံတရားက ချွင်းချက်အဖြစ် ချန်မထားခဲ့

ချစ်သူဘဝကို ကူးပြောင်း၍ ပျော်လို့မှမဝသေးခင် ခွဲခွာ အကြောင်းတရားများ၏ နိဒါန်းက အစပြုလာသည်။

ထိုအချိန် မုံးကိုးမှာ မိုးတွေတအားရွာနေကြပြီဖြစ်၏။

※ ※ ※





''မောင်...''

''ဘာလဲဝတ်မှုံ....''

''ဒီလောက်ဆို ရန်ကုန်မှာ အောင်စာရင်းတွေ ထွက်လောက်ပြီ နော်...''

''အင်း...ထွက်လောက်ပြီပေါ့ဝတ်မှုံ၊ ခက်တာက ဒီမှာလဲ ဘာ သတင်းမှ မကြားရဘဲ အကုန်အဆက်ပြတ်နေတာ''

''မောင်ရော စာမေးပွဲ အောင်နိုင်လားဟင်''

''မှန်တာပြောရရင် အဲဒီအကြောင်းတွေ မောင်မေ့ထားတယ် ဝတ်မှုံ၊ မောင်ကြိုးစားမှုနဲ့ မောင်ဖြေလာခဲ့တဲ့ ပုံစံအရကတော့ မအောင်စရာ မရှိဘူးလို့ ကိုယ့်ကိုကိုယ် ယုံပါတယ်၊ ဒါပေမယ့်''

''ဒါပေမယ့်....ဘာဖြစ်လဲမောင်''

''ဒါပေမယ့် အောင်ခြင်း၊ မအောင်ခြင်းဆိုတာတွေက မောင့် အတွက် ဘာတန်ဖိုးမှ မရှိတော့ဘဲ ဝတ်မှုံရယ်၊ အောင်တော့လဲ မောင် က ဘာသွားပြီးတော့ ဆက်လုပ်ရမှာလဲ''

''ဒက်ဒီကို ပြောကြည့်ရင် မကောင်းဘူးလားမောင်၊ မောင်လဲ အောင်မှာသေချာသလို ဝတ်မှုံလဲအောင်မှာ အမှန်ပဲ၊ အဲဒီလိုဆိုရင် မောင်နဲ့ ဝတ်မှုံ ရန်ကုန်မှာတက္ကသိုလ် အတူတူတက်ချင်တယ်လို့ ဝတ်မှုံပြောရင် ဒက်ဒီက လက်ခံမှာပါ''



www.burmeseclassic.com

www.burmeseclassic.com



"ဖြစ်နိုင်ရင်တော့ ကောင်းတာပေါ့ဝတ်မှုံ၊ ဒါပေမယ့် မောင့်စိတ်ထဲမှာ ဖြစ်နိုင်မယ် မထင်ဘူး၊ ဘာဖြစ်လို့လဲဆိုတော့ မောင်က ဆယ်တန်းဖြေပြီးတဲ့အထိ ကွတ်နိုင်မှာ သွားကျောင်းတက်ဖို့ မောင့်အဘက မနည်းပြော၊ ဆယ်တန်းပြီးရင် ဒီအဖွဲ့ထဲမှာပြန်ပြီး အလုပ်လုပ်ပေးပါ့မယ်လို့ ကတိပေးပြီး ကျောင်းတက်ခဲ့ရတာ"

"မောင်နဲ့ဝတ်မှုံအခြေအနေကို ပွင့်ပွင့်လင်းလင်းပဲ ဒက်ဒီကို ဖွင့်ပြောလိုက်ရင်ကော..."

"အခု သူကမောင်တို့အခြေအနေကို ဘယ်လို နားလည်ထားသလဲ"

"ဘာမှတော့ မမေးဘူးမောင်၊ ဝတ်မှုံထင်တာတော့ သူလဲ သိသင့်သလောက်သိမှာ သေချာပါတယ်၊ ဝတ်မှုံနဲ့မောင် ဒီဒေသမှာ သူမသိအောင် ဘာလုပ်လို့ရမှာလဲ၊ ဝတ်မှုံတို့ ဒီလိုပဲ လျှောက်သွားနေတာ ဒက်ဒီလဲ သိမှာပါ"

"အင်းလေ.... ဒါဆိုလဲ ကြိုးစားကြည့်တာပေါ့ဝတ်မှုံ၊ မောင်သဘောကတော့ ဝတ်မှုံနဲ့မောင် မခွဲရလေ ပိုသဘောကျလေပေါ့၊ နောက်တစ်ခု...ဝတ်မှုံကို အမှန်အတိုင်းပြောပြချင်တယ်၊ ဝတ်မှုံဘယ်သူ့ကိုမှ ပြန်မပြောစေချင်ဘူး..."

"ဘာများလဲမောင်....ပြောစရာရှိတာပြောပါ"

"မောင်ဒီမှာ မပျော်ဘူးဝတ်မှုံ၊ ဒီမှာဖြစ်ပျက်နေတဲ့ အခြေအနေတွေကိုလဲ စိတ်ပျက်တယ်၊ မောင့်တစ်ယောက်တည်း သဘောသာဆိုဒီဒေသကိုတောင် မောင်စွန့်ခွာသွားတာကြာလှပြီ၊ ဒါပေမယ့် မောင်ဒီလိုလုပ်





လိုက်တာနဲ့ မောင့်မိသားစုအားလုံး ဒုက္ခရောက်မှာ"

သူစကားအဆုံးမှာ ဝတ်မှုံငိုင်သွားသည်။

အတန်ကြာအောင် စဉ်းစားပြီးမှ...

"မောင်ပြောချင်တဲ့ အဓိပ္ပါယ်ကဘာလဲ"

"ဖြစ်နိုင်ရင်တော့ ဒီမှာရှိတဲ့ အဖွဲ့အစည်းကလူတွေအားလုံး လက်နက်တွေစွန့်ပြီး ဥပဒေဘောင်ထဲ ဝင်လိုက်စေချင်တာပဲ၊ ခုလိုအမှောင်ထဲကနေ လက်နက်ကိုင်ပြီး တိုက်ခိုက်နေကြမယ့်အစား မောင့်သဘောက အေးချမ်းတဲ့အလင်းထဲ သွားလိုက်ချင်တယ်။ မြန်မာပြည်ထဲမှာရှိတဲ့ အလင်းထဲက တခြားလူတွေလိုပဲ ရိုးရိုးသားသားလုပ်ကိုင်စားသောက်ပြီး အေးအေးချမ်းချမ်း နေကြစေချင်တယ်"

"မောင် မောင်ပြောနေတာဒီအဖွဲ့အစည်းခေါင်းဆောင်ရဲ့သမီးနော်"

"မောင့်ချစ်သူတစ်ယောက်အနေနဲ့ မောင်ပြောတာပါ၊ နောက်ဆုံးအားလုံးနဲ့ ညှိနှိုင်းလုပ်လို့ မရတောင် မောင်နဲ့ဝတ်မှုံနှစ်ယောက်ကတော့ ရန်ကုန်မှာဖြစ်ဖြစ်၊ ဒါမှမဟုတ် တခြားတစ်နေရာမှာဖြစ်ဖြစ် ဟိုမှာပဲ အခြေအမြဲ အပိုင် နေလိုက်ချင်တယ်၊ ဒီအဖွဲ့အစည်းဆိုတာတွေနဲ့ မောင် မပတ်သက်ချင်တော့ဘူး"

"အဲဒါတော့ ဘယ်လိုမှ ဖြစ်မယ်မထင်ဘူးမောင်၊ ဝတ်မှုံ နိုင်ငံရေးတွေ ဘာတွေတော့ နားမလည်ပါဘူး၊ ဒါပေမယ့် ဒက်ဒီလုပ်နေတဲ့ အလုပ်ကိုတော့ ဝတ်မှုံ မဆန့်ကျင်ချင်ဘူး။ ဝတ်မှုံတို့မှာ ဒီသားအဖနှစ်ယောက်ပဲ ရှိတာ။ ဝတ်မှုံဒီအရွယ်ရောက်အောင် ဒီပညာတွေတတ်အောင် ဒက်ဒီပဲ ပြုစုပျိုးထောင်ခဲ့တာ၊ ခုချိန်ကျမှ ဒက်ဒီကို ကျေးဇူးကန်းချင်



www.burmeseclassic.com

www.burmeseclassic.com



ဘူး..''

''ဒါဆိုဝတ်မှုံ့သဘောက....''

''ဝတ်မှုံ့သဘောကတော့ အနုပညာသင်စရာရှိတာ ရန်ကုန်မှာ သွားသင်မယ်။ ပြီးရင်ဒက်ဒီက ဘာလုပ်နိုင်းမလဲ၊ ဒီပြန်လာဆိုရင် ပြန်လာမှာပေါ့၊ ဒါမှမဟုတ်လို့ ဒီကိုပြန်မလာဘဲ တခြား ဘာလုပ်ဘာလုပ် ဆိုရင်လဲ အဲဒါပဲ လုပ်လိုက်မှာပေါ့''

''ဆိုလိုတာက ဒီအဖွဲ့အစည်းကိုတော့ ဝတ်မှုံ့မစွန့်ခွာနိုင်ဘူးပေါ့''

''ဝတ်မှုံ့ပြောပြီးပြီပဲ၊ အဖွဲ့အစည်းတွေ၊ အလင်းတွေ အမှောင်တွေ ဝတ်မှုံ့နားမလည်ဘူး၊ ဝတ်မှုံ့ဆန္ဒက ဝတ်မှုံ့မှာ တစ်ဦးတည်းသော မိဘအနေနဲ့ ရှိနေတဲ့ဒက်ဒီကို မစွန့်ခွာနိုင်ဘူးလို့...''

''အဲ့ဒါဆို...မောင်က''

''မောင်လဲ ဝတ်မှုံ့ကိုချစ်ရင်၊ ဝတ်မှုံ့ဆန္ဒအတိုင်း ရှိရမှာပေါ့မောင်၊ ခုလဲဒက်ဒီကမောင့်ကို ဒီမှာမျက်နှာငယ်အောင် ထားလို့လား၊ ထိုက်သင့်တဲ့ ရာထူးတွေ၊ အခွင့်အရေးတွေလဲ ပေးတယ်၊ ဝတ်မှုံ့နဲ့ ဒီလိုနေတာကိုတောင် ဘာတစ်ခုမှ မတားဆီး၊ မကန့်ကွက်ဘဲ စိတ်ချမ်းသာသလိုနေဖို့ လွှတ်ပေးထားတာပဲ။ မောင့်စိတ်ကူးကို ဒက်ဒီတို့ ဝတ်မှုံ့တို့မပြောနဲ့၊ မောင့်အဘတောင် လက်ခံနိုင်ရဲ့လား ...''

ဇော်မိုင်ခေါင်းခါသည်။

''မရပါဘူးဝတ်မှုံ့၊ အဘကလဲ လက်မခံနိုင်ပါဘူး...''

''အဲဒါဆို မောင်ကဘာဖြစ်လို့ မဖြစ်နိုင်တာတွေ စိတ်ကူးနေလဲ





မောင်ရယ်၊ ဖြစ်နိုင်တဲ့အခြေအနေတွေထဲမှာ စိတ်ချမ်းသာအောင် ဖန်တီးယူကြတာ မကောင်းဘူးလား။ ဒီမှာမောင်၊ ဝတ်မှုံ့ပွင့်ပွင့်လင်းလင်းပဲပြောမယ်၊ မောင်တစ်နေ့ ဘာဖြစ်မယ်ထင်လဲ....''

''မပြောတတ်ဘူးဝတ်မှုံ့၊ ဝတ်မှုံ့က ဘယ်လိုထင်လို့လဲ...''

''ဝတ်မှုံ့ထင်တာ မဟုတ်ဘူး၊ ဝတ်မှုံ့သိထားတာ၊ ဒက်ဒီစိတ်ကြိုက်ဖြစ်အောင် မောင်နေရင် မောင်နဲ့ဝတ်မှုံ့ကို ဒက်ဒီက သဘောတူမှာပဲ၊ သဘောတူလို့ မောင် သူ့သားမက်ဖြစ်ရင် တစ်နေ့ သူ့နေရာကို မောင်ရမှာ၊ ဒက်ဒီမှာ သူ့နေရာကိုပေးဖို့ တခြားလူ မရှိဘူး၊ သူ့နေရာကို မောင်ရပြီး ဒီဒေသနဲ့ ဒီအဖွဲ့အစည်းမှာ မောင်ခေါင်းဆောင်ဖြစ်မှာ..၊ အဲဒီလိုလူက ခုချိန်မှာ ဒီလိုအဖွဲ့အစည်းကိုဆန့်ကျင်တဲ့အတွေးတွေ မတွေးသင့်ဘူး၊ ဒီမှာမောင်....''

''ပြော...ဝတ်မှုံ့၊ ဘာများလဲ''

''မောင် ဝတ်မှုံ့ကို မချစ်ဘူးလား''

''ချစ်ပါတယ် ဝတ်မှုံ့၊ အရမ်းကို ချစ်ပါတယ်''

''အဲဒါဆို ဘာမှတွေလီကာလီတွေ မစဉ်းစားနေနဲ့၊ ဝတ်မှုံ့အားလုံးစီစဉ်ပေးမယ်၊ ဝတ်မှုံ့စီစဉ်ပေးတဲ့အတိုင်းသာ လိုက်နာ၊ ဝတ်မှုံ့စကားကိုနားထောင်လို့ မောင်အကျိုးမယုတ်စေရဘူး၊ ဝတ်မှုံ့ကလဲ ကိုယ့်ယောကျ်ားဖြစ်လာမယ့်မောင့်ကို အကောင်းဆုံးနေရာကလွဲလို့ ဘာကိုမှ မစဉ်းစားဘူး၊ ဝတ်မှုံ့ အပွင့်လင်းဆုံးပြောတာပဲ၊ ရှင်းပါတယ်နော်..''

''ရှင်းပါတယ်ဝတ်မှုံ့...''

''အဲဒါဆို ဒီညပဲ ဒက်ဒီနဲ့ဝတ်မှုံ့ ဆွေးနွေးမယ်၊ မောင်ဘာလုပ်



www.burmeseclassic.com

www.burmeseclassic.com



ရမယ်ဆိုတာ မနက်ဖြန်တော့ သိမှာပေါ့···"

ဇော်မိုင်ခေါင်းညိတ်၏။

ထိုကိစ္စမှလွဲ၍လည်း တခြားသူ့မှာ ရွေးစရာမရှိ။ သူကလည်း ဝတ်မှုံကို အလွန်အမင်း ချစ်မိနေပြီမဟုတ်ပါလား····။

✤ ✤ ✤

ခြံဝင်းထဲ ကားကွေ့ဝင်လိုက်သည့်အချိန်မှာ အိမ်အဝင် တံခါးမှာရပ်စောင့်နေသော နန်းဝတ်မှုံကို တွေ့သည်။

သည်ဘက်ပိုင်းမှာ နန်းဝတ်မှုံက သူ့ကိုအပြန်တွင် ကားပေါ်မှ အိမ်သို့ ယူသွားနိုင်သည်။

သို့သော် ခါတိုင်းကဲ့သို့ နန်းဝတ်မှုံက ဇော်မိုင်ကားရပ်လိုက်သည်နှင့် ကားပေါ်တက်မလာဘဲ ဇော်မိုင်ရှိသည့်ဘက် လျှောက်လာ၍ အနားမှာ ရပ်ပြီး····

www.burmeseclassic.com

www.burmeseclassic.com



"ကဲ… ဆရာကြီး၊ ဒီနေ့တော့ ကားပေါ်ကနေ စတိုင်နဲ့ မစောင့်နဲ့တော့၊ ကားပေါ်ကဆင်း၊ အိမ်ထဲလိုက်ခဲ့"

"ဘာလုပ်မလို့လဲဝတ်မှုံ‥"

"ဒက်ဒီစောင့်နေတယ်၊ မောင့်ကိုကော၊ ဝတ်မှုံကိုကော ပြောစရာရှိတယ်တဲ့"

"မနေ့က ကိစ္စလား"

နန်းဝတ်မှုံက ခေါင်းညိတ်ရင်း….

"ဟုတ်တယ်၊ ညက ဝတ်မှုံ ဒက်ဒီကို အားလုံးပြောပြလိုက်တယ်"

…လုံးပြောပြလိုက်တယ် ဆိုသဖြင့် ဇော်မိုင့်ရင်ထဲမှာ ထိတ်ခနဲဖြစ်သွားသည်။

သို့သော် နန်းဝတ်မှုံမျက်နှာက ပြဿနာတစ်ခုခု ကြုံတွေ့နေရပုံမရဘဲ ကြည်လင်ရွှင်ပြုံးနေသဖြင့် အခြေအနေမဆိုးကြောင်း သဘောပေါက်လိုက်သည်။

"ဒက်ဒီက ဘာပြောသလဲ ဝတ်မှုံ"

"ကဲပါ…လာပါ ဆင်းစရာရှိတာဆင်းပါ၊ အခြေအနေ မကောင်းဘဲနဲ့ ဝတ်မှုံကမောင့်ကို ဒက်ဒီနဲ့ တွေ့ပေးပါ့မလား၊ အခြေအနေ ကောင်းပါတယ်။ ဒါပေမယ့် ဒက်ဒီက ဘာပြောဦးမယ်ဆိုတာ မသိလို့…"

ဇော်မိုင်ဘာမှ မပြောတော့ဘဲ ပင့်သက်တစ်ချက်သာ ခိုးရှိုက်၍ကားပေါ်မှ ဆင်းလိုက်သည်။

ထို့နောက် နန်းဝတ်မှုံ ဦးဆောင်ခေါ်သွားသည့်နောက်သို့ အသာတကြည်ပင် လိုက်သွားလိုက်သည်။





နန်းဝတ်မှုံက သူမတို့အိမ်တွင် ဧည့်ခန်းနှစ်ထပ်ရှိသည့်အနက် သော်ရုံဧည့်သည် မဝင်ရဘဲ သိပ်အရေးကြီးသည့် ဧည့်သည်နှင့် အိမ်သားများသာ ဝင်ခွင့်ရသည့် အတွင်းဧည့်ခန်းထဲအထိ ခေါ်သွားသည်။

အတွင်းဧည့်ခန်းထဲ ရောက်သောအခါ အဆင်သင့် ထိုင်စောင့်နေသော ဦးအိုက်လိတ်ကို တွေ့လိုက်ရ၏။

⁂ ⁂ ⁂

"ကဲ‥ ထိုင်ကြ ထိုင်ကြ"

ဦးအိုက်လိတ် လေသံက အေးအေးဆေးဆေးပဲဖြစ်သည်။ မျက်နှာအမူအယာကလည်း ဘာမှထူးခြား ပိုလွန်နေသော အရိပ်အယောင်မရှိ။ အေးဆေးတည်ငြိမ်စွာပဲရှိသည်။

နန်းဝတ်မှုံက ဇော်မိုင့်ဘက်လှည့်၍…

"ထိုင်လေမောင်….၊ ဝတ်မှုံလဲ ဒီမှာပဲထိုင်မှာ"



www.burmeseclassic.com

www.burmeseclassic.com



ဇော်မိုင်က ခေါင်းညိတ်၍ နန်းဝက်မှုပြသည့် နှစ်ယောက်ထိုင်ခုံတွင်ထိုင်သည်။ နန်းဝတ်မှုက သူ့ဘေးမှာ ဝင်ထိုင်သည်။

နှစ်ယောက်သား ထိုင်ပြီးချိန်ကျမှ ဦးအိုက်လိတ်ကစ၍····

''ညက သမီးပြောပြလို့ မင်းတို့နှစ်ယောက်အခြေအနေကို ငါသိပြီးပြီ ကောင်လေး။ အေးပေါ့ကွာ၊ လူငယ်ဆိုတာကတော့ လူငယ်သဘာဝ ဒီလိုပဲရှိကြမှာပေါ့၊ မင်းတို့လူငယ်တွေကိစ္စမှာ ငါဘာမှ ဝင်အနှောက်အယှက်ပေးစရာ မရှိပါဘူး၊ ကြားလားကောင်လေး''

''ဟုတ်ကဲ့··· ကြားပါတယ် ဗိုလ်မှူးကြီး၊ ကျေးဇူးလည်း တင်ပါတယ်''

''ကဲပါကွာ···မင်းနဲ့ငါနဲ့ အခြေအနေက ပုံစံတစ်မျိုး ဖြစ်သွားပြီဆိုတော့ ငါ့ကိုလဲ ဗိုလ်မှူးကြီးတွေ ဘာတွေ လုပ်မနေပါနဲ့၊ သမီးခေါ်သလိုပဲခေါ်ပါ''

''ဟုတ်ကဲ့ခင်ဗျ···ဟုတ်··· ဟုတ်ကဲ့ပါဒက်ဒီ''

''အေး···ဒီလိုရှိတယ်ဇော်မိုင်၊ ငါ့မှာက စုစုပေါင်းမှ ဒီသမီးတစ်ယောက်ပဲရှိတာ။ အဲဒီတော့ ဒီသမီးရဲ့ရှေ့ရေးက ငါ့အတွက် သိပ်အရေးကြီးတယ်၊ ပြီးတော့ ငါ့သမီးနဲ့ ပတ်သက်ပြီး ငါ့သမက်ဖြစ်လာမယ့်သူကလဲ ငါကော၊ ငါ့ဒေသတစ်ခုလုံးအတွက်ကော၊ ငါခေါင်းဆောင်နေတဲ့အဖွဲ့အစည်းအတွက်ကော အရေးကြီးတယ်···· ''

''ဟုတ်ကဲ့···''

''မင်းတို့သိတဲ့အတိုင်း လက်ရှိငါလုပ်နေရတဲ့ တာဝန်တွေကနည်းတာမဟုတ်ဘူး၊ ငါတို့ဒေသအဖွဲ့အစည်းမှာ ငါခေါင်းဆောင်၊ ဒီအဖွဲ့





အစည်းနဲ့ပတ်သက်လာရင် ငါ့မှာ ဘက်ပေါင်းစုံက တာဝန်ရှိတယ်၊ အဲလိုပဲ၊ ငါတို့ပူးပေါင်းထားတဲ့ ပါတီအဖွဲ့အစည်းဌာနချုပ်အပိုင်းနဲ့ကျတော့လဲ၊ ငါက ဒီဒေသရဲ့ စစ်ရေးတာဝန်ခံ၊ ဒေသခေါင်းဆောင်၊ ပါတီအပိုင်းနဲ့ကြည့်ရင် ဘပ်မဟာတစ်ခုရဲ့ ဗိုလ်မှူးကြီးဆိုပေမယ့်၊ ငါတို့ဒေသအဖွဲ့အစည်း အနေနဲ့ကြည့်ရင် ငါကစော်ဘွားဆိုရင်လဲဟုတ်တယ်၊ ဘုရင်ဆိုရင်လဲဟုတ်တယ်။ အဲဒီတော့ ငါတို့နဲ့ မဟာမိတ်ပုံစံ ပူးပေါင်းထားတဲ့ ပါတီအပိုင်းကို ခဏထားလိုက်၊ ငါ့ဒေသအဖွဲ့အစည်းနဲ့ ပတ်သက်လာတဲ့အခါကျတော့ ငါ့မှာ အရိုက်အရာကိစ္စဆိုတာ ရှိတယ်''

ဦးအိုက်လိတ်က ပြောရင်းနှင့် ခဏနားပြီး ဇော်မိုင့်ကို တစ်ချက်သမ်းကြည့်သည်။ ဇော်မိုင်က ငြိမ်သက်စွာပင် နားထောင်နေသည်။ ဦးအိုက်လိတ်ကဆက်၍···

''ငါ့မှာ သားရှိရင်တော့ ပြဿနာမရှိဘူး၊ ငါ့သားဟာ ငါ့အရိုက်အရာခံပဲ။ ငါမရှိရင် သူခေါင်းဆောင်ဖြစ်ရမှာပဲ၊ ဘယ်သူကြိုက်ကြိုက်မကြိုက်ကြိုက် ဒါတွေ ငါတို့နားမလည်ဘူး၊ ငါသေရင် ငါ့သားက ခေါင်းဆောင်ပဲ၊ အဲဒါကို လက်မခံဘူးဆိုရင်လဲ အဲဒီကောင်ကို သတ်ပစ်လိုက်ရုံပဲ၊ ရှင်းတယ်နော်''

''ဟုတ်ကဲ့···ရှင်းပါတယ်''

''ဒါပေမယ့်···''

''ဒါပေမယ့် ငါ့မှာ သားမရှိဘူးကွ ဇော်မိုင်ရ၊ အဲဒီအခါကျတော့ ငါ့သားဖြစ်လာမယ့် ငါ့သားမက်က အရေးကြီးသွားပြန်ပြီ၊ အဲဒီမှာလဲ ငါ့မှာစုစုပေါင်းမှ ရစရာ သားသမက် တစ်ယောက်ပဲရှိတယ်၊ အဲဒီတော့



www.burmeseclassic.com

www.burmeseclassic.com



ထုံးစံအတိုင်းဆိုရင် ဒီသားမက်ကို ငါစိတ်ကြိုက် ရွေးရမယ်၊ ငါကြိုက်လို့ ရွေးပြီဆိုရင် အဲဒီလူကို သမီးက ဘာအကြောင်းနဲ့မှ ငြင်းခွင့်မရှိဘူး၊ ယူကိုယူရမယ်၊ ဒါငါတို့ထုံးစံပဲ၊ ဒါပေမယ့်..''

ဦးအိုက်လိတ်က သည် ဒါပေမယ့်ကိုလည်း စောစောက ဒါပေမယ့်နည်းတူ အလေးအနက်ပြုသည့်သဘော၊ နှစ်ခါထပ်ပြီး သုံးပြန်သည်။

''ဒါပေမယ့်... ငါမရွေးခင် ငါ့သမီးက သူ့ကြင်ဘက်အဖြစ် လျာထားဖို့ မင်းကို ချစ်သူအဖြစ် လက်ခံရွေးခြယ်ပြီးနေပြီ၊ အဲဒီအကြောင်းကိုလဲ မနေ့ညက ငါ့ကိုသူပြောတယ်။ အဲဒီတော့ ငါကလဲ ငါ့သမီး စိတ်ချမ်းသာမှုကို ဦးစားပေးရတော့မယ်၊ ငါ့သမီးရဲ့ကြင်ယာကို ငါရှာပေး ရွေးပေးမယ့်အစား၊ ငါ့သမီးရွေးထားတဲ့ချစ်သူဟာ ငါလိုချင်တဲ့ပုံစံ ကိုက်မကိုက် စဉ်းစားဆုံးဖြတ်ပေးရုံပဲ ရှိတော့တယ်။ လိုအပ်ချက်ရှိရင်လည်း ငါတစ်ခါတည်း ပြုပြင်ပေးရမယ်၊ လက်မခံနိုင်ရင်လဲ အခုဒီမှာတင် တစ်ခါတည်း စာရင်းဖြတ်ရမယ်။ ငါပြောတာ မင်း သဘောပေါက်တယ်နော် ဇော်မိုင်''

''သဘောပေါက်ပါတယ် ဒက်ဒီ..''

''အေး... မှန်တာပြောရရင် ခုချိန်အထိတော့ မင်းကိုငါ လက်မခံနိုင်စရာ မရှိသေးပါဘူး။ ငါ့သူငယ်ချင်း၊ ငါ့ရဲဘော်လဲဖြစ်တဲ့ ဇော်ခန်းရဲ့သား၊ ခေတ်ပညာလဲ သင့်သင့်သလောက် သင်ပြီးထားပြီ၊ အကျင့်စာရိတ္တပိုင်း၊ ကိုယ်ရည်ကိုယ်သွေးပိုင်းလဲ မင်းမညံ့ပါဘူး။ ဒါကြောင့်လဲ တစ်နေ့ဒီလိုဖြစ်လာနိုင်တယ်လို့ သိရက်နဲ့ ငါ မင်းနဲ့ သမီးကို စိတ်ချလက်ချ အပ်ပေးထားတယ်၊ ဒီလိုလဲ တကယ်ပဲဖြစ်လာခဲ့တယ်၊ ညက... သမီးက





ငါ့ကို မင်းတို့အခြေအနေပြောပြတော့ ငါမအံ့သြပါဘူး''

''ဒါပေမယ့် တစ်ခုတော့ရှိတယ်ဇော်မိုင်...''

''ဟုဘ်ကဲ့...ပြောပါခင်ဗျာ..''

''မင်းကို ငါစိတ်ကြိုက်ရွေးထားတာ မဟုတ်တဲ့အတွက် ငါ့အနေနဲ့ ယာယီလက်ခံရုံပဲ လက်ခံနိုင်မယ်၊ အပြီးသတ် ရွေးချယ်ဆုံးဖြတ်ပေးဖို့အတွက်ကတော့ ငါ့စိတ်ကြိုက်ပုံစံရတဲ့အထိ မင်းကိုငါ လေ့ကျင့်ပေးရဦးမယ်။ ဒါက ငါ့အတွက်လဲ မဟုတ်ပါဘူး၊ ဒီဒေသအဖွဲ့အစည်းရဲ့ ခေါင်းဆောင်တစ်ယောက်ဖြစ်လာမယ့် လူတစ်ယောက်ဟာ ခေါင်းဆောင်တစ်ယောက်မှာ ရှိသင့်ရှိထိုက်တဲ့ အတွေ့အကြုံ၊ အရည်အချင်းတွေရှိမှ ဒီအဖွဲ့အစည်းအတွက် ကောင်းမှာပေါ့၊ အဲလိုလေ့ကျင့်ပေးလိုက်ရင်လဲ မင်းအရည်အချင်းနဲ့ ငါလိုချင်တဲ့ပုံစံ ဖြစ်လာလိမ့်မယ်လို့ ငါယုံတယ်၊ အဲဒီတော့ မင်းလုပ်ရမယ့်အလုပ်က တစ်ခုပဲရှိတယ်..''

''ဟုတ်ကဲ့...''

''မင်းကိုယ်မင်း ဒီအဖွဲ့အစည်းရဲ့ ခေါင်းဆောင်ဖြစ်လာမယ့်သူတစ်ယောက်လို့ ခံယူလိုက်တော့၊ အဲလိုခံယူပြီးတာနဲ့ မင်းမှာသီးခြား လုပ်ချင်တာ၊ ကိုင်ချင်တာ ဘာမှ မရှိရတော့ဘူး၊ လက်ရှိခေါင်းဆောင်ဖြစ်တဲ့ ငါ ချပေးတဲ့မူအတိုင်း တသွေမတိမ်း မင်းလုပ်ရတော့မယ်၊ သမီးလဲ ဒီလိုပဲ၊ သမီးချစ်တဲ့သူနဲ့ သမီးယူပြီး ဒက်ဒီအရိုက်အရာကို ဆက်ခံမယ်ဆိုရင်၊ သမီးလဲ ဟိုဟာလုပ်ချင်တယ်၊ ဒီဟာလုပ်ချင်တယ် မပူဆာနဲ့တော့၊ ဒက်ဒီ ခိုင်းတဲ့အတိုင်း ဒါဆို ဒါပဲလုပ်တော့၊ အချိန်တန်ရင် သမီးဖြစ်ချင်တာတွေ အားလုံး ဖြစ်လာလိမ့်မယ်၊ ရှင်းလားသမီး''



www.burmeseclassic.com

www.burmeseclassic.com



"ဟုတ်ကဲ့ ရှင်းပါတယ် ဒက်ဒီ"

"ကောင်လေးဇော်မိုင်…မင်းကော"

"ရှင်းပါတယ် ဒက်ဒီ"

"အဲဒီအတိုင်း ဖြစ်ရမယ်လို့ကော နှစ်ယောက်စလုံး ကတိပေးနိုင်သား"

"ဟုတ်ကဲ့… သမီးကတိပေးပါတယ်"

"ဇော်မိုင်ကော…"

ဇော်မိုင်ချက်ချင်း အဖြေမပေးနိုင်သေးဘဲ ခေါင်းထဲတွင် ဗျာများနေသည်။ နန်းဝတ်မှုံက လှည့်ကြည့်သည်။

"ပြောလိုက်လေမောင်… "

"ဟုတ်…ဟုတ်ကဲ့…ကျွန်တော်လဲ ကတိပေးပါတယ်"

"ဟားဟား….လုပ်ပါကွ…သမီးပြောသလို ကတိပေးပါတယ် ဒက်ဒီလို့ပြောပါ"

"ဟုတ်ကဲ့ ကတိပေးပါတယ် ဒက်ဒီ"

"အေး….ရပါပြီကွာ၊ အဲဒါဆို မင်းတို့လဲ မင်းတို့သွားချင်တဲ့ နေရာ သွားကြတော့၊ ဘာလုပ်ရမယ်၊ ညာလုပ်ရမယ်ဆိုတာတွေ နောက်မှ ငါပြောပါ့မယ်။ ခုလောလောဆည်တော့ လွတ်လွတ်လပ်လပ်ပဲ နေဦး၊ ဒါပေမယ့် သတိတော့အမြဲရှိနော်၊ ဘာဖြစ်လို့လဲဆိုတော့ ငါကလဲ ဒီနေ့ပဲ ငါ့အဖွဲ့အစည်းရဲ့ ခေါင်းဆောင်အဖွဲ့ဝင်တွေကို ဒီအကြောင်း အသိပေးထားလိုက်တော့မှာ။ မကြာခင် ဒီဒေသကလူတွေအားလုံးက မင်းကို ငါ့အရိုက်အရာခံအဖြစ်နဲ့ အားလုံးသိသွားကြတော့မှာ။ မလိုတဲ့လူက ရန်ရှာတာမျိုး





မင်းမှာအချိန်မရွေး တွေ့နိုင်တယ်။ ပြီးတော့ မင်းကိုလူတွေက အချိန်ပြည့် စောင့်ကြည့်နေကြတယ်ဆိုတာ ဘယ်တော့မှမမေ့နဲ့၊ ငါပြောတာ နားလည်ဘယ်နော်.."

"ဟုတ်ကဲ့…နားလည်ပါတယ် ဒက်ဒီ"

"အေးအေး…သွားကြတော့၊ သွားကြတော့"

အခမ်းအနားအပြီးမှာ ဇော်မိုင်သက်ပျင်းတစ်ခုကို ဘယ်သူမှ မသိအောင် ခိုးချလိုက်မိ၏။

✤ ✤ ✤

www.burmeseclassic.com

ရ။

"ဝတ်မှုံ"

"မောင်"

"ခုန ဒက်ဒီပြောတဲ့အတိုင်းဆို မောင်တို့နှစ်ယောက်မှာ ဘာသီးခြားအစီအစဉ်မှ မရှိရတော့ဘူး၊ သူဘာလုပ်ဘာလုပ်ဆိုတဲ့အတိုင်းပဲ လုပ်ရမယ်တဲ့၊ မောင်တို့ ဘယ်လိုပုံစံနဲ့ ဆက်သွားရဖို့ ဖြစ်နိုင်လဲဝတ်မှုံ"

"ဘယ်အပိုင်းကိုလဲမောင်.."



"မောင်တို့ တက္ကသိုလ်တက်ဖို့ကိစ္စတို့ ဘာတို့ပေါ့"

"ဝတ်မှုံသိသလောက် မောင် တက္ကသိုလ်ဆက်တက်ဖို့ကတော့ မဖြစ်နိုင်တော့ဘူး။ ဒက်ဒီက ဝတ်မှုံတစ်ယောက်တည်းကိုပဲ ရန်ကုန်မှာ ပြန်ကျောင်းတက်ခိုင်းမယ်လို့ ပြောတယ်"

"ဟင်...မောင်ကကော.."

"မောင်က ဒီမှာသူနဲ့တွဲပြီး အလုပ်တွေ အများကြီးလုပ်စရာ ရှိတယ်တဲ့။ ဒီနေရာမှာ ဘာမှအသုံးမကျတဲ့ ကျောင်းစာတွေ သွားသင်ပြီး လေးငါးခြောက်နှစ် မောင့်ကိုအချိန်ဖြုန်းခွင့် မပေးနိုင်ဘူးတဲ့.."

"အဲဒီတော့ ဝတ်မှုံက ဘာပြောလဲ"

"ဝတ်မှုံဘာပြောဖို့ လိုဦးမလဲမောင်။ ဒက်ဒီက ဒီလိုလုပ်ဆိုရင် ဒီလိုပဲ လုပ်ရတော့မှာပေါ့၊ ဒက်ဒီက ဝတ်မှုံတို့ရဲ့ အနာဂတ်အစီအစဉ်တွေကို အကောင်းဆုံးဖြစ်အောင် ဆွဲပေးထားပြီးပြီပဲ၊ မောင်ဘာမှ စောဒက မတက်နဲ့တော့လေ၊ သူချပေးတဲ့ပုံစံအတိုင်း လိုက်နာပါ့မယ်လို့ နှစ်ယောက်စလုံး ကတိပေးထားကြရပြီပဲ"

"ဟင်း..."

သူရင်မောသွားသည်။

"ဘာဖြစ်လို့ သက်ပျင်းချတာလဲမောင်၊ မောင်က ဒီအစီအစဉ်တွေကို သဘောမကျလို့လား"

"မဟုတ်ပါဘူးဝတ်မှုံ၊ ဝတ်မှုံ တက္ကသိုလ်သွားတက်နေရင် မောင်နဲ့ အကြာကြီးခွဲနေရတော့မယ်ဆိုပြီး ရင်မောသွားလို့ပါ"

"ဒီလောက်တော့ သည်းခံရမှာပေါ့မောင်"



www.burmeseclassic.com

www.burmeseclassic.com



"ဝတ်မှုံက ကျောင်းအစကနေ ပြီးတဲ့အထိ ဆက်တန်းတက်ခဲ့တုန်းကလို ရန်ကုန်မှာ တောက်လျှောက်နေသွားရမှာလား.."

"အမှန်တော့ အဲ့လိုပဲ နေမှဖြစ်မှာမောင်၊ ဝတ်မှုံကျောင်းသွားတက်ရတဲ့ပုံစံက မောင်လဲသိပါတယ်။ ဟိုနဲ့ဒီ ခေါက်တုံ့ခေါက်ပြန် ကူးသန်းနေလို့ ရတာမှ မဟုတ်ဘဲ။ ရန်ကုန်မှာ မာမီ့အစ်ကိုအရင်း ဘဘတို့ရှိတယ်၊ ဝတ်မှုံက သူတို့သမီးအနေနဲ့ ငယ်ငယ်ကတည်းက အဲဒီမှာနေခဲ့ရတာ။ မာမီ ဒီမှာဆုံးသွားတုန်းကတောင် ဒက်ဒီက ဒီကိုအလာမခံဘူး၊ အခုတောင် ဝတ်မှုံ ဖွတ်ပြန်လာလို့၊ ဒက်ဒီက လုံးဝလာစေချင်တာ မဟုတ်ဘူး"

"ဒါဆို…ဝတ်မှုံနဲ့မောင် အကြာကြီး အဆက်ပြတ်နေတော့မှာပေါ့နော်"

"အရင်တုန်းကတော့ ဒက်ဒီကတစ်နှစ်တစ်ခါလောက် လူလွှတ်ပြီး ငွေလာပို့၊ ဝတ်မှုံခေါ်ပုံတစ်ပုံ လာယူခိုင်း၊ အဲဒါမျိုး လုပ်တတ်တယ်မောင်၊ ခုတော့ ဘယ်လိုပုံစံလုပ်ပေးမလဲ မသိဘူး"

"ဟား…စိတ်မောစရာကြီးပါလား ဝတ်မှုံရယ်"

"မောင်ကယောက်ျားပါကွယ်၊ လွမ်းစရာရှိရင် မိန်းကလေးဖြစ်တဲ့ ဝတ်မှုံလွမ်းဖို့လဲ ချန်ထားပါဦး၊ မောင်သတိရသလို ဝတ်မှုံလဲ သတိရနေမှာပဲ၊ မောင်တွေ့ချင်သလို ဝတ်မှုံလဲ တွေ့ချင်မှာပဲ။ ဒါပေမယ့် ဒက်ဒီက ဒါလုပ်ဆို….ဒီလိုပဲ ကြိတ်မှိတ်အောင့်အီးပြီး လုပ်ရမှာပေါ့"

"အားလုံး ဘယ်လောက်လောက်ကြာမယ်မှန်းလဲ"

"အဲဒါတော့ ဘယ်ပြောတတ်ဦးမလဲ မောင်… ဝတ်မှုံ ဘယ်တက္ကသိုလ်တက်ရမယ်မှ မသိရသေးတာ။ ဒါပေမယ့် အဖြစ်နိုင်ဆုံး ပြောပြ





မယ်နော်၊ မောင်စိတ်ခါတ်မကျနဲ့…"

"အင်း…ပြောပါဦးဝတ်မှုံ"

"အနည်းဆုံး လေးနှစ်ကျော်ကျော်လောက်တော့ ကြာနိုင်တယ်"

" ဟင် အနည်းဆုံး လေးနှစ်ကျော်ကျော်…ဟုတ်လား"

" ဟုတ်တယ်၊ အဲဒါအနည်းဆုံးပဲ၊ တက္ကသိုလ်တစ်ခုမှာ ဘွဲ့ရဘို့ အနည်းဆုံး လေးနှစ်တက်ရမယ်၊ ဒါပေမယ့် ဝတ်မှုံသွားဟာက ဒီထက်ပိုကြာမယ်။ ဘာဖြစ်လို့လဲဆိုတော့ ဝတ်မှုံက တက္ကသိုလ်စတက်တဲ့နေ့မှ ဒီကထွက်ရမှာမဟုတ်ဘဲ။ အောင်စာရင်းထွက်ချိန်ကတည်းက သွားနေရမှာ။ အောင်စာရင်းထွက်တာကနေ တက္ကသိုလ်တက်ဖို့ တစ်နှစ်နီးပါး ကြာဦးမှာ။ အဲဒီတော့ အနည်းဆုံး လေးနှစ်ကျော်၊ ငါးနှစ်နီးပါးတော့ ရှိမှာပဲ"

"ဒါဆိုရင် ဝတ်မှုံက…."

"ဟုတ်တယ်မောင်၊ မောင်သိပ်အဖြစ်သည်းနေလို့ ဝတ်မှုံ ပြောရခက်နေတာ။ ဝတ်မှုံရန်ကုန်ကို ပြန်ရတော့မှာ၊ အဲဒါကြောင့်မို့ မောင်လဲစိတ်ချအောင်၊ ဝတ်မှုံလဲ စိတ်အေးအောင် ဒီရက်ပိုင်းအတွင်းမှာ ဒါတွေအပြီးလုပ်နေတာ"

"အခုကော ဝတ်မှုံ ဘယ်နေ့သွားမယ်ဆိုတာ သိပြီလား…"

"သိပြီမောင်၊ ညကဒက်ဒီပြောတယ်၊ ဆယ်တန်းအောင်စာရင်းတွေ ထွက်နေပြီတဲ့၊ နောက် နှစ်ရက်သုံးရက်နေရင် သမီးရန်ကုန်ကို ပြန်တော့တဲ့…"

"ဟင်…."

ဇော်မိုင်ဘာစကားမှ မပြောနိုင်အောင် ငိုင်ဆင်းသွားသည်။



www.burmeseclassic.com

www.burmeseclassic.com



ဒါဆို…ဝတ်မှုံနှင့်သူ တွေ့နေရမယ့်အခွင့်အရေးက နှစ်ရက်သုံးရက်ပဲ အများဆုံးကျန်တော့တာပေါ့။

အပူငွေ့များက ရင်ထဲသို့ လိုက်တက်လာသည်။

အချစ်ကြောင့် ချစ်သူနှင့်ခွဲခွာရမှာကြောင့် ကစ်မနက်လုံး ကိုယ်စိတ်လဲမဝင်စား၊ ဖြစ်လဲမဖြစ်ချင်သောအရာများ အားလုံးကို ခေါင်းညိတ်ခဲ့သဘောတူခဲ့၊ ကတိပေးခဲ့သည့်ကြားက ချစ်သူနှင့် ကွေကွင်းခွဲခွာနေရခြင်းဒဏ်ကို နောက်ထပ် လေးငါးနှစ်ခံရဖို့က မဖြစ်မနေ ဖြစ်လာရသေးသည်။

လောကကြီးက မတရားပါဘူးဟု စိတ်ထဲက နာကျည်းစွာတွေးလိုက်မိ၏။

※ ※ ※

"လူလေး…မင်းကအိုက်လိတ်ရဲ့ အစီအစဉ်ကို တကယ်ကျေကျေနပ်နပ် လက်ခံခဲ့တာ ဟုတ်ရဲ့လား"





သူ့အိမ်ပြန်ရောက်ရောက်ချင်း အဘက ဆီးကြိုမေးသည်။

"ဘာဖြစ်လို့လဲအဘ။ အဘက အဲဒီအစီအစဉ်ကို သဘောမကျလို့လား…."

"အဘသဘောကျတာ မကျတာက အဓိက မဟုတ်ပါဘူးကွာ၊ မင်းဒီမှာ တကယ်ပျော်ပြီး စိတ်ချမ်းချမ်းသာသာနဲ့ နေသွားမယ်ဆိုရင် ငါက ပိုတောင်သဘောကျသေးတယ်၊ ဒါပေမယ့်…"

"ဒါပေမယ့် ဘာဖြစ်လဲအဘ…"

"ဒါပေမယ့် ဒီပြန်ရောက်ကတည်းက ပြန်ချင်တယ်၊ ဒီမှာ စိတ်ညစ်တယ်၊ ဒီကဘယ်လို၊ ဟိုကဘယ်လို အမြဲပြောနေတဲ့သူက အိုက်လိတ်သမီးကိုယူပြီး အိုက်လိတ်နေရာ ဆက်ခံမယ်ဆိုတာ တကယ်စိတ်ပါလက်ပါ ရှိလို့မှ ဟုတ်ရဲ့လား။ သူ့သမီးကို ကြိုက်မိတာနဲ့ သူစီမံတာ နာခံခဲ့ရဘာလားဆိုတာ ငါ သံသယဝင်နေလို့ပါ…"

"တကယ်လို့ ကျွန်တော်က စိတ်ပါလက်ပါ လက်ခံတာမျိုးမဟုတ်ဘဲ၊ အဘပြောသလို ဖြစ်ခဲ့ရင်ကော၊ ဘာဖြစ်နိုင်လို့လဲအဘ"

"ဟ…ဒါဆို မင်းတစ်သက်လုံး စိတ်ဆင်းရဲနေတော့မှာပေါ့လူလေးရာ။ စစ်မတိုက်ချင်၊ ငြိမ်းငြိမ်းချမ်းချမ်းနဲ့ ကောင်းရောင်းကောင်းဝယ်လုပ်စားချင်တဲ့ကောင်က သောင်းကျန်းသူခေါင်းဆောင် လုပ်စားမယ်ဆိုတာ သဘာဝကျမကျ မင်းပဲစဉ်းစားကြည့်"

"ကျွန်တော် ဝတ်မှုံကို မစွန့်လွှတ်နိုင်ဘူးအဘ"

"အေးပါ…ငါလဲအဲလိုပဲ တွက်တာပါပဲ၊ ကြည့်လုပ်ပေါ့ကွာ၊ ဆောင်းတယ်ဆိုးတယ်တော့ ငါမပြောချင်ပါဘူး။ ငါလဲ ဒီအဖွဲ့ထဲကကောင်

www.burmeseclassic.com



ပဲ။ မင်းသာ စိတ်ပါလက်ပါနဲ့ ဒီမှာ ခေါင်းဆောင်လုပ်တယ်ဆိုရင်တော့ တစ်မျိုးပေါ့…"

"သူက အဘတို့ကို အဲဒီကိစ္စ ပြောလိုက်ပြီပေါ့"

"သူပြောလို့ မင်းကိုငါ ပြန်ပြောနိုင်တာပေါ့ကွ၊ အေးလေ… လောလောဆည်တော့ ဘာမှ စိတ်ညစ်မခံပါနဲ့ဦး၊ ဒီနေရာမှာ ခေါင်းဆောင်ဆိုတဲ့အကောင် ဘယ်လိုလုပ်ရတယ်၊ ဘယ်လိုနေရတယ်၊ ဘယ်လိုထိုင်ရတယ်ဆိုတာ အိုက်လိတ်က မင်းကိုသင်ပေးဦးမှာပဲ။ အဲဒီကျတော့မှ မင်းသူ့သမီးကိုတော့ ရပါရဲ့၊ မင်းနေရထိုင်ရမယ့်ဘဝက ဘယ်လိုဆိုတာ မင်းပိုနားလည်သွားမှာပေါ့"

အဘက ထုံးစံအတိုင်း စကားကို မယုတ်မလွန်ပဲပြောသည်။

အဘ ဘယ်တုန်းကမှ စကားကို အကုန်မပြောတတ်မှန်းသိ၍ ဇော်မိုင်လည်း ဘာမှ ထပ်မမေးတော့။

သို့သော် အဘစကားကြောင့် စောစောက လေးလံနေသော စိတ်သည် ပို၍ဝန်ပိသွား၏။

* * *





"အစ်ကို…"

"ဘာလဲနန်းငယ်…ပြော…"

"အစ်ကိုနဲ့ မမနန်းဝတ်မှုံတို့ကိစ္စ အဆင်ပြေသွားပြီ မဟုတ်လား"

"နင့်ကိုဘယ်သူပြောလဲနန်းငယ်၊ အဘလား…"

"အဘမပြောခင်ကတည်းက နန်းငယ်သိပြီးသားပါအစ်ကို၊ ဘယ်လိုသိလဲဆိုတာက အရေးမကြီးပါဘူး၊ အစ်ကိုစိတ်ချမ်းသာတယ် မဟုတ်လား၊ ဒီနေရာမှာနေရတာလဲ ပျော်သွားပြီမဟုတ်လား…"

"ဘာဖြစ်လို့ အဲလိုမေးတာလဲနန်းငယ်"

"ဟော်…အစ်ကိုက ဒီမှာနေရတာ မပျော်ဘူး၊ မပျော်ဘူးနဲ့ ခဏခဏ ပြောပြောနေတယ်၊ ပြီးတော့ မမနန်းဝတ်မှုံကိုလဲ အရမ်းချစ်တယ်၊ ခုတော့ မမနန်းဝတ်မှုံနဲ့လဲ အဆင်ပြေ၊ ဒီမှာလဲ တစ်ချိန်ကျ ဦးအိုက်လိတ်ရဲ့ ခေါင်းဆောင်ကြီး ဖြစ်လာမှာဆိုတော့ အစ်ကိုပျော်နေမှာပဲ ထင်လို့ပါ"

နန်းငယ်စကားပြောနေပုံက အမူအယာတော့မပျက်။ သို့သော် ခဏချက်တစ်ချက် မသိမသာ မှေးစင်းသွားသော မျက်လုံးများကိုကြည့်၍ နန်းငယ် မူးယစ်ဆေးဝါးတစ်ခုခု သုံးစွဲထားပြီဟု သဘောပေါက်သည်။

www.burmeseclassic.com



ခုချိန်မှာ ကိုယ့်ဒုက္ခနှင့်ကိုယ်မို့ နန်းငယ်ကိုဆူဖို့ပူဖို့ မလုပ်ချင်။ သို့သော် တစ်ခုခုတော့ သိရလို့သိရငြား မေးချင်လာသဖြင့်···

''နန်းငယ်····''

''ဘာလဲအစ်ကို···''

''နင်ဆေးသုံးထားလား၊ ငါ့ကိုမှန်မှန်ပြော''

နန်းငယ်တွေသွားသည်။ အတန်ကြာအောင် တွေနေပြီးမှ မျက်ရည်လေးဝိုင်းလာကာ ခေါင်းညိတ်ရင်း···

''ဟုတ်တယ်အစ်ကို၊ နန်းငယ်ဆေးသုံးထားတယ်···''

''နင်အဲလိုဖြစ်နေတာ ကြာပြီနော်''

''နန်းငယ် အချိန်ပြည့်တော့ မလုပ်ပါဘူး။ တစ်ခါတစ်ခါ စိတ်ညစ်လာရင်တော့သုံးတယ်။ ခုတော့ မသုံးဘဲ မနေနိုင်လို့ နေ့တိုင်းလိုလို နည်းနည်း နည်းနည်း သုံးတယ်အစ်ကို။ ဒါပေမယ့် အလွန်အကျွံ မလုပ်ပါဘူး''

''နင်ဘာဖြစ်လို့ အဲ့ဒါတွေ အစလုပ်ခဲ့တာလဲ နန်းငယ်ရယ်··· ကြာလေ နင် မသုံးရဘဲမနေနိုင်လေ ဖြစ်လာမှာပေါ့····''

''အစ်ကိုမသိဘူး၊ နန်းငယ်စိတ်ညစ်တယ်၊ ဒီနေရာမှာပဲ အမြဲနေ ရတာလဲမသင်ရ၊ ဘဝရည်မှန်းချက်ဆိုတာလဲ ဘာမှမထားနိုင်၊ နန်းငယ်ဘဝက ဘယ်လောက်ငြီးငွေ့ဖို့ကောင်းလဲ။ အဲဒါနဲ့ ပျော်မလားဆိုပြီး သုံးကြည့် ကာက စခဲ့တာ···''

''နင်အဲဒါတွေ ဘယ်ကရလဲ။ အဲဒါတွေဝယ်ဖို့ ပိုက်ဆံကော ဘယ်သူပေးသလဲ''



''အဲဒါတွေ မမေးပါနဲ့အစ်ကိုရာ။ အစ်ကိုနန်းငယ်ကို ဒေါသဖြစ်လို့ စိတ်မထိမ်းနိုင်တဲ့တစ်နေ့ နန်းငယ်ကို သတ်သာပစ်လိုက်ပါ။ အဲလိုလုပ်လို့ အစ်ကို့ကို နန်းငယ် လုံးဝစိတ်မနာ၊ စိတ်မဆိုးပါဘူး။ နန်းငယ်ဘဝက သေသွားတာပိုကောင်းလို့ အစ်ကို့ကိုတောင် ကျေးဇူးတင်မိမှာပါ''

''ဟင်း····''

နန်းငယ် တမင်သနားအောင် ပြောနေတာမဟုတ်ဘဲ၊ အရိုးခံအတိုင်း ပြောနေတာဖြစ်သည်ဟု သူနားလည်သည်။ လူဆိုတာ ကိုယ့်ဘဝကိုယ်ငြီးငွေ့လွန်းလာလျှင် ထင်ရာလုပ်ပစ်တတ်သော သဘောရှိသည်။

အမှားအမှန်တွေလည်း ဝေဖန်ပိုင်းခြားနိုင်စွမ်း မရှိတော့။ အထူးသဖြင့် ဘာပညာမှ မသင်ခဲ့ရသော နန်းငယ်အခြေအနေမျိုးမှာ ဒါတွေဖြစ်လာတာ မဆန်းဟု သဘောပေါက်သည်။

ဇော်မိုင် သက်ပျင်းချရုံကလွဲ၍ ဘာမှမပြောချင်တော့။

သက်ပျင်းအဆုံးမှာ နန်းငယ်နားက ခွာခဲ့၏။

လူတစ်ကိုယ် အပူတစ်မျိုးဆိုသော စကားကြားဖူးသည်။ ကိုယ့်မှာလည်းကိုယ့်သောကနှင့်ကိုယ်၊သူ့မှာလည်းသူ့သောကနှင့်သူရှိနေပေလိမ့်မည်။

ကိုယ့်သောကအပေါ် သူ့သောကထပ်၍ ဗူးလေးရာဖရုံမဆင့်ချင်တော့။

ကိုယ်တောင် ခု စိတ်ထွေပြားပုံမျိုးနှင့် တစ်နေ့နေ့မှာ နန်းငယ်လို ဖြစ်မလာဟု အာမမခံနိုင်။

✤ ✤ ✤



www.burmeseclassic.com

www.burmeseclassic.com

၉။

"တကယ်ပါမောင်ရယ်၊ ဝတ်မှုံ မောင့်အနားကခွဲပြီး တစ်မိနစ်တစ်စက္ကန့်တောင်မှ မသွားချင်ပါဘူး။ ခုတောင် တကယ်ခွဲရတော့မယ်ဆိုတော့ ဝတ်မှုံအသည်းတွေ ကြေလုနေပါပြီ၊ ဝတ်မှုံလေ…ဝတ်မှုံ…."

နန်းဝတ်မှုံအသံက ငိုသံပါလာပြီးနောက် တိမ်ဝင်ပျောက်ကွယ်သွားသည်။ ထိုစကားသံများအစား နောက်ထပ်ပေါ်ထွက်လာသော အသံများက ရှိုက်သံများသာဖြစ်၏။

နန်းဝတ်မှုံ၏ ရှိုက်သံများနှင့်အတူ နန်းဝတ်မှုံမျက်နှာအပ်ထား



သော ဗယ်ဘက်ရင်အုပ်တစ်ခုလုံး ပူနွေးသောအငွေ့ဖြင့် မျက်ရည်များစိုရွှဲလာကြောင်း သတိထားမိသည်။

တသိမ့်သိမ့်ရှိုက်နေသော နန်းဝတ်မှုံ၏ ကျောပြင်လေးကို လက်ဖြင့်သိုင်းဖက်ထားရင်း ဇော်မိုင် အံကို ကြိတ်ထားလိုက်သည်။

အဝေးသို့ လှမ်းကြည့်နေသော မျက်လုံးအစုံထဲမှ တောင်တန်းများ မြင်ကွင်းများသည် ရုတ်တရက် မြူများဆိုင်းလာသလို မှုံဝါးသွားသည်။ မျက်ရည်မကျဖြစ်အောင်၊ ထိမ်းထား၊ တင်းထားသည့်ကြားက ပါးပြင်ပေါ်သို့ မျက်ရည်တစ်စက လိမ့်ဆင်းစီးကျလာသည်။

"ဝတ်မှုံ"

ကြေကွဲဆို့နင့်သောအသံဖြင့် သူကခေါ်လိုက်သည်။ ရှိုက်ငင်၍မဆုံးသေးသော နန်းဝတ်မှုံက မော့မကြည့်၊ သူ့ရင်ခွင်တွင် မျက်နှာအပ်မြဲအပ်ထားသည်။

"ဝတ်မှုံ"

သူက အသံနည်းနည်းမြှင့်၍ ခေါ်လိုက်၏။

ထိုအခါကျမှ ဝတ်မှုံ၏မျက်ရည်များ စိုရွှဲနေသောမျက်နှာက မော့လာသည်။

"ပြော…မောင်၊ ဘာပြောမလို့လဲ…"

"မောင်တို့နှစ်ယောက် ဒီလောက်အကြာ( )းကွဲခဲ့ပြီး ဘာဖြစ်လို့နှစ်တွေအကြာကြီး ခွဲနေရမှာလဲ ဝတ်မှုံရယ်။ ခွဲရတာ ဒီလောက်ပင်ပန်းရမယ့်အတူတူ၊ ဝတ်မှုံပြောတဲ့ အနာဂတ်အစီအစဉ်တွေ ဘာတွေအားလုံးမေ့ပစ်လိုက်ပြီး မောင်တို့နှစ်ယောက် ထွက်ပြေးသွားကြရင် မကောင်းဘူး

www.burmeseclassic.com



လား''

''မဖြစ်ဘူးမောင်၊ အဲလိုလုပ်လို့လဲ ဘယ်လိုမှ မဖြစ်နိုင်ဘူး၊ မောင်ပြောသလို ကြေကွဲရတယ်ဆိုရင်လဲ အခုဝတ်မှုံတို့ ကြေကွဲရမှာက ဘဝတစ်ခုလုံးနဲ့ယှဉ်ရင် ခဏလေးရယ်။ ဒါပေမယ့် ဝတ်မှုံနဲ့မောင့်အတွက် အင်မတန်လှပတဲ့ အနာဂတ်က ဒီတစ်ခဏကိုကျော်လွှန်ရင် ရောက်သွားမှာ သေချာတယ်။ မောင်ပြောသလိုလုပ်ရင် ဝတ်မှုံ ဒက်ဒီအတွက် တစ်သက်လုံး ကြေကွဲလို့ဆုံးမှာ မဟုတ်ဘူး....''

''မောင်ကတော့ အဲဒီခဏဆိုတာလေးတောင် မခွဲချင်ဘူး ဝတ်မှုံရယ်....''

'' မောင်ရယ်...မောင်ယောက်ျားပါ၊ ပေးပြီးသားကတိတစ်ခုကို မဖျက်ချင်ပါနဲ့။ ဝတ်မှုံ မောင့်ကို ဘယ်လောက်ချစ်တယ်ဆိုတာ မောင် အသိဆုံးပါ။ ဒါပေမယ့် ဝတ်မှုံပေးပြီးသားကတိတစ်ခုကို တည်ချင်တယ်၊ မောင်ပြောသလို ဝတ်မှုံမလုပ်နိုင်ဘူး....''

''အင်း...အဲဒါဆိုလဲ ငိုမနေနဲ့တော့ဝတ်မှုံ၊ ဘာမှဖြေရှင်းလို့ မရတဲ့ကိစ္စတစ်ခုမှာ မျက်ရည်အကုန်ခံပြီး ငိုနေတော့လဲ အလကားပဲ၊ ဘာမှ ထူးခြားလာမှမဟုတ်ဘူး။ အဲဒီတော့ ဖြစ်လာမယ့်ဒဏ်ကို ဒီလိုပဲ ခါးစည်းခံရုံ ရှိတာပေါ့။ ကဲ မောင်တို့သွားကြရအောင်...''

''အဲဒါက ဘာဖြစ်တာလဲမောင်...မောင်ဝတ်မှုံကို စိတ်ဆိုးလို့ မကျေမနပ်နဲ့ ဒီစကားပြောတာလား...''

''မဟုတ်ပါဘူး ဝတ်မှုံ။ ဝတ်မှုံကို မောင်ဘယ်တော့မှ စိတ်ဆိုးတာမျိုး၊ မကျေနပ်တာမျိုးတွေ ဖြစ် စရာအကြောင်း မရှိပါဘူး။ မောင်ပြော





တာက မဖြစ်ကိုမဖြစ်လို့ ခွဲရမယ့်အတူတူ ကြေကွဲနေလို့ ဘာထူးမှာလဲ၊ ဖြစ်လာတဲ့အခြေအနေကို ရဲရဲပဲ ရင်ဆိုင်လိုက်ကြရအောင်လို့ ပြောတာ ပါ....''

''ရင်ဆိုင်စရာရှိတာလဲ ရင်ဆိုင်ရမှာပဲမောင်။ အဲဒီလို ရင်ဆိုင် ရမယ့်ကိစ္စအတွက် ငိုစရာရှိရင်လဲ ငိုရမှာပဲ၊ ဝတ်မှုံက မိန်းက... လို ယောက်ျားလေးမဟုတ်ဘူး။ ဝတ်မှုံငိုတာ မငားနဲ့၊ ... မောင်နဲ့ပြန်မတွေ့မချင်း ဒီလိုပဲ နေ့တိုင်းငိုနေမှာပဲ ...''

''ဟင်း...''

ဇော်မိုင် သက်ပျင်းချလိုက်မိ၏။

* * *

''ဝတ်မှုံ မနက်ဖြန် ဘယ်အချိန်လောက် ထွက်ဖြစ်မလဲ...''

''ဒက်ဒီပြောတာတော့ မနက်စောစောပဲ ထွက်ရမယ်လို့ ပြောတာ ပဲမောင်၊ ဘာဖြစ်လို့လဲ...''



www.burmeseclassic.com

www.burmeseclassic.com



"ဘာမှမဖြစ်ပါဘူးဝတ်မှုံ၊ အခုကျမှ သတိရလို့ မောင်နဲ့ဝတ်မှုံ ဝေးနေတုန်း ဝတ်မှုံအတွက် မောင်အမှတ်တရ တစ်ခုခု ပေးလိုက်ချင်လို့ပါ"

"မောင်က ဘာအမှတ်တရ ပေးချင်လို့လဲ..."

"အဲဒါလဲ မောင်စဉ်းစားနေတာပဲ၊ ဖြစ်ချင်တာကတော့ တန်ဖိုးလဲ ရှိရမယ်၊ မောင့်ကိုယ်စား အမှတ်တရအဖြစ်နဲ့ ဝတ်မှုံအနားမှာရှိနေတဲ့ ပစ္စည်းမျိုးလေးလဲ ဖြစ်ရမယ်"

"မောင်..."

"ဘာလဲဝတ်မှုံ..."

"အဲဒါအတွက် မောင်ဘာမှ စဉ်းစားစရာမလိုဘူး၊ မောင်ပြောတဲ့ ပစ္စည်းမျိုး အမြဲတမ်း ဝတ်မှုံကိုယ်နဲ့မကွာ ရှိနေတယ်၊ ဘာလဲသိလား..."

"ဟင့်အင်း မသိဘူးဝတ်မှုံ"

"မောင်ရန်ကုန်မှာ လူဆိုးလက်က ပြန်ယူပေးထားတဲ့ ဆွဲကြိုးလေးလေ မောင်ရဲ့။ အဲဒါထက်ကောင်းတဲ့ အမှတ်တရပစ္စည်း ရှိဦးမလား ဒါလေးမြင်တိုင်း မောင်နဲ့ဆုံခဲ့တာလေးကို အမှတ်ရနေတာ...."

"ဒါဆိုရင်တော့ တခြားလက်ဆောင် တစ်ခုခုပဲ ပေးလိုက်တော့ မယ်လေ..."

"အဲဒါလဲ မလိုပါဘူးမောင်။ မောင်ဒီကိုဒီကို ပေးခဲ့တဲ့ကတိက ဝတ်မှုံအတွက် အကောင်းဆုံးလက်ဆောင်ပါ။ အဲဒါတွေ မောင်ဘာမှ မစဉ်းစားနဲ့၊ မောင်လုပ်ချင်တာ တစ်ခုပဲလုပ်သား..."

"ဘာလဲဝတ်မှုံ..."

"မောင်နဲ့ဝတ်မှုံ ဆုံနေကျဒီနေရာလေးမှာ ဝတ်မှုံပြန်လာရင်





ကြည့်ဖို့ အထိမ်းအမှတ်တစ်ခုခု လုပ်ထားပေး၊ ဘာအထိမ်းအမှတ်လဲဆိုတော့ မောင်နဲ့ဝတ်မှုံ ဒီနေရာလေးမှာ အမြဲတမ်းဆုံခဲ့ကြောင်း နောင်လာနောက်သား တွေပြဖို့ အထိမ်းအမှတ် တစ်ခုခု လုပ်ပေးမလား..."

"အင်း...မောင်လုပ်ထားမယ်ဝတ်မှုံ..."

"ကဲ...ဒါဆိုမောင့်အတွက်လဲ ဝတ်မှုံရဲ့ အမှတ်တရပစ္စည်းလေး တစ်ခု လက်ဆောင်ပေးရဦးမယ်။ မောင့်မှာ ဝတ်မှုံရဲ့ အမှတ်တရပစ္စည်း ဘာမှမရှိသေးဘူး။ နေဦး ...ဘာပေးရင်ကောင်းမလဲ မသိဘူး၊ မောင့်လိုပဲ စဉ်းစားလိုက်ဦးမယ်...."

"မစဉ်းစားနဲ့ဝတ်မှုံ၊ မောင်လိုချင်တာပြောမယ်၊ ပေးမလား...."

"အင်း..ပေးမယ်မောင်...ဘာလိုချင်လဲပြော....."

"ဝတ်မှုံလိမ်းတဲ့ မိတ်ကပ်ဗူးထဲက ပတ်ဖ်လေးပေးထားခဲ့"

"ဟင်...မောင်ကလဲ အဲဒါက အဖိုးလဲမတန်ဘဲနဲ့"

"ဒီထက်အဖိုးတန်တာ ဘာရှိဦးမလဲဝတ်မှုံ။ ဝတ်မှုံပါးလေး၊ နှုတ်ခမ်းလေး၊ မျက်နှာလေးနဲ့ နေတိုင်းထိထားတဲ့ ပစ္စည်းလေး၊ ဝတ်မှုံကို သတိရတိုင်း ဝတ်မှုံရဲ့ပါးလေး၊ နှုတ်ခမ်းလေး အမှတ်နဲ့ နမ်းလို့ရတာပေါ့...."

"အင်း...အင်း...အဲဒါဆိုယူ...."

ဝတ်မှုံက မိတ်ကပ်ဗူးလေး ထုတ်ပေးသည်။ ဇော်မိုင်က မိတ်ကပ် ဗူးထဲမှ ပတ်ဖ်လေးကိုသာယူ၍ သူ့လက်ကိုင်ပဝါခေါက်လေးထဲညှပ်ပြီး သိမ်းပြလိုက်သည်။

ဝတ်မှုံကရယ်၍....

"အဲဒါက ဝတ်မှုံမရှိမှ နမ်းပါမောင်ရယ်၊ ခုလောလောဆယ်တော့



www.burmeseclassic.com

www.burmeseclassic.com



ဝတ်မှုံ ပါးအစစ်ကလေးပဲနမ်းပါ..အင့်....''

ပြောရင်း မျက်လုံးလေးမှိတ်ပြီး မျက်နှာလေး ထိုးပေးသည်။

ဇော်မိုင်အတွက် တစ်လောကလုံး မွှေးထုံသင်းပျံ့သွား၏။

⁂ ⁂ ⁂

နောက်နေ့တွင် ဝတ်မှုံ ရန်ကုန်ပြန်သွားသည်။

ဇော်မိုင့်အတွက် မုံးကိုးဒေသသည် တဖန်ပြန်၍ ခြောက်ချေ ကျည်းတန်သွားတော့၏။

● ● ●



# အပြုံးလေး

အတိတ်နိဂုံး - ပစ္စုပ္ပန်နိဒါန်း

www.burmeseclassic.com

www.burmeseclassic.com

မောင်…

ဝတ်မှုံရန်ကုန်ကို ချောချောမောမော ရောက်ပါတယ်။

အောင်စာရင်းပွေယဲထွက်ပြီးနေပြီ၊ အဲဒါဝတ်မှုံလဲ မောင့်အောင်စာရင်းကို ကြည့်ချင်တာနဲ့၊ ရန်ကုန်စာစစ်ရုံးမှာ တစ်ပြည်လုံးအတွက် အောင်စာရင်းတွေရှိတယ်ဆိုလို့ သွားကြည့်ခဲ့တယ်။

ကွတ်ခိုင် စာစစ်ဌာန အောင်စာရင်းတွေ့တယ်မောင်၊ မောင် အောင်ပါတယ်။ အောင်တာမှ ဂုဏ်ထူးသုံးဘာသာနဲ့ကို အောင်

www.burmeseclassic.com

www.burmeseclassic.com



တာ၊ ဝတ်မှုံစိတ်မကောင်းလိုက်တာမောင်ရယ်…။

မောင်သာ ကျောင်းဆက်တက်ရရင် ဒီအောင်စာရင်းဟာ ဘယ်လောက်များ ဝမ်းသာစရာကောင်းလိုက်မလဲလို့၊ ခုတော့ နှမြောဖို့ ကောင်းလိုက်တာ။

မောင့်အတွက် စိတ်မကောင်းလွန်းလို့ ဝတ်မှုံမျက်ရည်ကျမိတယ်။

ဝတ်မှုံလဲ အောင်ပါတယ်၊ ဂုဏ်ထူးလဲ လေးဘာသာပါတယ်။ ဒါပေမယ့် ဝတ်မှုံမပျော်ပါဘူးကွယ်၊ မောင့်အတွက် စိတ်ထိခိုက်တာရယ်၊ မောင်နဲ့ခွဲနေရလို့ မောင်ပြောသလို ကြေကွဲရတာတွေပဲ ခံစားရတယ်။

မောင်ကော ဝတ်မှုံကို အရမ်းသတိရနေပြီလား၊ ဝတ်မှုံပြောခဲ့တဲ့ ''အထိမ်းအမှတ်လေးတစ်ခု'' ကိစ္စကိုကော ဘာလုပ်မယ်လို့ စဉ်းစားထားပြီးပြီလား။ စဉ်းစားဦးနော်၊ ပြီးတော့ အကောင်းဆုံးလေးဖြစ်အောင်လဲ လုပ်ထားပေး။

အင်းလေ… ဒါပေမယ့် သိပ်လောစရာတော့ မလိုပါဘူး၊ အချိန်တွေအများကြီး ရှိသေးတာပဲ။

ဒါနဲ့ ဒက်ဒီနဲ့ကော အဆင်ပြေတယ်မဟုတ်လား၊ အဆင်ပြေအောင် နေပါမောင်ရယ်။ တတ်နိုင်သလောက် ဒက်ဒီကိုလဲ ဂရုစိုက်ပေးပါ။ ဝတ်မှုံကိုယ်စား ကိုယ့်အဖေကို စောင့်ရှောက်သလိုမျိုးပေါ့…။

မောင့်မိသားစုနဲ့ညီမလေးကိုလဲ သတိရကြောင်းပြောပေးပါ။





ဝတ်မှုံ ဒီစာကို ဝတ်မှုံကိုလိုက်ပို့တဲ့သူနဲ့ လူကြုံပြန်ထည့်ပေးလိုက်ရမှာ။ ဒီလူကြုံမျိုးက အများဆုံးရှိမှ တစ်နှစ်တစ်ခါလောက်မို့ မောင့်ဆီကို စာခဏခဏတော့ ရောက်မှာမဟုတ်ဘူး။

ခုလဲဒီစာက တစ်ဆင့်ပြီးတစ်ဆင့် ပြန်ပေးရမှာမို့ မောင့်ဆီကို အတော်ကြာမှ ရောက်လိမ့်မယ်ထင်တယ်။

ခုချိန်တော့ ကြုံလာသမျှ ဒုက္ခသောကအားလုံးကို ကြံ့ကြံ့ခံပြီး ရင်ဆိုင်ထားပါဦးမောင်ရယ်။ အချိန်ဆိုတာ ရပ်နေတဲ့အရာမျိုး မဟုတ်တော့ မောင်နဲ့ဝတ်မှုံ တစ်သက်လုံး ဘယ်တော့မှ မခွဲဘဲ အတူနေရတဲ့အချိန်လေးတွေ ဒီလိုနဲ့ပဲ မပျက်မကွက် ရောက်လာမှာပါ။

အဲဒီအခါကျရင် ဝတ်မှုံနဲ့မောင့်အနာဂါတ်မှာ စိတ်ဆင်းရဲစရာ ဘာမှကျန်မှာ မဟုတ်တော့ပါဘူး။

ဥပမာလေး ပေးမယ်နော်၊ ခုချိန်မှာ ဝတ်မှုံနဲ့မောင်တို့ရဲ့ အချစ်ခရီးလမ်း၊ ဘဝခရီးလမ်းဟာ လမိုက်ညတွေ ဖြတ်သန်းရသလို ဖြစ်နေဦးမှာပဲ။ ဒါပေမယ့် အဲဒီအချိန်ကျရင် သီချင်းတွေထဲမှာရေးသလို လမင်းတရာသာတဲ့ ညတွေ ဖြစ်လာမှာပေါ့….။

အရေးကြီးတာ ခုလောလောဆည် မောင်ကျန်းမာအောင်နေ၊ ဒက်ဒီနဲ့တွဲပြီး လုပ်စရာအလုပ်တွေ ကျွမ်းကျင်အောင် ကြိုးစားလုပ်။ ဒါတွေလုပ်တဲ့အခါ၊ သိပ်ပင်ပန်းသလို ဖြစ်လာရင်လဲ ဝတ်မှုံအတွက် ကြိုးစားနေတာလို့ တွေးပြီးအမောဖြေပေါ့နော်။

ဒါမှ အမောမပြေသေးရင်လဲ ဝတ်မှုံရဲ့ မိတ်ကပ်ပတ်ဖ်လေး



www.burmeseclassic.com

www.burmeseclassic.com



ကို ဝတ်မှုံ့ရဲ့ပါးလေးလို့ သဘောထားပြီးနမ်းလိုက်၊ အမောပြေသွားလိမ့်မယ်။

ကဲ…ဒါပဲနော်မောင်….။

ဝတ်မှုံလဲ မောင်နဲ့အမြန်ဆုံး နီးရဖို့ဆိုတဲ့စိတ်နဲ့ စာပဲ ဖိကြိုးစားမှာပါ။ အရာအားလုံး ဝတ်မှုံအတွက် စိတ်ချ။

ဝတ်မှုံလဲ မောင့်ကို အစစစိတ်ချနေမယ်။

အချစ်များစွာ အနမ်းများစွာဖြင့်…

မောင့်ရဲ့….

ဝတ်မှုံ

ဝတ်မှုံထွက်သွားပြီး တစ်လလောက်ကြာမှ သည်စာလေး…လူကြုံအဆင့်ဆင့်ဖြင့် သူ့ဆီရောက်လာသည်။

ဇော်မိုင်က အထပ်ထပ် ပြန်ပြန်ဖတ်နေသဖြင့် အလွတ်လို…ရနေပြီဖြစ်သော စာလေးကို စာအိတ်ထဲပြန်ထည့်ပြီး ပြန်သိမ်းလိုက်သည်။

သူသည်တစ်ခေါက် ပြန်ဖတ်ချိန်က စာရောက်ပြီး တစ်…လောက်ပင် ကြာနေပြီဖြစ်သည်။

ထိုစာလေးကို အချိန်အားတိုင်း သူတို့ဆုံနေကျနေရာလေး…လာ၍ တစ်ခေါက်တစ်ခေါက် ပြန်ဖတ်သည်။

ခုချိန် သူ့ဘဝမှာ စိတ်ချမ်းသာစရာအကောင်းဆုံးအလုပ်…ဒါပဲဖြစ်၏။





စာလေးဖတ်သည်။ ပြီးတော့ ဆုံနေကျနေရာလေးမှာထိုင်ပြီး…တ်ဝန်းကျင်ကိုကြည့်၍လွမ်းသည်။ ထို့နောက် ဝတ်မှုံမှာခဲ့သည့် အထိမ်း…မှတ်ကလေးတစ်ခုဆိုသည့်ကိစ္စ၊ ဘာလုပ်ရကောင်းမလဲ စဉ်းစားသည်။

ဒါလေးကိုလည်း အလွယ်တကူနှင့် ပေါ့ပျက်ပျက်မလုပ်ရက်။

စိတ်တိုင်းကျ တစ်ခုခုစဉ်းစား၍ရမှ အကောင်းဆုံး ဖြစ်အောင်…ုပ်မည်ဟု ဆုံးဖြတ်ထားသည်။

ကျန်အချိန်များမှာတော့ ဇော်မိုင့်ပုံစံက စက်ရုပ်သိပ်ဆန်သည်။ …တ်သင်ပန်းဆင်းရဲခြင်း များစွာနှင့်လည်း နေ့စဉ် နပန်းလုံးနေရသည်။

အထူးသဖြင့် တစ်နေ့နေ့တွင် ကြုံရမည်ဟု ကြိုတင်လျှာထား…ခြင်းခံနေရသော ဦးအိုက်လိတ်၏ အရိုက်အရာဆိုသည့်ကိစ္စက ပိုစိတ်ပင်…န်းစရာ ကောင်းလှသည်။

အဘပြောသလို ထိုအလုပ်နှင့် သူ့စိတ်နှင့်က အစစ တစ်ခြားစီ…ဖြစ်နေသောကြောင့်ပင်ဖြစ်၏။

⁂ ⁂ ⁂



www.burmeseclassic.com

www.burmeseclassic.com



"လာကောင်လေး…ထိုင်…ရော့…ထည့်သောက်… အမြီး လည်းစား။ လုပ်စမ်းပါကွ၊ အလုပ်လုပ်ချိန် ကောင်းကောင်းလုပ်၊ နားချိန် ကျတော့လဲ ဇိမ်နဲ့နား။ ဒါမှ လူလဲကျန်းမာလန်းဆန်းပြီး အလုပ်လုပ် နိုင်မှာပေါ့။ မင်းကြည့်ရတာ တမှိုင်မှိုင် တတွေတွေနဲ့ မဟုတ်သေးပါဘူး ကွာ။ မင်းကယောကျ်ား မဟုတ်သလိုဘဲ…."

ဦးအိုက်လိတ်နှင့် အနီးကပ်နေရသည့် ကာလတွေက များလာ သည့်အတွက် ဦးအိုက်လိတ်၏ စရိုက်သဘာဝနှင့် နေထိုင်ပျော်ရွှင်တတ်မှု သဘောတွေကိုပါ မကြာခဏ မြင်တွေ့နေရသည်။

တစ်ခါတစ်ရံ သူတို့ခေါင်းဆောင်ပိုင်းများ၏ ဇိမ်ခံအရက်ဝိုင်း များတွင် ဝင်ပါခွင့်ရသည်။

တစ်ခါတစ်ရံ ဦးအိုက်လိတ် တစ်ယောက်တည်း ဇိမ်ခံသောက်စား နေချိန်မှာလည်း အဖော်လုပ်ပေးရသည်။

"ဘာလဲကောင်လေး… မင်းကငါ့သမီး၊ မင်းရည်းစားကို လွမ်း နေလား၊ ထားလိုက်စမ်းပါကွာ။ ခေါင်းဆောင်လုပ်မယ့်ကောင်ဆိုတာ ဒီလောက်အသဲနုနေလို့ မရဘူး။ ရက်စက်မှ ကြေကွဲ၊ ရဲမှမင်းဖြစ်ဆိုတာ မင်းကြားဖူးတယ် မဟုတ်လား။ ခေါင်းဆောင်လုပ်တယ်ဆိုတာ လိုအပ်ရင် ကိုယ်တိုင်လူသတ်ပစ်ဖို့လဲ ဝန်မလေးရဘူး၊ သတ်စရာရှိရင် ရက်ရက်စက် စက် သတ်ပြရတာ၊ ဒါမှမင်းကို လူတွေက ကြောက်မှာပေါ့…





အဲဒီအချိန်မှာ မင်းခုလို အသဲနုနေပုံနဲ့ မဟန်သေးပါဘူး…

ဒီမှာဇော်မိုင်၊ မင်းကိုငါ ပွင့်ပွင့်လင်းလင်းပဲ ပြောမယ်။ မင်းလဲ ကျောင်းမှာ စာသင်ဖူးတာပဲ။ ဘုရင်ဆိုတာ လူမြင်ကောင်းအောင် မိဖုရား ရှိရတယ်။ ဒါပေမယ့် သူ့မှာ ကိုယ်လုပ်တော်မောင်းမဆိုတာတွေ အများကြီး ရှိဘူးလား၊ ဒါပဲပေါ့ကွ…

ဘုရင်လုပ်ပြီး မိဖုရားတစ်ပါးကြောင့် လွမ်းဖျားလွမ်းနာ ကျနေ တယ်ဆိုရင် အဲဒီဘုရင် ဘာအသုံးကျတော့မှာလဲ…

မင်းဒီနယ်မြေမှာ ကြိုက်တာလုပ်ခွင့်ရှိတယ်၊ မင်း အရက်သောက် ချင်သလား၊ ကြိုက်သလောက်သောက်။ ဘိန်းတို့၊ နံပါတ်ဖိုးတို့ ရှူချင်လား၊ ကြိုက်သလောက်ရှူ။ မိန်းမလိုချင်ရင်လဲ မင်းနယ်မြေထဲမှာ ကြိုက်တဲ့မိန်းမ မင်းခေါ်အိပ်နိုင်တယ်….

ငါဆိုတဲ့ကောင်က မိန်းမ မရှိဘဲ နှစ်ပေါင်းများစွာ နေလာခဲ့တဲ့ ကောင်ပါကွ။ မင်းလိုသာလွမ်းနေရရင် ငါသေတာ ကြာလှပြီ…

ရော့….ဟောဒီမှာအရက်..သောက်၊ ဘိန်းရှူချင်လား၊ ရွာထဲက ကောင်တွေလို နံနံစော်စော် ဘိန်းမဲတွေ ရှူစရာမလိုဘူး… ရော့၊ အဲဒါ အဆင့်မြင့်မြင့် နံပါတ်ဖိုးပါတဲ့စီးကရက်၊ ငါ့မှာ အမြဲတမ်း အဆင်သင့်ရှိ တယ်။ မင်းကြိုက်သလောက်ယူသောက်၊ တစ်ခါတည်း စိတ်ညစ်ပြေပြီး တော့ နိဗ္ဗာန်ထဲ ရောက်သွားမယ်၊ မင်းလိုချင် ဖြစ်ချင်တာတွေ အကုန်လုံး အဲဒီအထဲမှာရတယ်… ဖြစ်တယ်… မယုံရင်သောက်ကြည့်…

ဒါ့မှမဟုတ်၊ မင်းအခု မိန်းမတစ်ယောက်နဲ့ အိပ်ချင်သလား ငါအခု ငါ့တပည့်တစ်ယောက်ကို ခေါ်ခိုင်းလိုက်မယ်…



www.burmeseclassic.com

www.burmeseclassic.com



ငါ့ရှေ့မှာ မှိုင်တွေတော့မနေနဲ့၊ ငါ့သားမက် ဖြစ်လာမယ့်ကောင် က မိန်းမလျှာလိုကောင်မျိုး မဖြစ်ရဘူး။ ငါ့လိုကောင်မျိုးပဲ ဖြစ်ရမယ်.—

မင်း ငါလူသတ်တာ ကြည့်ချင်သေးလား။ အေး မနက်ကျရင် ငါနဲ့လိုက်ခဲ့ . . . အစိုးရတပ်တွေနဲ့ ဆက်သွယ်တဲ့ ရွာထဲက သစ္စာဖေါက် သုံးကောင် ငါဖမ်းထားတယ် . . .

မနက်ဖြန်ကျရင် အဲဒီသုံးကောင်စလုံးကို ငါသတ်ပြမယ်။ မင်း ရှေ့တင်သတ်ပြမှာ။ မင်းသတ်ချင်ရင်လဲ ဝင်သတ်ဦး ရတယ်။ မင်း ငါ့ သားမက် ဒီနယ်မြေမှာကြိုက်တာလုပ်"

မူးလျှင် မူးလာသလို ဦးအိုက်လိတ်၏ သဘာဝက ပိုပေါ်လွင်လာ သည်။

ကြာတော့ အလိုက်အထိုက်နေရသောဇော်မိုင်မှာ တခြားအရာများ မလုပ်ဖူးသေးသည့်တိုင် အရက်တော့ သောက်တတ်လာ၏။

သူပြောသလိုပင် မူးလာသည့်အခါ စိတ်ညစ်တော့ အပြေသား

✤ ✤ ✤



၂။

"ဒိုင်း"

ကျယ်လောင်သော သေနတ်သံနှင့်အတူ ကြိုးတုတ်၊ ဒူးထောက် ပြီး ခြောက်ခြားသောမျက်လုံးများဖြင့် ကြည့်နေသောသူ၏ နဖူးမှာ အပေါက် ဒိုင်းလေးတစ်ခု ပွင့်ထွက်သည်။

တပြိုင်တည်းလိုလို ထိုလူ၏ ဦးခေါင်းနောက်ခြမ်းတစ်ခုလုံး အမြင့်မှပစ်ချသည့် ဖရဲသီးမှည့်တစ်လုံး ပွဲထွက်သလို အခြမ်းလိုက် အစိတ် လိုက် ဖွာထွက်သွားသည်။

www.burmeseclassic.com

www.burmeseclassic.com



ဒူးထောက်လျှက် ခန္ဓာကိုယ်ကြီးက တောင့်တောင့်ကြီး ကျန်နေသည်။ အသက်ကမရှိတော့။

ဦးအိုက်လိတ်က အသက်မရှိတော့သော ထိုခန္ဓာကိုယ်ကြီးကို ရင်ဝမှနေ ဆောင့်ကန်လိုက်သည်။ ခန္ဓာကိုယ်ကြီးက သစ်တုံးကြီးတစ်တုံး ထောင်လျှက်ကနေ လဲသလို လဲကျသွား၏။

သူ့ဘေးကနှစ်ယောက် မျက်နှာမှာ သွေးမရှိတော့၊ တစ်ကိုယ်လုံးလည်း နတ်ကျသလို တဆတ်ဆတ်တုန်ရင်နေသည်။

ဦးအိုက်လိတ်က ထိုနှစ်ယောက်ဘက် မသွားသေးပဲ ဝိုင်းကြည့်နေကြသည့် လူအုပ်ဘက်လှည့်၍···

"အားလုံးမြင်တယ်နော် ဒါ··· သစ္စာဖောက်တို့ရဲ့ သွားရာလမ်းပဲ ကျုပ်တို့အဖွဲ့အစည်းဟာ အလကားနေရင်း ပျင်းလို့ သေနတ်တွေကိုင်ပြီး ဆော့နေတဲ့ အဖွဲ့အစည်းမဟုတ်ဘူး··· ခင်ဗျားတို့ ကျုပ်တို့လူမျိုးစုတွေ ဒေသသားတွေရဲ့ လွတ်မြောက်ရေး၊ တိုးတက်ဖွံ့ဖြိုးရေးအတွက် အသက်စွန့်ပြီး တော်လှန်နေကြတဲ့ တော်လှန်ရေးသမားတွေ···

အဲဒါကို ကျုပ်တို့ ပျက်စီးရာပျက်စီးကြောင်း၊ သစ္စာဖောက်ပြီး ရန်သူကိုသတင်းပေး၊ ရန်သူ့ဒလ္လါလုပ်၊ ရန်သူ့ဘက်သား လုပ်နေတာဟာ ကျုပ်တို့တင်မကဘူး၊ ခင်ဗျားတို့ ဒီနယ်မြေသားအားလုံးအပေါ်မှာ သစ္စာဖောက်တာပဲ၊ ဒီလူတွေအတွက် ထိုက်သင့်တဲ့အပြစ်ဒဏ်ဟာ ခုနကျုပ်ပေးတဲ့ အပြစ်ဒဏ်ကလွဲလို့ တစ်ခြားဘာမှ မရှိနိုင်ဘူး။

အဲဒီတော့ ခင်ဗျားတို့ထဲက နောက်ထပ် အဲဒါမျိုးလုပ်မယ်ကြံထားတဲ့လူရှိသေးရင် အဲဒီသုံးယောက်ကို သေချာကြည့်ထား··· ကျုပ်တို့





မသိသေးခင်တော့ ကိစ္စမရှိပါဘူး၊ ကျုပ်တို့သိပြီဆိုလို့ကတော့ အဲဒီကောင်တွေနောက် လိုက်ဖို့သာပြင်···"

"ဟော့ကောင်တွေ···"

ဦးအိုက်လိတ်က လူအုပ်ကိုပြောနေရင်းကနေ သူ့လူများဘက် မျက်ရိပ်ပြလိုက်သည်။

အသင့်စောင့်နေသော သေနတ်ကိုင်နှစ်ယောက်က ဒူးထောက်လက်ပြန်ကြိုးတုတ်ထားသော ကျန်နှစ်ယောက်ဆီ ကျည်ဆံများ အတွဲလိုက် လွှတ်ပေးလိုက်သည်။

ရင်ဝများ ဇကာပေါက်ဖြစ်သွားသော လူနှစ်ယောက်က တွန့်လိန်ကောက်ကွေးပြီး ရုပ်ပျက်ဆင်းပျက် အသက်ထွက်သွားသည်။

သေသူသုံးယောက် ပတ်ဝန်းကျင်တွင် သွေးများနီရဲ အိုင်ထွန်းသွား၏။

သွေးပျက်ဘွယ် အနိဋ္ဌာရုံမြင်ကွင်းကြောင့် ဇော်မိုင် မသိမသာ အကြည့်လွှဲလိုက်သည်။

ဦးအိုက်လိတ်က သူ့ကို တစ်ချက်လှမ်းကြည့်ပြီး···

"ကောင်လေး မင်းတွေ့တယ်နော်၊ဒါ တို့အဖွဲ့အစည်း၊ တို့ပြည်သူတွေကို သစ္စာဖောက်တဲ့သူတွေအတွက် တစ်ခုတည်းသော တရားစီရင်ထုံးပဲ၊ ဒါကလွဲလို့ တို့မှာပေးစရာ တစ်ခြားအပြစ်ဒဏ်မရှိဘူး"

ဇော်မိုင် ခေါင်းညိတ်လိုက်သည်။

ဦးဟိုက်လိတ်ကျေနပ်၍ တစ်ခြားဘက်မျက်နှာမူချိန်မှာ နောက်ထဲသို့ ခပ်ဆန်းဆန်းအသံတစ်ခုဝင်လာသဖြင့် ဇော်မိုင်လူအုပ်ဘက် လှမ်းကြည့်လိုက်



www.burmeseclassic.com

www.burmeseclassic.com



သည်။

"အစ်... အစ်... အစ်"

သေသူများ၏ သားမယားများဖြစ်ဟန်တူသော မိန်းမများ၊ ကလေးများတစ်စုက အသံလည်း ကျယ်ကျယ်မထွက်ရဲ ပေါ်ပေါ်ထင်ထင်လဲ မငိုပဲ၊ ကြိတ်ပြီး ရင်ကွဲပက်လက်ငိုရှိုက်နေသံများ ဖြစ်သည်။

တစ်ယောက်သော အမျိုးသမီးကတော့ နေရာတွင်ပင် မျက်ဖြူလန်၍တက်နေ၏။

※ ※ ※

"ကျ... ကျွန်တော်တို့ရွာက... ဒီနှစ် စိုက်ခင်းတွေလဲ သိပ်မအောင်မြင်ပါဘူး ခေါင်းဆောင်ကြီး၊ ပြီးတော့ ရွာမှာဆိုတာလဲ..."

"တော်ပြီ အဖိုးကြီး၊ ကျုပ်ကို အဲဒီအသေးစိတ်တွေ ဘာမှပြောမနေနဲ့.. ကျုပ်စိတ်လဲမဝင်စားဘူး၊ နားလဲမထောင်ချင်ဘူး။ လိုရင်းကိုပြော ခင်ဗျားရွာက လူဘယ်နှစ်ယောက် တပ်သားသစ်ရမလဲ၊ ငွေဘယ်လောက်





ရပ်ပွဲငွေရမလဲ၊ ဒါပဲပြော"

"လူ... လူက..."

"အင်း... ပြော... လူကဘယ်နှစ်ယောက်လဲ၊ ငါးဆယ်လား၊ အစိတ်လား မြန်မြန်ပြောဗျာ"

"ဟို... ဟို... ဆယ်... ဆယ်ယောက်လောက်"

"ဟာ... တစ်ရွာလုံးမှ လူဆယ်ယောက်ပဲရလို့ ဖြစ်မလားဗျ၊ ခင်ဗျားတို့ရွာက ယောကျ်ားတွေ ဘာလုပ်နေလဲ၊ မိန်းမတွေယူထားပြီး ကလေးမမွေးနိုင်ဘူးလား၊ ဒါမှမဟုတ် ကျုပ်ကိုယ်တိုင်လာပြီး မွေးအောင်လုပ်ပေးရမှာလား။ တောက်... မလိုချင်ဘူးဗျာ နှစ်ဆယ်ရှာပေး"

"နှစ်... နှစ်ဆယ်တော့ မ... မဖြစ်နိုင်ပါဘူး ခေါင်းဆောင်ကြီး"

"မလိုချင်ဘူးအဖိုးကြီး အနည်းဆုံးဆယ့်ငါးယောက် ကျုပ်လိုချင်တယ်၊ ဟိုကောင်တွေ မှတ်ထားလိုက် ဒီအဖိုးကြီးရွာက လူဆယ့်ငါးယောက်၊ ငွေတစ်သိန်း"

"ဟို...ဟို"

"မရည်နဲ့လို့ ကျုပ်ပြောနေပြီး အဖိုးကြီး.. မရရင် ရတဲ့နေရာက ရှာပေး။ ဘာမှ စောဒကတက်မနေနဲ့။ ကဲ... နောက်တစ်ယောက်၊ ခင်ဗျားက ဘယ်ရွာကလဲ"

စောစောက ရွာလူကြီးအေးမှ နောက်ရွာလူကြီးတစ်ယောက်က ထ၍ သူ့ရွာနံမည်ပြောသည်။

ဦးအိုက်လိတ်က...

"ဟုတ်ပြီ... ပြော... လူ... ငွေ... ဘယ်လောက်လဲ"



www.burmeseclassic.com

www.burmeseclassic.com



အောက်ခြေကျေးရွာတာဝန်ခံများနှင့် တွေ့ဆုံပွဲဆိုသည့် အစည်းအဝေးမြင်ကွင်းက ဒါပဲဖြစ်သည်။

အင်အားသစ်၊ တပ်သားသစ်အတွက် လူတောင်းသည်။ ရံပုံငွေသတ်မှတ်ပေးသည်။

သည်စာရင်းသတ်မှတ်ပေးချက်ကို ကျေးရွာတာဝန်ခံက ယူသွား၍ ရွာတွင်ညှိနှိုင်း လူရှာ၊ ငွေရှာ။

သူ နေ့စဉ် စည်းစိမ်ခံနေသောငွေကြေးများသည် ထိုကျေးရွာများမှ ရလာသော အမြတ်အစွန်းများဖြစ်သည်။

သူ့အပိုင်းနှင့်သူတော့ ယောက်လိုက်၊ ဟိန်းလိုက်၊ ခြိမ်းလိုက်၊ ခြောက်လိုက်ဖြင့် အဆင်ပြေနေသော်လည်း သူ့ထက်ပို၍ အဆင့်မြင့်သော ဗဟိုနှင့်တွေ့လျှင် ဦးအိုက်လိတ် မချောင်ပြန်။

သူတို့မှာကလည်း အဖွဲ့အစည်းအဆင့်ဆင့်ဖြင့် ဗိုလ်တကာ့ဗိုလ်တွေ ရှိသေး၏။

⁂ ⁂ ⁂





"ခင်ဗျား နည်းနည်းတော့ တရားလွန်လာပြီ ဦးအိုက်လိတ်၊ မနှစ်ကလဲ ဘာဖြစ်လို့ညာဖြစ်လို့ဆိုတဲ့ အကြောင်းပြချက်တွေနဲ့ သတ်မှတ်ထားတဲ့ရံပုံငွေကို ခင်ဗျားအပြည့်မပေးဘူး၊ ဒီနှစ်လဲ ခင်ဗျား ဒီအချိုးမျိုး ချိုးလာပြန်ပြီ"

"မဟုတ်ပါဘူး ဥက္ကဋ္ဌကြီး… ကျွန်တော်တင်ပြပါရစေ"

"ဒီမှာ ခင်ဗျားဘာမှ အပိုတွေတင်ပြတာတို့၊ လျှောက်လဲတာတို့ လုပ်မနေနဲ့၊ ကျုပ်တို့က ဗဟိုမှာနေတယ်၊ အောက်ခြေ မရောက်ဘူးဆိုပြီး ဘာမှမသိဘူးလို့ ခင်ဗျားထင်မနေနဲ့၊ ကျုပ်တို့ အေတွေ မဟုတ်ဘူး၊ ဒီအလုပ်လုပ်လာတာ နှစ်ပေါင်း ၄၀ ကျော်ပြီး အောက်ခြေမှာ အပ်ကျတာက အစ ကျုပ်သိတယ်…

မနှစ်ကတည်းက ကျုပ်တို့ မပြောချင်လို့ကြည့်နေတာ၊ အော်… ဘာပဲဖြစ်ဖြစ် ကိုယ့်လက်အောက်ခံဒေသ အဖွဲ့အစည်းတွေ ပြဿနာမဖြစ်တာ ကောင်းတယ်၊ တစ်ဘက်က အင်အားအပြည့်နဲ့ ထိုးစစ်ကြီးတွေဆင်နေတဲ့အချိန်မှာ အချင်းချင်း စိတ်ဝမ်းမကွဲချင်ဘူးဆိုပြီး လူလည်ကျခံနေရမှန်းသိရက်နဲ့ ဘာမှမပြောဘဲထားခဲ့တာ…

ကျုပ်တို့ဆီသာ ခင်ဗျားရံပုံငွေ အပြည့်မသွင်းတာ၊ ခင်ဗျား အိတ်ထဲ ထည့်တာကျတော့ ခင်ဗျားထင်သလို ထည့်နေတယ်ဆိုတာ ကျုပ်တို့ သိတယ် ဦးအိုက်လိတ်။ အဖွဲ့အစည်းအတွက်ဆိုတဲ့ ငွေတွေကလဲ တကယ်



www.burmeseclassic.com

www.burmeseclassic.com



တမ်းကျတော့ ခင်ဗျားအိတ်ထဲပဲရောက်တာပဲ…

ဒီမှာ မိုလ်အိုက်လိတ် ရှင်းရှင်းပြောမယ်ဗျာ၊ ခင်ဗျားတို့အဖွဲ့နဲ့ ကျုပ်တို့ဗဟို… ပြဿနာမတက်ချင်ဘူး၊ ကျုပ်တို့ကလဲ ခင်ဗျားတို့ဆီက ရနေတဲ့ငွေတွေကို ဘာမှအလွဲသုံးစားလုပ်နေတာ မဟုတ်ဘူး၊ ကျုပ်တို့တပ်တွေရဲ့ ရပ်တည်မှုကိစ္စတွေ အများကြီးရှိတယ်"

"ဒီနှစ်ကို ကျွန်တော်ရောထားချက်အပြည့် ရုံပုံငွေသွင်းပါမယ် ဦက္ကဌကြီး"

"အဲဒီလိုလုပ်ပါ မိုလ်အိုက်လိတ် ကျုပ်တို့ကလဲ ခင်ဗျားဆီက ဒီငွေရပြီး၊ လှည့်မကြည့်တာမျိုး မလုပ်ပါဘူး၊ ရုံပုံငွေသွင်းပြီးတာနဲ့ ခင်ဗျားအတွက် ခွဲတမ်းရှိနေတဲ့ လက်နက်ပစ္စည်းတွေ အကုန်ထုတ်သွားပါ။ ကဲ… ဘာပြောစရာရှိသေးလဲ"

"မရှိပါဘူး"

"ဟုတ်ပြီ… ဒါဆို… နောက်အဖွဲ့အစည်းက ခေါင်းဆောင်တင်ပြပါ"

သည်ဘက်ကာလအတွင်းမှာ ဗဟိုနှင့် ပူးပေါင်းအစည်းအဝေးဆိုတာတွေလည်း ဇော်မိုင် ဦးအိုက်လိတ်၏ လက်ထောက်အဖြစ် တက်ခွင့်ရသည်။

ဗဟိုကျတော့လည်း ဦးအိုက်လိတ်က သူ့အစည်းအဝေးတုန်းက ကျေးရွာတာဝန်ခံလေးလို ဖြစ်နေပြန်သည်။

အစည်းအဝေးပြီးဆုံးချိန်မှာ ဦးအိုက်လိတ်၏ မကျေမနပ် ရင်ဖွင့်သံများကိုလည်း သူကြားခွင့်ရသည်။





"တောက်… အဲဒီ ဗဟိုဆိုတဲ့ကောင်တွေနဲ့ ငါတို့နဲ့ကတော့ တစ်နေ့နေ့တွေ့မှာ သေချာတယ်ဇော်မိုင်၊ အရမ်းလူပါး၀တဲ့ ကောင်တွေ၊ သူကို့က ဟိုဘက်ကလက်နက်တွေ ပစ္စည်းတွေရတယ်ဆိုပြီး အစစ မိုလ်ကျချင်နေတာ၊ ချစရာရှိတော့ တကယ်ချပြီး၊ သေစရာရှိတော့ သေရတာက ငါတို့ကွ၊ သူတို့က ဗဟိုဌာနချုပ်မှာ အခန့်သားထိုင်နေတဲ့ကောင်တွေ…

သူတို့တောက်သုံးမကျလို့ နှစ်လေးဆယ်ကျော်တိုက်ပြီး ဘာတစ်ခုမှ မဖြစ်ထွန်းခဲ့တာပေါ့၊ ခုလဲဘာထူးလဲ သူတို့နယ် တစ်နယ်မှမရှိတော့ဘူး၊ ပဲခူးရိုးမလဲကုန်ပြီ၊ မြစ်ဝကျွန်းပေါ်လဲ တစ်လက်မတောင် မကျန်တော့ဘူး၊ ဒီနယ်စွန်နယ်ဖျားက ကျူကုတ်တောင် ပေးလိုက်ရပြီး ငါတို့တိုင်းရင်းသားနယ်တွေထဲ ခိုနေရတာ…

ပြီးတော့ စကားပြောရင် ကြီးကြီးကျယ်ကျယ်နဲ့ မာ့စ်လီနင်တို့ ဘာတို့ လျှောက်ပြော လုပ်တော့ ဘိန်းခွန်ကောက်၊ ခေါင်းပုံဖြတ်၊ မိုက်ကြေးခွဲ စားနေတာများ တစ်နေ့တော့တွေ့မှာပေါ့ကွာ၊ ဒီကောင်တွေ တစ်နေ့တို့နယ်ကနေ ခွေးပြေးပြေးရမယ်၊ ခုပဲ သူတို့ကြောက်လို့ ငြိမ်ခံနေတာ မဟုတ်ပါဘူး၊ နောက်က သူတို့ပတွေးတွေနဲ့ ပြဿနာမဖြစ်ချင်လို့"

ဇော်မိုင်က ဦးအိုက်လိတ်စကားများကို နားထောင်ရင်း အဝေးမှ မြင်နေရသည့်တောတောင်များဆီ လှမ်းကြည့်နေမိသည်။

လူတွေက တောတွေတောင်တွေထဲသွားလျှင် နာနာဘာဝတို့၊ တောခြောက်တာတို့၊ သားကောင် အန္တရာယ်တို့တွေးပြီး ကြောက်ကြသည်။ သူ့ဟာသူ ရှင်းရှင်းနေသည့် တောတောင်တွေကိုပင် မာယာများဟန် ဘရိယာယ်ဝေဝုစ်များဟန် ချဲ့ကားပြောဆိုကြသည်။



www.burmeseclassic.com

တကယ်တမ်းကျတော့ ပရိယာယ်မာယာတွေ ထွေပြားပြီး ကောက်ကျစ်ရှုပ်ထွေးနေကြသည်မှာ တောများ၊ တောင်များမဟုတ် လူတွေသာဖြစ်သည်။

ခုပင်ကြည့် ထိုလူတွေကြောင့်ပင် သူ့ဟာသူနေသည့် သဘာဝတောတောင်တွေထဲမှာ သွေးတွေကျ၊ အသက်တွေသေ၊ မီးတွေလောင်၊ ဒုက္ခတွေရောက်နေကြသည်။

စိုင်းထီးဆိုင်သီချင်းထဲကလို တောင်ပေါ်မြေရဲ့ အခြားတစ်ဘက်မျက်နှာမှာ ချယ်ရီတွေလဲ ယမ်းနံ့သင်းနေကြသည်။

တရားခံကတော့ လူတွေသာဖြစ်၏။

✤ ✤ ✤



"အကိုဇော်မိုင်...အကို ဘိန်းဖြူပါတဲ့ စီးကရက်တွေ သောက်နေတယ်နော်"

"ဟင်... နင်ဘယ်လိုလုပ်သိလဲ နန်းငယ်"

"သိတာပေါ့အကို... မနက်က အကိုအခန်းရှင်းရင်းနဲ့ သောက်ထားတဲ့ စီးကရက်အစီခံတွေကော၊ မသောက်ရသေးတဲ့ ဘိန်းဖြူပါတဲ့ စီးကရက်ဗူးတွေကော တွေ့တယ်၊ အကို အဲဒီစီးကရက်တွေကို ဦးအိုက်ဆီက ရတာမဟုတ်လား၊ အဲဒီမျိုးတွေ ဦးအိုက်ဆီမှာ အများကြီးရှိတယ်၊

www.burmeseclassic.com



နန်းငယ်သိတယ်''

''အေး… ဟုတ်တယ်နန်းငယ်၊ ငါလဲနင့်လိုပဲ စိတ်ညစ်တဲ့ဒဏ် မခံနိုင်တော့ဘူးဟာ၊ အထူးသဖြင့် ညညဆို ငါအိပ်လို့မရဘူး… ဝတ်မှုံကိုလဲ အရမ်းသတိရတယ်၊ ပြီးတော့ ဒီအရပ်မှာ ငါမလုပ်ချင်တဲ့ အလုပ်တွေ လုပ်နေရတာလဲ ငြီးငွေ့စိတ်ပျက်တယ်၊ ဒါပေမယ့်…''

''ဒါပေမယ့်… ဘာဖြစ်လဲအကို''

''ဒါပေမယ့် ငါလုပ်ချင်သည်ဖြစ်စေ၊ မလုပ်ချင်သည်ဖြစ်စေ ဒီဒေသမှာ ဒီအလုပ်တွေကို ငါတစ်သက်လုံးလုပ်သွားရတော့မှာ၊ အဲဒီ အိပ်မက်ဆိုးတွေက ငါ့ကို အရမ်းခြောက်လှန့်တယ်၊ ငါ့မှာ အိပ်မပျော်တဲ့ ညတွေ အများကြီးဖြစ်နေပြီ။ အဲဒီဒဏ်မခံနိုင်တော့ဘူး… အင်းလေ… ငါ့ကို စိတ်ပျော့ညံ့တဲ့ယောကျ်ားတစ်ယောက်လို့ ပြောချင်လဲ ပြောနိုင်ပါတယ်ဟာ…။ ဒါပေမယ့် ည… ည… ဒါမသုံးပဲ ငါအိပ်လို့ကို မရတော့ဘူး''

''ဟင်… နန်းငယ် အကို့ကို နားလည်ပါတယ်အကို၊ နန်းငယ်လဲ ဒီလိုနဲ့ ဒီဘဝရောက်ခဲ့ရတာပဲ၊ ခုတော့ အကို့ကိုပါ ဒီဘဝထဲ ဆွဲသွင်းလိုက်သလို ဖြစ်သွားပြီ''

''ဘာ… ငါ့ကို နင်က ဒီဘဝထဲ ဆွဲသွင်းလိုက်သလိုဖြစ်သွားတယ်… ဟုတ်လား။ နင် အဲဒါဘာကိုပြောတာလဲ နန်းငယ်… နင်ပြောတဲ့ စကားကို ငါနားမလည်ဘူး''

ဖော်မိုင် စကားကြောင့် နန်းငယ် ပျာပျာသလဲဖြစ်သွားသည်။ ပြီးတော့ ကပျာကယာပင် လက်ကလေးကာပြီး…

''ဒီပြင် အဓိပ္ပါယ်နဲ့ ပြောတာမဟုတ်ပါဘူးအကို၊ အကို မမနန်းဝတ်မှုံကို ချစ်နေမှန်းသိလို့ အတင်းအောင်သွယ်ပေးသလို နန်းငယ်လုပ်ခဲ့တယ်လေ… အကယ်လို့ နန်းငယ်သာ တိုက်တိုက်တွန်းတွန်းမလုပ်ခဲ့ရင်၊ အကို မမနန်းဝတ်မှုံကို ခုထိ ချစ်စကားကြိုက်စကား ပြောဖြစ်ချင်မှတောင် ပြောဖြစ်ဦးမှာ ခုတော့ အကိုနဲ့ နန်းဝတ်မှုံ ချစ်သူဖြစ်ခဲ့တာကြောင့်၊ ဦးအိုက် အစီအစဉ်တွေအတိုင်း အကိုနေခဲ့ရတယ်လေ၊ နန်းငယ်ထင်တာက အကို အဲလိုဖြစ်သွားရင် ပျော်မယ်ထင်တာ၊ အဲဒါကြောင့် နန်းငယ်အပြစ်လဲ ပါတယ်လို့ပြောတာပေါ့''

''နင့်အပြစ်တော့မဟုတ်ပါဘူး၊ နင်နဲ့လဲမဆိုင်ပါဘူးဟာ၊ ငါ့ဘာ ငါ ချစ်ပြီး၊ ငါ့ဟာငါ မလွန်ဆန်ရဲလို့ ဖြစ်လာရတဲ့ ကိစ္စပါ၊ ခုလဲ ဘာပဲ ပြောပြော၊ ငါယောကျ်ားပဲ… ဒီအရပ် ငါမနေချင်ရင် ထွက်သွားလို့ရတာပဲ၊ ခုချိန်မှာ ငါထွက်သွားလို့ နင်တို့ကို သူဒုက္ခမပေးတော့ပါဘူး ငါသိပါတယ်၊ ဒါပေမယ့် ငါကိုယ်၌ကိုက ဒီအချိန်မှာ ဇရဲတွင်းက ပြန်ထွက်မသွားနိုင်တော့ဘူးဖြစ်နေတာ''

''ကဲပါအကိုရယ် သိပ်လဲစိတ်ညစ်တော့မခံနေပါနဲ့ ဖြစ်သမျှ အကြောင်း အကောင်းပဲလို့ သဘောထားပြီး ပျော်အောင်သာ ကြံဖန်နေလိုက်ပါ။ အခုလဲ အကို အဲဒါသုံးနေရင် စိတ်သက်သာ စိတ်ချမ်းသာတယ် ဟုတ်လား၊ အဲလိုပဲနေလိုက်တော့ပေါ့၊ နန်းငယ်လဲ ဒီလိုပဲနေခဲ့တာဘဲဟာ၊ သိပ်အလွန်အကျွံသာ ဖြစ်မသွားစေနဲ့ပေါ့''

ပြောရင်းနှင့် နန်းငယ်က ဖော်မိုင်ကိုကြည့်ပြီး မျက်ရည်ကျသည်။

နန်းငယ်ဘာကြောင့် မျက်ရည်ကျသည်ဆိုသည်ကို သူသဘော ပေါက်သည်။ မူးယစ်ဆေးဝါး သားကောင်ဖြစ်လာပြီဆိုသည်နှင့် သည်နှံ့အိုင်






www.burmeseclassic.com

www.burmeseclassic.com



က ရှန်းထွက်ဖို့မလွယ်တော့ပဲ၊ ပို၍ နစ်သွားဖို့သာ ရှိတော့သည်ဆိုသည်ကို သူမ မသိဘဲ နေမည်မဟုတ်။ သူကိုယ်တိုင်လည်း သိပါသည်။

မျက်ရည်ကျနေသော ညီမငယ်ကိုကြည့်ရင်း သူ့ပါ မျက်ရည်ကျလာသည်။

မောင်နှမနှစ်ယောက် တစ်ယောက်ကိုတစ်ယောက် ဖက်လိုက်ရင်း မျက်ရည်ပြိုင်တူ ကျနေမိ၏။

"နန်းငယ်ရယ်..."

"အကို...ရယ်"

* * *

"ဘာပဲဖြစ်ဖြစ်... အချိန်ဆိုတာ ရပ်မနေပါဘူး မောင်နှမ်း၊ ဝတ်မှုံနဲ့မောင် ပြန်ဆုံရမယ့်အချိန်ဆိုတာ တစ်နေ့မလွဲမသွေ ရောက်လာမှာ





ပါ..."

နန်းဝတ်မှုံ ရန်ကုန်မသွားခင်က ပြောသွားသောစကားလေးကို ခေါ်မိုင် သတိရသည်။

ဟုတ်လည်းဟုတ်သည်။ ဘယ်လိုနည်းနှင့်ပဲဖြတ်သန်း၊ ဖြတ်သန်း အချိန်ဆိုတာကတော့ တဖြည်းဖြည်း ကုန်လွန်သွားခဲ့သည်ပဲဖြစ်သည်။

ခုလဲ...နန်းဝတ်မှုံကိုလွမ်းလိုက်၊ ဦးအိုက်လိတ် စိတ်ကြိုက်ဖြစ်ရေး အတွက် မလုပ်ချင်သောအလုပ်တွေအား စိတ်ပါသောပုံဖြင့် လုပ်ပေးလိုက်၊ ဒွယ်ရာကျတော့ စိတ်ညစ်၊ စိတ်ပျက်လိုက်၊ အိပ်မရလျှင် မူးယစ်ဆေးဝါး သုံးစွဲလိုက်နှင့် အချိန်က တစ်နှစ်နီးပါး ကုန်လွန်သွားသည်။

သူတို့ဒေသမှာလည်း ဘိန်းပင်များပွင့်ဖူးသည့်ရာသီသို့ ရောက်လာခဲ့၏။

ဖေဖော်ဝါရီလလောက်ဆိုလျှင် သူတို့ဒေသရှိ ဘိန်းခင်းများ၌ ပန်းပွင့်ဖြူဖြူဆွတ်ဆွတ်လေးများ ပွင့်နေသော ဘိန်းပင်များဖြင့် အလွန်လှပ သည်။

ရောမတောင်ကြီးများ၏ တောင်နံရံတစ်ခုလုံး ပန်းပွင့်ဖြူဖြူ လေးများ ဖုံးလွှမ်း၍ ခပ်လှမ်းလှမ်းမှကြည့်လျှင် ပန်းများစုပုံထားသည့် ပန်းပွင့်တောင်ကြီးများဟု ထင်ရလောက်အောင်ပင် ဖြစ်နေတတ်သည်။

တကယ်တမ်းကျတော့ ထိုပန်းပွင့်လေးများအောက်ခြေ၌ သီးနေသည့် အသီးစိမ်းစိမ်းလေးများမှာ လူသားမျိုးနွယ်တစ်ခုလုံးကို ဒုက္ခပေးမည့် အဆိပ်သီးလေးများဖြစ်ကြောင်း သူတို့ကို စိုက်ပျိုးပေးလိုက်သည့် တောင်သူများက ရေရေရာရာ သိကြသည်မဟုတ်။



www.burmeseclassic.com

www.burmeseclassic.com



ထိုတောင်သူများအတွက်ကတော့ ထိုအပင် ထိုအသီးလေးများသည် သူတို့အတွက် နေ့စဉ် ထမင်းစားဖို့ ဖန်တီးပေးနေသည့် အသီးလေးများအဖြစ်သာ သိကြသည်။

သူတို့သည် ပညာလည်းမတတ်၊ အသိဉာဏ်ဗဟုသုတလည်းမရှိ ရှိအောင် သင်ကြားပေးမည့်သူလည်း မပေါ်ပေါက်။

ထိုအပင်စိုက် ထိုအသီးသီးလျှင် ထိုအသီးကအစေးများ ခြစ်ယူရောင်းစားပါက သူတို့တတွေ ထမင်းစားရသည် ဆိုတာလောက်ပဲ သိသည်။

သူတို့ရောင်းချလိုက်သော အဆိပ်စေးများကို ခေါင်းပုံဖြတ်ဝယ်ယူသွားပြီး အဆင့်သင့်ချက်လုပ်ရောင်းချ၍ မည်သူတွေ ဒုက္ခရောက်သွား၊ မည်သူတွေကြွယ်ဝချမ်းသာသွားကြသည် ဆိုသည်ကိုလည်း သူတို့နားမလည်။

"တောက်"

အသီးအပွင့်တွေဝေဆာနေသည့် ဘိန်းခင်းကြီးကိုကြည့်ပြီး ဒေါ်မိုးဒေါသဖြစ်ဖြစ်ဖြင့် တောက်ခေါက်လိုက်သည်။ အနားမှာရှိနေသည့် ဘိန်းပင်တချို့ကိုလည်း ခြေဖြင့်ခတ်ကန်ပစ်လိုက်သည်။

ခုချိန်မှာ သူ့အမုန်းဆုံးအရာတစ်ခုကို ပြပါဟုဆိုလျှင် ထိုဘိန်းပင် ဘိန်းခင်းများကိုသာ ပြလိမ့်မည်ဖြစ်သည်။

ဘိန်း၏ အပြစ်တရားများကို အစက သူ သည်လောက်နားမလည်ခဲ့။ စာထဲဖတ်ဖူး၊ သူများပြောဖူးသော အတွေ့အကြုံဖြင့် မကောင်းဘူးဆိုတာသာသိခဲ့သည်။

ခုကျတော့ သူကိုယ်တိုင်... မူးယစ်ဆေးဝါး၏ သားကောင်ဖြစ်





လာသောအခါမှ... ထိုအန္တရာယ်ကို ပြည့်ပြည့်ဝဝ သဘောပေါက်လာသည်။

ခုဆိုလျှင်... သူသည် ဘိန်းဖြူမသုံးလျှင် ဘယ်လိုမှ နေလို့မရတော့သည့် အဆင့်ကိုရောက်နေပြီဖြစ်သည်။ အချိန်တန်၍မှ ဘိန်းဖြူကိုကိုယ်ထဲသွင်းမပေးလျှင် သူ့ခန္ဓာကိုယ်က ဘယ်လိုမှ မနေနိုင်တော့။

အရိုးထဲ၊ အသားထဲ၊ အသွေးထဲကနေ ရက်ရက်စက်စက် နှိပ်စက်ညှင်းပန်းပြီး၊ ထိုဘိန်းဖြူကို မရမနေ ဆန္ဒပြသည်။

ပထမတော့ ထိုဒဏ်ကို သူကြံ့ကြံ့ခံကြည့်သေးသည်။ သည်လိုဖြစ်လာလျှင် ဘယ်လိုမှ မကောင်းတော့ဆိုသော အသိက တားဆီးလာသဖြင့် စိတ်ညစ်ညစ်နှင့် စိတ်ညစ်တိုင်းသုံးနေသော ဘိန်းဖြူကို သူဖြတ်ကြည့်သည်။

ဘယ်လိုမှမရ။

တစ်ကိုယ်လုံးအေးလိုက်၊ ပူလိုက်၊ အဆစ်အမြစ်တွေကိုက်ခဲလိုက်၊ ခန္ဓာကိုယ်တစ်ခုလုံးကို အပ်ဖျားလေးများဖြင့် တစ်ကိုယ်လုံးထိုးဆွနေသလိုဖြစ်လာလိုက်နှင့် တစ်ကိုယ်လုံးနာကျင်ကိုက်ခဲနေသည်။

ပြီးတော့ စိတ်တွေအားလုံး ဘာကိုမှ အတည်တကျ စဉ်းစား၍မရတော့ပဲ ယောက်ယက်ခတ်လာသည်။ သူ့ကိုယ်သူ ဘာကိုမှ အစိုးမရတော့။

ရင်တလှပ်လှပ်ခုန်နေသလို၊ အသက်ရှူကလည်း ကြပ်လာသည်။ သူဘယ်လိုမှ နေလို့ထိုင်လို့မရတော့။ ချွေးစေးတွေလည်း တစ်ကိုယ်လုံးပြန်ပြီး ရွှဲစိုနေသည်။

ခုချက်ချင်း သေသွားတော့မလိုဖြစ်လာ၍၊ သေရမှာကိုအားထိတ်လန့်ကြောက်ရွံ့လာသည်။ အိပ်ရာတစ်ခုလုံးမှာ နေရာလပ်မကျန်အောင်



www.burmeseclassic.com

www.burmeseclassic.com



သူ လှုးလိမ့်နေသည်။

တတ်နိုင်သလောက်တော့ သူတင်းခံနေမိသေး၏။

သို့သော် နောက်ဆုံးကျတော့ ဘယ်လိုမှ မရတော့။ အနားမှာ ရှိနေသည့် စီးကရက်တစ်လိပ် ကောက်ယူဖွာရှိုက်သည်။ ဘိန်းဖြူမှ ဖြစ်လာသော အဆိပ်ငွေ့များ အဆုတ်မှတဆင့် သွေးကြောထဲရောက်သွားမှ လူ့က နေသာ ထိုင်သာရှိလာသည်။

လိုအပ်သလောက် အဆိပ်ငွေ့များ သွင်းပေးလိုက်သည့်အခါ ကျတော့လည်း လူကောင်းပကတိ။

သွားပြီ... ဟု သူသဘောပေါက်လိုက်သည်။

ဘိန်းဖြူ၏ စွမ်းအင်စွမ်းအားကို သူဘယ်လိုမှ ခုခံကာကွယ် နိုင်စွမ်း မရှိတော့။ ဘိန်းဖြူက သူ့ခန္ဓာကိုယ်နှင့် အသက်ဝိဉာဏ်အား ပိုင်စိုးထားလိုက်ပေပြီ။

သည်ပုံ အရှုံးပေးပြီးသည့်နောက်ပိုင်းမှာ ဘိန်းဖြူ၏ အနိုင်ယူမှု ကလည်း ပို၍ပို၍ တိုးချဲ့လာသည်။ အဖြူပါသည့် စီးကရက်ကို သောက် သုံးနှုန်းက လျှော့ချ၍မရသည့်အပြင် ပို၍ ပို၍ပင် တိုးလာသည်။

နောက်ဆုံး လိုသလောက်ထုတ်ပေးနေသည့် ဦးအိုက်လိတ်ကပင် ပုံစံတစ်မျိုးပြောင်းရန် အကြံပေးလာရသည်။

ထိုစဉ်ကတော့ ဖြစ်ကြောင်းကုန်စင်ကို သူဘာမှမသိသေး။

ဦးအိုက်လိတ်ပြောစကားကိုသာ အဟုတ်ထင်ပြီး၊ ထုံးစံအတိုင်း ဦးအိုက်လိတ်ခင်းသည့် လမ်းအတိုင်း လိုက်လာခဲ့သည်။

တကယ်တော့ သူအတိတ်ဇာတ်လမ်းမှ ကြေကွဲနာကျည်းဘွယ်





ဇာတ်လမ်းအထွတ်အထိပ် ကိစ္စများသည်လည်း ထိုနေရာမှ စတင်ခဲ့ခြင်းသာ ဖြစ်၏။

ထိုနေ့ကိုလည်း သူဘယ်တော့မှမမေ့။

✤ ✤ ✤



www.burmeseclassic.com

www.burmeseclassic.com

၄။

"ဒက်ဒီ... ကျွန်တော့်ကို စီးကရက်နည်းနည်း ပေးထားပါဦး"

"ဟာ... မင်းဆီကဟာတွေ ကုန်သွားပြီးလား ကောင်လေး"

"ကုန်သွားပြီ ဒက်ဒီ၊ အခြေအနေကမကောင်းဘူး၊ သောက်နှုန်းက တဖြည်းဖြည်းများလာတယ်၊ ကျွန်တော်ဖြတ်ကြည့်တော့လဲ ဖြတ်လို့မရတော့ဘူး၊ အဲဒီဒဏ်ကို ကျွန်တော်ဘယ်လိုမှ မခံနိုင်ဘူး၊ ကျွန်တော်လဲ အတော်စိတ်ဓာတ်ကျနေပြီ"

"ငါ့ဆီလဲ စီးကရက်တွေပြတ်နေတယ်၊ ငါမေ့ပြီး ထပ်မမှာ



ဖြစ်လို့ပါ။ ငါကကျတော့လဲ အရက်ကလွဲလို့ အဲဒီဟာတွေကို စွဲစွဲလမ်းလမ်း လုပ်မှမလုပ်တာ.. ငါ့အသက်အရွယ်နဲ့ကျတော့ မင်းတို့လိုခံနိုင်ရည်မရှိဘူး၊ တမင်သက်သက် မင်းတို့လူငယ်တွေသုံးချင်ရင် သုံးရအောင်ဆိုပြီး မှာထားတာ။ ငါကသိပ်မသုံးတော့ ငါလဲထပ်မှာဖို့ မေ့မေ့နေတယ်၊ ဒီလိုလုပ်ပါလား တရက်နှစ်ရက် အလွန်ဆုံးသုံးရက်ပေါ့ကွာ၊ ခဏစောင့်လိုက်ပါလား အခု ထပ်မှာလိုက်ရင် အဲလောက်ဆိုရောက်လာမှာပါ၊ မင်းဆီမှာ အဲလောက် စာတော့ ရှိသေးတယ်မဟုတ်လား"

"မရှိဘူး ကျွန်တော့်မှာ ဒီနေ့ တစ်ရက်စာလောက်ပဲရှိတော့တယ်၊ ခါတိုင်း ဒက်ဒီဆီမှာ မပြတ်တော့ ကျွန်တော်လဲ ကြိုယူမထားဘူး"

"အဲဒါဆိုဒုက္ခပဲ နောက်တစ်ရက်နှစ်ရက်လောက် အောင့်ထားလို့ကော မဖြစ်ဘူးလား"

"ဟာ ဘယ်ရမလဲဒက်ဒီ တစ်ရက်တောင်နေလို့ရမှာမဟုတ်ဘူး"

"အဲဒါဆိုရင်တော့ တစ်နည်းပဲရှိတော့တယ်၊ မင်းစီးကရက် မသောက်နဲ့တော့ ဆေးထိုးအပ်နဲ့ပဲ အကြောထဲသွင်း၊ အမှုန့်နဲ့ မိုးရေတွေတော့ ငါ့မှာရှိတယ်၊ အပ်လဲရှိတယ်၊ ငါယူပေးလိုက်မယ်"

"ဖြစ်ပါ့မလား ဒက်ဒီ"

"ဖြစ်ပါတယ်ကွ၊ ပိုတောင် ထိရောက်သေးတာပေါ့။ အဲဒါဆို ပြတ်စရာလဲမရှိဘူး၊ မင်းလိုသလောက် အားမနာတမ်း သုံးနေလို့ရတယ်"

"ဒါဖြင့် အဲဒါပဲပေးဒက်ဒီ၊ ဒါပေမယ့် အဲဒါမျိုး ကျွန်တော် တစ်ခါမှ မလုပ်ဖူးတော့ ဘယ်လိုလုပ်ရမယ်ဆိုတာ ဘယ်သူ့ပေးရမလဲ"

"အေး ငါလဲတစ်ခါမှတော့ လုပ်မပေးဖူးဘူး၊ ဒီလိုလုပ်ပါလား၊



www.burmeseclassic.com

www.burmeseclassic.com



မင်းညီမလေး နန်းငယ် လုပ်တတ်မှာပါ၊ သူလဲ ဆေးပြတ်ရင် ငါ့ဆီက လာတောင်းတောင်းနေလို့ ငါပဲ မပြတ်ပေးထားတာပဲ''

''အော်...''

သည်တော့မှ... တစ်ခါက နန်းငယ်ကိုစွနှင့်ပတ်သက်ပြီး၊ ဆေး ဘယ်ကရနေလဲဟု စဉ်းစား၍မရခဲ့သည့် ပြဿနာ၏ အဖြေကရသည်။

ထိုစဉ်ကတော့ စောစောကပြောသလို ဘာမှအကြောင်းစုံ မသိရ သေးသည့်အချိန်မို့ သူတို့အတွက် ပိုက်ဆံတစ်ပြားမှမယူပဲ စေတနာဖြင့် ဆေးအလကားပေးနေသူ ကျေးဇူးရှင်အဖြစ်၊ ကျေးဇူးတောင် တင်ခဲ့မိသေး သည်။

တကယ်လည်း သူပြောသလို နန်းငယ်၏အကူအညီဖြင့် ထိုနေက ဆေးသွင်းခြင်းလုပ်ငန်းကို စတင်ခဲ့ရ၏။

* * *





''နင်... အဲဒါတွေ လုပ်တတ်တာ ဘယ်လောက်ကြာပြီလဲ နန်းငယ်၊ ငါရောက်စတုန်းက အပ်သုံးနေပြီလား''

ဆေးထိုးအပ်ကို ကျွမ်းကျွမ်းကျင်ကျင် ကိုင်တွယ်၍ ထိုးပုံထိုးနည်း သေချာပြပေးရင်း ပထမဆုံးအကြိမ် သူ့ကိုယ်ထဲ ဆေးသွင်းနေသည့် နန်းငယ်ကိုကြည့်၍ ဇော်မိုင်ကမေးလိုက်သည်။

နန်းငယ်ကခေါင်းခါရင်း...

''ဟင့်အင်း... အကို၊ အဲဒီတုန်းက နန်းငယ် ဒီအဆင့် မရောက် သေးဘူး... နန်းငယ်လဲအကို့လိုပဲ နောက်မှ ဒီလိုထိုးတတ်လာတာ''

''ဘာဖြစ်လို့ စီးကရက်ကနေ ဆေးထိုးတာပြောင်းသွားလဲ နန်းငယ်''

''ဟင်း''

နန်းငယ်က သက်ပျင်းအရှင်ချသည်။ ပြီးမှ...

''အကို့လိုပါပဲအကိုရာ... ဦးအိုက်က ပထမ စီးကရက်တွေ ပေးတယ်၊ နောက်တော့ စီးကရက်မပေးတော့ဘူး၊ ဒါပဲလုပ်ဆိုပြီး အခု အကို့ကိုပေးတဲ့ ပစ္စည်းမျိုးတွေ ပေးလိုက်တာပဲ''

''ဘာ... ဦးအိုက်လိတ်က ဒီလိုပဲလုပ်နိုင်းလိုက်တာ ဟုတ်လား ဒါဖြင့် ဦးအိုက်လိတ်က စီးကရက်မရှိဘူးဆိုတာ ငါ့ကို ညာလိုက်တာပေါ့''

''အဲဒါတော့ နန်းငယ်လဲမပြောတတ်ဘူးလေ၊ ဒါပေမယ့် အကို့နဲ့



www.burmeseclassic.com

www.burmeseclassic.com



ပတ်သက်ပြီး ဦးအိုက်လိတ် စိတ်သဘောထားက ရိုးမှရိုးသားရဲ့လားလို့ နန်းငယ်တော့ သံသယဖြစ်လာတယ်"

"ဘာဖြစ်လို့လဲ နန်းငယ်"

"မပြောတတ်ဘူးအကိုရယ်၊ အမှန်က အကိုလိုလူမျိုးတစ်ယောက်ဟာ ဒီလိုဘဝမျိုးကို ရောက်မလာသင့်ဘူး၊ ဒီလိုဘဝမျိုးရောက်လာအောင် တွန်းပို့လိုက်တာသူ၊ သူ့သားမက်လောင်းလို့ တရားဝင်ကြေငြာထားပြီးမှ... ဘာကိစ္စ သူကအကို့ကို ဆေးသမားဖြစ်အောင် လုပ်ပစ်တာလဲ"

"သူက ငါ့ကိုဆေးသမားဖြစ်အောင် တွန်းပို့တယ် ဟုတ်လား"

"အင်းလေ... သူပဲ အကို့ကို သုံးချင်ရင်သုံးဖို့ဆိုပြီ စီးကရက်ဗူးတွေ စပေးခဲ့တာမဟုတ်လား"

"ဟာ... မဟုတ်ပါဘူးဟာ၊ သူပေးလဲ ငါသုံးမှ ဖြစ်တာပါ၊ ငါကိုယ်၌က ငါ့ဟာငါ စိတ်ညစ်ပြီး အိပ်မပျော်လို့ သုံးမိသုံးရာစသုံးတာက စွဲသွားတာပါ"

"အကိုကတော့ ဦးအိုက်ကို သံသယမရှိဘူးပေါ့"

"မရှိပါဘူး"

"အဲဒါဆိုလဲ ပြီးတာပါပဲ၊ ဒါပေမယ် နန်းငယ်သဘောကတော့ အကို အဲဒီဆေးကိစ္စကို တစ်နည်းနည်းနဲ့ မျှဉ်းဖြတ်သွားရင် ကောင်းမယ် ထင်တာပဲ"

"အေးပါဟာ... ငါလဲဖြတ်ဖို့ ကြိုးစားနေတာပါပဲ၊ ဒါပေမယ့် သုံးလက်စနဲ့ သုံးနေရင် ဘာမှမဖြစ်ပဲ၊ မသုံးရတဲ့အခါ ဘယ်လိုမှ မခံနိုင်လွန်းလို့ ဆက်သုံးနေရတာပါ"





"ဟင်း"

နန်းငယ်ကဆေးထိုးအပ်များကို သိမ်းဆည်းရင်း သက်ပျင်းချသည်။

ထို့နောက် အကိုမမြင်အောင် တစ်ဖက်လှည့်၍ မျက်ရည်ကျသည်။

ထိုမျက်ရည်ကို ဇော်မိုင်မမြင်လိုက်။

မြင်နိုင်ဖို့လည်း မဖြစ်နိုင်တော့။ ပထမဆုံးအကြိမ်အဖြစ် သွေးကြောထဲ တိုက်ရိုက်ဝင်လာသည့် ဘိန်းဖြူတန်ခိုးက စီးကရက်ကတစ်ဆင့်လာသည့်ပုံစံနှင့်မတူပဲ ချက်ချင်းအစွမ်းပြသောကြောင့် မိုက်ခနဲဖြစ်သွားသည့် ခံစားမှုကို မျက်စိမှိတ်ပြီး ထိန်းလိုက်ရသောကြောင့်ဖြစ်၏။

မှိတ်လိုက်သော သူ့မျက်လုံးထဲမှာတော့ အမှောင်မျှသာ။

✤ ✤ ✤



BURMESE CLASSIC .com
www.burmeseclassic.com

www.burmeseclassic.com

၅။

BURMESE CLASSIC .com

"လူလေး… မင်းကိုငါတစ်ခုပြောမယ်… မင်းတော့ မှားပြီထင်တယ်၊ ဒီတိုင်းဆို မင်းအကြီးအကျယ် ဒုက္ခရောက်တော့မယ့်အလားအလာတွေ ငါမြင်နေတယ်"

ရုတ်တရက်မမျှော်လင့်ပဲ အဘထံမှ သည်စကားကြားရသဖြင့် ဇော်မိုင် အံ့သြသွားသည်။

"ဗျာ… အဘ၊ အဘ ဘာပြောတာလဲ"

"ဘာပြောရမလဲ လူလေးရာ၊ မင်းအခု ဘိန်းဖြူစွဲနေတဲ့ကိစ္စပေါ့၊



မင်းတော့ အိုက်လိတ်ရဲ့ လူလည်ကျတာကို ခံလိုက်ရပြီအောက်မေ့တာပဲ၊ မင်းသိပ်စိတ်ပျော့ညံ့တဲ့ကောင်ပဲ လူလေးရာ"

"အဘစကားကို ကျွန်တော်နားမလည်ဘူးအဘရာ၊ အဘ ဘာကို ဆိုလိုတာလဲ"

"ဘာဆိုလိုရမလဲကွာ၊ မင်းအခု ဘိန်းဖြူကို ဒီလောက်စွဲနေပုံမျိုးနဲ့ မင်းဘဝဘယ်လောက်ကြာကြာ ဆက်ရပ်တည်နိုင်မယ်ထင်လို့လဲ၊အိုက်လိတ်ဆိုတဲ့ကောင်၊ အဲဒီလိုလုပ်ဖို့မကောင်းဘူးကွာ၊ ဒီကောင် သိပ်ရက်စက်တယ်၊ ပြီးတော့ အရမ်းလဲကောက်ကျစ်တယ်"

"ဒီမှာအဘ၊ ကျွန်တော့်ကို အဲလိုပြောမနေနဲ့၊ အဲလိုပြောလို့ ကျွန်တော်နားမလည်ဘူး၊ အဘပြောသလို ကျွန်တော် ဘိန်းဖြူစွဲနေတာ မှန်တယ်။ ဒါပေမယ့် အဲဒါဟာ အဘပြောသလို ဦးအိုက်လိတ်နဲ့ ဘာမှ မပတ်သက်ဘူး။ ကျွန်တော့်ပြဿနာနဲ့ ကျွန်တော်စိတ်ဆင်းရဲတာကို မခံနိုင်လို့ ထင်ရာလုပ်တာက စဖြစ်လာတဲ့ကိစ္စ"

"ကောင်းပြီလူလေး… မင်းခုချိန်ထိအောင် ဒီလောက်အ,နေသေးရင်လဲ မင်းကို ငါရှင်းရှင်းပဲ ပြောပြမယ်၊ အိုက်လိတ်ဟာ ငါထင်တာပြောရရင် မင်းကို သူ့သမီးနဲ့ သဘောတူပုံမရဘူး၊ သူ့စိတ်ထဲမှာ မင်းလိုကောင်နဲ့ သူ့သမီးနဲ့ တန်တယ်လို့ မထင်ဘူး"

"ဟာ အဘကလဲ"

"အဘကလဲ မလုပ်နဲ့လေ၊ ငါပြောတာနားထောင်ဦး၊ ဒါပေမယ့် ကောင်ကြီးက လည်တယ်၊ အဲဒီတော့ မင်းနဲ့ သူ့သမီးနဲ့ ပေးစားမယ့်ပုံမျိုး ထုတ်၊ အဲလိုမလုပ်လို့လဲ မရဘူးလေ၊ သူ့သမီးကပါ မင်းကိုကြိုက်နေတော့



www.burmeseclassic.com

www.burmeseclassic.com



ရွတ်ခွဲရင်လဲ သူ့သမီးနဲ့ပြဿနာတက်မယ်၊ အဲဒီတော့ တစ်ဖက်လှည့်နဲ့ မင်းတို့ကို သဘောတူချင်ယောင်ဆောင်ပြီးတော့ သူ့သမီးကို ရန်ကုန် ပြန်လွှတ် ကျောင်းတက်ခိုင်း၊ မင်းကိုတော့ ဒီမှာနေခိုင်းပြီး ဘိန်းဖြုန့်ခွဲအောင် လုပ်၊ ဘိန်းအရမ်းစွဲပြီး မင်းလူညွှန့်လဲတုံးရော၊ သူ့သမီးပညာတတ်မကြီး အနေနဲ့ပြန်လာ၊ မင်းလို ဘိန်းစားကို လှည့်ကြည့်မှာမဟုတ်တော့ဘူး၊ အဲဒီအခါကျ မင်းကို အသာတကြည်ကန်ထုတ်ပြီး၊ သူ့သမီးကို သူ သဘောကျတဲ့လူနဲ့ ပေးစားလိုက်ရုံပဲ၊ ငါတော့ မင်းကို အဲဒီလိုလုပ်ထားတဲ့ သူ့ထောင်ချောက်ထဲကျသွားပြီးလို့ အောက်မေ့တာပဲ ဇော်မိုင်''

အဘက ရှည်လျားဝွေ့ပြားစွာ ရှင်းပြတော့မှ အဘပြောချင်သည့် ပုံစံကို သူသဘောပေါက်သည်။

အဘစကားအဆုံးမှာ၊ သူမှားထဲ နန်းငယ်ပြောခဲ့သည့် စကားများ ကိုလည်း ပြန်ကြားယောင်သည်။

သူ ဇဝေဇဝါဖြစ်သွား၏။

အဘတို့ နန်းငယ်တို့ပြောတာတွေ ဟုတ်များဟုတ်နေလား။

မှန်တာပြောရလျှင် သည်လိုအတွေးမျိုး သူ့မှာ ဘယ်တုန်းကမှ မပေါ်မိ။ မူးယစ်ဆေးဝါးကိစ္စကို၊ ကိုယ့်ဟာ ကိုယ်ပျော့ညံ့လို့ဖြစ်ခဲ့သည်ပဲ ယူဆခဲ့သည်။

အပြစ်တင်စရာရှိလျှင်လည်း ကိုယ့်ကိုကိုယ်ပဲ အပြစ်တင်ခဲ့သည်။

ခု သူတို့ပြောမှ တစ်ခုစဉ်းစားမိသည်။ မူးယစ်ဆေးဝါးသုံးစွဲ ခဲ့တာတော့ ဘယ်သူ့အပြစ်မှ မဟုတ်၊ ကိုယ့်အပြစ်သာ ဖြစ်သည်။ ဘယ်သူ ကမှ ရိုက်နှက်သုံးခိုင်းသည်မဟုတ်ပဲ၊ ကိုယ့်သဘောနှင့်ကိုယ် သုံးစွဲခဲ့သည့်





ဒ်စွ။

သို့သော်... သူ့အလွယ်တကူသုံးနိုင်အောင်၊ သူသုံးချင်သည့်အခါ တွင် လွယ်လင့်တကူ ယူငင်သုံးဆောင်နိုင်အောင်၊ သူ့အနားမှာ အဆင်သင့် နေအောင် စီစဉ်ပေးသလိုလုပ်ထားခဲ့သူက ဦးအိုက်လိတ်ဖြစ်သည်။

ဒါသည် သူ့အားနည်းချက်ကိုသိ၍၊ သူ့စိတ်မညစ်ညစ်အောင် နှိပ်စက်ပေးပြီး၊ စိတ်ညစ်လျှင် သုံးစွဲဖြစ်အောင်၊ မူးယစ်ဆေးဝါးတွေ အရံသင့် ထားပေးထားသည့် ဦးအိုက်လိတ်အကြံ မဖြစ်နိုင်ဘူးလား။

ပထမပိုင်းတုန်းက ဆေးလိပ်တွေ အဆင်သင့်ပေးထားသည်။ သုံးဖြစ်သွားမှန်းသိတော့လည်း ဆက်သုံးဖြစ်သွားအောင် ပစ္စည်းတွေ လွယ်လွယ်ထုတ်ပေးခဲ့သည်။

သူ့ဘက်က တကယ်စွဲပြီဆိုသောအခါ၊ စီးကရက်ကိုဖြတ်၍ ဘိန်းဖြူကော မိုးရေကောအပြင် ဆေးထိုးအပ်ကအစ အဆင်သင့်လေး ဖြစ်အောင် ထုတ်ပေးခဲ့တာလည်း ဦးအိုက်လိတ်။

အဘတို့ပြောတာလဲ ဖြစ်နိုင်သည်ဟု တွေးမိသည်။

သို့သော်... အထောက်အထား သိပ်မခိုင်လုံပဲ လူတစ်ယောက်ကို စွပ်စွဲချင်စိတ် သူ့မှာမရှိ။ ကိုယ့်ဟာနှင့်ကိုယ် အမှားကျူးလွန်မိပြီး မရှုနိုင် ကယ်နိုင်ဖြစ်မှ၊ သူများအပြစ်ပုံချသည့် ထမင်းရည်ပူလာမှ လျှာလွှဲသည့် အလုပ်မျိုးလည်း မလုပ်ချင်။

သို့အတွက် ဒေါသဖြစ်နေသော အဘအား နှစ်သိမ့်သောလေသံ ဖြင့်...

''အဘပြောတာလဲ ဖြစ်တော့ဖြစ်နိုင်ပါတယ်... ဒါပေမယ့် လူ



www.burmeseclassic.com

www.burmeseclassic.com



တစ်ယောက်ကို မသေချာပဲ မစွတ်စွဲချင်ဘူး အဘရယ်.. အဘပြောသလို ဦးအိုက်လိတ် တကယ်လုပ်ခဲ့တာလား မလုပ်ခဲ့ဘူးလားဆိုတာ သိအောင်လုပ်နိုင်တဲ့နည်းတွေ ရှိပါတယ်၊ ကျွန်တော်သတိထားပြီး အဖြေရှာပါ့မယ်"

"အဖြေရှာပြီး မင်းကဘာလုပ်မလဲ"

"သူ့အဲလို လုပ်ခဲ့ရိုးမှန်ရင်တော့ သူနဲ့ကျွန်တော် ပွဲကြီး ပွဲကောင်း ပဲပေါ့ အဘရယ်"

"ဘာလဲ မင်းက ဒီနယ်မှာ သူနဲ့ယှဉ်ပြီး ဖြစ်ရဲလို့လား၊ မလုပ်ပါနဲ့ကွာ ငါတို့အကုန်လုံး သေကုန်ပါဦးမယ်၊ အရေးကြီးတာက အဲဒါမဟုတ်ဘူး"

"ဒါဖြင့်ဘာလဲအဘ"

"ဘာလဲဆိုတော့ မင်း အဲဒီဘိန်းဖြူကို ဖြတ်ဖို့ပေါ့၊ မင်းသာ ခုချိန်မှာ ဘိန်းဖြူကို ရအောင်ဖြတ်နိုင်ပြီး၊ သူ့ဆင်ကွက်ထဲက အလွတ်ရုန်းနိုင်ရင် မင်းဘဝ ဘာမှဖြစ်စရာအကြောင်းမရှိတော့ဘူး၊ ဒါပေမယ့် တစ်ခုတော့ရှိတယ်"

"ပြောပါအဘ"

"မင်း ဘိန်းဖြူကို ဖြတ်သလို၊ သူ့သမီးကိုလဲဖြတ်နိုင်ရင်ကောင်းမယ်လူလေး... ဘာဖြစ်လို့လဲဆိုတော့၊ မင်းကို ဒုက္ခပေးဖို့ ကြိုးစားတာဟာ၊ အဓိကက သူ့သမီးပြဿနာပဲ၊ သူ့သမီးနဲ့ပတ်သက်နေသမျှ မင်းကို တစ်နည်းမဟုတ်တစ်နည်း ဆက်ဒုက္ခပေးနေဦးမှာပဲ၊ ဘယ်လိုမှ တစ်ခြားနည်းနဲ့ လုပ်လို့မရရင် မင်းကို သတ်ပစ်တဲ့အထိလုပ်နိုင်တယ်၊ အဲဒီတော့ အကောင်းဆုံးကတော့ ဘိန်းဖြူဖြတ်ပြီး မင်းဒီနယ်မြေက လွတ်အောင်

BURMESE CLASSIC .com





ပြေးတော့ပဲ"

"ကျွန်တော်ပြေးရင် အဘတို့ပဲ အသတ်ခံရမယ်ဆို"

"အဲဒါ ဟိုတုန်းက အခြေအနေကွ၊ ခုအခြေအနေက မင်းဒီမှာ ရှိလေ သူကကြိုက်လေဖြစ်သွားပြီ"

"ကောင်းပြီလေ၊ အဲဒါဆို အဘအခုပေးတဲ့ အကြံဉာဏ်တွေကို ကျွန်တော် အလေးအနက်ထားပြီး စဉ်းစားပါ့မယ်၊ နောက်ပြီး အဘပြောသလိုပဲ ပထမဆုံး ဘိန်းဖြူပြတ်အောင် ကျွန်တော်လုပ်မယ်၊ ဒါကတော့ ဘာပဲဖြစ်ဖြစ် လုပ်ကိုလုပ်ရမယ့် ကိစ္စဆိုတာ ကျွန်တော်နားလည်ပြီ"

"အေး... မင်းအဲလောက် သဘောပေါက်တယ်ဆိုရင် ငါကျေနပ်ပါတယ်၊ ကျန်တာကတော့ မင်းအပိုင်းပဲ မင်းဟာ မင်းကြည့်လုပ်ပေါ့ကွာ"

အဘက စကားအဆုံးသတ်ပြီးသည်နှင့် လှည့်ထွက်သွားသည်။

သူ့တစ်ယောက်တည်း အတွေးပေါင်းများစွာနှင့် ရှုပ်ထွေးကျန်ခဲ့၏။

* * *

www.burmeseclassic.com

www.burmeseclassic.com



အကယ်၍ နန်းငယ်ကိစ္စသာ ထိုအချိန်မှာ တိုက်တိုက်ဆိုင်ဆိုင် ပေါ်မလာခဲ့လျှင်၊ ထိုအခြေအနေကို ဖော်မိုင် ဘယ်လိုဖြေရှင်းရမည်မှန်းပင် သိမည်မဟုတ်တော့။

အဘ ပြောသွားပြီး ညတစ်ညလုံးလိုလို သူစဉ်းစားခဲ့သည်။

တစ်အချက် ဦးအိုက်လိတ်က သူ့ကို မကောင်းကြံသည်ဟု အဘ ပြောသလိုဖြစ်လာသည်ပဲထား၊ သူဘာလုပ်မလဲ။အဘပြောသလို ကိုယ်လွတ် ရုံးထွက်ပြေးရုံပဲရှိသည်။ ဒါဆိုလျှင် နန်းဝတ်မှုံနှင့် သူ့ဘဝက တစ်သက် ဝေးပြီ။

ကောင်းပြီ နှစ်အချက် ဦးအိုက်လိတ်က အဘပြောခဲ့သလို မဟုတ်ပဲ၊ သူ့အပေါ်မှာ ရိုးသားသည်ထားလိုက်။ သူဘာလုပ်မလဲ၊ နောက် လေးငါးခြောက်နှစ်ကြာလျှင် နန်းဝတ်မှုံနှင့် သူပေါင်းရမည်။ သို့သော်... ထိုအချိန်မှာ သည်သောင်ကျန်းသူအလုပ်ကို သူတစ်သက်လုံး လုပ်နိုင်မည်လား။

အမှန်က သူ့တွင် မူးယစ်ဆေးဝါး စွဲကပ်လာသည့်တရားခံက ဒါပဲဖြစ်သည်။ နန်းဝတ်မှုံကို ချစ်သည့်အချစ်နှင့် သည်သောင်ကျန်းသူအလုပ် လုပ်ရမှာကို စိတ်ညစ်ခြင်း၊ သည်နှစ်ခုက တစ်တွဲတည်းပါနေသည်။ နန်းဝတ်မှုံကို လိုချင်လျှင် သောင်းကျန်းသူလုပ်၊ အဲဒါမလိုချင်လျှင် နှစ်ခု စလုံးကိုစွန့်လွှတ်။

တစ်ခုကိုလိုချင်လျှင် နောက်တစ်ခုကိုလည်း တွဲလက်ခံရမည်။ ခက်သည်က တစ်ခုကိုသာ သူလိုချင်သည် နောက်တစ်ခုက သူအင်မတန်





စိတ်ပျက်၊ စိတ်မပါသောအလုပ်။

ခုလည်း သူရင်မဆိုင်နိုင်သည်က ဒါပဲဖြစ်သည်။ နန်းဝတ်မှုံ ကိုလည်း သူမစွန့်လွှတ်နိုင်၊ အလားတူပင် ဦးအိုက်လိတ် အရိုက်အရာ ကိုလည်း သူမလိုချင်။

အဖြေကရှင်းသည်။ ဦးအိုက်လိတ်က သူ့အပေါ်ကောင်းသည် ဖြစ်စေ၊ ဆိုးသည်ဖြစ်စေ၊ သည်နှစ်ခုလုံးကို သူတွဲလျက် မလိုချင်။

အဲဒီတော့ သူဘာလုပ်မလဲ။

"မှိုး"

အတွေးတွေက ချာလည်လိုက်ပြီး၊ နောက်ဆုံးကျတော့ စိတ်ညစ် တာသာ အဖတ်တင်လာသည် စိတ်ညစ်သည်နှင့်တပြိုင်နက် သူ့ခန္ဓာကိုယ် သွေးသားများကလည်း မူးယစ်ဆေးဝါးကို တောင့်တလာသည်။

သည်မူးယစ်ဆေးဝါးကို မစွန့်ခွာနိုင်သမျှလည်း သူ့ဘဝက တဖြည်းဖြည်း နစ်မွန်သွားဖို့ပဲရှိသည်။

ကောင်းပြီ၊ အခု မူးယစ်ဆေးဝါးကို သူဖြတ်မည်ဆိုတော့လည်း၊ သည်ပတ်ဝန်းကျင်၊ သည်ဒေသ၊ သည်အလုပ်တွေကြားမှာ သူဘာလုပ် နေရမလဲ။

နန်းဝတ်မှုံကို မစွန့်လွှတ်နိုင်၍၊ သည်အလုပ်တွေ စိတ်မပါပဲ လုပ်နေရလျှင် တစ်နေ့ သူသည် ဆေးဝါးတွေကိုပဲ ပြန်မှီဝဲဖြစ်သွားဦးမှာပဲ ဖြစ်သည်။

အကောင်းဆုံးကတော့ အားလုံးကိုဖြတ်ပြီး သည်ဒေသကိုကော၊ သည်လူတွေကော၊ နန်းဝတ်မှုံကိုကော ကျောခိုင်းလိုက်တာပဲ ဖြစ်သည်။



www.burmeseclassic.com

www.burmeseclassic.com



ကျန်တာ အားလုံးကိုဖြတ်ဖို့က မခက်။

နန်းဝတ်မှုံကို ဖြတ်ဖို့သာ ခက်သည်။

နန်းဝတ်မှုံကို ဘယ်တုန်းကမှ သူစွန့်ခွာဖို့ မတွေးခဲ့ဖူးသလို ခု... စတွေးတော့လည်း သူ့ရင်ထဲမှာ နာကျင်ကြေကွဲလာသည်။

တစ်နေ့ ပေါင်းရမည်ဆိုသော မျှော်လင့်ချက်အပြည့်နှင့် ခဏခွဲခွာနေရသည့်ကိုပင် သူအပြင်းအထန် ခံစားနေရသည့်ကိစ္စ။

တစ်သက်လုံးဝေးဖို့ဆိုသော အလုပ်ကို သူတွေးတောင်မတွေးရဲ၊ တွေးမည်ကြံသည်နှင့် ရင်ထဲမှာပူလာသည်။ ရှေ့ဆက်လျှောက်ရမည့် ဘဝခရီးတစ်ခုလုံးကလည်း ဘာမှအဓိပ္ပါယ်မရှိသလို ခံစားလာရသည်။

ဟုတ်သည် သူ့အင်မတန်ချစ်သည့် နန်းဝတ်မှုံမပါပဲ၊ သူ့ဘဝကြီးက ရှေ့ဆက်တင့်တယ်နေတော့လည်း ဘာအဓိပ္ပာယ်ရှိမလဲ။

အဲဒါထက်စာလျှင်၊ သည်မှာပဲ၊ ပေတေနေပြီး မူးယစ်ဆေးဝါးကြောင့်ပဲဖြစ်ဖြစ်၊ ဘာကြောင့်ပဲဖြစ်ဖြစ်၊ လူညွန့်တုံးရုံမကလို့ သေသွားသွား၊ အဲဒါကမှ ပိုမကောင်းဘူးလား။

သူ့အတွေးတွေက သမ္ပတ်အူလိုရှုပ်ထွေးနေသည်။

နောက်ဆုံးတော့ ထိုရှုပ်ထွေးမှုဒဏ်ကို သူမခံနိုင်တော့။ ထုံးစံအတိုင်း နောက်ဆုံးအားကိုးရာဖြစ်သည့် ဘိန်းဖြူထုပ်ဆီပဲ သူလက်လှမ်းလိုက်သည်။

ထိုအခါကျမှ သူကောင်းစွာ အိပ်ပျော်သွားတော့၏။

✤ ✤ ✤



၆။

ဖြစ်ပုံများက ကြံ့ဖန်တိုက်ဆိုင်သည်ဟု ဆိုရမည်။

မနေ့ညက အဘစကားများကြောင့် တစ်ညလုံး အတွေးများများလည်ခဲ့သည်။

ဘာမှလည်း တိတိကျကျ မဆုံးဖြတ်နိုင်ပဲ၊ ဒုံရင်း၊ ဒုံရင်းပြန်ရောက်ကာ အိပ်ပျော်သွားခဲ့သည်။

သည်မနက်နိုးလာတော့လည်း ခေါင်းထဲကို သည်အကြောင်းများကပဲ ဦးဆုံးဝင်လာသည်။ သို့သော် ဘာမှလည်းမလုပ်ပတတ်၊ ဘာလုပ်ရမှန်း

www.burmeseclassic.com



လည်း မသိသေးသည့်အတူတူ ဘာမှမလုပ်သေးပဲ အခြေအနေကြည့်ဦးမည်ဟု တွေးကာ ဦးအိုက်လိတ်ဆီ ထွက်လာခဲ့သည်။

ရုံးရောက်တော့ အကြီးအကျယ်ဒေါကန်နေသော ဦးအိုက်လိတ်နှင့် တွေ့၏။

"တောက်... အဲဒါတွေ ငါမကြိုက်တာပဲ၊ ငါက ဒါဆိုဒါမှ ကြိုက်မှန်းသိရဲ့သားနဲ့ တမင်ဖွတ်လုပ်လာတာ"

ရုံးခန်းထဲမှာ ဦးအိုက်လိတ်အပြင် တစ်ခြားလူနှစ်ယောက်ပါ ရှိနေသည်။

အထဲက လွှံထွက်လာသောဒေါသသံကြောင့် ရုံးခန်းဝတွင် ဇော်မိုင် ခဏရပ်နေလိုက်သည်။ ဝင်ရကောင်းမလား၊ မဝင်ပဲနေရကောင်းမလား ဇဝေဇဝါဖြစ်သွားသည်။

သို့သော်လည်း ဒေါသက ကိုယ်နှင့်မဆိုင်သောဒေါသမို့ ဝင်သွားတာကမှ အကျိုးအကြောင်းသိရဦးမည်ဟု တွေးပြီး၊ ရုံးခန်းတံခါးကိုတွန်း၍ အထဲဝင်လိုက်သည်။

"အော်"

သူ့မျက်နှာမြင်သောခဏ၊ ဦးအိုက်လိတ် ဒေါသအမူအယာများက အရှိန်တန့်သွား၏။

သူအခြေအနေသိချင်သဖြင့်...

"ဘာဖြစ်လို့လဲ ဒက်ဒီ၊ ကျွန်တော် ဘာလုပ်ပေးရမလဲ"

"ဘာလုပ်ပေးရမလဲဆိုတော့ မင်း ငါ့စားပွဲမှာထိုင်ပြီး၊ ငါလုပ်ရမယ့်အလုပ်တွေ လုပ်ပေးထားစမ်း ကောင်လေး၊ ငါဟိုဘက်ကမ်း ခဏ





သွားမလို့"

"ဟုတ်ကဲ့ ရပါတယ်ဒက်ဒီ၊ ဒက်ဒီသွားစရာရှိတာသွားလေ၊ ဟိုဘက်ကမ်းမှာ ကိစ္စရှိလို့လား"

"အေး... ရှိတယ်၊ အခုပဲ ဒီကောင်တွေ သတင်းလာပို့တာ၊ ဒီနေ့ မန်ဟိုင်းကို ဟိုကောင်မ ရောက်လာမယ်၊ အဲဒါ ဒီဘက်အကူးမခံပဲ အဲဒီကနေပြန်လွှတ်မလို့"

"ဘယ်သူလဲ ဒက်ဒီ"

"ဘယ်သူကမလဲကွ၊ ငါ့စကားနားမထောင်တဲ့ ငါ့သမီး နန်းဝတ်မှုံပေါ့"

"ဟင်... ဝတ်မှုံ မန်ဟိုင်းကိုရောက်မယ် ဟုတ်လားဒက်ဒီ"

"အေး... ဒါပေမယ့် မင်းတွေ့ခွင့်မရှိဘူး၊ ဒီလဲ အလာမခံဘူး၊ အဲဒီကနေပဲ ငါပြန်လွှတ်လိုက်မယ်၊ ကျောင်းမပြီးမချင်း ပြန်မလာနဲ့လို့ ငါသေချာမှာထားရက်သားနဲ့၊ အဲလိုလုပ်လာတာ ငါမကြိုက်ဘူး"

"မလုပ်ပါနဲ့ဒက်ဒီရယ်၊ ဝတ်မှုံဆီကို ကျွန်တော်လဲလိုက်ခဲ့ပါရစေ၊ ဒီအလာမခံရင်လဲ ဟိုမှာပဲ ကျွန်တော်လိုက်တွေ့ပါရစေ"

"မတွေ့ရဘူးကောင်လေး၊ မင်းနဲ့တွေ့ရင် ဟိုကောင်မ ပြန်မှာမဟုတ်ဘူး၊ အဲဒီတော့ မင်းလဲမရှိဘူး၊ ခရီးထွက်သွားတယ်လို့ ငါပြောလိုက်မယ်၊ ငါမသိပဲလိုက်လာရင်လဲ မင်းနဲ့ငါ တွေ့မယ်၊ မင်းဒီမှာပဲစောင့်"

"မဟုတ်ပါဘူး ဒက်ဒီရာ... ခဏလေးဖြစ်ဖြစ်၊ ကျွန်တော်တွေ့ပါရစေ"

"ငါပြောနေတယ် ဇော်မိုင်၊ ခဏလေးလဲ မင်းတွေ့စရာမလိုဘူး၊



www.burmeseclassic.com

www.burmeseclassic.com



ဒါအမိန့်ပဲ၊ တစ်သက်လုံး မင်းပြဿနာတက်မသွားချင်ရင် လုံးဝလိုက်မလာနဲ့၊ ဟိုကောင်တွေထ၊ သွားမယ်"

ပြောပြောဆိုဆိုနှင့် ဦးအိုက်လိတ်က အခန်းထဲကထွက်သွားသည်။ စောစောကထိုင်နေသူ နှစ်ယောက်လည်း ခပ်ကုတ်ကုတ်ထလိုက်သွားသည်။

အခန်းထဲတွင် ဇော်မိုင်တစ်ယောက်သာ ထိုင်မရ ထမရနှင့် ကိုးလိုးကန့်လန့် ဖြစ်ကျန်ခဲ့၏။

* * *

"ခုန်း"

စိတ်ကဘယ်လိုမှ ထိမ်းမရတော့သဖြင့် ဧည့်ခန်းရှုံးခန်းအတွင်း၌ရှိသော ဆိုဖာကုလားထိုင်ကြီးကို ခြေဖြင့် ပိတ်ကန်ပစ်လိုက်သည်။

ဒေါသလည်း အကြီးအကျယ်ထွက်နေ၏။





သည်တိုင်းဆို... အဘပြောတာတွေ မှန်များနေပြီလား။ မှန်ဖို့ကကိုးဆယ်ရာခိုင်နှုန်းကျော်သွားပြီ ဖြစ်၏။

စဉ်းစားကြည့်၊ ရန်ကုန်ကလူက. တကူးတကရောက်အောင်ပြန်လာ၍၊ ဒီနားပင် ရောက်နေပြီဖြစ်သည်။ တားထားသည့်ကြားကမရောက် ရောက်အောင်ပြန်လာသည် ဆိုသည်မှာလည်း ချစ်သူကို တွေ့ချင်လို့သာဖြစ်ကြောင်း ဘာမှ သံသယရှိစရာမလို။

သည်ခရီးကြီးကို ဖြတ်သန်း၍၊ တကူးတက အရောက်လာသူကိုသည်ကျုမှ မတွေ့ရဆိုသည်ကတော့ လုံးဝသဘာဝမကျ။

သည်ဘက်ကမ်းတောင် အကူးမခံပဲ၊ ဟိုဘက်ကမ်းကနေပြန်လွှတ်ဖို့ ချက်ချင်းထွက်သွားသည်။ ထားပါတော့ ဟိုဘက်ကမ်းကပဲပြန်လွှတ်ပါဦး သူခဏလေးလိုက်တွေ့တာကိုတော့ ခွင့်လွှတ်ဖို့ကောင်းသည်။

ခုကျတော့ ထိုခဏလေးကိုပင် ပိတ်ပင်တားဆီးလိုက်ပြန်သည်။

သည်တိုင်းဆို... ဦးအိုက်လိတ် စိတ်သဘောက လုံးဝမဟုတ်တော့။

သူဘာလုပ်သင့်သည်ဆိုသည့် အဖြေကရှင်းသွားပြီဖြစ်သည်။ သည်အရပ်မှာ သူလုံးဝဆက်မနေသင့်တော့။

သည်ဒေသမှာ သူဆက်ရှိနေ၍လည်း အလှည့်စားခံဘဝနှင့်မူးယစ်ဆေးဝါးသားကောင်အဖြစ်ကလွဲပြီး သူဘာမှ ရနိုင်စရာမရှိတော့။

သူလုပ်ရမည့်အလုပ်က အမြန်ဆုံးသည်က ခွာမည်။ အလင်းထဲရောက်သည်နှင့် တရားဥပဒေအဆုံးအဖြတ်ကို ခံယူရင်း ဆေးဖြတ်မည်။

နောက်ပိုင်း ကိစ္စဝိစ္စများပြီးလျှင် ရန်ကုန်မှာကျောင်းတက်နေသော



www.burmeseclassic.com

www.burmeseclassic.com



နန်းဝတ်မှုံကို အချိန်မရွေး သွားတွေ့နိုင်သည်။

အခြေအနေအားလုံးကို နန်းဝတ်မှုံနားလည်အောင် ပြောပြနိုင်ပါက နန်းဝတ်မှုံလည်းသည် ပြန်လာချင်မှ ပြန်လာတော့မည်။

သူနှင့် ဟိုမှာပဲ အတူနေမည် မနေမည်ကတော့ ခုချိန်မှာ ကံသေကံမ မတွက်နိုင်သေး။ သို့သော် တကယ်ချစ်သည်ဆိုလျှင်တော့ သူ့ဘက်ကို အလေး သာကိုသာရပေမည်။

တစ်ခုပဲရှိသည်။

ဦးအိုက်လိတ်လို ဉာဏ်များသည့် လူကြီးနှင့် ယှဉ်ရမည့်ကိစ္စမှာ သူ့ဘက်က အလောသုံးဆယ်နှင့် စိတ်နောက်ကိုယ်ပါ လုပ်၍မရ။

ခုချက်ချင်း သည်ဒေသကထွက်လို့လည်းမရသေး။ သူလွတ်သွားသည့်တိုင် ဦးအိုက်လိတ်လက်ထဲမှာ အဘ၊ အမေနှင့် နန်းငယ်တို့ ထားခဲ့ရမှာ ဖြစ်သည်။

သည်အတွက်လည်း ငုံ့ရဦးမည်။

နောက်တစ်ခုကလည်း နန်းဝတ်မှုံ ရန်ကုန်ကို ချောချောမောမော ပြန်ရောက်ပြီးမှ သူ သည်က ခွာသင့်သည်။ နို့မို့ နန်းဝတ်မှုံကို လမ်းခုလတ်ကနေ သည်ပြန်ခေါ်ထားလိုက်ပါက၊ သူနှင့် ဘယ်လိုမှ ဆုံစည်းခွင့်ရမှာ မဟုတ်တော့။

အဘက်ဘက်ကတွက်ကြည့်ပြီး ဇော်မိုင် သူ့စိတ်ကို နိုင်အောင်ထိန်းလိုက်သည်။

ခုနေမှာ သူ့ဘာမှ ပေါက်ကွဲစရာ၊ အိခြေပျက်စရာမလို၊ ဦးအိုက်လိတ်နှင့် ပြဿနာအတက်ခံပြီး မန်ဟိုင်းလည်း လိုက်မှသွားတော့။





တစ်သက်လုံးဝေးရမည့် အန္တရာယ်နှင့်ရင်း၍ ခုခဏလေး ဘာမှသွားတွေ့စရာမလို။ ဝေးလက်စနှင့် နောက်ထပ် နည်းနည်းထပ်ဝေးနေရတာက သိပ်အပန်းမကြီးတော့။

စိတ်တည်ငြိမ်သွားသည်နှင့် လူလည်းအတော်လေး တည်ငြိမ်သွားသည်။

လုပ်စရာရှိတာကို ခေါင်းအေးအေးနှင့် လုပ်သွားဖို့သာ ဦးတည်လိုက်တော့၏

✤ ✤ ✤



www.burmeseclassic.com

www.burmeseclassic.com

၇။

ထိုအချိန်ကျမှ နန်းငယ်ပြဿနာက ဘွားခနဲပေါ်လာ၏။

''ဗိုလ်ကြီးဇော်မိုင် ဗိုလ်ကြီး''

သူ ဦးအိုက်လိတ်၏ ရုံးခန်းထဲမှာ အတော်လေး တည်တည်ငြိမ် ငြိမ်ရှိလာပြီးနောက် ခုလောလောဆယ် သည်ကိစ္စထက်၊ နောက်ပိုင်း သူလုပ် ရသည့်ကိစ္စများကိုသာ အသာငြိမ်ထိုင်ပြီး စဉ်းစားနေခဲ့သည်။

အဓိကကတော့ သူဘယ်ပုံစံနှင့် သည်နယ်မြေက ထွက်ခွာရမည် ဆိုသော ကိစ္စပင်။

သွားရမည့် ဦးတည်အရပ်ကတော့ ထုံးစံအတိုင်း ကွတ်ခိုင်ကိုပဲ



သူရွေးသည်။ သည်လမ်းက သူနှင့်အရင်းနှီးဆုံး ဖြစ်နေသောလမ်း။

အချိန်ကကော…၊ အချိန်ကတော့ နောက်တစ်လလောက် သူစောင့်မည်ဟု ဆုံးဖြတ်သည်။ အချိန်တစ်လလောက် စောင့်ရင်း ဦးအိုက် လိတ်ရှေ့မှာ အိခြွေမပျက် နေပြထားမည်။ ထိုအချိန်ဆို နန်းဝတ်မှုလည်း နောက်ကိုကို ချောချောမောမော ပြန်ရောက်လောက်ပြီဖြစ်သည်။

ဒီမှာလည်း အားလုံးယုံကြည့်စိတ်ချပြီဆိုမှ အငိုက်ဖမ်း၍ လစ်ခနဲ ထွက်သွားမည်။

ဟိုမှာ တပ်စခန်းတစ်ခုခု၌ ဝင်လက်နက်ချဖို့ကိစ္စကတော့ သိပ် အခက်အခဲရှိမှာမဟုတ်ဟု သူတွက်၏။ သူ ကွတ်ခိုင်မှာ ရှိစဉ်ကတည်းက သည်လိုမျိုးလက်နက်ချသည့်ကိစ္စတွေ မကြာခဏ ကြားဖူးတွေ့ကြုံဖူးသည်။

ခဏတဖြုတ် စစ်ဆေးမေးမြန်းတာကလွဲ၍ ဘာအန္တရာယ်မှမရှိ။ ဝင်လာသမျှလူအားလုံးကို လှိုက်လှိုက်လှဲလှဲနှင့် နွေးနွေးထွေးထွေး ပြုစုစောင့် ရှောက်ပေးကြသည်။

ထိုအချိန်မှာပင် ရုံးခန်းအတွင်းသို့ ရဲဘော်တစ်ယောက်က အပြေး တပိုင်း ဝင်လာသည်။

''ဘာလဲ… မောင်စံ''

သည်ရဲဘော်က သူနှင့်ရင်းနှီးပြီးသား၊ နေတာကလည်းသူ့အိမ်နှင့် မလှမ်းမကမ်းမှာပဲ ဖြစ်သည်။

မောင်စံက စနစ်တကျမဟုတ်သော်လည်း အရေးတကြီး အမူ အယာနှင့် အလေးပြုပြီး…

''ဗိုလ်ကြီးအိမ်က လွှတ်လိုက်တာပါ၊ အဘ ဦးဇော်နိုးက



www.burmeseclassic.com

www.burmeseclassic.com



နိုလ်ကြီးကို အခေါ်လွှတ်လို့ပါ၊ ဗိုလ်ကြီးအိမ်ကို အမြန်ပြန်လာခဲ့ပါ... အရေးကြီးလို့... တဲ့"

"ဘာကိစ္စလဲ မင်းသိလား"

"မသိပါဘူး ဗိုလ်ကြီး၊ မနက်က ဗိုလ်ကြီးထွက်သွားပြီး သိပ်မကြာဘူး... မနန်းငယ် မူးလဲသွားလို့၊ ဆေးမှူးကိုတော့ ကျွန်တော်ဝဲသွားခေါ်ပေးလိုက်ရသေးတယ်"

"ဟင်... နန်းငယ်မူးလဲလို့... ဟုတ်လား"

"ဟုတ်ပါတယ် ဗိုလ်ကြီး"

"အေး... အဲဒါဆိုမင်းသွားတော့၊ ငါအခုပဲ ပြန်လာခဲ့မယ်လို့ အဘကိုပြောလိုက်။ ရုံးမှာ ဘယ်သူမှမရှိလို့ တစ်ယောက်ယောက်ကို တာဝန်လွှဲပေးပြီး ငါလိုက်လာခဲ့မယ်"

"ဟုတ်ကဲ့ ဗိုလ်ကြီး"

မောင်စံက ခပ်သွက်သွက်နှင့် ကပျာကယာပင် ပြေးထွက်သွားသည်။

နန်းငယ်မူးလဲတာမှ ဟုတ်ရဲ့လား၊ ဆေးလွန်ပြီး တစ်ခုခုဖြစ်တာများလား။

သူ့စိတ်ထဲ ပူသွားသည်။

သို့အတွက် ရုံးမှာစီစဉ်စရာရှိတာစီစဉ်ခဲ့ပြီး အိမ်ကို ကားတစ်စီးဖြင့်ထွက်လာခဲ့၏။

✳ ✳ ✳





"ကျွီး..."

အိမ်ဝင်းရှေ့တွင် ကားထိုးရပ်ပြီး၊ ခြံထဲဝင်လာသောအခါ သူထင်သလို လူတွေ အုပ်စုအုပ်စုဖြစ်မနေပဲ လူရှင်းနေသဖြင့် စိတ်တော့ နည်းနည်းအေးသွားသည်။

"ဟင်... အဘ"

ခြေတံရှည်အိမ်မြင့်၏ အောက်ထပ်စားပွဲကြီးနှင့် ခုံတန်းများ ချထားသော ခေါင်းရင်းဘက်မှာ အဘတစ်ယောက်တည်း ငူငူကြီး ထိုင်နေသည်။

အဘရှေ့က စားပွဲပေါ်မှာလည်း သေနတ်တစ်လက်ချထားသည်။

"ဘယ်လိုဖြစ်တာလဲအဘ၊ နန်းငယ်မူးလဲလို့ဆို..."

အဘက သူ့ကိုပြန်မကြည့်၊ အံကြိတ်ပြီး ရှေ့တည့်တည့်သာကြည့်နေရာကနေ...

"ဟုတ်တယ်... နန်းငယ်မူးလဲလို့၊ ဘာဖြစ်လို့ မူးလဲတယ်ဆိုတာကော သိလားဇော်မိုင်"

"မသိဘူးအဘ၊ ဘာဖြစ်လို့လဲ"

"ကိုယ်ဝန်ရှိလို့၊ မင်းညီမနန်းငယ်မှာ လင်ကောင်မပေါ်ပဲ ဗိုက်ကြီးနေလို့"

"ဟင်"

ဇော်မိုင် ခေါင်းနားပန်းများကြီးသွားသည်၊ ရင်ထဲမှာလည်း အလုံးတစ်ခုက လှိုက်တက်လာသည်။



www.burmeseclassic.com

www.burmeseclassic.com



"ကိုယ်ဝန်ရှိနေလို့ ဟုတ်လားအဘ၊ နေပါဦး အဲဒါက ဘယ်သူနဲ့ ရတဲ့ ကိုယ်ဝန်မို့လို့လဲ၊ နန်းငယ့်ရည်းစားက ဘယ်သူလဲ"

"အဲဒါမေးမရလို့ သေနတ်အဆင်သင့်ထားပြီး စောင့်နေတာပေါ့ ကွာ၊ ဒီနေ့ကတော့ ဇော်ခန်းလူသတ်တဲ့နေ့ပဲဩကောင်ပဲ သွားသတ်ရမလား၊ သူ့ပဲသတ်ပြီး ငါ့ကိုငါ ပစ်သတ်ရမလားဆိုတာ ငါထိုင်စောင့်နေတာ"

"အမေကော"

"ငါ... ရအောင်မေးခိုင်းထားတယ်၊ အခု မင်းအမေစကားပြန် ကို စောင့်နေတာ"

"နေပါဦးအဘရာ၊ ဒီကိစ္စစိတ်လိုက်မာန်ပါမလုပ်ပါနဲ့၊ ကျွန်တော် အကျိုးအကြောင်းမေးပါဦးမယ်"

ပြောပြောဆိုဆိုနှင့် ဇော်မိုင်အပေါ်သို့ အပြေးတက်လာခဲ့သည်။ အပေါ်ထပ် နန်းငယ်အိပ်ခန်းအပြင်ဘက်မှာ အမေနှင့်နန်းငယ်။

နန်းငယ်က မျက်နှာကိုလက်ဝါးဖြင့်အုပ်ငိုနေ၍၊ အမေက နန်းငယ် ဘေးတွင် မျက်ရည်တွေတွေကျရင်း ထိုင်နေသည်။

"ဘာတဲ့လဲအမေ... နန်းငယ်ကဘာပြောလဲ"

"အမေလဲ မေးလို့မရပါဘူး သားရယ်၊ နန်းငယ်က ငိုပဲငိုနေတာ ပဲ၊ ဘာမှလဲ မေးလို့မရဘူး"

"ခဏလေးအမေ... အမေအောက်သွားပြီး၊ အဘကို နည်းနည်း စိတ်ပြေအောင် ဖြောင့်ဖျထားလိုက်ပါ၊ ကျွန်တော် နန်းငယ်နဲ့ စကားနည်း နည်းပြောမယ်"

"အေးကွယ် မင်းပဲကြည့်မေးလိုက်ပါဦး၊ အမေတော့ စိတ်ညစ်





တာနဲ့ သေတောင်သေချင်နေပြီ၊ ရင်ထဲမှာလဲ မီးလိုပူနေတယ်၊ ဒီတစ်ခါတော့ ကိုယ်ကျိုးနည်းကြတော့မယ် ထင်ပါရဲ့"

အမေက ယိုင်နဲ့ယိုင်နဲ့ဖြင့် ထသွားသည်။ နဂိုကမှ ကျန်းမာရေး သိပ်မကောင်းသော အမေ့အတွက် ဇော်မိုင် ပူပန်သွားသည်။

သို့အတွက် နန်းငယ်ကို ခဏထား၍ အမေ့ကို အောက်အထိတွဲပြီး လိုက်ပို့လိုက်သည်။

ပြန်လာသောအခါ နန်းငယ်က ထိုင်နေရာမှထ၍ အခန်းထဲဝင်ရန် ပြင်သည်။

ဇော်မိုင်က နန်းငယ်လက်မောင်းကို လှမ်းဆွဲ၍ အပြင်မှာပင် ထိုင်ခိုင်းပြီး...

"နေဦး ညီမလေး၊ ဒီကိစ္စသိပ်အရေးကြီးတယ်၊ ညီမလေး အမှန် အတိုင်းမပြောရင် အကုန်ရှုပ်ကုန်မယ်၊ အဲဒီတော့ ဘာဖြစ်လဲဆိုတာ အကို့ကို ပြောပြ၊ အကောင်းဆုံးဖြစ်အောင် အကိုဖြေရှင်းပေးမယ်"

နန်းငယ်က ခေါင်းခါ၍...

"ဒီကိစ္စ အကိုရှင်းလဲ မရပါဘူး၊ နန်းငယ်စိတ်ညစ်တယ်အကို၊ ခုချိန်မှာ အကောင်းဆုံးက နန်းငယ်သေလိုက်တာပဲ၊ အဲဒါဆို အကုန်ကိစ္စ ပြီးသွားမှာ"

"ဘယ်ပြီးမလဲ နန်းငယ်၊ နင်သေရင် အမေလဲသေမှာပဲ၊ အဘ တလဲ သူ့ကိုယ်သူသတ်သေမှာ၊ ခုကိစ္စက ဒီလောက်ပြဿနာမကြီးပါဘူး၊ နင်နဲ့ နင့်ချစ်သူနဲ့ လွန်လွန်ကျူးကျူးဖြစ်ပြီး၊ ဒီကိုယ်ဝန်ရတာမဟုတ်လား၊ အဲဒါဘာဖြစ်လဲ၊ နင့်ချစ်သူကို လက်ထပ်ဖို့ပြောလိုက်ပေါ့"



www.burmeseclassic.com

www.burmeseclassic.com



"အဲဒါ မဖြစ်နိုင်လို့ နန်းငယ်သေချင်တယ်ပြောတာပေါ့အကိုး အကိုရယ် နန်းငယ်ကို သတ်သာပစ်လိုက်ပါ"

"အဲဒီသတ်တာတို့ သေတာတို့ အသာထားစမ်းနန်းငယ်၊ အရေးကြီးတာက၊ အဲဒါဘာဖြစ်လို့ မဖြစ်နိုင်ဘူးဆိုတာ ငါနားလည်အောင်ပြောပြ ကျန်တာ ငါ့တာဝန်ထား။ အဘနဲ့အမေကို ငါတာဝန်ယူပြီး ရှင်းပြမယ်"

"မဖြစ်နိုင်ဘူးအကို၊ ဒီကလေးအဖေ ဘယ်သူလဲဆိုတာ နန်းငယ် မပြောနိုင်ဘူး"

"ဘာဖြစ်လို့လဲ၊ နင့်ချစ်သူက မယူနိုင်ဘူးဆိုပြီး ရှောင်ထွက်သွားလို့လား၊ ဒါမှမဟုတ်၊ နင့်ချစ်သူက သေသွားလို့လား"

"မဟုတ်ဘူးအကို… နန်းငယ်မှာ ချစ်သူမရှိပါဘူး"

"ဒါဖြင့် ဒီဗိုက်က ဘယ်လိုလုပ်ရလဲ နန်းငယ်၊ နင်မဟုတ်တာတွေ လျှောက်လုပ်နေတာတော့ မဟုတ်ပါဘူးနော်"

"မဟုတ်ပါဘူးအကို၊ နန်းငယ်မဟုတ်တာလုပ်လို့ ဒီဗိုက်ရတာလဲမဟုတ်ပါဘူး၊ ဒီကိုယ်ဝန်ရတာက နန်းငယ် အစော်ကားခံလိုက်ရလို့ပါ"

"ဘာ…, အစော်ကားခံလိုက်ရတာ…ဟုတ်လား၊ နင့်ကို ဘယ်သူစော်ကားလဲ၊ အဲဒီစော်ကားတဲ့သူကို နင်မသိဘူးလား"

"မသိပဲနေမလားအကို၊ ဒါပေမယ့် သူဘယ်သူလဲဆိုတာကို အကိုတို့ကိုပြောပြလိုက်ရင် အကိုတို့က သွားရန်ရှာမှာ၊ အဲဒီအခါကျ အကိုတို့ပဲ ဒုက္ခရောက်မှာ"

"သူ့သွားရန်ရှာရင်၊ ငါတို့ဒုက္ခရောက်မှာ… ဟုတ်လား၊ ဒီနယ်မှာ ငါ့ဘာအခွင့်ရှိတယ်ဆိုတာ နင်သိတယ်နန်းငယ်၊ ငါ့လိုကောင်ကို ဘယ်





ကောင်က ရန်ရှာရဲမှာလဲ၊ ငါကလဲ ရန်ရှာဖို့မဟုတ်ပါဘူး၊ ဖြစ်နိုင်ရင် နင့်ကိုယူပြီး သားမှတ်မှတ်၊ မယားမှတ်မှတ် ပေါင်းဖို့ပဲသွားပြောမှာ…"

"ဟင့်ဟင်း… သူ့ကို နန်းငယ်မယူနိုင်ဘူး၊ ယူလို့လဲမဖြစ်ဘူး၊ အဲဒီလူက အကိုနဲ့ပတ်သက်နေတယ်၊ အကိုနဲ့ သူသွားပြဿနာဖြစ်လို့လဲ မဖြစ်ဘူး၊ သူ့ကို နန်းငယ်တို့ အားလုံးကြောက်နေရတာ"

"ဟင်… ဒါဆို… အိုက်လိတ်ပေါ့… ဟုတ်လားနန်းငယ်၊ နင်ပြောတဲ့လူမျိုး ဒီနယ်မှာ အိုက်လိတ်ကလွဲလို့ ဘယ်သူမှမရှိဘူး"

"တိုးတိုးပြောပါအကို၊ အောက်က အဘကြားသွားပါ့မယ်၊ ဟုတ်တယ်အကို ဦးအိုက်က သူ့ဆီမှာ ဘိန်းဖြူယူဖို့သွားတုန်း၊ ဘိန်းဖြူနဲ့ အကြပ်ကိုင်ပြီး နန်းငယ်ကို အတင်းအဓမ္မ… အို… နန်းငယ်သေတာပဲ အေးပါတယ်အကိုရယ်၊ နန်းငယ်ကို သေခွင့်ပေးပါ"

"ဟား… ဒုက္ခပါပဲကွာ၊ အိုက်လိတ်ဆိုတဲ့ကောင်ကြီး တော်တော်မိုက်ရိုင်းပါလား၊ သူငါ့ကို ဒုက္ခပေးရုံနဲ့ အားမရဘူး၊ ငါ့ညီမကိုပါ စော်ကားတယ်"

"နန်းငယ်လဲ မှားသွားတယ်အကို၊ သူ မူးနေတဲ့အချိန်မှာ သွားမိတာ နန်းငယ်အမှားပဲ၊ အဲဒီအချိန် နန်းငယ်မှာလဲ ဆေးပြတ်နေတော့ ဒါတွေ မစဉ်းစားပဲ သွားမိတာ"

"အဲဒီအချိန်တုန်းက ငါ မရှိဘူးလား နန်းငယ်၊ ငါ ဘယ်သွားနေလဲ"

"အဲဒီအချိန်က အကိုမရှိဘူး၊ သူတို့အိမ်ထဲမှာလဲ ဘယ်သူမှ မရှိဘူး၊ ကြည့်ရတာ ဟိုးအရင် နန်းငယ်ကို သူဆေးပေးကတည်းက



www.burmeseclassic.com

www.burmeseclassic.com



တစ်ချိန်ချိန်ကျရင် သူ ဒီလိုလုပ်ဖို့ ကြံနေခဲ့တယ်နဲ့တူပါတယ်၊ ဒါပေမယ့် အခွင့်မရလို့ ဒီလိုပဲ မျှောနေခဲ့တာ ဖြစ်လိမ့်မယ်၊ အဲဒီနေ့ကျတော့ ဆေးယူဖို့ လိုက်ခဲ့ဆိုပြီးတော့ သူ့အိမ်ခန်းထဲ ခေါ်သွားပြီး..''

နန်းငယ်က ချုံးပွဲချ ငိုပြန်သည်။

ဖော်မိုင်.... အတော်လေး အကြပ်ရိုက်သွားသည်။ သူ့စိတ်ထဲမှာ ဦးအိုက်လိတ်ကို ခုချက်ချင်း သွားသတ်ချင်လောက်အောင် မုန်းတီးသွားပြီ ဖြစ်သည်။

သို့သော်လည်း ပြဿနာက သည်လိုသွားရှင်းလျှင် သူတို့မိသားစု တစ်ခုလုံး သေကုန်တာကလွဲလို့ ဘာမှ ထူးမည်မဟုတ်။ သို့အတွက် မနက်က စိတ်ထိမ်းသလိုပင် ကိုယ့်စိတ်ကိုယ်နိုင်အောင် ထိမ်းလိုက်ရင်း...

''ကိစ္စမရှိဘူး... နန်းငယ်၊ ဒီကိစ္စ အကိုကြည့်ရှင်းမယ်၊ ခု လောလောဆည် အရေးကြီးတာက အဘနဲ့အမေ့ကို စိတ်အေးအောင်လုပ်ဖို့ပဲ၊ ညီမလေးလဲ ဘာမှထင်ရာတွေ လျှောက်မလုပ်နဲ့၊ တစ်ခုခု အကောင်းဆုံး ဖြစ်အောင် အကိုစီစဉ်ပေးမယ်''

''ဒီကိစ္စက ဘာစီစဉ်လို့ရမှာလဲ အကိုရယ်၊ ဘာလဲ ဒီအတွက် နန်းငယ်က ဒီလူကြီးကို ယူရမှာလား''

''မလိုပါဘူး နန်းငယ်၊ ခုလောလောဆည် အဘနဲ့အမေ စိတ်အေးအောင် အသာတကြည်ပဲ နေပြထား၊ အကို နန်းငယ်ကိုကော အဘနဲ့ အမေတို့ကိုကောခေါ်ပြီး၊ ဒီနယ်မြေက ထွက်လို့ရအောင်လုပ်မယ်၊ ဒီနယ်မြေကထွက်ပြီးတာနဲ့ မြို့မှာ နန်းငယ်မွေးလို့ ဖွားလို့ရသွားပြီ။ ဟိုမှာ ဘယ်သူမှ ဒါတွေသိတာမဟုတ်ဘူး၊ နန်းငယ်ယောကျ်ား တိုက်ပွဲမှာ ကျ





သွားလို့ဆိုရင် ဘယ်သူမှလဲ အရှက်မကွဲတော့ဘူး''

''အဲဒါက ဖြစ်မှမဖြစ်နိုင်ဘဲ''

''ဖြစ်တယ် နန်းငယ်၊ အကို အားလုံးစီစဉ်မယ်''

''အင်းလေ... အဲဒါဆိုရင်လဲ အကို့သဘောပါပဲ''

''ကောင်းပြီနန်းငယ်၊ အဲဒါဆို... နန်းငယ် အေးအေးဆေးဆေး သာ အနားယူနေ... အကို အမေ့ကို အပေါ်လွှတ်လိုက်မယ်၊ ပြီးမှ အဘနဲ့ တိုင်ပင်စရာရှိတာ အေးအေးဆေးဆေး တိုင်ပင်မယ်၊ အမေ့ကိုလဲ ဘာမှစိတ်မပူနဲ့ ဒီကိစ္စတွေ အကိုနဲ့တိုင်ပင်ပြီးပြီ၊ အေးအေးဆေးဆေး ဖြစ်သွားပြီလို့သာ ပြောလိုက်၊ ဟုတ်လား''

''ဟုတ်ကဲ့''

''ဒါဆို အကိုအောက်ခဏဆင်းလိုက်မယ်၊ ညီမလေး မဟုတ်တာတွေ ဘာမှမလုပ်နဲ့တော့နော်''

''အင်းပါ... ဒါပေမယ့် နန်းငယ် အရမ်းစိတ်လှုပ်ရှားနေတယ်၊ ဆေးနည်းနည်းသုံးချင်တယ် အကို''

''အင်းလေ... အဲဒါတော့ လုပ်ချင်လုပ်''

လောလောဆည် အခြေအနေအားလုံး ငြိမ်သက်လျှင်ပြီးရော... ဆုံးဖြတ်ချက်ဖြင့်၊ နန်းငယ်ကို ခွင့်ပေးခဲ့ပြီး၊ အောက်ဆင်းလာခဲ့သည်။

အောက်ရောက်သည်နှင့် အမေ့ကို ပြန်မလွှတ်သေးပဲ၊ နန်းငယ် ဆေးသုံးနိုင်ရန် ခဏ အချိန်ဆွဲထားလိုက်သည်။

ခဏအကြာတွင် အမေ အပေါ်တက်သွားမှ...

''အဘ..''



www.burmeseclassic.com

www.burmeseclassic.com



"ပြော"

"ဒီကိစ္စက ဝုန်းဒိုင်းဖြေရှင်းလို့မရဘူးအဘ၊ အဘနဲ့ကျွန်တော် တိုင်ပင်ပြီး ရှင်းမှရမယ်"

"ဘာဖြစ်လို့လဲ"

"ဘာဖြစ်လို့လဲဆိုတော့ ဒီကလေးရဲ့အဖေက ဦးအိုက်လိတ် ဖြစ်နေလို့ပဲ"

"ဘာ..."

ခါတိုင်း ပြဿနာမှန်သမျှ သူ့ထက်သွေးအေးခဲ့သောအဘ သည် တစ်ခါတော့ ကျားတစ်ကောင်လို ဝုန်းကနဲ ထရပ်သည်။

ဇော်မိုင်က အဘလက်ကို လှမ်းဆွဲပြီး....

"ခဏလေး စိတ်အေးအေးထားပါအဘ၊ ဒီလောက်လွယ်လွယ် ကူကူ ဖြေရှင်းလို့ရတဲ့ ပြဿနာမဟုတ်ဘူး.... ကျွန်တော်နဲ့အဘ..."

"အမလေး... လာကြပါဦး၊ ကျွန်မသမီးလေး.... ကျွန်မသမီး လေး..."

ဇော်မိုင် စကားဆက်ပြောချိန် မရတော့...

သူ့စကား တစ်ပိုင်းတစ်စမှာပင် အပေါ်မှ ငယ်သံပါအောင် အော် လိုက်သော အမေ့အသံကြားသည်။

တဆက်တည်းပင် ခန္ဓာကိုယ်တစ်ခု လဲပြိုကျသံပါ ကြားလိုက် ရ၏။

✤ ✤ ✤



၈။

အမေ့အော်သံကြားသည်နှင့် ဇော်မိုင် ဝုန်းခနဲ ထိုင်ရာကထပြီး အပေါ်ထပ်သို့ ပြေးတက်လာခဲ့သည်။

ပထမဆုံးမြင်လိုက်ရသည့် မြင်ကွင်းက နန်းငယ်အခန်းဝတွင် ပုံလျက်သားလဲကျနေသော အမေဖြစ်သည်။

အမေ့နားရောက်သွားချိန်မှာ ဒုတိယမြင်လိုက်ရသော မြင်ကွင်းက အခန်းထဲတွင် ပါးစပ်မှ အမြှုပ်များထွက်ကာ လက်တွင် အပ်တန်းလန်းနှင့် မျက်ဖြူလန်နေသော နန်းငယ်။

www.burmeseclassic.com

www.burmeseclassic.com



ဇော်မိုင်က အခန်းဝမှအမေ့ကို အရင်ပွေ့သည်။

"အမေ... အမေ..."

အမေ့ကို ခေါ်လို့မရတော့။ ဇော်မိုင်က အမေ့လက်ကောက်ဝတ်ကို ကမန်းကတမ်း စမ်းကြည့်သည်။ လုံးဝ သွေးခုန်နေခြင်း မရှိတော့။

"အဘရေ... ခဏ၊ အမေဘာဖြစ်သွားလဲ မသိဘူး၊ အမေ... အမေ..."

အမေ့ကို ဘယ်လိုမှ ခေါ်လို့မရတော့သောအခါ အမေ့ကို ခဏ ပြန်ချ၍ အခန်းထဲ ပြေးဝင်သည်။

နန်းငယ်လက်မှအစ်ကို ဆွဲနှုတ်ဖယ်၍ နန်းငယ်ကို လှုပ်နိုးသည်။

"နန်းငယ်.... နန်းငယ်... ညီမလေး"

နန်းငယ်လုံးဝ လှုပ်မလာတော့၊ လက်ကောက်ဝတ်သွေး စမ်းကြည့်သောအခါ၌လည်း လုံးဝမတိုးတော့၊ ပွေ့ထားနေရင်းပင် နန်းငယ်ကိုယ်က အေးစက်လာသည်။

အမေ့အသားကို လှမ်းစမ်းလိုက်တော့ တကယ့်ကို အေးစက်နေပြီဖြစ်သည်။

"ဟင်"

သည်မှာ သေဆုံးနေပြီဖြစ်သော သားအမိနှစ်ယောက်ဖြင့် ဘာလုပ်ရမှန်းမသိဖြစ်နေဆဲမှာပင် အိမ်ရှေ့မှ ကားမောင်းထွက်သွားသံ ကြားရ သည်။

"အဘ...."

ဇော်မိုင်က လှမ်းအော်သည်။ သို့သော် သူ့အသံကို အဘဆီက





ကြားစရာ အကြောင်းမရှိတော့။ ကားသံက တဖြည်းဖြည်း ဝေးသွားပြီ ဖြစ်၏။

* * *

ဇော်မိုင် အမေနှင့် နန်းငယ်နှစ်ယောက်စလုံးကို အသာအယာ ပြန်ချပြီး ပြေးထွက်လာခဲ့သည်။

လှေခါးမှပင် ဆင်းမနေတော့ဘဲ၊ အပေါ်ထပ် ဝရံတာမှနေ လက်ရမ်းကိုကျော်၍ ခုန်ချသည်။ ထို့နောက် လုံးဝပင် မဆိုင်းတော့ပဲ၊ အဘမောင်းသွားသည့် သူ့ကားနောက်သို့ ပြေးလိုက်သည်။

အဘနှင့်ကားကို အရိပ်အရောင်တောင် မမြင်ရတော့။

သို့သော် အဘသွားစရာနေရာက တခြား ဘာမှ စဉ်းစားစရာ မရှိပြီမို့၊ ဦးအိုက်လိတ်အိမ်ဘက်သို့ သူ အားကုန်ပြေး၍ လိုက်လာခဲ့သည်။

ခြံဝင်းနားအရောက်တွင် သေနတ်သံများ ကြားလိုက်ရ၏။

* * *



www.burmeseclassic.com

www.burmeseclassic.com



တစ်ပတ်လည်ပြီး ပြန်အလှည့်မှာ သူ့မျက်လုံးထဲ ရိပ်ခနဲ မြင်လိုက်ရသည်က၊ သူ့ကို နောက်တစ်ချက် လှမ်းပစ်ရန် သေနတ်ထိုးချိန်လိုက်သော ဦးအိုက်လိတ်။

သူ ဘာမှ မစဉ်းစားတော့ဘဲ သူ့တစ်ကိုယ်လုံးကို ညွှတ်ချလိုက်၍ ကျည်လမ်းကြောင်းလွတ်ရာဘက်သို့ ကျွမ်းတစ်ပတ်ပစ်ပြီး ထွက်လိုက်သည်။

"ဒိုင်း"

ကျည်ဆံက သူ့နားရွက်နားမှနေ ကပ်၍၊ ရှပ်ထွက်သွားသည်။ ဇော်မိုင် ပုခုံးကဒဏ်ရာကို ဂရုမစိုက်နိုင်တော့၊ သံမံတလင်း ကြမ်းပြင်ပေါ်တွင် ကိုယ်ကိုလှိမ့်ပြီး ရှောင်ထွက်လိုက်ရပြန်သည်။

"ဒိုင်း... ဒိုင်း... ဒိုင်း"

သူလှိမ့်သွားသည့်နောက်တွင် ကျည်ဆံများက သံမံတလင်း ကြမ်းပြင်ကို ဖွာခနဲ ဖွာခနဲနေအောင် ထိုးခွဲပြီး ကျန်နေခဲ့သည်။

ဇော်မိုင် ကိုယ်ကိုလှိမ့်ရင်းနှင့် ခါးမှ သေနတ်ကို ဆွဲထုတ်သည်။ ဆို့နောက် တတိယမြောက်အလိမ့်မှာ ဦးအိုက်လိတ်ရှိနိုင်မည့်နေရာကို ထိုးချိန်၍ တပြိုင်တည်း ဆော့ဖ်ခလုပ်ဖြုတ်၍ သေနတ်မောင်းကို ဆွဲလိုက်၏။

"ဒိုင်း... ဒိုင်း... ဒိုင်း"

သေနတ်က အော်တိုမက်တစ် မောင်းပြန်ပစ္စတိုမို့ ကျည်သုံးလေးတောင့်က ဆက်တိုက်ထွက်သွားသည်။

"အား"

ဦးအိုက်လိတ်၏ အသံနက်ကြီးပေါ်ထွက်လာပြီး တစ်ဘက်က သေနတ်သံလည်း တိတ်သွား၏။





"ဟင်..."

ဦးအိုက်လိတ်တို့ဝင်းတံခါးဝ သူရောက်သွားချိန်မှာတော့ တံခါးကြီးက ပွင့်လျှက်သားဖြစ်နေသည်။ ခြံဝက ဂိတ်စောင့်ရဲဘော်နှစ်ယောက်ကလည်း လဲကျသေဆုံးနေသည်။

အဘမောင်းလာသည့်ကားက ခြံဝင်းတံခါးနှစ်ချပ်အလည်တွင် ကန့်လန့်ကြီးဖြစ်နေပြီ၊ ကားရှေ့သံမံတလင်းပေါ်တွင် အဘက သွေးအိုင်ထဲ လဲကျနေ၏။

အိမ်တံခါးဝတွင် ဦးအိုက်လိတ်က သေနတ်တစ်လက်ကိုင်ပြီး ရပ်နေသည်။ သူ့နောက်မှာ နန်းဝတ်မှုံ...

"အဘ"

ဇော်မိုင်က ဦးအိုက်လိတ်နှင့် နန်းဝတ်မှုံတို့ကို ဂရုမစိုက်တော့ဘဲ၊ အဘကို ပြေးပွေ့ရန် ပြင်သည်။

"ဒိုင်း"

"အား"

သူ... အဘထံ မရောက်မီ ဦးအိုက်လိတ်က သူ့ကို လှမ်းပစ်လိုက်သည်။

သူ့လက်မောင်းတစ်ခုလုံး ပြုတ်ထွက်သွားသည် ထင်လိုက်ရပြီး သူ့တစ်ကိုယ်လုံးလည်း ချာလည်လည်သွားသည်။



www.burmeseclassic.com

www.burmeseclassic.com



"ဒက်ဒီ.."

နန်းဝတ်မှုံက အော်လိုက်ပြီး ဦးအိုက်လိတ်ထံ ပြေးသွားသည်။

ထိုအချိန်မှာ ဇော်မိုင်က ဝမ်းလျားမှောက်နေရာကနေ ကုန်းထသည်။

"အား"

ထိုစဉ် ဗယ်ဘက်လက်က ဘယ်လိုမှ ထောက်မရအောင် နာနေသည်မို့ ကုန်းအထမှာ လက်ညွတ်ပြီး ပြန်ခွေသွားသည်။

လက်နှင့်ထောက်ပြီး ထလို့မရသဖြင့် ခြေထောက်ကို ဆွဲယူလိုက်ပြီး ဒူးတုတ်ထရပ်သည်။

ဗယ်လက်မောင်းကို ညာလက်နှင့်ဖိပြီး ဒူထောက်အထမှာတော့ ပထမဆုံးမြင်လိုက်ရသည့်မြင်ကွင်းက သေနတ်ပြောင်းဝတစ်ခု…။

ဇော်မိုင် အလန့်တကြားကြည့်လိုက်သည်။ သေနတ်ကို လက်နှစ်ဖက်ဖြင့် ကိုင်ထားသူက…

"ဟင်…. ဝတ်မှုံ"

"ဟုတ်တယ်… ငါ နန်းဝတ်မှုံပဲ၊ နင် ငါ့အဖေကို သတ်တယ်၊ နင့်ကို ငါပြန်သတ်မယ် ဇော်မိုင်၊ နင့်ကို ငါ မုန်းတယ်၊ နင့်ကို ငါ အရှင်မထားဘူး"

"နေဦး.. ဝတ်မှုံ"

"မပြောနဲ့… နင့်ကို ငါသတ်မယ်"

ပြောရင်းနှင့် နန်းဝတ်မှုံက သူ့အဖေလက်ထဲက ယူလာဟန်တူသော သေနတ်ဖြင့် ချိန်ထားရင်းကနေ မျက်စိမှိတ်ပြီး မောင်းကို ဆွဲ





လိုက်သည်။

"ဒိုင်း"

"အား"

မျက်စိမှိတ်ပြီး သူ့နဖူးဆီသို့ ကျည်ဆံပြေးဝင်အလာကို စောင့်နေသော ဇော်မိုင်၊ သေနတ်သံနောက်က ကျည်ဆံလိုက်မလာဘဲ၊ နန်းဝတ်မှုံ၏ နာကျင်စွာ အော်ဟစ်လိုက်သောအသံကြောင့် မျက်လုံးဖွင့်ကြည့်လိုက်သည်။

"ဟင်…"

မြင်ကွင်းထဲတွင် နန်းဝတ်မှုံက ရင်ဝကို ဖိပြီး၊ လဲကျနေသည်။ သည်ဘက်မှာတော့ သွေးအိုင်ထဲမှနေ ခေါင်းထောင်ပြီး သေနတ်ဖြင့် လှမ်းပစ်လိုက်သောအဘ…

"အဘ…"

အဘကို လှမ်းခေါ်ပြီး သူပြေးသွားသည်။ သို့သော် အဘက သူမရောက်မီပင် ဇက်ကျိုးသေဆုံးသွား၏။

"ဝတ်မှုံ"

အဘဆီကနေ ဝတ်မှုံဆီ ပြေးရန်ပြင်သည်။

ထိုစဉ် တစ်ရွာလုံးက သံချောင်းခေါက်သံတွေ ပေါ်လာသည်။

ဇော်မိုင် ဘာမှ လုပ်ချိန်မရတော့။

မကြာခင် ဦးအိုက်လိတ်၏ တပ်သားတွေ ရွာထဲရှိသမျှ အကုန်ဝိုင်းလာတော့မှာ ဖြစ်သည်။

ဇော်မိုင် ဘာမှမစဉ်းစားတော့ဘဲ၊ အဘလက်ထဲက လွတ်ကျနေသောသေနတ်ကို ကောက်ယူလိုက်သည်။ ထို့နောက် သေဆုံးခါနီးတူသော



www.burmeseclassic.com

www.burmeseclassic.com



နန်းဝတ်မှုံကို တစ်ချက်လှမ်းကြည့်ပြီး၊ စောစောက အဘမောင်းလာသည့် ကားပေါ်သို့ ခုန်တက်လိုက်သည်။

ထို့နောက် ကားကို နောက်ဆုတ်ထွက်ပြီး၊ ရွာပြင်သို့ ဦးတည်သည့်လမ်းအတိုင်း ဒလကြမ်းမောင်းထွက်လာခဲ့၏။

✤ ✤ ✤

၉။

"ကျေးဇူးပြု၍ နားဆင်ပါရှင်... မကြာမီ အချိန်အတွင်းမှာ ကျွန်မတို့လေယာဉ်ဟာ လားရှိုးလေဆိပ်ကို ဆင်းသက်တော့မှာ ဖြစ်ပါတယ်၊ ခရီးသည်များ မိမိတို့ထိုင်ခုံခါးပတ်များကို ပတ်ထားပြီး၊ ဆေးလိပ်မီးများကို ငြိမ်းသတ်ပေးပါရန် မေတ္တာရပ်ခံပါတယ်၊ ကျေးဇူးတင်ပါတယ်ရှင်"

လေယာဉ်စက်သံ သဲ့သဲ့မှအပ အခြားအသံ မကြားရသော လေယာဉ်အတွင်း၊ အသံချဲ့စက်မှနေ ပေါ်ထွက်လာသော လေယာဉ်မယ်၏ အသံကြောင့် အတိတ်သို့ အတွေးဝင်နေသော ဇော်မိုင် သတိပြန်ဝင်လာ

www.burmeseclassic.com

www.burmeseclassic.com



သည်။

"အော်... လားရှိုးတောင် ဆင်းတော့မှာပါလား"

တောင်တန်းများကို စမြင်ချိန်မှစ၍၊ သူ့အတွေးနှင့် စိတ်အာရုံ တစ်ခုလုံးက အတိတ်ကမ္ဘာထဲ ပြန်ရောက်သွားခဲ့သည်။

အတိတ်ဖြစ်စဉ်များက ယခုလောလောဆည် သူရှိနေသည့် ပစ္စုပ္ပန်အထိ ရောက်မလာ၊ မပြီးဆုံးသေးသော်လည်း လေယာဉ်ခရီးစဉ်က ပြီးဆုံးသွားပြီမို့ လေယာဉ်မယ်လေးပြောသည့်အတိုင်း၊ စောစောက ဖြုတ်ထားသောခါးပတ်ကို ပြန် ပတ်လိုက်သည်။

လေယာဉ်ပြူတင်းမှ အမှတ်မထင် လှမ်းကြည့်လိုက်တော့လည်း အိမ်ခြေတိုက်တာများ အမြင်တဆုံး ကျယ်ပြန့်များပြားစွာ ရှိနေသည့် လားရှိုးမြို့ကြီးကို မြင်နေရသည်။

မကြာခင် လေယာဉ်ကြီးက ကွင်းပြေးလမ်းရှိရာသို့ ဦးစိုက်ဆင်းသည်။

ခဏကြာသောအခါ တောင်ပေါ်ဇလပ်ပီပီ သန့်ရှင်းလတ်ဆတ် အေးမြသော လားရှိုးလေကို တစ်ဝရှူသွင်းခွင့်ရသည်။

ဇော်မိုင်က လေယာဉ်အဆင်း လှေခါးထစ်အပေါ်ဆုံးအဆင့်မှနေ လားရှိုးလေကို တစ်ဝရှူသွင်းလိုက်ပြီးမှ လှေခါးအတိုင်း ဆင်းသည်။

ထို့နောက် ခရီးသည်များနှင့်အတူ လေဆိပ်အဆောက်အဦဘက်သို့ လျှောက်လာခဲ့၏။

ခုချိန်ထိတော့ သူ့အစီအစဉ်က ဘယ်လိုရှိမည် မပြောတတ်သေး။ ရန်ကုန်ရုံးချုပ်မှ အပြောအရကတော့ နယ်စပ်ဒေသနှင့် တိုင်းရင်းသားလူမျိုး





များ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန (န·တ·လ) လားရှိုးမှ တစ်ယောက်ယောက် လာကြိုစီစဉ်ပေးမည်ဖြစ်သည်။

ခုချိန်ထိတော့ သူနှင့် မည်သူမျှ မချိတ်ဆက်မိသေး။

လေယာဉ်မှဆင်းလာသည့်ခရီးသည်များကို လာကြိုသည့်လူတော်တော်များများတော့ လေဆိပ်အဆောက်အဦရှေ့တွင် တွေ့နေရသည်။ တပ်မတော်သားများလည်းပါသည်။ အရပ်သားများလည်း ပါသည်။

သူ့ဟာနှင့်သူ သိနေသူများကတော့ ချက်ချင်းတွေ့မြင် နှုတ်ဆက်ကြပြီး ကြိုသွားကြသည်။

သူက ဘယ်သူနှင့် ဆက်သွယ်ရမည်မှန်း မသိသူမို့၊ အသာဘေးကပ်ပြီး ရပ်နေလိုက်သည်။

ထိုစဉ် ဗိုလ်ကြီးအဆင့်ရှိ တပ်မတော်အရာရှိတစ်ဦး သူ့ဆီ တန်းတန်းမတ်မတ် လျှောက်လာသည်ကိုတွေ့ရ၏။

* * *



www.burmeseclassic.com

www.burmeseclassic.com



"ဇော်မိုင် မင်းကို ငါလာကြိုနေတာ"

တပ်မတော်အရာရှိက သူ့ကို ရင်းရင်းနှီးနှီး စကားပြောရင်း လာနှုတ်ဆက်သည်။

ပထမတော့ သူ အောင့်သီးအောင်သက် ဖြစ်သွား၏။

သူနှင့် ထိုအရာရှိက ရွယ်တူလောက်ပဲရှိမည်။ သို့သော် အခေါ် အဝေါ်က ဇော်မိုင်တို့၊ မင်းတို့ ငါတို့နှင့်မို့၊ နည်းနည်း ခံရခက်သွားသည်။

"ကျွန်တော် ဇော်မိုင်ပါ"

ဇော်မိုင်က ခပ်တည်တည်နှင့်ပင် အေးစက်စက် တုံ့ပြန်လိုက်သည်။

တပ်မတော်အရာရှိက ရုတ်တရက်ကြောင်သွားသည်။ ပြီးမှ တဟားဟားရယ်၍ ဦးထုပ်ကိုချွတ်လိုက်ပြီး....

"ဆောရီးကွာ ဇော်မိုင်၊ ငါက မင်းကို မှတ်မိသွားတော့ မင်း ကလဲ ငါ့ကို မှတ်မိမယ်ပဲ အောက်မေ့ပြီး၊ မင်းနဲ့ငါနဲ့ ပြောလိုက်တာပါ၊ မင်း ငါ့ကို မမှတ်မိဘူးလား"

ဇော်မိုင်က ထိုဗိုလ်ကြီးကို သေချာကြည့်သည်။ သူ့စိတ်ထဲ မြင်ဖူး သလိုလို ရှိသည်မှအပ၊ တိတိကျကျ မမှတ်မိ။

သူ့အမူအယာကို ဗိုလ်ကြီးက ရိပ်မိသွားပုံရသည်။

"ဟောဗျာ.... မင်းက ငါ့ကို တကယ်မမှတ်မိတာကိုး၊ သေချာ





ကြည့်ပါဦးကွ၊ မင်းသူငယ်ချင်းပါ။ မင်းနဲ့ ငါနဲ့ ကွတ်ခိုင်မှာ အကြာကြီး အတူနေခဲ့ဖူးတာပဲ"

ကွတ်ခိုင်မှာ...

အကြာကြီး အတူနေဖူးသည်။

သူ မျက်လုံးပြူးသွား၏။

"ဟာ... ထက်နိုင်"

"ဟား.... ဟား... ဟား.... တောက် တော်သေးတာပေါ့ကွာ၊ မှတ်မိပေလို့၊ ဒီလောက်အစဖေါ်ပေးလို့မှ မမှတ်မိရင် ငါတော့ ခွေးဖြစ်ပြီ၊ ဘာလဲ ငါ့ရုပ်က အတော်ဆိုးသွားလို့လား၊ ငယ်ငယ်ကလို ချောချောလှလှ လေး မဟုတ်တော့ဘူးလား"

ဇော်မိုင်က သူ့ရှိုးယွင်းအားနည်းချက်ကို တောင်းပန်သည့်အနေ နှင့် ထက်နိုင်လက်ကို ကိုင်ဆွဲလှုပ်ရမ်းရင်း....

"မင်းပြောင်းတာမဟုတ်ဘူး ထက်နိုင်... ငါမေ့တာ၊ ငါတောင်း ပန်ပါတယ်ကွာ၊ မင်းရုပ်က သေချာမှတ်မိသွားတော့လဲ သိပ်မပြောင်း ပါဘူး... ငယ်ငယ်ကလိုပဲ အရုပ်က ဆိုးမြဲဆိုးနေတာပါပဲ"

"ဟာ... အေပေးကောင်၊ ချောတယ်ပြောပါကွ"

သူငယ်ချင်းနှစ်ယောက် ပြန်ဆုံခြင်းက တစ်လျှောက်လုံး ခြောက် သွေ့လာခဲ့သည့် ခရီးစဉ်ကြီးကို ရုတ်ချည်း စိုပြေသွားစေသည်။

"ဒါနဲ့ ငါ့ကို ရုံးချုပ်ကပြောလိုက်တော့ လားရှိုး နတလက တစ်ယောက်ယောက် ကြိုမှာတဲ့"

"ဟ... ငါလဲ 'နတလ' ရောက်နေပြီကွ၊ ဒါပေမယ့် လားရှိုးမှာ



www.burmeseclassic.com

www.burmeseclassic.com



"အဲဒါ မဖြစ်နိုင်လို့ နန်းငယ်သေချင်တယ်ပြောတာပေါ့အကိုး အကိုရယ် နန်းငယ်ကို သတ်သာပစ်လိုက်ပါ"

"အဲဒီသတ်တာတို့ သေတာတို့ အသာထားစမ်းနန်းငယ်၊ အရေးကြီးတာက၊ အဲဒါဘာဖြစ်လို့ မဖြစ်နိုင်ဘူးဆိုတာ ငါနားလည်အောင်ပြောပြ ကျန်တာ ငါ့တာဝန်ထား။ အဘနဲ့အမေကို ငါတာဝန်ယူပြီး ရှင်းပြမယ်"

"မဖြစ်နိုင်ဘူးအကို၊ ဒီကလေးအဖေ ဘယ်သူလဲဆိုတာ နန်းငယ်မပြောနိုင်ဘူး"

"ဘာဖြစ်လို့လဲ၊ နင့်ချစ်သူက မယူနိုင်ဘူးဆိုပြီး ရှောင်ထွက်သွားလို့လား၊ ဒါမှမဟုတ်၊ နင့်ချစ်သူက သေသွားလို့လား"

"မဟုတ်ဘူးအကို… နန်းငယ်မှာ ချစ်သူမရှိပါဘူး"

"ဒါဖြင့် ဒီဗိုက်က ဘယ်လိုလုပ်ရလဲ နန်းငယ်၊ နင်မဟုတ်တာတွေ လျှောက်လုပ်နေတာတော့ မဟုတ်ပါဘူးနော်"

"မဟုတ်ပါဘူးအကို၊ နန်းငယ်မဟုတ်တာလုပ်လို့ ဒီဗိုက်ရတာလဲမဟုတ်ပါဘူး၊ ဒီကိုယ်ဝန်ရတာက နန်းငယ် အစော်ကားခံလိုက်ရလို့ပါ"

"ဘာ…, အစော်ကားခံလိုက်ရတာ…ဟုတ်လား၊ နင့်ကို ဘယ်သူစော်ကားလဲ၊ အဲဒီစော်ကားတဲ့သူကို နင်မသိဘူးလား"

"မသိပဲနေမလားအကို၊ ဒါပေမယ့် သူဘယ်သူလဲဆိုတာကို အကိုတို့ကိုပြောပြလိုက်ရင် အကိုတို့က သွားရန်ရှာမှာ၊ အဲဒီအခါကျ အကိုတို့ပဲ ဒုက္ခရောက်မှာ"

"သူ့သွားရန်ရှာရင်၊ ငါတို့ဒုက္ခရောက်မှာ… ဟုတ်လား၊ ဒီနယ်မှာ ငါ့ဘာအဆင့်ရှိတယ်ဆိုတာ နင်သိတယ်နန်းငယ်၊ ငါ့လိုကောင်ကို ဘယ်





ကောင်က ရန်ရှာရဲမှာလဲ၊ ငါကလဲ ရန်ရှာဖို့မဟုတ်ပါဘူး၊ ဖြစ်နိုင်ရင် နင့်ကိုယူပြီး သားမှတ်မှတ်၊ မယားမှတ်မှတ် ပေါင်းဖို့ပဲသွားပြောမှာ…"

"ဟင့်ဟင်း… သူ့ကို နန်းငယ်မယူနိုင်ဘူး၊ ယူလို့လဲမဖြစ်ဘူး၊ အဲဒီလူက အကိုနဲ့ပတ်သက်နေတယ်၊ အကိုနဲ့ သူသွားပြဿနာဖြစ်လို့လဲ မဖြစ်ဘူး၊ သူ့ကို နန်းငယ်တို့ အားလုံးကြောက်နေရတာ"

"ဟင်… ဒါဆို… အိုက်လိတ်ပေါ့… ဟုတ်လားနန်းငယ်၊ နင်ပြောတဲ့လူမျိုး ဒီနယ်မှာ အိုက်လိတ်ကလွဲလို့ ဘယ်သူမှမရှိဘူး"

"တိုးတိုးပြောပါအကို၊ အောက်က အဘကြားသွားပါ့မယ်၊ ဟုတ်တယ်အကို ဦးအိုက်က သူ့ဆီမှာ ဘိန်းဖြူယူဖို့သွားတုန်း၊ ဘိန်းဖြူနဲ့ အကြပ်ကိုင်ပြီး နန်းငယ်ကို အတင်းအဓမ္မ… အို… နန်းငယ်သေတာပဲ အေးပါတယ်အကိုရယ်၊ နန်းငယ်ကို သေခွင့်ပေးပါ"

"ဟား… ဒုက္ခပါပဲကွာ၊ အိုက်လိတ်ဆိုတဲ့ကောင်ကြီး တော်တော်မိုက်ရိုင်းပါလား၊ သူငါ့ကို ဒုက္ခပေးရုံနဲ့ အားမရဘူး၊ ငါ့ညီမကိုပါ စော်ကားတယ်"

"နန်းငယ်လဲ မှားသွားတယ်အကို၊ သူ မူးနေတဲ့အချိန်မှာ သွားမိတာ နန်းငယ်အမှားပဲ၊ အဲဒီအချိန် နန်းငယ်မှာလဲ ဆေးပြတ်နေတော့ ဒါတွေ မစဉ်းစားပဲ သွားမိတာ"

"အဲဒီအချိန်တုန်းက ငါ မရှိဘူးလား နန်းငယ်၊ ငါ ဘယ်သွားနေလဲ"

"အဲဒီအချိန်က အကိုမရှိဘူး၊ သူတို့အိမ်ထဲမှာလဲ ဘယ်သူမှ မရှိဘူး၊ ကြည့်ရတာ ဟိုးအရင် နန်းငယ်ကို သူဆေးပေးကတည်းက


www.burmeseclassic.com

www.burmeseclassic.com



အတိတ်ဆိုသည်မှာ အတိတ်သက်သက်သာမဟုတ်၊ ခြားရဟတ်ကဲ့သို့ တစ်ပတ်ပြန်လည်တတ်သော သဘောရှိသည်ဆိုသည်ကို အမှတ်ရသည်။

သို့သော် ထိုသံသရာလည်သည့် ချားရဟတ်သဘောမှာ သက်ရှိထင်ရှားရှိသူများသာ ပါနိုင်၏။

သူ အင်မတန်ချစ်သော ဝတ်မှုံက သက်ရှိထင်ရှား မရှိတော့ ကွယ်လွန်သွားခဲ့ပြီ။

ရဟတ်ပြန်လည်မည့် သံသရာတစ်ကွေ့ဝယ် ရင်နှင့်အမျှ ချစ်ခဲ့ရသော ဝတ်မှုံတစ်ယောက်ကတော့ ပြန်လာနိုင်မည် မဟုတ်တော့။

❀ ❀ ❀



ဓော်မှိုင်(အတိတ်) နှင့် ဓော်မှိုင်(၁၉၉၇)

www.burmeseclassic.com

www.burmeseclassic.com

၁။

ကုသိုလ်ကံကလည်း တောက်ပသည်ဟု ပြောရမည်။

ဦးအိုက်လိတ်ခြံထဲက ကားကို နောက်ဆုတ်ထုတ်ယူပြီး မောင်းထွက်လာသည်အထိ အခြားနေရာများမှ စုရုံးရောက်ရှိလာကြမည့်လူများ၊ ကားများ ရောက်မလာကြသေး။

သူဖြတ်ခနဲ မောင်းနှင်ထွက်လာရာ လမ်းတစ်လျှောက်မှ အဖွဲ့အစည်း၏ လက်နက်ကိုင်များကလည်း ဘာဟော့ဖြစ်၍၊ ဘယ်သူ့ကို ဖမ်းဆီးရမည်ဆိုသည်ကို မသိကြသေး။

www.burmeseclassic.com

www.burmeseclassic.com



ကားဒလကြမ်း မောင်းထွက်လာသော ဇော်မိုင့်ကိုပင် သတိထွဲ၍ အလေးပြုသူတို့က ပြုသည်။ ဇော်မိုင်ကလည်း ခပ်တည်တည်ပင် အလေးပြု စရာရှိတာ ပြန်ပြု၊ ဂိတ်ဖွင့်နိုင်းရန် လိုအပ်သည့်နေရာမှာ ဂိတ်ဖွင့်နိုင်းပြီး တော်တော်ဝေးဝေးရောက်အောင် ထွက်လာနိုင်ခဲ့သည်။

ကားဆက်မောင်း၍ မရနိုင်တော့သည့်နေရာရောက်မှ ကားကို ဒီတိုင်းထားခဲ့ပြီး၊ ဇော်မိုင် လူချည်း ဆင်းပြေးလာခဲ့သည်။

လက်မှဒဏ်ရာက သွေးတစိမ့်စိမ့်ထွက်၍ တစစ်စစ် နာကျင် ကိုက်ခဲနေသော်လည်း သူအနားမယူရဲ၊ ဒဏ်ရာကိုပင် မစစ်ဆေးပဲ၊ တော လမ်းအတိုင်း ခရီးပေါက်နိုင်သလောက်ပေါက်အောင် ပြေးသည်။

သူ့အတွက် ခရီးအများကြီး ဦးအောင်ရောက်နေမှ သက်သာမည့် အနေအထားရှိသည်။

နောက်ကအဖွဲ့တွေက ဦးအိုက်လိတ်ခြံထဲ ရောက်ပြီး အခြေအနေ မှန်ကို သိသွားလျှင်၊ သူ့နောက်က ထပ်ချပ်လိုက်လာမှာ အမှန်။

တောလမ်းအတိုင်း အတော်လေးဝေးဝေးရောက်ခဲ့ပြီး၊ ကင်းစခန်း တွေနှင့်နီးလာသည့်နေရာရောက်မှ ဒဏ်ရာကို သွေးတိတ်အောင်စည်းနှောင် ပြီး ဟန်မပျက် လျှောက်လာခဲ့သည်။

ပထမဆုံးတွေ့သည့် ကင်းစခန်းမှာ၊ သူ့ကို ပစ်ခတ်ထွက်ပြေး သော ရန်သူနောက်လိုက်လာရင်း လူကွဲလာသည့် ပုံစံမျိုးပြောကာ၊ သူ့ ဏ်ရာကို ရှိမည့်ဆေးဝါးများဖြင့် ကမန်းကတမ်းဆေးထည့်သည်။

ထို့နောက် ထိုစခန်းမှာ အသင့်ရှိနေသည့် ဘိန်းမည်းအနည်းငယ် ည့်ယူကာ လူသုံးလေးယောက်လောက် သူနှင့်အဖေါ်ခေါ်၍ ထွက်လာခဲ့





သည်။

ဒုတိယစခန်းရောက်သောအခါ၊ ပထမကင်းစခန်းက လူတွေထား ခဲ့ပြီး၊ ဒုတိယစခန်းက လူတွေနှင့်လဲ၍ ရန်သူ့နောက် ဆက်လိုက်သည့်ပုံစံမျိုး ထွက်ခဲ့ပြန်သည်။

ဤနည်းဖြင့် ကင်းစခန်းများကျန်ခဲ့ပြီး တပ်စခန်းနှင့် သူတို့စခန်း ကြားနေရာမှာတော့ လူခွဲရှာသည့်ပုံစံမျိုး လုပ်ပြီး၊ သူ့လူများကို မျက်ခြေ ဖြတ်ထားခဲ့သည်။

လမ်းခရီးမှာ လိုအပ်လာသည့် သွေးကြောထဲက မူးယစ်ဆေး တောင်းဆိုမှုကိုတော့ ပထမစခန်းမှယူလာသည့် ဘိန်းမည်းအနည်းငယ်ကို ဖွန်းထဲထည့်ရေဖျော်၊ မီးအပူပေးကာ သောက်ခြင်းဖြင့် သက်သာအောင် ဖြေရှင်းခဲ့သည်။

သည်နည်းဖြင့် တပ်မတော်တပ်စခန်းတစ်ခုသို့ ရောက်ရှိလာပြီး သူလက်နက်ချ အလင်းဝင်နိုင်ခဲ့သည်။

အလင်းထဲရောက်ရောက်ချင်း သူတောင်းဆိုသည့်အရာကတော့ သူ့ကို စစ်ဆေးမေးမြန်းဆဲကာလမှာပင် သက်ဆိုင်ရာ ဆေးပညာရှင်များ၏ အကူအညီကိုယူ၍ သူ့အား ဆေးဖြတ်ပေးရန်ဖြစ်သည်။

တပ်ကလည်း သူ့အား ချက်ချင်းဆိုသလိုပင် ဆေးဝါးအကူအညီ ပေးသည်။

သိပ်မကြာခင်မှာပင် သူ့အား လားရှိုးမူးယစ်ဆေးစွဲရောဂါကု ဆေးရုံပို့ပေး၍၊ မူးယစ်ဆေးဖြတ်ပေးသည်။

လားရှိုးမူးယစ်ဆေးရုံမှာ ၂၈ ပတ်ဆေးကုဖြတ်တောက်ပြီးနောက်



www.burmeseclassic.com

www.burmeseclassic.com



စိတ်ပိုင်းဆိုင်ရာနှင့် ရုပ်ပိုင်းဆိုင်ရာ ကြံ့ခိုင်မှုရှိလာစေရန်အတွက် ပြည်မြို့အနီးရှိ ဝက်ထီးကန် ပြန်လည်ထူထောင်ရေးစခန်းသို့ ဇော်မိုင်ရောက်သည်။

ဝက်ထီးကန်တွင် ရက်သတ္တ ၄၂ပတ်ကြာ နေထိုင်၍၊ စိုက်ပျိုးရေး မွေးမြူရေးလုပ်ငန်းသင်တန်းများ၊ ကိုယ်လက်ကြံ့ခိုင်ရေးသင်တန်းများ သင်ယူခဲ့ရသည်။

ထိုသင်တန်းဆင်းပြီးနောက်ပိုင်းတွင် တပ်မတော်၏ အကူအညီဖြင့် ရန်ကုန်တွင်နေထိုင်ရင်း၊ နောက်ဆက်တွဲ စောင့်ရှောက်ရေးလုပ်ငန်းမှ တစ်နှစ်ကြာစောင့်ကြည့်ခြင်း ခံယူခဲ့သည်။

ထိုအတောအတွင်းမှာပင် တပ်မတော်မှ အရာရှိကြီးတစ်ယောက်က သူ့အကြောင်းစကားစပ်မိ၍ ပြောရင်းကနေ သနားပြီး သူနှင့်လာရောက်တွေ့ဆုံအားပေးသည်။

ထို့နောက် ထိုအရာရှိကြီး၏အကူအညီနှင့်ပင် မြန်မာ့ဂရုဏာ ဖေါင်ဒေးရှင်းအမည်ရှိ လူမှုရေးအဖွဲ့အစည်းကြီးတစ်ခုနှင့် ဆက်စပ်မိကာ၊ သူ့ပညာသင်ကြားရေးအတွက် ထိုအဖွဲ့အစည်းကြီးက ထောက်ပံ့ပေးခဲ့သည်။

ဤနည်းဖြင့် သူစိုက်ပျိုးရေးတက္ကသိုလ်သို့ တက်ရောက်ခွင့်ရပြီး၊ စိုက်ပျိုးရေးဘွဲ့ရသည်။

ဘွဲ့ရပြီးနောက်ပိုင်း၊ မြန်မာ့စိုက်ပျိုးရေးလုပ်ငန်းတွင် စိုက်ပျိုးရေး အရာရှိအဖြစ် အလုပ်တာဝန် ထမ်းဆောင်ခွင့်ရခဲ့သည်။

မကြာသေးမီကမှ နတလ (နယ်စပ်ဒေသနှင့် တိုင်းရင်းသားလူမျိုးများ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန) သို့ ပြောင်းရွှေ့ တာဝန်ထမ်းဆောင်ရကာ မူဆယ်သို့ ထွက်ခွာလာခဲ့ရခြင်းဖြစ်သည်။





ခုတော့ ထိုခရီးစဉ်ထွက်လာရင်း လားရှိုးသို့ ရောက်လာခဲ့သည်။

လားရှိုးတွင် သူငယ်ချင်း မိုလ်ကြီးထက်နိုင်နှင့်တွေ့ကာ၊ ရွှေလီနံ့သာဉ ညအိပ်တည်းခိုရင်း ထိုအကြောင်းများ ပြောပြဖြစ်သည်။

အချိန်နည်းနည်းအတွင်း ပြည့်စုံအောင် ခပ်ချုံ့ချုံ့ပြောပြသော ဇော်မိုင့်အကြောင်းများကို နားထောင်ရင်း ထက်နိုင် ပါးစပ်အဟောင်းသားဖြစ်နေသည်။

※ ※ ※

"အံ့သြစရာပဲ ဇော်မိုင်ရာ၊ မင်းဖြတ်သန်းလာခဲ့ရတဲ့ ဘဝအတွေ့အကြုံက စာရေးဆရာတစ်ယောက် စိတ်ကူးယဉ်ဖန်တီးထားတဲ့ ဝတ္ထုတစ်ပုဒ်ကို ဖတ်နေရသလိုကို ဖြစ်မိနေတာပဲ"

"ငါလဲ... အဲဒီအခြေအနေမျိုးကနေ ဒီအခြေအနေမျိုး ဖြစ်လာခဲ့တာကို အံ့သြမိတာပါပဲ၊ ဘဝဆိုတာကြီးက အိပ်မက်မဆန်ဘူးလား"

"အိပ်မက်တောင် ရိုးရိုးအိပ်မက်မဟုတ်ဘဲနဲ့ မင်းအတွက်ကျတော့



www.burmeseclassic.com

www.burmeseclassic.com



တစ်ချို့နေရာတွေမှာ ထမင်းလုံးတချွေ ခြောက်ခံရသလိုမျိုးကို ဖြစ်နေမှာပဲ''

''ငါကတော့ ငရဲခန်းကြီးထဲက လွတ်လာတယ်လို့ကို အောက်မေ့တာပဲ ထက်နိုင်။ ဘဝမှာ နာရီပိုင်းလေးအတွင်း အဖေကော အမေကော ချစ်သူကော၊ ညီမကော၊ တစ်ပြိုင်တည်း ဆုံးရှုံးခဲ့ရတာ…။ မှန်တာပြောရရင် အဲဒီအချိန်က ငါ့ကိုယ်ငါ အသက်ရှင်ကျန်ခဲ့မယ်လို့တောင် လုံးဝ မမျှော်လင့်ဘူး''

''ကဲပါကွာ၊ ဒါတွေပြန်မတွေးပါနဲ့တော့၊ အချိန်တွေလဲ ကြာခဲ့ပြီ လူသစ်စိတ်သစ်နဲ့ ဘဝသစ်ကို ထူထောင်ခဲ့တာလဲ အတော်လေးကို အောင်မြင်ခဲ့ပြီမဟုတ်လား''

''မအောင်မြင်သေးဘူး ထက်နိုင်၊ အောင်မြင်တယ်ဆိုရင်လဲ ငါ့တစ်ယောက်တည်းအတွက်ပဲ ရှိသေးတယ်၊ ငါ့ဒေသမှာ ငါ့လောက်မဆိုးတောင် ငါ့လိုပဲ ငရဲခန်းပေါင်းများစွာ ဖြတ်ခဲ့ရတဲ့လူတွေ အများကြီးရှိဦးမှာ၊ အဲဒီလူတွေအတွက် ငါ ဘာမှ လုပ်မပေးနိုင်သေးဘူး၊ သူတို့အတွက် ငါ တစ်ခုခု လုပ်ပေးနိုင်ပြီးမှ ငါ့ဘဝ ငါ အောင်မြင်တယ်လို့ သတ်မှတ်နိုင်မယ်''

''အဲဒီဒေသတွေကို မင်းတစ်ခေါက်မှ ပြန်မရောက်သေးဘူးလား''

''မရောက်သေးဘူး''

''အခြေအနေတွေက အရင်နဲ့ လုံးဝမတူတော့အောင် ပြောင်းလဲနေပါပြီကွာ။ အဲဒီဘက်က အဖွဲ့အစည်းတွေအားလုံးလဲ နိုင်ငံတော်နဲ့ ဆွေးနွေးညှိနှိုင်းပြီး ငြိမ်းချမ်းရေးရယူခဲ့လို့၊ ဒေသတစ်ခုလုံး အေးချမ်း တည်ငြိမ်





နေပါပြီ။ မင်းမနက်ဖြန် လားရှိုးက စထွက်ကတည်းက ဘာတွေ ပြောင်းလဲတိုးတက်နေတယ်ဆိုတာ စတွေ့မှာပါ''

''ငါလဲ အဲဒါတွေ မြင်ချင် တွေ့ချင်ပါတယ်ထက်နိုင်… ဒီနေ့နေ့ခင်း လားရှိုးမှာလျှောက်သွားတော့လဲ အရင်နဲ့ ဘာမှမဆိုင်တော့ အောင် တိုးတက်ပြောင်းလဲနေတဲ့လားရှိုးကို တွေ့ရတယ်။ ငါ့စိတ်ထဲ ဘယ်လို ဝမ်းသာမှန်း မသိဘူး''

''လားရှိုးဟာ ဟိုတုန်းကနဲ့ ဘာမှမဆိုင်တော့ဘူးနော်''

''လုံးဝမဆိုင်တော့ဘူး ထက်နိုင်၊ မင်းတို့က အဆက်မပြတ် တွေ့နေမြင်နေရလို့ သိသာချင်မှ သိသာမယ်၊ နှစ်တွေအများကြီး ခွဲခွာထားခဲ့တဲ့ ငါ့အမြင်မှာတော့ အရမ်းကို သိသာတာပဲ''

''ကဲ…. စကားပြောလို့လဲကောင်းတယ် သူငယ်ချင်း။ ဒါပေမယ့် မနက်ကျ၊ ခရီးဆက်ထွက်ရဦးမှာ အဲဒီတော့ နားလိုက်ဦး၊ နောက်နေ့ နောက်နေ့တွေကျမှ ပြောစရာရှိတဲ့စကားတွေ ဆက်ပြောကြတာပေါ့ မဟုတ်ဘူးလား''

ထက်နိုင်စကားကို သူက ခေါင်းညိတ်တုံ့ပြန်သည်။

လားရှိုး၏ညသည် အစဉ်အလာမပျက် အေးစိမ့်နေသည်။

ထိုညက အိပ်မက်ထဲတွင် နန်းဝတ်မှုံနှင့်သူ ပြန်တွေ့ရသည်။

အိပ်မက်ကနိုးတော့ ရင်ထဲမှာ ဆွေးမြေ့ခံစားရလွန်းသဖြင့် မျက်ရည်ကျမိ၏။

✤ ✤ ✤



www.burmeseclassic.com

www.burmeseclassic.com

၂။

ထက်နိုင်နှင့်သူ လားရှိုးအေတီဂိတ်ကထွက်တော့ မနက်ခုနစ်နာရီ လောက်ရှိပြီဖြစ်သည်။

''ဒါ.... အေတီဂိတ်ပဲ ဇော်မိုင်၊ အေတီဂိတ်ဆိုတာကတော့ ဒီမှာ အမှတ် (၁) ဝန်တင်တပ်ရှိလို့ အရပ်ခေါ် ခေါ်လိုက်တာပေါ့။ တကယ့် အမှန်ကတော့ လားရှိုးစုပေါင်းရှာဖွေစစ်ဆေးရေးစခန်းပေါ့။ မင်း အခု မြင်နေတဲ့ ဂိတ်ဟိုဘက် ဒီဘက်က တန်းစီစောင့်နေတဲ့ကားတွေဟာ အဲဒီ ဂိတ်မှာ စစ်ဆေးခံဖို့ စောင့်နေတဲ့ကားတွေ''



-''ဘာတွေစစ်လဲ''

''အစုံပဲပေါ့၊ အထူးသဖြင့်ကတော့ နယ်စပ်ကုန်သွယ်ရေးလုပ်တဲ့ အခါမှာ ပြည်ပကို ထွက်မယ့်ကုန်ဆိုရင်လဲ တန့်သတ်ထားတဲ့ကုန်တွေ ပါ,မပါ၊ အခွန်ဆောင် ပြီး,မပြီး၊ ပြည်တွင်းကို ဝင်လာတဲ့ကုန်ဆိုရင်လဲ ဥပဒေနဲ့အညီ ဟုတ်,မဟုတ်။ တခြားမူးယစ်ဆေးဝါးလိုဟာမျိုးတွေ ပါ, မပါပေါ့ကွာ၊ အဲဒါအပြင် တခြားလူဝင်မှုကြီးကြပ်ရေးကိစ္စတို့၊ လုံခြုံရေး ကိစ္စတို့ပါ တစ်ပါတည်း တွဲစစ်ဆေးတာပဲ၊ ဒီဂိတ်မှာကတော့ လူ့စုံတယ်၊ လဝက၊ အကောက်ခွန်၊ နယ်စပ်ကုန်သွယ်ရေး၊ မူးယစ်၊ သစ်တော၊ ရဲ၊ ထောက်လှမ်းရေး၊ တပ်အစုံရှိတယ်''

အေတီဂိတ်တွင် သတင်းပို့၍ ထွက်လာပြီး၊ မကြာမီ ညီညာချော မွေ့၍ ကျယ်ပြန့်ဖြောင့်ဖြူးသော ကတ္တရာလမ်းမကြီးပေါ် ရောက်လာသည်။

''ဒါ... အေးရှားဝေါးလ်ကုမ္ပဏီက တာဝန်ခံပြီး ဖေါက်ထားတဲ့ လားရှိုးမူဆယ်လမ်းမကြီးပဲ ဇော်မိုင်၊ သိန္နီအထိ ၂၇ မိုင်ကတော့ လုံးဝ ပြီးနေပြီ၊ သိန္နီကွတ်ခိုင်အပိုင်းလဲ မကြာခင် ဖွင့်တော့မှာပါ''

''ကောင်းလိုက်တဲ့လမ်းကြီးကွာ''

အမှန်တကယ်ပင် ဇော်မိုင် သူ့မျက်လုံးကို သူ မယုံနိုင်အောင် ဖြစ်သွားသည်။ ဟိုတစ်ချိန် သူဖြတ်သန်းခဲ့ဖူးစဉ်က လမ်းအခြေအနေနှင့် ဘာမှမဆိုင်တော့။

သည်နေရာမျိုးမှာ သည်လိုလမ်းမကြီးမျိုးကို မြင်တွေ့နေရသော မြင်ကွင်းက တကယ့်ကို အိပ်မက်အလား။

''အေးရှားဝေါးလ်ကုမ္ပဏီက တာဝန်ခံဖေါက်တယ်ဆိုတာ ဘယ်

www.burmeseclassic.com



လိုတာဝန်ခံဖေါက်တာလဲ ထက်နိုင်၊ ကန်ထရိုက်ယူတာလား၊ ငါမရှင်းဘူး''

''မဟုတ်ဘူးကွ၊ ဒီလမ်းကို သူတို့ လုံးဝအကုန်အကျခံပြီး ဖေါက်တာ။ လမ်းပြီးသွားတဲ့အခါမှာ သူတို့က လမ်းဖြတ်သန်းခ၊ အခကြေးငွေတစ်ခုခု သတ်မှတ်ပြီးယူမှာပေါ့၊ ဥပမာ··· အခု လားရှိုး-သိန္နီ အပိုင်းမှာဆို ဖြတ်သန်းခ ကားလေးတစ်စီးကို တစ်ရာယူတယ်၊ ကားကြီးတွေ ကုန်တင်ကားတွေလဲ သူ့ဈေးနဲ့သူ ရှိတာပေါ့။ အဲဒါယူမယ်၊ လမ်းပြုပြင်ထိန်းသိမ်းတာတို့ ဘာတို့လဲ သူတို့က လုပ်ပေးနေမှာပေါ့''

''မဆိုးပါဘူးကွာ၊ လမ်းမကောင်းလို့ ကားပျက်တာ၊ ကြန့်ကြာတာ၊ ထိခိုက်အန္တရာယ်ဖြစ်နိုင်တာတွေနဲ့ ထည့်တွက်ရင် အများကြီး ပေးပျော်ပါတယ်''

''နှစ်ဦးနှစ်ဘက် အဆင်ပြေတာပေါ့ကွာ၊ တစ်နည်းအားဖြင့်ကတော့ ဒါတွေဟာ ပြောင်းလဲလာတဲ့ ဈေးကွက်စီးပွားရေးစနစ်နဲ့ ဒေသတွင်း ငြိမ်းချမ်းရေးရလာတဲ့ အခြေအနေရဲ့ အကျိုးအမြတ်၊ အသီးအပွင့်တွေပဲ''

လမ်းကကောင်းလွန်းသဖြင့် ၂၇ မိုင်ဝေးသော သိန္နီသို့ တစ်နာရီမပြည့်မီ ရောက်လာသည်။

သိန္နီမြို့ကလည်း ပြုပြင်ဆောက်လုပ်ရေးလုပ်ငန်းတွေဖြင့် များစွာတိုးတက်လှပ ဖွံ့ဖြိုးနေပြီဖြစ်၏။

* * *





သိန္နီမြို့အထွက်တွင် ကွမ်းလုံသို့ ၅၃ မိုင်သွားနိုင်သော လမ်းခွဲရှိသည်။

လမ်းခွဲအလွန်မှာ အေးရှားဝေါလ်ကုမ္ပဏီ၏ လမ်းဖြတ်သန်းခကောက်ခံသောဂိတ်နှင့်အတူ မတ်လလောက်မှာ အပြီးဖွင့်လှစ်နိုင်ရေးအတွက် အားသွန်ခွန်စိုက်ဖေါက်လုပ်နေသောလုပ်သားများကို တစ်လျှောက်လုံး မြင်နေရသည်။

တောင်သုံးဆယ့်သုံးလုံးဟု အမည်ရသော လွိုင်ဆမ်စစ် တောင်ကြောကို ဖြတ်ကျော်ပြီးသည်နှင့် ကွတ်ခိုင်ဝင်သည်။ ကွတ်ခိုင်အဝင်မှာ တာမိုးညဲ လမ်းခွဲရှိသည်။ တာမိုးညဲသို့ ၁၇ မိုင် ကွာဝေးသည်။

''ငါတို့ ခလရ ၄၅ က လွိုင်ဆမ်စစ်ရိပ်သာမှာ ထမင်းဝင်စားမယ် ဇော်မိုင်၊ တို့ရဲ့ညွှန့်တပ်ခွဲဘက်ကော အလွမ်းပြေ ကြည့်ဦးမလား''

''သွားတာပေါ့ကွာ၊ ကွတ်ခိုင်မြို့လဲ မမှတ်မိလောက်အောင်ဖြစ်သွားပြီနော်။ ဒါနဲ့ ဇော်ဗလအဖေ ဦးဇော်ဆန်ဖုန်းကော ရှိသေးလား''

''မရှိတော့ဘူး၊ သူ့အဖေဆုံးပြီး ဇော်ဗလလဲ မူဆယ်ပြောင်းလာတာပဲ''

''ဒါနဲ့ နေပါဦးထက်နိုင်၊ မင်းက ငါ့အကြောင်းတွေသာ မေးတယ်၊ မင်းအကြောင်းတွေတော့ မပြောသေးဘူး၊ မင်းတပ်ထဲရောက်ပြီး ဗိုလ်ဖြစ်လာပုံလေးတွေလဲ ပြောပြဦးလေကွာ''



www.burmeseclassic.com

www.burmeseclassic.com



"ဖြေးဖြေးပေါ့ကွာ၊ မင်းကို ငါ ပြောမပြဘဲမနေပါဘူး၊ တို့ ထမင်းစားပြီးရင် ရဲညွန့်တပ်ခွဲဘက်သွားမယ်။ ပြီးရင် တို့သွားနေကျ ထင်းရှူး တောလေးဘက်သွားရင်းနဲ့ အမှတ်တရကုန်း ဝင်တာပေါ့"

ဇော်မိုင်က ခေါင်းညိတ်ပြလိုက်၏။

✻ ✻ ✻

တပ်ရင်းရိပ်သာတွင် စားသောက်ပြီးနောက်၊ ရဲညွန့်တပ်ခွဲဘက် သွားသည်။

အဆောက်အဦးအနည်းငယ် တိုးလာသည်မှအပ၊ တပ်ခွဲအနေ အထားလေးက သူတို့ငယ်စဉ်ကအတိုင်းပင် ရှိသေးသည်။

ထမင်းစားဆောင်ထဲရောက်သည်တွင် ထက်နိုင်ကပြုံး၍…

"ဇော်မိုင်… ငါတို့ငယ်ငယ်ကတည်းက ထမင်းစားခါနီး ရွတ်ဆို တဲ့ဆောင်ပုဒ် ဖတ်ကြည့်ပါဦး"

ဇော်မိုင်က ဟိုတုန်းကတည်းက မြင်နေကျဖြစ်သော်လည်း၊





ထက်နိုင်ဘာပြောချင်မှန်း မသိသဖြင့် အသံထွက်၍ တစ်ခေါက်လှမ်းဖတ် လိုက်သည်။

"'ငါတို့သည် နိုင်ငံတော်မှကျွေးသော ထမင်းများကို စားရင်း၊ နိုင်ငံတော်၏သစ္စာကို စောင့်သိရိုသေပါမည်', တဲ့… အဲဒါ ဘာဖြစ်လဲ ထက်နိုင်"

"ခုန မင်းမေးတဲ့မေးခွန်းကို ဖြေချင်လို့ပါ။ ကဲ လာကွာ၊ တပ်ခွဲ ထဲကဖြတ်ပြီး၊ ထင်းရှူးတောဘက် သွားရအောင်၊ သွားရင်းနဲ့ ပြောတာပေါ့၊ ငါ ဘာ့ကြောင့် တပ်ထဲရောက်ခဲ့တယ်ဆိုတဲ့အဖြေဟာ အဲဒါပဲ ဇော်မိုင်"

တပ်ခွဲဘေးမှ လူသွားလမ်းလေးအတိုင်း လျှောက်ခဲ့ရာ ထင်းရှူး တောလေးကို လှမ်းမြင်နေရသည်။ ထက်နိုင်က ဆက်၍…

"ဆယ်တန်းအောင်တဲ့အချိန်မှာ ငါ ဘာလုပ်မလဲ စဉ်းစားတယ်၊ ဘပ်ခွဲကလဲ ဆယ်တန်းအထိပဲ တာဝန်ယူတာဆိုတော့ တပ်ခွဲမှာ မှီကပ် စားနေလို့လဲ မရတော့ဘူး။ ငါ့ဘဝကို ငါ ထူထောင်ရတော့မယ်၊ အဲဒီမှာ ဒီစာသားလေးက ငါ့ကို ဘာလုပ်လို့ လမ်းညွှန်လိုက်တာပဲ"

"မင်းကလဲ ကဗျာဆန်နေပြန်ပါပြီ"

"ကဗျာဆန်တာမဟုတ်ဘူး ဇော်မိုင်၊ ရဲညွန့်တပ်ခွဲမှာ ဘယ်သူ ကမှ စစ်တပ်ထဲဝင်ဖို့ အတင်းအကြပ်ကော၊ ချော့ချော့မော့မော့ လုပ်ပြီး တော့ကော မပြောဘူး၊ သူတို့တာဝန်ပြီးပြီ မင်းကြိုက်တာလုပ်ပဲ၊ ဒါပေမယ့် ငါဟာ နိုင်ငံတော်က ကျွေးတဲ့ ထမင်းတွေစားပြီး ဒီအခြေအနေဖြစ်လာခဲ့ တာ၊ ဒီအခြေအနေမှာ နိုင်ငံတော်ကို ပြန်ပြီး သစ္စာစောင့်သိ၊ ကာကွယ် စောင့်ရှောက်ပေးရမယ်ဆိုတဲ့ အသိနဲ့ တပ်ထဲဝင်ဖို့ ဆုံးဖြတ်ခဲ့တာပဲ"



www.burmeseclassic.com

www.burmeseclassic.com



''အိုက်မောင်ကကော''

''သူကတော့ ဆယ်တန်းအောင်ပြီးချိန်မှာ ပညာသင့်ဖို့ အခက်အခဲဖြစ်နေတုန်း၊ မြန်မာ့ဂရုဏာဖေါင်ဒေးရှင်းက ပညာသင်ထောက်ပံ့ကြေးလျှောက်ဖို့ တပ်ခွဲကလူတွေက အကြံပေးတာနဲ့ လျှောက်တယ်။ ရတယ်။ မန္တလေးတက္ကသိုလ်မှာ ဘွဲ့ရတဲ့အထိ တက်တယ်၊ ဘွဲ့ရတာနဲ့ ဒုရဲအုပ်သင်တန်းလျှောက်ပြီ၊ ရဲထဲဝင်ခဲ့တာပဲ''

''မင်းတို့နှစ်ယောက်ကတော့ သိပ်ကင်းကွာခဲ့ကြမယ်မထင်ဘူး''

''ဘယ် ကင်းကွာမလဲကွာ၊ နှစ်ယောက်စလုံး လားရှိုးမှာ တာဝန်ကျတာချင်း လာဆုံတော့၊ သူကလဲ မူးယစ်အထူးတပ်ဖွဲ့မှာ၊ ငါကလဲ မူးယစ်ဆေးဝါး နှိမ်နင်းရေးစစ်ကြောင်းတွေမှာ အတူတူပါပြီး ချလိုက်ကြတာ ဘာပြောကောင်းမလဲ၊ မနှစ်ကတော့ တကပ်ကို မှတ်တမ်းတင်'လောက်အောင် အောင်မြင်ခဲ့တာပဲ''

''အေးကွာ၊ မင်းတို့နှစ်ယောက်ကို ငါ တကယ်အားကျတယ်''

ထိုအချိန်တွင် နှစ်ယောက်သား လမ်းလျှောက်ရင်း အမှတ်တရကုန်းခေါ် ကျဆုံးစစ်သည် အမှတ်တရဗိမာန်ဘက်သို့ ရောက်လာခဲ့ပြီ ဖြစ်သည်။

ထိုအမှတ်တရကုန်းက ဗကပတို့နှင့် တိုက်ပွဲကြီးများ အကြိမ်ကြိမ်ဖြစ်ခဲ့စဉ် ကျဆုံးခဲ့သော အရာရှိ၊ ရဲဘော် စစ်သည်များ၏ အရိုးအိုးများကို စုပေါင်းမြှုပ်နှံ သင်္ဂြိုလ်ပြီး ဂုဏ်ပြုအမှတ်တရ ပြုလုပ်ထားခဲ့သည့် ဗိမာန်ဖြစ်သည်။

ကွတ်ခိုင်-မူဆယ်ကားလမ်းမဘေး တောင်ကုန်းမြင့်လေးတွင်





ည်ရှိသည်။ ကုန်းမြင့်အတိုင်း လေ့ခါးထစ်များနှင့်တက်၍ ကုန်းမြင့်ထိပ်တွင် စစ်သည်ရုပ်ထုကျောက်တိုင်၊ အမိုးခုံးခုံး တိုင်လုံးလေးများ ပတ်လည်ရှိသည့် အဆောက်အဦလေးများနှင့် လုပခန့်ငြားသလို လှမ်းဆွတ်ဘွယ်လည်းကောင်းသည်။

ကုန်းမြင့်ပေါ်မှ လှမ်းကြည့်လျှင်၊ လမ်းတစ်ဘက်ရှိ ထင်းရှူးတောကြီးတစ်ခုကို လျှိုင်ဆမ်စစ်တောင်တန်းကြီးများ နောက်ခံဖြင့် အလွန်လှပသော ရှု.ခင်းအဖြစ် မြင်နေရသည်။

လျှိုင်ဆမ်စစ်တောင်တန်းတစ်နေရာမှ ထုံးဖြူဖြူဖြင့် ရန်အောင်မြင်ဘုရားခေါ် ရှန့်ပြေ၊ မာန်ပြေဘုရားကိုလည်း လှမ်းဖူးမြင်နေရသည်။

ထက်နိုင်စကားကို နားထောင်ရင်း ဇော်မိုင်က အမှတ်တရကုန်းရှပ်ကြွန်ရုံကြီး[illegible]တွင်ရေးထားသည့် စာတမ်းကြီးကို ဖတ်မိ၏။

''တိုင်းပြည်နှင့်လူမျိုးအတွက် မိမိအသက်ကို စွန့်လွှတ်ရခြင်းသည် အမွန်မြတ်ဆုံး''

✤ ✤ ✤



www.burmeseclassic.com

www.burmeseclassic.com

၃။

ကွတ်ခိုင်မြို့ထဲ လျှောက်လှည့်ကြည့်သည်နှင့် ကွတ်ခိုင်နှင့်မူဆယ်ကြား၊ နမ့်ခမ်း လမ်းခွဲရှိရာ၊ နမ့်ဖက်ကာတွင် ခဏနားခဲ့သည်နှင့်ပေါင်းပြီး သူတို့နှစ်ယောက် မူဆယ် ၁၀၅ မိုင်စခန်းသို့ ညနေစောင်းမှ ဝင်လာသည်။

၁၀၅ မိုင်စခန်းခေါ် မိုင်းယုစစ်ဆေးရေးစခန်းက ကျူကုတ် (ပန်ဆိုင်း) လမ်းခွဲနေရာ၌ တည်ရှိသည်။ ထိုနေရာသည်လည်း အောက်ဂိတ်ကဲ့သို့ စုပေါင်းစစ်ဆေးရေးစခန်းတစ်ခုပင် ဖြစ်သည်။ မူဆယ်နှင့် ကျူကုတ် အဝင်အထွက်ကားများကို စစ်ဆေးသည်။



ထက်နိုင်က ကားလေးကို ဘေးကပ်ရပ်ထားလိုက်ပြီး…

"မင်းအသာနေ ဇော်မိုင်၊ ငါ့ကိုမြင်ရင် ဒီကောင်လာလိမ့်မယ်၊ မင်းကို မှတ်မိလား၊ မမှတ်မိလား ကြည့်ရအောင်"

ထက်နိုင်ပြောနေတုန်းမှာပင် ခပ်လှမ်းလှမ်းမှ ရဲအရာရှိဝတ်စုံဝတ်ထားသော အရပ်ရှည်ရှည် ဖြူဖြူကိုင်းကိုင်း လူတစ်ယောက် လျှောက်လာသည်။

အိုက်မောင်ပုံစံက မျက်နှာမမှတ်မိလျှင် နေရမည်၊ အရပ်နှင့် ပုံပန်းသဏ္ဌာန်က မမှတ်မိစရာ မရှိ။ သူက မသိချင်ယောင်ဆောင်ပြီး အသာရပ်နေလိုက်သည်။

"ဟေ့ကောင်ထက်နိုင်၊ ငါ့ကို ခဏစောင့်ကွာ၊ မင်းကားနဲ့ ငါ မူဆယ်ပြန်လိုက်ခဲ့မယ်"

ထက်နိုင်က အားတုံ့အားနာဟန် ပြုလိုက်ပြီး…

"လိုက်တာက လိုက်ခဲ့လို့ရတယ် အိုက်မောင်၊ ဒါပေမယ့် ငါ စောင့်လို့တော့ မဖြစ်ဘူး"

"ဘာဖြစ်လို့လဲ"

"ငါတို့ နတလက လူကြီးတစ်ယောက်ပါလာလို့"

"ဘယ်ကလဲ ရန်ကုန်ရုံးချုပ်ကလား"

"ဟုတ်တယ်"

နတလက လူကြီးဆိုပြီး ထက်နိုင်က ရှိသေပြလိုက်သဖြင့် အိုက်မောင် နည်းနည်းတွန့်သွားပုံရသည်။ ပြီးတော့ မရဲတရဲပုံစံဖြင့် ဇော်မိုင့်ကို ခိုးကြည့်သည်။

www.burmeseclassic.com



ဇော်မိုင်ကလည်း ထက်နိုင်နောက်နေပြီဆိုတာသိသဖြင့် ခပ်တည်တည်ပင် လူကြီးဟန်ဆောင်ရင်း အသာမျက်နှာလွှဲထားလိုက်သည်။

အိုက်မောင် မနေနိုင်၊ ထက်နိုင်နားကပ်၍…

"ဟောကောင် သူကဘယ်သူလဲ၊ ငါ သူ့ကို တွေ့ဖူးတယ်ကွ တွေ့ဖူးတာတောင် မဟုတ်ပါဘူး၊ ငါနဲ့ ရင်းရင်းနှီးနှီး သိသလိုပဲ"

"ဟာ… မင်းကလဲ မဟုတ်တာ၊ ငါတို့ထက် အများကြီး ရာထူးကြီးတယ်ကွ၊ လူက နုနေလို့"

"မဟုတ်သေးပါဘူးကွာ၊ သူ့ကို ငါသိပါတယ်၊ နေပါဦး ငါစဉ်းစားလိုက်ဦးမယ်"

အိုက်မောင် မျက်မှောင်ကြီးကျုံ့၍ နဖူးကျောများ ပေါ်လာသည် အထိ စဉ်းစားသည်။ ပြီးမှ… တဟားဟား ထရယ်၍…

"အေပေးထက်နိုင်‥ မင်း ငါ့ကို လာပတ်နေတယ်၊ မင်းကြီးဒေါ် ယောက်ျား လူကြီးပါလား၊ ဟောကောင် ဇော်မိုင်၊ မင်းကကော ဘာအိုက်တင် ခံနေတာလဲ မအေပေး"

"ဟား ဟား ဟား မင်းမဆိုးဘူး အိုက်မောင်၊ ကိုယ့်အဖေကိုယ် မှတ်မိသားပဲ"

"မင်းကြီးဒေါ် ကိုယ့်အဖေကိုယ် မှတ်မိရမလား၊ ငါကရဲအုပ်ကွ တရားခံတွေမျက်နှာ အမြဲတမ်းမှတ်မိအောင် လုပ်ထားရတာ၊ မင်းတို့ မှဒိန်းမှုတရားခံတွေဆို ငါပိုမှတ်မိတယ်"

သူငယ်ချင်းသုံးယောက် ပြန်လည်ဆုံစည်းခြင်းက ပျော်စရာ ပွဲလေးတစ်ပွဲ ဖြစ်သွားသည်။





အိုက်မောင်က ခဏစောင့်ခိုင်းပြီး၊ မူဆယ်သို့ သူပါလိုက်လာခဲ့၏။

* * *

"ဟား…"

၁၀၅မိုင်စခန်း ကျော်ကတည်းက အဆောက်အဦသစ်များ၊ ရဟတ်ယာဉ်ကွင်းများ မြင်လာရသဖြင့်၊ အံ့သြမဆုံးမီ၊ မြို့တွင်းဝင်ဝင်ချင်း ထိပ်ဆုံးမြင်ကွင်းတွင် တခမ်းတနားရှိနေသော ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း အဆောက်အဦကြီးကိုကြည့်၍၊ ဇော်မိုင် တအံ့တသြ ရေရွတ်လိုက်သည်။ ထိုရေရွတ်သံကြားမှာ ထက်နိုင်က တပ်ဂိတ်ဝင် သတင်းပို့သည်။

"ဘာလဲကိုယ့်လူ မူဆယ်က သားနားနေလို့လား၊ မအံ့သြနဲ့ ရှေ့ရောက် ဒီထက် တိုးတက်ခန်းနားတာတွေ မြင်ရမယ်။ ဒါ နယ်ပူးမူဆယ်၊ ဟိုတုန်းက တဲတန်းလေးတွေနဲ့ မူဆယ်မဟုတ်တော့ဘူး"

အိုက်မောင်ပြောလည်း ပြောစရာ၊ မူဆယ်အနေအထားက နတ်ဖေ ကန်ထဲ ချလိုက်သလို လုံးဝတိုးတက်ခန်းနားသွားပြီဖြစ်သည်။

၁၀၅ မိုင်စခန်းက စလာခဲ့သော တရုတ်ပြည်သွားသမ္မတနိုင်ငံ၏ လက်ဆောင်လမ်းမကြီးကလည်း ညီညာဖြူးဖြောင့်နေသည်။



www.burmeseclassic.com

www.burmeseclassic.com



ထိုစဉ် ၁ခ/နံပါတ်တပ် ပါဂျဲရိုးကား အသစ်စက်စက်ကြီး တစ်စင်းက ရပ်ထားသောသူတို့ကားကို ဖြတ်ကျော်တက်သွားသည်။ ကား မောင်းလာသည့်လူကလည်း သူတို့ကို လှည့်ကြည့်သည်။

''ဟား.... အတော်ပဲ၊ ဟော့ကောင် ဇော်ဗလ နေဦး''

အိုက်ခ့်မောင်က လှမ်းအော်ရင်း လက်လှမ်းတားသည်။

''ဟာ... အဲဒါ ဇော်ဗလလား''

''အေး... မြင်တယ်မဟုတ်လား၊ ဒီကောင်က ရေရေလည်လည် High Boss ဖြစ်နေတာကွ''

ပါဂျဲရိုးကားကြီးက လမ်းဘေးကပ်ရပ်သည်။

ထို့နောက် ကားပေါ်က အလွန်တရာ သားနားတောက်ပြောင်သော ဝတ်စုံဝတ်ထားသည့် မင်းသားလိုလူတစ်ယောက် ဆင်းလာသည်။

''ဘာလဲအိုက်မောင်... ဘာလုပ်မလို့လဲ''

''ဘာလုပ်မလို့လဲဆိုတော့ မင်းကို လူတစ်ယောက်နဲ့ တွေ့ပေးမလို့ ဒီမှာကြည့်စမ်း ဇော်ဗလ၊ သူ ဘယ်သူလဲ''

ဇော်မိုင်က ပြုံးပြီး....

''မင်း အရမ်းကိုသားနားနေတာပဲ ဇော်ဗလရာ၊ ငါတော့ အရမ်းကို အံ့ဩနေတာပဲ''

''ဟော့ကောင်... ဇော်... မိုင်...၊ ဟား.... မင့်... ဇော်မိုင်နော်....၊ မင်းဘယ်လိုလုပ်ပြီး ဒီရောက်လာတာလဲ၊ မင်း အခု ဘယ်မှာလဲ''

''ငါ အခု မူဆယ်ကို အလုပ်နဲ့ပြောင်းလာတာ၊ နတလ စိုက်ပျိုးရေးအရာရှိနဲ့၊ မင်းဒီမှာရှိတယ်ဆိုတာတော့ လားရှိုးကတည်းက ထက်နိုင်





ပြောလို့ သိပြီးပါပြီ''

''ဟား.... ဂမ်းသာတယ်ကွာ၊ ဒါဆို ငါတို့လေးယောက်လုံး ဒီမှာ ပြန်ဆုံမိပြီပေါ့။ ဟော့ကောင် မင်းဘာမှ အားမငယ်နဲ့ ငါတို့တွေရှိတယ်''

''အေးပါ၊ အဲဒါသိလို့ မင်းကို ငါလှမ်းတားလိုက်တာပေါ့၊ ဒီည တို့လေးယောက်ဆုံမယ်၊ မင်း ငါတို့ကို ဘယ်မှာကျွေးမလဲ''

''မင်းတို့ကြိုက်တဲ့နေရာမှာ ကျွေးမယ်။ အဲဒီတော့ ဒီလိုလုပ်၊ မင်းတို့ ဘယ်မှာရှိမလဲ၊ ခြောက်နာရီလောက် ငါလာခေါ်မယ်... သွားမယ့်သွား ရွှေလီအထိ သွားမယ်ကွာ၊ မကောင်းဘူးလား...''

''ကောင်းတယ်၊ အကောင်းဆုံးကတော့ ခြောက်နာရီကျရင် မင်း ငါ့ဆီလာခဲ့၊ ငါ ဒီကောင့်ကို ငါ့အိမ်မှာပဲ နေရာချထားပေးလိုက်ပြီး၊ ငါ့အိမ်ကနေ စောင့်မယ်''

ထက်နိုင်က သတင်းပို့ပြန်လာရင်း၊ လှမ်းပြောသည်။

''အိုကေ''

လေးယောက်သား မျက်နှာချင်းဆိုင်ပြီး လက်ဝါးချင်း ရိုက်လိုက်ကြ၏။

* * *



www.burmeseclassic.com

www.burmeseclassic.com



ထိုညက လေးယောက်သား မူဆယ်မြို့ထဲသာမက၊ တရုတ်ပြည် နယ်စပ်ရှိ ကြယ်ခေါင်၊ ရွှေလီအထိပါ ရောက်အောင်သွားပြီး၊ အပြတ် ပျော်ကြသည်။

ဓော်ဗလက ညကလပ်ကပွဲများရှိသော ရွှေလီဟိုတယ်ကြီးတစ်ခု မှာ ညှော့်ခံသည်။

ဓော်မိုင်၊ ထက်နိုင်နှင့် အိုက်မောင်တို့က သောက်ရုံသာ သောက် သော်လည်း ဓော်ဗလကတော့ တရုတ်မ ဖြူဖြူချောချောလေးများနှင့် တွဲ၍ အပြတ်ကသည်။

ဓော်ဗလကနေသည်ကိုကြည့်ရင်း ထက်နိုင်က…

"အံ့သြစရာကောင်းတာတစ်ခုကတော့ တို့လေးယောက်စလုံး တစ်ယောက်မှ မိန်းမ မရသေးတာပဲကွာ"

ဓော်မိုင်က ပြုံး၍…

"အေး… မင်းတို့က ဘာဖြစ်လို့ မယူသေးတာလဲ"

"အင်း… ငါကတော့ ဘယ်လိုပြောမလဲ၊ စောစောပိုင်းကတော့ ကြိုက်တာမတွေ့သေးလို့ပေါ့ကွာ၊ အခုတော့… ဟင်း… ဟင်း"

"ဘာလဲ ကြိုက်တာတွေ့နေပြီပေါ့"





"အေး… တွေ့တော့ တွေ့နေပြီကွ၊ မူဆယ်က ကျောင်းဆရာမ လေးပဲ… သိတာနှယ်တဲ့၊ ငါ့ဘက်ကတော့ သေချာပေါက်ပေါ့၊ ငါ့မဟေသီ လောင်းလျာအဖြစ် လျာထားပြီးပြီ"

"အိုက်မောင်ကကော"

"ငါက အဲလောက် အပင်ပန်းခံစရာမလိုတော့ဘူး ဓော်မိုင်၊ ဘုန်းကံချင်းက မတူဘူး၊ ငါက စီးပွားရေးအခြေအနေလေး ဒီထက်နိုင် အောင် စောင့်နေတာ၊ ယူစရာ ဒေဝီလောင်းလျာက အဆင်သင့်"

ထက်နိုင်ကရယ်၍…

"ဒီကောင်တွေ စီးပွားရေးအခြေအနေ ဒီထက်ကောင်းအောင် လုပ်နေတယ်ဆိုတာ ဘာလုပ်တာလဲ သိလား"

ဓော်မိုင်က ခေါင်းခါရင်း…

"ဟင့်အင်း မသိဘူး"

"မင်းစဉ်းစားကြည့်ကွာ၊ ဒီကောင်က မူးယစ်က ရဲအုပ်၊ သူ့ ကောင်မလေးက အကောက်ခွန်ကအရာရှိ၊ ၁၆၅ မိုင်စခန်းမှာ အတူတူ ဘာဝန်ကျတယ်၊ အဲဒီဂိတ်က ဖြတ်တဲ့ကားတွေ သေဖို့သာပြင်ပေတော့"

"ဟာ… ဟေ့ကောင် ပေါက်တတ်ကရတွေ မပြောနဲ့၊ ငါကော ဆွေဆွေကော အဲဒါမျိုး လုံးဝမလုပ်ဘူး"

ကြုံလျှင်ကြုံသလို ချွတ်နေကြသော သူငယ်ချင်းအုပ်စုထဲမှာ ဓော်မိုင် အရမ်းပျော်နေမိသည်။

သို့သော်လည်း သည်အကြောင်းပြောသောအခါ သူ့ရင်ထဲမှာ နင့်ခနဲ ခံစားလိုက်ရသည်။ အကယ်၍များ 'မင်းကော…' ဟု လှမ်းမေး



www.burmeseclassic.com

www.burmeseclassic.com



လျှင် သူဘယ်လို ပြောရမည်နည်း။

သူ့မျက်လုံးထဲတွင် ရင်ကိုဖိ၍ သေနတ်မှန်လဲကျသွားသော နှင်းဝတ်မှုံကို ဖြတ်ခနဲ မြင်ယောင်သည်။

ထို့ကြောင့် သူ့ဆီ မျှားဦးလှည့်မလာစေရန် သူက အရင်မေးလိုက်သည်။

''ဇော်ဗလကော''

ထက်နိုင်က ရယ်ပြီး…

''ဒီကောင်ကတော့ မိန်းမတောင် ယူမယ်မထင်ပါဘူးကွာ ဒီလောက်ချမ်းသာပြီး၊ ဒါမျိုးတွေ အပြတ်ကဲနေတဲ့ဥစ္စာ။ ဒါပေမယ့် ပြောလို့တော့ မရဘူး''

''ဘာဖြစ်လို့လဲ''

''ငါကြားနေတဲ့ သီတာနွယ်သူငယ်ချင်း ဒေါက်တာဝင်းရွှေရည်ဆိုတဲ့ ဆရာဝန်မလေးကိုတော့ ဒီကောင် အသေစွဲနေပုံရတယ်၊ အရှင်းကာရောကို ကြိုးစားနေတယ်''

''ပြေလည်နေပြီပေါ့''

''ပြေတော့ မပြေလည်သေးပါဘူး၊ ဟိုကောင်မလေးက သူတို့ ခင်ခင်မင်မင် ဆက်ဆံရုံအဆင့်ပဲ ရှိသေးတယ်၊ ကြည့်ရတာ ဟိုကောင်မလေးကလဲ ဆရာဝန်ဆိုတော့ သူ့သောက်ကျင့်သိပြီး၊ အေအိုင်ဒီအက်စ် ပါလာမှာစိုးလို့ လက်မခံရဲတာ ဖြစ်နေမှာပေါ့''

''ဟော့ကောင်တွေ ငါ့အတင်းမပြောနဲ့နော်၊ ငါက ကနေပေမယ့် မင်းတို့ဘက် နားစွင့်ထားတာ''





ဇော်ဗလက ဒီလောက်ရှုပ်နေသော ဒစ်စကိုဒန့်စ်အကကို ကနေရင်းကနေ လှမ်းအော်ပြောသည် အာဂကောင်။

ထိုညက အတော်ညဥ့်နက်မှ ရွှေလီက ပြန်လာခဲ့၏။

✤ ✤ ✤



www.burmeseclassic.com

www.burmeseclassic.com

၄။

နောက်နေ့မနက်ခင်းတွင် အိုက်မောင်က 'သူ့မူးယစ်တပ်ဖွဲ့မှ ဟိုင်းလတ်နှင့် သူတို့အိမ်ရှေ့သို့ ရောက်လာသည်။

အမှန်တော့ သူတို့ 'နတလ' တာဝန်ဖြင့်လာသော ဝန်ထမ်းများအတွက် သီးခြားအိမ်တစ်လုံးစီ ပေးပါသည်။

သို့သော် အိမ်ကကျယ်ပြီး၊ လူတစ်ယောက်တည်းစီ ခွဲနေမည့်အစား၊ အတူတူပေါင်းနေကြမည်ဟု အကြံပြုသော ထက်နိုင်စကားကို ဇော်မိုင် သဘောကျပြီး၊ တစ်အိမ်တည်း နှစ်ယောက်နေလိုက်ကြခြင်း ဖြစ်



သည်။

သည်မှာကျတော့ ထက်နိုင်၏ တပည့်လေးတစ်ယောက်လည်း ရှိနေသည်မို့ ချက်ပြုတ်စားသောက်ရတာ ပိုလွယ်ကူသည်။

အိုက်မောင်ကတော့ သူ့မူးယစ်တပ်ဖွဲ့နှင့်သူ အတူတူနေသည်။

အိုက်မောင်ရောက်လာတော့ ထက်နိုင်နှင့်ဇော်မိုင်တို့နှစ်ယောက်က အိမ်ရှေ့ဝရံတာ ဆက်တီထိုင်ခုံလေးတွေမှာ ကော်ဖီသောက် မုန့်စားနေချိန် ဖြစ်သည်။

ကားပေါ်မှာ အကောက်ခွန်အရာရှိ ယူနီဖေါင်းဝတ် မိန်းကလေးတစ်ယောက်ပါ ပါလာသဖြင့်...

"အေပေးအိုက်မောင်၊ အဲဒါ မင်းကို လာကြွားတာကွ"

ထက်နိုင်က ရသည့်အချိန်လေးလုပြီး၊ သူငယ်ချင်းအချင်းချင်း အတင်းချလိုက်သေးသည်။

အိုက်မောင်ကတော့ ဘာမှမသိ၊ ပြုံးဖြဲဖြဲမျက်နှာကြီးနှင့် ကားပေါ်ကဆင်းလာပြီး...

"လာလေ... ဆွေဆွေ...၊ ဒီမှာ သူငယ်ချင်းတစ်ယောက်နဲ့ မိတ်ဆက်ပေးမလို့"

ဆွေဆွေက ကားပေါ်မှဆင်းလာသည်။

အိုက်မောင်က အိမ်ထဲဝင်မလာသေး၊ ဆွေဆွေကို စောင့်သေးသည်။ ပြီးမှ နှစ်ယောက်တွဲ၍ ဝင်လာ၏။

ဆွေဆွေကလည်း အိုက်မောင်လက်မောင်းကို တွဲထားသည်။

"ဟဲဟဲ..."



www.burmeseclassic.com

www.burmeseclassic.com



အိုက်မောင်အမူအရာက ဘယ်လိုမှ မျက်နှာပိုးသပ်၍မရ သိ
သိသာလွန်းသည်။ အဝေးကတည်းက တဟဲဟဲလုပ်လာ၏။

ထက်နိုင်ကရယ်ပြီး...

"အေးပါကွာ၊ အေးပါ၊ မင်းက လုပ်ပြနိုင်တဲ့သူဆိုတော့လဲ ငါတို့က အားကျရုံကလွဲလို့ ဘာမှ မတတ်နိုင်ဘူးပေါ့"

"ဟဲဟဲ... ဒါမျိုးက ရေးစွန်းရေးကံရှိမှ ဖြစ်တာကွ၊ တွေ့တယ် မဟုတ်လား၊ တို့နှစ်ယောက် ဘယ်လောက်ကြက်သရေရှိလဲ"

"တော်စမ်းပါ... ဘာတွေလျှောက်ပြောမှန်းမသိဘူး"

ဆွေဆွေက ရှက်စနိုးနှင့် အိုက်မောင်လက်မောင်းကို မနာအောင် ရိုက်သည်။

"ဒါ... ကိုယ့်သူငယ်ချင်း ဇော်မိုင်တဲ့၊ ထက်နိုင်လိုပဲ နတလ တာဝန်နဲ့ မူဆယ်ကို မနေ့ကပဲရောက်လာတာ၊ စိုက်ပျိုးရေးအရာရှိ ဇော်မိုင်၊ ဒါ ကိုယ့်မဟေသီ ဒေဗီထိပ်ခေါင် အလောင်းအလျာ ခုလောလောဆယ်တော့ ချစ်သက်စုနှင်း လှများမင်း ဆွေဆွေတဲ့၊ အရမ်းလှတယ် မဟုတ်လား"

"ကိုအိုက်နော် စွတ်ပေါမနေနဲ့၊ ကိုယ့်အသက်နဲ့ ကိုယ့်ရာထူးလဲ ကြည့်ဦး၊ ဟုတ်ကဲ့... တွေ့ရတာ ဝမ်းသာပါတယ် ကိုဇော်မိုင်၊ ကိုအိုက်က ကိုဇော်မိုင်တို့ အကြောင်းတွေကို အမြဲပြောပြပါတယ်"

"ဟုတ်ကဲ့...ကျွန်တော်လဲ ဝမ်းသာပါတယ် ဆွေဆွေ၊ ကျွန်တော်တို့ သူငယ်ချင်းတွေနဲ့တော့ ဘာမှမပူပါနဲ့၊ ငယ်သူငယ်ချင်းတွေဆိုတော့ အရွယ်လဲမရှိဘူး၊ ရာထူးလဲမရှိဘူး၊ ဒီလိုပဲ သူပေါ်ကိုယ်ပေါ်ပါပဲ"





"အေးကွာ၊ ဇော်မိုင်ရာ ပြောပြလိုက်စမ်းပါ"

"အင်း...မိုင်းယုစခန်းမှာ အစစ်ခံရမယ့်ကားတွေတော့ သက်သာမှာမဟုတ်ဘူး"

ထက်နိုင်က ညည်းသလိုလို ဘာလိုလိုနှင့် နောက်သည်။ ဆွေဆွေ မျက်နှာလေး နီရဲသွားပြီး...

"ဗိုလ်ကြီးနော်... ပေါက်တက်ကရတွေ လျှောက်မပြောနဲ့၊ တော်ကြာ သူများတွေက အဟုတ်မှတ်ကုန်မယ်"

"မဟုတ်ပါဘူး ခင်ဗျားတို့အတွဲက ရာဇဝင်မှာစံထားလောက်တဲ့ အတွဲမို့ပါ၊ ကတ်စတာန်နဲ့ရဲ ပူးပေါင်းပြီး အိမ်ယာထူထောင်ကြရင်တော့"

"ဘာဖြစ်လဲ"

"အော်... လူဆိုးတွေ ထွက်ပြေးလွတ်မြောက်စရာအကြောင်း မရှိတော့ဘူးလို့ ပြောတာပါ"

"ငါဝင်လာတာက တခြားကြောင့်မဟုတ်ဘူးထက်နိုင်၊ မနက်ဖန် ကျရင်၊ တို့အဖွဲ့တွေစုပြီး ဇော်မိုင်ကိုလိုက်ပို့ရင်း လျှောက်လည်မလို့၊ မနက်ကပဲ ငါနဲ့ဇော်ဗလ ဖုန်းဆက်တိုင်ပင်ထားတယ်။ အဲဒါ မင်းကောင်မလေး သီတာနွယ်ကိုလဲ ရအောင်ခေါ်၊ ငါလဲ ဆွေဆွေခေါ်ခဲ့မယ်၊ ဇော်ဗလ ကလဲ သီတာနွယ်ကတစ်ဆင့် ဒေါက်တာဝင်းရွှေရည်ကို အပါခေါ်ပေးပါတဲ့ အလေးအနက်မှာလိုက်တယ်"

"ဟာ... ငါက သီတာနွယ်ကိုတောင် မနည်းပါအောင်ခေါ်ရမှာ၊ သူ့ဆရာဝန်မ ငါကဘယ်လိုလုပ် အပါခေါ်လို့ရမလဲကွာ.. စဉ်းစားလဲ ပြောပါဦး"



www.burmeseclassic.com

www.burmeseclassic.com



"ဟောကောင် မင်းအပိုတွေပြောမနေနဲ့ မင်းအဲလောက် အဖြစ်မှန်း ငါသိတယ်၊ အဲဒီအတွက် သီတာနွယ်ကိုခေါ်ဖို့ ဆွေဆွေအကူအညီ လိုလားလို့ မင်းကိုမေးတာ၊ အကူအညီလိုရင် ဆွေဆွေပါ ဝိုင်းပြောပေးမှာပေါ့"

ထက်နိုင်ကရယ်ပြီး…

"အမယ် မယ်… မင်းက ငါ့ကို သိက္ခာချတာပေါ့လေ၊ မလိုဘူးဟောကောင်၊ ငါ့သီတာနွယ်ကို ငါကိုယ်တိုင် ရအောင်ခေါ်မယ်၊ ဝင်းရွှေရည်သာ ငါ့အာမ မခံနိုင်တာ"

"မလုပ်ပါနဲ့ ထက်နိုင်ရာ၊ သီတာနွယ်ပါရင်၊ ဝင်းရွှေရည်ကို သီတာနွယ်ကဆင့် ရအောင်ခေါ်လို့ရတယ်ဆိုတာ ငါသိပါတယ်၊ လုပ်ပေးလိုက်စမ်းပါ၊ ဟိုကောင်ကြီးက သူကိုယ်တိုင်ခေါ်ရင် မလိုက်မှာစိုးလို့ဆိုပြီး မင်းကို အကူအညီတောင်းတာ"

"အေးပါ… ရပါတယ်၊ တော်ကြာကျရင်၊ ငါနဲ့ ဇော်မိုင် သီတာဆီသွားလိုက်မှာပါ။ ငါ့သိက္ခာသမာဓိကို ယုံကြည်မှုနဲ့ သူတို့နှစ်ယောက်စလုံးလဲ လိုက်မှာပါ၊ ငါက ဇော်ဗလလို ဝိသမလောဘစီးပွားရေးသမားမှ မဟုတ်တာ"

"အေးပါ အေးပါ… ဟိုကောင်ကြားရင် ဆဲအောင်ပြောပါ ဒါဆို ငါသွားမယ်"

"အေး"

ထက်နိုင်နှင့် ဇော်မိုင်တို့ ပြိုင်တူခေါင်းညိတ်လိုက်သည်။

"သွားမယ်နော်"





ဆွေဆွေကလည်း နှုတ်ဆက်သည်။

ထိုနောက်နှစ်ယောက်သား အလာတုန်းကလိုပင် လက်ချင်းချိတ်၍ ကားပေါ်ပြန်တက်သွားကြသည်။

ကားပေါ်ရောက်မှ အိုက်မောင်ကလှမ်း၍

"ဟောကောင်ထက်နိုင်… ငါတို့ရဲ့ ပူပူနွေးနွေး ဧည့်သည်တော် အလွမ်းမင်းသားကြီးအတွက်လဲ တစ်ခုခု စီစဉ်ပေးဦးလေကွာ၊ နို့မို့ မှဆယ် ခွာမပျော်ပဲ ပြန်ပြေးသွားရင် ဘယ့်နှယ်လုပ်မလဲ"

ထက်နိုင်ကရယ်၍…

"မပူပါနဲ့ အိုက်မောင်ရာ၊ ငါ့သူငယ်ချင်းက စိုက်ပျိုးရေးအရာရှိ ပါ၊ တစ်ပင်လဲရင် တစ်ပင်ထူတတ်ပါတယ်၊ မကြာခင် မင်းစံချိန်မီလာမှာပါ၊ ခင်းဟာမင်းသာ စိတ်ဖြောင့်ဖြောင့်သွား"

ညက ရွှေလီတွင်အရက်သောက်ရင်း ဇော်မိုင်အကြောင်း ထက်နိုင်ကပြောပြသဖြင့် အိုက်မောင်လည်း သိနေပြီဖြစ်သည်။

"အေး အေး… ဒါဆိုသွားပြီ"

အိုက်မောင်နှင့် ဆွေဆွေက လက်ပြနှုတ်ဆက်ပြီး ထွက်သွားသည်။

သူက မချိပြုံးလေးပြန်ပြုံးပြီး၊ လက်ပြလိုက်၏။

* * *



www.burmeseclassic.com

www.burmeseclassic.com



''သီတာနဲ့ ဝင်းရွှေရည်က ငါတို့လိုပဲ နှစ်ယောက်ပေါင်းပြီး တစ်ခန်းအတူတူနေကြတာ ဇော်မိုင်… တစ်ယောက်ကကျောင်းဆရာမ၊ တစ်ယောက်က ဆေးဆရာမ။ အလုပ်ချင်းမတူပေမယ့် တစ်ရပ်တစ်ကျေးက လာအလုပ်လုပ်ရတာဆိုတော့ ပေါင်းနေလိုက်တာ စရိတ်လဲ အတိုက် အလျော့က်သက်သာတယ်၊ လုံခြုံမှုလဲ ပိုရှိတာပေါ့ကွာ။ အဖော်ရှိနေတာ ကိုး''

ထက်နိုင်က သူ့ပင် ကားလေးကိုမောင်းရင်း မလိုအပ်ပဲ အကျိုး အကြောင်းတွေ ရှင်းပြနေသည်။

ဇော်မိုင်က အသာငြိမ်၍ နားထောင်နေလိုက်သည်။ အရွတ် အနောက် စကားပင်မပြော။ သူ ကိုယ်ချင်းစာပါသည်။ လောကမှာ ဘယ်သူဘယ်ဝါ၊ ဘယ်ရာထူး၊ ဘယ်လိုလူမျိုးပဲဖြစ်ဖြစ်၊ တစ်ခြားစိတ်နေ သဘောထားတွေသာ ကွာခြားချင်ကွာခြားမည်။ ကိုယ့်ချစ်သူ ဒါမှမဟုတ် ကိုယ်ချစ်နေသူ အကြောင်းပြောနေရလျှင် စိတ်ချမ်းသာနေတာချင်းကတော့ မတူညီစရာမရှိ။

သူ့မှာသာ…

သူ့မှာသာ… ကြေကွဲဆွေးမြေ့ရသော ခံစားမှုကြီးကို ရင်ဝယ် အမြဲပိုက်၍ နေလာခဲ့ရသည်မှာ နှစ်ပေါင်းများစွာကြာခဲ့ပြီဖြစ်၏။

ဘယ်လိုမှလည်းမေ့ပစ်၊ ဖျောက်ပစ်လို့မရသည့် ခံစားမှု၊





''မင်းလဲ… စောစောက ငါ့အိုက်မောင်ကို နောက်သလိုပဲ တစ်ပင်လဲပြီး တစ်ပင်ထူဖို့ မစဉ်းစားဘူးလား ဇော်မိုင်ရာ၊ မင်းကြည့်ရတာ ငါတို့နဲ့ နောက်ပြောင်နေတဲ့အချိန်ဆို ပျော်သလိုလိုဖြစ်နေပေမယ့်၊ နည်းနည်း လေး လစ်တာနဲ့ ငိုင်ငိုင်သွားတာပဲ''

''ငါ အဲဒီကိစ္စတွေ စိတ်ဝင်စားလို့ မရတော့ပါဘူး ထက်နိုင်ရာ၊ ငါ့ဘဝကို ငါ့အလုပ်ထဲမှာပဲ မြှုပ်နှံထားခဲ့တာလဲ အတော်လေး အသားကျ နေပါပြီ။ ခုတောင် မင်းတို့ကိစ္စလေးတွေလဲ ရှိနေလို့၊ ဟိုဟိုဒီဒီ လျှောက် လည်မယ့်ကိစ္စတွေမှာ ကန့်လန့်ကန့်လန့် ပါနေတာ၊ ငါ့သဘောဆို… ဘယ်မှ လျှောက်မလည်ပဲ၊ အလုပ်သာ ဖိလုပ်ချင်တာပဲ''

''လည်တယ်ဆိုပေမယ့်၊ လည်ရုံသက်သက်လဲမဟုတ်ပါဘူး ဇော်မိုင်ရာ… ငါတို့မှာလဲ ငါတို့တာဝန်တွေနဲ့ ငါတို့ ဘယ်သူမှ မအား ကြပါဘူး။ နည်းနည်းလေး အလုပ်လေးပါးနေတာရယ်၊ မင်းကိုလဲ ဒီပတ် ဝန်းကျင်ရဲ့ ပြောင်းလဲနေတဲ့ အနေအထားတွေရယ်၊ တစ်ဘက်နိုင်ငံရဲ့ အခြေအနေကိုလေ့လာပြီး ကိုယ်နိုင်ငံ ကိုယ့်အလုပ်နဲ့ နှိုင်းယှဉ် ကြိုးစား နိုင်အောင်ရယ်၊ စုပေါင်းပြီး သွားလာလည်ပတ် လေ့လာကြတာပါ… ဒီကြား ထဲမှာ ကိုယ့်ကိုယ်ရေးကိုယ်တာ ကိစ္စလေးတွေလဲ၊ ခရီးသွား ဟန်လွှဲ လုပ်ခွင့်ရတာပေါ့''

''အေးပါ… ငါလဲ သဘောပြောတာပါ၊ ဒီပတ်ဝန်းကျင်တစ်ခွင် ကိုတော့ စုံအောင်ရောက်ဖူးချင်ပါတယ်''

ပြောရင်းဆိုရင်း ဆိုသလိုပင်၊ စကားတပြောပြောသွားရင်း၊ သူတို့ ကားလေးက ဝင်းခြံအနေတော်လေးရှိသော တစ်ထပ်တိုက်ပုလေး တစ်လုံး



www.burmeseclassic.com

www.burmeseclassic.com



ရှေ့ ရောက်သွားသည်။

"အဲဒါ သူတို့နှစ်ယောက် စပ်ငှားထားတဲ့ အိမ်ကလေးပဲ၊ လာ ဆင်းရအောင်"

သူတို့နှစ်ယောက် ဆင်းသွားချိန်မှာ သီတာနွယ်ဆိုသော ဆရာ လေးက ဆီးကြိုနှုတ်ဆက်သည်။

ထက်နိုင်က ဇော်မိုင်နှင့်မိတ်ဆက်ပေးပြီး၊ ညှိခန်း၌ထိုင်ကာ နောက်နေ့ကိစ္စအတွက် အကျိုးအကြောင်းပြောသည်။

ဇော်မိုင်ကတော့ ထက်နိုင်နှင့်ဇော်ဗလ သူငယ်ချင်းနှစ်ယောက် စလုံး သူတို့လိုအင်ဆန္ဒတွေပြည့်ဝပါစေဟု စိတ်ထဲကနေ ဆုတောင်းပေး လိုက်၏။

✤ ✤ ✤



"အင်းလေး မနက်ဖန်ကတော့ ကျောင်းပိတ်တဲ့ရက်ပဲ၊ သီတာ ...င်းရွှေရည်နဲ့ တိုင်ပင်ကြည့်လိုက်မယ်၊ ဝင်းရွှေရည်က လိုက်မယ်ဆိုတော့လဲ ...ိုက်ခဲ့တာပေါ့"

"ဟာ... ဝင်းရွှေရည်နဲ့ တိုင်ပင်ဖို့မဟုတ်ပါဘူး၊ မသီတာရ၊ ...င်းရွှေရည်ကိုပါ အပါခေါ်ပြီးလိုက်ခဲ့ပါ"

"အင်းပါ... လိုက်ဖြစ်ရင်တော့ ဝင်းရွှေရည်မပါလို့တော့ ဘယ် ...ဖြစ်မလဲ၊ ဟိုကျရင် ခွေခွေကလဲ သူ့ ကိုအိုက်မောင်ကြီးနဲ့ သူတွဲနေမှာ၊

www.burmeseclassic.com

www.burmeseclassic.com



သီတာက အဖော်မပါလို့တော့ ဘယ်ရမလဲ၊ လိုက်ရင် နှစ်ယောက်လိုက်မှ''

''ဟာ... အဲလိုတော့မဟုတ်ပါဘူး၊ ဆွေဆွေက အိုက်မောင်နဲ့ တွဲနေလဲ မသီတာနားမှာ ကျွန်တော်တစ်ယောက်လုံးရှိမှာပဲဟာ''

''အဲဒါကြောက်လို့ တမင်အဖော်ပါမှ ဖြစ်မယ်လို့ပြောတာပေါ့ ဗိုလ်ကြီးရဲ့၊ အဲ... ကိုထက်နိုင်ရဲ့၊ အဲဒီ ကျွန်တော်တစ်ယောက်လုံးကို ပိုကြောက်တာ၊ ဒီပြင်လူ ဘယ်သူ့မှ သီတာမကြောက်ဘူး''

''ဟားဟား မသီတာကလုပ်တော့မယ်ဗျာ''

''အလကားပြောတာပါ၊ သီတာကနောက်တာပါ၊ ကိုထက်နိုင်တို့ ခဏလေးတော့စောင့်နော်၊ ဝင်းရွှေရည် ခုန အဝတ်အစားလဲနေတာ မပြီးသေးဘူး၊ သူထွက်လာမှ တစ်ခါတည်း အကြိုးအကြောင်း ပြောပြလိုက်မယ်''

သီတာနွယ်က ပြောရင်းနှင့် အတွင်းခန်းဘက်သို့လှည့်၍...

''ရွှေရည်ရေ မပြီးသေးဘူးလား''

''ပြီးပြီ...သီတာ ပြီးပြီ... လာပြီ လာပြီ''

အတွင်းခန်းမှ အသံနှင့်အတူ အခန်းဝရှိ ပန်းရောင် ပလပ်စတစ် အလုံးလေးများကို ကြိုးနှင့်သီထားသော ခန်းဆီးလေးလှပ်သွားပြီး အတွင်းမှ ဝင်းရွှေရည်ထွက်လာသည်။

ခန်းဆီးကိုဖယ်၍ ခေါင်းငုံ့ထွက်လာသည်မို့ ရုတ်တရက် ဝင်းရွှေရည်မျက်နှာကို မမြင်ရသေး။

အပြင်လွတ်လွတ်ကျွတ်ကျွတ်ရောက်မှ ဝင်းရွှေရည်က ခေါင်းမော့ပြီး ဧည့်ခန်းထဲလှမ်းကြည့်သည်။





အမှတ်မထင် လှမ်းကြည့်လိုက်သော ဇော်မိုင်နှင့် တည့်တည့်တန်းတိုး၏။

''ဟင်...''

''အို...''

ဇော်မိုင်တစ်ကိုယ်လုံး သွက်သွက်ခါသွားအောင် တုန်လှုပ် ခြောက်ခြားသွားသည်။

ကိုယ့်မျက်လုံးကိုယ် မယုံနိုင်သည့်အကြည့်ဖြင့် တအံ့တသြ ကြည့်ရင်း လူကလည်း အရုပ်လိုမတ်တပ်ရပ်ပြီးသား ဖြစ်သွားသည်။

''ဝတ်မှုံ... မင်း... နန်း... နန်းဝတ်မှုံ မဟုတ်လား''

ဝင်းရွှေရည်က စောစောက အကြည့်ဆုံဆုံချင်းကတော့ အထိတ်တလန့်နှင့် အံ့သြသွားပုံရသော်လည်း အမူအယာက ခဏလေးအတွင်းမှာပင် ပြောင်းလဲသွားသည်။

ယောင်ယောင်လေးတင်းမာသည့် မျက်နှာထားဘက်သို့ ရွေ့သွားရင်း...

''ကျွန်မ ဒေါက်တာဝင်းရွှေရည်ပါ၊ သီတာ... သူကဘယ်သူလဲ၊ မင်းဧည့်သည်လား''

ဝင်းရွှေရည်ပြောနေစဉ်၊ ဇော်မိုင်က လုံးဝမယုံနိုင်အောင် အံ့သြနေပုံမျိုးဖြင့် ဝင်းရွှေရည်ကို မျက်မှောင်ကုတ်ပြီး ကြည့်နေမိသည်။

သီတာနွယ်ကလည်း ဇော်မိုင်အမူအယာကို တအံ့တသြ ကြည့်နေ၏။

အခြေအနေကို ထက်နိုင်က ဝင်ထိန်းလိုက်သည်။



www.burmeseclassic.com

www.burmeseclassic.com



"ဇော်မိုင်... ဒါ ဒေါက်တာဝင်းရွှေရည်ပါ၊ မသီတာသူငယ်ချင်း မူဆယ်ဆေးရုံမှာ တာဝန်ကျတာ၊ မင်း... မင်းဘာဖြစ်လို့လဲ"

"ကျွန်တော်... တောင်းပန်ပါတယ် ဒေါက်တာ၊ ကျွန်တော့် အမူအယာသိပ်ရိုင်းသွားရင် ခွင့်လွှတ်ပါ၊ ဟို... မသီတာနှယ်နဲ့ ထက်နိုင်တို့ကိုလဲ တောင်းပန်ပါတယ်။ ဒါပေမယ့် ကျွန်တော့်စိတ်ထဲမှ ဒေါက်တာဝင်းရွှေရည်ဟာ နန်းဝတ်မှုံပဲလို့ ထင်နေမိတယ်"

"ကျွန်မ အဲဒီနာမည်ကို မသိပါဘူး"

"ကျွန်တော်မယုံဘူးဗျာ... ဒေါက်တာဟာ နန်းဝတ်မှုံမှ နန်းဝတ်မှုံပါ၊ ဒါပေမယ့် ထားလိုက်ပါတော့လေ၊ ဒေါက်တာဝင်းရွှေရည်ဆိုတော့လဲ ဒေါက်တာဝင်းရွှေရည်ပဲပေါ့ ဟင်း..."

ဇော်မိုင်က သက်ပြင်းနှင့်အတူ ပြန်ထိုင်လိုက်သည်။

သီတာနှယ်က အခြေအနေကို ထိန်းသည့်အနေဖြင့်...

"ရွှေရည် ဒါ ကိုထက်နိုင်သူငယ်ချင်း ကိုဇော်မိုင်ပါ၊ န.တ.လ မှာ စိုက်ပျိုးရေးအရာရှိနဲ့ မနေ့ကပြောင်းလာတာ... တဲ့"

"အော်"

ဒေါက်တာဝင်းရွှေရည်က ဒါပဲပြောသည်။

ဇော်မိုင် ငြိမ်နေချိန်မှာ သီတာနှယ်နှင့် ထက်နိုင်တို့က မနက်ဖြန် လျှောက်သွားမည့်ကိစ္စကို လိုရင်းချုပ်၍ ပြောလိုက်သည်။

ဒေါက်တာဝင်းရွှေရည်က ရယ်ပြီး...

"အင်း သီတာတို့ ဗိုလ်ကြီးတို့ကခေါ်ရင် ရွှေရည်ခါတိုင်း ဘယ်မှာငြင်းခဲ့လို့လဲ။ ဒါပေမယ့် ခုအခြေအနေမျိုးနဲ့ ရွှေရည်လိုက်လို့ဖြစ်ပါ့





မလား"

သူ့ကိုရည်ရွယ်ပြောလိုက်ကြောင်း ဇော်မိုင်သိသည်။

သို့အတွက် ချက်ချင်းပင်ဝင်၍...

"ကျွန်တော်အတွက် ဘာမှမစိုးရိမ်ပါနဲ့ ဒေါက်တာ...။ ကျွန်တော် သိပ်အံ့သြလွန်းလို့၊ ဘယ်လိုမှ အိန္ဒြေမဆည်နိုင်အောင် ဖြစ်သွားမိတာပါ၊ ကျွန်တော့်ကြောင့် ဒေါက်တာမှာ အနှောင့်အယှက်မဖြစ်စေရပါဘူး စိတ်ချပါ"

"ဟုတ်ပါတယ် မရွှေရည်၊ မရွှေရည်မလိုက်ပဲနဲ့တော့ မနေပါနဲ့၊ ဇော်ဗလကလဲ မရွှေရည်ကို မရရအောင်ခေါ်ခဲ့ဖို့ မှာလိုက်လို့"

ဒေါက်တာဝင်းရွှေရည်က ရယ်၍...

"အော်... ကိုဇော်ဗလလဲ ပါမှာလား"

"ပါမှာပေါ့ မရွှေရည်... သူ့ကားနဲ့ပဲ သွားကြမှာပဲ"

"ကိုဇော်ဗလပါမယ်ဆိုရင်တော့ ရွှေရည်လိုက်ခဲ့ပါမယ်၊ ကိုဇော်မိုင်လဲ စိတ်ချပါလို့ အာမခံထားပြီးပြီပဲ"

ဇော်မိုင်က တောင်းပန်သည့်အမူအရာ လက်နှစ်ဘက်မြှောက်၍

"ကျွန်တော်အာမခံပါတယ် ဒေါက်တာ၊ ပြီးတော့ တောင်းလဲ ထပ်တောင်းပန်ပါတယ်"

ဒေါက်တာဝင်းရွှေရည်က ရယ်၍...

"ရပါတယ်ကိစ္စမရှိပါဘူး၊ လောကမှာ လူတူမရှား၊ နံမည်တူမရှား ဆိုတာရှိတတ်တာပဲ။ ကိုဇော်မိုင်စိတ်ထဲမှာ ယုံလိုက်ပါ၊ ဒေါက်တာဝင်းရွှေရည်ဟာ ဘယ်လိုနည်းနဲ့မှ နန်းဝတ်မှုံမဖြစ်ပါဘူး"



www.burmeseclassic.com

www.burmeseclassic.com



ဒေါက်တာဝင်းရွှေရည်၏ အရယ်အနောက်၊ ဇော်မိုင်၏ အတောင်းအပန်တို့ကြောင့် စကားဝိုင်းလေးက ပြန်ပြေပြစ်သွားသည်။

ထက်နိုင်ကလည်း ပါးသည်။ အခြေအနေကောင်းလေးရတုန်းနောက်ထပ်ဘာမှ အမှားအယွင်းမခံတော့၊

ခဏတစ်ဖြုတ်သာ ဆက်စကားပြောပြီး နှုတ်ဆက်၍ ပြန်လာခဲ့ကြ၏။

✤ ✤ ✤



၆။

"ဘယ်လိုဖြစ်တာလဲ ဇော်မိုင်၊ ငါနားလည်အောင်ပြောပြပါဦး"

ဒေါက်တာဝင်းရွှေရည်နှင့် သီတာနွယ်တို့အိမ်မှ ပြန်ထွက်ခဲ့၍ကားပေါ်တက် မောင်းထွက်ထွက်ချင်း ထက်နိုင်ကမေးသည်။

ဇော်မိုင်ကခေါင်းခါရင်း…

"ငါလဲမပြောတတ်တော့ဘူးထက်နိုင်၊ မုံးကိုးမှာတုန်းက နှင်းပတ်မှုဟာ အာဘပစ်လိုက်တဲ့ သေနတ်ကျည်ထိပြီး လဲကျသွားတာလဲ ငါမျက်မြင်ပဲ၊ အခု ဒေါက်တာဝင်းရွှေရည်ဆိုပြီး တွေ့လိုက်ရတဲ့ အမျိုးသမီးကလဲ

www.burmeseclassic.com

www.burmeseclassic.com



ငါ့ မျက်စိထဲမှာတော့ နန်းဝတ်မှုံမှ နန်းဝတ်မှုံပဲ”

“အဲလောက်တောင် တူသလား”

“တူတာမဟုတ်ဘူးထက်နိုင်… တူတယ်ဆိုတာက တူတယ်လို့ ပြောလို့ရရုံအခွင့်ပဲရှိတာ… မင်းလဲ လူတူတွေ အမွှာတွေ တွေ့ဖူးနေတာပဲ၊ တူတာက တူတာပဲ တစ်ယောက်တည်းလို့ ထင်စရာကိုမရှိဘူး”

“ခုဟာက တစ်ယောက်တည်းလို့ တင်ရအောင်ကို ချွတ်စွပ် ဖြစ်နေတာပေါ့”

“အဲလောက်တောင်မကဘူး ငါ့စိတ်ထဲမှာ နန်းဝတ်မှုံကို ပြန်တွေ့ ရတယ်မှတ်ပြီး လန့်ဖြန့်ထရပ်လိုက်တာ”

“ဘာလဲ မင်းက သူ့ရဲ့ခြောက်တယ်ထင်လို့လား”

“ငါ့စိတ်ထဲမှာ နန်းဝတ်မှုံ ကိုယ်ထင်ပြလိုက်တယ်လို့ပဲ ယူဆမိ တယ်ကွာ”

“အခုတော့ ဒေါက်တာဝင်းရွှေရည်ဟာ နန်းဝတ်မှုံမဟုတ်ဘူး ဆိုတာ ရှင်းသွားပြီးလား”

“ဒီတိုင်းတွေ့နေသမျှတော့ ငါ့စိတ်ထဲ၊ ဘယ်တော့မှ ရှင်းမှာ မဟုတ်ဘူးထက်နိုင်၊ မင်းနဲ့ သူတို့နဲ့ စတွေ့တာ ဘယ်လောက်ကြာပြီလဲ”

“အင်း ငါလားရှိုးမှာ တာဝန်ကျကတည်းကပဲ၊ ကြာပြီပေါ့၊ မရှိဘူးဆို နှစ်နှစ်လောက်တော့အနည်းဆုံးပဲ”

“အဲဒီ ဒေါက်တာဝင်းရွှေရည်အကြောင်းကိုကော မင်းဘယ် လောက်သိထားလဲ”

“ငါက သိတာနွယ်ကိုကြိုက်တာဆိုတော့၊ ဝင်းရွှေရည်အကြောင်း





ကို သိပ်မစပ်စုမိဘူးဇော်မိုင်။ သူ့မိဘ ဆွေမျိုးတွေရှိတာက ရန်ကုန်မှာ၊ အဲဒီကနေ ဒီကိုတာဝန်ကျလို့ တစ်ယောက်တည်း လာအလုပ် လုပ်နေတာပဲ၊ ဒီမှာ သိတာနွယ်နဲ့အတူတူ အိမ်တစ်လုံးပေါင်းငှားနေတယ်၊ မူဆယ်ပြည်သူ့ ဆေးရုံမှာ အလုပ်လုပ်တယ်။ နောက်… အချိန်ပိုင်းနဲ့ မူဆယ်က မြန်မာ့ အရှေ့ဖောင်ဒေးရှင်း ဆေးခန်းမှာ ထိုင်ဖို့လုပ်နေတယ်၊ ငါသိတာ လောက်ကတော့ ဒါပဲ”

“အေးလေ ငါလဲ နန်းဝတ်မှုံနဲ့ပတ်သက်လို့ အစွဲအလမ်းကြီးလွန်း ပြီး ထင်ယောင်ထင်မှားဖြစ်တာလဲ ဖြစ်နိုင်ပါတယ်၊ ထားလိုက်ပါတော့ကွာ၊ ဒေါက်တာဝင်းရွှေရည်ဆိုတော့လဲ ဒေါက်တာဝင်းရွှေရည်ပဲပေါ့”

“လုပ်မြန်ပြီ၊ ဒီစကားကို မရွှေရည်ရှေ့တုန်းကလဲ ပြောခဲ့သေး တယ်”

“ငါ့စိတ်ထဲ မကျေနပ်တာတော့ အမှန်ပဲထက်နိုင်၊ ဒါရုပ်ရှင် မဟုတ်ဘူး၊ ဝတ္ထုမဟုတ်ဘူး။ လူတစ်ယောက်နဲ့တစ်ယောက် ဒီလောက် တူရဘူး၊ အပြင်လောကမှာ လူတွေဟာ နှစ်ကိုယ်ခွဲလို့မရဘူး”

“မင်းပဲပြောတော့ မင်းနန်းဝတ်မှုံက မရှိတော့ဘူးဆို”

“အေး ငါနားလည်၊ထားခဲ့သလောက်ကတော့ နန်းဝတ်မှုံ မရှိ တော့ဘူး။ဒါပေမယ့်အခုကျတော့ နန်းဝတ်မှုံက ဒေါက်တာဝင်းရွှေရည်ဆိုတဲ့ နာမည်နဲ့ ငါ့ရှေ့မှာ ပြန်ရောက်နေပြီ၊ ငါဘယ်လိုလုပ်ရမလဲ”

ထက်နိုင်က ရယ်သည်။ ပြီးမှ…

“မင်းစိတ်တော့ မဆိုးနဲ့နော်၊ မင်းဆေးဖြတ်ပြီးတုန်းက ဦးနှောက် ဆွဲဘာတွေ ပြန်စစ်ဆေးခဲ့သေးလား”



www.burmeseclassic.com

www.burmeseclassic.com



"မပြောတတ်ဘူးကွာ၊ ဆေးရုံကတော့ ငါ့ကို လူကောင်းဖြစ်ပြီ ဆိုပြီး တက္ကသိုလ်ကျောင်းတော်င် ပြန်တက်ခွင့်ပေးလိုက်တာပဲ။ သူ့ဟာသူ အတွင်းထဲကြိတ်ပြီး ရူးနေရင်တော့ ငါလဲမသိဘူး"

ထက်နိုင်က ရယ်ပြန်သည်။

"မင်း ငါ့ကိုရွဲ့ပြောတာတော့ မဟုတ်ပါဘူးနော်"

"မရွဲ့ပါဘူးထက်နိုင်ရာ အစတုန်းကတော့ ငါလဲ ငါ့ကိုယ်ငါ လူကောင်းလို့ ထင်တာပဲ၊ အခုမနက်ကျမှ ငါ့ကိုယ်ငါ သိပ်မသေချာတော့ တာ"

"ဒါနဲ့... မင်းဆီမှာ နန်းဝတ်မှုံဓာတ်ပုံတွေဘာတွေ မရှိဘူးလား"

"ဘာလုပ်မလို့လဲ"

"မင်းပြောသလို တစ်ယောက်တည်းလို့ ထင်ရလောက်အောင် ဖြစ်နေတယ်ဆိုတာ သေချာချင်လို့ပါ"

"တောထဲကနေ ခွေးပြေးပြေးလာရတာ ဘာဓာတ်ပုံ ငါ့ဆီ ပါမလဲထက်နိုင်၊ သူနဲ့ပတ်သက်တာဆိုလို့ ငါ့မှာ တစ်ခုပဲရှိတယ်"

"ဘာလဲ"

"ငါ့ကိုယ်နဲ့မကွာ အမြဲရှိနေတဲ့၊ သူ့မိတ်ကပ်ပတ်ဖ်လေး၊ အဲဒါ တောင်၊ သူ့အဖေပစ်လိုက်တဲ့ ကျည်ဆံမှန်လို့ သွေးတွေထွက်တုန်းက စွန်းသွားခဲ့တယ်"

"အဲဒါဘယ်မလဲ"

"ဒီမှာ"

ဇော်မိုင်က သူ့အိတ်ထဲမှ မိတ်ကပ်ပတ်ဖ်လေး ထုတ်ပြလိုက်သည်။





ပလပ်စတစ်အထုပ်အိတ်လေးနှင့် သေချာထည့်ထားသော သွေးစွန်း မိတ်ကပ်ပတ်ဖ်လေး။

ထက်နိုင်ကယူကြည့်၍...

"မင်းလဲ တော်တော် အစွဲအလမ်းတော့ ကြီးတာပဲနော်"

"အဲလိုပြောရမှာပဲပေါ့ကွာ၊ ငါ့ဘဝမှာ သူဘယ်တော့မှ ပျောက် ဆုံးသွားမှာ မဟုတ်ဘူး၊ တစ်သက်လုံး ငါ့ရင်ထဲမှာ သူရှိနေမှာ"

စကားအဆုံးနှင့် သက်ပျင်းအချ တစ်ပြိုင်တည်းပြုလုပ်သည်။

ကားလေးက နတလရုံးထဲဝင်လာခဲ့၏။

* * *

"မင်း အဲဒီလူကို တကယ်မသိတာလား ရွှေရည်"

"ဘယ်သူ့ကို ပြောတာလဲသိတာ"



www.burmeseclassic.com

www.burmeseclassic.com



ထက်နိုင်နှင့် ဇော်မိုင်ပြန်ထွက်သွားလျှင် သွားချင်း သီတာနွယ်က ဝင်းရွှေရည်ကိုမေးသည်။

ဝင်းရွှေရည်က အူကြောင်ကြောင် ပြန်လုပ်နေသဖြင့် သီတာနွယ်က စိတ်မရှည်တော့ပဲ…

"မင်းကလဲ ကိုယ့်တောင် အကြောင်ရိုက်နေပြန်ပြီကွာ၊ ဘယ်သူ့ကို ပြောရမလဲ။ ဗိုလ်ကြီးထက်နိုင်နဲ့ ပါလာတဲ့ ကိုဇော်မိုင်ဆိုတဲ့လူကို ပြောတာပေါ့"

"ကိုယ်က ဘာဆိုင်လို့သိရမှာလဲ သီတာ‥ မင်းကပါကိုယ့်ကို မယုံသင်္ကာ ဖြစ်နေပြန်ပါပြီ"

"မယုံသင်္ကာဖြစ်တာတော့ မဟုတ်ပါဘူး၊ တစ်ခုခုအကြောင်းကြောင့် မင်းသူ့ကို မသိချင်ယောင်ဆောင်လိုက်တာလားလို့ပါ"

"မဆိုင်ပါဘူးကွာ၊ သူ့ကိုမသိချင်ယောင်ဆောင်စရာလဲမလိုဘူး၊ သိလဲမသိပါဘူး"

"အင်း… မင်းကမဟုတ်ဘူးဆိုတော့လဲ ကိုဇော်မိုင်ပြောသလို မဟုတ်ဘူးပဲပေါ့ကွာ။ ဒါပေမယ့် ကိုယ့်စိတ်ထဲမှာ တစ်မျိုးပဲ"

"ဖြစ်ရပြန်ပြီ… ကိုယ်က ဘယ်လိုမျိုးဖြစ်နေလို့လဲ"

"ကိုယ်သတိထားမိတာ တစ်ခုရှိတယ်နော်… အဲဒါက ဘာလဲဆိုတော့ သူကမင်းကို မြင်မြင်ချင်း အရမ်းအံ့သြတုန်လှုပ်သွားတဲ့အချိန်မှာ မင်းလဲ သူ့လိုပဲ အရမ်းခြောက်ခြားသွားတယ်၊ အဲဒါ မင်းကိုယ့်ကိုမညာနဲ့"

"မညာပါဘူး၊ ကိုယ်က အခန်းထဲကထွက်လာလာချင်း အဲမှတ်ဘမဲ့ သူ့ကိုလှမ်းကြည့်မိတယ်။သူက ပြူးပြူးပြဲပြဲနဲ့ အတိတ်တလန့် ထလာ





တော့ ကိုယ်လဲလန့်သွားတာပေါ့။ သူ့ကြည့်ရတာ စိတ္တဇဝေဒနာတွေ ဘာတွေရှိနေလားမှ မသိတာ"

"စိတ္တဇ ရှိမရှိတော့ မသိဘူး၊ ကိုယ်လဲကျောင်းဆရာမဆိုတော့ တပည့်တွေကိုအကဲခတ်ရင်း လူကဲခတ်ပညာတော်တော်လေးတော့ တတ်နေပါပြီ။ ကိုယ်မြင်တာ ပြောရမလား"

"အင်း ပြော…"

"ကိုယ်မြင်တာကို မြင်တဲ့အတိုင်းပြောရရင် ခုနကိစ္စမှာ ကိုဇော်မိုင်က တကယ်ခံစားပြီး ပြောနေတာ"

"ဒါဖြင့် ကိုယ်ကကော"

"မင်းကတော့ ဟန်ဆောင်နေတယ်လို့ ကိုယ်ထင်တယ်"

ဝင်းရွှေရည်က ရယ်၍…

"မင်းကလဲကွာ၊ အပိုင်ကြီးကို ကိုယ့်စွတ်စွဲနေတော့တာပဲ"

"စွတ်စွဲတာမဟုတ်ဘူး ရွှေရည် ကိုယ်တစ်ခုမေးမယ်"

"မေး…"

"သူပြောတဲ့ နန်းဝတ်မှူးဆိုတာ မင်း တကယ်မဟုတ်ဘူးလား"

"လုပ်ပြန်ပြီကွာ၊ ကိုယ်ကမင်းနဲ့ အကြာကြီးနေလာခဲ့တာ၊ ကိုယ့်နံမည် ဝင်းရွှေရည်ပဲ၊ ဘယ်လိုလုပ်ပြီး နန်းဝတ်မှူးဖြစ်ရမှာလဲ၊ နန်းဝတ်မှူးဆိုတာကော ဘယ်သူလဲ"

"အဲဒါတော့ ကိုယ်မသိဘူး၊ ဒါပေမယ့် မင်းနဲ့ ကိုယ်နဲ့တွေ့တာကြာပြီဆိုတာက နှစ်နှစ်သုံးနှစ်ပဲ ရှိပါသေးတယ်ကွာ၊ ကိုယ်မသိတဲ့ အတိတ်ဆောင်းတစ်ခုခုမှာ မင်း နန်းဝတ်မှူးဖြစ်ခဲ့ဖူးသလားလို့"



www.burmeseclassic.com

www.burmeseclassic.com



ဝင်းရွှေရည် မျက်နှာတည်သွားသည်။

"ကိုယ့်ကို အထင်မလွဲပါနဲ့ သီတာရာ၊ ကိုယ်ခေါက်တာ ဝင်းရွှေရည်ပါ၊ သူ့ကိုပြောသလိုပဲ ပြောပါရစေ၊ ခေါက်တာဝင်းရွှေရည်ဟာ နန်းဝတ်မှုံမဟုတ်ပါဘူး"

သီတာနွယ်က ဘာမှထပ်မပြောတော့။

ပင့်သက်တစ်ချက်သာ အသာခိုးရှိုက်လိုက်၏။

* * *

"သေချာရဲ့လား ထက်နိုင်ရာ၊ မင်းကလဲ ဝင်းရွှေရည်က ငါနဲ့ပတ်သက်လို့ အဲလောက် ပြေပြေလည်လည် တစ်ခါမှ ပြောသံမကြားပါဘူး"

"အေးလေ... အရင်တုန်းက မကြားဖူးပေမယ့် အခုကြားဖူးပြီ ငါ့လဲအံ့သြပြီး မင်းဆီဖုန်းဆက်ပြောတာပါ"





"ပြန်ပြောပါဦးကွာ၊ သူက ဘယ်လိုပြောလို့လဲ"

"သူပြောတဲ့အတိုင်း ငါအတိအကျ ပြန်ပြောပြမယ်၊ ဝင်းရွှေရည်ဟာ ဘာပြောတယ်မှတ်လဲ၊ 'ကိုဇော်ဗလ ပါမယ်ဆိုရင်တော့၊ ရွှေရည်လိုက်ခဲ့ပါ့မယ်...' တဲ့၊ အဲဒီစကားကို ဇော်မိုင်လဲကြားတယ်၊ မယုံရင်မေးကြည့်"

"ဟားဟား ဟုတ်ပြီထက်နိုင်၊ မင်းအဲလောက်ပြောမှတော့ မယုံစရာမရှိပါဘူး။ အိုကေ၊ ငါအရမ်းဝမ်းသာတယ်၊ အဲဒီဝမ်းသာခြင်းအတွက် ဒီညလဲ အစအဆုံး ငါတာဝန်ယူပြီး မင်းတို့ကိုပြုစုမယ်၊ မနေ့ကလိုပဲ ညနေခြောက်နာရီ မင်းအိမ်မှာ စုနေလိုက်၊ ငါလာခေါ်မယ်"

"အိုကေ၊ စိတ်ချ၊ ငါတို့ဘက်ကတော့ အဆင်သင့်ပဲ"

ပြောရင်းနှင့် ထက်နိုင်က ဖုန်းချသည်။

ဇော်မိုင်က ထက်နိုင်ပြောသောစကားများကို နားထောင်ရင်း မျက်မှောင်ကျုတ်၍ စဉ်းစားနေသည်။

ထက်နိုင် ဖုန်းခွက်ကိုချပြီးမှ...

"ထက်နိုင်၊ မင်းခုနပြောတာ သေချာလား"

"ဘာကိုလဲ"

"အရင်တုန်းက ဇော်ဗလနဲ့ပတ်သက်လို့ ဒီလိုမဟုတ်ပဲ ခုမှ ရုတ်ချည်းပြောင်းသွားတယ်ဆိုတာ"

"ဟာ... သိပ်သေချာတာပေါ့၊ ဘာဖြစ်လို့လဲ"

"ဘာမှမဖြစ်ပါဘူး၊ မေးကြည့်တာပါ၊ ခုနေ အကယ်၍များ နန်းဝတ်မှုံ မသေပဲ ငါနဲ့ပြန်တွေ့ရင် သူငါ့ကို ဘယ်လိုသဘောထားမလဲ



www.burmeseclassic.com

www.burmeseclassic.com



ဆိုတာနဲ့ ဆက်စပ်တွေးမိလို့"

"မင်းကို ဘယ်လိုသဘောထားစရာအကြောင်းရှိလဲ"

"မှန်းမှာပေါ့ကွာ၊ ငါ့ကိုစိတ်ဆင်းရဲအောင် ကြံဖန်နှိပ်စက်မှာပေါ့ ငါကိုယ်ငါကာကွယ်ရင်း သူ့အဖေကို သတ်မိသွားတာကို သူကိုယ်တိုင် မြင်လိုက်ရတာပဲ။ ပြီးတော့ သူ့ကို သေနတ်မမှန်ခင် ငါ့ကိုပစ်သတ်ဖို့ အပြီးချိန်ထားပြီးနေပြီလေ။ အဲဒီတုန်းက သူမသေရင်၊ ဒါမှမဟုတ် သူသေနတ်မမှန်ရင်၊ ငါသေပြီ၊ အဲဒီတုန်းက ငါမသေတော့၊ ခု သူမသေဘဲ ပြန်တွေ့ရင်လဲ သူငါ့ကို သတ်ချင်လောက်အောင် မုန်းမယ်၊ ဒါမှမဟုတ် သတ်ချင်လဲသတ်မှာပေါ့"

"အဲဒီတော့ မင်းဆိုလိုချင်တာကဘာလဲ"

"ရှင်းပါတယ်ကွာ၊ ငါ့စိတ်ထဲမှာ ဒေါက်တာဝင်းရွှေရည်ဟာ နန်းဝတ်မှုံလို့ ပိုယုံသွားတာပေါ့"

"ဟော..."

ထက်နိုင် ပါးစပ်အဟောင်းသားဖြစ်သွားသည်။

ဇော်မိုင်ကတော့ သက်ပျင်းသာချ၏။

✤ ✤ ✤



၇။

"မံနီစီ အရင်ဆုံးသွားလိုက်မယ်နော်၊ အပြန်ကျမှ ရွှေလီဝင်မယ်"

နောက်တစ်နေ့တွင် တရုတ်ပြည်ထဲ ခပ်ဝေးဝေးဝင်နိုင်အောင်ဆိုပြီး ခပ်စောစောထွက်ခဲ့ကြသည်။

မူဆယ်တစ်ဘက်ကမ်း ရွှေလီမြို့အပါအဝင် မြန်မာပြည်နှင့် ဆက်စပ်နေသော တရုတ်ပြည်အပိုင်းက ယူနန်ပြည်နယ်ဖြစ်သည်။ ယူနန်ပြည်နယ်၏မြို့တော်က ကူမင်းဖြစ်၍ ယခုသူတို့သွားမည့် မံနီစီကို ကူမင်းမြို့တော်၏ တံခါးဝဟုခေါ်ကြသည်။

www.burmeseclassic.com

www.burmeseclassic.com



“သွားလေ… အဲဒါကောင်းသားပဲ”

ကားမောင်းလာသော ဇော်ဗလက အစီအစဉ်ကို ပြောပြသည်။ ထက်နိုင်က နံဘေးကနေ ထောက်ခံချက်ပေး၏။

မန်စီအထိသွားမည်ဟု နဂိုကတည်းက စိတ်ကူးရှိသဖြင့် ဇော်ဗလက တရုတ်နံပါတ်တပ် ဗင်ကားလေးကို ယူခဲ့သည်။

တရုတ်နံပါတ်ဆိုရာ၌လည်း တရုတ်ပြည် ကားနံပါတ်များ၏ အမျိုးမျိုးအစားစားရှိ၏။ အခုဇော်ဗလတို့ တပ်ထားသောနံပါတ်က အနက်ခံပေါ်တွင် အနီရောင်စာလုံးဖြင့် ရေးထားသည်၊ ထိုနံပါတ်အမျိုးအစားက တရုတ်ပြည်တစ်ပြည်လုံး သွားလို့မရ။ နယ်စပ်ဖြတ်ကျော်၍ မန်စီလောက်အထိသာ သွားခွင့်ရသည်ဟု ပြောသည်။

သို့သော်… နယ်စပ်ဖြတ်သန်း ကုန်သွယ်ဆက်ဆံရုံ သုံးရ၌ အဆင်ပြေသော နံပါတ်ဖြစ်၏။

ကားပေါ်မှာ စီးလာသူက မောင်းသူဇော်ဗလ အပါအဝင် အားလုံး ခုနစ်ယောက်ရှိသည်။ တစ်စီးတည်းပေါင်းပြီး၊ စကားပြောဆိုသွားနိုင်အောင် စီးလာရသည်မို့ ကားနှင့်လူနှင့် အပြည့်။

နောက်ခန်းမှာ ဝင်းရွှေရည်၊ သီတာနွယ်၊ ဆွေဆွေ မိန်းကလေး သုံးယောက်နှင့် ဆွေဆွေဘေးမှာ အိုက်မောင်။ ရှေ့ခန်းမှာ မောင်းသူထိုင်ခုံ၌ ဇော်ဗလ၊ သည်ဘက်ထိုင်ခုံ၌ ထက်နိုင်နှင့် ဇော်မိုင်တို့ ကြပ်ကြပ်ညပ်ညပ် စီးလာသည်။

ကားလေးက မှူဆယ်နှင့် ဂိတ်ကလေးတစ်ခုသာ ဖြတ်ရသော ကြယ်ခေါင်၊ ထိုမှ ရွှေလီမြစ်ကူးတံတားကိုဖြတ်၍ ရွှေလီ။ ရွှေလီ ရောက်





သောအခါ ကားလမ်းက မြို့အဝင်တစ်လမ်းနှင့် အဝေးပြေးဟစ်လမ်း၊ နှစ်လမ်းခွဲထွက်သွားသည်။

ရွှေလီကိုနောက်မှဝင်ရန်၊ ဇော်ဗလက အဝေးပြေးလမ်းအတိုင်း မောင်းလာခဲ့သည်။

“အဲဒါ အရိပ်မထွက်ဘုရားလို့ခေါ်တယ် ဇော်မိုင်၊ မြန်မာဘုရား ပုံစံမျိုးပဲ”

“အင်းနော်”

ဇော်မိုင်က ခေါင်းညိတ်ရင်း လှမ်းကြည့်သည်၊ စေတီနှင့် ဘုရားဂေါ့ဏ်တံတိုင်း စသည်တို့က မြန်မာဘုရားစေတီပုံစံမျိုးပင် ဖြစ်သည်။ သို့သော် စေတီပုံစံက ရှမ်းများတည်လေ့ရှိသည့် ဘုရားနှင့်ပိုတူသည်။

ထက်နိုင်က…

“ဘုရားအရင်ဝင်လိုက်ပါလား ဇော်ဗလ… ဘုရားကတော့ ဒီနားကနေ ဝင်လို့ရတယ် မဟုတ်လား”

“ရတယ်၊ ဒါက ဒီဘက်မြို့စွန်ဆိုတော့၊ ဒီဘက်မြို့ဝင်လမ်းနဲ့ နီးတယ်”

ဇော်ဗလက ပြောပြောဆိုဆို ကားလေးကိုကွေ့ဝင်ပြီး ဘုရား ပို့ပေးသည်။ သည်နေရာက မြန်မာပြည်နှင့် သိပ်နီးသောနေရာမို့ထင်သည်။ ဈေးဆိုင် ဆိုင်းဘုတ်လေးများကို တရုတ်ဘာသာ၊ မြန်မာဘာသာ၊ ရှမ်းဘာသာတို့ဖြင့် သုံးမျိုးရေးထားသည်။

“ဟော့ကောင်ဇော်မိုင်၊ ဟိုဆိုင်းဘုတ်ကို ဖတ်ကြည့်၊ ဒီထက် ကောင်းတဲ့ ဆိုင်လမ်းညွှန်ကြော်ငြာ တို့ဘက်မှာမရှိဘူး”

www.burmeseclassic.com



ဇော်မိုင်က အိုက်မောင်ပြသည့်နေရာ လှမ်းကြည့်သည်။

တရုတ်ဘာသာ၊ ရှမ်းဘာသာ စာတမ်းများအပြင် မြန်မာဘာသာနှင့်ရေးထားသော လက်ရေးစာတမ်းက၊ 'ဆိုင်ထဲမှာ ကော်ဖီရတယ်' ဟု ဖြစ်သည်။

ထိုဆိုင်က ဘုရားလှေခါး အဆင်းလေးမှာရှိသည်။ အားလုံးရယ်မောပြီး ဘုရားပေါ်တက်ကြ၏။

* * *

ဘုရားပေါ်တက်ချိန်မှာပင် လူက သူ့အစုနှင့် သူကွဲသွားသည်။ အိုက်မောင်နှင့် ဆွေဆွေကတစ်တွဲ၊ ထက်နိုင်နှင့် သီတာနွယ်ကတစ်တွဲ၊ ဝင်းရွှေရည်နှင့် ဇော်ဗလကတစ်တွဲ။

အတွဲပုံ၍ တစ်ယောက်တည်းလျှောက်လာရသူက ဇော်မိုင်။

အားလုံး ဘုရားကန်တော့တော့လည်း၊ ဇော်မိုင်က ခပ်သွက်သွက်ပင် ကန်တော့ပြီး၊ အပြင်ရှုခင်းများ မြင်နိုင်သည့် တံတိုင်းနား သွားနေ





နေလိုက်သည်။

"ဟော့ကောင် ပျင်းနေပြီလား"

အသံကြား၍ လှည့်ကြည့်လိုက်သောအခါ ထက်နိုင်။ သူ့ဘေးမှာ သီတာနွယ်ပါလာသည်။

သီတာနွယ်ကလည်းပြုံးပြီး…

"သီတာတို့နဲ့ လာတွဲပါ ကိုဇော်မိုင်ရဲ့ တစ်ယောက်တည်း ကြောင်တောင်တောင်ကြီး ခွဲခွဲမနေပါနဲ့"

"ရပါတယ် မသီတာ… ကျွန်တော်မပျင်းပါဘူး၊ သူများနိုင်ငံထဲ ရောက်တော့လဲ၊ သူများနိုင်ငံကိုကြည့်ပြီး ကိုယ့်ပြည်နဲ့ ယှဉ်စဉ်းစား၊ ဘာသုံးရမလဲတွေးရတာ အရသာတစ်မျိုးပဲ"

"ဟိုတုန်းက မင်းဒီဘက် ရောက်ဖူးခဲ့သေးလား"

ဇော်မိုင်က ခေါင်းခါ၍…

"ဟင့်အင်း မရောက်ခဲ့ဘူး"

"ကိုဇော်မိုင်က အရင်က ဘယ်မှာနေလို့လဲ"

သီတာနွယ်က ဝင်မေးသည်။ ထက်နိုင်ကရယ်ရင်း…

"ဒီကောင်အကြောင်းအရမ်းစိတ်ဝင်စားဖို့ကောင်းတယ် မသီတာ၊ တစ်ရက် အေးအေးဆေးဆေး ကျွန်တော်ပြောပြမယ်"

"ပြောပြရင် မနေ့က ကိုဇော်မိုင်ပြောတဲ့ နန်းဝတ်မှူးအကြောင်းတော ပါလာမှာလား"

ထက်နိုင်နှင့်ဇော်မိုင် တစ်ယောက်ကိုတစ်ယောက် လှမ်းကြည့်လိုက်သည်။ ပြီးမှ ထက်နိုင်က ခေါင်းညိတ်ပြီး…

www.burmeseclassic.com



"ပါမှာပေါ့ မသီတာ၊ သူ့အကြောင်းပြောရင် အဲဒီကိစ္စက အဓိ
ပဲဟာ"

"အဲဒီနံမည်ကို မသီတာ၊ မနေ့က မှတ်မိလိုက်တာလား"

"ဟုတ်တယ်၊ ကိုဇော်မိုင်၊ မနေ့က အဲဒီနံမယ်ကြားတယ်၊ ပြီး
တော့ ရွှေရည်နဲ့လဲ လူချင်းမှားတယ်၊ အဲဒီကိစ္စကို သီတာ အရမ်းစိတ်
စားတာပဲ"

"ထက်နိုင်ပြောပြပါလိမ့်မယ်ဗျာ၊ အဲဒီအကြောင်းကို သူကောင်း
ကောင်းသိပါတယ်"

သူတို့ စကားပြောကောင်းနေဆဲ၊ ဘုရားဖူးပြီး ထလာကြသော
အဖွဲ့က သွားဖို့ လှမ်းပြောသည်။

ဇော်မိုင်က အမှတ်မထင် ဝင်းရွှေရည်ကို လှမ်းကြည့်သည်။

စောစောက သူ့ကိုကြည့်နေပုံရပြီး၊ သူလှမ်းကြည့်လိုက်မှ ဝင်းရွှေ
ရည်က မျက်နှာလွှဲသွား၏။

* * *





"မန်စီနဲ့ ကြယ်ခေါင်က ၉၉ ကီလိုမီတာ ဝေးတယ်၊ ၉၉
ကီလိုဆိုတော့ မိုင်ဘယ်လောက်ရှိမလဲ"

ထက်နိုင်က လမ်းညွှန်ဆိုင်းဘုတ်ကိုကြည့်ပြီးပြောသည်။ ပြီးတော့
မိုင်မှားလည်သော ခရီးအကွာအဝေးကို စိတ်တွက်နှင့်ပြောင်း၏။

"မိုင် ၆၀ ကျော်ကျော်ပဲ ရှိတာပေါ့။ ၃၆ ကီလိုကို မိုင် ၆င
ဘာကိုး"

အိုက်မောင်က နောက်ခန်းမှနေ လှမ်းပြောသည်။

ဘုရားမှ ပြန်ထွက်လာပြီး အဝေးပြေးလမ်းမကြီးပေါ် ပြန်ရောက်
သည် သည်ဘက်မှာလည်း လမ်းဖြတ်သန်းခကို မုဒ်ဦးကြီးများလို အဆောက်
ဦကြီးများဖြင့် လမ်းကိုခွ၍ ကောက်ခံသည်။

"ဘယ်လောက်ပေးရလဲ ဇော်ဗလ"

"ငါးယွမ်… မြန်မာငွေနဲ့ပြောရင် ၁၀၀ပေါ့ကွာ"

"တစ်ယွမ်ကို နှစ်ဆယ်ပေါ့နော်"

"ခုပေါက်နေတဲ့ ဈေးပေါ့"

"အတက်အကျ အပြောင်းအလဲတော့ရှိပါတယ်"

"မန်စီရောက်ရင် ဘယ်အရင်ဝင်မလဲ ကိုဇော်ဗလ"

နောက်ခန်းမှ ဝင်းရွှေရည် အသံဖြစ်သည်။

"ပြည်သူ့ဥယျာဉ်ပဲဝင်တာပေါ့ ဝင်းရွှေရည်၊ မန်စီမှာက အဲဒီပဲ



www.burmeseclassic.com

www.burmeseclassic.com



သွားစရာရှိတာပဲ"

ကားလေးက လေယဉ်ဆင်းသက်၍ရအောင် ဖောက်ထားသည်ဆိုသော တရုတ်ပြည်အဝေးပြေးလမ်းမကြီးပေါ်မှာ သွက်သွက်လေးပြေးလွှားလျှက်ရှိ၏ ။

✤ ✤ ✤



၁။

သူ့မူလ တရုတ်ဘာသာ တရုတ်အခေါ်ပွါယ်ဖြင့် မည်သို့ခေါ်၊မည်သို့အခေါ်ပွါယ်ပေါက်သည်တော့ မသိ။ ဇော်ဗလကတော့ ထိုနေရာကို ပြည်သူ့ဥယျာဉ်ဟုပဲ ခေါ်သည်။

ရှေ့ဘက်က အမှတ်တမဲ့ကြည့်ရင်တော့ တရုတ်ဘုံကျောင်းကြီးတစ်ခုဟု ထင်စရာရှိသည်။

အပြင်ဘက်မှာ ဂိတ်ကြေးဖြတ်ဝင်ရသည့် မုခ်ဦးတစ်ခု။

အထဲဝင်လိုက်သည်နှင့် ညာဘက်မှာ အုတ်နံရံပေါ်ရေးဆွဲထား

www.burmeseclassic.com

www.burmeseclassic.com



သည့် ပန်းချီကားကြီးတစ်ခုအပြင်၊ ဓာတ်ပုံဆိုင်တို့ မုန့်ဆိုင်တို့ရှိသည်။ ဗယ်ဘက်မှာလည်း ဆိုင်လေးတစ်ဆိုင်။

ထိုကွက်လပ်ကြီး၏ အလယ်တွင် ရေပန်းကန်လေးတစ်ခု။

ကွက်လပ်ကြီး အဆုံးကျတော့ လှေခါးတစ်များနှင့်တက်သွားရပြီး ဝင်ထွက်ပေါက်သုံးခုရှိသည်။ အတွန့်အတက်တွေနှင့် မုခ်ဦးကြီးတစ်ခု။

မုခ်ဦးပုဏ္ဏားကွယ်လို နေရာမျိုး လှေခါးဆင့်မှာ ခြသေ့်တွေလည်းရှိသည်။ ထိုခြသေ့်တွေက မြန်မာခြသေ့်နှင့်တော့မတူ တရုတ်ဘုံကျောင်းက ခြသေ့်ပုံစံမျိုး။

အိုက်မောင်က…

"မင်း သတိထားမိလားတော့ မသိဘူး ဇော်မိုင်၊ ငါတော့ ဒီဘက် ရောက်တိုင်း တွေးမိတယ်၊ တရုတ်တွေ မုခ်ဦးဆောက်တာ တော်တော် ဝါသနာပါတာပဲကွာနော်… နေရာတကာမုခ်ဦးချည့်ပဲ"

အိုက်မောင်ပြောလည်း ပြောစရာ၊ မူဆယ်က စကွက်ကတည်းက ကြယ်ခေါင်းအဝင်မှာ မုခ်ဦးကြီးတွေရှိသည်။ အဲဒီကနေစပြီး တံတားဝင် လည်းမုခ်ဦး၊ မြို့ဝင်လည်းမုခ်ဦး၊ လမ်းမှာ လမ်းဖြတ်သန်းခ တောင်းလျှင် လည်းမုခ်ဦး အခုပန်းခြံထဲဝင်တာတောင် မုခ်ဦးနှစ်ခု ဖြတ်နေရပြီးဖြစ်သည်။

ထိုမုခ်ဦးကြီးကို ကျော်ဖြတ်ပြီးနောက် တရုတ်ဘုံကျောင်းတွေမှာ တွေ့ရတတ်သည့် အဆောင်မျိုးကြီး တစ်ခုတွေ့သည်။

အထဲဝင်သွားသောအခါ ကျောက်ဖြူသားဖြင့် ပြုလုပ်ထားသည့် ကွယ်လွန်သူ ဝန်ကြီးချုပ် ချူအင်လိုင်း ရုပ်ထု။ ရုပ်ထုက အပေါ်မှာရှိ၍ အောက်က လေးထောင့်ကျောက်ခုံကြီးခံထားသည်။ ထိုလေးထောင့်ကျောက်





ခုံကြီးဘေးလေးမျက်နှာမှာ အနက်ရောင် လျှိုင်ကော်ကျောက်ပြားမျိုးကပ်၍ စာတွေရေးထားသည်။

"တစ်ချို့က ဒါကို တရုတ်မြန်မာ ချစ်ကြည်ရေးအထိမ်းအမှတ် ဥယျာဉ်လို့လဲ ပြောကြတယ်ကွာ၊ ဟုတ်မဟုတ်တော့ မသိဘူး၊ ဒါပေမယ့် ဟိုတလောကတော့ ဒီမှာ တရုတ်မြန်မာ ချစ်ကြည်ရေးနှစ် ၄၀ ပြည့် အထိမ်းအမှတ် အခမ်းအနားလုပ်သွားတယ်လို့ ပြောတာပဲ"

ဇော်ဗလကရှင်းပြသည်။ အိုက်မောင်က…

"ဟ… ဒီမှာ စာတွေရေးထားတာပဲ၊ မင်း တရုတ်လို ပြောတတ်တဲ့ဟာ ဖတ်ကြည့်ပါလားကွာ"

"ငါက တရုတ်စာ မတတ်ဘူးကွ၊ စကားပဲပြောတတ်တာ"

အားလုံးကရယ်ကြသည်။

သည်တော့မှ ဇော်မိုင်ကိုယ့်လူစုကို ကိုယ်တစ်ခု သတိထားမိသွားသည်။

ပန်းခြံထဲဝင်လာတုန်းက လူစုံပါသော်လည်း ခုကျတော့ ငါးယောက်ပဲရှိတော့သည်။ ထက်နိုင်နှင့် သီတာနွယ်တို့ မရှိတော့။

အနီးအနားပတ်ဝန်းကျင်ကို ကြည့်တော့လည်းမမြင်။

အဘယ်အချိန်က အဘယ်ကို အကြံအစည်မျိုးနှင့် သည်နှစ်ယောက် အဘယ်အရပ်သို့ လစ်သွားကြလေပြီမသိ။

လျှင်လိုက်တာဟု ဇော်မိုင်တွေးလိုက်၏။

※ ※ ※



www.burmeseclassic.com

www.burmeseclassic.com



ပန်းခြံက စောစောက ဒါပဲထင်မိသော်လည်းမဟုတ်၊ ချုံအင်လိုင်းရှပ်ထုရှိရာအဆောင်မှ ဇယ်ဘက်ခွဲထွက်ပြီး ခြံစည်းရိုးနှင့် တစ်ဆက်တည်းရှိသည့် မုဒ်ဦးအသေးစားအဝိုင်းပုံလေးထဲမှ တစ်ဘက်ကူးလိုက်သောအခါ ကျယ်သောနေရာကြီးတစ်ခုသို့ ရောက်လာပြန်သည်။

"ဒီဘက်မှာတော့ အစုံပဲ၊ ကစားစရာတွေကော၊ တိရစ္ဆာန်ရုံအသေးစားလေးတွေကော၊ စားသောက်ဆိုင်လေးတွေကော၊ နောက်ကလေးတွေ၊ ပိုက်ဆံပေးပြီး ဝင်ကြည့်လို့ရတဲ့ ကြောက်စရာ ထိတ်စရာနေရာမျိုးပေါ့ကွာ၊ ဒီမှာတော့ ငရဲသားတွေ ငရဲခံနေရတာမျိုးပြတဲ့ ရုံလေးတွေ၊ အစုံပဲရှိတယ်၊ ငါးစာတွေဘာတွေ ကျွေးချင်ရင်လဲရတယ်"

ဇော်ဗလကရှင်းပြသည်။

အိုက်မောင်က တဖြည်းဖြည်းနှင့် ဆွေဆွေလက်ကိုဆွဲပြီး…

"မင်းတို့ အေးအေးဆေးဆေးနေကြနော်၊ ငါနဲ့ဆွေဆွေ ငါးစာသွားကျွေးလိုက်ဦးမယ်၊ ငါတို့ကို ရှာမတွေ့ရင် မပူနဲ့ အပြင်ဂိတ်ကသာစောင့်၊ အဲဒီကိုလာခဲ့မယ်"

ပြောဆိုပြီးလစ်သည်။

ထိုနေရာမှာ သူ၊ ဇော်ဗလနှင့် ဝင်းရွှေရည်တို့သာ ကျန်ခဲ့သည်။





ဇော်ဗလက

"မင်းဘယ်သွားချင်လဲ ဇော်မိုင်"

ဇော်မိုင်က ခေါင်းခါရင်း…

"ရပါတယ်ဇော်ဗလ၊ မင်းတို့လဲ လျှောက်သွားရင် လျှောက်သွားပါ၊ ဒီထဲမှာ ငါ့ဖာသာငါ အေးအေးဆေးဆေး အဆင်ပြေသလို လျှောက်ကြည့်နေလို့ ရပါတယ်"

ဝင်းရွှေရည်က သူ့ကို လှမ်းကြည့်သည်။ သူက မသိချင်ယောင်ဆောင်နေလိုက်သည်။

ဇော်ဗလက ဝမ်းသာအားရဖြင့်…

"အဲဒါဆို… မင်း အေးအေးဆေးဆေးကြည့်နေနော်၊ လာ… ဝင်းရွှေရည် ကျွန်တော်တို့ တိရစ္ဆာန်ရုံဘက် သွားကြည့်ရအောင်"

ဝင်းရွှေရည်က ချက်ချင်းဘာမှ မပြောသေးပဲ၊ ဇော်မိုင်ကို ခပ်စူးစူးစိုက်စိုက်လေး တစ်ချက်လှမ်းကြည့်သည်။ ပြီးမှ… ခေါင်းညိတ်၍…

"သွားလေ… ဝင်းရွှေရည်တို့ ခဏသွားလိုက်ဦးမယ်နော် ကိုဇော်မိုင် နေခဲ့လို့ ဖြစ်တယ်မဟုတ်လား"

ဇော်မိုင်က ခေါင်းညိတ်ပြီး…

"ဟုတ်ကဲ့ ဖြစ်ပါတယ် ဒေါက်တာဝင်းရွှေရည် အေးအေးဆေးဆေးသာ သွားပါ။ ကျွန်တော် ဒီမှာပဲ နေခဲ့ပါ့မယ်၊ ကျွန်တော့်ကိုထားခဲ့ပါ"

ပြောရင်းနှင့် ဇော်မိုင်က သူတို့နှင့်ခွာခဲ့ပြီး ရေမဝါးပိုးဝါးပင်ကြီးများ စုပေါက်နေရာနားက အုတ်ခုံ ထိုင်ခုံလေးများဘက် လျှောက်ခဲ့သည်။

စိတ်ထဲကတော့ တိုးတိုးလေးပြောလိုက်၏။



www.burmeseclassic.com

www.burmeseclassic.com



''ရပါတယ် ဝတ်မှုံ၊ မောင်ကိုထားခဲ့ပါ၊ ဝတ်မှုံရဲ့ အမုန်းခံဘဝမှာ မောင်ဘစ်ယောက်တည်းပဲ နေခဲ့ပါမယ်…ဟု''

⁂ ⁂ ⁂

''ဟား… ဘယ်လိုဖြစ်တာလဲ ဇော်မိုင် မင်းတစ်ယောက်တည်းလား ဟိုအဖွဲ့တွေကော''

သူခြေဦးတည့်ရာ လျှောက်သွားနေဆဲ၊ အအေးဆိုင်လေးများရှိသောနေရာ၊ ထောင့်ကျကျ စားပွဲတစ်ခုမှ ထက်နိုင်က ထလာရင်းမေးသည်။

ဇော်မိုင်က ပြုံးပြရင်း…

''သူတို့လဲ သူတို့အဖွဲ့နဲ့သူတို့ လျှောက်ကြည့်နေကြတယ် ထက်နိုင်''

''ဟာကွာ၊ ဒီကောင်တွေကလဲ၊ ဒါဖြင့်လာလာ… ဇော်မိုင်၊ ငါတို့နဲ့ပဲလာဝိုင်း''

''နေပါစေထက်နိုင်၊ မင်းတို့ဟာ မင်းတို့ အေးအေးဆေးဆေး





စကားပြော ငါဒီလိုပဲလျှောက်ကြည့်နေလို့ရတယ်။ ကြည့်ရတာလဲ စိတ်ဝင်စားပါတယ်''

''မဟုတ်ပါဘူး လာစမ်းပါ၊ ငါတို့ကလဲ တစ်ခြားအကြောင်းကြောင့် ခွဲနေခဲ့တာမဟုတ်ပါဘူး။ မသီတာက မင်းအကြောင်းစိတ်ဝင်စားလို့ ပြောပြပါဆိုလို့ မင်းအကြောင်းတွေပဲ ငါထိုင်ပြောပြနေတာ မင်းပါ ရှိနေတော့ ပိုကောင်းတာပေါ့''

ထိုစဉ် သီတာနွယ်ကလည်း လိုက်လာသည်။

''ဟုတ်သားပဲ ကိုဇော်မိုင်၊ သီတာတို့နဲ့ ထိုင်ပါဦး၊ သီတာလဲ ကိုဇော်မိုင်ကို မေးချင်တာလေးတွေရှိလို့''

ဇော်မိုင် မငြင်းသာသဖြင့် သက်ပျင်းတစ်ချက်ခိုးချပြီး လိုက်လာခဲ့သည်။ ထက်နိုင်က အအေးဗူးတစ်ဗူးမှာပေးသည်။

''ငါ အခုပဲ မသီတာကို မင်းအကြောင်းတွေပြောပြနေတာ ဇော်မိုင်၊ စကားလဲဆုံး မင်းကိုလဲ လှမ်းမြင်လိုက်တာပဲ၊ မင်းကတော့ အသက်ရှည်ဦးမယ်''

''ငါ့အကြောင်းတွေ ပြောတာပြီးသွားပြီးလား''

''ပြီးသွားပြီ၊ ဒါပေမယ့် ကိုဇော်မိုင်ကို သီတာ မေးချင်တာတွေရှိတယ်၊ မေးခွင့်ပေးမလား''

''ပေးပါတယ် မသီတာ။ မေးစရာရှိတာမေးပါ၊ ဘာမေးမလို့လဲ''

''ဘာမေးရမလဲဆိုတော့ ပထမဆုံးသိချင်တာက ကိုဇော်မိုင်အကြောင်းပဲ… ကိုဇော်မိုင်အခု ဘယ်လိုခံစားနေရလဲ''

''ဘာကို ဘယ်လိုခံစားရတာကို မေးတာလဲ မသီတာ''



www.burmeseclassic.com

www.burmeseclassic.com



''အော်... အခု... ရွှေရည်ကိုတွေ့တော့ ကိုဇော်မိုင်စိတ်ထဲမှာ နန်းဝတ်မှုံလို့ ထင်နေတယ်မဟုတ်လား၊ ရွှေရည်ကလဲ သူမဟုတ်ဘူးလို့ ပြောတယ်၊ အဲဒီတော့ ကိုဇော်မိုင်စိတ်ထဲမှာ ဘယ်လိုနေလဲ''

''အခုတော့ ဘယ်လိုမှ မနေတော့ပါဘူး မသီတာ၊ ဟိုနေ့က ကျွန်တော်ပြောသလိုပဲ၊ ဒေါက်တာဝင်းရွှေရည်ဆိုတော့လဲ ဒေါက်တာဝင်းရွှေရည်ပဲပေါ့။ အခေါ်အဝေါ်တွေ ပညတ်တွေဆိုတာ လောကမှာ ဘာအရေးကြီးလို့လဲ''

''အဲဒါဆို... ကိုဇော်မိုင်ပြောချင်တဲ့အဓိပ္ပါယ်က ဒေါက်တာဝင်းရွှေရည်တို့ နန်းဝတ်မှုံတို့ဆိုတာတွေက အမည်နာမပညတ်တွေ လူကတော့ တစ်ယောက်တည်းပဲလို့ ပြောချင်တာပေါ့''

''ကျွန်တော့်စိတ်ထဲမှာ အဲလိုပဲ ယုံကြည်တယ်မသီတာ''

''သီတာတစ်ခုမေးမယ်နော်၊ ကိုဇော်မိုင်စိတ်ထဲမှာ မူလက နန်းဝတ်မှုံသေပြီလို့ ယူဆခဲ့တယ်မဟုတ်လား''

''နှစ်ပေါင်းများစွာ၊ ကျွန်တော် ဒီအတိုင်းပဲ ထင်ခဲ့မိတယ် မသီတာ၊ ဒါပေမယ့်''

''ဒါပေမယ့် ရွှေရည်ကိုတွေ့လိုက်တော့ အဲဒီအထင်တွေ ပျက်သွားတယ်ပေါ့၊ ဒီကြားထဲမှာ နန်းဝတ်မှုံနဲ့ ပတ်သက်တဲ့သတင်းတွေ ဘာတွေတစ်ခုမှ မရဘူးလား၊ စုံစမ်းမေးမြန်းခဲ့တာကော မရှိဘူးလား''

''မုံးကိုးက ကျွန်တော်ထွက်ပြေးခဲ့ပြီးနောက်ပိုင်း လားရှိုး မှူးယစ်ဆေးစွဲဆေးရုံမှာ ကျွန်တော် ခုနှစ်လလောက် ကြာတယ်။ ဆေးဖြတ် ဆေးကုလုပ်နေခဲ့တာ နောက် ဝက်ထီးကန်မှာ ကျွန်တော် ၉ လလောက်





ကြာတယ်။ စုစုပေါင်း တစ်နှစ်ခွဲလောက် မူးယစ်ဆေးဝါးကို ကျွန်တော် အပြီးအပိုင်ဖြတ်တောက်နိုင်ဖို့ပဲ လုံးပန်းနေခဲ့ရတယ် မသီတာ၊ နောက် တစ်ခုကလဲ''

''အင်း... ပြောပါကိုဇော်မိုင်''

''ကျွန်တော့်စိတ်ထဲမှာ ရင်ဝကို သေနတ်မှန်ပြီးလဲကျသွားတဲ့ နန်းဝတ်မှုံဟာ ဘယ်လိုနည်းနဲ့မှ အသက်မရှင်နိုင်ဘူးထင်တယ်၊ အဲဒီတော့ စုံစမ်းဖို့ထက်၊ အဲဒီကအကြောင်းတွေကို မေ့ဖျောက်ပစ်နိုင်ဖို့ပဲ အားထုတ်ခဲ့ တယ်''

''နောက်ပိုင်းကော.... အဲဒီနယ်မြေနဲ့ ပတ်သက်တဲ့သတင်း ဘာရလဲ''

''အဲဒီနောက်ပိုင်းမှာ ၁၉၈၈ ခုနှစ် အရေးအခင်းကြီးဖြစ်တယ်၊ အဲဒါကို အခွင့်ကောင်းယူပြီး ဗကပတွေက အလုံးအရင်းနဲ့ မိုင်းယန်းတိုက်ပွဲကြီးဆင်တယ်။ ဒါပေမယ့် ဗကပတွေ အလဲအကွဲရှုံးသွားတယ်၊ နောက်ပိုင်းမှာ မုံးကိုးအပါအဝင် တိုင်းရင်းသားဒေသခံအဖွဲ့တွေက ဗကပ ဗဟိုကို ဝင်သိမ်းပြီး သူတို့နယ်မြေထဲကနေ ဗကပတွေကို မောင်းထုတ်တယ်၊ အဲဒီနောက် နိုင်ငံတော်နဲ့ ငြိမ်းချမ်းရေးရယူပြီး နယ်မြေဒေသဖွံ့ဖြိုးရေးတွေ လုပ်ကြတယ်၊ ဒါပဲ မသီတာ၊ ဒီသတင်းတွေကိုတော့ တစ်တိုင်းပြည်လုံးက ပြည်သူပြည်သားတွေနဲ့အတူ ကျွန်တော်လဲ သတင်းစာတို့ ရေဒီယိုတို့ ရုပ်မြင်သံကြားတို့ကနေ ကြားလိုက် သိလိုက်ရပါတယ်၊ ဒါပေမယ့်...''

''ဒါပေမယ့် ဘာဖြစ်လဲ ကိုဇော်မိုင်''

''ဒါပေမယ့် အဲဒီဒေသတွေမှာ ကျွန်တော်နဲ့ တိုက်ရိုက်ပတ်သက်



www.burmeseclassic.com

www.burmeseclassic.com



နေတဲ့ အဆက်အနွယ်တွေ တစ်ယောက်မှ မရှိတော့ဘူးလေ၊ အဖေ၊ အမေ ညီမလေးနဲ့ နန်းဝတ်မှုံတို့ သားအဖ၊ အဲဒီအတွက် အသေးစိတ် အပြောင်းအလဲအဖြစ်အပျက်တွေတော့ ကျွန်တော်လဲမသိတော့ဘူး''

''အကယ်၍ နန်းဝတ်မှုံသာ ကိုဇော်မိုင့်ထင်သလို သေဆုံးခဲ့တာ မဟုတ်ဘူးဆိုရင်၊ ခုချိန်မှာ နန်းဝတ်မှုံ ဘာဖြစ်နေနိုင်လဲ၊ ကိုဇော်မိုင်နဲ့ တွေ့ရင်ကော၊ ဘယ်လိုဆက်ဆံနိုင်လဲ၊ ကိုဇော်မိုင်သိတဲ့ နန်းဝတ်မှုံအနေနဲ့ ပဲမှန်းဆနော် ရွှေရည်ကို ထည့်မတွက်နဲ့''

''ကျွန်တော်သိတဲ့၊ ဒါမှမဟုတ် ကျွန်တော်ချစ်တဲ့ နန်းဝတ်မှုံ အနေနဲ့ပဲ ပြောရရင်၊ နန်းဝတ်မှုံသာ မသေခဲ့ရင် ခုချိန်မှာ… ဆရာဝန် တစ်ယောက်ဖြစ်နေနိုင်တယ် မသီတာ''

''ရှင်… ဘာဖြစ်လို့လဲ''

''ဘာဖြစ်လို့လဲဆိုတော နန်းဝတ်မှုံ ဆယ်တန်းအောင်ခဲ့တုန်းက ဂုဏ်ထူးလေးဘာသာနဲ့ အောင်ခဲ့တယ်၊ အဲဒီတော့ သူတက္ကသိုလ်တက်ရင် ဆေးတက္ကသိုလ်တက်ခွင့်ရမှာပဲ၊ သူသာကျောင်းဆက်တက်နေခဲ့ရင် ခုချိန်မှာ ဆရာဝန်ဖြစ်မယ်၊ ဒါမှမဟုတ်လို့ တက္ကသိုလ်ဆက်မတက်ဖြစ်ပဲ မုံးကိုးမှာ ပဲနေမယ်ဆိုရင် ခုချိန်မှာ အဲဒီဒေသအဖွဲ့အစည်းရဲ့ခေါင်းဆောင် ဖြစ်နေချင် လဲဖြစ်မယ်။ ဒါပေမယ့် သူသာမသေရင် အဖွဲ့အစည်းခေါင်းဆောင်တော့ လုပ်မှာမဟုတ်ဘူး၊ ကျောင်းပဲဆက်တက်မှာပဲ''

''အဲဒီတုန်းက နန်းဝတ်မှုံ သေခဲ့လား မသေခဲ့လားဆိုတာ ခုချိန်မှာ သိနိုင်တဲ့လမ်း မရှိဘူးလား''

ဇော်မိုင်ကပြုံး၍…





''ရှိတာပေါ့ မသီတာ၊ ရှိလဲရှိတယ်၊ လွယ်လဲလွယ်တယ်''

''ဘယ်လိုလုပ်ရမလဲ''

''မုံးကိုး သွားကြည့်လိုက်ရုံပေါ့''

သီတာနွယ်က သူမပေါင်လေးကို သူမဖာသာရိုက်၍…

''ဟာ… ဟုတ်သားပဲ၊ အဲဒါကို သီတာမေ့နေတယ်၊ မုံးကိုး ဆိုတာ မူဆယ်ကနေသွားရင် နီးနီးလေးပဲ အဲဒီသွားလိုက်ရင် အဖြေသိမှာပေါ့ နော်''

''သိတာပေါ့ မသီတာ၊ ဒီအကြောင်းတွေဟာ သူတို့ဒေသမှာ ပုံပြင်တစ်ပုဒ်လို့တော့ အနည်းဆုံးပြောနေကြဦးမှာပဲ၊ အဲဒီပုံပြင်ထဲမှာ သူတို့ရဲ့ တစ်ချိန်က ခေါင်းဆောင် ဦးအိုက်လိတ်ရဲ့သမီး နန်းဝတ်မှုံ ဘာဖြစ်သွားတယ် ဆိုတာတော့ မပါဘဲ နေမှာမဟုတ်ပါဘူး''

''အဲဒါသိပ်ကောင်းတဲ့အဖြေပဲ ကိုဇော်မိုင် နောက်တစ်ခုက အဲဒီ ကိုသွားတဲ့အခါ၊ ရွှေရည်ကိုပါ ခေါ်သွားနိုင်ရင် ရွှေရည်ဟာ နန်းဝတ်မှုံ ဟုတ်မဟုတ် တစ်ခါတည်း အဖြေပေါ်မှာပဲနော်''

''တစ်ခါတည်း အဖြေမပေါ်တောင်၊ ဒေါက်တာဝင်းရွှေရည်ကို နန်းဝတ်မှုံလို့ ယုံကြည်တာ… ကျွန်တော် တစ်ယောက်တည်း မဟုတ်ဘူး ဆိုတာတော့ မသီတာတွေ့ရမှာပဲ…. အဖြစ်အပျက်တွေက ကြာပြီဆိုပေ မယ့်၊ ကမ္ဘာဦးနဲ့ ရှေးရှေးတုန်းက ဖြစ်ခဲ့တာမဟုတ်ဘူး မသီတာ… အားလုံးပေါင်းမှ ဆယ်နှစ်ကျော်ကျော်လေးပဲရှိသေးတယ်၊ သူတို့ခေါင်း ဆောင်ကြီးရဲ့သမီး နန်းဝတ်မှုံကို မှတ်မိနေတဲ့သူတွေ မုံးကိုးမှာ အများကြီး ရှိဦးမှာပါ''

www.burmeseclassic.com



"အကယ်၍ ရွှေရည်သာ နန်းဝတ်မှုံဖြစ်ခဲ့ရင် ကိုဇော်မိုင် ဘယ်လို လုပ်မလဲ"

"ဘယ်လိုမှ လုပ်စရာမရှိပါဘူး မသီတာ၊ ကျွန်တော့်အတွက်တော့ ဘာမှ ထူးမှာမဟုတ်ပါဘူး၊ ဘာဖြစ်လို့လဲဆိုတော့ နန်းဝတ်မှုံနဲ့ ကျွန်တော် နောက်ဆုံးတွေ့ခဲ့တဲ့အချိန်မှာ နန်းဝတ်မှုံဟာ ကျွန်တော့်ကို သိပ်ချစ်နေတဲ့ ဝတ်မှုံ မဟုတ်တော့ဘူး။ သူ့အဖေကိုသတ်မိတဲ့အတွက် ကျွန်တော့်ကို သေနတ်နဲ့ပစ်သတ်ဖို့ ကြိုးစားနေတဲ့ နန်းဝတ်မှုံဖြစ်နေပြီ"

ဇော်မိုင်စကားအဆုံးမှာ သီတာနွယ်က ငိုင်သွားပြီး သက်ပြင်းချသည်။

ခဏကြာသောအခါ၊ လှုခွဲထွက်သွားသော အဖွဲ့များ ပြန်ရောက်လာသဖြင့် စကားစပြတ်သွား၏။

✤ ✤ ✤



၉။

"မင်းကိစ္စကို သီတာနွယ်က အတော်ကို စိတ်ဝင်စားနေတယ် ဇော်မိုင်"

မန်စီကပြန်လာပြီး နောက်တစ်နေ့ ညဘက်တွင် ထက်နိုင်က စကားစသည်။ ဇော်မိုင်က…

"မင်းနဲ့ ထပ်တွေ့သေးလို့လား"

"အေးတွေ့တယ်၊ မင်းရုံးမှာ စိုက်ပျိုးရေးကိစ္စ စာရင်းအသားတွေနဲ့ အလုပ်ရှုပ်နေတုန်း၊ ငါ့ရုံးကိုဖုန်းဆက်ပြီး သူ့ဆီခဏလာတွေ့ဖို့ ပြောတယ်၊ အဲဒါနဲ့ ငါသွားလိုက်တယ်"

"သွားလိုက်တော့"

www.burmeseclassic.com



"ထုံးစံအတိုင်းပေါ့ကွာ၊ သူသိချင်တဲ့မေးခွန်းတွေ ငါ့ကို မေးတယ်။ အမိကကတော့ မင်းနဲ့ပတ်သက်တာ တွေပဲပေါ့"

"ဘာတွေလဲ"

"အစုံပဲ၊ အဲဒါတွေလဲ မေးတယ်။ နောက်ပြီး ငါ့ကို တစ်ခု စီစဉ်ခိုင်းလိုက်တယ်၊ နောက်တစ်ပတ် တနင်္ဂနွေနေ့ကျရင် မုံးကိုးကို လိုက်ပို့ပေးပါ... တဲ့၊ ဒီပြင်လူတွေလဲ မခေါ်နဲ့တော့၊ မင်းရယ် ငါရယ်၊ သူတို့နှစ်ယောက်ရယ်ပဲ သွားချင်တယ်...တဲ့"

"ဘာလုပ်မလို့တဲ့လဲ ထက်နိုင်"

"အဲဒါတော့ ငါလဲမသိဘူးကွာ၊ သူသွားချင်တယ်ဆိုရင် ငါကလဲ ဘယ်ဖြစ်ဖြစ် လိုက်ပို့ချင်နေတဲ့ကောင်ဆိုတော့၊ တစ်စက္ကန့်တောင်မဆိုင်းဘူး စီစဉ်ပေးမယ်လို့ ကတိပေးခဲ့တယ်"

"သူကဘာဖြစ်လို့ ငါ့ကိစ္စကို အဲလောက် စိတ်ဝင်စားနေရတာလဲ"

"အဲဒါတော့ ငါလဲမသိဘူး၊ မှန်တာပြောရရင် အဲလိုမေးကြည့်ဖို့လဲ သတိကိုမရဘူး၊ ငါ့စိတ်ထဲမှာ အရမ်းလဲသဘောကျ၊ မင်းကိုလဲ ကျေးဇူးတင်နေတာပဲရှိတယ်"

"ကျေးဇူးတင်တယ်... ဟုတ်လား၊ ဘာဖြစ်လို့လဲ"

"ဘာဖြစ်ရမလဲကွာ၊ မင်းရောက်လာမှ မင်းကိစ္စ သူစိတ်ဝင်စားပြီး ငါနဲ့ ပိုပူးပေါင်းမိနေလို့ပေါ့။ ဒီတိုင်းဆို မင်းကိစ္စ အဆင်ပြေမပြေ အပြောင်းအလဲ ရှိမရှိတော့ မပြောတတ်ဘူး၊ မင်းကိစ္စအကြောင်းပြုပြီး သူနဲ့ငါနဲ့ အိုကေသွားဖို့ကတော့ သိပ်သေချာနေပြီ"





ဇော်မိုင်ကပြုံးလိုက်သည်။

ပြီးမှ မေးခွန်းတစ်ခုမေးလိုက်၏။

"ဒါဖြင့် နောက်တနင်္ဂနွေနေ့ကျရင် မုံးကိုးသွားဖို့လဲ သေချာနေပြီပေါ့"

"သေချာရမှာပေါ့ကွာ၊ မဖြစ်ဖြစ်အောင်ကို စီစဉ်ပေးရမှာပေါ့၊ သီတာ့အတွက်ပဲ"

ဇော်မိုင်သက်ပျင်းချသည်။

မုံးကိုးသွားလိုက်လျှင်တော့ ဒေါက်တာဝင်းရွှေရည်ဆိုသော မိန်းကလေးသည် နန်းဝတ်မှုံ ဟုတ်မဟုတ် ရှင်းသွားမှာအမှန်ပဲ ဖြစ်သည်။

သို့သော်... သူမျက်လုံးထဲတွင် မနေ့က တစ်နေ့လုံး ဇော်ဗလနှင့် တစ်ပူးတွဲတွဲ ဖြစ်နေသည် ဒေါက်တာ ဝင်းရွှေရည်ကို ပြန်မြင်ယောင်သည်။

ထိုအခြေအနေမျိုးမှာတော့ ဒေါက်တာဝင်းရွှေရည်သည် ဒေါက်တာဝင်းရွှေရည်ဖြစ်နေခြင်းက ပိုကောင်းနေပေသေးသည်။

ဘုရား သိကြားမ၍၊ မုံးကိုးသွားပြီးသည့်အချိန်မှာလည်း ဒေါက်တာဝင်းရွှေရည်သည် ဒေါက်တာဝင်းရွှေရည်ပဲဖြစ်နေပါစေ...ဟု ဆုတောင်းမိ၏။

ခုအခြေအနေမျိုးမှာ ဒေါက်တာဝင်းရွှေရည်သာ နန်းဝတ်မှုံ ဖြစ်လာပါလျှင် သူ့အတွက်ပို၍ ရင်ကျိုးစရာတွေပဲ ဖြစ်လာတော့မည် မဟုတ်ပါလား။

✤ ✤ ✤



www.burmeseclassic.com

www.burmeseclassic.com

# အပိုင်းခြောက်

(ငြိမ်းချမ်းရေး ပန်းပွင့်ဖြူ…၊ အလွမ်းနှင့် ပေါက်ကွဲမှုအစ)

www.burmeseclassic.com

www.burmeseclassic.com

၁။

မုံကိုးဒေသသည် အမှန်က မူဆယ်နှင့်ဘာမှမဝေး။

အရင်ကာလ အခြေအနေတုန်းက လမ်းပန်းဆက်သွယ်ရေး အခက်အခဲကြောင့်လည်းကောင်း၊ သူ့နယ်နှင့်သူ ပိုင်းခြားထားသော လုံခြုံရေးအခြေအနေ၊ စစ်ရေးအခြေအနေကြောင့်လည်းကောင်း၊ မူဆယ်ဘက်သို့ သူတို့အသွားအလာ နည်းခဲ့ကြခြင်းဖြစ်သည်။

ခုသည်ဘက်ပိုင်း ငြိမ်းချမ်းရေးရယူပြီးသည်နှင့် လုံခြုံရေး အခြေအနေ၊ စစ်ရေးအခြေအနေများ လုံးဝကင်းရှင်းသွားသည်။ ဒေသအလိုက်

www.burmeseclassic.com

www.burmeseclassic.com



အဖွဲ့အစည်းများနှင့် နိုင်ငံတော်တို့ ပူးပေါင်းဆောင်ရွက်မှုကြောင့် လမ်းပန်းဆက်သွယ်ရေးများလည်း ကောင်းမွန်လာသည်။

သည်အခြေအနေမှာ မူဆယ်၊ ကြူကုတ်၊ ပေမိုးလုံ၊ မုံးကိုး ခရီးက ဘာမှအခက်အခဲမရှိတော့။ သက်သက်သာသာနှင့်ပင် နေ့ချင်းပြန်သွားလို့ရသည်။

ထက်နိုင်က သီတာနွယ်ပြောထားသော တနင်္ဂနွေနေ့တွင် သူ့ဗင်ကားလေးနှင့်အတူ မုံးကိုးသို့ ထွက်ခဲ့သည်။

လမ်းခရီးတစ်လျှောက်တွင် ငြိမ်သက်၍ လိုက်ပါလာသူများက ဇော်မိုင်နှင့် ဒေါက်တာဝင်းရွှေရည်ဖြစ်သည်။

ဇော်မိုင်က မုံးကိုးသို့ ဝင်းရွှေရည် လွယ်လွယ်ကူကူ လိုက်ပါလာခြင်းအတွက် အံ့သြနေမိ၏။ သည်နေ့မတိုင်မီ ရက်များက၊ သီတာနွယ်နှင့်တွေ့ပြီး ထက်နိုင်ပြောပြသောစကားများကိုလည်း ကြားယောင်နေမိသည်။

"မုံးကိုးသွားမယ့်ကိစ္စ၊ သီတာနွယ်က ဝင်းရွှေရည်ကို ပြောလိုက်တယ်တဲ့ဇော်မိုင်…၊ ဝင်းရွှေရည်က သူမလိုက်ချင်ဘူးလို့ ငြင်းတယ်တဲ့…"

"အဲဒီတော့ တို့ချည်းပဲ သွားရမှာပေါ့… "

"ဘယ်ဟုတ်မလဲ၊ အဲဒီလိုငြင်းတော့ သီတာနွယ်က စကားနာထိုးတာပေါ့ကွာ၊ ဘာလဲ….မင်းပြောသလို သူဟာ တစ်ချိန်က နန်းဝတ်မှုံဖြစ်ခဲ့တယ်ဆိုတာ ပေါ်သွားမှာစိုးလို့လား..ဘာလားနဲ့ တော်တော်ပြောယူမှ နောက်ဆုံးကျတော့ လိုက်ခဲ့မယ်လို့ ဖြစ်သွားတာတဲ့…"

"နေဦးထက်နိုင်၊ ငါအခုမေးမယ်၊ ဒီကိစ္စမှာ ကာယကံရှင်ဖြစ်တဲ့ ငါ့ထက်တောင် သီတာနွယ်ကပိုပြီး စိတ်ဝင်စားနေတယ်၊ ဘာဖြစ်လို့





ဒီကိစ္စကို သီတာနွယ်က အရမ်းသိချင်နေရတာလဲ…"

"အကြောင်းတွေ အများကြီးရှိတယ်ဇော်မိုင်… တချို့ကိစ္စတွေကင်းကိုရောက်ရောက်ချင်း စိတ်မချမ်းမသာ ဖြစ်မှာစိုးလို့ မပြောတာ၊ အမှန်အတိုင်းပြောရရင် ဇော်ဗလအနေအထားကို ငါတို့သိပ်မကြိုက်ဘူး.."

"ငါတို့ဆိုတာ ဘယ်သူတွေလဲ…"

"ငါတို့ဆိုတာ ငါရယ်၊ အိုက်မောင်ရယ်၊ ဆွေဆွေရယ်၊ သီတာနွယ်ရယ်ပေါ့ကွာ… မင်းသိတဲ့အတိုင်း ငါက နတလမှာ လုပ်နေရတယ်ဆိုပေမယ့်၊ တကယ်တော့ တပ်မတော်သားပဲ၊ အိုက်မောင်က မူးယစ်တပ်ဖွဲ့က၊ ဆွေဆွေက အကောက်ခွန်က၊ သီတာနွယ်ကတော့ ထားပါ၊ သူကတော့ကျောင်းဆရာမဆိုတော့ ငါတို့ပြောပြတာပဲ သိရတာ။ ငါတို့ဒီဘက်ကသုံးယောက်စလုံးဟာ တာဝန်အရ မူးယစ်ဆေးဝါးနဲ့ပတ်သက်တဲ့ ကိစ္စန်သမျှ စိတ်ကို စိတ်ဝင်စားရတယ်။ ရတတ်သမျှသတင်း ပေါင်းစုံကိုလည်းစုစည်းပေးရတယ်…"

"အဲဒီတော့…."

"အဲဒီတော့…ဇော်ဗလနဲ့ပတ်သက်တဲ့ သတင်းတွေက သိပ်ကောင်းဘူး၊ ငါတို့ဘက်က ခိုင်ခိုင်လုံလုံ မဖော်ထုတ်နိုင်၊ သက်သေမပြနိုင်သေးတာသာရှိတယ်။ ငါတို့သိသလောက် ဇော်ဗလ ခုလောက်ကြီးပွားနေတာ တစ်ဘက်က မူးယစ်ဆေးဝါးလုပ်ငန်းလုပ်နေလို့ပဲလို့ သံသယရှိတယ်။ အထူးသဖြင့် အိုက်မောင်က ပိုသိတာပေါ့…"

"မင်းတို့က သတိမပေးဘူးလား…."

"မပေးဘဲ နေမလားကွာ၊ ဒီလောက်ခင်တဲ့ သူငယ်ချင်းတွေ၊



www.burmeseclassic.com

www.burmeseclassic.com



သတိပေးရုံ မဟုတ်ဘူး၊ လုပ်နေရင်လဲ ရပ်တန်းက ရပ်လိုက်ဖို့တားတယ် ဒါပေမယ့် ဇော်ဗလက သူမလုပ်ကြောင်းပဲငြင်းတယ်…''

''အဲဒါနဲ့ပဲ ခုနသီတာနွယ့်ကိစ္စ ဘယ်လိုဆက်စပ်နေသလဲ…''

''သီတာနွယ်ကလဲ ဇော်ဗလဒီလိုဖြစ်နေတယ်ဆိုတာ ငါတို့က တစ်ဆင့် သိထားတော့ သူ့သူငယ်ချင်း ဝင်းရွှေရည်ကို ဇော်ဗလနဲ့ မပတ် သက်စေချင်ဘူး။ ဒါကြောင့် အရင် ဇော်ဗလ ဝင်းရွှေရည်ကို အသေကာ နေလိုက်နေကတည်းက ဝင်းရွှေရည်ကို ပြန်မကြိုက်ဖို့ တားခဲ့တယ်…''

''အင်း…အဲဒါနဲ့…''

''အရင်တုန်းကတော့ ဝင်းရွှေရည်ကလဲ သီတာနွယ်စကား လက်ခံပြီး ဇော်ဗလကို သိပ်အကာပ်မခံဘူး။ ခု မင်းနဲ့တွေ့တဲ့နေ့ကစပြီး ဝင်းရွှေရည်အချိုးက ပြောင်းသွားတယ်..တဲ့…''

''ဇော်ဗလနဲ့ တွဲသွားတဲ့ကိစ္စ ပြောတာမဟုတ်လား၊ အဲဒီကိစ္စ မင်းနဲ့ငါ တစ်ခါ ပြောပြီးပြီပဲ။ ငါနဲ့တွေ့မှ အရင်တုန်းက သူအကာပ်မခံတဲ့ ဇော်ဗလနဲ့ တွဲသွားတယ်ဆိုတာ ဟုတ်လားလို့၊ အဲဒီတုန်းက ငါတောင် ပြောခဲ့သေးတယ်လေ။ အဲဒါဆို… ဒေါက်တာဝင်းရွှေရည်ဟာ နန်းဝတ်မှုံလို့ ငါ့ပိုယုံသွားပြီလို့…''

''အေး…မင်းလိုပဲ၊ သီတာနွယ်ကလဲ ဝင်းရွှေရည်ကို အရမ်း သံသယ ဖြစ်သွားတယ်။ ဝင်းရွှေရည်ဟာ ဇော်ဗလကို ချစ်လို့ တွဲတာထက် မင်းနဲ့ဖြစ်ခဲ့တဲ့ အမုန်းတရားတစ်ခုပေါ်မှာ အခြေခံပြီး မင်းစိတ်ဆင်းရဲအောင် ဇော်ဗလနဲ့ သူတွဲပြလိုက်တာများလားလို့ သီတာနွယ်က ယူဆတယ်…''

''နောက်တစ်ခါ ငါ့ဆီကနေတစ်ဆင့် မင်းအကြောင်း၊ မင်းနဲ့





နန်းဝတ်မှုံအကြောင်းတွေ သိသွားတော့ သူ့စိတ်ထဲမှာ မင်းကိုနားလည်သွား တယ်။ တကယ်က မင်းမှာ ဘာအပြစ်မှမရှိဘူးလို့ သူခံယူလိုက်တယ်၊ ဒါကတစ်ပိုင်းပေါ့ကွာ…

ပထမပိုင်း အနေအထားမှာတင် သူကဝင်းရွှေရည်ကို ဇော်ဗလ နဲ့ မဖြစ်စေချင်ဘူး၊ ခုလိုတမင်ရွှံ့တွဲရင်းကနေ ဝင်းရွှေရည်နဲ့ဇော်ဗလ တကယ်ဖြစ်သွားမှာ စိုးရိမ်တယ်…

ဖြစ်ချင်းဖြစ်ရင် မင်းနဲ့ပဲ ပြန်ဖြစ်သွားစေချင်တယ်၊ ဒါပေမယ့် အဲလိုဖြစ်ဖို့ကလဲ ဝင်းရွှေရည်ဟာ နန်းဝတ်မှုံဖြစ်မှ ဖြစ်မှာလေ၊ နို့မို့ မင်းနဲ့ ဝင်းရွှေရည်မှာ ဘာအဆက်အစပ်မှ မရှိဘူး။ အဲဒါကြောင့် ဝင်းရွှေရည်ဟာ နန်းဝတ်မှုံဟုတ်မဟုတ်ဆိုတဲ့ ကိစ္စကို သူအရမ်းစိတ်ဝင်စားနေတာ၊ ဟုတ်နေ ရင်လဲ ဒီပြဿနာအဲ သူဝင်ပါချင်နေတာအမှန်ပဲ…

''အဲဒါကြောင့် သူက ဝင်းရွှေရည်ကို မုံးကိုးခရီးမှာ မရရအောင် ခေါ်ခဲ့တယ် ဆိုပါတော့…''

''ဟုတ်တယ်… မင်းပဲပြောတယ်လေ။ ဝင်းရွှေရည်ကို မုံးကိုး အထိ ခေါ်သွားနိုင်ရင် နန်းဝတ်မှုံဟုတ်မဟုတ် အဖြေပေါ်နိုင်တယ်ဆို…''

''ငါတော့ အဲလိုယူဆခဲ့တာပဲထက်နိုင်။ ဒါပေမယ့် အခုကျ တော့…''

''အခုကျတော့ ဘာဖြစ်သလဲ…''

''အခုကျတော့ ဝင်းရွှေရည်က မုံးကိုးကို အလွယ်တကူ လိုက် လာတော့ ငါ့ယူဆချက်တွေက တစ်မျိုးတောင် ဖြစ်သွားတယ်။ ဝင်းရွှေရည် သာ နန်းဝတ်မှုံဆိုရင် ဘယ်နည်းနဲ့မှ မုံးကိုးကို ခုလောက်အလွယ်တကူ



www.burmeseclassic.com

www.burmeseclassic.com



လိုက်လာမှာ မဟုတ်ဘူး"

ဒါက သောကြာနေ့လောက်က ထက်နိုင်နှင့်သူ ပြောခဲ့သော စကားများဖြစ်သည်။

ခုမနက်ထွက်လာတော့လည်း ဇော်မိုင် ဝင်းရွှေရည်ကို သတိထား ကြည့်မိသည်။ ဝင်းရွှေရည်အမူအယာက ဘာမှ ထူးခြားမှုမရှိ၊ သူ သိပ်မသွားချင်သော ခရီးတစ်ခုကို သီတာနှယ်အားနာသဖြင့် စိတ်မပါတ လိုက်လာရသော အမူအယာမျိုးသာရှိသည်။

ခု…ခရီးလမ်းတစ်လျှောက်မှာလည်း ဘာစကားမှ သိပ်မပြော သည့်ကလွဲ၍ အေးအေးဆေးဆေးပင်ရှိသည်။

ဇော်မိုင်ပင် နည်းနည်း ဇဝေဇဝါဖြစ်လာသည်။

ဒေါက်တာဝင်းရွှေရည်သည် နန်းဝတ်မှုဖြစ်ကိုဖြစ်ရမည်ဆိုသော သူ့ယူဆချက်က မှားများမှားနေပြီလား သံသယဝင်လာ၏။

✤ ✤ ✤



"ဒီနေရာတွေက တပ်မတော်သမိုင်းမှာ နံမည်ကြီးခဲ့တဲ့ စီစီဝမ်၊ ဘာပန်တိုက်ပွဲ ဖြစ်ခဲ့တဲ့နေရာတွေပေါ့ကွာ…"

မူဆယ်မှထွက် ၁၀၅ မိုင်၊ မိုင်းယုတွင် မူဆယ်လားရှိုးလမ်းမကြီး ခွဲထွက်ခဲ့ပြီး ကျူကုတ်မရောက်ခင် ကားလမ်းဘေးတစ်လျှောက် တောင် ကြီးများရှိသောနေရာမှာ ထက်နိုင်ကပြောသည်။

ဇော်မိုင်ကခေါင်းညိတ်သည်။ ထက်နိုင်ကဆက်၍…

"အဲဒီတုန်းက ငါတို့ကွတ်ခိုင်မှာပဲ ရှိဦးမယ်နော်။ အဲဒီတိုက်ပွဲတွေ

www.burmeseclassic.com



အပြီးမှာ ကျူကုတ်ကို တပ်ကပြန်သိမ်းလို့ ရသွားတာပဲ''

''ဟာ....မဟုတ်ဘူး၊ ကျူကုတ်ကို ပြန်သိမ်းနိုင်တာ ၁၉၈၇ ခုနှစ်ဆိုတော့ တို့ဆယ်တန်းအောင်ပြီးသွားပြီ အဲဒီအချိန် မင်းလဲ မုံးကိုးကို ပြန်ရောက်လောက်ပြီ''

''နန်းဝတ်မှုနဲ့လဲ အဲရမ်းချစ်နေကြပြီပေါ့...''

ထက်နိုင်စကားကို သီတာနွယ်က ဝင်ထောက်သည်။

''မဟုတ်ဘူး မသီတာ၊ အဲဒီအချိန်မှာ အရမ်းချစ်တဲ့ကိစ္စတွေ ပြီးသွားလို့ ဝတ်မှုက ကျွန်တော့်ကို အရမ်းတောင် မုန်းသွားပြီ...''

''နေပါဦးကိုဇော်မိုင်.. နန်းဝတ်မှုက ကိုဇော်မိုင့်ကို အရမ်းချစ်ခဲ့ပြီးမှ ဘာဖြစ်လို့ အရမ်းမုန်းသွားတာလဲ...''

သည်ကိစ္စ သီတာနွယ်က သိပြီးသားဖြစ်လျက်နှင့် မသိသလို လုပ်လိုက်သဖြင့် ဇော်မိုင် အံ့အားသင့်သလို လှည့်ကြည့်လိုက်သည်။

သီတာနွယ်က မျက်စိတစ်ဖက်မှိတ်ပြ၍ ဒေါက်တာဝင်းရွှေရည် ဘက် မျက်စပစ်ပြရင်း...

''လုပ်ပါဦး ကိုဇော်မိုင်... သွားရင်းလာရင်း ရှေးဖြစ်ဟောင်း လေးတွေ စားမြုံ့ပြန်ကြတာပေါ့...''

ဇော်မိုင် သဘောပေါက်သွားသဖြင့်ဝင်းရွှေရည်ဘက်သို့ မသိမသာ အကဲခတ်လိုက်သည်။

ဝင်းရွှေရည်က ကားထဲကိုမကြည့်၊ ကားမှန်ပြတင်းမှနေ အပြင်ကို ကြည့်နေသည်။ နားစွင့်လျှင်စွင့်ထားနိုင်သည်ဟု တွက်၍...

''ကံကြမ္မာပေါ့ မသီတာရယ်၊ ကြမ္မာဆိုတာ ဒီလိုပဲရှောင်မ





လွဲမရ ကြုံတတ်တာပဲ...''

''မဟုတ်သေးဘူးလေ...အဲလိုမပြောနဲ့၊ ဘယ်လိုဖြစ်လို့ ဘယ်လို မုန်းသွားတယ်ဆိုတာကို အသေးစိတ်ပြောပြ....''

''ဒီလိုမသီတာ၊ အဲဒီလိုပြောပြမယ်ဆိုရင် ဘယ်ကစပြောရမလဲ ဆိုတော့ နန်းဝတ်မှုတက္ကသိုလ်ကျောင်း သွားတက်ဖို့ ရန်ကုန်ကို ပြန်သွား တာက စရလိမ့်မယ်၊ ဘာဖြစ်လို့လဲဆိုတော့ အဲဒီအချိန်ကစပြီး မုံးကိုးမှာ ဘာဖြစ်တယ်ဆိုတာ နန်းဝတ်မှု မသိတော့လို့ပဲ...''

''အင်း...လုပ်ပါဦး၊ ပြောပြပါဦး..၊ အသေးစိပ်လေးနော်...''

ဇော်မိုင်က ခေါင်းညိတ်ပြီး နန်းဝတ်မှုတဲ့တက္ကသိုလ်တက်ဖို့ ရန်ကုန် ကိုထွက်ခွာသွားချိန်ကနေ စတင်၍ သူကြုံတွေ့ခဲ့ရသည့် အဖြစ်အပျက်များကို ပြောပြသည်။

''အဲလိုနဲ့ နောက်ဆုံးကျတော့ မမျှော်လင့်ဘဲနဲ့ နန်းဝတ်မှုက သူ့အဖေမသိအောင်ပြန်လာတယ်။ အဲဒီနေ့ကတော့ ကျွန်တော်တို့ ဓာတ်လမ်း ရဲ့ အထွဋ်အထိပ်နေ့ပဲ ဆိုပါတော့....''

''နေဦးနော် ကိုဇော်မိုင်.. ကိုဇော်မိုင်ပြောတဲ့အတိုင်းဆို အဲဒီနေ့က ကိုဇော်မိုင်နဲ့နန်းဝတ်မှုတို့အကြားမှာ ဘာပြဿနာမှ မရှိသေးဘူးပေါ့...''

''လုံးဝမရှိဘူး မသီတာ၊ မရှိတာမှ အဲဒီနေ့က နန်းဝတ်မှု မုံးကိုးကိုပြန်ခဲ့တာဟာ ကျွန်တော့်ကို ချစ်လွန်းလို့၊ ကျွန်တော်နဲ့အကြာကြီး ခွဲနေရတာ လွမ်းလွန်းလို့၊ ကျွန်တော်နဲ့တွေ့ရအောင် မုံးကိုးကို ပြန်လာတာ ဖြစ်နိုင်တယ်။ နို့မို့ သူပြန်လာစရာ တစ်ခြား ဘာအကြောင်းမှ မရှိဘူး..''

''ခဏလေး ဇော်မိုင်၊ မင်းဓာတ်လမ်းကို အဲဒီမှာ ခဏရပ်ထား



www.burmeseclassic.com

www.burmeseclassic.com



လိုက်ဦး။ ကျူကုတ်ဝင်လာပြီ။ ကျူကုတ်တို့၊ ဝမ်တိန့်တို့ ရှခင်းတွေ နည်းနည်းကြည့်လိုက်ပါဦး။ နောက်ပြီးမှဆက်ပြော..''

ထက်နိုင်ဖြတ်ပြောလိုက်သဖြင့် ဇော်မိုင်က လှမ်းကြည့်လိုက်သည်။

''ဟား....''

ဇော်မိုင် အရမ်းအံ့သြသွား၏

✳ ✳ ✳

''ကျူကုတ်ဆိုတာ ငါ့စိတ်ထဲမှာ ရွာအကြီးကြီး၊ ဒါမှမဟုတ် မြို့သေးသေးလောက်ပဲ အောက်မေ့တာ၊ ခုတော့ မူဆယ်နဲ့ နင်လားငါလားပါပဲလားထက်နိုင်၊ ဟိုဘက်ကမ်းကမြို့က ဝမ်တိန်နော်...''

''ဟုတ်တယ်၊ ကျူကုတ်ဟာ မင်းပြောသလို တချိန်က ရွာအကြီးကြီး။ ဒါမှမဟုတ် မြို့သေးသေးပါပဲဇော်မိုင်... အဲဒီအပြင် ၁၉၇၈ က ၁၉၈၇ ခုနှစ်အထိ ၁၇ နှစ်လုံးလုံး သောင်းကျန်းသူတွေလက်ထဲ ရောက်





နေခဲ့လို့ ဖွံ့ဖြိုးတိုးတက်မှု အရမ်းနောက်ကျခဲ့တဲ့မြို့ပါ။ ဒါပေမယ့် ငြိမ်းချမ်းရေးရဲ့ အရသာဟာ သိပ်သိသာတယ်ဇော်မိုင်... ၁၉၈၉ ခုနှစ်မှာ ဒီဒေသတစ်ဝိုက်က အဖွဲ့အစည်းတွေအားလုံး နိုင်ငံတော်အစိုးရနဲ့ ငြိမ်းချမ်းရေး ရယူခဲ့တယ်။ ၁၉၉၃ ခုနှစ်မှာ ကျူကုတ်-ဝမ်တိန်တံတားဖွင့်နိုင်ခဲ့တယ်၊ အဲဒီအချိန်ကစပြီး နှစ်နိုင်ငံ နယ်စပ်ကုန်သွယ်ရေးလုပ်ငန်းတွေ ကျယ်ကျယ်ပြန့်ပြန့် လုပ်နိုင်လာခဲ့တာ။ အခုကျူကုတ်ဟာ မင်းမြင်တဲ့အတိုင်း မူဆယ်နဲ့ ယှဉ်ပြိုင်ပြီး တိုးတက်လာခဲ့တယ်...''

ထက်နိုင်စကားများကို နားထောင်ရင်း တစ်ချိန်က သူ့ဒေသအား ဖြစ်စေချင်ခဲ့သည့် ပုံစံများအား အမှတ်ရသည်။

''တစ်ချိန်က...ငါလဲ ငါ့ဒေသကို အဲလိုအရမ်းဖြစ်စေချင်ခဲ့တယ် ထက်နိုင်၊ အဲဒီစကားတွေ ဖြစ်ချင်တာတွေ ဝတ်မှုံကိုလဲ ပြောပြခဲ့တယ်၊ ဒါပေမယ့် သူ့အဖေရဲ့အလုပ်ကို မဆန့်ကျင်ချင်ဘူးဆိုတာနဲ့ ဝတ်မှုံကို ချစ်တဲ့စိတ်နဲ့ ငါစိတ်အညစ်ခံပြီး အဲဒီဆန္ဒတွေကို မေ့ဖျောက်ထားခဲ့ရတာ''

''ဝတ်မှုံကို မင်းအရမ်းချစ်တာပဲလား...''

''ချစ်တယ်ထက်နိုင်...ဝတ်မှုံကို ငါဘဝတစ်ခုလုံး အနစ်မွန်းခံပြီး တော့ကို ချစ်ခဲ့မိတာ''

ထက်နိုင်ကရယ်လည်း ရယ်ရင်းနှင့် နောက်လှည့်ပြီး...

''ကြားလားမသီတာ...ကျွန်တော့်သူငယ်ချင်း တဖြည်းဖြည်းနဲ့ ရင်တွေဖွင့်လာပြီ''

သီတာနွယ်ကရယ်ရင်း...

''အင်း...ဒီစကားတွေကို ကာယကံရှင်ဖြစ်တဲ့ နန်းဝတ်မှုံ ကြား



www.burmeseclassic.com

www.burmeseclassic.com



စေချင်လိုက်တာ''

သီတာနွယ်က မထိခလုတ်၊ ထိခလုတ်ပြောသည်။

ဝင်းရွှေရည်ကတော့ ရည်လည်းမရယ်၊ ဘာမှလည်းမပြောဘဲ အပြင်ရှုခင်းများသာ ငေးလျက်ငြိမ်နေသည်။

ခုချိန်ထိတော့ ဝင်းရွှေရည်၏အမူအယာက ဘာမှမပြောင်းလဲသေး။

ဇော်မိုင် စိတ်ခါတ်ပင် နည်းနည်းကျချင်လာ၏။

ကျူကုတ်ကနေ မုံးကိုးဘက် ဆက်ထွက်လာခဲ့ရာတွင် မကြာခင် ရေပူစမ်းဆိုသော ရွာလေးရောက်သည်။

* * *





ပထမဆုံး စိတ်ချမ်းသာစရာ မြင်လိုက်ရသော မြင်ကွင်းကတော့ မုံးကိုးအဝင်တွင်ရှိ အထက်တန်းကျောင်းကြီးပင်ဖြစ်သည်။

အရေးကြီးဆုံးအရာကို မြင်လိုက်ရသဖြင့် ဇော်မိုင် အရမ်းဝမ်းသာသွားသည်။ နဂိုက သူတို့ဒေသ နိမ့်ကျနုံချာနေရခြင်းမှာ သည်လိုကျောင်းမျိုးမရှိ၍ဖြစ်သည်။

ခုတော့ ကျောင်းမှ အထက်တန်းကျောင်းကြီးပင် ရှိနေပြီ။

သူမရောက်ရဲသည့်ဒေသကို ပြန်ရောက်လာ၍ ရင်ထဲမှာ လှုပ်ရှားနေသည့်ကြားက အထက်တန်းကျောင်းကြီးကို မြင်လိုက်ရသည့်အတွက် ကိုယ့်ဒုက္ခပင် ကိုယ်မေ့ပြီး ဝမ်းသာသွားမိ၏။

✤ ✤ ✤



www.burmeseclassic.com

www.burmeseclassic.com

၃။

"ဘယ်အရင်သွားမလဲ ဇော်မိုင်…"

ဇော်မိုင်က လှုပ်ရှားနေသော သူ့စိတ်များကို ထိမ်းလိုက်ပြီး …

"ခုလောလောဆည်ရှိနေတဲ့ ဒေသအဖွဲ့အစည်းခေါင်းဆောင်အိမ် ဘယ်မှာလဲလို့မေးပြီး အဲဒီပဲ သွားလိုက်ကွာ။ အဲဒီလူဟာ ငါသိတဲ့သူ တစ်ယောက် ဖြစ်နိုင်တယ်…"

ထက်နိုင်က ခေါင်းညိတ်၍ လမ်းဘေးမှလူတစ်ယောက်ကို ဆင်းမေးသည်။

www.burmeseclassic.com

www.burmeseclassic.com



ထိုလူက သွားပုံသွားနည်း ညွှန်ပြပေးလိုက်သည်။

ထက်နိုင်က ပြန်ထက်လာသောအခါ ဇော်မိုင်က…

''ဘာတဲ့လဲထက်နိုင်…''

''ရပြီဇော်မိုင်၊ သူပြောတဲ့လမ်း ငါမှတ်မိတယ်…''

ထက်နိုင်က ကားလေးကို ပြန်မောင်းသည်။ မုံးကိုးရွာကြီးက အရင်တုန်းကနှင့် ဘာမှမဆိုင်အောင် တိုးတက်ပြောင်းလဲလျက်ရှိသည်။ သို့သော် ရွာအနေအထား၊ လမ်းအနေအထားတွေ လုံးဝမမှတ်မိလောက် အောင်တော့ မဟုတ်သေး။

ထက်နိုင်ဦးတည်သွားနေသည့်လမ်းကိုကြည့်ပြီး မျက်လုံးပြူး လာသည်။

''ဒီလမ်းတည့်တည့်သွားပြီး ညာဘက်ပြန်ချိုးလို့ ညွှန်ထားသလား ထက်နိုင်''

''ဟုတ်တယ်ဇော်မိုင်၊ ဘာဖြစ်လို့လဲ….''

''အဲဒါ… အရင်တုန်းက နန်းဝတ်မှူးရဲ့အဖေ ဦးအိုက်လိတ်ရဲ့ အိမ်ပဲ…''

ပြောရင်းနှင့် ဇော်မိုင်ဟန်မဆောင်နိုင်တော့ဘဲ ဝင်းရွှေရည်မျက်နှာ ကို လှမ်းကြည့်သည်။

ဝင်းရွှေရည်ကတော့ မတုန်မလှုပ်ပင်၊ သူ့ကိုပြန်ကြည့်နေ၏။ သူမမျက်နှာပေါ်မှာ ဘာအငွေ့အသက်မှမရှိ။

⁂ ⁂ ⁂





''ဘာကိစ္စများ ရှိလို့လဲမသိဘူးခင်ဗျ…''

''ဒါ…မုံးကိုးဒေသအဖွဲ့အစည်းခေါင်းဆောင်အိမ် ဟုတ်တယ် နော်…''

''ဟုတ်ပါတယ် ''

''သူ့နာမည်က ဘယ်သူလဲ မသိဘူး…''

'' ဦးဇော်တောင်ပါ…''

''ဦးဇော်တောင်…တဲ့…မင်းသိလားဇော်မိုင်….''

ဇော်မိုင်က ခေါင်းညိတ်သည်။ ထို့နောက်ခြံဝင်းအဝင်ဝရှိ အစောင့် ယူနီဖောင်းဝတ်လေးကိုလှမ်း၍…

''ညီလေး…ကိုဇော်တောင်ကိုပြောလိုက်ပါကွာ၊ သူနဲ့တွေ့ချင်လို့ ပါလို့။ ဘယ်သူကတွေ့ချင်လဲလို့မေးရင်…ဇော်မိုင်…လို့ ပြောလိုက်၊ ဦးဇော်ခန်းရဲ့သား ဇော်မိုင်လို့ ပြောလိုက်ပါ…''

''ဟုတ်ကဲ့…ခဏလေးစောင့်ပါနော်…''

အစောင့်လေးက အထဲဝင်သွားသည်။ ခဏကြာသောအခါ အထဲ က ဇော်တောင် ပြေးထွက်လာသည်ကို တွေ့ရသည်။

ဇော်မိုင့်ကိုမြင်သည်တွင် တအံ့တဩဖြစ်သွားပြီး…

''ဟာ…ကိုဇော်မိုင်…ဗိုလ်ကြီးဇော်မိုင်… ဗိုလ်ကြီးဘယ်လိုလုပ် ပြီး ဒီဘက်ရောက်လာတာလဲ…''



www.burmeseclassic.com

www.burmeseclassic.com



"ခုနလို ကိုဇော်မိုင်ပဲ ခေါ်ပါဇော်တောင်၊ ငါက မင်းတို့ဗိုလ်ကြီးမှ မဟုတ်တော့ဘဲ၊ မင်းကအဖွဲ့အစည်းခေါင်းဆောင်တောင် ဖြစ်နေပြီနော်…"

"ဟုတ်တယ်ကိုဇော်မိုင်၊ လာပါဗျ၊ အထဲဝင်ပါ၊ အထဲရောက်မှ အေးအေးဆေးဆေး စကားပြောကြတာပေါ့။ ဒါနဲ့ဧည့်သည်တွေလဲ ခေါ်လေ…"

"ဝင်မယ်ဇော်တောင်၊ ငါ့မိတ်ဆွေတွေနဲ့မင်းကို အရင်မိတ်ဆက်ပေးဦးမယ်။ ဒါဗိုလ်ကြီးထက်နိုင်၊ ဒါကမသီတာနွယ်…ဒါက…"

ဇော်မိုင်က ဘာမှဆက်မပြောသေးဘဲ ခဏရပ်ထားလိုက်သည်။

ဇော်တောင်က ထက်နိုင်ကို ခေါင်းညိတ်ပြုံးပြ၊ သီတာနွယ်ကို ခေါင်းညိတ်ပြုံးပြလုပ်ရင်း၊ ဝင်းရွှေရည်ဆီ ခုမှ အကြည့်ရောက်သွားသည်။

"ဟင်…မနန်းဝတ်မှုံ…"

ဇော်မိုင်က ထက်နိုင်နှင့် သီတာနွယ်တို့ကို တစ်လှည့်စီ ကြည့်လိုက်သည်။ ထက်နိုင်နှင့် သီတာနွယ်တို့က မသိမသာ ခေါင်းညိတ်ပြသည်။

"ကျွန်မ နန်းဝတ်မှုံမဟုတ်ပါဘူးဦးဇော်တောင်၊ကျွန်မ ခေါ်တာ ဝင်းရွှေရည်ပါ၊ ခုတလော ကျွန်မကိုဒီလိုပဲ လူမှား…မှားနေတယ်"

"ဗျာ…ကိုဇော်မိုင်…အဲဒါဘယ်လိုဖြစ်…"

"လာပါဇော်တောင်၊ အထဲပဲသွားကြရအောင်ပါ၊ အထဲကျ မင်းနားလည်အောင် ငါပြောပြပါ့မယ်၊ ကဲအားလုံးပဲ အထဲသွားရအောင်"

အားလုံးအိမ်ထဲဝင်လိုက်ကြ၏။

* * *





" မနန်းဝတ်မှုံ မသေပါဘူး ကိုဇော်မိုင်… သေနတ်မှန်ပြီး လဲကျ သတိလစ်နေတာပါ။ အဲဒီနေ့က ဒီအိမ်ဝင်းထဲ ကျန်နေခဲ့တဲ့သူတွေ ထဲမှာ မနန်းဝတ်မှုံတစ်ယောက်ပဲ အသက်ရှိတယ်။ အဲဒါနဲ့ ကျွန်တော် ကိုယ်တိုင်ပဲ ဟိုဘက်ကမ်းကဆေးရုံကို ပို့ပေးလိုက်တယ်။ အဲဒီဆေးရုံကလဲ ဒဏ်ရာပြင်းလို့ဆိုပြီး မန်စီဆေးရုံကို ဆက်ပို့ပေးတယ်၊ မန်စီဆေးရုံအထိ ကျွန်တော်ပဲ လိုက်ပို့ပေးခဲ့တယ်၊ မန်စီဆေးရုံရောက်ပြီးမှ နောက်ပိုင်းက ဘာတွေဖြစ်ကျန်ခဲ့မှန်း မသိတာနဲ့ ကျွန်တော်ပြန်လာခဲ့တယ်.."

"ဒီပြန်ရောက်တော့ ဘာတွေဖြစ်နေလဲ…"

"ဘာတွေဖြစ်နေလဲဆိုတော့ ဓာတ်လမ်းတွေက ရှုပ်နေပြီ၊ ဗိုလ်မှူးကြီးကလည်းဆုံး၊ ကိုဇော်မိုင်ကလဲ ပျောက်၊ ကိုဇော်မိုင့်အဖေကလဲ ဒီခြံဝင်းထဲမှာသေနေ၊ အိမ်သွားကြည့်တော့လဲ ကိုဇော်မိုင်အမေနဲ့ညီမ မနန်းငယ် က အသက်မရှိတော့ဘူး၊ အဖွဲ့အစည်းထဲမှာလဲ ခေါင်းဆောင်နေရာအတွက် ပြဿနာတက်နေကြတယ်…"

"ကျွန်တော်ကတော့ အဲဒီပြဿနာတွေထဲ ဝင်မပါတော့ပါဘူး၊ ဗိုလ်မှူးကြီးကော၊ ကိုဇော်မိုင့်အဖေ၊ အမေနဲ့ ညီမတို့ကိုကော ကောင်းကောင်းသဂြိုလ်ပေးနိုင်ဖို့ပဲ ကြိုးစားခဲ့တယ်၊ ကောင်းကောင်းမွန်မွန်လဲ သဂြိုလ်ပေးခဲ့ပါတယ်"

"အဲဒီနောက်ပိုင်းကျတော့ အဖွဲ့အစည်းထဲမှာ အုပ်စုတွေကွဲတယ်၊



www.burmeseclassic.com

www.burmeseclassic.com



နေရာလုကြတယ်၊အချင်းချင်း ပစ်ကြခတ်ကြနဲ့ သေတဲ့သူလဲ သေကုန်ကြ တယ်။ နောက်ဆုံးကျတော့ သူတို့အကွဲအပြဲကိုကြည့်ပြီး စိတ်မရှည်တော့ ကျွန်တော်လူစုပြီး အကုန်လုံးကို ခံချပစ်လိုက်တယ်၊ ဖွတ်ပဲ ခေါင်းဆောင် တက်လုပ်ပစ်လိုက်တော့တယ်။ ကျွန်တော့်သဘောသိနေတော့ လူငယ်ပိုင်းက ကျွန်တော့်ကို လက်ခံပါတယ်၊ အဲဒါပါပဲကိုဇော်မိုင်၊ ကိုဇော်မိုင်သိချင်တာ ဒါပဲမဟုတ်လား…"

"ကျန်သေးတယ်လေ ဇော်တောင်၊ မန်စီဆေးရုံတင်ထားခဲ့တဲ့ နန်းဝတ်မှုံ ဘာဖြစ်သွားလဲ…"

ဇော်တောင်က ဒေါက်တာဝင်းရွှေရည်ကို တစ်ချက်လှမ်းကြည့် သည်။

ပြီးမှ…

"ဘာဖြစ်သွားလဲဆိုတော့ မှန်တာပြောရရင် ကျွန်တော်လဲ မသိ တော့ဘူး ကိုဇော်မိုင်။ ကျွန်တော်လူလွှတ်ပြီး အခြေအနေကြည့်ခိုင်းတော့ မနန်းဝတ်မှုံ ဆေးရုံမှာ မရှိတော့ဘူး။ နေကောင်းလို့ ဆေးရုံက ဆင်းသွားပြီ လို့ပဲ ဆေးရုံက ပြောလိုက်တယ်။ အဲဒီကတည်းက မနန်းဝတ်မှုံနဲ့ မတွေ့ တော့တာပဲ…"

"ကဲ…အချိန်တော့ရောက်ပြီ ကိုဇော်မိုင်၊ လမ်းမှာတုန်းက မပြော ရသေးတဲ့ အဲဒီနေ့က ဘာဖြစ်ခဲ့တယ်ဆိုတာ ဆက်ပြောပြပါဦး…."

"ဟုတ်တယ်ကိုဇော်မိုင်၊ ကျွန်တော်တို့လဲ လိပ်ပတ်လည်သွား အောင် ရှင်းပြပါဦးဗျာ…"

ဇော်မိုင်ကခေါင်းညိတ်ပြီး ထိုနေ့က ဖြစ်ရပ်များကို ရှင်းပြလိုက်





သည်။ နန်းဝတ်မှုံ မန်ပိုင်းမှာရောက်နေသည် သတင်းကြားပြီး ဦးအိုက်လိတ် က သူ့ကိုမခေါ်ဘဲ ထားခဲ့သည်မှစ၍ နောက်ဆုံးဦးအိုက်လိတ်ခြံဝင်းထဲက ထွက်ပြေးသွားသည်အထိ ပြောပြလိုက်သည်။

ဇော်တောင်က တအံ့တသြနားထောင်ရင်း…

"သြော်…ဒီလိုဖြစ်တာကိုး၊ ကျွန်တော်တို့ဒေသမှာ အဲလိုဖြစ်သွား တဲ့ကိစ္စကို ဘယ်သူမှ မသိလိုက်ဘူး ကိုဇော်မိုင်….ထင်ကြေးနဲ့ အားလုံး မှန်းပြီး လျှောက်ပြောနေကြတာတွေပဲရှိတယ်။ ဘယ်သူမှ တိတိကျကျ မသိသလို၊ ဘာတွေဖြစ်ကုန်တယ်ဆိုတာလဲ ဘယ်သူမှ နားမလည်ဘူး။ ခုတော့ရှင်းသွားပါပြီ…."

"အဲဒါဆို ကိုဇော်မိုင်လဲ နန်းဝတ်မှုံတို့သားအဖကို တော်တော်မုန်း နေမှာပဲနော်…"

"ဘာဖြစ်လို့လဲ သိတာပေါ့…"

"သြော်…နန်းဝတ်မှုံအဖေကြောင့် ကိုဇော်မိုင့်ညီမလေး အစော် ကားခံရတယ်၊ သေတယ်၊ နန်းငယ်ကြောင့်တစ်ခါ ကိုဇော်မိုင့်အမေ သေ တယ်။ အဲဒီကိစ္စတွေအကြောင်းပြုပြီး ကိုဇော်မိုင့်အဖေလဲသေတယ်၊ ပြီးတော့ ကိုဇော်မိုင်လဲ သေနတ်ပစ်ခံရတယ်။ အဲဒါကြောင့် အရမ်းနာကျည်းပြီး ဦးအိုက်လိတ်ကို ကိုဇော်မိုင် သတ်လိုက်တာလား…"

"မှန်တာပြောရလျှင် ကျွန်တော်ဦးအိုက်လိတ်ကိုတော့ စိတ်နာမိ တယ်။ ဒါပေမယ့်သူ့ကို နာကျည်းစိတ်ကြောင့် ကျွန်တော်သတ်လိုက်တာ မဟုတ်ပါဘူး။ ကျွန်တော့်ကို တလစပ်ပစ်နေလို့ ကျွန်တော်လန့်ဖြတ်ပြီး ပစ်ခဲ့လိုက်တာမှာ သူ့ကိုထိသွားတာပါ…"



www.burmeseclassic.com

www.burmeseclassic.com



"အဲဒါတင်မဟုတ်ဘူးဗျာ…အဲဒီအနိဋ္ဌာရုံတွေအားလုံးရဲ့ တရား
က ဒက်ဒီလဲမဟုတ်ဘူး။ ကျွန်တော်လဲ မဟုတ်ဘူး။ ဒီပြင်ဘယ်သူမှလဲ
မဟုတ်ဘူး။ တကယ့်တရားခံက မငြိမ်းချမ်းမှုနဲ့ မုန်းယစ်ဆေးဝါးပဲဆိုတာ
ကျွန်တော် သိပါတယ်။ အားလုံးဟာ အဲဒီနှစ်ခုရဲ့ ဘောင်ခတ်ခံထားရတဲ့
အထဲမှာ ဝိတ်လျောင်မိပြီး ဖြစ်ချင်တာတွေ ဖြစ်နေ အဲဒီကြားထဲမှာ
ကြမ္မာငင်ကုန်တော့ ကြေကွဲစရာ အနိဋ္ဌာရုံတွေ စုပြုံဖြစ်လာတာပေါ့။ မှန်
သောစကားကို ဆိုတာပါဗျာ။ အဲဒီတုန်းက ကျွန်တော်ဦးအိုက်လိတ်အိမ်ကို
လိုက်လာတာ အဲဒါကို ထိမ်းဖို့ပါ။ အဲဒါနဲ့ ဦးအိုက်လိတ်တွေ့ရင် ခြေလွန်
လက်လွန်တွေ ဖြစ်ကုန်မှာစိုးလို့ကို နောက်ကနေ တလကြမ်း လိုက်လာခဲ့
တာပါ…"

"ကျွန်တော့်မှာ ပြဿနာတစ်ခုကို အကြမ်းဘက် ဖြေရှင်းချင်တဲ့
စိတ်ကို မရှိဘူး။ ကျွန်တော်နဲ့ဝတ်မှုံနဲ့ကို တစ်ဖက်လှည့်နဲ့ ခွဲထားခဲ့တာ၊
ကျွန်တော့်ညီမလေး နန်းငယ်ကို ဆေးစွဲအောင်လုပ်ခဲ့တာ၊ ဇော်ကားခဲ့တာ
တွေအတွက် ဦးအိုက်လိတ်ကို ဒေါသဖြစ်တယ် အတိုက်အလျောက်နာတယ်။
ဒါပေမယ့် ကျွန်တော်ဖြေရှင်းနည်းက လူသတ် အကြမ်းဖက်ဖို့ မဟုတ်ဘူး။
အဲဒီနယ်မြေက ထွက်ပြေးပြီး အဲဒီအမှောင်ထုနဲ့လွတ်ကင်းတဲ့ အလင်း
တစ်နေရာမှာ ဘဝသစ်ကို ပြန်စဖို့ပဲ။ နန်းငယ်ကိုလဲ အဲဒီအတိုင်း ပြောခဲ့ပါ
တယ်။ အဲဒါကိုလဲ ဒီအတိုင်းလုပ်ဖို့ ညှိပါတယ်…"

အားလုံးငြိမ်ပြီး နားထောင်သည်။

သီတာနွယ်က သူ့စကားအဆုံးမှာမေးသည်။

"သီတာတစ်ခုမေးမယ်၊ ခုနေမှာ နန်းဝတ်မှုံနဲ့တွေ့ရင် နန်းဝတ်မှုံ





ဘာလဲ ကိုဇော်မိုင်ကို အရမ်းစိတ်နာနေမယ်ဆိုရင် ကိုဇော်မိုင် နန်းဝတ်မှုံကို
ဘာပြောမလဲ…"

"ကျွန်တော့်ကို ခွင့်လွှတ်ပါလို့ပဲ ပြောရမှာပေါ့ မသီတာ၊ အတိတ်
တစ်ချိန်က ဖြစ်ခဲ့တဲ့ကိစ္စတွေဟာ အဲဒီအချိန်ရဲ့ အခြေအနေ၊ အချိန်အခါ
ကြောင့် မလွှဲမရှောင်သာ ဖြစ်ခဲ့ရတဲ့ကိစ္စတွေပါ။ အယူဝါဒလွဲမှားခဲ့တာတွေ
ရယ်… နောက်တစ်ခါ လူတွေမှာရှိတတ်တဲ့ လောဘ၊ ဒေါသ၊ မောဟတွေ
ရယ် ပေါင်းစုဆုံစည်းပြီး ဖြစ်ခဲ့တဲ့ အနိဋ္ဌာရုံဖြစ်ရပ်တွေမှာ အမှားအယွင်းတွေ
အဆုံးအရှုံးတွေ သူကောကျွန်တော်ကော နှစ်ဘက်စလုံး ကြုံခဲ့ရတာ
မဟုတ်လား။ ဒါတွေကို ဘဲစားဘဲခြေလုပ်ပြီး သင်ပုန်းချေပေးပါ၊
တစ်ယောက်နဲ့တစ်ယောက် အသည်းနင့်အောင်ချစ်ခဲ့ရတဲ့ ဘဝမျိုး ပြန်မသွား
နိုင်တောင်မှ အမုန်းနဲ့တော့ မနေပါရစေနဲ့လို့ တောင်းပန်မှာပါ…"

စကားအဆုံးမှာ ဇော်မိုင်က ဝင်းရွှေရည်ကို တစ်ချက်လှမ်းကြည့်
သည်။ ဝင်းရွှေရည်က သူ့ကိုပြန်ကြည့်သည်။ သို့သော် ဘာစကားမှတော့
မပြော။

သီတာနွယ်ကသာ သက်ပျင်းတစ်ချက်ချရင်း…

"အင်း…ကိုဇော်မိုင့်အဖြစ်အပျက်တွေ သဘောထားတွေ ကြားရ
တာ၊ ကာယကံရှင်ဆိုရင်တော့ မပြောတတ်ဘူး၊ သီတာတော့ တကယ်
စိတ်မကောင်းဖြစ်တာပါ။ ကဲ…ကိုဇော်မိုင်…စိတ်မကောင်းဖြစ်တာလဲ
စိတ်မကောင်းဖြစ်တာပဲပေါ့။ ဒါပေမယ့် သီတာတို့ဒီကိုလာတဲ့ကိစ္စက
ညှိနှိုင်းချက်တစ်ခု ရှိဟယ်မဟုတ်လား…"

"ဘာလဲမသီတာ… ဒေါက်တာဝင်းရွှေရည်ဟာ နန်းဝတ်မှုံ



www.burmeseclassic.com

www.burmeseclassic.com



ဟုတ်မဟုတ်ဆိုတာ မုံးကိုးရောက်ရင် အဖြေပေါ်မှာပဲလို့ ကျွန်တော်ပြောခဲ့တဲ့ ကိစ္စကို ပြောတာမဟုတ်လား…"

"ဟုတ်တယ်ကိုဇော်မိုင်၊ အဲဒီအဖြေကို ကိုဇော်မိုင် ထုတ်လို့ရပြီလား…"

ဇော်မိုင် ပင့်သက်တစ်ချက်ရှိုက်သည်။ ပြီးမှ ခေါင်းညိတ်၍…

"ရပါပြီ မသီတာ…ကျွန်တော်ဘက်က စတွေ့ကတည်းက ခွဲခွဲမြဲမြဲယုံကြည်နေမိတဲ့ အယူအဆကြီးကို အခုချိန်ကစပြီး ကျွန်တော် စွန့်လွှတ်လိုက်ပါပြီ။ ဒေါက်တာဝင်းရွှေရည်ဟာ နန်းဝတ်မှုံ မဖြစ်နိုင်ပါဘူး…"

ပြောရင်းနှင့် ဒေါက်တာဝင်းရွှေရည်ကို တောင်းပန်သောအကြည့်ဖြင့် ကြည့်သည်။ ထိုအချိန်အထိလည်း ဒေါက်တာဝင်းရွှေရည်ကတော့ ဘာမှမပြောဘဲ ဇော်မိုင့်ကိုသာ စူးစူးစိုက်စိုက် ကြည့်နေသည်။

သူတို့နှစ်ယောက်ကိုကြည့်၍ ကျန်လူများလည်း အားလုံးငြိမ်သက်သွားကြ၏။

✤ ✤ ✤

ငြိမ်သက်သွားသော လူအားလုံးထဲတွင် ရုပ်အားဖြင့် အငြိမ်သက်ဆုံးဖြစ်ပြီး စိတ်အားဖြင့် အလှုပ်ရှားဆုံး ဖြစ်နေသူကတော့ ဒေါက်တာဝင်းရွှေရည်ခေါ် နန်းဝတ်မှုံပဲဖြစ်သည်။

သူမမျက်လုံးထဲတွင် အားလုံးကို လက်မြှောက်အရှုံးပေးလိုက်သည့် ဇော်မိုင်ကိုမြင်နေရ၏။

သူမ သိပါသည်။ တကယ်တမ်း ဇော်မိုင်စွန့်လွှတ်လိုက်သောအရာသည် စတွေ့ကတည်းက သူစွဲမြဲစွာယုံကြည်လျက်ရှိသော အယူအဆ

www.burmeseclassic.com



ကြီး မဟုတ်ဘဲ မျှော်လင့်ချက်များသာဖြစ်ကြောင်း သူမ မြင်နေရသည်။

သူ့မျက်လုံးထဲမှာ ဒေါက်တာဝင်းရွှေရည်သည် ဘာတွေပြောပြော နန်းဝတ်မှုံသာဖြစ်သည်ဟု ခုတိုင် စွဲမြဲစွာယုံကြည်နေကြောင်း သိသာစွာ ပေါ်လွင်နေသည်။

ထိုနည်းတူ သူ့မျှော်လင့်ချက်တွေ အားလုံးကိုလည်း နန်းဝတ်မှုံ ပြတ်သားသော အဆုံးအဖြတ်တွေအား လက်မြှောက်အရှုံးပေး၍ စွန့်လွှတ် လိုက်ပြီဖြစ်ကြောင်းလည်း ထိုမျက်လုံးများကပင် ပြဆိုနေသည်။

နန်းဝတ်မှုံက မျက်နှာအမူအရာ ဘာမှမပြောင်းဘဲ သက်ပြင်း တစ်ခုကို ဘယ်သူမှမသိအောင် ချလိုက်သည်။

အခြေအနေအားလုံးကို သူ့ရှင်းပြချက်တွေနှင့် သိရပြီမို့ မရှု တာမ်းဝန်ခံရလျှင် သူမရင်ထဲက နာကျင်မှုတွေ အတော်လေး လျော့ပါးသွား တာကတော့ အမှန်ပဲဖြစ်သည်။

သို့သော်...နှစ်ပေါင်းများစွာ နာကျည်းခံစားလာခဲ့ရသော ရင်နာ ကြေကွဲမှု အစိုင်အခဲကြီးကတော့ တင်းမာတောင့်ခံလျက် ရှိနေသည်။ သို့အတွက်လည်း သည်ဒေသထဲ ဝင်လာကတည်းက သူ့ရင်ထဲမှာ အပြင်း အထန် လှုပ်ရှားနေခဲ့သော်လည်း သူ့မျက်နှာက ဘာအပြောင်းအလဲမှ မ အောင် ထိမ်းချုပ်ထားနိုင်ခြင်းဖြစ်၏။

အမှန်အတိုင်းဝန်ခံရလျှင် သူမ စိတ်များ လှုပ်ရှားနေသည်မှာ ဇော်မိုင်နှင့် စတွေ့သည့်အချိန်ကတည်းက ဖြစ်သည်။

ဘယ်သောအခါမှ တွေ့ရတော့မည်မထင်သော သူ့မျက်နှာ ထိုနေ့က ဘွားခနဲမြင်လိုက်ရသောခဏမှာ သူမကိုယ်သူမ ဘယ်လို





မထိမ်းနိုင်အောင် အံ့သြခြောက်ခြားသွားသည်။

အကယ်၍သာ သူမရင်ထဲ၌ နှစ်ပေါင်းများစွာ ခံစားလာခဲ့ရသော နာကျည်းစိတ်တွေသာ မရှိခဲ့လျှင် ခုလိုသူမ ကိုယ့်ကိုကိုယ် ဘယ်လိုမှ ထိမ်းချုပ်ထားနိုင်မည်မဟုတ်။

ခုတော့ ကိုယ့်ကိုယ်ကို အံ့သြလောက်အောင်ပင် မိမိကိုယ်မိမိ အမူအယာမပျက်အောင် အိန္ဒြေဖြန့်ဆည်နိုင်ခဲ့သည်။ ထိုအိန္ဒြေဆည်နိုင်မှုက ငြင်ပမှာတော့ ခုထိတိုင် မပျက်ယွင်းသေး။

စိတ်ထဲမှာသာ အတွေးများ ကယောက်ယက်ခတ်နေခြင်းဖြစ် သည်။

စိတ်ထဲမှာ အတွေးများက နှစ်ဘက်ဖြစ်နေ၏

တစ်ဘက်တွင် ခုမှသိခဲ့ရသော ဇော်မိုင်၏အဖြစ်များ ရှိနေသည်၊ ဇော်မိုင်ဘက်က မည်မျှကြေကွဲဘွယ် အဖြစ်များနှင့် ကြုံခဲ့ရကြောင်း ယနေ့ ထိ သူမ....မသိ။

သိစရာလည်းအကြောင်းမရှိ။ ထို့နေ့က သူမဘက်က ကြုံတွေ့ ရသော အဖြစ်အပျက်များက တစ်မျိုးဖြစ်သည်။

ပြီးတော့ ထိုအဖြစ်အပျက်များအပေါ် သူမနားလည်ခဲ့ရသည့် အခြေအနေ အကျိုးအကြောင်းများကလည်း တစ်မျိုးဖြစ်သည်။

ထိုအဖြစ်အပျက် အခြေအနေ အကျိုးအကြောင်းများကလည်း ဇော်မိုင့် ကြေကွဲဘွယ် အဖြစ်အပျက်များနှင့်အပြိုင် ရင်ထဲမှာ ရှိနေဆဲဖြစ်၏။

※ ※ ※



www.burmeseclassic.com

www.burmeseclassic.com



‘‘ဒက်ဒီ သေချာမှာထားသားနဲ့ သမီးရယ်၊ ကျောင်းမပြီးမချင်း ဒီကို ပြန်မလာပါနဲ့လို့ . . . ဘာအတွက် သမီးက ပြန်လာရတာလဲ’’

ထိုနေ့က သူမ ရောက်ရောက်ချင်း ဒက်ဒီက ဆီးကြိုပြောလိုက်သော စကားဖြစ်သည်။

သိပ်တော့ မထူးဆန်း။ သည်ရောက်လျှင် သည်လိုပဲ ကြားရမည်ဟု ကြိုတင်တွက်ဆထားပြီးသား။ တွက်ဆထားပြီးသားအတိုင်း ကြား သည်မို့ နန်းဝတ်မှုံ သိပ်ထူးဆန်းအံ့ဩမနေတော့ပဲ . . .

‘‘သမီး အဲလောက် အကြာကြီးမနေနိုင်ဘူး ဒက်ဒီ၊ စာမေး တစ်နှစ်ပြီးတိုင်း တစ်ခါကျောင်းပိတ်ထားတာကလဲ အကြာကြီး တစ်နှ တစ်ခါ သမီးခဏတော့ ဒီမှာ ပြန်နေမယ်’’

‘‘မဖြစ်ဘူးသမီး . . . ခုချိန်မှာ သမီး ဒီမှာရှိလို့ကိုမဖြစ်ဘူး၊ သမီး ပြန် . . . ဒက်ဒီ အခုချက်ချင်းစီစဉ်ပေးမယ် သမီးဒီကပဲလှည့်ပြန်’’

‘‘ဟင့်အင်း . . . သမီးမပြန်ဘူး၊ သမီးမုံးကိုးကိုသွားမယ်၊ မောင် လဲ တွေ့ချင်တယ်’’

‘‘မဖြစ်ဘူးလို့ပြောနေတယ်မဟုတ်လား သမီး၊ ဒက်ဒီ စိတ် အောင်မလုပ်နဲ့’’

‘‘ဘာဖြစ်လို့ မဖြစ်ရမှာလဲဒက်ဒီ . . . မုံးကိုးမှာ သမီးချစ်သူရှိတာ သမီးချစ်သူနဲ့ သမီးတွေ့ချင်တာပေါ့’’





‘‘အဲဒါကြောင့် သမီးကို ဒီကနေ ပြန်ခိုင်းတာပေါ့၊ သမီးချစ်သူက အရင်လို လူကောင်းမဟုတ်တော့ဘူး။ ဘိန်းစားဖြစ်နေပြီး၊ ခုအချိန်မှာ သမီးကို ဒီလူနဲ့ ကွေ့မပေးနိုင်တော့ဘူး၊ သူနဲ့သမီးကို ဒက်ဒီ သဘော မတူနိုင်တော့ဘူး’’

‘‘ဘာ . . မောင်ကဘိန်းစားဖြစ်နေကယ် ဟုတ်လားဒက်ဒီ၊ မဖြစ်နိုင်ဘူးဒက်ဒီ . . . သမီးချစ်သူက အဲဒီလိုလူမျိုးမဟုတ်ဘူး။ ဒါသက်သက်မဲ့ ဒက်ဒီ သမီးကို ညာပြောတာ’’

‘‘တော် . . . သမီး သိပ်ပြောရခက်ပါလား၊ ဇော်မိုင် ဘိန်းဖြူစွဲ နေတယ်သမီး။ အဲဒီကိစ္စနဲ့ပတ်သက်လို့ ဒက်ဒီ့ကို သူအရမ်းစိတ်ဆိုးနေတယ်၊ ခုချိန်သမီးပြန်လိုက်လာရင် သူသမီးကို ခွတ်လာတွေ့မှာပဲ လာတွေ့လို့ ဒက်ဒီကတားရင် သူနဲ့ဒက်ဒီ ပြဿနာထပ်ဖြစ်မယ် အဲဒါကြောင့် ပြောနေတာ’’

‘‘လုံးဝမဖြစ်စေရဘူးဒက်ဒီ၊ သမီးတစ်ယောက်လုံး ရှိနေရက်သားနဲ့ သူက ဒက်ဒီကို ပြဿနာရှာစရာ ဘာကြောင်းမှ မရှိဘူး၊ သမီးသူနဲ့ တွေ့မယ်။ ဒက်ဒီပြောသလိုဖြစ်နေရင်လဲ သူ့ကို ဖြတ်ခိုင်းမယ်၊ ဒက်ဒီကို သမီး ကတိပေးတယ်ဒက်ဒီ၊ သမီးစကားကို နားမထောင်ရင် သူ့ကို သမီး ဖြတ်ပစ်မယ်။ ဒါပေမယ့် ဒက်ဒီပြောတာ ဟုတ်မဟုတ်တော့ သမီး သိချင်တယ်’’

‘‘မဖြစ်ဘူးသမီး ဒီကောင်လေးက မိုက်ရူးရဲလေး။ ခေါင်းလဲ သိပ်မာတာ၊ သမီးနဲ့တွေ့တဲ့အချိန် သမီးကို တစ်ခုခု . . .’’

‘‘ဟို . . . ဘာတစ်ခုမှ ဖြစ်စရာမလိုဘူးဒက်ဒီ၊ သမီးအဲလောက်



www.burmeseclassic.com

နံနံအအ မဟုတ်ဘူး''

''မရဘူးသမီး၊ သမီး မုံးကိုးကို မလိုက်ရဘူး''

''လိုက်မယ်ဒက်ဒီ၊ အဲဒီအတွက် ဒက်ဒီသမီးကို ဘာလုပ်မလဲ။ သတ်မလား သတ်ပစ်လိုက်၊ ဒါပေမယ့် သမီးကို အတင်းအကြပ် ပြန်ပို့ဖို့တော့ မစဉ်းစားနဲ့။ ရောက်တဲ့နေရာက သမီးရအောင်ပြန်လာမှာပဲ ဘယ်လိုမှ ပြန်လာလို့မရရင် သမီးကိုယ်သမီး သတ်သေပစ်လိုက်မယ်''

ဦးအိုက်လိတ် အကြပ်ရိုက်သွားသည် အကြာကြီးစဉ်းစားနေပြီးမှ

''ကောင်းပြီလေ…ပြောမရရင်လဲ သမီးလိုက်ခဲ့၊ ဒါပေမယ့် တစ်ခုတော့ ဒက်ဒီမေးမယ်၊ တကယ်လို့ ဒက်ဒီပြောသလို ဇော်မိုင် တကယ် ဘိန်းဖြူစွဲနေတယ်ဆိုရင် သမီးဘာလုပ်မလဲ''

''သမီး သူ့ကို ဖြတ်ခိုင်းမယ်၊ တကယ်ပြတ်မပြတ်ဆိုတာလည်း သမီးကိုယ်တိုင်ကြည့်မယ်''

''မပြတ်ရင်''

''ဘိန်းဖြူမပြတ်ရင် သမီးနဲ့ပြတ်ပေါ့ဒက်ဒီ၊ ရင်ထဲမှာ ဘယ်လောက်ချစ်ချစ် ဘိန်း စားမယားတော့ သမီးလဲအဖြစ်မခံနိုင်ပါဘူး''

''သေချာလား''

''သိပ်သေချာတာပေါ့ ဒက်ဒီ''

''ကောင်းပြီလေ… သမီးစကားပဲတည်ပါစေ၊ ဒက်ဒီ သိသလောက်ကတော့ ဘိန်းဖြူဆိုတာ မစွဲအောင် ကြိုရှောင်လို့ပဲရတယ်၊ စွဲမိပြီးရင် ဖြတ်နိုင်ဖို့ဆိုတာ အတော်ခက်တဲ့ကိစ္စပဲ၊ အင်းလေ… သမီး ကြိုးစားကြည့်ချင်ရင်လဲ ကြိုးစားကြည့်ပေါ့။ ဒက်ဒီကတော့ သမီးဖြစ်စေချင်





လို့ လုံးဝမဖြစ်နိုင်ဘူးလို့ သေချာပေါက်ပြောရဲတယ်''

ဒက်ဒီစကားကြောင့် သူမ သက်ပျင်းချသည်။

ဒက်ဒီအမှုအရာက မဟုတ်တာတစ်ခုကို လုပ်ကြံပြောနေသည့် ပုံစံမျိုးလုံးဝမဟုတ်။

ဒါဆို…မောင်… ဘိန်းဖြူစွဲနေပြီဆိုတာ တကယ်ပဲပေါ့။

ဇော်မိုင် ဘယ်လိုဖြစ်သွားတာလဲဆိုသည်ကို သူမ ဘယ်လိုမှ စဉ်းစားမရ။ သည်တော့ သည်နယ်မြေမှာ ဘိန်း၊ ဘိန်းဖြူဆိုသောအရာများက မဆန်းတော့မဟုတ်။ သည်မှာစိုက် သည်မှာချက်ပြီး အပြင်ထုတ်ရောင်းနေကြတာ လူတိုင်းသိသည်။

သို့သော်··သည်လိုလုပ်နေ သည့်အတွက်၊ သည်ဒေသက လူတိုင်း ဘိန်းစားဖြစ်နေကြသည်မဟုတ်။

ဘိန်းကို စီးပွားရေးအရ လုပ်ကိုင်နေကြတာသာဖြစ်ပြီး ဘိန်း အထူးသဖြင့် ဘိန်းဖြူ၏အန္တရာယ်ကို လူတိုင်းသိသည်။ အများစုက ဘိန်းကို ရှောင်သည်။ ဘိန်းမည်းကို ရံဖန်ရံခါ ဆေးအဖြစ်သုံးစွဲသည်မှအပ ဘိန်းဖြူကို မထိမတို့ဖြစ်အောင် ရှောင်ကြသည်။

မောင်တစ်ယောက် ဘာဖြစ်လို့များ သည်လောက်မိုက်မဲစွာဖြင့် သည်ဘိန်းဖြူကို သုံးစွဲလိုက်ပါသနည်း။

အိမ်ပြန်လာသည့် လမ်းတစ်လျှောက်လုံး နန်းဝတ်မှုံ စိတ်လေးလံနေမိ၏။

✤ ✤ ✤



www.burmeseclassic.com

www.burmeseclassic.com

၅။

တိတ်လန့်ခြောက်ခြားစရာကောင်းလှသည့် အဖြစ်ဆိုးကြီးဖြစ်ပျက်သည့်အချိန်သည် ဦးအိုက်လိတ်နှင့် နန်းဝတ်မှုံတို့အိမ်ထဲ ပြန်ရောက်စအချိန်ဖြစ်၏။

သူမ ကောင်းစွာ မှတ်မိသည်။

ဒက်ဒီနှင့်သူမ ကားပေါ်ကဆင်း၍ အိမ်တံခါးဝရောက်ရုံပဲ ရှိသေးသည်။ အိမ်ထဲသို့ ခြေတစ်လှမ်းမှ မဝင်ရသေး။

ကားတစ်စင်း မောင်းလာသံကြားသည်။



သူတို့ဝင်လာသဖြင့် ဖွင့်လိုက်သော ဝင်းတံခါးကြီးကို အစောင့်နှစ်ယောက်က ပြန်ပိတ်နေဆဲပဲရှိသေးသည်။

"ဝုန်း"

ကျယ်လောင်သောအသံကြီးကြောင့် လန့်ပြီး လှည့်ကြည့်လိုက်သောအခါ ဝင်းတံခါးကြီးကို ကားတစ်စီးက အတင်းဝင်တိုက်လိုက်သည်ကို မြင်လိုက်ရသည်။

ကားနှင့် တိုက်ဖွင့်လိုက်သဖြင့် တံခါးကြီးကလည်း လိန်ကောက်ပြီး ပြန်ပွင့်သွားသည်။ ကားက ခြံထဲရောက်လာသည်။ အစောင့်နှစ်ယောက် တံခါးတစ်ဖက်တချက်စီတွင် လဲကျသွားသည်။

သို့သော် အစောင့်များက ချက်ချင်းလူးလဲထပြီး လက်ထဲမှာရှိနေသော သေနတ်များဖြင့် အတင်းဝင်လာသူကို တားဆီးရန်ပြင်သည်။

"ဒိုင်း...ဒိုင်း"

သေနတ်သံများပေါ်လာပြီး အစောင့်နှစ်ယောက် နောက်ကို လန်၍ လဲကျသွားသည်။

"သမီး...သတိထား ရန်သူ"

ဦးအိုက်လိတ်က ပြောပြောဆိုဆိုနှင့် နန်းဝတ်မှုံကို ကွယ်လိုက်ပြီး၊ ခါးမှသေနတ်ကို ဆွဲထုတ်၍ ကားပေါ်မှ ဆင်းလာသူကို လှမ်းပစ်လိုက်သည်။

"ဒိုင်း"

ကားပေါ်မှ ဆင်းလာသူက သေနတ်မှန်သွားသည့်ကြားကပင် ယိုင်ထိုး၊ ယိုင်ထိုးနှင့် ရှေ့ဘက်တိုးလာပြီး ဦးအိုက်လိတ်ကို သေနတ်ဖြင့်



www.burmeseclassic.com

www.burmeseclassic.com



ပစ်နိုင်အောင်ကြိုးစားသည်။

"ဒိုင်း…ဒိုင်း"

ဒက်ဒီက နောက်ထပ်နှစ်ချက် ဆင့်ပစ်လိုက်၏။

ထိုအခါကျမှ ဝင်လာသူ ဒူးထောက်ပြီး လဲကျသွားသည်။

လဲအကျ ဒူးအထောက်မှာ…နန်းဝတ်မှုံက ထိုသူကို မှတ်မိလိုက်သည်။

"ဟင်…အဘ"

အထိတ်တလန့်နှင့် ရေရွတ်လိုက်သံမဆုံးမီပင် ခြံထဲသို့ ဇော်မိုင်ပြေးဝင်လာခြင်းဖြစ်သည်။

* * *

"အဘ…"

ဇော်မိုင့်အသံ ကြားရသည်။

ဇော်မိုင်က သူ့အဖေကိုပြေးပွေ့သည်။





ထိုအချိန်မှာ ဦးအိုက်လိတ်က ဇော်မိုင်ကို သေနတ်ဖြင့် လှမ်းပစ်ရန်ပြင်လိုက်သည်ကို နန်းဝတ်မှုံ လှမ်းမြင်သည်။ ဒက်ဒီမပစ်ပါနဲ့ဟု အော်ပြီး ဒက်ဒီလက်ကို တွန်းဖယ်ရန် ပြင်လိုက်သည်။

သို့သော် သူမအသံ ထွက်ပေါ်မလာမီမှာပင် ဦးအိုက်လိတ်လက်ထဲမှသေနတ်က ကျည်ဆံအရင်ထွက်သွား၏။

"ဒိုင်း"

"အား"

"အို"

ဇော်မိုင့်ကို သေနတ်ထိသွားသည်ကို မြင်လိုက်ရသည်။ ထိုအချိန်မှာ သူမက ဦးအိုက်လိတ်ကို ဖက်ထားမိပြီး ဖြစ်နေသည်။ ဦးအိုက်လိတ်က သူမကို လက်တစ်ဖက်ဖြင့် တွန်းဖယ်သည်။

ဇော်မိုင် ကိုယ်ကိုလိမ့်၍ တစ်ဘက်သို့ ရှောင်ထွက်သည်။

"ဒိုင်း"

ဒက်ဒီက နောက်တစ်ချက်ပစ်သည်။ ဇော်မိုင်ကိုယ်ကိုလိမ့်၍ ရှောင်သည်။

"ဒိုင်း..ဒိုင်း…ဒိုင်း"

လိမ့်သွားသော ဇော်မိုင်နောက်သို့ ကျည်ဆံများကလိုက်သည်။ သံမံတလင်းကိုကျည်ဆံများထိ၍ ဖွာခနဲ ဖွာခနဲ ဖြစ်နေသည်ကို မြင်ရသည်။

ထိုအချိန်မှာပင် ဇော်မိုင်က ကိုယ်ကိုလိမ့်ရင်းကနေ သေနတ်ကိုဆွဲထုတ်ပြီး ဒက်ဒီကိုပြန်ပစ်သည်။

"ဒိုင်း…ဒိုင်း…ဒိုင်း"



www.burmeseclassic.com

www.burmeseclassic.com



သေနတ်သံများ ဆက်တိုက်ပေါ်လာပြီး ကျည်ဆံများက ဒက်ဒီ ကိုယ်ကို ဖောက်ထွင်းဝင်လာကြသည်။

"အား"

ဒက်ဒီ နာကျင်စွာအော်လိုက်ပြီး လဲကျသွားသည်။

"ဒက်ဒီ"

သူမ အသံကုန်အော်၍ ဒက်ဒီကိုပြေးပွေ့သည်။

ဒက်ဒီကိုယ်မှသွေးများ တလဟောထွက်နေပြီး အသက်လဲမရှိ တော့။

"ငါ့အဖေကို သူသတ်လိုက်ပြီ" ဆိုသောအသိက ခေါင်းထဲသို့ တင်းခနဲဝင်လာသည်။

ဒက်ဒီပြောခဲ့သောစကားများ ပြန်သတိရသည်။

"ဒက်ဒီကို သူအရမ်းစိတ်ဆိုးနေတယ်၊ ခုချိန်သမီးပြန်လိုက်လာ ရင် သူ သမီးကို ဖွတ်လာတွေ့မှာပဲ လာမတွေ့ဖို့ ဒက်ဒီကတားရင် သူနဲ့ ဒက်ဒီ ပြဿနာထပ်ဖြစ်မယ်... ဒီကောင်က မိုက်ရူးရဲ"

စိတ်ထဲမှာ ဒက်ဒီနှင့်သူ...ပြဿနာ အကြီးအကျယ် ဖြစ်ထားကြ သည်။ သို့အတွက် သူမပြန်ရောက်လာသည့်အချိန်မှာ သားအဖနှစ်ယောက် စလုံး ပြဿနာရှာကြတာဟုပဲ ထင်လိုက်သည်။

သည်ကြားထဲမှာ သူဆက်တိုက်ပစ်လိုက်သော ကျည်ဆံများ ကြောင့် ဖခင်ဖြစ်သူ ပိုးစိုးပက်စက်သေဆုံးသွားသည်ကို မျက်ဝါးထင်ထင် မြင်လိုက်ရသောအခါ နန်းဝတ်မှုံ စိတ်မထိမ်းနိုင်တော့။

သူမ ဖခင်လက်ထဲမှသေနတ်ကို ယူလိုက်သည်။ ထရပ်လိုက်





သည်။ ဇော်မိုင်ကို လှည့်ကြည့်လိုက်သည်။

ဇော်မိုင်က လဲနေရာကနေ ဒဏ်ရာကိုလက်ဖြင့်ဖိ၍ ကုန်းထလာ သည်ကိုမြင်ရသည်။

စိတ်နာနာနှင့် ဇော်မိုင်နဖူးတည့်တည့်ကို သူမလက်ထဲရှိ သေနတ် ဖြင့် ချိန်ထားလိုက်သည်။

ဇော်မိုင် မော့ကြည့်သည်။

"ဟင်... ဝတ်မှုံ"

ရင်ထဲမှာ ဆို့ခနဲဖြစ်သွားသည်။ သူမသိပ်ချစ်သည့် ချစ်သူ။ ကာလအကြာကြီးခွဲနေရသဖြင့် သိပ်တွေ့ချင်သဖြင့် ပြန်လာရသော ချစ်သူ။

သို့သော် ချစ်သူက ခရီးရောက်မဆိုက်မှာပင် သူမ ဖခင်ကို သေနတ်ဖြင့် ပစ်သတ်လိုက်သည်။

"ဟုတ်တယ်...ငါနန်းဝတ်မှုံပဲ၊ နင်ငါ့အဖေကို သတ်တယ်၊ နင့်ကို ငါပြန်သတ်မယ်ဇော်မိုင်၊ နင့်ကို ငါမုန်းတယ်၊ နင့်ကို ငါအရှင်မထား ဘူး"

နန်းဝတ်မှုံ သွေးပျက်နာကျည်းစွာပင် ပြောလိုက်သည်။

ဇော်မိုင်က အသနားခံသောအကြည့်ဖြင့် ကြည့်ရင်း တစ်ခုခု ပြောသည်။

"နေဦး...ဝတ်မှုံ"

သူမ ဘာမှ မကြားချင်တော့...

"မပြောနဲ့... နင့်ကို ငါသတ်မယ်"

ပြောရင်းနှင့် လက်ထဲကသေနတ်မောင်းကို ဆွဲညှစ်ပြုပြင်သည်။

www.burmeseclassic.com



သို့သော် လက်ကကွေးမလာ။ ဒေါသနှင့် အချစ်တို့၏ အကြားမှာ လက်သည်းများက တောင့်ခံနေသည်။

မျက်စိကို မှိတ်လိုက်၏။ မောင်းကိုဆွဲလို့ရမလားအထင်ဖြင့်. .

''ဒိုင်း''

''အား''

သို့သော်. . သူမ သေနတ်မောင်းကို မဆွဲမိမှာပင် ပြင်းထန်သော ရိုက်ခတ်မှုကြီးတစ်ခုက အရင်ရောက်လာသည်။

ရင်ဝအား ပြင်းထန်သော ထိုးနက်မှုကြီးတစ်ခု ရောက်လာသည်ကိုသာ သိလိုက်ပြီး သူမ ဘာမှမသိတော့။

သူမသတိရလာသောအချိန်တွင် မန်စီဆေးရုံပေါ်သို့ ရောက်နေပြီဖြစ်၏။

✤ ✤ ✤



၆။

''ရပါပြီ. . .မသိတာ. . .ကျွန်တော့်ဘက်က စတွေ့ကတည်းက စွဲစွဲမြဲမြဲယုံကြည်နေမိတဲ့၊ အယူအဆကြီးကို ခုချိန်ကနေစပြီး ကျွန်တော် စွန့်လွှတ်လိုက်ပါပြီ။ ဒေါက်တာဝင်းရွှေရည်ဟာ နန်းဝတ်မှုံ မဖြစ်နိုင်တော့ပါဘူး''

ဇော်မိုင်ပြောလိုက်သည့်စကားကို ဒေါက်တာဝင်းရွှေရည် ဖြစ်နေသော နန်းဝတ်မှုံ ပြန်ကြားယောင်သည်။

အမှန်တော့ နန်းဝတ်မှုံသည် ရန်ကုန်မှာ ကျောင်းပြန်တက်ချိန်မှာပင် ဝင်းရွှေရည်ဟု နံမည်ပြောင်းထားခဲ့ခြင်းဖြစ်သည်။ မန်စီဆေးရုံမှ ဆင်း၍ ရန်ကုန်ကို ပြန်နေသည့်လမ်းမှာပင် ထိုသို့ပြုလုပ်ရန် ဆုံးဖြတ်ခဲ့သည်။

www.burmeseclassic.com

www.burmeseclassic.com



သူမဘဝ၏ အနိဋ္ဌာရုံအပိုင်းများကို ဘာတစ်ခုမှပြန်၍ အစမဖြူချင်တော့။ အားလုံးကို သူမစွန့်ခွာလာခဲ့သည်။ မုံးကိုးလိုအရပ်မှာပဲ ထားပစ်လိုက်တော့ဖို့ ဆုံးဖြတ်သည်။

ထိုကနေတစ်လျှောက်လုံး သူမ နားလည်ခဲ့သည့်အရာမှာလည်း၊ သူမရင်ဝကိုလာမှန်သောကျည်ဆံသည် သူမဖခင်ကို အချက်ပေါင်းများစွာ ပစ်ခဲ့သည့် ဇော်မိုင်သေနတ်မှ ပေါ်ထွက်လာသော ကျည်ဆံဟုပင် ထင်ခဲ့သည်။

အဘယ်ကြောင့်ဆိုသော် သူမမျက်လုံးမှိတ်ထားသည့်အချိန်တွင် ထိုဝင်းထဲ၌ အသက်ရှင်နေဆဲဟူ၍ သူမနှင့် ဇော်မိုင်သာရှိသည်ဟု နားလည်နေသောကြောင့်ပင်။

ဇော်မိုင်ကို သူမဘဝထဲမှ အပြီးအပိုင် ဖယ်ရှားပစ်လိုက်သည်။

သူမဘဝသစ်အားလုံးကို အသစ်တဖန်ပြန်လည် စတင်နိုင်ရန်အတွက် အမည်ဟောင်းကအစ အတိတ်မှာပဲ မြှုပ်နှံပစ်လိုက်သည်။

မှန်သည်။

ဇော်မိုင်ပြောတာမှန်သည်။ ဒေါက်တာဝင်းရွှေရည်ဟာ ဘယ်လိုမှ နန်းဝတ်မှုံ ပြန်မဖြစ်နိုင်တော့ပြီ။ နန်းဝတ်မှုံဘဝကိုလည်း ဘယ်လိုမှ ပြန်မလိုချင်တော့။

ထိုစဉ်မှာပင် ငြိမ်သက်နေသောပတ်ဝန်းကျင်ကို ထက်နိုင်က စတင်ဖြိုခွင်းလိုက်၏။

* * *





"ကဲ… ဒါဆို ငါတို့ပြန်ကြတော့မလား ဇော်မိုင် မင်းဘာလုပ်ချင်တာ ရှိသေးလဲ"

ထက်နိုင်စကားအဆုံးမှာ ဇော်မိုင်က…

"ဒီပြင်တော့ ဘာမှ လုပ်စရာမရှိတော့ပါဘူးကွာ။ ငါ့အဖေနဲ့အမေကို ကန်တော့ချင်တယ်။ ပြီးတော့ ညီမလေးနန်းငယ်ကိုလဲ နှုတ်ဆက်ချင်တယ်၊ သူတို့ရှိတဲ့နေရာ ငါခဏသွားချင်တယ်ကွာ၊ သွားလို့ရမလား ဇော်တောင်"

တစ်လျှောက်လုံး ငြိမ်နေသော ဇော်တောင်က ခေါင်းညိတ်သည်။

"ရတယ် ကိုဇော်မိုင်၊ သူတို့ကိုကော ဗိုလ်မှူးကြီးကိုကော ကျွန်တော် သေသေချာချာမြှုပ်နှံပေးထားပါတယ်၊ လာပါ… ကျွန်တော် လိုက်ပို့ပေးပါ့မယ်"

"မင်းတို့လိုက်ဦးမလားထက်နိုင်၊ မင်းကော၊ မသီတာကော၊ ဒေါက်တာဝင်းရွှေရည်တို့ကော နားချင်ရင် ဒီမှာနားနေခဲ့ပေါ့"

"မထူးပါဘူးကွာ၊ လိုက်ခဲ့ပါမယ်၊ အဲဒီကနေတစ်ခါတည်း ပြန်လို့ရတာပေါ့"

ထိုစဉ် ဇော်တောင်က သတိရသွားဟန်ဖြင့်…

"အော်…ခဏနေဦး ကိုဇော်မိုင်… ကိုဇော်မိုင် ဟိုဘက်ကမ်းက တရုတ်ကျောင်းဆစ်ဆရာကြီးဆီမှာ ပစ္စည်းတစ်ခုအပ်ထားခဲ့တာ ရှိတယ်



www.burmeseclassic.com

www.burmeseclassic.com



မဟုတ်လား''

ဒိန်းခနဲ အလုံးတစ်လုံး ဇော်မိုင့်ရင်ကို လာဆောင့်သည်။

ဟုတ်သားပဲ။

သည်ကိစ္စကို သူတစ်လျှောက်လုံးမေ့နေခဲ့သည်။ သတိရစဉ်တုန်းကလည်း ဒါတွေ ရှိတော့မှာမဟုတ်ဟု ထင်ခဲ့ပြီး ပြန်မေ့ထားသည်။

''အေး ဟုတ်တယ်ဇော်တောင်၊ အဲဒါဘာဖြစ်လို့လဲ''

''ကိုဇော်မိုင်ထွက်သွားပြီး လေးငါးခြောက်လလောက်ကြာတော့ ကျွန်တော် အဲဒီဆရာကြီးဆီရောက်သွားတယ်။ ကျွန်တော်လဲ ပစ္စည်းတစ်ခု သွားအပ်တာပေါ့။ အဲဒီရောက်တော့ သူကပြောပြလို့၊ အဲဒီပစ္စည်း ကျွန်တော် ရွေးထားလိုက်တယ်။ ကိုဇော်မိုင် အဲဒါလေးကို ဘာလုပ်ဖို့လုပ်ထားတာလဲ''

''ဘာဖြစ်လို့ မေးတာလဲ ဇော်တောင်''

''အော်... ကျွန်တော့် စိတ်ထဲမှာ ကိုဇော်မိုင် အဲဒါလေးကို၊ ဟိုနေရာလေးက ကိုဇော်မိုင်လုပ်ထားခဲ့တဲ့ ကျောက်တိုင်လေးမှာထားဖို့ပဲ ဖြစ်တယ်လို့တွက်ပြီး၊ အဲဒီမှာပဲ တစ်ခါတည်း တပ်ထားလိုက်လို့''

ဇော်မိုင်ခေါင်းညိတ်သည်။

''ဟုတ်တယ်...ဇော်တောင်၊ မင်းစိတ်ကူးမှန်ပါတယ်၊ အဲဒါလေးက အဲဒီမှာတပ်ဖို့ပါ''

''အဲဒါဆို...အဲဒါလေးလဲ တစ်ခါတည်း ကြည့်သွားလိုက်ပါဦးဗျာ၊ ရောက်တုန်းရောက်ခိုက်ပဲဥစ္စာ''

''သွားတာပေါ့ ဇော်တောင်''

ကျန်သူများကတော့ ထိုကိစ္စကို ဘာမှနားမလည်သောပုံစံဖြင့်





ကြည့်နေသည်။

ဇော်မိုင် ရှင်းမပြတော့။

ဟိုရောက်တော့သိမှာပဲဟု တွေးလိုက်မိသောကြောင့်ဖြစ်၏။

* * *

''ဦးဇော်ခန်း''

''ဒေါ်နန်းမိုင်''

''မနန်းငယ်''

အုတ်ဂူလေးများတော့မဟုတ်...

သစ်သားဝင်းထရံလေး သပ်သပ်ရပ်ရပ်ခတ်ထားပြီး၊ မြေပုံလေးများတွင် အမည်ပါ မှတ်တိုင်လေးများဖြင့် သန့်သန့်ရှင်းရှင်း သေသေချာချာ လုပ်ပေးထားသည်။

ဇော်တောင်က ဝင်းခြံတိုင်လေးကို လက်ဖြင့်ကိုင်၍ရှင်းရင်း

''အသက်တွေကတော့ ကျွန်တော်အတိအကျမသိလို့ ထည့်မထား



www.burmeseclassic.com

ပါဘူး ကိုဇော်မိုင်''

ဇော်မိုင်က မျက်ရည်ဝဲလျက်နှင့် ခေါင်းခါရင်း…

''ကိစ္စမရှိပါဘူး ဇော်တောင်၊ ငါ့မှာ ကန်တော့စရာ၊ နှုတ်ဆက်စရာလေးရှိအောင် ခုလောက် သေသေသပ်သပ် မှတ်မှတ်ရရလေး လုပ်ပေးထားတာပဲ၊ ကျေးဇူးကြီးလှပါပြီ။ ငါ့တစ်သက်မှာ ဒီလိုလုပ်ခွင့် ရလိမ့်မယ်လို့တောင် မျှော်လင့်ခဲ့မိတာ မဟုတ်ပါဘူး''

''ဒီဘက်က ဗိုလ်မှူးကြီးနေရာ…..ကိုဇော်မိုင်''

ဇော်မိုင် လှမ်းကြည့်လိုက်သည်။

''ဗိုလ်မှူးကြီးအိုက်လိတ်''

ဦးအိုက်လိတ် နေရာလေးကလည်း သူ့ဝင်းခြံလေးနှင့်သူ သည်လိုပဲ သပ်သပ်ရပ်ရပ်လေးဖြစ်သည်။

''အဲဒီအတွက်လဲ ဝတ်မှုံကိုယ်စား ကျေးဇူးအများကြီး တင်ပါတယ် ဇော်တောင်ရယ်။ ငါ့မိဘတွေကန်တော့ပြီးရင် ဝတ်မှုံကိုယ်စား သူ့ကိုလဲ ငါကန်တော့မှာပါ။ ဝတ်မှုံက သူ့အဖေကို သူသိပ်ချစ်တယ်။ ဝတ်မှုံသာတွေ့ရင် မင်းကို သိပ်ကျေးဇူးတင်မှာပဲ''

ထိုစဉ် ရှိုက်သံတစ်ခု ကြားရသည်။

ဇော်မိုင်နှင့် ဇော်တောင်အပါအဝင် ကျန်လူများက လှည့်ကြည့်လိုက်သောအခါမှာတော့ မျက်နှာကို လက်ဝါးဖြင့်အုပ်ရင်း ငိုရှိုက်နေသည့် ဒေါက်တာဝင်းရွှေရည်…

ဇော်တောင်၊ ထက်နိုင်နှင့် မသီတာတို့က ဇော်မိုင်ကို လှမ်းကြည့်သည်။ ဇော်မိုင်ကခေါင်းညိတ်၍ ငိုနေသော ဝင်းရွှေရည်နား သွားရပ်လိုက်ပြီး…





''ဒေါက်တာဝင်းရွှေရည်ဟာ ဘယ်လိုနည်းနဲ့မှ နန်းဝတ်မှုံ မဖြစ်ဘူးဆိုတဲ့စကားကို ခုချိန်မှာ ကိုယ့်နှလုံးသားနဲ့ နားလည်လို့ရပါပြီ ဝတ်မှုံ။ ဒါပေမယ့် ဝတ်မှုံ့ဒယ်ဒီ့ကို ကန်တော့လိုက်ပါ။ ဘာဖြစ်လို့လဲဆိုတော့ နန်းဝတ်မှုံရဲ့အဖေဟာ ဝင်းရွှေရည်ရဲ့ အဖေပဲမဟုတ်လား''

ဝင်းရွှေရည်က ငိုရင်းနှင့်…

''ဟုတ်ပါတယ် ကိုဇော်မိုင်… ဒီပြင်ဟာတွေကို ဟန်ဆောင်လို့ရပေမယ့်၊ မိဘကိုတော့ ဝတ်မှုံလဲ ဟန်မဆောင်ချင်ဘူး။ ဝတ်မှုံ ရွှေရည့်ဘဝနဲ့ နန်းဝတ်မှုံ ပြန်မဖြစ်ချင်တာကို ကိုဇော်မိုင် နားလည်ပေးပါ''

''နားလည်ပါတယ် ဝတ်မှုံ၊ ကိုယ်ကိုယ်တိုင်လဲ နောက်ကို ရွှေရည်အဖြစ်နဲ့ပဲ ဆက်ဆံသွားမှာပါ။ ကဲ…ရွှေရည် ဒယ်ဒီ့ကို ကန်တော့လိုက်နော်။ ကိုယ်လဲ အဘနဲ့အမေ့ကို ကန်တော့လိုက်ဦးမယ်''

ပြောရင်းနှင့် ဇော်မိုင်က ဝင်းရွှေရည်အနားမှ ခွာခဲ့ပြီး အဘနှင့် အမေ့မြေပုံလေးများကို သွားကန်တော့သည်။

ဝင်းရွှေရည်ကလည်း သူ့မအဖေမြေပုံလေးကို သွား၍ကန်တော့သည်။

ထိုမြင်ကွင်းကိုကြည့်၍ ထက်နိုင်က မသီတာနှယ်ဘက်ကို လှည့်ပြီး….

''ဒါဆို……ဝင်းရွှေရည်ဟာ နန်းဝတ်မှုံပဲပေါ့နော်''

''နန်းဝတ်မှုံပါ…ကိုထက်နိုင်၊ သီတာအစောကြီးကတည်းက သိနေပါတယ်။ ဒါပေမယ့် ရွှေရည်က ဖွတ်တင်းနေလို့ ဘာမှမပြောတာ၊

www.burmeseclassic.com



သီတာ ဘာဖြစ်လို့သိနေလဲ သိလား''

''ဟင့်အင်း မသိဘူး မသီတာ···ဘာဖြစ်လို့လဲ''

''သီတာနဲ့ရွှေရည်က တစ်အိမ်တည်း တစ်ခန်းတည်းနေတဲ့ မိန်းကလေးချင်းပဲ ကိုထက်နိုင်ရယ်။ ရွှေရည်ရင်ဘတ်မှာ ဒဏ်ရာအနာရွတ် တစ်ခုရှိတာ အစောကြီးကတည်းက သိနေတာပဲ''

''အော်····''

ထိုစဉ် ဇော်တောင်ကဝင်၍···

''ကျွန်တော်လည်းသိပါတယ်··· ကိုထက်နိုင်နဲ့ မသီတာ၊ ကျွန်တော်ကတော့ ရင်ဘတ်ဒဏ်ရာကို မြင်လို့ မဟုတ်ပါဘူး။ အိမ်ရှေ့မှာ စတွေ့ကတည်းက သူ့မျက်လုံးထဲမှာ ဒဏ်ရာတွေအများကြီးပေါ်နေတယ်''

ထိုစဉ် ကန်တော့ပြီးသွားသော ဇော်မိုင်က ဝင်းရွှေရည်ဆီသွား၍ လက်ကမ်းပေးရင်း···

''ကဲ··· ကန်တော့ပြီးရင် သွားကြရအောင် ရွှေရည်··· ငိုလဲ မငိုပါနဲ့တော့။ တစ်နေ့ကျ ကိုယ်တို့လည်း သူတို့နောက်ကို လိုက်ကြဦးမှာပဲ''

ဇော်မိုင်ကမ်းပေးသောလက်ကို ဆွဲ၍ ဝင်းရွှေရည်က ထရပ်သည်။

ထိုနောက် နှစ်ယောက်သား သူတို့အဖေါ်များဆီ လျှောက်လာခဲ့ကြ၏။

✤ ✤ ✤

''လုပ်ပါဦး ဇော်မိုင်·····အဲဒါလေးက ဘာလေးလဲဆိုတာကို ရှင်းပြပါဦး''

သူတို့ရောက်သွားသော နောက်တစ်နေရာက ဟိုတုန်းက ဇော်မိုင်နှင့် နန်းဝတ်မှုံတို့တွေ့နေကျ၊ သတိရနေကျ၊ လွမ်းနေကျ၊ တောင်စောင်း တစ်နေရာမှ မြေပြန့်ကွက်လပ်ကလေးဖြစ်သည်။

ကွက်လပ်၏အစွန် တောင်ကမ်းပါးဘက်အစွန်းတွင် ကျောက်တိုင်လေးတစ်ခု ရှိနေသည်။ မြေပြင်မှ လေးပေလောက်ထိ ကျောက်တိုင်ကလေး၊



www.burmeseclassic.com

www.burmeseclassic.com



မျက်နှာပြင်တစ်ဖက်ကို တစ်ပေလောက်အကျယ်ရှိသည်။

ထိုကျောက်ခုံး ကျောက်တိုင်လေး၏အပေါ်မှာတော့ တစ်ပေခွဲ သာသာအမြင့်ရှိသည့် ကိန္နရီ ကိန္နရာ တောင်ပန်ယှက်၍ ပျံသန်းနေပုံ ကျောက်ဖြူအရုပ်ကလေး။

ထက်နိုင်၏အမေးကို ချက်ချင်းမဖြေသေးပဲ ဇော်မိုင်က ဝင်းရွှေ ရည်ကို တစ်ချက်လှမ်းကြည့်သည်။ ဝင်းရွှေရည် ခေါင်းလေးငုံ့ထားသည်ကို တွေ့ရသည်။

သီတာနွယ်က ဝင်းရွှေရည်အနားမှာ ရပ်နေရင်းကလှမ်း၍…

"ဟုတ်တယ်ကိုဇော်မိုင် အရုပ်ကလေးက လှလိုက်တာ။ ပြီးတော့ လူမရှိသူမရှိ နေရာလေးမှာ ဒီကျောက်တိုင်လေးက ဘယ်လိုလုပ်ပြီး လာ ရောက်နေတယ်ဆိုတာလဲ ရှင်းပြပါဦး"

ဇော်မိုင်က သက်ပျင်းတစ်ချက်ချရင်း…

"ဒါလေးက ကျွန်တော်နဲ့ဝတ်မှုံတို့ရဲ့ ချစ်ခြင်းသင်္ကေတ အထိမ်း အမှတ်ကျောက်တိုင်လေးပါ။ ထက်နိုင်နဲ့ မသီတာ…ပုံပြင်တစ်ခုလို နား ထောင်ကြည့်ပါ။ ကဲ…ရွှေရည်လဲ သဘောထားပြီး ဒီနေရာမှာ ကျွန်တော်နဲ့ ဝတ်မှုံတို့ အမြဲတွေ့ဆုံခဲ့ကြဖူးပါတယ်။ ဝတ်မှုံတက္ကသိုလ်တက်ဖို့ ခွဲရခါ နီးတော့ ဒီနေရာမှာဆုံကြပြီး အမှတ်တရပစ္စည်းလေးတွေ တစ်ခုစီ ယူထား ကြတယ်။ ပြီးတော့ ဝတ်မှုံက ဒီနေရာလေးမှာ အထိမ်းအမှတ်လေး တစ်ခုခု လုပ်ပေးဖို့မှာတယ်။

ကျွန်တော်လည်းရုတ်တရက်တော့ ဘာလုပ်ရမယ်မှန်းမသိဘူး။ ဒါပေမယ့် ခွဲရမှာက အကြာကြီးဆိုတော့ အလောသုံးဆယ်လုပ်စရာ မလို





ဘူး။ တဖြည်းဖြည်းအချိန်ယူပြီး အကောင်းဆုံးလေးဖြစ်အောင် လုပ်မယ် ဆိုပြီး စိတ်ကူးတယ်။

နောက်တော့ ကျောက်တိုင်လေးတစ်ခုနဲ့ ဒီအရုပ်လေးတွေလုပ်ဖို့ စဉ်းစားပါတယ်။ ဘာဖြစ်လို့လဲဆိုတော့ ကျွန်တော်ဖတ်ဖူးတဲ့ ဇာတ်လမ်း လေးတစ်ခုထဲမှာ တစ်ယောက်နဲ့တစ်ယောက် အရမ်းချစ်ကြပြီး၊ တစ်ည ဝေးတာနဲ့ နှစ်ပေါင်း ၇၀၀ ဆွေးလို့မကုန်ဘူးဆိုတဲ့ ကိန္နရီ ကိန္နရာ အကြောင်းတွေပါတာ သွားသတိရမိတာကို…

ကျွန်တော်နဲ့ ဝတ်မှုံနဲ့ကလဲ အဲလိုပဲချစ်ကြတာပဲလို့ တွေးပြီး၊ ကိန္နရီကိန္နရာ အရုပ်ပါတဲ့ ရုပ်ပုံကားချပ်လေးတစ်ခုရှာတယ်။ အဲဒီပုံအတိုင်း ထုပေးဖို့၊ တစ်ဘက်ကမ်းက တရုတ်ကျောက်ဆစ်ပန်းပုဆရာကြီးဆီမှာ အပ်ထားခဲ့တယ်…

အရုပ်ထုတဲ့အချိန်က ကြာတော့၊ အရုပ်ပြီးရင်ထားဖို့ဆိုပြီး၊ အောက်က ကျောက်တိုင်လေးကို ကျွန်တော် ကြိုလုပ်ထားလိုက်တယ်။ အရုပ်ကလေးမပြီးသေးခင်မှာ ပြဿနာတွေတက်တော့ ဒီဒေသကနေ ကျွန်တော် ထွက်ပြေးသွားခဲ့တယ်။ အထိမ်းအမှတ်ကျောက်တိုင်လေးလဲ အပြီးမသတ်နိုင်ခဲ့ဘူး…

ဒါပေမယ့် ဇော်တောင့်အိမ်မှာ အားလုံးကြားတဲ့အတိုင်း ဇော် တောင်က အရုပ်ကလေးရွေးပြီး၊ ဒီမှာ လာတပ်ထားလိုက်တော့ ပြီးပြည့်စုံတဲ့ အထိမ်းအမှတ်ကျောက်တိုင်လေးတစ်ခု ဖြစ်နေခဲ့တာပါပဲဗျာ…

ဒါအတွက်လဲ မင်းကို ကျေးဇူးအရမ်းတင်ရပြန်ပြီ ဇော်တောင်"

"ကိစ္စမရှိပါဘူး ကိုဇော်မိုင်။ ကိုဇော်မိုင်လုပ်ချင်တဲ့ပုံစံအတိုင်း



www.burmeseclassic.com

www.burmeseclassic.com



ဟုတ်ကောဟုတ်ရဲ့လား။ ကိုဇော်မိုင်လိုချင်သလို ဖြစ်မှ ဖြစ်ပါ့မလားလို့ ကျွန်တော်က စိုးရိမ်နေတာ''

''ကွက်တိပါပဲ ဇော်တောင်.. ဒါအတွက် မင်းစိုက်ထုတ်ထားတဲ့ ကုန်ကျစရိတ်က ဘယ်လောက်ရှိလဲ''

''အဲဒါတွေ မပြောနဲ့ ကိုဇော်မိုင်။ ဒါ ခင်ဗျားတို့နှစ်ယောက် အတွက် ကျွန်တော့်လက်ဆောင်ပါ။ ဖြစ်နိုင်ရင်တော့ ခင်ဗျားတို့ရဲ့ အထိမ်းအမှတ်ကျောက်တိုင်လေး အပြီးသတ်ပြည့်စုံသွားသလို ခင်ဗျားတို့ကိုလဲ လှလှပပ ပျော်ပျော်ရွှင်ရွှင်လေး ပြန်ဆုံစည်းစေချင်တယ်ဗျာ။ ခင်ဗျားတို့ နှစ်ယောက်ချစ်သူတွေဖြစ်တဲ့နေ့က ကားပေါ်မှာ ကျွန်တော်အိပ်ပျော်ချင် ယောင်ဆောင်ပြီး ကြည့်နေခဲ့တဲ့မြင်ကွင်းလေးကို ကျွန်တော် တစ်သက်မမေ့ ပါဘူးဗျာ...

ဖြစ်နိုင်ရင် အဲဒီမြင်ကွင်းမျိုးလေးနဲ့ပဲ ခင်ဗျားတို့နှစ်ယောက်ကို ကျွန်တော်တစ်သက်လုံး မြင်နေပါရစေ။ ဒီကျောက်တိုင်လေးမှာ အရုပ် ကလေးတပ်ဆင်ပြီးတဲ့နေ့က ကျွန်တော်ဘာဆုတောင်းခဲ့လဲ သိလား...''

''ဘာဆုတောင်းခဲ့လဲ ကိုဇော်တောင်''

ထက်နိုင်က ဝင်မေးခြင်းဖြစ်သည်။

''ကိုဇော်မိုင်နဲ့ မဝတ်မှုံတို့နှစ်ယောက်လဲ ကိန္နရီ ကိန္နရာ လေးတွေလိုပဲ တစ်သက်လုံး လက်ချင်းတွဲပြီး ပေါင်းဖော်သွားနိုင်ပါစေလို့ ကျွန်တော် တကယ်ဆုတောင်းပေးခဲ့ပါတယ်။ ကျွန်တော် တမင်လုပ်ကြံပြီး ညာပြောမဟုတ်ပါဘူး၊ သူတို့နှစ်ယောက်ကို ကျွန်တော် တကယ်ဖြစ်စေချင် တာပါ။ တစ်ခါတုန်းက သူတို့နှစ်ယောက် သိပ်ချစ်ခဲ့ကြဖူးတယ် ကိုထက်





နိုင်''

''အေးပေါ့ဗျာ၊ ခင်ဗျားက မျက်မြင်ဆိုတော့ ပိုသိမှာပေါ့''

''ဒါနဲ့နေပါဦး ကိုဇော်မိုင်၊ ခုန ကိုဇော်မိုင်ပြောသွားတဲ့အထဲမှာ အထိမ်းအမှတ်တစ်ခုဆိုတာအပြင် အမှတ်တရပစ္စည်းလေးတွေဆိုတာ ပါတယ်နော်။ အဲဒါလေးတွေကကော ဘာလေးတွေလဲ၊ ကိုဇော်မိုင့်မှာကော အဲဒီအမှတ်တရပစ္စည်းလေးတွေ ရှိသေးလား''

ဇော်မိုင်က ပင့်သက်တစ်ချက်ရှိုက်ရင်း အင်္ကျီအိတ်ထဲက မိတ်ကပ် ပတ်ဖ်လေး ထုတ်ပြသည်။

''ဒါ..ကျွန်တော့်ဆီမှာ ကျွန်တော့်ကိုယ်နဲ့မကွာ အမြဲရှိနေတဲ့ ဝတ်မှုံရဲ့ အမှတ်တရပစ္စည်းလေးပါ မသိတာ။ အဲဒီမှာ စွန်းပြီးခြောက်နေတဲ့ သွေးတွေက အဲဒီနေ့ကကျွန်တော့်ကိုထိတဲ့ ဒဏ်ရာကစွန်းသွားတဲ့ ကျွန်တော့် သွေးတွေပါ...''

ပြောရင်းနှင့် ဇော်မိုင်က ဝင်းရွှေရည်ကို လှမ်းကြည့် သည်။

ဝင်းရွှေရည်က သူ့ကိုမျက်တောင်မခတ်ဘဲ စူးစူးစိုက်စိုက် ကြည့် နေသည်ကို တွေ့ရသည်။

✤ ✤ ✤



www.burmeseclassic.com

၈။

"အဲဒါဆို မင်းတို့နှစ်ယောက်ရဲ့ အနေအထားက ဘယ်လိုဖြစ်သွားပြီလဲ။ မင်းပြောတဲ့နှလုံးသားက နားလည်သွားတယ်ဆိုတာတို့ ဘာတို့ ငါနားမလည်ဘူးဇော်မိုင်၊ ငါကိုတည့်တည့်ပဲပြောပြ.."

အပြန်လမ်းမှာ တစ်လမ်းလုံး တိတ်ဆိတ်ငြိမ်သက်လာခဲ့သမျှ အိမ်ပြန်ရောက်မှ ရေမိုးချိုး အနားယူစားသောက်ပြီးချိန်မှာ ထက်နိုင်နှင့် ပြန်လည်ဆွေးနွေးဖြစ်သည်။

ထက်နိုင်အမေးကြောင့် ဇော်မိုင်က ခေါင်းညိတ်ရင်း...



"ငါရှင်းပြပါ့မယ်၊ ငါ့နားလည်သလို ပြောတာနော် သူပြောတာကို နားလည်လိုက်တာကတော့ သူဟာခုချိန်မှာ ဒေါက်တာဝင်းရွှေရည်ဆိုတဲ့ ဘဝနဲ့ပဲ ဘဝသစ်တစ်ခုရှိနေပြီး သူ့ရဲ့နှာကျည်းစရာအတိတ်တွေကိုလဲ သူမေ့ပစ်လိုက်ပြီ။ သူ့ကို နန်းဝတ်မှုံအနေနဲ့တော့ မမြင်နဲ့တော့။ ဒေါက်တာဝင်းရွှေရည်အနေနဲ့ပဲ ဆက်ဆံပါလို့ ပြောလိုက်တာပဲ"

"အဲဒီတော့...မင်းနဲ့သူနဲ့ ရည်းစားပြန်မဖြစ်တော့ဘူးဆိုတဲ့ အဓိပ္ပါယ်လား"

"အင်းလေ.. အဲဒီအဓိပ္ပါယ် သက်ရောက်တာပေါ့"

"မဟုတ်ဘူးထင်တယ်ကွ၊ နောက်တစ်မျိုးစဉ်းစားလို့ မရဘူးလား"

"ဘာလဲ...ဘယ်လိုနောက်တစ်မျိုးလဲ..."

"ဒီလိုကွာ...မင်းနဲ့နန်းဝတ်မှုံနဲ့က ရည်းစား၊ ဒါပေမယ့် မင်းကိုသတ်မယ်အထိ ဆုံးဖြတ်ပြီးတဲ့အချိန်မှာ အဲဒီဇာတ်လမ်းပြီးသွားပြီ။ နန်းဝတ်မှုံကလဲ မင်းကိုမုန်းသွားပြီ..."

"အင်း..."

"အခုသူက နန်းဝတ်မှုံ မဟုတ်တော့ဘူး။ ဒေါက်တာဝင်းရွှေရည်ဖြစ်သွားပြီ။ ဒေါက်တာဝင်းရွှေရည်ဟာ မင်းနဲ့ ရည်းစားမဟုတ်ဘူး၊ အဲဒီတော့..."

"အဲဒီတော့ ဘာဖြစ်လဲ..."

"အဲဒီတော့...မင်းကဒေါက်တာဝင်းရွှေရည်ကို ရှောက်ထပ်သားမယ့် ရည်းစားအနေနဲ့ ထပ်လိုက်မယ်ကွာ..."



www.burmeseclassic.com

www.burmeseclassic.com



"ဟာ…မင်းကလဲ…"

"မင်းကလဲ မလုပ်နဲ့လေ၊ မင်းတို့စကားကိုပဲ ငါဆက်ပြောပြမယ်။ ဒေါက်တာဝင်းရွှေရည်ဟာ နန်းဝတ်မှုံ ဘယ်တော့မှ မဖြစ်ဘူး။ ဟုတ်တယ်နော်…အဲဒီအတိုင်း သေချာတယ်နော်…"

"ဆိုပါတော့…အတိအကျ ဒေါက်တာဝင်းရွှေရည်ဟာ ဘယ်လိုနည်းနဲ့မှ နန်းဝတ်မှုံ မဖြစ်ပါဘူး…"

"ကောင်းပြီ၊ အဲဒီစကားကို ငါဆက်ပြောပြမယ်။ ဒေါက်တာဝင်းရွှေရည်ဟာ ဘယ်လိုနည်းနဲ့မှ နန်းဝတ်မှုံ မဖြစ်ပါဘူး၊ နန်းဝတ်မှုံက နန်းဝတ်မှုံသတ်သတ်၊ ဒေါက်တာဝင်းရွှေရည်က ဒေါက်တာဝင်းရွှေရည်သတ်သတ်၊ အဲဒီတော့ရင် ဒေါက်တာဝင်းရွှေရည်ကို နန်းဝတ်မှုံဆက်ဆံသလို လာမဆက်ဆံနဲ့၊ ဒေါက်တာဝင်းရွှေရည်ကိုကြိုက်ရင် ရှင်သတ်သတ်ပြန်စိုးယူ၊ ကဲ…ဘယ်လိုလဲဇော်မိုင်၊ ငါ့စကား ယုတ္တိရှိတယ်…"

"ဟား ဟား ဟား ဟား…မင်းကလဲ ကတ်သီးကတ်သတ် ထက်နိုင်ရာ၊ အဲလိုလျှောက်ပြောမှတော့ အများကြီး အဓိပ္ပါယ်တွေ ထွက်လာတော့မှာပေါ့…"

"အေးလေ…ငါကလဲ ဘာပြောလို့လဲ၊ နောက်တစ်မျိုး စဉ်းစားလို့ ရသေးတယ်လို့ပဲ ပြောတာပဲ…"

ဇော်မိုင်ခဏငြိမ်သွားသည်။ အတန်ကြာမှ လက်ဖျောက်တစ်ချက်တီး၍…

"အေး…မင်းပြောတာ ဆိုးတော့ မဆိုးဘူးကွ၊ သူပြောတာ အဲဒီအဓိပ္ပါယ်တော့ မဟုတ်ဘူး။ ဒါပေမယ့် အဲဒီလို ကောက်မယ်ဆိုရင်လဲ





ရတော့ရတယ်။ အဲဒီတော့ ငါလဲသူ့ကို အရှမ်းချစ်နေရတဲ့အတူတူ အဲဒီနည်းနဲ့ပဲ ပြန်ကြိုးစားရင် ကောင်းမယ်ထင်တယ်…"

"ကောင်းမယ်ထင်တယ် မဟုတ်ဘူး၊ ကောင်းကိုကောင်းတာ၊ ငါကြည့်နေတယ်ဇော်မိုင်… မင်းဒီနေ့ကြိုးစားခဲ့တာ ဂိတ်ကုန်သွားပြီ၊ ဒါပေမယ့် အအောင်မြင်ဆုံးအဆင့်က သူဟာနန်းဝတ်မှုံပါပဲလို့ ဝန်ခံသွားတာပဲရှိတယ်။ အဲဒီတော့ မင်းဒီပုံစံနဲ့ နောက်ထပ်ဆက်ကြိုးစားလို့ကတော့ အလကားပဲ။ မင်းရဲ့နည်းဗျူဟာကို ပြောင်းလိုက်တော့…"

"ဟုတ်တယ်ထက်နိုင်၊ မင်းပြောတာမှန်တယ်၊ ငါသူ့ကို နန်းဝတ်မှုံအနေနဲ့ ဆက်ကြိုးစားဖို့ကတော့ မဖြစ်နိုင်တော့ဘူး။ ဘာဖြစ်လို့လဲဆိုတော့ နန်းဝတ်မှုံမှာ အင်မတန်ခါးသီးတဲ့အတိတ်တွေ ရှိနေတယ်။ နန်းဝတ်မှုံဆိုတဲ့ နာမည်နဲ့ စကားပြောလိုက်တိုင်း အဲဒီဒဏ်ရာဟောင်းတွေက အလိုလို ပေါ်လာတယ်"

"သိပ်မှန်တာပေါ့၊ အဲဒါတွေအားလုံး မေ့ပစ်လိုက်တော့၊ အတိတ်ဟာ အတိတ်မှာကျန်ခဲ့ပြီ။ ခေတ်တွေလဲ ပြောင်းသွားပြီ။ စနစ်တွေလဲ ပြောင်းသွားပြီ။ အခြေအနေနဲ့ အချိန်အခါတွေကလဲ အကုန်ပြောင်းလဲသွားပြီ၊ တစ်ချိန်က စစ်ပွဲကြီးတွေ အကြိမ်ကြိမ်ဖြစ်ခဲ့တဲ့နေရာတွေတောင် လက်နက်နဲ့ ငြိမ်းချမ်းရေးလဲပြီး စိတ်သစ်လူသစ်နဲ့ အတိတ်ဟောင်းတွေ သင်ပုန်းချေပစ်ပြီး နိုင်ငံသစ်၊ ဒေသသစ် ထူထောင်နေကြပြီ။ မင်းတို့လဲ အဲဒီလမ်းစဉ်လိုက်တော့ မကောင်းဘူးလား…"

"ကောင်းတယ်ထက်နိုင်…အကုန်လုံးကို အသစ်ပုံစံနဲ့ ငါဆက်ဆံတော့မယ်၊ သွေးစွန်းနေတဲ့ အတိတ်ဟောင်းတွေ အကုန်လုံးကို



www.burmeseclassic.com

www.burmeseclassic.com



ငါမေ့ပစ်လိုက်ပြီကွာ…ဒီဟာလေးကိုလည်း ပြန်ပြောစရာ အမှတ်တရ အနေနဲ့ပဲ ထားလိုက်ပြီး ငါ့ကိုယ့်ပေါ်က ခွာချထားလိုက်တော့မယ်…"

ပြောရင်းနှင့် ဇော်မိုင်က သူ့အိတ်ထဲမှ မိတ်ကပ်ပတ်ဖ်လေးကို ထုတ်ယူ၍ သူ့အဝတ်သေတ္တာ ဟိုးအောက်ဆုံးဘက် ထည့်သိမ်းထား လိုက်သည်။

ပြီးတော့ ထက်နိုင်ကိုပြောသလိုလိုနှင့် သူ့ကိုယ်သူ အားပေး စကား ပြောလိုက်သည်။

"မင်းပြောတာ မှန်တယ်ထက်နိုင်၊ တစ်ယောက်နဲ့တစ်ယောက် အထင်လွှဲ၊ အမြင်လွှဲ ဖြစ်နေတဲ့ကိစ္စကို မျက်နှာချင်းဆိုင် ရှင်းလင်းပြီး ငြိမ်းချမ်းရေးရယူပြီးရင် အဲဒီဒေသဟာ နေ့ချင်းညချင်း တိုးတက်ဖွံ့ဖြိုးလာ တာပဲ။ သူနဲ့ငါလဲ ဒီနေ့ငြိမ်းချမ်းရေး ရယူပြီးပြီပဲ။ ကျန်တဲ့အခြေအနေတွေ တိုးတက်ဖွံ့ဖြိုးအောင်လုပ်ဖို့က သိပ်ခက်တော့မှာ မဟုတ်ပါဘူး…" ဟု

* * *





"မင်းတော့မသိဘူး၊ ကိုယ်တော့ဒီနေ့ ကိုဇော်မိုင်ကိုကြည့်ပြီး အရမ်းသနားတာပဲရွှေရည်၊ မင်းစိတ်ထဲမှာကော ဘယ်လိုမှ မခံစားရဘူး လား"

ညစာစားပြီးချိန်မှာ သီတာနွယ်ကလည်း စကားစသည်။

ဝင်းရွှေရည်ကပြုံးရင်း…

"ကိုယ်ဒီနေ့ မျက်ရည်ကျခဲ့တာ မင်းမြင်ရဲ့သားနဲ့၊ ဘာဖြစ်လို့ ဘယ်လိုမှ မခံစားရဘူးလားဆိုတဲ့မေးခွန်းကို မေးရတာလဲ၊ ကိုယ်ကော မခံစားရပဲ နေမလား…"

"အဲဒါက မင်းဒက်ဒီအတွက် ကျလာတဲ့မျက်ရည်ပဲ ရွှေရည်ရယ်၊ ကိုယ်ပြောတာက ကိုဇော်မိုင်နဲ့ပတ်သက်လို့…"

"ဘာထူးမှာလဲသီတာ၊ ဒါတွေဟာ တစ်ခုနဲ့တစ်ခု လုံးဝဆက်နွယ် နေတဲ့ အဖြစ်တွေပဲ၊ အားလုံးဟာ တစ်ခုနဲ့တစ်ခု ကွင်းဆက်ချိတ်နေတဲ့ အင်မတန်ခါးသီးစရာကောင်းတဲ့ အတိတ်တွေ။ ဒါတွေကို ကိုယ်သတိမရ ချင်လွန်းလို့ မေ့ပစ်ထားခဲ့တာကြာပြီ။ ဒီနေ့ပြန်ပတ်သက်တာနဲ့ ပြန်မျက်ရည် ကျရတာ မင်းအမြင်ပဲ…"

"ဟုတ်တယ်နော်…ဒါ့ကြောင့် မင်း မှုဆယ်ရောက်နေတာ ကြာ ခဲ့ပေမယ့် မုံးကိုးကို မသွားခဲ့တာပေါ့…ဟုတ်လား…"

"ဟုတ်တယ်…အဲဒီကိုသွားချင်ရင် ဒီနေ့သွားသလို ဖေဖေလေးနဲ့



www.burmeseclassic.com

www.burmeseclassic.com



အလွယ်တကူသွားလို့ရနေတာ ကြာပြီပဲ။ ကိုယ်မှမသွားတာ။ ဒါပေမယ့် မင်းတို့ကသွားမယ်ဆိုတဲ့အချိန်မှာ ကိုယ်တစ်ခု စဉ်းစားလိုက်တယ်…"

"ဘာစဉ်းစားလိုက်လဲ ရွှေရည်…"

"မင်းတို့အားလုံးကလဲ ကိုယ်ဟာ နန်းဝတ်မှုံ ဟုတ်မဟုတ် အရမ်းစိတ်ဝင်စားနေကြတယ်။ ကိုယ်လဲ ကိုယ့်ဘဝထဲကနေ အဲဒီနန်းဝတ်မှုံဆိုတာကို ဖယ်ဖျောက်ပစ်ဖို့ နည်းမျိုးစုံနဲ့ ကြိုးစားခဲ့တယ်။ တကယ်လဲ မေ့ပျောက်သလို ဖြစ်နေခဲ့ပြီ၊ ဒါပေမယ့်…"

"အင်း…ပြောပါဦး…"

"ဒါပေမယ့်…ကိုယ့်ကိုကိုယ် တစ်ခါမှ ပြန်မစစ်ဆေးကြည့်ရသေးဘူး…"

"ဘာကိုစစ်ဆေးကြည့်တာလဲရွှေရည်…"

"အဲဒီပတ်ဝန်းကျင် ပြန်ရောက်ရင် ကိုယ့်မှာ ဘယ်လောက်ခံနိုင်ရည် ရှိတယ်၊ မရှိဘူး ဆိုတာကိုပေါ့။ ဆိုလိုတာက ကိုယ်ဟာ နန်းဝတ်မှုံ မဟုတ်တော့ဘူး။ ဒေါက်တာဝင်းရွှေရည် ဖြစ်နေပြီဆိုတာကို၊ နန်းဝတ်မှုံ မဟုတ်ချင်ယောင်ဆောင်ပြီး ဒေါက်တာဝင်းရွှေရည်အဖြစ် ဟန်ဆောင်နေတာမျိုး မလိုချင်တော့ဘူး…

အထူးသဖြင့် ကိုဇော်မိုင်နဲ့ပတ်သက်တဲ့ကိစ္စမှာ ကိုယ် ဝိုပြတ်သားချင်တယ်။ ကိုယ်သိပါတယ်၊အဲဒီဒေသကိုသွားရင် ကိုယ်ဟာ နန်းဝတ်မှုံ ဖြစ်ခဲ့ဘူးတယ်ဆိုတာ ပေါ်မှာပဲလို့…

တကယ်လဲ တစ်ခြားကိစ္စမှာ မတုန်မလှုပ်နေနိုင်ပေမယ့် မိဘနဲ့ ပတ်သက်တဲ့ကိစ္စကျတော့ ကိုယ်ဟန်မဆောင်ချင်တော့ဘူး။ဟန်လဲ မဆောင်





နိုင်တော့ဘူး။ ကိုယ်ဟာ နန်းဝတ်မှုံ ဖြစ်ခဲ့ဖူးတယ်ဆိုတာ အားလုံးကို ဝန်ခံလိုက်ရတယ်…

ဒါပေမယ့်…အဲဒီလို ဝန်ခံစရာရှိတာ ဝန်ခံ၊ ရင်ဆိုင်စရာရှိတာ ရင်ဆိုင်ပြီး အားလုံးကို တစ်ပြိုင်နက်ထဲ ချရှင်းလိုက်ရတာ သိပ်ကောင်းသွားတယ်…

အဲဒီအတွက် အမြတ်တွေ ဘာတွေ ရလာလဲဆိုတော့ တစ်အချက် ကိုယ့်မှာ ဘာတစ်ခုကိုမှ နောက်ထပ်ဖုံးဖိဖျောက်ဖှက်ထားစရာ မလိုတော့ဘူး။ အားလုံးကို ပွင့်ပွင့်လင်းလင်း ရဲရဲတင်းတင်း ရင်ဆိုင်ရဲသွားပြီ…

နှစ်အချက် ရှိနေမှန်းသိရက်နဲ့ သွားမကန်တော့ရဲလို့ မကန်တော့ခဲ့ရတဲ့ ကိုယ့်အဖေကိုကိုယ် နောက်အချိန်မရွေး ရဲရဲတင်းတင်း ကန်တော့နိုင်ခွင့် ရသွားပြီ…

သုံးအချက်… ကိုဇော်မိုင်နဲ့ပတ်သက်လို့လဲ နာကျည်းစိတ်တွေ၊ အမုန်းစိတ်တွေ ဖျောက်ပစ်လိုက်လို့ ရသွားပြီ၊ ဘာဖြစ်လို့လဲဆိုတော့ ကိုယ့်မှာ အဖေတစ်ယောက် ဆုံးရှုံးတဲ့နေ့မှာ သူ့မှာ အဖေကော၊ အမေကော၊ ညီမကော မိသားစုတစ်စုလုံး ဆုံးရှုံးခဲ့ရတာကို အစကမှ ကိုယ်မသိဘဲ၊ အဲဒီတော့ သူ့ကိုခွင့်လွှတ်လို့ရသွားပြီ…

လေးအချက်ကတော့ ကိုယ့်အတွက် အမြတ်ဆုံးပဲ…အဲဒါက ဘာလဲဆိုတော့ ကိုယ်ဟာနန်းဝတ်မှုံ မဟုတ်ဘူးလို့ ဘယ်သူ့ကိုမှ လိမ်ပြောနေစရာ၊ ဟန်ဆောင်နေစရာ မလိုတော့ဘူး။ ဟုတ်တယ်…ကျွန်မဟာ တစ်ချိန်တုန်းက နန်းဝတ်မှုံဖြစ်ခဲ့တယ်။ ဒါပေမယ့်…ကျွန်မကို နန်းဝတ်မှုံအနေနဲ့ လာမဆက်ဆံနဲ့၊ အခု…ကျွန်မရဲ့ဘဝဟာ ဒေါက်တာဝင်းရွှေရည်၊

ဒေါက်တာဝင်းရွှေရည်ကို ဒေါက်တာဝင်းရွှေရည်အနေနဲ့ပဲ ဆက်ဆံပါလို့ တစ်ကမ္ဘာလုံးကို ကိုယ်ရဲရဲပြောလို့ ရသွားပြီ…"

"ဒါဖြင့်…ကိုဇော်မိုင်နဲ့ပတ်သက်လို့ ရွှေရည့်သဘောထား ဘယ်လိုရှိလဲ…"

"ဘာမှ သဘောထားစရာ မရှိဘူးလေသီတာ၊ ဒေါက်တာဝင်းရွှေရည်နဲ့ စိုက်ပျိုးရေးအရာရှိ ကိုဇော်မိုင်က မနေ့တနေ့ကမှ သိကျွမ်းခဲ့ကြတဲ့ မိတ်ဆွေတွေပဲ…"

"ဒါဖြင့်…မုံးကိုးဒေသက ကိန္နရီကိန္နရာ ကျောက်တိုင်လေးက…"

"အဲဒါက တစ်ခါက သိပ်ဝမ်းနည်းကြေကွဲစရာကောင်းတဲ့ ပုံပြင်ဆန်ဆန်၊ တကယ့်အဖြစ်အပျက်တစ်ခုရဲ့ အထိမ်းအမှတ် ကျောက်တိုင်လေးပဲ သီတာ….။ ဒါလေးက သူ့ဟာသူ ရှိနေပါစေ၊ နောက်လာ နောက်သားတွေကို အဲဒီအမှောင်ထုကာလတုန်းက ဘာတွေဖြစ်ခဲ့တယ် ဆိုတာကို ပြန်ပြောပြတဲ့အခါ အထောက်အထားတစ်ခုအနေနဲ့ သူ့ဟာသူ ရှိနေမှာပေါ့"

"ဒါဖြင့် ကိုဇော်မိုင့်အိတ်ကပ်ထဲက မိတ်ကပ်ပတ်ဖ်လေးက ကော…"

"ဒါလဲ…အဲဒီအတိတ်ဟောင်းတွေကို သူမစွန့်ခွာနိုင်သေးသလို ဒါလေးကို သူဖက်တွယ်ထားပြီး လွမ်းနေဆွေးနေ အဲဒီအတိတ်မှာပဲ ကျန်နေခဲ့တော့ပေါ့ သီတာ…"

"ဒီလိုဆို ကိုယ်တစ်ခုမေးမယ်နော်၊ အဲဒီတုန်းက ကိုဇော်မိုင်





အတွက် အမှတ်တရပစ္စည်းတစ်ခုခုလဲ ရွှေရည့်မှာ ရှိနေမှာပဲ၊ အဲဒီဟာဘာလဲ၊ အဲဒါကော ဘယ်ရောက်သွားပြီလဲ…"

ဝင်းရွှေရည်က ရယ်သည်။

ရယ်ရင်းနှင့် ထသွားပြီး သူမအဝတ်ဘီဒိုအောက်ဆုံးထပ် ချောင် ထဲမှ ကော်ဘူးဝိုင်းလေးတစ်ခု ယူလာသည်။

"အဲဒါပဲသီတာ၊ သူ့အချိန် သူ့ကာလက သူ့တန်ဖိုးနဲ့သူ ရှိခဲ့တဲ့ ပစ္စည်းတွေကို ကိုယ်ဘာမှဖျောက်ဖျက်စရာမလိုပါဘူး၊ ဒါပေမယ့်… ကိုယ် အဲဒါလေးကို မဝတ်တာတော့ကြာပြီ။ ဝတ်လို့လဲ မကောင်းတော့ဘူး။ သူ့ဆီက နန်းဝတ်မှုံရဲ့ အမှတ်တရပစ္စည်းတွေ သွေးစွန်းသွားသလို၊ နန်း ဝတ်မှုံဆီမှာရှိတဲ့ သူ့အတွက် အမှတ်တရပစ္စည်းလေးမှာလဲ ဒဏ်ရာရသွား ပြီ…"

သီတာနွယ်က ဗူးလေးကို ဖွင့်ကြည့်သည်။ ဆွဲကြိုးလေးတစ်ကုံး၊ ဆွဲကြိုးလေးက အကောင်းအတိုင်းရှိသေးသော်လည်း ဆွဲကြိုးနှင့် တွဲလျက် ရှိနေသည့် အသည်းပုံလော့ကက်သီးလေးက ပိန်လိန်လျက် အလယ်မှာ အပေါက်တစ်ခု ဖြစ်နေသည်။

သီတာနွယ်က သေချာကြည့်ရင်း…

"အဲဒါဘာဖြစ်တာလဲ ရွှေရည်…"

ဝင်းရွှေရည်ကရယ်၍…

"အဲဒါလေးက ကိုယ့်အတွက် သူကိုယ့်ကိုပေးထားတဲ့ အရာလေး ဆိုပြီး အသဲပုံလော့ကက်လေးတစ်ခု လုပ်ထားတာ၊ ကံကောင်းချင်တော့ အဲဒီနေ့က အဘက ကိုယ့်ကိုပစ်လိုက်တဲ့ကျည်ဆံက ကိုဇော်မိုင်အသဲလေးကို

www.burmeseclassic.com



အရင်ဖောက်သွားတယ်၊ ပြီးမှ ကိုယ့်ကိုယ်ထဲ ဝင်လာတာဆိုတော့ ရင်ဝ သေနတ်မှန်ခဲ့ပေမယ့် ကိုယ်မသေခဲ့ရဘူးပေါ့။ ဒါပေမယ့် အမှတ်တရ ပစ္စည်းလေးကတော့ ဒဏ်ရာရသွားတယ်''

''မင်း…သိမ်းတော့ထားတယ်နော်…''

''မသိမ်းလို့ ရောင်းစားပစ်ရမှာလားသီတာ…ကိုယ်မဝတ်တာက မဝတ်တာပဲပေါ့။ သူ့ဟာသူ ရှိနေတာကိုတော့ ကိုယ်အပြစ်ရှာစရာ မလိုပါဘူး၊ အရေးကြီးတာက ကိုယ့်ဘဝသစ်ကို ကိုယ်နိုင်နိုင်မာမာ တည်ဆောက်နိုင်ကြဖို့ပဲ‥''

''မင်းကခုမှ တကယ့် ဒေါက်တာဝင်းရွှေရည်ဖြစ်တာ ရွှေရည်‥ အခုမင်းမျက်နှာပေါ်မှာ ဘာမှဖုံးကွယ်ထားတဲ့ အမှုအရာတွေ မရှိတော့ဘူး။ အခုပြောနေတာတွေက မင်းခံစားချက် အစစ်အမှန်တွေပဲ၊ ခုမှ မင်းတကယ် နန်းဝတ်မှုံကို အတိတ်မှာ ချန်ထားပစ်ခဲ့နိုင်တာ…''

''ကျေးဇူးတင်ပါတယ်သီတာ ကိုယ်လဲအဲဒီလိုပဲ ထင်မိပါတယ်''

''တစ်ခုပဲ မေးစရာကျန်တော့တယ် ဒေါက်တာဝင်းရွှေရည်၊ အဲဒါကိုကော အမှန်အတိုင်းဖြေမလား…''

''ဘာလဲ…မေးပါဆရာမ ဒေါ်သီတာနွယ်…''

''အဲဒါဆိုရင် ကိုဇော်မိုင်နဲ့တွေ့တဲ့အခါ နန်းဝတ်မှုံ ပြန်ဖြစ်မှာစိုးလို့ ဇော်ဗလနဲ့ ရွှတ်တွဲပြခဲ့တဲ့ ဒေါက်တာဝင်းရွှေရည်အတုရဲ့ အပြုအမူတွေကိုကော ဆက်ကျင့်သုံးဖို့ အစီအစဉ်ရှိသေးလား…''

ဝင်းရွှေရည်ကရယ်သည်။

''မရှိတော့ပါဘူးကွာ၊ အဲဒါ ကိုယ်မှားသွားတယ်…''





''ဒီလိုဆိုရင် ခုချိန်မှာ စိုက်ပျိုးရေးအရာရှိဦးဇော်မိုင်က ဒေါက်တာ ဝင်းရွှေရည်ကို ချစ်ရေးဆိုလာရင်ကော…''

ဝင်းရွှေရည်က ရယ်ပြန်သည်။

''အဲဒါလဲ မပြောတတ်ပါဘူး ဒေါ်သီတာနွယ်၊ အဲဒီကျမှ အဲဒီကိစ္စကို စဉ်းစားပါ့မယ်။ မလိုအပ်ဘဲ ခုကတည်းက အဖြေမပေးနိုင်ပါဘူး၊ မေးခွန်းကို စာမေးပွဲခန်းထဲကျမှ ဖြေပါရစေ ဆရာမ…''

''ဟားဟား…ဆောရီးဆောရီး‥ဒီတစ်ခါ ကိုယ်မှားသွားတယ်''

နှစ်ယောက်သား ရယ်လိုက်ကြသည်။

ထိုရယ်သံ နှစ်ခုစလုံးက သွက်လက်ပေါ့ပါးနေကြ၏။

✤ ✤ ✤



www.burmeseclassic.com

www.burmeseclassic.com

၉။

"ဘာ…ဘာပြောတယ်ဝီလီ၊ ဘလောက်တုံး ၂၀၀ ကျော် မိသွားတယ် ဟုတ်လား…ဘယ်လိုဖြစ်ကြတာလဲကွာ၊ ငါဒီလောက် သေသေချာချာ စီစဉ်ပေးလိုက်ရဲ့သားနဲ့…"

ဒေါသတကြီး ပေါက်ကွဲအော်ဟစ်လိုက်သူက ဇော်ဗလ။

သည်ရက်ပိုင်းမှာ သူဆက်တိုက် ကံဆိုးနေသည်။ ထုတ်လာသမျှ ဘိန်းဖြူဘလောက်တုံးအားလုံးလိုလို တပ်ကမမိ၊ ရဲကမိ၊ ရဲကမမိ၊ တပ်ကမိနှင့် လုံးဝ မလွတ်သလောက်ဖြစ်နေသည်။



ခုနောက်ဆုံး ကြားသည့်သတင်းကတော့ အဆိုးဆုံးဝင်။ တပ်မတော်စစ်ကြောင်းတစ်ခုက မူးယစ်အထူးတပ်ဖွဲ့ဝင်များနှင့် ပူးပေါင်းပြီး သူ့ဘိန်းချက်စခန်းတစ်ခုလုံးကို ဝင်သိမ်းပိုက်လိုက်သည်။

ကားပေါ်အဆင်သင့်တင်ပြီး ထွက်လုဆဲဆဲ ဘလောက်တုံး အတုံး ၂၀၀ ကျော်ကိုလည်း စစ်ကြောင်းက သိမ်းဆည်းရမိသွားသည်။

"ဟုတ်တယ်ဘောစ့်။ ကျွန်တော်တို့လဲ ဒီကိစ္စကို အရမ်းအံ့သြနေကြတာပဲ။ ခါတိုင်းဒီအချိန်၊ ဒီရာသီဆို ဒီလောက် ပိုက်စိတ်တိုက် မရှာဘူး။ ခုကျတော့ ဂိတ်တွေကလဲ အရမ်းရှာ၊ စစ်ကြောင်းတွေကလဲ တောနင်းပြီး စခန်းတွေ တစ်ခုပြီးတစ်ခု ဝင်သိမ်းနေတာ…"

"ငါမင်းတို့ကို အစောကြီးကတည်းက ပြောတယ်ဝီလီ၊ လုပ်စရာရှိတာ မြန်မြန်လုပ်ပြီး ပစ္စည်းတွေ မြန်မြန်ဖြန့်လိုက်လို့၊ ခုချိန်မှာ သူတို့က ဒီကိစ္စကို အရမ်းဦးစားပေးပြီး လုပ်နေတာ။ တောက်…ဒီအတိုင်းဆို ငါနဲ့ နိုင်ငံခြားကကောင်တွေနဲ့တော့ ပြဿနာတက်တော့မယ်။ အခုဟာက ငါ့လက်ထဲကကို မလွတ်ဘဲဖြစ်နေတာ…"

သူ့ဆရာအခက်အခဲကို ဝီလီကလည်းသိသည်။ သို့သော် သည်ကိစ္စက သူလည်း ဘာမှမတတ်နိုင်သဖြင့် အသာငြိမ်နေလိုက်သည်။

ဇော်ဗလကသာဆက်၍…

"ကဲ…ဒီကိစ္စငိုင်နေလို့ ပြီးမှာမဟုတ်ဘူးဝီလီ၊ ခုချိန်မှာ မင်းဆိုင်ငိုနေလို့လဲ မင်းအဘတွေလက်ထဲ ရောက်သွားတဲ့ပစ္စည်းတွေက ပြန်ရစရာအကြောင်း လမ်းမရှိတော့ဘူး။ ကျန်တဲ့စက်ရုံက ထွက်လာတဲ့ပစ္စည်းတွေ အမြန်ထုတ်ပြီး ဖြန့်ပစ်နိုင်ဖို့က အရေးကြီးတယ်။ အဲဒီကိစ္စမှာ မင်း



www.burmeseclassic.com

www.burmeseclassic.com



ဘော်ကျော့လုပ်နေလို့ မရတော့ဘူး…"

"ဟုတ်ပါတယ်ဘောစ့်၊ ကျွန်တော်ကိုယ်တိုင် ဦးစီးပြီး လုပ်ပါ့မယ်။ ကျွန်တော်မသေဘဲ ဘောစ့်ပစ္စည်းတွေ ဘယ်သူ့လက်ထဲမှ ပါမသွားစေရပါဘူး…"

"အေး…အဲဒါဆို အမြန်ဆုံးလုပ်တော့ဇီလီ၊ ငါတို့မှာ အခြေအနေက သိပ်မကောင်းတော့ဘူး၊ မူးယစ်အထူးတပ်ဖွဲ့မှာ ငါ့သူငယ်ချင်း အိုက်မောင်ရှိတယ်။ ဒီကောင်တွေဆီက ကြားရတာ ဒီနှစ်မှာ ဒီကောင်တွေ အခင်းတွေပါ ဝင်ဖျက်ဆီးဖို့ အစီအစဉ်ရှိတယ်။ အဲဒါပါ ငါတို့ထပ်ခံရရင် ငါတို့လုပ်ငန်းအားလုံး ရပ်ပစ်လိုက်ဖို့ပဲ ရှိတော့တယ်။ အမြန်လုပ်ကွာ၊ ပြီးတော့ သေသေသပ်သပ်လဲလုပ်…"

"ဟုတ်ကဲ့ပါဘောစ့်၊ အဲဒါဆို ကျွန်တော်သွားမယ်…"

"သွားတော့ဇီလီ၊ သတိနဲ့လဲသွား…"

"ဟုတ်ကဲ့…"

သို့သော် ဇီလီ ဇော်ဗလအိမ်ထဲကပြန်အထွက်မှာ သူ့ရှပ်ပုံပါသော ဖလင်ကွက်တော်တော်များများ ဇော်ဗလအိမ်နားမှာ တက္ကစီ ဗင်ကားသမားအသွင်ယူထားသည့် မြန်မာနိုင်ငံရဲတပ်ဖွဲ့၊ မူးယစ်အထူးတပ်ဖွဲ့မှ တပ်ကြပ်ကြီး ထွန်းဆိုင်၏ ကင်မရာထဲ ဝင်သွားသည်။

တပ်ကြပ်ကြီးက ဇီလီကားနောက်က မသိမသာ ခြေရာခံပြီး တော့လည်း သူ့ဗင်ကားလေးနှင့် လိုက်သွား၏။

* * *





ဇီလီထွက်သွားပြီး မကြာမီ ဇော်ဗလကလည်း သူ့ပါဂျဲရိုးကားကြီးကိုထုတ်ပြီး ဆေးရုံဘက်သို့ ထွက်လာခဲ့သည်။

သည်ကိစ္စကတော့ အလုပ်ကိစ္စနှင့် ဘာမှမပတ်သက်။ သူ့ဘဝ၏ အရေးအကြီးဆုံးကိစ္စဖြစ်သော နှလုံးသားကိစ္စအတွက်သာဖြစ်သည်။

တကယ်လည်း ခုချိန်မှာ ဝင်းရွှေရည်နှင့်ပတ်သက်သော စိုးရိမ်ပူပန်မှုများက အလုပ်ကိစ္စဖြစ်သော ဘိန်းဖြူဘလောက်တုံးများ အဖမ်းခံရမှုထက် သူ့မှာ ပိုခံစားနေရသည်။

စင်စစ် ဘိန်းဖြူထုတ်လုပ်ဖြန့်ချိရေးလုပ်ငန်းက ပြောရလျှင် သူ့စီးပွားရေးတစ်ခုလုံးကို ထိမ်းချုပ်ထားသော ကန့်လန့်ကာနောက်က လုပ်ငန်းဖြစ်သည်။

အများမြင်သာအောင် ပြထားသော သူ့လျှပ်စစ်ပစ္စည်း ရောင်းဝယ်ရေးလုပ်ငန်းတို့၊ စတိုးဆိုင်ရောင်းဝယ်ရေးလုပ်ငန်းတို့က တကယ်မှာ ဟန်ပြသက်သက်သာဖြစ်သည်။

ထိုလုပ်ငန်းလောက်နှင့်လည်း သူ့ကြွယ်ဝမှုငွေကြေးပမာဏကို ဘယ်လိုမှ မရှာဖွေနိုင်။

သို့သော် သူ့အဓိကဝင်ငွေရလမ်း လုပ်ငန်းဖြစ်သော ဘိန်းဖြူလုပ်ငန်းက သူ့တစ်ဦးတည်းပိုင်မဟုတ်။ သူတစ်ဦးတည်းပိုင်၍ ကိုယ်တိုင်ကိုယ်ကျ ဦးစီးဆောင်ရွက်နေရသော လုပ်ငန်းဖြစ်လျှင်လည်း နှလောက်ဆို



www.burmeseclassic.com

www.burmeseclassic.com



သူထောင်နန်းစံနေရတာ ကြာလှပြီဖြစ်သည်။

တကယ်တမ်း သည်လုပ်ငန်းကို ဦးစီးကြီးကိုင်ဆောင်ရွက်နေသူများက သူ့အထက်မှ နိုင်ငံတကာမူးယစ်ဆေးဝါး မှောင်ခိုရောင်းဝယ်ရေး ဂိုဏ်းကြီးဖြစ်သော ဆင်ဒီကိတ်ဖြစ်သည်။

သူတို့၏ များပြားရှုပ်ထွေးသော ဖြန့်ချိရေးလမ်းကြောင်းက ကမ္ဘာနှင့်ချီသည်။ ထိုအထဲတွင် ယခုအခါကမ္ဘာ့အင်အားကြီးနိုင်ငံအဖြစ် တစ်နိုင်ငံတည်းဖြစ်နေသော၊ ကစ်ကမ္ဘာလုံးကို ဗိုလ်ကျစိုးမိုးဖို့လည်း ကြိုးစားနေသော၊ မူးယစ်ဆေးကိစ္စကို ဟိုနိုင်ငံ လက်ညှိုးထိုး၊ သည်နိုင်ငံလက်ညှိုးထိုး၍ စွာကျယ် စွာကျယ်လုပ်နေသော ကမ္ဘာ့ပုလိပ်နိုင်ငံကြီးသည် သူတို့၏ အဓိက ဖောက်သည်ကြီးဖြစ်သည်။

တစ်ကမ္ဘာလုံးက ထွက်ရှိသည့် မူးယစ်ဆေးဝါးအားလုံး၏ ခြောက်ဆယ်ရာခိုင်နှုန်းလောက်ကို ကမ္ဘာ့အချမ်းသာဆုံး ထိုနိုင်ငံကြီး တစ်နိုင်ငံထဲက ဒိုင်ခံ ဝယ်ယူသုံးစွဲနေခြင်းဖြစ်သည်။

ထိုနိုင်ငံ၏ အဆက်အသွယ်များ၊ ဆင်ဒီကိတ်မှ လုပ်ငန်းရှင်ကြီးများ၊ စသည်တို့နှင့် နှိုင်းယှဉ်လျှင် ဇော်ဗလက ဖွဲ့သာဖြစ်သည်။

ဇော်ဗလ၏ လုပ်ငန်းပိုင်းက ပြည်ပရောင်းဝယ်ရေးများနှင့် မသက်ဆိုင်။ ဇော်ဗလနှင့် ဇော်ဗလလိုလူမျိုးများတာဝန်က ဆင်ဒီကိတ်မှ ထုတ်ပေးသော ငွေကြေး၊ ဓာတုဗေဒဆေးရည်၊ ဆေးမှုန့်၊ နည်းပညာများကို အသုံးပြု၍ မြန်မာနိုင်ငံ၏ ဆက်သွယ်ရေးခက်ခဲသော၊ စီးပွားရေးလူမှုရေး မဖွံ့ဖြိုးသော နယ်စပ်ချောင်ကြိုချောင်ကြားနေရာများတွင် ခိုးကြောင်ခိုးဝှက် ဘိန်းစိုက်ပျိုးနေသူများထံမှ ဘိန်းစိမ်းရယူရသည်။





ရလာသော ထိုဘိန်းစိမ်းကို တောတွင်းအသွားအလာခက်ခဲသော နေရာများတွင် ဘိန်းချက်စခန်းများ တည်ဆောက်ပြီး ဘိန်းဖြူအဆင့်အထိ ရလာအောင် ချက်လုပ်ရသည်။

ပြီးလျှင် ချက်လုပ်ရသော ဘိန်းဖြူများကို အကျစ်လစ် အသိပ်သည်းဆုံးဖြစ်အောင် ဘလောက်တုံးများပြုလုပ်ပေး၍ ပြည်ပသို့ လမ်းကြောင်းအသွယ်သွယ်မှ ခိုးထုတ်ပေးရသည်။

ဘိန်းဖြူ၏ အဓိကဈေးကွက်နိုင်ငံများတွင် မြန်မာနိုင်ငံ မပါရှိ။ ပြည်တွင်းသုံးစွဲမှု ပမာဏက ဘာမှမဖြစ်လောက်။ တကယ့်ဈေးကွက်က ပြည်ပမှာသာဖြစ်သည်။

ပြည်တွင်းပိုင်း လုပ်ငန်းများကို တာဝန်ခံလုပ်ဆောင်ပေးရသောသူများမှာ ဇော်ဗလတစ်ဦးတည်း မဟုတ်သလို၊ ထိုလုပ်ငန်းများ အားလုံးကိုလည်း ဘယ်သောအခါမှ ဇော်ဗလက သူကိုယ်တိုင်မလုပ်။

ဆင်ဒီကိက်မှနေ အဆင့်ဆင့်သော အဆက်အသွယ်များကို ဖြတ်သန်းပြီး သူ့ဆီရောက်လာသလို၊ သူကလည်း အဆင့်ဆင့်သောတာဝန်ခံများ ထားရှိပြီး လုပ်ငန်းလုပ်သည်။

ဆင်ဒီကိတ်မှ တကယ့်ဘောစ့်များကို မည်သူများဟု မသိသလို သူ့အောက်ခြေအဆင့်ဆင့်သည်လည်း သူတို့၏ဘောစ့်မှာ ဇော်ဗလဟု မသိကြ။

ဒါတွေက သူတို့၏ ရှုပ်ထွေးပွေလီသော လုပ်ငန်းအဆင့်ဆင့်ဖြစ်သည်။

ခုတလောမှာ သူ့လုပ်နေးတွေ အတော်ချို့ယွင်းဆုံးရှုံးပျက်ရှိသည်။



www.burmeseclassic.com

www.burmeseclassic.com



တစ်ဘက်က နိုင်ငံတော်မှနေ မူးယစ်ဆေးဝါး တားဆီးနှိမ်နင်းရေး လုပ်ငန်းများကို အမျိုးသားရေးတာဝန်အနေနှင့် တိုးမြှင့်ဆောင်ရွက်နေခြင်း ကြောင့်ဖြစ်သလို၊ နောက်တစ်ဘက်ကလည်း ဇော်ဗလအာရုံတွေက လုပ်ငန်း ပေါ်မှာ သိပ်မရှိတော့ခြင်းကြောင့်လည်း ဖြစ်နိုင်သည်။

ခုချိန်မှာတော့ ဇော်ဗလအာရုံက ဒေါက်တာဝင်းရွှေရည်ဆီမှာသာ ရာနှုန်းပြည့်နီးပါး ရောက်ရှိနေ၏။

* * *

''ဝင်းရွှေရည်''

''ဟာ…ကိုဇော်ဗလကလဲ ရောက်လာပြန်ပြီ၊ ဝင်းရွှေရည် မအေး ဘူး ကိုဇော်ဗလ…အလုပ်တွေ အရမ်းများနေတယ်''

သူဆေးရုံရောက်သည်နှင့် ဝင်းရွှေရည်ရှိနေသည့်အခန်းကို တန်း သွားသည်။ ရောက်၍မှ နှုတ်ဆက်ရုံရှိသေးသည်။ အားနာပါးနာနှင့် ထိုင်း ပြုပါပင် ဝင်းရွှေရည်မပြော။





ရောက်ရောက်ချင်း ပြန်နှင်ထုတ်သလိုလုပ်သည်။

ဇော်ဗလရင်ထဲမှာ နင့်ခနဲ ခံစားလိုက်ရသည်။ စောစောက ဝီလီ လာတင်ပြသွားသော ဘိန်းဖြူဘလောက်တုံး ၂၀၀ ကျော်၊ ကီလို ၉၀ နီးပါး၊ တန်ဖိုးအားဖြင့် အမေရိကန်ဒေါ်လာ ငါးသန်းဖိုးလောက် ဆုံးရှုံးခဲ့ သော ကိစ္စတုန်းကပင် သည်လောက်မခံစားလိုက်ရ။

ဇော်ဗလက သက်ပြင်းတစ်ချက်ချပြီး…

''ခဏလေးပဲ တွေ့ဖို့လာတာပါ ဝင်းရွှေရည်၊ ဝင်းရွှေရည် အလုပ်များမှန်းလဲ သိပါတယ်၊ ကျွန်တော်လဲ အလုပ်မအားတဲ့ကြားက ဝင်လာခဲ့တာပါ…''

''ကိစ္စရှိလို့လား ကိုဇော်ဗလ…''

''ကိစ္စရှိမှပဲ လာရမှာလားဗျာ…''

''ကိစ္စရှိမှာပဲလာပါ ကိုဇော်ဗလ၊ ဝင်းရွှေရည် တောင်းပန်ပါ တယ်။ အခုလဲ အထွေအထူးမရှိရင် ဝင်းရွှေရည်ကို ခွင့်ပြုဦးနော်၊ လူနာတွေ ဆီ ဝင်းရွှေရည် ခဏသွားလိုက်ဦးမယ်…''

ပြောပြောဆိုဆိုနှင့် ဝင်းရွှေရည်က ပေါ်ပေါ်ထင်ထင်ပင် သူ့ကို အခန်းထဲမှာ ထားပစ်ခဲ့သည်။

''ဘာဖြစ်တာလဲ…ဘယ်လိုဖြစ်ပြီး ဝင်းရွှေရည်အခြေအနေက ဒီလိုမျိုးပြောင်းသွားရတာလဲ…''

သူ့ခေါင်းထဲမှာ မေးခွန်းများ ဆက်တိုက်ပေါ်ထွက်လာသည်။

ဝင်းရွှေရည်ကို သူဘယ်လိုမှ နားမလည်တော့…။

ဟိုရက်ပိုင်းတုန်းက သူ့အပေါ် ဖေါ်ရွေဂရုစိုက်ခဲ့သော ဝင်းရွှေ



www.burmeseclassic.com

www.burmeseclassic.com



ရည်၏အပြုအမူများ ယခုအခါ အဘယ်အရပ်သို့ ထွက်ပြေးသွားကြပြီ နည်း။

သူ အရမ်းသိချင်လာသည်။

ဝင်းရွှေရည်ကို မေးလို့လည်း ဘယ်လိုမှရမှာမဟုတ်။ သီတာနွယ်ဆီကတော့ အဖြေတစ်ခုရနိုင်မည်ဟု မျှော်လင့်သည်။

သီတာနွယ့်ကို မေးကြည့်ရန် ဆုံးဖြတ်သည်။

သူချက်ချင်းပင် ဆေးရုံထဲကပြန်ထွက်၍ ကားပေါ်ပြန်တက်လိုက်သည်။

ထို့နောက် သူ့ကားကို သီတာနွယ်ရှိရာ အထက်တန်းကျောင်းဘက်သို့ ဦးတည်မောင်းနှင်လာခဲ့၏။

● ● ●



# အပိုင်း (၄)

လဝန်းကုဋေ သာသည့်မြေသို့

www.burmeseclassic.com

www.burmeseclassic.com

၁။

"တီ.....တီ"

အဝေးမှကြားသော ကားဟွန်းသံကြောင့် ဇော်မိုင် လှမ်းကြည့်လိုက်သည်။

"ဟာ.......ထက်နိုင်နဲ့ သီတာနွယ်ပါလား၊ အော်..... ရွှေရည်လည်း ပါလာတာကိုး"

သူရောက်နေသည့်နေရာက၊ တောင်စောင်းစိုက်ခင်း၏ အပေါ်ဘက်မှာ ဖြစ်သည်။ သူတို့ရောက်နေသည့်နေရာက ကားလမ်းဘေး စိုက်ခင်းခြံစပ်မှာ။

www.burmeseclassic.com

www.burmeseclassic.com



တစ်နေ့ရာနှင့် တစ်နေ့ရာ လှမ်းအော်ပြောလို့ မကြားနိုင်သော အကွာအဝေးဖြစ်နေသဖြင့် တဆက်ထည်း တိုးတိုးသာသာရေရွတ်လိုက်ပြီး တောင်စောင်းအတိုင်း ပြေးဆင်းလာခဲ့သည်။

"ကျွန်တော့် သူငယ်ချင်းက ယခုမှ တကယ့်စိုက်ပျိုးရေးသမားပုံ ဖြစ်နေတာ မရွှေရည်ရဲ့"

ခြံထဲဆင်းအလုပ်လုပ်ရာတွင် လွယ်ကူပေါ့ပါးစေရန်၊ ချွမ်ကြယ် အင်္ကျီလက်ပြတ်၊ အောက်က ဂျင်းဘောင်းဘီနှင့် တောစီးဖိနပ်စီးထားသော ဇော်မိုင့်ကိုကြည့်၍ ထက်နိုင်က ပြောလိုက်သည်။

ဝင်းရွှေရည်က ဘာမှမပြောပဲ ရယ်နေလိုက်သည်။

အနားရောက်လာသော ဇော်မိုင်ကရယ်ပြီး.....

"ကျွန်တော့်အတင်းကို ဒီကောင်ဘာတွေပြောနေလဲ ရွှေရည်နဲ့ မသိတာ"

ဝင်းရွှေရည်က ဘာမှမပြောသောလည်း သိတာနွယ်ကဝင်၍

"ဘာမှ မဟုတ်ပါဘူး ကိုဇော်မိုင်ရဲ့.... ကိုဇော်မိုင်ကအခုမှ ကောင်းဘွိုင်လိုလို ဘာလိုလိုနဲ့ လှနေတယ်လို့ ပြောတာပါ"

ဇော်မိုင်က ရယ်သည်။

"ဟား....ဟား....အဲ့ဒါမဖြစ်နိုင်ဘူး မသိတာ၊ ဒီကောင် ကျွန်တော့်ကို ဘယ်လိုနည်းနဲ့မှ အဲလောက်အမှန်တရားတွေပြောမှာ မဟုတ်ဘူး"

"အမယ်...လှနေတယ်ဆိုတာပဲ အမှန်တရားဖြစ်ရသေးတယ်။ ကဲပါ.... မင်းအလုပ်အခြေအနေ ဘယ်လိုလဲ"





"ကောင်းပါတယ်၊ ငါ့အတွက်ကတော့ အားလုံး အဆင်သင့်ဖြစ်နေပြီ။ ဒါနဲ့ မင်းတို့က ဘယ်သွားမလို့လဲ"

"ငါတို့ မြို့ထဲနဲ့ ဟိုနားဒီနား ရည်းစားပျားရည်ဆမ်းခရီး ထွက်မလို့ကွာ"

"ဘာ......ရည်စားပျားရည်ဆမ်းဟုတ်လား"

"ဟုတ်တယ် မင်းကိုလဲ အဲ့ဒီသတင်းကောင်း ပါးဦးမယ်၊ ခုမနက်ကပဲ သိတာက ငါ့ကို အဖြေပေးလိုက်တယ်။ ဒါကြောင့် အခု အလုပ်ဆင်းချိန်မှာ ရည်စားဘဝနဲ့ပထမဆုံး ပျားရည်ဆမ်းထွက်လာကြတာ"

"ဟ....ဒါဆို ငါလဲလိုက်မှာပေါ့၊ မင်းတို့က ရည်စားဦးညှော့ခံပွဲ တွေဘာတွေ လုပ်ဦးမှာ မဟုတ်လား"

"နီး...နီး...ဒီပွဲမှာ အဖော်တွေအရံတွေ မလိုသေးဘူး၊ အဲဒီ တော့ မင်းလိုက်စရာမလိုသေးဘူး။ ဒီမှာပဲ မရွှေရည်နဲ့ စကားပြောနေ၊ အချိန်တန်ရင် မင်းတို့ကို ငါလာခေါ်မယ်"

"ရွှေရည် ကျွန်တော်နဲ့ နေခဲ့မှာလား"

"အင်းပေါ့......အခုမှတော့ နေခဲ့ရတော့မှာပေါ့။ ခုနတုန်း ကတော့ ဆေးရုံကဂျူတီထွက်ချိန် မရမကခေါ်လာပြီး၊ ခုကျမှ အဖော်တွေ အရံတွေ မလိုတော့ဘူး ဖြစ်သွားပြီပဲ"

ထက်နိုင်ကရယ်ပြီး...

"ခဏလေးပါ မရွှေရည်ရယ်... သိပ်မကြာပါဘူး၊ ပထမဆုံး အနေနဲ့ နှစ်ယောက်တွဲပြီး မူဆယ်မြို့ထဲ ဂုဏ်ယူဝင့်ကြွားစွာ လျှောက်သွား လိုက်ချင်လို့ပါ"



www.burmeseclassic.com

www.burmeseclassic.com



"ကဲနေတာ သဲနေတာ ရွှေရည်ရေ……၊ အဲဒါပေါ့ သူခိုးရွှေတပြုံပြုံဆိုတာ"

"ကဲပါ မသိတာရယ်……ကျွန်တော့်သူငယ်ချင်းက ဘယ်တုန်းကတည်းက ခိုးချင်နေမှန်းမသိတဲ့ ရွှေတုံးကြီးရလိုက်ပြီဆိုတော့ မြို့လည်ပြီး ကြွားချင်နေမှာပေါ့……ကဲ ကဲ…လျှောက်ပြကြ၊ လျှောက်ပြကြ၊ မြို့ထဲ နောက်ထပ်ပြစရာနေရာ မကျန်အောင်ပြပြီးမှ ပြန်လာခဲ့"

"ဟာ……ဘာလဲ ကိုဇော်မိုင်ကလဲ"

လေးယောက်သား ရယ်မောလိုက်ကြသည်။

ထိုနောက် ထက်နိုင်နှင့်သီတာနွယ်က နှုတ်ဆက်ပြီး ထွက်သွားသည်။

ခြံဝမှာ သူနှင့်ဝင်းရွှေရည် နှစ်ယောက်သာကျန်ခဲ့၏။

✻ ✻ ✻





"ကိုဇော်မိုင်……အလုပ်တွေ အရမ်းများနေလား"

"ဟုတ်တယ် ရွှေရည်… ဒါကြောင့် ဒီရက်ပိုင်းမှာ ရွှေရည်တို့ဘက်တောင် မရောက်ဖြစ်ဘူးဖြစ်နေတာ။ ဒါပေမယ့် ခုတော့ ပြီးသလောက်ရှိသွားပါပြီ"

"ဘာအတွက် ဒီလောက်အရေးတကြီး လုပ်နေရတာလဲ"

"ဒီလဆန်းလောက်မှာ တိုင်းမှူးကိုယ်တိုင် ဦးဆောင်ပြီး လူထုအင်အားနဲ့ မုံးကိုးဘက်က ဘိန်းခင်းတွေဖျက်စီးဖို့ အစီအစဉ်ရှိတယ် ရွှေရည်… အဲလိုဖျက်စီးတဲ့အခါမှာ ဖျက်စီးပစ်ရုံ ဖျက်စီးပစ်ပြီး တစ်ခုခုအစားထိုး မပေးနိုင်ရင်၊ အဲ့ဒီဒေသခံတောင်သူတွေ အရမ်းဒုက္ခရောက်သွားမှာပေါ့"

"ဒါကြောင့် ဘိန်းခင်းတွေဖျက်စီးပြီးတာနဲ့ အဲ့ဒီဘိန်းခင်းတွေနေရာမှာ ရာဘာတို့ ကြံတို့ ချက်ချင်းအစားထိုးစိုက်နိုင်အောင်၊ ကိုယ့်အပိုင်းက ပျိုးပင်တွေ မျိုးတွေ စီစဉ်ပေးနေရတာ"

"အင်းပေါ့နော်… ဒါမှလဲ အဲဒီကတောင်သူတွေ စားရေးသောက်ရေး အဆင်ပြေတော့မှာပေါ့"

"ဟုတ်တယ်၊ သူတို့အတွက်ကတော့ တကယ့်လိုအပ်ချက်က ဒါပါပဲ၊ ဘိန်းပင်စိုက်လဲ ဒီလောက်ပဲရတာယ်။ ကြံစိုက်လည်း ဒီလောက်



www.burmeseclassic.com

www.burmeseclassic.com



ပဲရတာပဲ၊ ဘိန်းပင်အစား ကြံပင်ပြောင်းစိုက်လို့ သူတို့မှာ ဘာမှမဖြစ်ဘူး"

"အင်းနော် အစကတည်းက ဒီလိုလုပ်ပေးနိုင်ခဲ့ရင် သိပ်ကောင်းမှာပဲ"

"မရဘူးလေ ရွှေရည်... ဟိုတစ်ချိန်က ဒက်ဒီတို့အပါအဝင် မငြိမ်းချမ်းခင်က ဒေသအဖွဲ့အစည်းအားလုံးဟာ ဒါနဲ့ပဲ စီးပွားရှာ ရပ်တည်ခဲ့တာပဲ၊ အနည်းဆုံးတော့ အခွန်ကောက်တော့ ရနေတာဘဲမဟုတ်လား"

"ဘာလဲ ကိုဇော်မိုင် ခုထက်ထိ ဒယ်ဒီကို မကျေနပ်ဖြစ်တုန်းပဲလား၊ ဒယ်ဒီတို့လိုလူမျိုးတွေ ချမ်းသာကြွယ်ဝခဲ့တာလဲ ဒါတွေကြောင့်ပဲလို့ အပြစ်တင်ဦးမှာလား"

"မဟုတ်ပါဘူးရွှေရည်၊ ခုချိန်မှာ ဒယ်ဒီအပါအဝင် ဘယ်သူ့ကိုမှ မကျေမနပ်ဖြစ်စရာ မရှိတော့ပါဘူး။ ဒါတွေအားလုံးကို အတိတ်ကာလကဏ္ဍတစ်ခုမှာပဲ အပြီးအပိုင် ထားပစ်ခဲ့ပါပြီ။ ပြီးတော့ ဒီကိစ္စမှာ ဒီနိုင်ငံထဲက ဘယ်သူ့ကိုမှ အပြစ်တင်စရာလဲ မလိုပါဘူး...

ဘာဖြစ်လို့လည်းဆိုတော့... ဒီကိစ္စတွေအားလုံးရဲ့ တရားခံက ဒယ်ဒီလည်းမဟုတ်ဘူး၊ ကိုယ်လည်း မဟုတ်ဘူး၊ ကိုယ်တို့နိုင်ငံသူ၊ နိုင်ငံသား တိုင်းရင်းသားညီအစ်ကို၊ မောင်နှမတွေလဲ တစ်ယောက်မှမဟုတ်ဘူး တကယ့်အဓိကတရားခံက ဒီနားမှာမရှိပါဘူး"

"ဘယ်လိုလဲ ကိုဇော်မိုင်၊ ရွှေရည်ကိုပဟေဠိဝှက်နေတာလား"

"ပဟေဠိမဟုတ်ပါဘူး ရွှေရည်... အဖြေရှိပါတယ်၊ တရားခံ ဘယ်သူလဲဆိုတဲ့အဖြေကို ဖြတ်သန်းလာခဲ့တဲ့ သမိုင်းကြောင်းကနေ ပြန်ရှာရင်လွယ်လွယ်လေးပါ...





ကျွန်တော်တို့ ရွှေရည်တို့ မွေးဖွားခဲ့ရတဲ့ဒေသတွေအနေနဲ့ လရောင်ကြယ်ရောင်မရှိတဲ့ လမိုက်ညလို အမှောင်အတိဖုံးပြီး၊ သွေးစွန်းနေတဲ့ ကြေကွဲစရာအနိဋ္ဌာရုံ အဖြစ်အပျက်တွေ မရေမတွက်နိုင်အောင် ဖြစ်ခဲ့ရတဲ့ အကြောင်းရင်းဟာ အဓိကကတော့ မငြိမ်းချမ်းခြင်းနဲ့ ဆင်းရဲနိမ့်ကျခြင်းပဲ။

နယ်မြေမငြိမ်းချမ်းတဲ့အတွက် တရားဥပဒေက လက်လှမ်းမမီ၊ မစိုးမိုးနိုင်တော့ဘူး။ ဆင်းရဲနိမ့်ကျတာကြောင့် လူနေမှုဘဝ၊ အသိဉာဏ် အဆင့်အတန်း မမြင့်မားနိုင်တော့ဘူး...

အဲဒီအတွက်လူတွေဟာ အမှန်ရယ်၊ အမှားရယ်လို့ခွဲခြားနိုင်တာ မရှိတော့ပဲ၊ အမှားလမ်းကြောင်းပေါ်မှာ ထင်ရာတွေလုပ်လာကြတယ်။ အဲဒီအခါမှာ ရက်စက်မှုတွေ၊ မတရားမှုတွေ၊ နှိပ်စက်ညှင်းပန်းမှုတွေနဲ့ အနိဋ္ဌာရုံ အဖြစ်အပျက်တွေ ပြည့်နှက်လာတာပဲ...

ဒါဖြင့်ရင်... ကိုယ်လူမျိုး၊ ကိုယ့်တိုင်းရင်းသား ညီအကိုတွေပဲနေပြီး ဘာဖြစ်လို့ မငြိမ်းချမ်းတာလဲ၊ အချင်းချင်းစိတ်ဝမ်းတွေ ကွဲပြားနေရသလဲဆိုတဲ့ တရားခံရှာကြည့်တော့၊ အဓိကတရားခံဟာ နယ်ချဲ့သမားဆိုတာ သွားတွေ့ရတယ်

တိုင်းပြည်ကို သူတို့နယ်ချဲ့ကျူးကျော်ဝင်လာပြီး ကျွန်ပြုအုပ်ချုပ်တော့လဲ သွေးခွဲတဲ့စနစ်နဲ့ အုပ်ချုပ်ခဲ့တယ်။ မလွဲသာမရှောင်သာ လွတ်လပ်ရေးပေးလိုက်ရတော့လဲ တိုင်းရင်းသားညီအကို မောင်နှမအချင်းချင်း သွေးကွဲအောင် သပ်တွေအများကြီး လျှိုပေးထားခဲ့တယ်။ အချင်းချင်း ရန်ဘက်ပေးထားခဲ့တယ်...



www.burmeseclassic.com

www.burmeseclassic.com



အဲဒီတော့ မရှိမဖြစ်လိုအပ်တဲ့ တိုင်းရင်းသားစည်းလုံး ညီညွတ်ရေးတွေ မနိုင်မာတော့ပဲ ညီအကိုအချင်းချင်းတွေ နိုက်ရန်ဒေါသ ဖြစ်ပွားခဲ့ရတယ်။ အထူးသဖြင့်ဆင်းရဲနိမ့်ကျပြီး ပြည်မနဲ့အဆက်ပြတ်တဲ့ ကျွန်တော်တို့ ဒေသမျိုး၊ နိုင်ငံအစွန်အဖျားမျိုးတွေမှာ ပိုဆိုးတာပေါ့…

ဘယ်တော့မှ အမှောင်ပြိန်းတဲ့ညကာလလို အနက်ရောင်နယ်မြေဘဝက မလွတ်မြောက်နိုင်တော့ဘူး…

အဲဒီလို မငြိမ်းချမ်း မလုံခြုံတော့ နယ်မြေတိုးတက်ဖွံ့ဖြိုးရေးဆိုတာမျိုးကိုလဲ ဘာတစ်ခုမှ မလုပ်နိုင်တော့ဘူး။ မဖွံ့ဖြိုးမတိုးတက်တော့ စီးပွားရေးအခြေအနေဆိုတာလဲ သုညအောက်မှာ အနုတ်လက္ခဏာအထိ ရောက်နေကြတာပေါ့…

အဲဒီတော့ အဲဒီလိုနေရာတွေက ဒေသခံရိုးသားတဲ့ တောင်သူတွေကို မဝရေစာပေးကျွေးပြီး ငွေရှင်ကြေးရှင်တွေရဲ့ လက်ဝေခံအဖြစ်နဲ့ ဆိုးသွမ်းတိုက်ခိုက်သူတွေက မူးယစ်ဆေးဝါး စိုက်ပျိုးချက်လုပ်ပေးသူတွေဖြစ်လာတယ်…

အဲဒီ မူးယစ်ဆေးဝါးရဲ့ သမိုင်းကြောင်းကို ပြန်ကြည့်ရင်လဲ အဲဒီဘိန်းဆိုတာ နယ်ချဲ့အင်္ဂလိပ်တွေ မျိုးစေ့ချပေးထားခဲ့တာပဲ။ အာရှဒေသတစ်ခုလုံးကို ဘိန်းကျွေးပြီး သိမ်းပိုက်နိုင်ဖို့ ဘိန်းမျိုးတွေကိုတင်လာခဲ့တာ နယ်ချဲ့အင်္ဂလိပ်ပါ ရွှေရည်…

ဒါကြောင့် ဖြစ်ရပ်အားလုံးရဲ့ တရားခံအစစ်ဟာ ဒီအနီးအနားမှာ မရှိတဲ့ နယ်ချဲ့အင်္ဂလိပ်တွေပါ…

ထားပါတော့လေ…





ဒါပေမယ့် ခုချိန်မှာတော့ အခြေအနေတွေအားလုံး ပြောင်းလဲကုန်ပါပြီ။ ကိုယ်တိုင်းရင်းသားညီအစ်ကို မောင်နှမအချင်းချင်း မိသားစုစိတ်နဲ့ ညှိနှိုင်းဖြေရှင်းလိုက်တဲ့အတွက် အခုတော့ ဒီဒေသတွေအားလုံး ငြိမ်းချမ်းခဲ့ပါပြီ…

ငြိမ်းချမ်းပြီးရင် အလိုလို သာယာလာတာပဲ ရွှေရည်…

ဒီအချိန်မှာ နိုင်ငံတော်ကလဲ တိုင်းပြည်အတွက် လိုအပ်တဲ့ စီးပွားရေးစံနစ် ပြောင်းလဲထားပြီ။ တစ်နိုင်ငံလုံးပြုပြင်ပြောင်းလဲရေးတွေ၊ ပွင့်လင်းတဲ့ဈေးကွက်နဲ့ လွတ်လပ်တဲ့ကုန်သွယ်စီးပွားဆက်စပ်ပေးမှုတွေ လုပ်လိုက်တဲ့အခါကျတော့၊ ကိုယ်တို့ဒေသတွေဟာ မယုံနိုင်လောက်အောင် ပြောင်းလဲတိုးတက်လာခဲ့တာ ကိုယ်တို့မျက်မြင်ပဲ…

ပြောရရင်တော့ အရင်ဟာ လမိုက်ည သန်းခေါင်ယံလိုဖြစ်နေခဲ့တဲ့ အမှောင်ဖုံးဒေသတွေမှာ ငြိမ်းချမ်းရေး၊ နယ်မြေဖွံ့ဖြိုးရေး၊ စီးပွားရေးတိုးတက်မှု… စတဲ့ လမင်းအလင်းရောင်တွေ ဝေဆာခဲ့ပြီမို့ လမင်းတစ်ရာသာတဲ့မြေလို့တောင် တင်စားနိုင်ပါပြီ…

အခုနောက်ဆုံး ကျန်နေပြီး သာစရာရှိသေးတဲ့ လမင်းတွေလဲ မသာနိုင်၊ သာလက်စ လမင်းတွေရဲ့ အလင်းရောင်ကိုလည်း အတားအဆီးပြုသလို ဖြစ်နေတဲ့ လက်ကျန်တိမ်ညိုတိမ်မဲကိစ္စကတော့ မူးယစ်ဆေးဝါးပါပဲ…

ဒီတစ်ခုကိုသာ ဖယ်ရှားနိုင်ပြီဆိုရင် ဒီနယ်မြေဟာ လမင်းတရာတောင် မကတော့ပဲ လဝန်းကုဋေ သာသည့်မြေဖြစ်လာမှာ မုချပါပဲ။

အဲဒါလည်းမဖြစ်နိုင်တဲ့ အိပ်မက်တစ်ခုမဟုတ်ပါဘူး ရွှေရည်။



www.burmeseclassic.com

www.burmeseclassic.com



လက်တွေ့ မျက်တွေ့ ပြောရရင် ရှမ်းပြည်နယ်အရှေ့ပိုင်းက ကိုယ်တို့ဒေသလို ဒေသတစ်ခုဖြစ်တဲ့ "မိုင်းလား" ဆိုရင် အရင်က မူးယစ်ဆေးဝါးနယ်မြေပါပဲ။ ဒါပေမယ့် အခုတော့ "မူးယစ်ဆေးဝါးကင်းလွတ်နယ်မြေ" Free Opion-Zone ဆိုပြီး ကမ္ဘာကို ကြေငြာလို့ရသွားပြီ။

နယ်မြေဒေသတိုးတက်မှုကလဲ တကယ့်ကို အံ့မခန်းတိုးတက်ပြောင်းလဲပြီး စီးပွားရေးလဲ အရမ်းဖွံ့ဖြိုးသွားပြီ။

တစ်နေ့.....ကိုယ်တို့ဒေသလဲ အဲဒီလိုပဲဖြစ်ရမှာပေါ့။

ဒီဒေသကို ပြန်လာခဲ့တာ ဒီရည်ရွယ်ချက်နဲ့ လာခဲ့တာပါ။

ကိုယ့်ဒေသကို လဝန်းကုဋ္ဌေသာသည့် မြေဖြစ်ချင်တယ်ရွှေရည်။ အဲဒီအတွက် တိမ်ညိုတွေရှင်းဖို့ ဘိန်းခင်းတွေနေရာမှာ ရာဘာခြံကြီးတွေ၊ ကြံခင်းကြီးတွေ၊ မြေပဲခင်း၊ ဂျုံခင်းကြီးတွေ ဖြစ်လာရမယ်ရွှေရည်။

အဲဒီအတွက် ကိုယ်တို့စိုက်ပျိုးရေးအဖွဲ့တွေက မျိုးစေ့တွေ၊ မျိုးပင်တွေ၊ မြေဩဇာတွေ၊ ပိုးသတ်ဆေးတွေ၊ လယ်ယာသုံးကရိယာတွေ နည်းပညာပေးသင်တန်းတွေ၊ အလုံအလောက်ပံ့ပိုးပေးဖို့လဲ အဆင့်သင့်ဖြစ်နေကြပြီ။ အလားတူပဲ တစ်ဘက်က မွေးမြူရေးအဖွဲ့တွေကလဲ ဝက်၊ နွား၊ မြည်း၊ ပျား စတဲ့မွေးမြူရေးလုပ်ငန်းတွေ လုပ်ပေးနိုင်ဖို့ အဆင့်သင့်ဖြစ်နေကြတယ်။

မကြာခင်ပဲ လက်ရှိစိုက်ပျိုးထားကြတဲ့ ဘိန်းခင်းတွေကို လူထုအင်အား၊ အခန်းအနားနဲ့ ဖျက်စီးပစ်ကြမယ်၊ ပြီးရင် နှံနှံကစိုက်ပျိုးရေး၊ မွေးမြူရေးလုပ်ငန်းတွေ အစားထိုးဝင်လာမယ်။

လဝန်းကုဋ္ဌေသာသည့်မြေကို ရောက်တော့မယ့်ခရီးဟာ ဘာမှ





မလိုတော့ဘူးရွှေရည်၊ အားလုံးလက်တစ်ကမ်းမှာ အဆင်သင့်ဖြစ်နေကြပါပြီ"

* * *

ဇော်မိုင်၏ စကားရှည်ကြီးအဆုံးမှာ ဝင်းရွှေရည်ကပြုံးသည်။

"ကိုဇော်မိုင်က တရားဟောလည်းကောင်းတာပဲ၊ ဒါတွေဟာ ဟိုတုန်းကတည်းက ကိုဇော်မိုင် မျှော်လင့်ဖူးခဲ့တဲ့စိတ်ကူးတွေပဲပေါ့နော်"

"ဟုတ်တယ်..... ရွှေရည်ကို နန်းဝတ်မှုံဘဝတုန်းက ဒီလောက် ရှည်ရှည်လျားလျားမဟုတ်ပေမယ့်၊ ဒီသဘောမျိုးဆောင်တဲ့စကားတွေ ပြောခဲ့ဖူးပါတယ်၊ ရွှေရည်မှတ်မိသားပဲ"

"မှတ်မိပါတယ် ကိုဇော်မိုင်၊ ဒါပေမယ့် အဲဒီတုန်းကနန်းဝတ်မှုံက



www.burmeseclassic.com

www.burmeseclassic.com



ဒါတွေဟာ မဖြစ်နိုင်တဲ့ကိစ္စတွေလိုပဲ ယူဆတယ်"

"အခု ရွှေရည်ကျတော့ကော····"

"ရွှေရည် အဲဒီအမှားတွေမြင်လို့ ဆရာဝန်ဖြစ်လာတဲ့အခါ ဒေါက်တာဝင်းရွှေရည်ဟာ တခြားဒေသတွေမသွားပဲ၊ ဒီဒေသတွေနဲ့ အနီးဆုံးနေရာကို ပြန်လာခဲ့တာပေါ့ ကိုဇော်မိုင်··· ကမ္ဘာလောကကြီးမှာ ခေတ်နဲ့ သမိုင်းတွေဟာ ပြုပြင်ပြောင်းလဲယူလို့ရတယ်။ အဲဒီခေတ်တွေ သမိုင်းတွေကို ပြောင်းလဲပစ်နိုင်တာလဲ ဘယ်တန်ခိုးရှင်မှ မဟုတ်ဘူး···· လူတွေပဲဆိုတာ ရွှေရည်သဘောပေါက်တာကြာပြီ"

"အဲဒီတော့ ရွှေရည်အစီအစဉ်က····"

"ဒေါက်တာဝင်းရွှေရည်ဟာ ကိုဇော်မိုင်ပြောတဲ့ လဝန်းကုရွှေသာသည့်မြေမှာ ကျန်းမာရေးတာဝန်ယူပေးခဲ့တဲ့ ဆရာဝန်မတစ်ယောက် ဖြစ်လာရမှာပေါ့ ကိုဇော်မိုင်။ ခုဆိုရင် ကိုဇော်မိုင်တို့ရဲ့ပညာရေးကို ထောက်ပံ့ကူညီပေးခဲ့တဲ့ မြန်မာ့ကရုဏာဖေါင်ဒေးရှင်းဆိုတဲ့ အဖွဲ့အစည်းကြီးတစ်ခုက မူဆယ်၊ နမ့်ခမ်း၊ ကွတ်ခိုင်၊ မုံးကိုး၊ ကျူကုတ်စတဲ့ နေရာတွေမှာ ဆင်းရဲတဲ့ လူထုတွေကို ဆေးကုခမယူပဲ ကုသပေးမယ့် ကရုဏာဆေးခန်းတွေ လာဖွင့်တော့မယ်တဲ့ ကိုဇော်မိုင်··· ရွှေရည် အဲဒီဆေးခန်းတစ်ခုမှာ အခကြေးငွေ မယူပဲ စေတနာနဲ့ကုသပေးဖို့ တာဝန်ယူ စာရင်းပေးထားပါတယ်"

"ဝမ်းသာလိုက်တာရွှေရည်ရယ်··· အင်းလေ ကံကောင်းအကြောင်းလှရင်တော့ အမှောင်ဖုံးတဲ့ ညကာလတွေတုန်းက ဒီနယ်မြေမှာ နှလုံးသားချင်း ရင်းနှီးချစ်ကြည်ဖူးကြတဲ့ သောင်းကျန်းသူပေါက်စ ဇော်မိုင်နဲ့ သောင်းကျန်းသူခေါင်းဆောင်သမီး နန်းဝတ်မှုံတို့ရဲ့ ပုံပြင်လေးကို အကြောင်း





ပြုပြီး လဝန်းကုရွှေသာသည့်မြေမှာလဲ စိုက်ပျိုးရေးသမားဇော်မိုင်နဲ့ ဒေါက်တာဝင်းရွှေရည်တို့ရဲ့ ပျော်စရာချစ်ခရီးလေးတစ်ခု လျှောက်လှမ်းချင်ပါတယ် ရွှေရည်ရယ်···

တစ်ခါက လသာညလေးကြုံခဲ့ဖူးတဲ့ ကိုယ်တို့နှစ်ယောက်လဲ၊ အမှောင်ဖုံးတဲ့ ကြေကွဲစရာညတွေ ကျော်ဖြတ်ပြီးတဲ့အခါ လဝန်းကုရွှေသာနေတဲ့ အိပ်မက်ညလေး ပြန်ကြုံခွင့် ရချင်ပါတယ်"

"ဘာလဲ ကိုဇော်မိုင်က ဒေါက်တာဝင်းရွှေရည်ကို ရည်းစားစကား ပြောနေတာလား"

"ဟုတ်တယ်ရွှေရည်··· အသစ်တခါ ပြန်ပြောတဲ့ ရည်းစားစကားပါ။ အိပ်မက်ဟောင်းနဲ့ လွမ်းကြောင်းဆွေးကြောင်းတွေလဲ မပြောချင်တော့ပါဘူး၊ အိပ်မက်သစ်နဲ့ပဲ ချစ်သူသစ်တွေဖြစ်ချင်ပါတယ်"

"အင်း····ရွှေရည်ကို အချိန်ပေးပါဦး ကိုဇော်မိုင်ရယ်···· အဲဒီအချစ်ရေးတွေပါလာရင် ရွှေရည်တို့ မျှော်မှန်းတည်ဆောက်ချင်တဲ့ လုပ်ငန်းတွေ နှောင့်နှေးကုန်ပါဦးမယ်"

"မနှောင့်နှေးစေရပါဘူး ရွှေရည်၊ အချစ်ဆိုတာ ဘဝရဲ့ အင်အားတစ်ခုပါ၊ ကိုယ်ချစ်တဲ့မြေကို ဖွံ့ဖြိုးတိုးတက်အောင်လုပ်ဖို့ ကိုယ်ချစ်သူနဲ့ လက်ချင်းတွဲထားရင်၊ ကိုယ်ပေးနိုင်တဲ့လုပ်အားကလဲ နှစ်ဆဖြစ်လာမှာပါ"

"ဖြစ်ရပြန်ပြီ······ကို သိပ်စကားတတ်တယ်ကွာ"

"နှလုံးသားကပြောတဲ့ စကားပါရွှေရည်၊ ကိုယ့်ကိုချစ်နော် ကိုယ် ရွှေရည့်ကို အရမ်းချစ်တယ်"

"ဟာ····ဘယ်လိုလဲ ကို··· ဖယ်ဦး··· တော်ကြာ သူများတွေ



www.burmeseclassic.com

www.burmeseclassic.com



မြင်ကုန်မယ် ''

''မြင် မြင်…ရွှေရည်ရာ ထက်နိုင်တို့တောင် သူတို့ချစ်သူဖြစ်ကြောင်း လူတွေ မမြင်မြင်အောင် လျှောက်လှည့်ပြနေသေးတာပဲ၊ ကိုယ့်ခြံထဲမှာ အပြင်လူတွေမရှိဘူး၊ ကိုယ့်အဖွဲ့တွေချည်းပဲ၊ ပြော‥ ကိုယ့်ကို ချစ်တယ်လို့ပြော''

''အင်းပါ… ပြောပါ့မယ်… ကို့ကိုချစ်တယ်၊ အရင်တုန်းက ထက်တောင် ကို့ကို ပိုချစ်တယ်၊ ကျေနပ်ပြီလား''

''ဟဲ့… ကျေနပ်ပြီကွ အရမ်းကိုကျေနပ်သွားပြီ''

''အိုး…''

ရွှေရည်ခမျာ ဒါပဲပြောနိုင်ပြီး ဇော်မိုင်ရင်ခွင်ကျယ်ကြီးထဲတွင် နစ်မြုပ်သွားသည်။

ရာဘာစိုက်ခင်းကြီးထဲမှ အစိမ်းရောင် အပင်ပေါက်ကလေးများလည်း စောစောကထက်ပို၍ လန်းဆန်းစိမ်းမြလာသည် ဟုထင်လိုက်ရ၏။

✤ ✤ ✤



၂။

''တောက်''

ရာဘာစိုက်ခင်းထဲမှ ဇော်မိုင်နှင့် ဝင်းရွှေရည်တို့ကို အဝေးတစ်နေရာမှ အဝေးကြည့်မှန်ပြောင်းနှင့်ကြည့်ရင်း တောက်ခေါက်လိုက်သူက ဇော်ဗလ။

သည်နေရာကနေ သည်မြင်ကွင်းကို သူမြင်နေရခြင်းက တိုက်ဆိုင်မှုတော့မဟုတ်။

လွန်ခဲ့သည့် တစ်ပတ်လောက်က ဝင်းရွှေရည်ရှိရာ ဆေးရုံသို့

www.burmeseclassic.com

www.burmeseclassic.com



သွားရောက်သည်။ ဝင်းရွှေရည်က စကားကောင်းစွာမပြောသဖြင့် မထော
…ပ်နှင့် သူ သီတာနွယ်ဆီ သွားခဲ့သည်။

ထိုအခါ သီတာနွယ်က အကျိုးကြောင်းပြောပြခဲ့သည်။ ထိုအချိန်ကတည်းက ဝင်းရွှေရည်ကို သူမျက်ခြေမပြတ် စောင့်ကြည့်နေခဲ့ခြင်းဖြစ်သည်။

သီတာနွယ်နှင့် တွေ့ဆုံစဉ်က သီတာနွယ်ပြောပြခဲ့သည့် အကျိုးအကြောင်းစကားများကို သူ တစ်လုံးမကျန် မှတ်မိနေသေးသည်။

"ရွှေရည်ကို မျှော်လင့်ထားတာနဲ့ ပတ်သက်လို့ သီတာစေတနာနဲ့ အကြံပေးပါရစေ ကိုဇော်ဗလ။ ရွှေရည့်ကို ကိုဇော်ဗလ မေ့လိုက်ပါ။ ဖြစ်နိုင်ရင် ရွှေရည့်အစား တခြားတစ်ယောက်ကို မေတ္တာမျှနိုင်အောင် …စားပါ"

"ဘာဖြစ်လို့လဲသီတာ ရွှေရည်က ဘာဖြစ်နေလို့လဲ"

"ဘာဖြစ်နေလို့လဲဆိုတော့၊ ရွှေရည်ဟာ သူ့ချစ်ဦးသူနဲ့ ပြန်တွေ့နေလို့ပဲ ကိုဇော်ဗလ။ ရွှေရည့်မှာ တစ်ခါတုန်းက ချစ်သူတစ်ယောက်ရှိခဲ့ဖူးတယ်။ အဲဒီတုန်းကတည်းက သူတို့နှစ်ယောက်ဟာ တစ်ယောက်ကို တစ်ယောက်အရမ်းချစ်ခဲ့ကြတယ်၊ ဒါပေမဲ့"

"ဒါပေမဲ့ ဘာဖြစ်လဲသီတာ"

"ဒါပေမဲ့ သူတို့နှစ်ယောက်ဟာ အကြောင်းတစ်ခုနဲ့ ဝေးသွားကြတယ်။ တစ်ယောက်နဲ့တစ်ယောက် ပြန်မဆုံကြတော့ဘူးလို့ ထင်ခဲ့ကြတယ်။ ဒါပေမဲ့ သူတို့နှစ်ယောက်စလုံးဟာ အချစ်သစ်မရှာခဲ့ကြဘူး။ ခုကျတော့ သူတို့နှစ်ယောက် မမျှော်လင့်ပဲပြန်ဆုံသွားကြပြီ၊ အဲဒီ အချိန်





မှာတော့ ကိုဇော်ဗလကိုချစ်ဖို့ ရွှေရည့် ဘယ်လိုမှ စိတ်ကူးမှာ မဟုတ်တော့ဘူး၊ ခုလဲ….တကယ်လို့ တစ်ယောက်ယောက်ကတွေ့လို့ ပြန်ပြောရင် သူ့ချစ်သူက အထင်လွဲမှာစိုးလို့ ရွှေရည်က ကိုဇော်ဗလကို လက်ခံစကားမပြောတာဖြစ်မှာပဲ"

"သူ့ချစ်ဦးသူဆိုတာ ဘယ်သူလဲ မသီတာ၊ ဒီမြို့ကပဲလား"

"အဲဒါတော့ သီတာမသိဘူး၊ သီတာလဲ ရွှေရည်ပြောတာကို ပြန်ပြောပြရတာ"

"အဲဒီလူကို မသီတာ မမြင်ဖူးဘူးပေါ့"

"မမြင်ဖူးသေးဘူး ကိုဇော်ဗလ၊ ရွှေရည်ကတော့ တစ်နေ့ကျရင် အားလုံးနဲ့ တွေ့ပေးမယ်လို့ ပြောတယ်"

"ကျွန်တော်မယုံဘူး မသီတာ၊ အဲဒီကိစ္စ ကျွန်တော်ကိုယ်တိုင် မြင်မှယုံမယ်"

"အဲဒါဆိုရင်တော့ ကိုဇော်ဗလ ရွှေရည့်ကို မျက်ခြေမပြတ် စောင့်ကြည့်ပေါ့၊ သီတာအနေနဲ့ကတော့ ဒီလောက်ပဲပြောနိုင်မယ်"

အမှန်ကတော့ ဝင်းရွှေရည်နှင့်ပတ်သက်၍ သီတာနွယ်က ဇော်ဗလလက်လျှော့အောင် ဇော်မိုင်ကိုရည်ရွယ်၍ တမင်ပြောလိုက်ခြင်းသာဖြစ်သည်။ ထိုအချိန်က ဝင်းရွှေရည်နှင့် ဇော်မိုင်တို့အခြေအနေက ဘာမှ မရေရာသေး။

သို့အတွက် ဇော်ဗလက စစ်စစ်ပေါက်ပေါက်မေးလာသောအခါ သီတာ ဘာပြောရတော့မည်မှန်း မသိတော့ပဲ၊ ပါးစပ်ထဲတွေ့ရာတွေ့ဆက် ပြောလိုက်ခြင်းသာဖြစ်သည်။



www.burmeseclassic.com

www.burmeseclassic.com



သို့သော်…. ဇော်ဗလက ဝင်းရွှေရည် တကယ်စောင့်ကြည့်နေခဲ့သည်။

တစ်ပတ်နီးပါးခန့် ဘာမှမထူးခြားပဲ သည်နေ့မှ ဇော်မိုင်နှင့် ဝင်းရွှေရည်တို့ ချစ်သူပြန်ဖြစ်သွားချိန်နှင့် တိုက်ဆိုင်သော ထိုမြင်ကွင်းကို ဇော်ဗလ မြင်သွားရခြင်းဖြစ်သည်။

သည်တော့မှလည်း ဝင်းရွှေရည်၏အချစ်ဦးမှာ ဇော်မိုင်ဟု သူ သိသွားသည်။

"တောက်… မင်းလိုကောင်မျိုးနဲ့ကျမှ ငါအရှုံးပေးရတာ သိပ်နာတယ်ဇော်မိုင်… ဒါပေမယ့် ငါ့အကြောင်း မင်းသိရမှာပေါ့ကွာ၊ ဇော်ဗလဆိုတဲ့ကောင်ဟာ… မင်းလိုကောင်ကို အလျှော့ပေးလိုက်ရတယ်ဆိုရင် ရာဇဝင်ရိုင်းသွားမှာပေါ့… တွေ့မယ်ဇော်မိုင်… တွေ့မယ်.. ဇော်ဗလဘာကောင်လဲဆိုတာ မင်းကော၊ ရွှေရည်ကော မကြာခင်သိရမှာပေါ့"

ဇော်ဗလက မှန်ဘီလူးကို ကားပေါ်ပစ်တင်လိုက်သည်။

ထို့နောက် သူ့ကားကို သူဒေါသတကြီးမောင်းထွက်လာခဲ့၏။

* * *





ဖြစ်ချင်တော့ အိမ်ပြန်ရောက်ရောက်ချင်းပင် ဇော်ဗလအား သတင်းဆိုးတစ်ခုက ဆီးကြိုနေသည်။

"ဆရာ ညက တိုက်ပွဲအကြီးအကျယ်ဖြစ်ပြီး နောက်ထပ်စခန်းတစ်ခုကို တပ်ကသိမ်းလိုက်ပြန်ပြီတဲ့ ကိုဝီလီကိုလဲ တပ်ကဖမ်းသွားတယ်လို့ ခုန ချန်လီကပြောသွားတယ်"

"ဘာ… ဝီလီပါသွားတယ် ဟုတ်လား"

"ဟုတ်တယ်ဆရာ၊ အဲဒါဆရာလဲ နည်းနည်းသတိထားနေပါတဲ့၊ ကိုဝီလီနဲ့ဆရာ အဆက်အသွယ်ရှိတာကို မူဆယ်ထောက်လှမ်းရေးတို့၊ မူးယစ်တို့က ကောင်းကောင်းသိတယ်…..တဲ့"

နဂိုကမှ ဒေါသအခံရှိနေသော ဇော်ဗလ၊ နောက်ထပ်ကြားရသော သတင်းကြောင့် ထိမ်းမရအောင် ပေါက်ကွဲသွားသည်။

"ကဲကွာ"

"ခွမ်း"

ဒေါသဖြစ်လွန်းသဖြင့် အနားရှိ အခန်းကန့်မှန်ကြီးကို လက်သီးဖြင့် ထိုးခွဲလိုက်သည်၊ မှန်ကြီးကွဲကြေသွားသလို သူ့လက်လည်း မှန်ကွဲများရှ၍ သွေးချင်းချင်းနီသွားသည်။

"ဟာ…..ဆရာ မလုပ်ပါနဲ့"

သူ့တပည့်မောင်တိုးက ဇော်ဗလလက်ကို ဖမ်းကိုင်ပြေးဆွဲသည်။



www.burmeseclassic.com

www.burmeseclassic.com



ဇော်ဗလက လက်ကို ဂရုပင်မစိုက်ပဲ၊ ညှော်ခန်းဆိုဖာဆက်တီပေ ခြေပစ်လက်ပစ် ထိုင်ချသည်။ မောင်တိုးက ဆေးသွားယူလာပြီး သူ့ဆရာ လက်ကို ဆေးထည့်ပတ်တီးစည်းပေးသည်။

"ငါဘာလုပ်မလဲ… ဒီတိုင်းနေလို့ကတော့ မဖြစ်တော့ဘူး ငါ တစ်ခုခုလုပ်မှဖြစ်မယ်၊ အဲဒီတစ်ခုခုကဘာလဲ၊ ငါဘာလုပ်မလဲ"

ဇော်ဗလခေါင်းထဲတွင် အတွေးများမေးခွန်းများ ယောက်ယက် ခတ်နေသည်။

ထိုစဉ် သူ့ဆယ်လူလာဖုန်းမှ ခေါ်သံတစ်ခုပေါ်လာ၏။

✤ ✤ ✤



၃း

"ဟား….ဟား…အဲဒါဘယ်လိုဖြစ်သွားကြတာလဲ ဇော်မိုင်"

"အဲတော်…. ဟုတ်ပါရဲ့၊ ဇာတ်လမ်းအပြောင်းအလဲကလဲ မြန်လှချည်လား ရွှေရည်"

ထက်နိုင်နှင့် သီတာနွယ်တို့ ပြန်လာချိန်မှာ အိုက်မောင်နှင့် ဆွေဆွေတို့လည်း ပါလာကြသည်။ သူ့တို့လေးယောက် စိုက်ပျိုးရေးခြံရှေ့ ရောက်ချိန်တွင် ခြံဝ၌ ဇော်မိုင်က ဝင်းရွှေရည်ပခုံးလေးကိုဖက်ကာ ရပ်နေ သည်ကို မြင်လိုက်ရသဖြင့် အားလုံး အံ့အားသင့်ကုန်ကြသည်။

www.burmeseclassic.com

www.burmeseclassic.com



ဇော်မိုင်က ရယ်ပြီး·····

"ဘာဖြစ်လို့လဲ အံ့ဩသွားကြလို့လား၊ မအံ့ဩပါနဲ့ကွာ ငါတို့နှစ်ယောက်က မင်းတို့အားလုံးထက် အများကြီးစောပြီး ချစ်ခဲ့ကြတဲ့ ချစ်သူဟောင်းတွေပါ။ ခုကျမှ နောက်ကျကျန်ခဲ့ရမယ်ဆို ဘယ်တရား မျှတမလဲ၊ အဲဒါကြောင့် မင်းတို့နဲ့အမီလိုက်ပြီး ဘဝသစ်ချစ်သူတွေ ဖြစ်လိုက်ကြတာပေါ့"

"ဟုတ်လား ရွှေရည်··· မင်း ကိုဇော်မိုင့်အချစ်ကို ပြန်လက်ခံလိုက်ပြီပေါ့"

"အင်း"

ဝင်းရွှေရည်က သီတာနွယ်အမေးကို အပြုံးနှင့် ခေါင်းညိတ်ပြီး အဖြေပေးလိုက်သည်။ သီတာနွယ် ဝမ်းသာအားရဖြင့်···

"ဝမ်းသာလိုက်တာ သူငယ်ချင်းရာ၊ ငါတို့လေးယောက် လမ်းမှာတောင် ပြောလာခဲ့ကြတာ၊ တို့လေးယောက်အပြင် မင်းတို့နှစ်ယောက်ပါ ချစ်သူတွေဖြစ်သွားကြရင် သိပ်ကောင်းမှာပဲလို့···"

"ကဲ··· အခု ဆုတောင်းပြည့်ပြီမဟုတ်လား၊ အဲဒီတော့ခင်ဗျား ဆုတောင်းပြည့်တဲ့ အထိမ်းအမှတ်နဲ့ မြို့ထဲမှာကျုပ်တို့ကို တစ်ခုခုလိုက်ကျွေး၊ တစ်နေ့လုံး အလုပ်လုပ်ပြီး ခုဗိုက်ဆာနေပြီ"

"ဟာ···ကိုအိုက်မောင်ကလဲ ဘာကိစ္စ မသီတာကို ကျွေးခိုင်းရမှာလဲ၊ ခုလောလောလတ်လတ် ချစ်သူဖြစ်သွားကြတဲ့ စိုက်ပျိုးရေးအရာရှိ ဦးဇော်မိုင်နဲ့ ဒေါက်တာဝင်းရွှေရည်တို့အတွဲကို ကျွေးခိုင်းမှပေါ့။ ဘာလဲ သူတို့ပြောတာရှိပါတယ်···အော်···· ရည်းစားဦးဧည့်ခံပွဲ၊ 'ရည်းစားဦးဧည့်ခံပွဲ'"

"ထက်နိုင်က ရယ်ရင်း···

"မဟုတ်ဘူးသီတာရဲ့ သီတာမှားသွားပြီ၊ သူတို့ကျွေးမယ့် ဧည့်ခံပွဲက ရည်းစားဦးဧည့်ခံပွဲမဟုတ်ဘူး၊ ရည်းစားပြန်ပေါင်းဧည့်ခံပွဲ၊ ဟုတ်တယ်နော် ဇော်မိုင်"

ဇော်မိုင်က အပြုံးနှင့်ခေါင်းညိတ်ရင်း···

"ဟုတ်ပါတယ်ကွာ၊ ဒီပွဲမှာ ငါကျွေးပါ့မယ်၊ ကဲ ကိုယ်ဆုံးဖြတ်ချက်ကို ရွှေရည်သဘောတူတယ်နော်၊ သူတို့အားလုံးကို ကိုယ်တို့ကပဲ ဧည့်ခံလိုက်ကြမယ်"

"ကို့သဘော····ကို့သဘော"

"အဲမယ်···မယ် သူတို့က နောက်ဆုံးကနေပြီး ဗိုကဲတယ်တော့ ကို···သဘောတဲ့"

"ဟား···ဟား···ဇော်မိုင်တို့ကမှ ရည်းစားထားရတာ တကယ်တန်တယ်ကွာ··· မောင်··ဖြစ်လိုက်၊ ကို···· ဖြစ်လိုက် ဝတ်မှုံ ဖြစ်လိုက်၊ ရွှေရည်ဖြစ်လိုက်နဲ့ တစ်ယောက်တည်းနဲ့ တန်အောင်ခေါ်နေကြတယ်"

ထက်နိုင်စကားကြောင့် အားလုံးပွဲကျသွားကြသည်။

စိုက်ပျိုးရေးခြံမှ မြို့ထဲသို့အပြန်လမ်းတွင် ကားတစ်စီး လူခြောက်ယောက် အတွဲသုံးတွဲဖြစ်ကာ ရယ်သံများ ပျော်သံများဝေလျှံနေ၏။

* * *







www.burmeseclassic.com

www.burmeseclassic.com



ဆယ်လူလာဖုန်းခလုတ်ကို ဝိတ်၍ပြန်ချပြီးသည့်အချိန်မှာ ဇော်ဗလ၏ ပရိဒေဝက ပိုကြီးလာသည်။

ဆယ်လူလာဖြင့်လာသောဖုန်းက တဖက်နိုင်ငံမှ သူ့အဆက်အသွယ် မစ္စတာရှောင်ဆီမှ ဖုန်းဖြစ်သည်။

"မင်း အခြေအနေမကောင်းဘူး ဇော်ဗလ၊ မင်းတာဝန်ခံတဲ့အပိုင်းမှာ ဆက်တိုက်အရှုံးတွေပေါ်နေတယ်လို့ သတင်းရတယ်၊ ဒီသတင်းကို ဆင်ဒီကိတ်ကလဲ ရသွားတယ်။ အဲဒါဆင်ဒီကိတ်အဆက်အသွယ်က ငါ့ဆီဖုန်းဆက်တယ်။ မင်းနဲ့ အမြန်ဆက်သွယ်ပါတဲ့၊ ပြီးတော့ သူတို့ရင်းနှီးမြှုပ်နှံထားတဲ့ ငွေကြေးကိစ္စတွေအကြောင်း သိချင်တယ်တဲ့"

"ဒီသတင်းတွေက ခင်ဗျားလည်းရနေတာပဲ မစ္စတာရှောင်အားလုံးအမှန်အတိုင်း ပြောလိုက်ပေါ့ဗျာ။ ငွေကြေးတွေ နေနေသာသာလူတောင် မနည်းလွတ်အောင်ပြေးရမယ့် အခြေအနေရှိတယ်လို့။ အခု... ကျွန်တော်တို့နဲ့ တိုက်ရိုက်အဆက်အသွယ်ဖြစ်တဲ့ ဝီလီလဲပါသွားပြီ။ စခန်းတွေလဲ ကုန်တော့မယ်။ နောင်နှစ်အတွက်မြှုပ်နှံထားတဲ့ ဘိန်းခင်းတွေလဲရက်ပိုင်းအတွင်းမှာ ဖျက်ပစ်တော့မယ်။ အတော်ဆိုးနေတဲ့ အခြေအနေမှာကျွန်တော်က ငွေကြေးကိစ္စ ဘာပြောရဦးမှာလဲ"

"ဟင်း......ဆင်ဒီကိတ်ရဲ့ယူဆချက်က ဒီကိစ္စတွေအားလုံးဟာမင်းရဲ့ ပေါ့ဆမှုတွေကြောင့် ဖြစ်တယ်လို့ သုံးသပ်တယ်ဇော်ဗလ။ ဒီ





ဆုံးရှုံးသွားတဲ့ငွေကြေးတွေကိစ္စ မင်းမှာ တာဝန်ရှိတယ်လို့ ဆုံးဖြတ်တယ်"

"ဟာ...ကျွန်တော့်မှာ ဘာမှပေါ့လျော့စရာမရှိဘူး မစ္စတာရှောင်... အစကတည်းက ဒီလူတွေနဲ့ ဒီအလုပ်ကို ဒီလိုပဲလုပ်ခဲ့တာ၊ ခုအချိန်က တိုင်းပြည်က မူးယစ်ဆေးဝါးကို အရမ်းနှိမ်နင်းနေတာနဲ့ ကြုံလို့ဒီလိုဖြစ်သွားတာ ကျွန်တော့်မှာ ဘာတာဝန်မှ မရှိဘူး"

"အဲလိုမပြောနဲ့ ဇော်ဗလ၊ အဲဒါဆို ဆင်ဒီကိတ်က လူကြီးတွေကအရမ်းစိတ်ဆိုးသွားလိမ့်မယ်။ အဲဒီလိုဆို မင်းကျန်းမာရေးလဲ အရမ်းမကောင်းဘူး ဖြစ်သွားလိမ့်မယ်။ ဖြစ်တဲ့နည်းနဲ့ သူတို့ငွေကြေးတွေ မဆုံးရှုံးရအောင် မင်းတာဝန်ယူပါ"

"ကျုပ်က ဘယ်ကငွေနဲ့ ဘယ်လိုတာဝန်ယူရမလဲ"

"အဲဒါ မင်းအပိုင်းပဲ ဇော်ဗလ"

"ခင်ဗျားတို့ အဲလိုမညစ်ပတ်နဲ့ မစ္စတာရှောင်... ကျုပ်မှာ အခုပြေးစရာမြေမရှိဘူး။ အခု ကျုပ်တို့စဉ်းစားနေတာက တရားဥပဒေကကျုပ်လည်ပင်းကို ကြိုးကွင်းလာမစွပ်ခင် ခင်ဗျားတို့နယ်ထဲ ပြေးလာခဲ့မလို့"

"ငွေမပါပဲ မင်းလာလို့ကတော့ မင်းအတွက် ကျည်ဆံတွေကစောင့်နေမှာပေါ့ ဇော်ဗလ၊ ကျည်ဆံက ကြိုးကွင်းထက် ပိုအသေမြန်တယ်။ ကြိုးကွင်းက တရားဥပဒေရှိတယ်။ တရားရုံးရှိတယ်၊ ရှေ့နေရှိတယ်၊ လွတ်ငြိမ်းချမ်းသာခွင့်ရှိတယ်။ ကျည်ဆံမှာ ဒါတွေမရှိဘူး။ ငါ့ရဲ့ကောင်တွေဒီဘက်ကမ်းက စနိုက်ပါနဲ့ စောင့်ပြီး၊ ဟိုဘက်ကမ်းကမခွာခင် ခေါင်းပုတ်ခွဲပစ်ချလိုက်ရုံပဲ"



www.burmeseclassic.com

www.burmeseclassic.com



''တောက်... ခင်ဗျားတို့လောကက ဒီလိုပဲလား မစ္စတာရှောင်''

''ငါတို့လောကမှာ ငွေက အရေးကြီးတယ် ဇော်ဗလ၊ မင်း အောင်မြင်တုန်းကလည်း အဲဒါတွေအများကြီးပေးခဲ့တယ်။ မင်း မအောင်မြင်ရင် မင်းအသက်ပြန်ပေးရမှာပဲ''

မစ္စတာရှောင်က စကားအဆုံးနှင့် ဖုံးအချက်ကို တပြိုင်တည်း ပြုလုပ်သည်။

''တောက်... ခွေးလောက်မှသစ္စာမရှိ၊ နားမလည်တတ်တဲ့ ငွေသမားတွေ''

စိတ်ဆိုးမာန်ဆိုးနှင့် ဇော်ဗလက သူ့လက်ထဲမှ ဆယ်လူလာဖုန်းကို ပစ်ပေါက်ရိုက်ခွဲပစ်လိုက်သည်။

ဆယ်လူလာဖုန်းလေး တစ်စစီ ကျိုးပဲ့ပျက်စီးသွား၏။

* * *





''ဇော်ဗလ အခြေအနေမကောင်းဘူး ဇော်မိုင်၊ ညတုန်းက တပ်မတော်စစ်ကြောင်းတစ်ခုက ဘိန်းချက်စခန်းတစ်ခုကို ဝင်ရှင်းတော့ ပစ္စည်းတွေအများကြီးနဲ့ လူသုံးလေးယောက် ရလိုက်တယ်။ အဲဒီထဲမှာပါတဲ့ ဝီလီဆိုတဲ့ကောင်က ဇော်ဗလနဲ့ တိုက်ရိုက်အဆက်အသွယ်ဖြစ်နေတယ်''

''အဲဒါဆို ဘယ်လိုဖြစ်လာနိုင်လဲ အိုက်မောင်''

ခြောက်ယောက်သား အအေးဆိုင်တစ်ခုတွင် အအေးသောက်ရင်း ရယ်စရာမောစရာတွေလျှောက်ပြော၊ ပျော်ရွှင်နေရာမှ၊ ဇော်ဗလအကြောင်း ရောက်သွားသောအခါ အားလုံးငြိမ်သက်ပြီး၊ စိတ်မကောင်းဖြစ်သွားကြသည်။

''ဘယ်လိုဖြစ်လာနိုင်လဲဆိုတော့ ဇော်ဗလ ဒုက္ခရောက်တော့မှာပေါ့ကွာ။ ဝီလီက ဒီစက်ရုံတွေပစ္စည်းတွေဟာ ဇော်ဗလငွေနဲ့ လုပ်ထားတာ ပါလို့ ထွက်လာရင်တော့ ဇော်ဗလ တရားဥပဒေနဲ့ ရင်ဆိုင်တော့ပေါ့''

''ဒါဆို... ကိုဇော်ဗလ ထောင်ကျမှာပေါ့နော်''

''အင်း...ဇော်ဗလအတွက် တရားဥပဒေအဆုံးအမကို ခံလိုက်တာက သက်သာလိမ့်မယ်ထင်တယ် မရွှေရည်။ အခု ကျွန်တော်တို့ သိသလောက်၊ ခုတလော ဆက်တိုက်ဖမ်းမိနေတဲ့ ပစ္စည်းတွေ စက်ရုံတွေဟာ ဇော်ဗလက တာဝန်ခံထားတဲ့ဟာတွေ ဖြစ်ဖို့များတယ်။ သူ့အသက်က အဲလောက် အဆုံးအရှုံးများသွားရင် သူ့ဆရာကြီးတွေက နေမှာမဟုတ်ဘူး၊



www.burmeseclassic.com

www.burmeseclassic.com



သူ့ကိုပြသသနာရှာမှာပဲ''

''သူ့ဆရာကြီးဆိုတာ ဘယ်သူတွေလဲ''

''နိုင်ငံတကာမူးယစ်ဆေးဝါးမှောင်ခို ဂိုဏ်းခေါင်းဆောင်တွေပေါ့ကွာ။ သူတို့မှာ ဆင်ဒီကိတ်သဘောမျိုး အဖွဲ့တွေ ဖွဲ့ထားတာရှိတယ်။ မူးယစ်ဆေးဝါးလုပ်ငန်းအားလုံးကို တကယ်ကြိုးကိုင်နေတာက အဲဒီ ဆင်ဒီကိတ်တွေပဲ။ ဒီကောင်တွေမှာ ငဲ့ညှာမှုဆိုတာမရှိဘူး။ ငွေအဓိကဆိုတဲ့ လောဘသားတွေ''

''အဲဒါဆို ဇော်ဗလကို မင်းတို့ကူလို့ မရတော့ဘူးလားကွာ။ မင်းတို့ ငါတို့ ဇော်ဗလတို့ဆိုတာ ညီအစ်ကိုလိုနေခဲ့ကြတဲ့ သူတွေမို့လား၊ ကြည့်လို့ရရင် ကြည့်ပေးပါဦး''

''သူ့ကို ငါတို့အကောင်းဆုံးကူညီပေးတာတော့ တရားဥပဒေဘောင်ထဲ ဖွတ်ဆွဲသွင်းတဲ့နည်းပဲ ဇော်မိုင်၊ တရားဥပဒေဟာ မျက်နှာမလိုက်ဘူး။ တိကျတယ်ဆိုပေမယ့်၊ ငဲ့ညှာမှုဆိုတာရှိတယ်။ ကိုယ့်နိုင်ငံသားကိုယ်တိုင်းပြည်၊ ကိုယ့်လူမျိုးတွေအပေါ် ငဲ့ညှာမှုမရှိပဲ ရက်ရက်စက်စက်ရေးဆွဲထားတဲ့ တရားဥပဒေဆိုတာ မရှိဘူး။ တရားဥပဒေမှာ လောဘမရှိဘူး။ လက်စားမချေဘူး။ ထိုက်သင့်တဲ့အပြစ်ဒဏ်ကို အညှာတာဆုံး ပေးပြီး လူကောင်းတစ်ယောက် ပြန်ဖြစ်အောင်လုပ်တာဟာ တရားဥပဒေရဲ့ အနှစ်သာရပဲ''

''အဲဒါဆို…ကိုဇော်ဗလကို တရားဥပဒေနဲ့ ရင်ဆိုင်နိုင်းဖို့ ဘယ်လိုလုပ်ရရင်ကောင်းမလဲ ကိုအိုက်မောင်''

''သူ လမ်းရွေးမှန်ပါစေလို့ပဲ ဆုတောင်းရမှာပဲ မသီတာ၊ ခုချိန်မှာ





သူ့အဆုံးအဖြတ်မှန်ဖို့ လိုတယ်။ အခုအချိန်မှာ တရားဥပဒေကို မျက်နှာလွှဲပြီး သူ့ဖွတ်တိုးမိုက်ရင် သူပိုမှားသွားမှာပေါ့''

အိုက်မောင်စကားအဆုံးမှာ သူတို့စကားဝိုင်းက ငြိမ်သက်သွားသည်။

သူတို့အားလုံးစိတ်ထဲတွင်အဓိကထားစဉ်းစားနေသော အကြောင်းများက ဇော်ဗလအတွက် အကောင်းဆုံးဖြစ်ရေး ဇစ်တနာအတွေးများပင်ဖြစ်၏။

* * *

ထိုအချိန်တွင် ဇော်ဗလကလည်းဆုံးဖြတ်ချက်ချပြီး ဖြစ်နေ၏။

ထိုဆုံးဖြတ်ချက်က တရားဥပဒေကိုကော၊ တစ်ဘက်က လောဘသားများ၏ ရက်စက်မှုကိုကော၊ နှစ်ခုစလုံးမှ အလွတ်ရုန်း ရှောင်တွက်သွားရန်ပင်ဖြစ်သည်။

သေချာသည့်တစ်ခုကတော့ သူဒီမှာ ဘယ်လိုမှ ဆက်နေ၍ မဖြစ်



www.burmeseclassic.com

www.burmeseclassic.com



တော့။ သည်မှာဆက်နေတာနှင့် သူရှောင်တိမ်းရမည့် အရာနှစ်ခုအနက်မှ တစ်ခုမဟုတ်တစ်ခုနှင့် သူရင်ဆိုင်ရတော့မည်မှာ မလွဲ။

သူရှောင်တိမ်းရတော့မည်။

တစ်နည်းအားဖြင့် သူထွက်ပြေးမှ ဖြစ်တော့မည်။

ဘယ်ကိုပြေးမလဲ။

မှန်တာပြောရရင် သူ့မှာ ပြေးစရာမြေသိပ်မရှိတော့။

ပြည်ပထွက်ဖို့ကတော့ လုံးဝကို သူမစဉ်းစားရဲ၊ ပြည်ပထွက်ဖို့ ကြိုးစားသည်နှင့် ကိုယ်နိုင်ငံနယ်နမိတ်မလွန်ခင် မစ္စတာရှောင်ပြောသည့် စနိုက်ပါကျည်ဆံတွေက သူ့ကိုယ်ထဲဝင်လာမည်မှာအမှန်။

ပြည်တွင်းမှာ လှည့်ပတ်ပြေးလွှားနေတာက တရားဥပဒေ ဘက်တော်သားများနှင့် ဆိုက်ဆိုက်မြိုက်မြိုက် မဆုံစည်းမီ အချိန်တော်တော်ကြာကြာ လွတ်လပ်သောသူတစ်ယောက်အဖြစ် သူရပ်တည်နိုင်သေးသည်။

အရေးကြီးတာက ဝင်းရွှေရည်ကိစ္စ။

တခြားသူပိုင်ဆိုင်သော ဥစ္စာနေစည်းစိမ်၊ အိုးအိမ်တိုက်တာများကို သူပစ်ထားခဲ့ဖို့ ဝန်မလေးသော်လည်း ဝင်းရွှေရည်ကိုတော့ သူ ထားမပစ်ခဲ့နိုင်။

သူ့ဘဝသက်တမ်းမည်မျှ ကျန်ရှိသေးသည်ဖြစ်စေ၊ ထိုအချိန်လေးတွေမှာ သူ့အနားၥ ဝင်းရွှေရည်ကို ရှိစေချင်သည်။

အဲဒီတော့ သူ့မှာလုပ်စရာတစ်ခုပဲ ရှိတော့သည်။

ထိုအလုပ်က အခြားမဟုတ်။

ဝင်းရွှေရည်ကို ဖြစ်တဲ့နည်းနှင့် အပါခေါ်ခဲ့ပြီး သည်နယ်





မြေက ခွာပြေးနိုင်သလောက်ပြေး၊ ဒါပဲအကောင်းဆုံးဟု သူဆုံးဖြတ်လိုက်သည်။

"မောင်တိုး"

"ဗျာ.... ဆရာ"

"ငါ့အဝတ်အစားနဲ့ အသုံးအဆောင်ပစ္စည်းအချို့ ငါ့ကားပေါ်တင်လိုက်တော့"

"ဆရာဘာလုပ်မလို့လဲ"

"ငါဒီကရှောင်တော့မယ် မောင်တိုး.. ငါ့အတွက် လုပ်စရာရှိတာ လုပ်ပေးပြီးရင် မင်းလဲလစ်တော့။ မင်းကို ငါပိုက်ဆံ အလုံအလောက် ပေးလိုက်မယ်"

"ကျွန်တော်က ဘယ်ကိုလစ်ရမှာလဲ"

"မင်းဉာဏ်ရှိသလိုသာ လုပ်တော့မောင်တိုး၊ ဘာမှ ငါ့ကိုမမေးနဲ့တော့၊ အခုလောလောဆယ် ငါခိုင်းတာပဲလုပ်ပေး"

ပြောရင်းနှင့် ဇော်ဗလ သူ့အခန်းဘက်တက်ခဲ့သည်။

လောလောဆယ် သူ့ထံတွင်ငွေသားအဖြစ်ရှိနေသော ပိုင်ဆိုင်မှုဓနအရေအတွက်ကို မီးခံသေတ္တာဖွင့်၍ ကြည့်လိုက်သည်။

ဆိုးတော့မဆိုး။ သူ့ငွေတွေက ငွေမည်းတွေလိုဖြစ်နေသဖြင့် အများစုကို ဘဏ်မှာမထားဖြစ်။ အိမ်မှာပဲ ငွေသားအဖြစ်နဲ့ ထားရှိသည်။ အကြမ်းဖျဉ်းခန့်မှန်းကြည့်သလောက် အားလုံးပေါင်းလိုက်လျှင် သိန်းသုံးလေးဆယ်တော့ ရှိနိုင်သည်။

ဒါဆိုလျှင် တစ်နေရာကိုသာ သူလွတ်အောင်ပြေးနိုင်ပါက၊ ထို



www.burmeseclassic.com

www.burmeseclassic.com



နေရာတွင် သူဓာတ်မြှုတ်၍ ကျန်သောလူ့ဘဝသက်တမ်းကို ဖြတ်သန်းသွားနိုင်သေးသည်ဟု စိတ်ကူးယဉ်ဆန်ဆန်ပင် သူတွေးလိုက်သည်။

မီးခံသေတ္တာထဲမှာ ငွေသားများအပြင် နောက်ထပ် သူမြင်လိုက်သောအရာတစ်ခုက ပြောင်လက်နေသော အော်တိုမက်တစ် ပစ္စတိုသေနတ်ကလေး။

ဒါလေးကိုဝယ်တုန်းက လိုရမယ်ရဆိုသော စိတ်ကူးနှင့်ဖြစ်သည်။

ခုတော့ ဒါလေး အဖိုးတန်လာပြီဟု သူတွက်လိုက်သည်။

ငွေများကို သားရေအိတ်တစ်လုံးထဲထည့်ပြီးသည်နှင့် ထိုပစ္စတိုလေးကို ကျည်ဖြည့်ပြီး သူ့ခါးကြား ထိုးထားလိုက်၏။

✤ ✤ ✤



၅။

ဝင်းရွှေရည်နှင့် သီတာနွယ်တို့ အိမ်ပြန်ရောက်လာသောအချိန်က ည ခုနစ်နာရီလောက်ရှိပြီဖြစ်သည်။

အိုက်မောင်နှင့် ခွေခွေတို့ကို လိုက်ပို့ပေးခဲ့ပြီး၊ ဝင်းရွှေရည်တို့ကို ပြန်ပို့ပေးသည်။ ထက်နိုင်နှင့် ဇော်မိုင်တို့က အိမ်ထဲမှာခဏဝင်ထိုင်ပြီး ခုနစ်နာရီဆယ့်ငါးလောက်မှာ နှုတ်ဆက်ပြန်သွားသည်။

ထက်နိုင်ကားလေး မရောက်လာခင်ကစ၍ ပြန်ထွက်သွားသည်အထိ၊ မြင်ကွင်းကို အမှောင်ရိပ်တစ်နေရာတွင် ကားရပ်ပြီး စောင့်ကြည့်

www.burmeseclassic.com



နေသူက ဇော်ဗလ။

ထက်နိုင်နှင့် ဇော်မိုင်တို့ကားလေး ပြန်သွားသည်ကို လက်မြှောက်နှုတ်ဆက်ပြီးသည်နှင့် ဝင်းရွှေရည်နှင့် သီတာနွယ်တို့က သူတို့အိမ်လေးထဲ ပြန်ဝင်လာခဲ့သည်။

ဝင်လာလာချင်း၊ ဧည့်ခန်းထိုင်ခုံဘေးအတွင်းဘက် စားပွဲပုလေးပေါ်တွင် အနက်ရောင်ပစ္စည်းလေးကို ပထမဆုံးလှမ်းမြင်လိုက်သူက ဝင်းရွှေရည်။

"ဟောတော့… တို့ဗိုလ်ကြီးလဲ သူ့ဆရာမလေးဆီက အဖြေရလို့ တစ်နေ့လုံး ဘယ်လောက်ပျော်နေလဲမသိဘူး။ မိုးမမြင်လေမမြင်တောင် မဟုတ်တော့ဘူး။ သူ့ပိုက်ဆံအိတ်တစ်ခုလုံး ကျန်နေခဲ့တာတောင် မသိတော့ဘူး"

သီတာနွယ်ကလှမ်းကြည့်၍ ရယ်ရင်း…

"နေပစေ ရွှေရည်… ဘယ်နားကျမှ သူတို့သတိရပြီး ပြန်လှည့်လာကြမလဲ မပြောတတ်ဘူး… ဟော ပြန်တောင်လာကြပြီထင်တယ်"

ထိုစကားများပြော၍မကြာမီပင် အိမ်ထဲသို့ ဇော်ဗလ ဝင်လာခြင်းဖြစ်၏။

"ဟင်… ကိုဇော်ဗလ"

ကားရပ်သံနှင့် မရှေ့မနှောင်းအိမ်ထဲဝင်လာသူကို ပထမတော့ ထက်နိုင်ပဲဟု သူတို့ကထင်သည်။ သီတာနွယ်က ပိုက်ဆံအိတ် သွားယူနေသဖြင့် လှည့်ပင်မကြည့်မိ။

ကြည့်မိလိုက်တော့ ဝင်းရွှေရည်က တအံ့တသြ ရေရွတ်လိုက်





သည်။

"ဟုတ်တယ် ဝင်းရွှေရည်… ကိုယ်ဇော်ဗလပဲ။ ဝင်းရွှေရည် ဘာမှ စကားမများနဲ့ အခုကိုယ်နဲ့လိုက်ခဲ့ပါ"

"အိုး လက်ဖယ်ပါ‥ ဘာလို့လိုက်ရမှာလဲ… မလိုက်ပါဘူး လွှတ်ပါ"

အထဲရောက်သည်နှင့် ဇော်ဗလက ဝင်းရွှေရည်လက်မောင်းကို ဆုပ်ကိုင်ထားလိုက်ပြီး ဆွဲခေါ်သည်။

ဝင်းရွှေရည်က ရုန်းသည်။

သီတာနွယ်ကချက်ချင်းပင် သဘောပေါက်ပြီး အော်ဟစ်ရန် ပြင်လိုက်သည်။

ဇော်ဗလက သေနတ်ထုတ်၍ ချိန်လိုက်ပြီ။

"မအော်နဲ့နော် သီတာနွယ်၊ မင်းအော်တာနဲ့ ငါ ခလုတ်ဆွဲလိုက်မယ်။ အသက်မသေချင်ရင် အသံမထွက်နဲ့"

"အဲလိုမလုပ်ပါနဲ့ ကိုဇော်ဗလ။ ရှင်လည်း လူကြီးလူကောင်း တစ်ယောက်ပဲ၊ ဒါမျိုး မလုပ်သင့်ပါဘူး"

သီတာနွယ်က အော်တော့ မအော်ဖြစ်တော့။ သို့သော် ဇော်ဗလကို ဖြောင်းဖျစကားတော့ လှမ်းပြောလိုက်သည်။

ဇော်ဗလက မဲ့ပြုံးပြုံးသည်။

"ဒါတွေ ကျုပ် နားမလည်ဘူး သီတာနွယ်။ လောလောဆယ် ဘာပြဿနာမှ မတက်ချင်ရင်၊ မအော်နဲ့ ဘာစကားမှမပြောနဲ့။ လာ… ဝင်းရွှေရည်… မင်း ကိုယ်နဲ့လိုက်ခဲ့တော့"



www.burmeseclassic.com

www.burmeseclassic.com



"မလိုက်ဘူး ကိုဇော်ဗလ၊ ရှင်နဲ့ ကျွန်မလိုက်ခဲ့စရာ ဘာအကြောင်းမှမရှိဘူး။ မလိုက်လို့ပစ်သတ်ရင် ပစ်သတ်လိုက်။ ကျွန်မ သေတယ်။ ရှင်နဲ့လိုက်ခဲ့စရာတော့ ဘာအကြောင်းမှမရှိဘူး"

"ဟား....ဟား.... ဝင်းရွှေရည်ရယ် ချစ်လို့မထားခဲ့နိုင်ဗဲလာခေါ်မှတော့ သတ်ပစ်ဖို့ဆိုတာ အဝေးကြီးပါ။ မင်းကို ကိုယ်မသတ်ပါဘူး။ ဒါပေမယ့် လောကကြီးနဲ့တော့ မင်းကိုခဏ အဆက်ဖြတ်ထားမှဖြစ်မယ်။ ကဲ... ကိုယ့်ကိုခွင့်လွှတ်ပါ ဝင်းရွှေရည်"

စောစောကတည်းက ဒါမျိုးဖြစ်လာရင် ဘာလုပ်မည်ဟု ကြိုတင်စဉ်းစားမိခဲ့ပြီးသားမို့ ဇော်ဗလက အသင့်ပါလာသော မေ့ဆေးဆွတ်လက်ကိုင်ပုဝါဖြင့် ဝင်းရွှေရည်နှာခေါင်းကို ဖိကပ်ထားလိုက်သည်။

ပူးပူးဝါးဝါး ရုန်းကန်ရင်းနှင့်ပင် ဝင်းရွှေရည်ကိုယ်လေး ပျော့ခွေကျသွားသည်။

ဇော်ဗလက အလိုက်သင့်ပင် ဝင်းရွှေရည်ကိုယ်လေးကို ပွေ့ယူလိုက်ပြီး...

"ကျေးဇူးပြုပြီး ကျွန်တော့်ကို ကားတံခါးလိုက်ဖွင့်ပေးပါ မသီတာ။ ဒါပေမယ့် မိုက်မိုက်ကန်းကန်းအလုပ်မျိုးတော့ ဘာတစ်ခုမှ မလုပ်ပါနဲ့လို့ ကျွန်တော် မေတ္တာရပ်ခံပါတယ်။ ကျွန်တော် ခုချိန်မှာ လူသတ်ဖို့ ဝန်မလေးတော့ဘူးဗျာ။ မသီတာကို ကျွန်တော်မသတ်ပါရစေနဲ့"

သွေးအေးအေးနှင့် ပြောနေသော ဇော်ဗလအမူအယာကြောင့် သီတာနွယ် ဘာတစ်ခုမှ အမှားမလုပ်ရဲတော့။ ဇော်ဗလပြောသည့်အတိုင်းသာ သူပွေ့သွားသောဝင်းရွှေရည်ကို ရှေ့ခန်းထိုင်ခုံနောက်မှီကိုလှဲ၍ အိမ်





လျှက်အနေအထား ကားပေါ်တင်နိုင်ရန်၊ ကားတံခါးကို ဖွင့်ပေးလိုက်သည်။

ဇော်ဗလက ဝင်းရွှေရည်ကို ကားပေါ်တင်ပြီး ကားတံခါးကို ပြန်ပိတ်လိုက်သည်။ ထို့နောက် သီတာနွယ်ဘက်လှည့်၍....

"ကျေးဇူးတင်ပါတယ်...မသီတာ။ ခုလဲ ကျေးဇူးခဏပြုပြီး အိမ်ထဲကိုပြန်ဝင်ပါဦး"

သီတာနွယ်က ဇော်ဗလပြောသည့်အတိုင်း လုပ်သည်။

အိမ်ထဲရောက်သည်နှင့် ဇော်ဗလက စောစောက ဝင်းရွှေရည်ကို လုပ်နည်းအတိုင်း မေ့ဆေးလက်ကိုင်ပုဝါဖြင့် သီတာနွယ်ကို မေ့အောင်လုပ်လိုက်သည်။

ထို့နောက် မေ့နေသောသီတာနွယ်ကို ဧည့်ခန်းကုလားထိုင်တွင် ချထား၍၊ တစ်ချက်ပြုံးကြည့်ပြီး အပြင်ပြန်ထွက်ခဲ့သည်။

ထို့နောက် ကားပေါ်တက်၍ မောင်းထွက်လာခဲ့၏။

* * *



www.burmeseclassic.com

www.burmeseclassic.com



ကားနှစ်စင်းမျက်နှာချင်းဆိုင် ဖြတ်သွားသောနေရာက သီတာနွယ်တို့အိမ်နှင့် ဓါတ်တိုင် သုံးလေးတိုင်အကွာလောက်မှာ ဖြစ်သည်။

ဖော်ဗလကားကို သတိထားမိလိုက်သူက ဘေးမှာထိုင်လာသည့် ဇော်မိုင်...

"အဲဒါ ဖော်ဗလကား မဟုတ်လား ထက်နိုင်။ ဒီကားက ဘာဖြစ်လို့ ဒီဘက်က ထွက်လာရတာလဲ"

"အေး...ဟုတ်တယ်ဇော်မိုင်။ ဒီကောင် ဘယ်ကပြန်လာတာလဲ။ ရွှေရည်တို့အိမ်ကများလား"

သူတို့နှစ်ယောက် စကားတပြောပြောနှင့် မောင်းသွားကြရင်း အိမ်ရောက်ခါနီးမှ ပိုက်ဆံအိတ်ကျန်ခဲ့သည်ကို သတိရ၍ ပြန်လှည့်လာခြင်း ဖြစ်သည်။

ပိုက်ဆံအိတ်မေ့ကျန်ခဲ့တာကိုက ကံကောင်းခြင်းတစ်ခုဟု ပြောနိုင်သည်။ အကယ်၍ ဘာမှသာမေ့မကျန်ခဲ့လျှင် သည်အဖြစ်အပျက်ကို ဘယ်လိုမှ ညတွင်းချင်း သိနိုင်မည်မဟုတ်။

ခုကျတော့ အိမ်ရှေ့မှာကားရပ်၍ အိမ်ထဲဝင်လိုက်သည်နှင့်ပင် အဖြစ်မှန်ကို ချက်ချင်းရိပ်မိလိုက်သည်။

မေ့နေသောသီတာနွယ်ကို ထက်နိုင်ကပွေ့၍ ပွေ့ပြီးလှုပ်နိုးသည်။ သီတာနွယ်က ဘယ်လိုမှ နိုးမရ။ ထက်နိုင်က သီတာနွယ်နှာခေါင်းအနီး





ကပ်၍နမ်းကြည့်ပြီး.....

"ဒီကောင် မေ့ဆေးသုံးသွားတာ ဇော်မိုင်။ ဒီတိုင်းဆို ရွှေရည်လဲ ကားပေါ်မှာ မေ့ပြီးပါသွားလိမ့်မယ်။ အဲဒီတော့ ဒီလိုလုပ် ရော့... ကားသော့။ ဒီကောင့်ကား သိပ်ဝေးဝေး ရောက်ဦးမှာမဟုတ်ဘူး။ မင်း လိုက်ရင်မီမယ်။ လိုအပ်ရင် ၁၀၅ မိုင်မှာ တစ်ချက်ဝင်မေး"

"အေး... အဲဒါဆို ငါသွားမယ်"

ဇော်မိုင်က ကားသော့ကိုလှမ်းယူပြီး ကမန်းကတန်းထွက်ရန် ပြင်သည်။

"ဟာ.....နေဦး ဇော်မိုင်"

ထက်နိုင်က ခုမှသတိရဟန်ဖြင့် လှမ်းခေါ်ပြီး၊ သူ့ပခုံးစလွယ်အိတ်ထဲမှ ပစ္စတိုသေနတ်ကို လှမ်းပေးသည်။

"ရော့.. ဒါ လိုလိုမယ်မယ်ယူသွား။ နေဦး ဒါလဲယူသွားကွာ။ မင်းသွားတဲ့လမ်းမှာ အသီးလေးတွေချထားခဲ့"

ပြောရင်းနှင့် ထက်နိုင်က သီတာနွယ်တို့ ခန်းဆီးကို ဖြုတ်ယူပေးလိုက်သည်။ ခန်းဆီးက ပလတ်စတစ် ပန်းရောင်အလုံးလေးများကို ကြိုးနှင့် သီဆွဲထားသော ခန်းဆီးလေး။

ဇော်မိုင်က ခေါင်းညိတ်၍ သေနတ်ကောခန်းဆီးပါ လှမ်းယူပြီး အိမ်ထဲကထွက်ခဲ့သည်။

* * *

ဝေါင်းယဉ်ပုံအနုပညာလုပ်ငန်း

www.burmeseclassic.com

www.burmeseclassic.com



အိုက်မောင်က ထက်နိုင်၊ ဇော်မိုင်တို့နှင့် နှုတ်ဆက်လမ်းခွဲခဲ့ပြီး အိမ်ထဲဝင်လာချိန်မှာ ဌာနချုပ်မှ တယ်လီဖုန်းဖြင့် ညွှန်ကြားချက် ရောက်လာခြင်းဖြစ်သည်။

ညွှန်ကြားချက်၏အတိုချုပ်က ရှင်းရှင်းလေး။ အိုက်မောင်တို့ မှူးယစ်အထူးတပ်ဖွဲ့က ဇော်ဗလကိုသွားဖမ်းဆီးရန် အမိန့်ပင်ဖြစ်သည်။

တယ်လီဖုန်းချပြီးသည်နှင့် အိုက်မောင် သူ့အဖွဲ့သားတွေခေါ်ပြီး ဇော်ဗလအိမ်သွားကြသည်။

အိမ်ရောက်တော့ တစ်အိမ်လုံးမှာ လူတစ်ယောက်မှ မရှိတော့။

ဇော်ဗလလစ်ပြေးသွားပြီဟု သိလိုက်၏။

တပ်ဖွဲ့စခန်းသို့ ပြန်ရောက်သောအခါ ထက်နိုင်ဆီမှ တယ်လီဖုန်းလာသည်။

အိုက်မောင် သူ့အဖွဲ့သားများပြန်ခေါ်ပြီး ထက်နိုင်ဆီ ထွက်လာခဲ့ကြ၏။

✣ ✣ ✣



၆။

၁၀၅ မိုင်သို့ ဇော်မိုင်ရောက်သောအခါ ဝင်မေးစရာပင်မလိုပဲ ရဲတပ်သားတစ်ယောက်က လားရှိုးလမ်းဘက်သို့လိုက်ရန် ထွက်လက်ပြသည်။

ကြည့်ရတာ ထက်နိုင်ဖုန်းဆက်ထားပြီထင်သည်ဟု တွေးမိသည်။ ဇော်ဗလကားကတော့ လွတ်သွားဟန်တူသည်။

မိုးထဲလေထဲမှာ ဒါတွေအချိန်အကြာကြီး စဉ်းစားနိုင်မရတော့။ ကားကိုသာ ထပ်အရှိန်မြှင့်ပြီး ဂရုတစိုက်နှင့် အာရုံစိုက်မောင်းသည်။

www.burmeseclassic.com

www.burmeseclassic.com



ရှေ့မျက်စိတစ်ဆုံး အမှောင်ထဲကိုလည်း စူးစိုက်ကြည့်သည်။

နောက်ဆယ့်ငါးမိနစ်လောက်အကြာမှာ ရှေ့ကား၏ နောက်မီးနီနီလေးကို အမှောင်ထဲမှာ ရိပ်ခနဲလိုလို လှမ်းမြင်ရသည်။

ဇော်မိုင် ကားအရှိန်ကို ထပ်တင်လိုက်သည်။ ဒိုင်ခွက်ကီလိုမီတာပြလက်တံလေးက ၁၁၀ နှင့် ၁၂၀ ကြားမှာ လူးနေ၏။ မိုင်နှုန်းအရေးပေါ်အချက်ပြခေါင်းလောင်းလေးက အဆက်မပြတ်မြည်နေသည်။

လမ်းကလည်း တဖြေးဖြေးနှင့် မပြုပြင်ရသေးသော လမ်းဆိုးဘက်ရောက်လာ၏။

* * *

လမ်းဆိုးဖက်ရောက်ပြီမို့ ပထမတော့ ဇော်ဗလကကားကို ခပ်မှန်မှန်အရှိန်လျှော့ပစ်လိုက်သည်။

သို့သော် သိပ်မကြာခင်မှာပင် နောက်ကားမီးရောင်ကို စမြင်ရသည်။





နောက်က တစ်ယောက်ယောက်လိုက်လာပြီဟု သဘောပေါက်လိုက်သည်။

သူက ကားကို ပြန်အရှိန်မြှင့်လိုက်၏။

သို့ရာတွင် နောက်ကားမီးရောင်က လုံးဝပြတ်ကျန်မနေခဲ့တော့။

* * *

တဖြည်းဖြည်းမီလာသော ရှေ့ကားကိုကြည့်၍ တောလမ်း လမ်းကြမ်းလိုမျိုးတွင် ဇော်ဗလ၊ သူ့လောက် ကားမောင်းမကျင်လည်ကြောင်း ဇော်မိုင်သိလိုက်သည်။

ဘာပဲဖြစ်ဖြစ်၊ ချက်ချင်းမမီနိုင်သေးသည်က အကြောင်းမဟုတ်၊ ဇော်ဗလကား မျက်စိအောက်ရောက်လာသည်နှင့်ပင် ၅၀ ရာခိုင်နှုန်းလောက် စိတ်အေးရပြီ။

www.burmeseclassic.com



ဓော်မိုင်ကလည်း အကွာအဝေးအတိုင်း လုံးဝအပြတ်မခံပဲကားကို ဒလကြမ်းမောင်းပြီး ဆက်လိုက်သည်။

"ဟာင်"

သိပ်မကြာခင်မှာပင် ရှေ့ကားက လမ်းဘေးတောထဲသို့ ရုတ်တရက် ကွေ့ချိုးသွားသည်ကို မြင်လိုက်ရ၏။

* * *

သည်အတိုင်းဆက်မောင်းနေ၍ သူမလွတ်နိုင်တော့မှန်း ဓော်ဗလ သိလိုက်သည်။

ထို့အတွက် တောထဲမှာ မျက်စိလည်အောင် လျှောက်မောင်းပြီး နောက်ကားကို မျက်ခြေပြတ်ခဲ့ဖို့ ရည်ရွယ်သည်။ ကားကို ညာဘက် တောထဲသို့ ကွေ့ချိုးချလိုက်၏။





သည်နေရာတဝိုက်က တောတွင်းဖြတ်လမ်းလေးတစ်ခုကို သူ ရောက်ဖူးသည်။ ထိုလမ်းလေး ဟုတ်မဟုတ်တော့ ဓော်ဗလမသိ။ သို့သော် လမ်းရယ်လို့ မယ်မယ်ရရမရှိသော တောထဲမှာ သူ့ပါဂျဲရိုးကားက နောက်ကဗင်ကားထက် အများကြီး အသာစီးရသည်။

တောထဲမှာ သစ်ပင်ကြိုကြားကွေ့ပတ်၍ ဓော်ဗလ မောင်းနေလိုက်၏။

✤ ✤ ✤



BURMESE CLASSIC .com

www.burmeseclassic.com

www.burmeseclassic.com



ဂု။

ဇော်ဗလမှားပြီဟု ဇော်မိုင်သိလိုက်သည်။

ကြည့်ရတာ သူ့ကားအားကိုးဖြင့် လမ်းမရှိသောတောထဲ လျှောက်မောင်းပြီး၊ သူ့ကို မျက်ခြေဖြတ်ဖို့ ရည်ရွယ်ပုံရသည်။ သို့သော် ဇော်ဗလ တစ်ချက်မေ့သွားသည်မှာ တစ်ချိန်ကတောထဲမှာနေပြီး၊ သည်တောလမ်းမျိုးမှာ သူကားမောင်းနေကြဖြစ်သည်ဆိုသော အချက်ပင်ဖြစ်သည်။

ဇော်မိုင်က ကားလမ်းမကြီးပေါ်ကနေ တောထဲကွေ့ချိုး ဝင်လာကတည်းက ခန်းဆီးပလတ်စတစ်အလုံးလေးများကို တော်တော်များများ





ချပစ် ကျဲချထားခဲ့သည်။

မောင်းဝင်လာသမျှတစ်လျှောက်မှာလည်း တစ်လုံးစ နှစ်လုံးစ ပစ်ချထားခဲ့၏။

တဖြည်းဖြည်းတောနက်လာပြီး လမ်းကဆိုးလာသည်။ ကားနှစ်စီးလုံးလည်း ရွေ့သည်ဆိုရုံမျှသာ နှေးနှေးမောင်းနိုင်တော့၏။

ဇော်မိုင် ချက်ချင်းသတိဝင်သည်။

သည်လမ်းမျိုးမှာ ကားမောင်းတာထက်၊ လူဆင်းပြေးတာကပို မြန်သည်ဆိုသောကိစ္စ။

ဇော်မိုင်က ကားကိုရပ်ပြီး သေနတ်ကိုလက်မှာကိုင်၍ ကားပေါ်မှ ဆင်း၊ ကားမှထိုးသောမီးရောင်ဖြင့် ရှေ့ကားနောက်သို့ ပြေးလိုက်သည်။

သိပ်မကြာခင်မှာပင် ကားကိုမီလာသည်။ ဇော်မိုင်က ဘာမှ စဉ်းစားမနေတော့ပဲ၊ ဇော်ဗလကားဘီးကို သေနတ်နှင့်ပစ်၍ ဖောက်ပစ်လိုက်၏။

"ဒိုင်း"

* * *



www.burmeseclassic.com

www.burmeseclassic.com



"ရှူး"

သူ့ကားဘီးသေနတ်မှန်သွားပြီဟု သိသည်နှင့် ဇော်ဗလ ရပ်ပြီး ကားပေါ်မှ ဆင်းလိုက်သည်။ လက်ထဲမှာကိုင်ထားသောသေနတ်ဖြင့် ဇော်မိုင်ကို လှမ်းချိန်လိုက်သည်။

သို့သော် ဇော်မိုင်က သူ့ထက်မြန်သည်။

ဇော်ဗလ ကားပေါ်ကဆင်းပြီး လှည့်ချိန်လိုက်သည်နှင့် ဇော်မိုင်က မြေပြင်ပေါ်မှာ တစ်ပတ်လှိမ့်၍ မှောက်လျှက်နေရာယူပြီးသား ဖြစ်နေသည်။

"ဒိုင်း"

ဇော်ဗလ၏ သေနတ်ကျည်ဆံက လေထဲမှာ အလဟဿ ဖြတ်သန်းသွား၏။

"မင်းမလုပ်နဲ့ ဇော်ဗလ၊ မင်းကိုငါ သေနတ်နဲ့ချိန်ထားတယ်။ ငါ့ပစ်ကွင်းထဲမှာ မင်းရှိနေတယ်။ မင်းလှုပ်တာနဲ့ ငါပစ်လိုက်တော့မယ်"

ဇော်ဗလက ဟားတိုက်ရယ်လိုက်၏။

"ဟား....ဟား....ဟား....မင်းပစ်ချင်လဲ ပစ်လိုက်တော့ ဇော်မိုင်။ ငါ့ဘဝက မထူးတော့ဘူး။ အဲဒီတော့ မင်းပစ်ရင်လဲ ငါသေလိုက်ရုံပဲ။ မင်းမပစ်ရင်တော့ မင်းကိုငါပစ်ရမှာပဲ။ ကဲ.... မင်းဆီငါလာခဲ့မယ်"

ဇော်ဗလက သူ့ကိုယ်သူ သေလူအဖြစ် တွက်လိုက်ပုံရသည်။





ဘာကိုမှ ဂရုမစိုက်တော့ပဲ၊ ဇော်မိုင်ရှိရာသို့ ကားမီးရောင်ထဲမှ တစ်လှမ်းချင်း လျှောက်လာသည်။ လက်ထဲကသေနတ်ကိုလည်း ပစ်ရန်အသင့်ကိုင်ထားသည်။

ဇော်မိုင် အရမ်းစိတ်ထိခိုက်သွားသည်။

မှောင်ထဲရောက်နေသောသူ့ကို ဇော်ဗလက မမြင်ရသော်လည်း၊ မီးရောင်အောက်မှာ ဇော်ဗလခန္ဓာကိုယ်က ရှင်းနေသော ပစ်ကွင်းကြီးဖြစ်နေသည်။

ဘာလုပ်ရမည်မှန်း မသိတော့သဖြင့် ဇော်မိုင်က ငြိမ်ပြီး ကြည့်နေသည်။ သူ့မျက်လုံးထဲမှာလည်း ငယ်စဉ်ကလေးဘဝက သူ့ကိုပြုစု စောင့်ရှောက်ကျွေးမွေး ပညာသင်ခဲ့သော ဇော်ဗလ၏ ဖခင်ဦးဇော်ဆန့်ဖုန်းနှင့်၊ သူနှင့်ညီအစ်ကိုလိုနေခဲ့သော ဇော်ဗလတို့၏ပုံရိပ်များ ပြန်မြင်ယောင်နေမိသည်။

သူ့လက်ကပစ်သံ မကြားချိန်မှာ ဇော်ဗလက ဟားတိုက်ရယ်သည်။

"လုပ်လေကွာ၊ ဘာဖြစ်လို့ငြိမ်နေရတာလဲ ဇော်မိုင်၊ ငါ့ကိုပစ်လိုက်စမ်းပါကွ။ မင်းမပစ်ရဲဘူးလား။ မင်းမပစ်ရဲရင် ငါပစ်ပြီ။ မင်းကြည့်သာရှောင်တော့"

ဇော်ဗလ သွေးရူးသွေးတန်းဖြစ်နေပြီ ထင်သည်ဟု ဇော်မိုင် တွေးလိုက်သည်။

မှောင်ထဲမှာနေသော သူ့ကိုဘယ်လိုမှ ဇော်ဗလမမြင်နိုင်။

သို့သော် ဇော်ဗလက ဇော်မိုင်ရှိနိုင်မည်ထင်သောနေရာကို မှန်း၍



BURMESE CLASSIC .com
www.burmeseclassic.com

www.burmeseclassic.com



သေနတ်ဖြင့် သုံးလေးငါးချက် ဆင့်ပစ်သည်။

"ဒိုင်း…ဒိုင်း….ဒိုင်း….ဒိုင်း….ဒိုင်း"

ကျည်ဆံများက ဇော်မိုင့်ခေါင်းပေါ်မှ လွတ်လွတ်ကျွတ်ကျွတ် ဖြတ်သန်းသွားကြသည်။

"ဘာလဲ ဇော်မိုင်၊ မင်းသေသွားပြီလား။ အေး… မင်းသေသွားပြီဆိုရင်တော့ ရွှေရည်ကို ငါခေါ်သွားတော့မယ်။ မင်းမသေသေးရင်လဲ မင်းကြိုက်တာလုပ်တော့။ ငါသွားတော့မယ်"

ပြောပြောဆိုဆိုနှင့် ဇော်ဗလက သူ့ကိုကျောခိုင်းပြီး ကားဘက် ပြန်လျှောက်သွားရန် ပြင်သည်။

ဇော်မိုင် သက်ပြင်းချ၍ ထရပ်လိုက်၏။

ထို့နောက် ဇော်ဗလကို လှမ်းခေါ်လိုက်သည်။

"ဇော်ဗလ"

ဇော်ဗလက ကျောခိုင်းလျက်သာ ရပ်လိုက်သည်။

"အော် ဇော်မိုင်၊ မင်းမသေသေးပဲကိုး၊ အေး…. ဒါဆို အခုသေ တော့ပေါ့ကွာ"

ပြောရင်းနှင့် ဇော်ဗလက ဖြတ်ခနဲလှည့်သည်။

သို့သော် သူ့သေနတ်မှ ကျည်ဆံမထွက်ခင် ဇော်မိုင့်သေနတ် ပြောင်းဝမှ မီးပွင့်သွားသည်။

"ဒိုင်း"

ဇော်ဗလလက်ထဲမှ သေနတ်လွင့်ကျသွား၏။

ဇော်မိုင်ကျည်ဆံက ဇော်ဗလလက်ထဲက သေနတ်ကို ထုတ်လွင့်





ပစ်လိုက်ခြင်းပဲဖြစ်သည်။

ဇော်ဗလက သူ့လက်ကိုငုံ့ကြည့်သည်။ ထို့နောက် ဇော်မိုင့်ဆီ ပြေးလာ၏။

"ဒိုင်း"

ဇော်မိုင့်လက်ထဲက သေနတ်မှ ကျည်တစ်တောင့် ထပ်မံထွက် သွားသည်။

ပြေးလာသော ဇော်ဗလ၏ ညာသကျည်းကို ဖြတ်ရိုက်ခံလိုက် ရသလိုဖြစ်ပြီး လဲကျသွားသည်။

ထို့နောက် မထနိုင်သောဇော်ဗလကို လှမ်း၍ပြောလိုက်သည်။

"ငါ့ကို ခွင့်လွှတ်ပါဇော်ဗလ။ မင်းအတွက် အကောင်းဆုံးလမ်း ဟာ တရားဥပဒေနဲ့ ရင်ဆိုင်ခြင်းပါ။ အဲဒီအတွက် မင်းထွက်မပြေးနိုင်အောင် မင်းခြေထောက်ကို ငါပစ်လိုက်ရပါတယ်။ မင်းဆက်မပြေးပါနဲ့တော့ သူငယ်ချင်းရယ်။ မင်းမှာပြေးစရာ မြေမရှိတော့ပါဘူး"

ထိုအချိန်မှာပင် နောက်ကလိုက်လာသော ထက်နိုင်တို့ အိုက်မောင် တို့အဖွဲ့ ရောက်လာကြသည်။

လဲနေသော ဇော်ဗလကို လက်ထိတ်ခတ်လိုက်၏။

✤ ✤ ✤



www.burmeseclassic.com

www.burmeseclassic.com

## အညိုး

(၁၉၉၇ ခုနှစ် မတ်လ)

BURMESE CLASSIC .com

www.burmeseclassic.com

www.burmeseclassic.com

BURMESE CLASSIC .com

ထိုနေ့က မုံးကိုးဒေသတစ်ဝိုက်ရှိ ဘိန်းခင်းများကို အရှေ့မြောက်ဝိုင်းစစ်ဌာနချုပ် တိုင်းမှူးကိုယ်တိုင်ဦးဆောင်ပြီး လူထုအင်အားနှင့် ဖျက်ဆီးပစ်လိုက်သည်။

ထိုဘိန်းခင်းဖျက်ဆီးပွဲသို့ တပ်မတော်၊ ရဲတပ်ဖွဲ့၊ နယ်မြေခံလူထု၊ ပြည်ထောင်စုကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးအသင်းဝင်များ၊ မီးသတ်တပ်ဖွဲ့ဝင်များ၊ ဝန်ထမ်းများ၊ ငြိမ်းချမ်းရေးအဖွဲ့ဝင်များ အင်အားနှစ်သောင်းကျော် တက်ရောက်၍ ဖျက်ဆီးသည်။

ထိုပွဲတွင် ဇော်မိုင်နှင့် ဝင်းရွှေရည်၊ ထက်နိုင်နှင့် အိတာနွယ်၊ အိုက်မောင်နှင့် ဆွေဆွေတို့လည်း ပါဝင်တက်ရောက်၊ ကိုယ်တိုင်ကိုယ်ကျဖျက်ဆီးဝစ်သည်။

www.burmeseclassic.com

www.burmeseclassic.com



ဘိန်းခင်းများနေရာတွင် မကြာခင်ဝင်ရောက်လာတော့မည့် ကြံပင်များ၊ ရာဘာပင်များကိုလည်း စိတ်ကူးဖြင့် မြင်ယောင်ကြည့်သည်။

သူတို့စိတ်ကူးအားလုံး ရည်ရွယ်ကြည့်ရှုကြသည့် နေရာကတော့ လဝန်းကုဋေ . . . သာသည့်မြေသို့။

ကြိုးစားပါဦးမည်။
နွမ်ဂျာသိုင်း
၈.၅.၉၇ (ည ၈:၀၀ နာရီတိတိ)



BURMESE CLASSIC .com

## "ကျေးဇူးမှတ်တမ်း"

ဤဝတ္ထုဖြစ်မြောက်ရေးအတွက် အဘက်ဘက်မှ ပံ့ပိုးဖြည့်ဆည်း ကူညီဆောင်ရွက်ပေးကြသော မြန်မာ့ကရဏာဖေါင်ဒေးရှင်း၊ ရာသက်ပန်နာယကကြီး စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန ဝန်ကြီး ဘာဘ ဒုတိယဗိုလ်ချုပ်ကြီးထွန်းကြည်နှင့် မြန်မာ့ကရဏာဖေါင်ဒေးရှင်းမှ ပုဂ္ဂိုလ်များ၊ စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာနမှ ပုဂ္ဂိုလ်များ၊ အရှေ့မြောက်တိုင်း စစ်ဌာနချုပ်တိုင်းမှူးနှင့် စစ်ဗျူဟာမှူးကြီးများ၊ စစ်ဌာနချုပ် စစ်ဗျူဟာ တပ်ရင်းတပ်ဖွဲ့အသီးသီးမှ ပုဂ္ဂိုလ်များ၊ မူဆယ်ခရိုင်၊ ခရိုင်ငြိမ်ဝပ်ပိပြားမှုတည်ဆောက်ရေးအဖွဲ့ ဥက္ကဋ္ဌ၊ အတွင်းရေးမှူးနှင့် အဖွဲ့ဝင်များ၊ လားရှိုးမြို့နယ်၊ မူဆယ်မြို့နယ်၊ ပြည်သူ့ရဲတပ်ဖွဲ့၊ မူးယစ်အထူးတပ်ဖွဲ့မှ ကြီးကြပ်သူများနှင့် တပ်ဖွဲ့ဝင်များ၊ နယ်စပ်ဒေသနှင့်တိုင်းရင်းသားလူမျိုးများဖွံ့ဖြိုးတိုးတက်ရေးနှင့် စည်ပင်သာယာရေးဝန်ကြီးဌာန၊ နယ်စပ်ဒေသနှင့် တိုင်းရင်းသားလူမျိုးများ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန (နဝတ) မှပုဂ္ဂိုလ်များ၊ လားရှိုးမြို့နယ်၊ မူဆယ်မြို့နယ်၊ နမ့်ခမ်းမြို့နယ်၊ ကွတ်ခိုင်မြို့နယ်တို့မှ ပုဂ္ဂိုလ်များ၊ မိုးကိုး၊ ကျူကုတ် (ပန်ဆိုင်း) ဒေသများမှ

www.burmeseclassic.com

www.burmeseclassic.com

ဒေသခံပုဂ္ဂိုလ်များ၊ အဖွဲ့အစည်းများ၊ မြန်မာနိုင်ငံ မူးယစ်ဆေးဝါးအန္တရာယ်တားဆီးကာကွယ်ရေးဗဟိုအဖွဲ့ တွဲဖက်အတွင်းရေးမှူး ရဲမှူးကြီးဦးငွေစိုးထွန်းနှင့်တကွ၊ အစစအရာရာအဘက်ဘက်မှ ကူညီဖေးမပံ့ပိုးပေးကြသော ပုဂ္ဂိုလ်များအားလုံးကို အထူးကျေးဇူးတင်ရှိပါကြောင်း မှတ်တမ်းပြုအပ်ပါသည်။

လေးစားစွာဖြင့်

နွမ်ဂျာသိုင်း

## 'ဝန်ခံချက်'

ဤဝတ္ထုသည် နယ်မြေဒေသပေါင်းများစွာမှ အချက်အလက်များကို လေ့လာစုစည်းခံစား၍ ရေးသားခြင်းဖြစ်သော်လည်း၊ ဤဝတ္ထုပါ ဇာတ်လမ်းဇာတ်ကွက်၊ ဇာတ်ကောင် စသည်တို့သည် စာရေးသူ၏ စိတ်ကူးဖြင့် ခံစားရေးဖွဲ့ထားသော စိတ်ကူးဝတ္ထုသာ ဖြစ်ပါသည်။

တိုက်ဆိုင်မှု တစ်စုံတစ်ရာရှိခဲ့ပါက၊ ခွင့်လွှတ်ပါရန်နှင့် ဤဝတ္ထုကိုရေးဖွဲ့ခြင်းဖြင့် မည်သူတစ်စုံတစ်ယောက်၊ အဖွဲ့အစည်းတစ်ခုကိုမှ ထိခိုက်နစ်နာစေလိုသောဆန္ဒ မရှိပါကြောင်း၊ ဝေးလံခေါင်သီသော နယ်စပ်ဒေသများနှင့် တိုင်းရင်းသားလူမျိုးများ၏ ဖွံ့ဖြိုးတိုးတက်ရေး၊ သာယာငြိမ်းချမ်းရေး၊ လဝန်းကုန္ဒေသာသည့်မြေဖြစ်ပေါ်ရေး စသည့် မွန်မြတ်သောရည်ရွယ်ချက်များကိုသာ အခြေခံ၍ ရေးဖွဲ့ခြင်းဖြစ်ပါကြောင်း ဝန်ခံတင်ပြအပ်ပါသည်။

လေးစားစွာဖြင့်

စာရေးသူ

www.burmeseclassic.com